# OUTRAGE - BURMA'S STRUGGLE FOR DEMOCRACY

Bertil Lintner

# ဒေါမာန်ဟုန်

## ဗမာပြည် ဒီမိုကရေစီ တိုက်ပွဲ

စံဝင်းမောင် နှင့် မင်းမျိုးနိုင် မြန်မာပြန်သည်

PEACOCK PRESS

# စာရေးသူ၏ ပန်ကြားချက်

ကျွန်တော့်အမည်ကို စာရေးသူအဖြစ် စာအုပ်မျက်နှာဖုံးပေါ်၌ ဖော်ပြထားသော်လည်း အမှန်တကယ်မှာ မြန်မာပြည်သူတို့၏ အတွေ့အကြုံများကို စုဆောင်းပြီး တင်ပြထားသည်သာ ဖြစ်ပါသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်၊ စစ်တပ်က အာဏာသိမ်းပြီး နောက် ကျောင်းသူ ကျောင်းသားများ ထောင်နှင့်ချီပြီး ထိုင်း-မြန်မာ နယ်စပ်ဒေသများသို့ ထွက်ပြေးလာခဲ့ကြသည်။ နယ်စပ်စခန်းများသို့ ကျွန်တော်ကိုယ်တိုင်သွားပြီး အနယ်နယ် အရပ်ရပ်မှ ထွက်ပြေးရောက်ရှိလာသည့် ဒုက္ခသည်တစ်ရာကျော်ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ထိုဒုက္ခသည်များသည် ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ၊ ချောက်၊ ပုသိမ်၊ ပြည်၊ ထားဝယ်၊ နှင်းမနား စသည့်မြို့များနှင့် အခြား မြန်မာပြည် အလယ်ပိုင်းရှိ မြို့များမှလည်းကောင်း၊ မွန်ပြည်နယ်ရှိ ကော့ကရိတ်ကျေးရွာ၊ မော်လမြိုင်မြို့နှင့် မုဒုံမြို့တို့မှလည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့တို့မှလည်းကောင်း၊ အသီးသီး ထွက်ပြေးလာကြသူများ ဖြစ်သည်။

သူတို့၏ ခန့်တိုင်းထန်သော ၁၉၈၈ ခုနှစ်က အတွေ့အကြုံများကို မှန်မှန် ဆန်းစစ်နိုင်ရန်အတွက် ရန်ကုန်မြို့နှင့် အခြားမြို့များရှိ ပြည်သူတို့ထံသို့ မေးခွန်းနှင့် ကက်ဆက်ခွေများ ပို့ပေးပြီး မျက်မြင်ကိုယ်တွေ့ အဖြစ်အပျက်များကို မေးမြန်းခဲ့ပါသည်။ ပြည်သူများက သူတို့အပေါ်ကျရောက်နိုင်သည့် ဘေးအန္တရာယ်ကို လျစ်လျူရှုပြီး ကျွန်တော်မေးသည့် မေးခွန်းများကို အပြည့်အစုံ ပြန်ဖြေခဲ့ကြသည်။ ဤနည်းဖြင့် နာရီပေါင်း ၂၀ ကျော်ကြာအောင် အသံဖမ်းယူထားသည့် ကက်ဆက်ခွေများကို စုဆောင်းမိခဲ့သည်။ တချို့က စာရှည်ကြီးများရေးပြီး သူတို့ကြုံတွေ့ခဲ့သမျှကို ဖြေကြားပေးကြပါသည်။ ရန်ကုန်မြို့နှင့် အခြားနေရာအနှံ့တွင် ဖမ်းဆီးမှုများ၊ ချက်ချင်းအသတ်ခံရမှုများ ရှိနေသေးသောကြောင့် သတင်းပေးသူများကို ကာကွယ်သည့်အနေနှင့် သူတို့၏အမည်များကို ပြောင်းလဲ၍ ဖော်ပြထားပါသည်။

ကျွန်တော် ဤစာအုပ်အတွက် အချက်အလက်များ စုဆောင်းနေချိန်၌ မြန်မာပြည်မှ လူအတော်များများက သူတို့မြင်တွေ့ခဲ့သည့်အတိုင်း ရေးသားပေးရန် တိုက်တွန်းခဲ့ကြသည်။ ငြိမ်းချမ်းရေး၏ သမိုင်းကို ပြန်မပြောင်းရေးမည့် အစီအစဉ်ဖြစ်ကြောင်း သူတို့အကြံပေးချက်အတိုင်း အတတ်နိုင်ဆုံး ရေးသားခဲ့ပါသည်။ ဤစာအုပ်တွင်ပါသည့် မတိကျမှု မမှန်ကန်မှုများသည် ကျွန်တော့်အမှားများသာ ဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။

ဤစာအုပ်ကို ဘာသာပြန်ပေးခဲ့သော ဓမ္မင်းမောင် နှင့် ခင်မျိုးနိုင်တို့အားလည်းကောင်း၊ ကာတွန်းဆွဲ ပေးခဲ့သော မောင်အေးချမ်းနိုင်၊ မောင်ကျော်ကျော်ဦး၊ မောင်ဥက္ကာလင်းနှင့် ဗိုလ်လတ်တို့အားလည်းကောင်း၊ စာအုပ်ဖြစ်မြောက်ရေးအတွက် အကူအညီပေးခဲ့သောသူများအားလုံးကို အထူးကျေးဇူးတင်ကြောင်း ပန်ကြားရင်း---။

ဘာတီးလ်လင့်တနာ

ဘန်ကောက်မြို့

၁၉၈၉ ခုနှစ်၊ ဇူလိုင်လ၊

အာဏာရှင်တို့သည် ယနေ့အခါ တိုင်းပြည်၏ အခြေအနေ အဖြစ်သနစ် အကျိုးအကြောင်း
အမှန်တို့ကို သိလျက်နှင့်ပင် မျက်စေ့စုံလုံးမှိတ်၍ လူထုဆန္ဒကို ပြောင်ပြောင်ကြီးဆန့်ကျင်ကာ
ကျွန်ုပ်တို့၏ ဂုဏ်သရေကို ဖျက်စီးမှုသောကြောင့် (ပါ) ကျွန်ုပ်တို့၏ အင်အားကို
ယုတ်စိမ့်သောတော ဉာဏ်ရှိဉာဏ်နက် အမျိုးမျိုးနှင့် ဖော်ဆောင်ပြုလုပ်လျက် ရှိကြပါပြီ၊

ဗိုလ်ချုပ် အောင်ဆန်း

# မာတိကာ


| | |
|---|---|
| ၁။ ရန်ကုန်ကို ထိုင်လှုပ်သော ယို(၇)ရက် | ၁ |
| ၂။ ရွှေပြည်တော် | ၁၇ |
| ၃။ ကလေးများ၏ ဓါလသမာန် | ၆၂ |
| ၄။ သားသေသတ်သမား | ၁၁၅ |
| ၅။ ရုပ်သေး | ၁၃၈ |
| ၆။ နိုင်ငံတော် ဦးစီ/ပ | ၁၆၆ |
| ၇။ နယ်စပ်ဒေသများ | ၁၈၅ |
| ၈။ မြန်မာပြည်သာယာဆဲသို့ | ၂၀၃ |
| ကိုယ်ရေးမှတ်တမ်းအကျဉ်း | ၂၃၁ |
| ဖြစ်ရပ်များဖြစ်ပွားချိန် | ၂၄၃ |

# အခန်း (၁)
# ရန်ကုန်ကို ကိုင်လှုပ်သော ထို(၇)ရက်

၁၉၈၈ ခု မတ်လ ဒုတိယ အပတ်။

ငိုက်မြည်းနေသော ရန်ကုန်မြို့တော်ကြီး၌ ထူးထူးခြားခြား ကာလအား တစ်စုံတစ်ရာမျှ မပေါ်ပေါက်သေး။ ခရီးသည်များနှင့် ကြပ်သိပ်နေသော ဘတ်စ်ကားဆိုတိုင်းသည် လမ်းမကြီးများ တလျှောက် ဖြေးဖြေးမှာ သွားလာနေကြသည်။ ယိုးဒယား၊ ဂျပန်၊ စင်ကာပူ နှင့် ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အိန္ဒိယနိုင်ငံများမှ ဝင်လာသော မှောင်ခိုပစ္စည်းမျိုးစုံရောင်းသည့် ဈေးများမှာလည်း စည်ကားလျက်ရှိနေသည်။

နိုင်ငံ၏ နှစ်စဉ်ဘဏ္ဍာရေးယိုယွင်းလာမှုကို ဖြည့်ဆည်းလိုသည့် ဘဏ်ငွေစက္ကူ အစွမ်းနောက်ဆုံးမှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(မဆလ)၏ ဖက်ဆစ်ဗိုလ်ချုပ်များ ငြိမ်းဆေးလှိုင်ပင်၏ ကြီးကျယ်ပြင်းထန်ခဲ့သည်။ အချုပ်အခြာမဲ့သော စိတ်ဓာတ်ရေးရာ ပြဿနာ ကြီးထွားလာသောပြဿနာဖြစ်သော မြန်မာ့သားကောင်များ များမှာလည်း ထောင်နှင့်ကျော်ပြန်ကြရဖြင့် မဆလ ဖက်ဆစ်များကို အစည်းအဝေးသတင်းများကို ခေတ်ဆန်သော ဖေါ်ပြထားကြသည်၊ သတင်းများတွင် အစည်းအဝေးကျင်းပကြသော ဖက်ဆစ်များ၏ အစဉ်အလာ အပြည့်အစုံကိုလည်း၊ အမဲလိုက်ခံရသူများ မည်သူမည်ဝါဖြစ်သည်ကိုလည်း၊ ကိုယ်စားလှယ် တော်ကြီးများသည် ဘဏ္ဍာရေးသုံးစွဲရေးစရိတ်များကို တစ်ဦးပြီးတစ်ဦး မည်သို့မည်ပုံ ဆွေးနွေးကြသည်ကိုလည်း၊ ရှည်လျားစွာဖေါ်ပြထားသည်။ ထိုသတင်းစာ ဆွေးနွေးမှုများမှာ လုပ်ရိုးလုပ်စဉ် တရားသေဖြစ်သည်ကို လူတိုင်းသိရှိထားပြီး ဖြစ်သည်။ ဘိုင်းပြည်ကို ၂၆ နှစ်တိုင်တိုင် ပြင်းထန်စွာ ချုပ်ချယ်လာခဲ့သော နေဝင်းကိုယ်တိုင် ကနဦးကတည်းက အတည်ပြုရန် ညွှန်ကြားထားခဲ့သည်။ ထို့ကြောင့်အကြောင်း သတင်းစာများတွင် သတင်းဟူ၍ မပါမပါရှိမပါ။ မတ်လ ၁၃ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာခေါင်းကြီးပိုင်းတွင် ကျောင်းသားများအပေါ်နှင့် လူငယ်များ ဂရုစိုက်ကြရန် သတိပေးဆော်ဩထားကြောင်းကို တွေ့မြင်နိုင်သည်။ နီးလာနေသော အတန်းတင်စာမေးပွဲကို စိုးရိမ်ပူပန်ပြီး သင်ခန်းစာများကို အာရုံစိုက်ကြောင်း၊ အချိန်မသားဆွဲပြီး အချိန်မှန်မှန် တကြိမ်းအဆင့်ဖြောင်း မသည့်ဖြင့် သတင်းစာက ထောက်ပြသွားသည်။ ထိုအကြံဉာဏ်များကို နားလည်ကြသော လူငယ်သုံးဦးမှာ ဝင်းမြင့်၊ အေးညွှန့် ဝင်းမြင့်နှင့် ကျော်စိုးဝင်းတို့ ဖြစ်သည်။ သုံးဦးစလုံးမှာ ရန်ကုန်မြောက်ပိုင်း ဆင်ခြေဖုံး အင်းစိန်ကြို့ကုန်းရှိ အစိုးရ ရန်ကုန်စက်မှုတက္ကသိုလ်မှ ကျောင်းသားများ ဖြစ်ကြသည်။

မတ်လ ၁၂ ရက် စနေနေ့၊

ညနေပိုင်းတွင် ကျောင်းဝင်းနှင့် မျက်နှာချင်းဆိုင် အင်းစိန်လမ်းမ၏ အခြားတဖက်ရှိ လဘက်ရည်ဆိုင်သို့ သုံးယောက်သား လမ်းလျှောက်ရင်း ရောက်လာခဲ့ကြသည်။ လဘက်ရည်ဆိုင်မှာ သာမန် လဘက်ရည်ဆိုင်လေးသာ ဖြစ်သည်။ ဆိုင်နံရံတွင် မြန်မာပြက္ခဒိန်များ၊ ဈောင်မှီချိုမှ ဝယ်ယူထားသည့် ယိုးဒယား ရုပ်ရှင်မင်းသမီး ပုံတော်များ ချိတ်ဆွဲထားသည်၊ လဘက်ရည်ဆိုင်မှာ အဆန်းတကြယ် မဟုတ်သော်လည်း ရပ်ကွက်လူငယ်များနှင့် တက္ကသိုလ်ကျောင်းသားများအတွက် ပေါ်ပြူလာ ဖြစ်နေ၏၊ လဘက်ရည် ချိုချိုပြီး မိမိတို့စိတ်ကြိုက် စကားဝိုင်းငယ်များကိုလည်း အလှည့်ကျ နားထောင်နိုင်သည်။

ကျောင်းသားသုံးဦး လဘက်ရည်ဆိုင်အတွင်းသို့ ဝင်ရောက်လာချိန်တွင် လူကြိုက်များ၊ ရေပန်းစားနေသော အဆိုတော်ကိုင်ဇာ၏ ချစ်သီချင်းဟူ မြူးမြူးထွက်လျက် ရှိသည်။ စားပွဲဝိုင်းတခုမှ ရပ်ကွက်လူငယ်တစုသည် ဆူဆူညံညံနှင့် အရက်မူးနေကြပုံ ပေါ်ကြောင်း သူတို့သုံးဦးသတိပြုမိကြသည်၊

ကျောင်းသားများသည် လဘက်ရည်နှင့် မုန့်များ မှာယူကြသည်၊ သူတို့နှင့်အတူ သူတို့အကြိုက် ရှမ်းအမျိုးသား အဆိုတော်စိုင်းထီးဆိုင်၏ တိတ်ခွေပါမှ ပါလာသည်။ စိုင်းထီးဆိုင်၏ သီချင်းများမှာ ဘော့ဒီလန် (Bob Dylan) ၏ တေးဂီတနှင့် ခပ်ဆင်ဆင်ဖြစ်သော်လည်း ရေးဖွဲ့သီဆိုထားသည်မှာ မြန်မာဟန်ဖြစ်သည်။

ကိုင်ဇာ၏ ချစ်သီချင်း မဆုံးနိုင်၍ ကျောင်းသားသုံးဦး စိတ်မရှည်နိုင်ဖြစ်လာရသည်။ သို့နှင့် ဆိုင်ရှင်ကိုခေါ်ပြီး သူတို့၏ စိုင်းထီးဆိုင်တိပ်ခွေကို ဖွင့်ပေးရန် ပြောလိုက်သည်၊ အရက်မူးနေသူ လူငယ်များထဲမှ တဦးက ဆိုင်ရှင်အား အော်၍ ကျယ်လောင်စွာ ဟန့်ကွက်လိုက်သည်။

“စိုင်းထီးဆိုင်လား၊ ဒီကောင် ဘလေ၊ သေးပါကွာ”

ကျောင်းသားများက အချိုးကန့်လန့်သူကို လစ်လျူရှုထားပြီး၊ သူတို့၏ တိပ်ခွေကို နားထောင်လိုကြောင်း ဆိုင်ရှင်ကို ထပ်လောင်းတောင်းဆိုကြသည်၊ ထိုအခိုက်မှာပင် အရက်မူးနေသူတဦးက ယိုင်နဲ့နဲ့လမ်းကို ဖြတ်ကျော်လာကာ ဝင်းမြင့်၏ခေါင်းကို ရိုက်ချလိုက်သည်။ ရိုက်ပွဲမှာ ကြာကြာမဖြစ်လိုက်ပါ ကျောင်းသားသုံးဦး ထွက်ပြေးခဲ့ရသည်၊ ဝင်းမြင့်ခေါင်းကွဲသွား၍ ဆိုးဒီမ်ဆိုင်ဖွင့် နီးရာဆေးခန်းသို့ ခေါ်သွားကြသည်၊ အဖြစ်အပျက်ကို ကျောင်းသားများက အနီးဆုံး အင်းစိန်ရဲစခန်းသို့ အကြောင်းကြားခဲ့သည်။ အဖွဲ့သားများ မတင်းတိမ်ပြီးနောက် အချိန်ဖြစ်ပွားခဲ့သည့် လဘက်ရည်ဆိုင်သို့ သွား၍ တရားခံများကို ဖမ်းဆီးခဲ့သည်။ အမှုမှာ တရားရုံး၏ သက်ထဲ၌ ရှိနေပုံရသည်။ ဒဏ်ရာရရှိခဲ့သော ဝင်းမြင့်မှာ ခေါင်းတွင် ပတ်တီးအဖွေးသားဖြင့် ကျောင်းဆောင်သို့ ပြန်ခဲ့သည်။

မတ်လ ၁၃ ရက် တနင်္ဂနွေနေ့။

ဝင်းမြင့်ကိုရိုက်သူမှာ ရပ်ကွက်ပြည်သူ့ကောင်စီဥက္ကဋ္ဌ၏ သား ဖြစ်နေသောကြောင့် ရဲက တရားခံများကို လွှတ်လိုက်သည်။ ရပ်ကွက်ပြည်သူ့ကောင်စီဥက္ကဋ္ဌဆိုသည်မှာ

နေ့ခင်း၏ တပါတီအာဏာရှင်စနစ်တွင် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားကို လည်ပတ်စေသော ရပ်ကွက်ဆိုင်ရာ ပေါ်ကျွမ်းမင်း မယားကိုယ်ပိုင်မှုပင် ဖြစ်သည်။

ဤသတင်းကို စက်မှုတက္ကသိုလ်ကျောင်းသားများ ကြားသိသောအခါ ဒေါသူပုန် ထကြတော့သည်။ ကျောင်းသားသုံးဆယ်ခန့် ပြည်သူ့ကောင်စီရုံးသို့ သွား၍ ကန့်ကွက် ခဲ့ကြသည်။ ကောင်စီဥက္ကဋ္ဌက ကျောင်းသားများ၏ နစ်နာချက်များကို နားမထောင်လို ကြောင်း ငြင်းပယ်လိုက်သဖြင့် ကျောင်းသားများက ခဲများနှင့် ကောင်စီရုံးကို ပစ်ပေါက်ကြရာ ရုံး၏ ပြတင်းပေါက်များ ပျက်စီးသွားသည်။ အတင့်ရဲသော ကျောင်းသား တချို့က ရုံးအတွင်းသို့ ဝင်ရောက်ကာ စားပွဲကုလားထိုင်များကို ရိုက်ချိုးဖျက်ဆီး လိုက်ကြသည်။

သက်ဆိုင်ရာက မည်သို့မျှ မတုန့်ပြန်သေးသော်လည်း ကျောင်းသားများသည် အန္တရာယ်ကို ကြိုမြင်၍ ကျောင်းတွင်းသို့ ပြန်လာပြီးလူစုတော့သည်။ တက္ကသိုလ်ရှိရာ ဒို့ဇိုင်း၌ ကျောင်းသားနှင့် ရပ်ကွက်လူငယ် ဖြစ်နေကျပြဿနာမျိုး ကြို့ကုန်းအနောက်ပိုင်း တွင်လည်း ဖြစ်ပွားခဲ့သည်။

ယမန်နေ့က လက်ဖက်ရည်ဆိုင်သို့ ရောက်ခဲ့ကြသော ကျောင်းသားသုံးဦးအပါအဝင် ကျောင်းသားအုပ်ကြီးသည် ကြို့ကုန်းအနောက်ပိုင်းသားများကို သွားရောက်ရန်စကြရာမှ ရန်ပွဲဖြစ်ပွားပြီး ဒုတိယ ဝင်းမြင့် ဓါးထိုးခံခဲ့ရသည်။

ကျောင်းသားများသည် ကျောင်းသို့ပြန်ပြေး၍ လူစုကြပြန်သည်။ ဤတကြိမ်တွင် ကျောင်းသားဦးရေ နှစ်ရာသုံးရာခန့် လက်ဖက်ရည်ဆိုင်အနီးရှိ လမ်းဆုံသို့ ချီတက်ခဲ့ကြသည်။ လမ်းဆုံအရောက်တွင် မမျှော်လင့်သော မြင်ကွင်းတရပ်က စောင့်ကြိုလျက်ရှိသည်။ ဒိုင်းလွှားမိုးကာသင့်ပြင်ထားသော မီးသတ်ရဲများနှင့်ကြံ့ခိုင်ရေးတပ်ဖွဲ့ လုံထိန်း ၅၀၀ ခန့်က နံပါတ်တုတ်များ၊ ကျည်ဆံ၊ သေနတ်များ ကိုင်ဆောင်၍ စောင့်ဆိုင်းနေကြသည်။

မီးသွယ်ယမ်းအိုး ပေါက်ကွဲချပြီး လုံထိန်းများဘက်သို့ ခဲများဖြင့်ပစ်ကြသည်။ ရုတ်တရက် ဖေါင်းပြန်သေနတ်သံများ ထွက်ပေါ်လာပြီး ကျောင်းသားအတော်များများ သေကျသွား၍ လမ်းမပေါ်တွင် သွေးအိုင်းများလျက်ရှိ၏။ သွေးသံလူးလူးနှင့် အသက် ၂၃ နှစ်သာရှိသေးသော စက်မှုတက္ကသိုလ် ကျောင်းသား ဖုန်းမော်အား သူ့သူငယ်ချင်းများက ကျောင်းဆောင်သို့ သယ်ယူခဲ့ကြသည်။ အဆောင်ရောက်ပြီး ခဏအကြာတွင် ဖုန်းမော်သည် သူ့ဆရာလက်ပေါ်၌ပင် အသက်ပျောက်သွားသည်။ ကျောင်းသား နှစ်ဆယ် သုံးဆယ်ခန့် သေနတ်ဒဏ်ရာရခဲ့သည်။

"ဒဏ်ရာရတဲ့အထဲမှာ ကျွန်တော့်သူငယ်ချင်း မိုးနိုင်နဲ့ မြင့်ဦး တို့လည်းပါတယ်"ဟု အသက် ၂၄ နှစ်ရှိ စက်မှုတက္ကသိုလ်ကျောင်းသား မင်းနိုင်က ပြန်ပြောပြသည်။ မင်းနိုင်မှာ ဆန္ဒပြမှုတွင် ပါဝင်ခဲ့ပြီး အထိအခိုက်မရှိ လွတ်မြောက်လာသူတဦးဖြစ်သည်။

"သူတို့ကို ရန်ကုန်ဆေးရုံကြီးမှာ ကျွန်တော်တို့ သွားကြည့်တော့ စိတ်မချရတဲ့ အခြေအနေ ဖြစ်သွားတယ်။ ဒဏ်ရာကြီးတွေ ကိုယ်စီနဲ့တောင် ကုတင်တိုင်မှာ သံကြိုးနဲ့ ချည်ထားလိုက်သေးတယ်။ သူတို့ကို သီးသန့်ခွဲထားတဲ့ လူနာခန်း အဝင်ဝမှာဆိုရင်လည်း ရဲတွေစောင့်လို့"

သေနတ်ဒဏ်ရာရထားသော ကျောင်းသား ၃ ယောက်အား လက်ထိပ်ခတ်ကာ လှိုင်ရဲစခန်းသို့ ခေါ်သွားသည်။ ဆယ်ဦးမှာ သတိလစ်နေကြကြောင်း၊ သူငယ်ချင်းများထံမှ သိရသည်ဟု မင်းနိုင်က ပြောပြသည်။ သူတို့ကံကြမ္မာ မည်သို့ရှိသည်ကို မသိရသော်လည်း

စိုးနိုင်နှင့်မြင့်ဦးတို့မှာ ရက်များမကြာမီ ဆေးရုံ၌ပင် သေဆုံးခဲ့ရသည်။ စိုးနိုင်၏ အသဲထဲသို့ ကျည်ဆံဝင်သွားပြီး မြင့်ဦးမှာ ဝမ်းဗိုက်တွင်တချက်၊ ဆီးအိမ်တွင်တချက် ကျည်ဆံထိမှန်ခဲ့သည်။ အထက်အာဏာပိုင်တို့က သူတို့အားခွဲစိတ်ကုသမည့် ဆရာဝန်များကို တားမြစ်ခြင်း မရှိခဲ့ပါက အသက်ရှင်ကောင်း ရှင်မပေလိမ့်မည်။

ရက်စက်ကြမ်းကြုတ်မှုမှာ ရင်နင့်စရာကောင်းလှသည်။ ကျောင်းသားများ ပို၍ စိတ်ထိခိုက်ကြေကွဲရသည်မှာ ပထမဦးဆုံးသေဆုံးခဲ့ရသူ မောင်ဖုန်းမော်သည် မဆလပါတီ၏ လူငယ်အစည်းအရုံးဖြစ်သည့် 'လမ်းစဉ်လူငယ်'ခေါင်းဆောင်တဦးဖြစ်ပြီး စက်မှုတက္ကသိုလ် ကြက်ခြေနီအသင်းခေါင်းဆောင်တဦးလည်း ဖြစ်သည်။ ထို့အပြင် ခါတေ့အင်ဂျင်နီယာ သင်တန်းတလျှောက်၌ ထိပ်တန်းမှ ထူးချွန်ခဲ့သူ ဖြစ်သည်။

အစပိုင်းတွင် ဆက်စပ်မှုရှိသည်ဟု ယူဆရသော ဖြစ်ရပ်တခုမှာ လဘက်ရည် ဆိုင်အနီးရှိ ပြည်သူ့ဆိုင်မီးလောင်မှုဖြစ်သည်။ ရဲက ကျောင်းသားများ မီးရှို့သည်ဟု စွပ်စွဲပြီး အရပ်သားများက ဆိုင်တာဝန်ခံများ မီးရှို့ခြင်းဖြစ်သည်ဟု ပြောဆိုနေကြသည်။ ပြဿနာများ ရှုပ်ထွေးနေသည်ကို အခွင့်ကောင်းယူပြီး ငွေစာရင်းနှင့် ကုန်ပစ္စည်းစာရင်း မှတ်တမ်းစာအုပ်များကို မီးရှို့ဖျောက်ဖျက်ခြင်းသာ ဖြစ်သည်ဟု လူတိုင်းက ယုံကြည်နေကြသည်။ မြန်မာ့ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်မတ်လတွင် အစိုးရ ဆိုင်များ၏ နှစ်ပတ်လည် ငွေစာရင်းရှင်းတမ်းများကို သက်ဆိုင်ရာသို့ တင်သွင်းကြရသည်။ သို့ဖြစ်၍ နှစ်စဉ် မတ်လရောက်တိုင်း မီးလောင်မှုများ ဖြစ်ပွားနေကျဖြစ်၏။

ထိုနေ့ညတွင် ခံပြင်းဒေါသထွက်နေကြသော စက်မှုတက္ကသိုလ် ကျောင်းသားများသည် ကျောင်းဆောင်များ၌ စည်းဝေးတိုင်ပင်ကာ အချက်(၇)ချက်ပါ တောင်းဆိုချက်များကို ရေးဆွဲခဲ့ကြသည်။ ထိုတောင်းဆိုချက်များမှာ ပစ်ခတ်သတ်ဖြတ်မှုနှင့်စပ်လျဉ်း၍ သတင်းစာ၊ ရေဒီယို၊ တယ်လီဗေးရှင်းတို့မှ ဖြစ်ရပ်မှန်အတိုင်း ပြည့်စုံစွာ ထုတ်ပြန်ပေးရန်၊ သေဆုံးသွားသော ကျောင်းသားများနှင့် ဒဏ်ရာရရှိခဲ့သော ကျောင်းသားများ၏ မိသားစုတို့အား လျော်ကြေးပေးရန်နှင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် တရားခံအစစ်အမှန် များကို အပြစ်ဒဏ်ပေးရန် တို့ဖြစ်သည်။ အခြားတောင်းဆိုချက်တခုမှာ "ကျောင်းသားများ၏ အခွင့်အရေးကို တာဝန်ယူစောင့်ရှောက်ပေးနိုင်သည့် ကျောင်းသားအဖွဲ့အစည်း" တခုကို တရားဝင် ဖွဲ့စည်းခွင့်ပေးရေးပင် ဖြစ်သည်။ ခံယူချက်ပိုင်ပြင်းထန်သော ကျောင်းသားများက မောင်ဖုန်းမော်အား နိုင်ငံတော် ရာပနအခမ်းအနားဖြင့် ဂုဏ်ပြုသင်္ဂြိုဟ်ပေးရန် တောင်းဆိုခဲ့ကြသည်။ အမာခံကျောင်းသား ၁၃ ဦးက ကျစ်လစ်သော သွေးသောက်အဖွဲ့ ဖွဲ့လိုက်ပြီး မိမိတို့အနေနှင့် အပြစ်မှန်ပေါ်ထွက်ရေးအတွက် အသက်ပင် စတေးရန် ပြင်ဆင်ထားကြောင်း ပြောကြားခဲ့သည်။

ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမောင်ဒီသည် စက်မှုတက္ကသိုလ်သို့ ညတွင်းချင်း ရောက်ရှိလာပြီး ကျောင်းသားများ၏ တောင်းဆိုချက်အားလုံးကို ပယ်ချလိုက်သည်။ သန်းခေါင်ယံ မတိုင်မီ အချိန်လေး၌ပင် ကျောင်းသားတစုသည် မောင်ဖုန်းမော် သေဆုံးခဲ့သောနေရာတွင် လွမ်းသူ့ ပန်းခွေများချကာ ဂုဏ်ပြုခဲ့ကြသည်။ အချို့မှာ လမ်းပေါ်တွင် ဒူးတုတ်၍ ပန်းခွေရှေ့တွင် ဦးချိုကြွေးပြီး ပစ်ခတ်သတ်ဖြတ်မှုကို မတရားမှုသက်သက်ဟု ခံပြင်းကာ ပြစ်တင်ရှုတ်ချခဲ့ကြသည်။

မတ်လ ၁၄ ရက် တနင်္လာနေ့။

မန်ဟိုင်းထောန်သည့် ရက်သတ္တပါတ် ကုန်လွန်ပြီးနောက် ကျောင်းသားများ စာသင်ခန်းဆီသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။ ထိုနေ့နံနက်တွင် အစဉ်အမြဲ အေးချမ်းသာယာမှုရှိသော စက်မှုတက္ကသိုလ် ပတ်ဝန်းကျင်သည် အပြောင်းအလဲကြီး ပြောင်းလဲသွားခဲ့သည်။

"လောကကြီး ဆိုင်းဆိုင်းမှိုင်းမှိုင်းကြီး" ဟု မင်းနိုင်က ဆွေးမြေ့စွာ ပြန်ပြောပြသည်။

"ဒါပေမဲ့ တက္ကသိုလ်ဝန်းကျင်မှာ ကြိမ်ဒိုင်းတွေ နံပါတ်ခုတ်တွေ အသင့်ကိုင်ထားတဲ့ လုံထိန်းတပ်သားတွေကြီးကို ရုတ်တရက် မြင်လိုက်ရတဲ့အခါမှာ ဆွေးမြေ့နေတဲ့ စိတ်တွေဟာ ဒေါသအဖြစ် ပြောင်းသွားတယ်၊ ဒါက မနက်အကြောင်း။ ရှင်းနေပါတယ်၊ ကျွန်တော်တို့လည်း သူတို့ကို ကလေးတွေအင် ကြောက်တာပဲ၊ ဒါပေမဲ့ သူတို့ ဘာတစ်ခုမှ မလုပ်ဘူး။"

မွန်းလွဲပိုင်းတွင် အစည်းအဝေးများ လုပ်သူလုပ်ကြ၊ ကြေညာစာတမ်းများ၊ ပိုစတာများ ရေးသူရေးကြနှင့် ကျောင်းဆောင်များတွင် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ပစ်ခတ်သတ်ဖြတ်မှုကို ဆန့်ကျင်ကန့်ကွက်ကြောင်း ဖြစ်ပေါ်ခဲ့မှုများ သူတို့သဘောထားကို ထုတ်ဖော်ပြီးဖြစ်သည်။ စက်မှုတက္ကသိုလ်မှ ကျောင်းသားများသည် ရန်ကုန်ရှိ အခြားတက္ကသိုလ်များသို့ သွားရောက်ပြီး ဖြစ်ပွားခဲ့သော အဖြစ်အပျက်များအားလုံးကို ဖော်ပြကြသည်၊ အဖွဲ့အစည်းဖြင့် ဆန္ဒပြရေးအတွက် ပထမဦးဆုံး ခြေလှမ်းကို လှမ်းခဲ့ကြပြီ။

မတ်လ ၁၅ ရက် အင်္ဂါနေ့။

လုံထိန်းအုပ်စုသစ် ဖီဝေ ကောက်တို စက်မှုတက္ကသိုလ်ကို ပင်ဝိုင်းခဲ့ကြသည်၊ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် တက္ကသိုလ် အတွင်းသို့ ဝင်ရောက်လာကြပြီး စစ်ကားများပေါ်မှ ဆင်းလာသော လုံထိန်းများသည် နံပါတ်ကျတ်များကိုင်ကာ ကျောင်းသားအုပ်စုဆီသို့ ညာသံပေး၍ ပြေးတက်လာကြသည်။

"ထိတ်လန့်တကြားနဲ့ ကျွန်တော်တို့ ပြေးကြရတာပေါ့။ အချိန်မီမပြေးနိုင်တဲ့ သူတွေကို ဖမ်းပြီး စစ်ကားပေါ်တင်ဆောင်သွားတယ်၊ သုံးဆယ်လောက်ရှိမနည်း အဖမ်းခံခဲ့ရတယ်။ သေနတ်နဲ့တော့ မပစ်ဘူး။ ဒါပေမဲ့ အကြမ်းဖက် အရိုက်ခံခဲ့ရတဲ့ ကျောင်းသားတွေ အများကြီးပဲ။ ကျွန်တော်ရယ်၊ တခြားကျောင်းသားရှစ်ယောက်ရယ် ဝင်ပေါက်ရှေ့မှာ အသားလေးပင်နေလိုက်ကြပြီး လုံထိန်းတွေကို ပြန်ပိုက်ထားလိုက်တယ်။ လေးငါးယောက်ပြေးပြီး ရောက်မလာနေတဲ့ မြောင်းဘက်ကို လေးငါးယောက် သွားခဲ့ရတယ်၊ ဒါပေမဲ့ ကံကောင်းလို့ ကျွန်တော်တို့ ထိပေမယ့်မှ ဒဏ်ရာအနာ မရှိခဲ့ဘူး" ဟု စက်မှုတက္ကသိုလ်ကျောင်းသား ထွန်းဦးက ပြန်ပြောပြသည်။

ညပိုင်းတွင် မြန်မာ့အသံမှ စက်မှုတက္ကသိုလ်အတွင်း ဖြစ်ပွားမှုသတင်းကို ထုတ်ပြန်ကြေညာသည်။ အခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ ကျောင်းသားများအပေါ် အပြစ်ပုံချလိုက်သည်။ "သို့ဖြစ်၍ မွန်းလွဲပိုင်း၌ ပြည်သူ့ရဲနှင့် တပ်မတော်သားများသည် စက်မှုတက္ကသိုလ်ဝင်းအတွင်းသို့ ဝင်ရောက်ကာ ကျောင်းသားများကို ဆွဲခေါ်ရှင်းပြီး အခြေအနေကို ထိန်းသိမ်းလိုက်ရသည်" ဟု အဆုံးသတ် သတင်းထုတ်လွှင့်တော့သည်။ ထပ်ဖြည့်ကြေညာသည်မှာ "ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို အကောက်

အယုတ်မှ ဆူပူကြွသော ကျောင်းသားများအား ဆိုင်ရာအာဏာပိုင်များက ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း" ဟူ၍ --- ။

မတ်လ ၁၆ ရက် ဗုဒ္ဓဟူးနေ့။

သတ်ဖြတ်ခြင်း၊ ရိုက်နှက်ခြင်းနှင့် ဖမ်းဆီးခြင်းဟူသော သတင်းများသည် ရန်ကုန်မြို့ရှိ အခြားတက္ကသိုလ်နယ်မြေများသို့ လျှင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။ ဆန္ဒပြပွဲများသည် အစိုးရဆန့်ကျင်ရေးအသွင်သို့ သိသိသာသာ ကူးပြောင်းလာသည်။ အများသဘောဖြင့် မနေ့ညက မြန်မာ့အသံမှ မဟုတ်မမှန် သတင်းလွှင့်ပြီးသည့်နောက် အစိုးရ ဆန့်ကျင်ရေးမှာ ထပ်မံပြင်းထန်လာသည်။ ၁၅ ရက်နေ့ထုတ် "လုပ်သားပြည်သူ့နေ့စဉ်" သတင်းစာတွင် ဖောက်ပြန်အဖွဲ့သည် အရပ်သားများနှင့် ရန်ဖြစ်ရာမှ ရဲဘော်တပ်သားတစ်ဦး ကျဆုံးသွားရသည်" ဟု ဖော်ပြခဲ့သည်။

အင်းလျားလမ်းမကြီးဘက်ရှိ ရန်ကုန်စက်မှုတက္ကသိုလ်ဝင်းအတွင်း၌ ထောင်ပေါင်းများစွာသော ကျောင်းသူကျောင်းသားများ စုရုံးကြပြီး သူတို့သည်လည်း ညီနောင်စက်မှုတက္ကသိုလ် ကျောင်းသားများကို ထောက်ခံဆန္ဒပြခဲ့ကြသည်။ ထုံးသုတ်မှန်းမထားသော ကြိုးသုံးကြိုးပိုင်ရှင်ဖြစ်သော အင်္ဂလိပ်ကြောင် နိုင်ငံခြားသတင်းဌာနများ ကြိုးကြားမှ တစ်ခုခုကိုမျှ မရှာခဲ့ကြသည်။

မွန်းလွဲအချိန်တွင် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမှုစ်ဆွေက ကျောင်းသားများကို ဖြေရှင်းပြောကြားပြီး မိန့်ခွန်းပြောကြားခဲ့သည်။ အာဏာပိုင်တစ်ဦးက ကျောင်းသားများ၏ တောင်းဆိုချက်များကို ပရိယာယ်ကြွယ်စွာဖြင့် မေးမြန်းသောအခါ လူအုပ်ကြီးက "ဖက်ဆစ်အစိုးရ ပြုတ်ကျရေး---ဒို့အရေး--- ဒို့အရေး" ဟူ၍ သံပြိုင်ကြွေးကြော်ခဲ့ကြသည်။

ကျွန်ုပ်တို့ ပါမောက္ခ ပြန်ထွက်သွားသော ဒေါက်တာမှုစ်ဆွေက ကျောင်းသားများအား "ကျောင်းဝင်းထဲက မထွက်ရင် ဘာမှမဖြစ်စေရဘူး" ဟု အာမခံချက် ပေးပြန်သည်။

"ကျွန်တော်တို့ ကျောင်းဝင်းထဲမှာရှိတဲ့ အဆောင်တွေဘက်ကို ရှိတက်ကြတယ်။ အမေရေ၊ ဖေဖေရေ၊ မမလေး အို---အဆောင်စုံပါတဲ့၊ "ဒီဒို့ဟာ ရေမီးရှိမှာ--- ဒို့အမေ" "ပေါ်ပါလာပြီ ---ကျဆုံးပါစေ" ဆိုတဲ့ ကြွေးကြော်သံတွေဟာ ကျောင်းဝင်းနယ်တစ်ခုလုံးကို ပွဲတော်ထင်းစေခဲ့တယ်။ ကျောင်းဆောင်ထဲကကျောင်းသားတွေ ထသွက်ပြီးတော့ လှုပ်ရှားကြပြီး ဆန္ဒပြပွဲမှာ ပါဝင်ကြတယ်။ ရှုပ်မျိုးဘဲ ကျောင်းသားလေး ငါးထောင်အထိ ဖြစ်လာတယ်" ဟု ကိုလင်းက ပြောပြသည်။ ကိုလင်းမှာ အသက် ၂၂ နှစ်ရှိ ဆေးကျောင်းသား တစ်ဦးဖြစ်ပြီး မတ်လအတွင်း ပထမဦးဆုံး လှုပ်ရှားမှုများမှစ၍ ပါဝင်ခဲ့သူဖြစ်၏။ မောင်ဖုန်းမော်နည်းတူ အရေးအခင်းမဖြစ်ပွားခင်က ဘာမှမလုပ်ခဲ့ ရိုးရိုးကျောင်းသား တစ်ဦးလည်းဖြစ်သည်။

"ကျွန်တော်တို့ စက်မှုတက္ကသိုလ်ကို ချီတက်ကြတယ်"

ဟောပြောသူလူငယ်တစ်ဦးက အထက်ပါအတိုင်း အရေးဆိုလိုက်သည့်အခါ ထောင်ပေါင်းများစွာသော ကျောင်းသားများက သူ့အဆိုကို လက်ခံပြီးလက်ခုပ်တီးကာ ကြွေးကြော်ကာ စတင်ချီတက်ကြလေ၏။

မွန်းဦးက "မွန်းလွဲ ၃ နာရီမှာ ကျွန်တော်တို့ ပြန်ထွက်ကြတယ်။ ပြီးတော့ လှိုင်မြစ်ဆီ လမ်းကို ဦးတည်ချီတက်လာခဲ့တယ်။ ကျောင်းသားတွေ ထောင်နဲ့ချီပြီး

အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံတွေကို သံပြိုင်ကြွေးကြော်ရင်း မြို့သိမ်းမကြိုးတလျှောက် နေ့တိုင်းလာခဲ့ကြတာပေါ့။ ကာလနည်းနည်းကြာလာပြီးတော့ ကြားရပြန်ပါတယ်၊ ကျွန်တော်တို့ကသာတော့ ဒီလိုဟာမျိုး တခါမှ မမြင်ဖူးခဲ့ဘူး"ဟု ပြောပြသည်။

တပ်တော်ဦးမှာ ခွပ်ဒေါင်းဆောင်သံတွေ ဘာလုလုရှင်နေသည်။ နေ့ကုန်ဘက္ကာသိုလ် အဓိပတိ လမ်းမကြီးဘက်မှ စပြီးထွက်လာကြသော ကျောင်းသားထုကြီး၏ ရှေ့ဆုံးရှိ လူငယ်တဦးက မြန်မာ့အမျိုးသားရေးသမိုင်း တလျှောက်လုံးတွင် အသုံးပြုခဲ့သော အနီရောင်အောက်ခံ၌ ရွှေဝါရောင်ခွပ်ဒေါင်းပါရှိသည့် အလံကို ခပ်မြင့်မြင့်လွှင့်ထူ၍ ဖဲခုတ်လမ်းကို ကျော်ပြီး လျှောက်လှမ်းလာသည်။ လမ်းတလျှောက်တွင် လှုံ့ဆော်သံများဖြင့် ဆယ်ကျော်သက်ရွယ် အထက်တန်းကျောင်းသူ ကျောင်းသားများက ကြိုဆိုလာသော ကျောင်းသားထုအတွင်း ဝင်ရောက်လာကြသည်။ ကျောင်းသားထုကြီးမှာ လူပင်လယ် အသွား ကြီးထွားလာသော လမ်းတလျှောက်တွင် လိုင်းကားကြီးများပေါ်မှ တက်လာပြီး ကြွေးကြော်သံများကိုလည်း ရေနေကျနည်းပြီ အကြိမ်ကြိမ် ကြွေးကြော်နေကြသည်။ အဖြေအနေမှာ အားတက်ကြည်နူးဖွယ်ရာပင်၊ ဆန္ဒပြသူ အားလုံးနီးပါးမှာ နယ်ပယ်အသီးသီးမှ ဖြစ်ကြသည့်အလျောက်၊ လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလက ဖြစ်ပေါ်ခဲ့သော အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများကိုပင် မသိခဲ့သူများ ဖြစ်ကြသည်။

ထွန်းဦးက ဆက်၍ပြောပြသည်မှာ - - -

"အင်းလျားကန်ဘောင်နဲ့ ပြည်လမ်းမကြီးမှာ 'တံတားဖြူ' ရယ်လို့ ခေါ်တဲ့နေရာ ရှိတယ်၊ ဟိုအဖြူကို ကျော်လာပြီးတော့နဲ့ ကျွန်တော်တို့အားလုံး ပြန်လာကြပြီး ရောက်လာသွားတယ်။ သံဆူးကြိုးတွေတွေ့ ကျွန်တော်တို့ရဲ့ လမ်းမပေါ်မှာ ဖြတ်ပြီးကာဆီးထားတာကို မြင်ရပါတယ်၊ အဲဒီနောက်မှာ စစ်သားတွေက ကျွန်တော်တို့ကို သေနတ်တွေနဲ့ ချိန်ထားတယ်၊ အရင်းကယ်ရီယာ(စစ်သေနတ် တင်ဆောင်ထားတဲ့ သံချပ်ကာကား)ကိုတော့ တံတားရဲ့နောက် ပေါ်မှာ ရပ်ထားတယ်၊ ကျွန်တော်တို့ အမောက်ကို သိတ်သေနတ်ချိန်ထားကြတယ်"

"အဲဒီမှာ ကျွန်တော်တို့အားလုံး အမျိုးသားသီချင်းကိုဆို၊ စစ်သားများကိုတော့ စိတ်ချလက်ချ ဝိုင်းဆိုကြတယ်။ 'ပြည်သူ့တပ်မတော်၊ တို့ပြည်သူ့တပ်မတော်' လို့ ဟစ်ကြွေး ကြတယ်။ နောက်တော့ ကြည့်လိုက်တဲ့အခါမှာ အသက်ရှင်ရပ်နေတဲ့ ငိုကြွေးရတယ်၊ ကျွန်တော်တို့ရဲ့ နောက်မှာ မြင်းအုပ်၊ တပ်မတော်နဲ့ ပြည်သူတွေ နှစ်မျိုး သံစဉ်ဆောင်ငြိမ်းအောင် လုပ်ဆိုနိုင်ရင်း ကြားရပြီး တွေ့လိုက်ရတယ်၊ ကျွန်တော်တို့ရဲ့ တပ်တော်မှာဆိုရင် အိမ်ပြင်ပေါ်နေ အမြင်ကြီးတွေက ကာရံထားတယ်၊ သူတို့မှာတော့ အင်းလျားကန်ဘောင်ဘက်ကို ပြေးတာကျော်ခဲ့တယ်။ ကျွန်တော်တို့အားလုံး ဒီတံခါးနေပြီဆိုတာကို နားလည်လိုက်ကြတယ်"

အမိန့်ပေးသံတခု ထွက်လာပြီး လုံထိန်းများက ကျောင်းသားများကို ဝင်ရိုက်ကြတော့သည်။ နံပါတ်တုတ်များ စီးနေသည့်၊ အရိုးများတွင် ကျိုးအက်သံများ အတိုင်းသားကြားနေရသည်။ သွေးများလူးနေသည့် ကျောင်းသားများ၏ ညီးညူသံများ ငယ်သံပါအောင် အော်ဟစ်နေသံများ ပျက်လောရိုက်သွားသည်၊ ကန်ဘောင်ရိုး လျှောက်များအထဲ ပြေးတက်တိမ်းရှောင်ရန် ကျိုးစားကြသည့် တစ်လှုပ်ပြောက်ပြားနေသော ကျောင်းသားများမှာ ကျွဲအုပ်နွားအုပ်အလား အတုန်းအရုန်းပိတ်၍ အရိုက်ခံရလေတော့သည်။

ထရို့လုံထိန်းများက ကျောင်းသူသားများကို မြဲရိုက်ကြပြီး လက်ဝတ်တန်ဆာများ၊ နာရီများကို ချွတ်ယူကြပြန်သည်။

ထရို့က ပြေးလွှားနေသော ကျောင်းသားများကို အင်းလျားကန်ထဲသို့ ဖောင်းရေကာတံခါးကို ရေထဲနှစ်၍ မသေမချင်း သတ်ကြသည်၊ ကံဆိုး၍ လွတ်မြောက်လာခဲ့သော ဆန္ဒပြကျောင်းသားများထဲတွင် ယွန်းဦးလည်း တစ်ယောက်အပါအဝင် ဖြစ်သည်။ ယွန်းဦးမှာ လမ်းဘယ်ဘက်ရှိ ခြံစည်းရိုးကိုကျော်၍ ခြံဝင်းအတွင်းသို့ ပြေးဝင်နိုင်ခဲ့သည်၊ ထိုလူသတ်ပွဲကြီးကို မျက်ဝါးထင်ထင် မြင်နေရ၍ ဒေါသထွက်လာသည့် ပြည်သူတို့က ခြံထဲပြေးဝင်လာကြသော ကျောင်းသားများကို မိမိတို့အိမ်များတွင် ပုန်းအောင်းခွင့် ပေးခဲ့သည်။

လူသတ်ပွဲမှာ တနာရီခန့် ကြာသွားသည်။ လမ်းမတော်ရှေ့က ဆေးဆိုင်များတွင် တုံးလုံးပက်လက် ပေါ်နေသောအလောင်းများမှာ ဒရီဝေးဖြင့် ပြန့်ကြဲကျရှိသည်၊ 'တံတားဖြူ' သည်လည်း မဖြူနိုင်တော့၊ 'တံတားနီ' အဖြစ်သို့ ရုတ်ခြည်း ကူးပြောင်းသွားခဲ့ရသည်၊ လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ခြင်းခံလိုက်ရသော ကျောင်းသူကျောင်းသားလေးများ၏ အရေအတွက်မှာ နှစ်ဆယ်ဟုဆိုရင်း၊ ခုနစ်ဆယ်ဟုဆိုရင်း၊ တစ်ရာကျော်ဟုဆိုရင်း၊ အမျိုးမျိုး ခန့်မှန်းနေကြသည်။ လုံထိန်းတပ်ဖွဲ့နောက်တွင်ရှိသော လော်ရီကားကြီးများ ရောက်လာပြီး သေဆုံးသူများနှင့် ဒဏ်ရာရ၍လဲနေသူများကို ကားပေါ်သို့ ပစ်တင်လိုက်ကြသည်၊ လော်ရီကားများ ထွက်ခွာသွားပြီးသည့်နောက် အသင့်စောင့်နေသော မီးသတ်ကားများ ရောက်ရှိလာပြီး လမ်းမကြီးပေါ်ရှိရင်း၊ တံတားဖြူရှိရင်း၊ အင်းလျားကန်စောင်းရိုး ပေါ်ရှိရင်း၊ ကျန်ရှိခဲ့သော သွေးအိုင်များကို မီးသတ်ပိုက်ဖြင့် ပက်ဖြန်းဆေးကြောလိုက်ကြသည်။ မီးသတ်ကားများ ထွက်ခွာသွားသောအခါ အရာရာတိုင်းမှာ ဘာမှမဖြစ်ခဲ့သကဲ့သို့ နေပြည်တော်တွင် နဂိုအတိုင်း ကျန်ရစ်ခဲ့သည်။

သိသာထင်ရှားသည်မှာ ဤသို့ဖြစ်ပွားခဲ့သည့် ကျောင်းသားများအရေး ဖြစ်စေကာမူ သင်္ချိုင်းတစ်ခုလုံး ဖြစ်သော အဆောက်အအုံ သေချာစွာစီစဉ်ထားသော အစီအစဉ် တစ်ခုသာ ဖြစ်ပေသည်။ ဤအစီအစဉ်အတွက် ပြည်လမ်းရှိ မြန်မာ့အသံ အဆောက်အအုံမှ ဆော၍ ညွှန်ကြားခဲ့ခြင်း ဖြစ်သည်၊ ထိုသို့စီစဉ်ညွှန်ကြားခဲ့သူမှာ ဦးနေဝင်း၏ ညာလက်ရုံးပမာဖြစ်သော မဆလ ပါတီ၏ တွဲဘက်အထွေထွေ အတွင်းရေးမှူးလည်းဖြစ်ပြီး၊ လုံထိန်းတို့၏ အကြီးအကဲလည်းဖြစ်သူ ဦးစိန်လွင် ပင်တည်း။

မျက်မြင်သက်သေများ၏ ပြောပြချက်အရ 'တံတားဖြူ' သွေးချောင်းစီး လူသတ်ပွဲကြီးသတင်းသည် ရန်ကုန်မြို့လုံး ပဲ့တင်ထပ်ချင်း ပျံ့နှံ့သွားခဲ့သည်၊ အစိုးရက မဟုတ်မမှန်ကြောင်း ငြင်းဆိုသော်လည်း မြန်မာပြည်သူ သတင်းများအစ်အမှန်ကို ပြည်မှန်ကြောင်းသိလေပြီ၊ ထိုကျူးလွန်မှုသည် နိုင်ငံတကာ၏ အာရုံစိုက်ခံရသော ရန်ကုန်မြို့တော်ရှိ နိုင်ငံခြားသံရုံးများကို ဖုံးဖိ၍မရနိုင်တော့ ဖြစ်နေပါသည်၊ သို့သော် ငါးမိနစ်ရလောက်အောင် ၂၆ နှစ်တိုင်တိုင် ခံစားလာခဲ့ရသော မြို့ချမြို့သား အများစုမှာ ၁၉၆၂ ခုနှစ် နှင့် ၁၉၇၄ ခုနှစ်များတွင် ဖြစ်ပွားခဲ့သော ကျောင်းသားအရေးအခင်းကြီးများကို အစိုးရ၏ ရက်စက်ကြမ်းကြုတ်စွာ နှိမ်နင်းခဲ့သည့်သာဓကများနှင့် ထိုသတင်းကို သိသာသောကြောင့် လက်ခံယုံကြည်ခဲ့ကြသည်၊ အစိုးရသည် ယခင်အခါများထက် ပိုမို ရက်စက်စွာ နှိမ်နင်းရန် ပြင်ဆင်ထားသောကြောင့် ပြည်သူတို့ ထိတ်လန့်တုန်လှုပ်ခဲ့ရသည်။

ညဉ့်နက်သိပ်ချိန်တွင် ကိုလင်းသည် တုန်လှုပ်ခြောက်ခြားမှု ဝေဒနာများကို သက်သာစေရန် ပြည်လမ်းမရှိ လက်ဖက်ရည်ဆိုင်တဆိုင်သို့ ထွက်လာခဲ့သည်။ တုန်လှုပ်ခြောက်ခြားဖွယ်ရာအတွေ့အကြုံများကို ကိုလင်းက အောက်ပါအတိုင်း ဝမ်းနည်းကြေကွဲစွာ ပြန်ပြောပြရှာသည်။

“၁၆ ရက်နေ့ည သန်းခေါင်ယံမတိုင်မီ အချိန်လေးမှာ လုံထိန်းတွေပါလာတဲ့ အနီရောင် ‘ခက်ဆန်းပစ်ကပ်’ ကားတစီး ကျွန်တော်တို့ဘက် လာနေတာတွေ့ရတယ်။ ကားဟိုအင်းလျားကန် နားမှာ ရပ်လိုက်ပြီး ကားပေါ်ကမိန်းကလေး သုံးယောက်ကို ကန်ဘောင်ရိုးပေါ် ဆွဲခေါ်သွားကြတယ်။ ကျွန်တော်တို့လည်း အပြင်မထွက်ရဲကြဘူး။ စောအကြာမှာ အဲဒီကားပြန်ထွက်သွားတယ်။ သူတို့ခေါ်လာတဲ့ မိန်းကလေးသုံးယောက် ပြန်ပါမသွားဘူး။ ဒါနဲ့ ကျွန်တော်တို့ ကန်ဘောင်ရိုးပေါ် တက်ကြည့်တော့ ကိုယ်အောက်ပိုင်းက သွေးတွေတသွင်သွင်စီးနေပြီး သတိမေ့သလို ဖြစ်နေတဲ့မိန်းကလေး သုံးယောက်ကို တွေ့ရတယ်။ သူတို့ကို ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်ထဲ သယ်လာခဲ့ကြတယ်။ သူတို့ ညီးညူနေကြတာ တညလုံးလိုလိုပါပဲ။ သွေးလွန်ပြီး အသေသွားမယ်လို့တောင် ကျွန်တော်ထင်မိတယ်။ ကျွန်တော်တို့ ညဉ့်အမှောင်ကြီးထဲ မထွက်ရဲကြလို့ မိုးလင်းတဲ့အထိ စောင့်နေခဲ့ရတယ်”

မေလ ၁၇ ရက် ကြာသပတေးနေ့။

“မနက် ၄ နာရီလောက် မိန်းကလေးတွေကို ရန်ကုန်ဆေးရုံကြီးသို့ ကျွန်တော်တို့ ပို့ပေးလိုက်တယ်။ သူနာပြုဆရာမ တယောက်က ဒီလိုအမှုမျိုး အများကြီး ဆေးရုံ ရောက်နေတယ်လို့ ပြောတယ်။ မိန်းကလေးတဦးဆိုရင် အုပ်စုလိုက် မတရားပြုကျင့် ခံရလို့ သားအိမ်ကွဲပြီး သေဆုံးသွားတယ်လို့ သိလိုက်ရတယ်”

ပြည်သူများအနေနှင့် မခံမရပ်နိုင်ဖြစ်လာပြီး အမျက်ဒေါသပိုမို ကြီးထွားလာသည်ကို ဂရုပြုမိ၍လားမသိ။ ထိုနေ့တွင် အစိုးရက ဖြစ်ပွားခဲ့သော အရေးအခင်း ပြဿနာများကို စုံစမ်းရန် “စုံစမ်းစစ်ဆေးရေးကော်မရှင်”တခု ဖွဲ့စည်းပြီးဖြစ်ကြောင်း ကြေညာခဲ့သည်။ သို့သော် ပထမဆုံး သေဆုံးခဲ့ရသူ မောင်ဖုန်းမော်ကိစ္စကိုသာ စုံစမ်းစစ်ဆေးမည်ဟုဆို၏။ မောင်ဖုန်းမော်သည် ဓါးထိုးခံရပြီး သေဆုံးခြင်းမဟုတ်၊ သေနတ်ဒဏ်ရာကြောင့် သေရခြင်းဖြစ်ကြောင်း စာသည်ဖြင့် မမျှော်လင့်ပဲ အစိုးရက ဝန်ခံလာခဲ့သည်။ သို့ရာတွင် တံတားဖြူ ပစ်ခတ်သတ်ဖြတ်မှုကိုမူ တခွန်းတပါဒမျှ မဟဘဲနေ၏။

စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန်အတွက် ပြည်သူ့တရားသူကြီးအဖွဲ့ဝင် ဦးဘမော်ဦးစီးပြီး ပြည်သူ့ဥပဒေအကြံပေးအဖွဲ့မှ ဦးကျော်ဝင်းနှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့မှ ဒေါက်တာအောင်ရှိန်တို့ ပါဝင်သော ၃ ဦးကော်မရှင်ကို အစိုးရက ဖွဲ့စည်းပေးလိုက်သည်။ အခြားတိုင်းပြည်များတွင် နိုင်ငံတော်တရားရုံးချုပ်ဟူ၍ရှိ၏၊ နိုင်ငံတော်ရှေ့နေချုပ်ဟူ၍ရှိ၏၊ နိုင်ငံတော်လုပ်ငန်းစစ်ဆေးရေးအရာရှိချုပ်ဟူ၍ရှိ၏၊ ခေါ်ကြမည်ဖြစ်သည်။ အဖွဲ့အစည်းအသီးသီး၏ ရှေ့မှ ‘ပြည်သူ့’ ဟူသော ဝေါဟာရကို သုံးထားခြင်းမှာ ဦးနေဝင်းအစိုးရ၏ ထွင်လုံးတခု ဖြစ်ပြီး သူ၏ စစ်အာဏာရှင်စနစ်ကို ‘ဆိုရှယ်လစ် ဒီမိုကရေစီ’ အဖြစ် လှည့်ဖြားသော အသုံးအနှုန်းဖြစ်သည်။

မည်သို့ဆိုစေ နံ့စမ်းစစ်ဆေးရေး ဓာတ်မှန်ရိုက်ပွဲ ပေးလိုက်သည့်ကိစ္စမှာ မကြုံဖူးသော ဖြစ်ရပ်တစ်ခုပင် ဖြစ်သည်။ ကျောင်းသားများအဖို့ ထောင်ဖွဲ့ရာရောက်လည်းဖြစ်သည်၊ ဤကဲ့သို့ မှုံ့စည်းပေးလိုက်ခြင်းသည် ကျောင်းသားများကို မငြိမ်သက်သွားစေသည့်အပြင် ရှေ့ဆက် တိုက်ပွဲဝင်ရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေသည်။

ပင်မဘာဂ္ဂဆိုင် ဘွဲ့နှင်းသဘင်ခန်းမရှေ့တွင် ကျောင်းသားနှစ်ထောင်ကျော် ထပ်မံစုဝေးကြပြီး လွတ်လပ်သော ကျောင်းသားသမဂ္ဂကို မှုံ့စည်းလိုက်ကြောင်း ကြေညာခဲ့သည်၊ ကျောင်းသားတဦးပြီးတဦး တက္ကသိုလ်အပန်းဖြေရိပ်သာဆောင်ရှိ စင်မြင့်ပေါ်မှ နေ၍ အစိုးရကို ဆန့်ကျင်ရှုတ်ချကြောင်း ဟောပြောကြလေသည်၊

တတိယနှစ်(သမိုင်း)မှ ကျောင်းသားပဉ္စင်းဖြစ်သူ ဖမောင်မောင်ကျော်လည်း ပထမဦးဆုံး ဟောပြောကြသည့် ပုဂ္ဂိုလ်များထဲတွင် ပါဝင်သည်၊ ထို့နောက် အသက်နုနယ်သော မင်းအေးယဉ်ဆိုသူ လူငယ်တဦးနှင့် ရဲရဲတောက် သမ္ပဓိမလေး သုယုမောင် တို့ကလည်း ဟောပြောခဲ့ကြသည်။

တက္ကသိုလ်ကျောင်းသားဟောင်းတဦးဖြစ်သူ ယိုတ်မောင်းပေးသည်၊ သူပါဝင်ခဲ့သော ၁၉၇၄ ခုနှစ် ကျောင်းသားလှုပ်ရှားမှု အရေးတော်ပုံကြီးတွင် ကျောင်းသားများက ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ ဈာပနကို စမ်းနားစွာ ဂုဏ်ပြု သင်္ဂြိုဟ်ခဲ့ကြပုံ၊ ဦးသန့်၏ရုပ်အလောင်းအား မကြာမီ ရန်ကုန်တက္ကသိုလ်နယ်မြေသို့ စစ်သား များဝင်စီးကာ ရုပ်အလောင်းကို သိမ်းပိုက်လိုက်ကြပုံ၊ ကျောင်းသားလောက်ကျ အမြောက်အမြား အသတ်ခံခဲ့ရပုံများကို ပြန်လည်ပြောပြကြားခဲ့သည်။ အခြား ဟောပြောသူများ၏ မိန့်ခွန်းထဲ ရှင်းလင်းပြတ်သားပြချက်များတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်မှ မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်ခုအဖြစ် အဆင့်ချသတ်မှတ်လိုက်ပုံ၊ အာရှနှင့်ပစိဖိတ်ဒေသ တွင် သယံဇာတ အလွန်ကြွယ်ဝသောနိုင်ငံမှ အဆင်းရဲဆုံး နိုင်ငံအဖြစ်သို့ ရောက်လာခဲ့ရပုံ၊ ဤသို့ဖြစ်ရသည်မှာလည်း ဦးနေဝင်း၏ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အယောင်ဆောင်ထိန်းချုပ်မှု စနစ်တွင် စစ်တပ်က ၂၆ နှစ်တိုင်တိုင် အများမှားအယွင်းယွင်း အုပ်ချုပ်ခဲ့မှုကြောင့်ဖြစ်ကြောင်း စသည်ဖြင့် ပါဝင်သည်၊

၁၇ ရက်နေ့နံနက်က ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်တခုသည်လည်း ကျောင်းသားများကို မပြင်းထန်သော ထွက်ပေါ်စေခဲ့သည်။

အသက် ၂၅ နှစ်ရှိ ဓါတုဗေဒ ဘွဲ့လွန်ကျောင်းသား ရန်နိုင်အောင်က ပြန်ပြောပြသည်မှာ –

"အဲဒီမနက်က ရောင်ဖုန်းဆေးကို ကြိုတင်ပြီး သတင်းမှာ မီးသတ်ကားတွေ လာမယ်လို့ ကျွန်တော်တို့ ကြားသိရတယ်၊ ကျွန်တော်တို့ အဆောင်ထဲမှာ စိုးရိမ်ပြီး ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားကြတယ်၊ လုံထိန်းလက်ချက်ကြောင့် ပထမဦးဆုံးသေဆုံးရတဲ့ ကျောင်းသားကို နောက်ဆုံးအနေနဲ့ ဂါရဝပြုချင်ကြလို့ပါ၊ ကျွန်တော်ကို နာရီသေါင်းဖြတ်များများ စောင့်နေခဲ့ရတယ်၊ မွန်းလွဲတနာရီလောက်ကျတော့ မောင်ဖုန်းမော်အလောင်းကို မယောင်မရှား အခေါင်းတခုနဲ့မှာထည့်ပြီး သယ်ဆောင်လာတဲ့ကားကို ပုလိပ်အဆောင်အရှောက်အပြည့်နဲ့ မောင်းယူသွားပြီး၊ တာမွေသင်္ချိုင်းမှာ မီးသင်္ဂြိုဟ်ပစ်လိုက်တယ်လို့ သိရတယ်၊ ကျွန်တော်တို့ အရမ်းဒေါသထွက်ခဲ့ကြတယ်"

ရန်နိုင်အောင် ကျောင်းဆောင်သို့ ပြန်ရောက်သည့်အခါ ရန်ကုန်ပင်မတက္ကသိုလ်ဝင်း ပတ်ပတ်လည်၌ ကွန်မန်ဒိုတင်သားများက နေရာယူထားကြပြီးနေသည်ကို တွေ့ရသည်။ သူတို့လက်ထဲတွင် စည်းထားသော လက်နက်စဉ်များကို ကြည့်ခြင်းအားဖြင့် အရေး

ဘဝရင်းမှုဖြစ်ကြောင်း၊ အလွယ်တကူ ခန့်မှန်းနိုင်သည်။ တက္ကသိုလ်နယ်မြေပတ်လည်ကို စစ်သားပေါင်းတထောင်ကျော်၊ လုံထိန်းတထောင်ကျော်ဖြင့် ဝိုင်းရံပိတ်ဆို့ထားပြီ ဘရင်းကယ်ရီယာများ၊ မီးသတ်ကားများလည်း ဝင်းအပြင်ဘက်တွင် အသင့်ရပ်ဆိုင်းထားသည်။ မွန်းတည့်ချိန်တွင် ဒေါက်တာချစ်ထွေးက ကျောင်းသားများကို မိန့်ခွန်းခွေပြန်၏။ ကျောင်းဝင်းအတွင်းရှိ ကျောင်းသားများအတွက် လုံခြုံမှုရှိပါသည် ဟု၏။

"ဒါပေမဲ့ အပြင်ထော့မထွက်ကြနဲ့" ဟု သူက ထပ်၍ကျွန်းသည်။

မည်သို့ဆိုစေ ထိုအချိန်ကာလတွင် တက္ကသိုလ်ဆရာတဦး၏ ဂတိစကားမှာ အရေးမပါ အရာမရောက်လှပေ။

မွန်း ၂ နာရီတွင် စစ်သားများက သေနတ်ကိုင်ဆောင်၍၎င်း၊ လုံထိန်းများက နံပါတ်တုတ် ကိုင်ဆောင်၍၎င်း၊ ဝင်မကတက္ကသိုလ်နယ်မြေကို ဝင်စီးကြလေတော့သည်။ မျက်ရည်ယိုဗုံးများ ကျောင်းသားထု အတွင်းသို့ ပစ်ခွဲခဲ့ကြသည်။

"စစ်သားတွေ ဝင်လာတဲ့အချိန် ကျွန်တော် အင်းလျားဆောင်မှာ ရှိနေတယ်။ အဖုံးပိတ်အချုပ်ကားတွေ စစ်သားနဲ့လုံထိန်းတွေနောက်ကနေ ကျောင်းထဲမောင်းဝင်လာတယ်။ ရဲချုပ်ဦးသိန်းအောင်ကိုယ်တိုင် ပါလာတယ်၊ သူက ကျွန်တော်တို့ကို အဆောင်ထဲက ထွက်လာကြဖို့၊ မင်းတို့ကို မဖမ်းဘူးလို့ပြောပေမဲ့ ကျွန်တော်တို့ထွက်လာကြတဲ့ အချိန်မှာတော့ အချုပ်ကားတွေထဲ အတင်းဝင်ခိုင်းပြီး မောင်းထွက်တော့တာပဲ။ ကျွန်တော်တို့ အဆောင်တခုထဲမှာဘဲ ကျောင်းသား ၁၅၈ ယောက် အဖမ်းခံလိုက်ရတယ်၊ ဒီအထဲမှာ ကျောင်းသူ ၄၀ လည်းပါတယ်" ဟု ရန်အောင်က ပြန်ပြောပြသည်။

ရဲများက ကျောင်းဆောင်များကဲ့သို့ ဝင်မွှေပြီး ကျောင်းသူကျောင်းသားစုစုပေါင်း တထောင်ခန့် ဖမ်းဆီးခေါ်ဆောင်သွားသည်။ အဖမ်းခံရသည့်အထဲတွင် ရန်ကုန်ပင်မ တက္ကသိုလ်မှ သမိုင်းအဓိက ဒုတိယနှစ်ကျောင်းသား မောင်မောင်ညွှန့်လည်း ပါဝင်ခဲ့သည်။

"ကျွန်တော် ခန့်မှန်းပြောရလောက်ဆိုရင် ကျွန်တော်တို့ကို ဖမ်းလာခဲ့တဲ့ အချုပ်ကားဟာ လူ ၁၈ ယောက် ၂၀ လောက်ဘဲဆန့်တယ်။ ဒါပေမဲ့ ဖမ်းထည့်လာတာက အယောက် ၁၀၀ နီးပါး ရှိတယ်။ မှုလိုင်းဆိုက်လိုက်တာလည်း လွန်ပါရော။ အသက်ရှူမဝလို့ ကျွန်တော်တို့ ခေါင်းတွေမူးပြီး လူကအိုင်ထိုးချင်သလို ဖြစ်နေတယ်။ အများစုဆိုရင် မျက်ရည်ယိုဗုံးကြောင့် မီးလောင်ရတဲ့ဒဏ်ရာ၊ အရိုက်ခံရတဲ့ ဒဏ်ရာတွေကြောင့် နာကျည်းနေကြတယ်၊ ကျွန်တော်ဘေးဘက်နဲ့ အတူပါလာတဲ့ မိန်းကလေးတွေကို ရှေ့ပိုင်းက လေဝင်ပေါက်သေးသေးလေးတွေနား ရွှေ့ပေးလိုက်လို့ သူတို့ လေရှူနိုင်သေးတယ်။ ကျွန်တော် ဘာမှမမြင်ရဘူး၊ ဒါပေမဲ့ လမ်းတလျှောက်လုံး တကွ့ကကားသိပ်ပြီးမောင်းနေလို့ ထောင်ကို ထောက်ထောက်နဲ့ မရောက်နိုင်ဘူး။ ကြည့်ရတာ လူတွေအာရုံမစိုက်မိအောင် ပတ်ချာလည်ပမ်းနဲ့ မောင်းလာပုံရတယ်"

အချုပ်ကားထဲ၌ ကျောင်းသားတချို့ မွန်းပိတ်၍ အသက်ရှုကြပ်ပြီး သေဆုံးခဲ့ရသည်။ အသက် ၁၂ နှစ်အရွယ် ကလေးငယ်တဦးမှာ လူများမြှတ်သိပ်နေသည့် အချုပ်ကားတစီးထဲတွင် သွပ်ပိတ်၍ သေဆုံးသွားရသည်။ ထိုသို့ ရွှေတင်ကော်တင်တင်၍ ကျောင်းသား ကျောင်းသူ တထောင်ခန့်ကို ဖမ်းဆီးခေါ်ဆောင်ကာ ရန်ကုန်မြို့မြောက်ဘက်ရှိ နာမည်ဆိုးကျော်သော အင်းစိန်ထောင်သို့ ထည့်သွင်းလိုက်တော့သည်။ ဆန္ဒပြသော

ကျောင်းသားများ ပျော့ညံ့ဒူးထောက်လာစေရန် အစိုးရသည် သံလက်သီးဖြင့် စတင်ထိုးနှက်လေပြီ။

"ဒီနေ့အထိမှာတော့ ကျွန်တော်တို့တတွေ မစည်းရုံးလို့ မဖြစ်တော့ဘူးဆိုတာ သိလိုက်တယ်လေ"

ရန်ကုန်ပင်မတက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေး ကျောင်းသားတဦးဖြစ်သူ အောင်ဝင်းက ပြန်ပြောပြသည်။

"အသက်ပေါင်းများစွာ စတေးလားပြီးမှ စစ်ရို့ လက်လျှော့လို့တော့ မဖြစ်ဘူး။ ဒါ့အပြင် ကျွန်တော်တို့က အသက်စီးရနေတယ်ဆို ကျွန်တော်တို့ ယုံကြည်ကြတယ်။ ပြည်သူတွေအနေနဲ့လည်း ကျွန်တော်တို့ကို ကိုယ်ချင်းစာပြီး အားပေးကြတယ်။ တက္ကသိုလ်အတွင်း ဆန္ဒပြပွဲဝိုင်းလိုပါ ထမင်းထုပ်တွေ၊ ရေတွေ၊ ဆေးပေါ့လိပ်တွေ ပို့ပေးကြတယ်။ မဟုတ်မဟတ် အုပ်ချုပ်နေတဲ့ အစိုးရကို လူထုက စိတ်ကုန်နေကြတယ် ဆိုတော့သိ ကျွန်တော်တို့ကို ဆက်လက်ဆန္ဒပြကြဖို့ အားပေးကြတယ်။ မကြာခဏဆိုသလို နေနေသသော ဆန့်ကျင်လှုပ်ရှားမှုတွေမှာ လူထုက ပိုမိုအားပေးလာတယ်"

ရန်ကုန်တက္ကသိုလ် ပင်မနယ်မြေ၊ လှိုင်နယ်မြေ၊ ဗိုလ်တထောင်နယ်မြေ၊ ကြည့်မြင်တိုင်နယ်မြေ စသည့် ကျောင်းဝင်းလေးခု၊ ဆေးတက္ကသိုလ် (၂) ခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တို့အပြင် အထက်တန်းကျောင်းများနှင့်ပါ ဆက်သွယ်ရေးလုပ်ငန်းများကို လျှို့လျှို့ဝှက်ဝှက် တက်ကြွကြွ ဖြစ်ရေးအတွက် အောင်ဝင်းနှင့် ကျောင်းသားတစုကတည်း ဆောင်ရွက်ခဲ့ကြသည်။

"ဆန္ဒပြဖို့ လမ်းပေါ် ပထမဦးဆုံး ထွက်လာကြတုန်းက ကျွန်တော်တို့ အတွေ့အကြုံမှ မရှိကြဘူး။ ဒါနဲ့ ကျွန်တော်တို့ ၁၉၇၄ ခုနှစ် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲတွေမှာ လှုပ်ရှားခဲ့တဲ့ ကျောင်းသားဟောင်းတွေနဲ့ ဆက်သွယ်ပြီး အကြံဉာဏ် တောင်းခဲ့ကြတယ်။ သူတို့ အတွေ့အကြုံတွေကို ကျွန်တော်တို့ လေ့လာခဲ့ကြတယ်"

ကျောင်းသားလှုပ်ရှားမှု အဖွဲ့အစည်းသစ်တွက်ကို စစ်တပ်နှင့်မဆလပါတီ၏ ပုံစံမျိုး အတုယူဖွဲ့စည်းကြခြင်းဖြစ်သည်။ ယင်းသို့ဖြစ်ရသည်မှာလည်း စစ်တပ်နှင့်မဆလပါတီ အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံကျနသော ထိရောက်မှုသည်ကို တွေ့ကြရသောကြောင့်ဖြစ်သည်။ ပြန်ကြားရေးဌာနဖွဲ့စည်းပြီး၊ တရားဝင်စာတမ်းနှင့် ဝိဒီယိုများ၊ ထုတ်ဝေဖြန့်ချိရေး၊ ကျောင်းသားများ၏ သတင်းဆိုချက်များကို လူထုထံ အမြန်ဆုံးဖြန့်ချိရေးတို့ကို တာဝန်ယူ လုပ်ကိုင်ခဲ့ကြသည်။ ဘဏ္ဍာရေးဌာနဖွဲ့စည်းပြီး အလှူငွေကောက်ခံ၍ ထမင်းထုပ်နှင့်ရေတို့ကို တက္ကသိုလ်နယ်မြေရှိ ဆန္ဒပြကျောင်းသားများထံ အမှုကြိုဖြန့်ဖြူးပေးကြသည်။ ကြက်ခြေနီ အဖွဲ့ဝင် ကျောင်းသားကျောင်းသူများက ဆေးဝါးများ ကောက်ခံစုဆောင်းပေး၍ ဆေးဦး သူနာပြုတာဝန်များကို ဆောင်ရွက်ကြသည်။

လုံခြုံရေးဌာနဟုခေါ်သော အဖွဲ့က ဖွဲ့စည်းပြီး စစ်ဘက်နှင့်ရဲများ၏ လှုပ်ရှားမှုများကို သတင်းထောက်လှမ်းကြသည်။ အဓိကအားဖြင့်မှာ ကျောင်းသားများ အထဲတွင် စိမ့်ဝင်နေကြသော အစိုးရသတင်းပေးများကို စိစစ်ဖေါ်ထုတ်ခြင်းဖြစ်သည်။ အစပိုင်းကာလက ပြည်သူများသည် သတင်းဆိုးနှင့် ထောက်လှမ်းရေးများကို လွန်စွာမုန်းတီးခဲ့ကြသည်။ ထို့ကြောင့် ကျွမ်းကျင်ထက်မြက်လှသော စစ်ထောက်လှမ်းရေး ယန္တရား၏ လှည့်ကွက်ကို ကျောင်းသားများက ကောင်းစွာ သတိထားပေါက်ကြသည်။

"ကျောင်းဆောင်တစ်ခုမှာ ကျွန်တော်တို့ရဲ့ အကျဉ်းထောင်ကိုတောင် ဖွင့်လှစ်နိုင်ခဲ့တယ်၊ အဲဒီမှာ ကျွန်တော်တို့ မသက်သာတဲ့ သတင်းဆိုးတွေကို စစ်ဆေးကြတယ်။ ကျောင်းသားသုံးယောက် အပြစ်ရှိတာတွေ့ရလို့ သတ်ပစ်ခဲ့ကြတယ်" ဟူ၍ အောင်ဝင်းက ပြောပြသည်။

မတ်လ ၁၈ ရက် သောကြာနေ့၊

တဖြေးဖြေး ရုပ်လုံးပေါ်လာသော ကျောင်းသားအဖွဲ့အစည်းသည် မြေမြှုပ်စနစ်မျိုး တိုက်ပွဲဝင် လေတော့သည်။ အသစ်တဖန် ဖွဲ့စည်းလိုက်သော ကျောင်းသားသမဂ္ဂက ၁၇ ရက်နေ့ကို နောက်ဆုံးထားပြီး လဘက်ရည်ဆိုင်ကအရေးအခင်းနှင့် ဆက်စပ်ဖြစ်ပွားခဲ့သော ပြဿနာများ၏ ဖြစ်ရပ်မှန်များကို သက်ဆိုင်ရာက ကြေညာပေးရမည်ဟု အမိန့်ရအား ရာဇာသံပေးခဲ့သည်။

အာဏာပိုင်တို့က ကျောင်းသားများ၏ တောင်းဆိုချက်ကို ဥပေက္ခာပြုပြီး သူတို့ဖွဲ့စည်းထားသော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ကျောင်းသားတဦး သေဆုံးခြင်း ကိစ္စနှင့် ထိုကဲ့သို့သော အမှုကိစ္စမျိုး ထပ်မံမဖြစ်ပွားစေရန်၊ လိုအပ်သော တရားဝင် အစီရင်ခံစာကို တလအတွင်း ပြုစုတင်ပြရန် တာဝန်ပေးလိုက်သည်။

"ဒီအချက်ကို မူတည်ပြီးတော့ ကျွန်တော်တို့ဟာ တက္ကသိုလ်နယ်မြေများနဲ့ အင်းလျားတာဝိုက်ကနေ အပြင်ထွက် မြို့ထဲဝင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆန္ဒပြဖို့ ဆုံးဖြတ်ကြတယ်" ဟု ထွန်းဦးက ပြန်ပြောပြသည်။

"အကျဉ်းသူ ကျောင်းသားတွေဟာ အဖွဲ့လေးတွေခွဲပြီး ဆိုင်ရာတက္ကသိုလ်များနဲ့ ကျောင်းဆောင်များကနေ ထွက်လာခဲ့ကြတယ်။ တယောက်စလေးတစ်ယောက်နှုန်း ရောက်အောင် သတင်းဖြန့်ကြတယ်။ ကျွန်တော်တို့နောက် ၅ ယောက်ဟာ ကားစီးပြီး ဆူးလေဘုရားလမ်းကို ဒိုးနဲ့ဆိုထားတဲ့ မှန်းထည့် ၁၂ နာရီအချိန်မှာ ရောက်လာကြတယ်၊ ဒီနောက်တော့ စောင့်နေတဲ့လူအားလုံးစုစည်းပြီး တန်းစီလှည့်လည်ကြတော့တာပဲ"

အံ့သြတုန်လှုပ်သွားသော မြို့သူမြို့သားများက ကျောင်းသားများကို ကြည့်ရှုနေကြစဉ် ကျောင်းသား ၃၀၀ ခန့်သည် လက်သီးလက်မောင်းတန်းကာ ကြွေးကြော်သံများဟစ်ပြီး မြို့လယ်ခေါင်ရှိ ဆူးလေဘုရားကိုပတ်၍ ချီတက်ဆန္ဒပြခဲ့ကြသည်။ အတွေ့ဆုံး အထိတ်လန့်ဆုံး ဖြစ်သွားခဲ့သူများမှာ ဆူးလေဘုရားမျက်နှာချင်းဆိုင်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးကော်ပိုရေးရှင်း ရုံးအတွင်းမှ နိုင်ငံခြားသားခရီးသည် လူငယ်တစုပင် ဖြစ်သည်။ သူတို့လက်ထဲရှိ လမ်းညွှန်စာအုပ်များ၊ မြေပုံများကိုပစ်ချပြီး စိတ်ရှုပ်သွားကြသည်၊ ဤနိုင်ငံသည် ငြိမ်းချမ်းသာယာသော မြန်မာ့ရွှေပြည်မှ မဟုတ်ပါလေ။

ထိုရုံးမှ မိန်းကလေးများသည် သံဘာကျပ်တံခါးကို အလျင်အမြန် ပိတ်လိုက်ကြသည်၊ နိုင်ငံခြားသားဧည့်သည် လူငယ်တဦးက သံတံခါးပေါက်ကြားမှနေ၍ သူ၏ကင်မရာဖြင့် ဓါတ်ပုံရိုက်ယူလိုက်သည်၊ ထိုဓါတ်ပုံများသည် နောင်တွင် ကမ္ဘာ့သတင်းများက ဖော်ပြခဲ့သော မြန်မာပြည်မှ မတ်လဆန္ဒပြပွဲ ဓါတ်ပုံများပင်ဖြစ်သည်။ ကမ္ဘာ့သတင်းဓါတ်ပုံများတွင် အခြားကမ္ဘာလှည့်ခရီးသည်တဦးက တည်းခိုခန်းတခုအပေါ်မှ ရိုက်ယူသွားသော ဓါတ်ပုံအချို့ကိုလည်း တွေ့ခဲ့ရသည်။

"ဘာဖြစ်တာလဲဗျ"

နိုးရှိမ်သွားသည့် ကမ္ဘာ့လူညွှန့်ချီးသည့်တဦးက မေးလာခဲ့သည်။

"အဲ့ဒါ ကျောင်းသားတွေပေါ့။ သူတို့အစိုးရကို ဆန္ဒပြပြီးဆန့်ကျင်နေတာလေ" အမျိုးသမီး စာရေးမလေးတဦးက တည်ငြိမ်စွာဖြင့် ဖြေလိုက်သည်။

"မင်းရော သူတို့ကို ထောက်ခံသလား"

"ထောက်ခံတာပေါ့ရှင်။ ဒီအစိုးရကို လူတိုင်းလိုလိုတော့နာပြီ၊ ဒါပေမဲ့ ကျွန်မတို့ ဘာလုပ်နိုင်မှာလဲ၊ သူတို့မှာ သေနတ်ရှိတယ်၊ ကျွန်မတို့လက်ထဲမှာ ဘာမှမရှိဘူး"

"မနေ့ညကအတွင်းမှာ ပြည်သူ ၁၂၀၀၀ ကနေ ၁၅၀၀၀ အထိ ကျောင်းသားတွေနဲ့ ပူးပေါင်းလာကြတယ်၊ တချို့ ပြတင်းပေါက်ပေါ်ကနေ အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံ တွေကို လက်ခုပ်တီးပြီး အားပေးကြတယ်။ ကျောင်းသားတွေက အစိုးရပိုင်ပစ္စည်းတွေကို ဖျက်ဆီးကြပြီး နိုင်ငံပိုင်ကားတွေကို မီးရှို့ကြတော့ ပြတင်းပေါက်မှာရှိတဲ့လူတွေက အားပေးကြရ ခေါ်ဟစ်အားပေးကြတယ်" ဟု၍ ထိုနေ့က ဟိုတယ်နှင့်ဆိုင်သူကလာရေး ရုံးအတွင်း ကိုးနေခဲ့သော ဘာလင်မြို့မှ အမေရိကန်ပြန် ကျောင်းသားတဦးဖြစ်သူ ယောနတန်က သူ့အတွေ့အကြုံကို ပြန်ပြောပြသည်။ သူကဆက်၍ "လူတွေက အာသာအရှ မျှော်ပြီးမှလုပ်တာ၊ မီးပွိုင့်တွေကို ရိုက်ချိုး၊ အမှိုက် ကားတွေကိုမီးရှို့နဲ့ အစိုးရပိုင် ပစ္စည်းတွေကိုပဲ ဖျက်ဆီးကြတာပါ၊ ပုဂ္ဂလိကပိုင်ပစ္စည်းတွေကို မတော်တဆ လုပ်မိကြတာမျိုး တခုမှ ကျွန်တော်မမြင်ခဲ့ပါဘူး" ဟု ဆိုသည်။

ရှားလေဘရားအစ်းရှိ မဟာစန္ဒြပလ်းနှင့်ခြံ တဘက်ကပ်နေသော ပြည်သူ့ရဲတပ်မှ တပ်သား ၅၀ ခန့်သည် အါသာကွက်နေသော ပေါ့ချပ်ကြီးကိုမှီ၍ ယိုတိုင်ပေါ်ပြန်ပြုပြီး ကွက်ပြေးကုန်ကြသည်။

ထိုနောက် လက်နက်မပြည့်အစုံ တပ်ဆင်ထားသော လုံထိန်းများ မိနစ်အနည်းငယ် အတွင်း ရောက်ရှိလာပြီး နံပါတ်တုတ်များဖြင့် ခတ်ရိုက်ကာ လူစုခွဲခဲ့သည်။ ထိုနောက် သေနတ်များကို မီးပေါ်အောင်ပေါက်၍ သတိပေးခဲ့သည်။ ညနေရာသည် ရန်ကုန်မြို့လယ်မှ နိုင်ငံခြားသံရုံးများ၏ ရှေ့တွင်ဖြစ်ပေါ်သွားခဲ့ အဝေးဆုံးထိမှ လွှမ်းခဲ့သောလှိုင်းရောင်က တပ်သားဖြူလျင် ဖြစ်ပွားခဲ့သည့် အကြောင်းအရာများ၊ မဟုတ်မတရားပုံ၊ အချုပ်ကားများ၊ စစ်ကားများ တဝုန်းဝုန်းမောင်းကြ ထိုးဆိုက်လာကာ ရာပေါင်းများစွာသော ဆန္ဒပြသူများကို ဖမ်းဆီးပြီး အချုပ်ကားပေါ်သို့တင်၍ အင်းစိန်ထောင်သို့ ဦးတည် မောင်းနှင်သွားသည်။

"ကျွန်တော် ပယ်ကိုအသွား အော်ဟစ်သံတွေနဲ့အတူ သေနတ်ပစ်ပေါက်တဲ့ အသံတွေပါ ကြားလိုက်ရတယ်။ အချိန်ကတော့ ၂ နာရီခွဲလောက်ရှိမယ်။ မြေတိုက်ဘုရားလမ်း သိမ်ကြီးဈေးနားကနေ ပြည်သူ့ကုန်တိုက်ကြီးရှေ့မှာ လူ အယောက်ကြီးက မနည်းဘူး။ အဲဒီ လူအုပ်ကြီးထဲကတချို့ ကုန်တိုက်အောက်ထပ်ကို မီးရှို့ကြတော့ အဲဒီမှာရှိတဲ့လူအုပ်ကြီးက လက်ခုပ်တီးပြီးအားပေးကြ၊ အစိုးရဆန့်ကျင်ရေးကြွေးကြော်သံတွေအော်ကြနဲ့ တကယ့် ပွဲကြီးပွဲကောင်းပဲပေါ့" ဟု ရန်ကုန်မြို့မှ အသက် ၂၃ နှစ်အရွယ် မူလတန်းကျောင်းသား တဦးဖြစ်သူ ဇော်ဇော်က ပြန်ပြောပြသည်။

ထိုအချိန်တွင် ရန်ကုန်မြို့၌ ရပ်ကွက်အလိုက် 'အုံကြွမှုကြီးများ' ဖြစ်ပွားလာလေပြီ၊ လုံထိန်းများလည်း ဟိုမှသည်ပြေးကာ လူစုခွဲရန် ကြိုးစားခဲ့ကြသည်၊ သို့သော် အချိန်နှောင်းပြီ။ အခြေအနေကား ထိန်း၍မရနိုင်တော့ပြီ။

ပြည်သူ့ကုန်တိုက်ကြီး မီးစွဲလောင်နေသည်။ မီးငြိမ်းသတ်ရန် ဗိုလ်ချုပ်အောင်ဆန်း လမ်းတလျှောက် မောင်းနှင်လာသော မီးသတ်ကား ၃ စီးကို ဓါးသမားတလုန်းယာန်း အကာအကွယ်ပေးနေသည့် လုံထိန်းကြီးက ပိတ်ဆို့ကာ ကားတစ်စီးကို စောင့်၍ မီးရှို့လိုက် ကြသည်။ နောက်မှလိုက်လာသော ကျန်မီးသတ်ကားနှစ်စီးမှာ အမြန်ပြန်လှည့်ပြီး မောင်းပြေး တော့သည်။ လူအုပ်ကြီးက တာယာလိပ်နှံကြီးများကို ဖြတ်တောက်ပစ်၍ မီးပွိုင့်များကိုလည်း ပိုက်ကိုက်ချိုးဖျက်ကြသည်။ ရုက်ချင်းပင် မြို့ပေါ်နေရာအနှံ့အပြားမှ မီးခိုးလုံးမည်းကြီးများ အလုလုထွက်လာသည်။

ထိုနေ့မွန်းလွဲပိုင်း၌ ကရင်ပြည်နယ်မြို့တော် ဘားအံမြို့တွင် စုစည်းထားသော တပ်မ ၂၂ မှ လက်နက်အမြောက်အမြားသည့် အားများနှင့်ရောက်ရှိလာကြသည်။ ထို့နောက် ပင်းတိုက်တွင် အခြေစိုက်သော တပ်မ ၄၄ မှရင်း၊ ရန်ကုန်မြောက်ဘက် မှော်ဘီလေတပ်စခန်းရှိ တပ်မ ၇၇ မှရင်း အထူးပြင်ဆင်ထားမှု ရောက်ရှိလာသည်။ သံချပ်ကာကားများမှာ သမတအိမ်တော်နှင့် ဦးနေဝင်း၏ အေဒီလမ်းရှိ အင်းလျားကန်အနီးမှနေအိမ်တို့ကို စောင့်ကြပ်နေရာယူထားသည်။ မြို့လယ်သို့ ကျောင်းသားများ ထပ်မံ၍ အင်အား မပြည့်အောင်နိုင်ရန် အလုံကြိုဘုရားလမ်းတလျှောက်တွင် အရင်းကာယိုးယာများဖြင့် စောင့်ကြပ် ပိတ်ဆို့ထားသည်။

အနောက်ဂျာမနီ ကမ္ဘာ့လှည့်ခရီးသည်တစ်ဦးဖြစ်သူ ဟေလာမက်ဖ်သည် နေ့ဟိုရုံရင်ပြင်၌ အင်္ဂလိပ်လိုရေးသားထားသော စာတမ်းတနေကို ဆွဲ့ရှိ၍ သူ့မှတ်စုစာအုပ်တွင် ကူးယူလာခဲ့သည်။ ယိုးမားယမ်းတွင် တည္ကသိုလ်ကျောင်းသားများက ကမ္ဘာ့ကုလသမဂ္ဂမှတဆင့် တိုင်းမ်မဂ္ဂဇင်း အယ်ဒီတာထံသို့ အကူအညီတောင်းခံထားသည်။

S.O.S.To Editor Time

c/o UN

*Help us!*

Burma University Students

မြင်မြင်သမျှ လူများကို ဖမ်းဆီးရန် အာဏာပိုင်များက အမိန့်ပေးထားပုံရသည်။ သေကြောင်းနေ့ မွန်းလွဲပိုင်းဖြစ်သည့်အတွက် ဆောင်နှင့်ချီသော မှုခင်းဝင်များသည် ရွှေတိဂုံဘုရားအနောက်ဘက် ကုန်းသည်လမ်းတစ်ဘက်ရှိ ပလီများတွင် 'ဂျမဲ' ဘုရားရှိခိုးပြီး ပြန်ကာချိန်ဖြစ်သည်။ ဘုရားရှိခိုးပြီး ပြန်လာသူများကို အချပ်ကား၊ လော်ရီကားများနှင့် ဖမ်းဆီးပေါ်ဆောင်သွားခဲ့သည်။ အင်းစိန်ထောင် မဆန့်တော့သည့်အခါ ကားကြီးကားငယ် အသွယ်သွယ်ဖြင့် လမ်းပေါ်မှ ပြည်သူများကို ရန်ကုန်မြို့မြောက်ဘက် ထီးလှိုင်ကော ခေတ်ဒေးလော သာယာဝတီထောင်သို့ ပို့ဆောင်ချုပ်နှောင်ထားလိုက်သည်။

အုံကြွမှုကြီးကို ဦးဆောင်သည်ဟု သံသယရှိသူများအား မဂ်လာဘုံရှိ နာမည်ကြီး အကျဉ်းထောင် 'ခရကြည့်အိုင်'သို့ အပို့ခံပြီး စစ်ဆေးကြရသည်။ ယင်းထောင်မှာ ကြောက်ခမန်းလိလိဖြစ်သော စစ်ထောက်လှမ်းရေးအဖွဲ့၏ ကြီးကြပ်ရာနေရာဖြစ်သည်။

ရန်ကုန်မြို့တွင် တာဝန်ကျနေသော မူဆလင်နိုင်ငံတခုမှ သံတမန်တဦးက သူ၏ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အစီရင်ခံရာတွင် ပြည်သူများကိုဖမ်းဆီးရန် အမိန့်ပေးပုံကို ဤသို့ ဖော်ပြထားသည်။

“လူ့ရာလူ့စေးဟူသော ဝေါဟာရသည် တောင်အာရှတိုက် နယ်ပယ်ဒေသများကို ဆိုလိုရာ ရောက်နေသည်။ ထိုသူများအားလုံးလိုလိုသည် နိုင်ငံခြားသားမှတ်ပုံတင်လက်ပြားများ ကိုင်ဆောင်ထားသည့် နှိမ်ထားခြင်းခံရသူများ ဖြစ်ကြသည်။ ၁၉၈၂ ခုနှစ်တွင် အတည်ပြုသော နိုင်ငံသားဥပဒေပုဒ်မအရ ဧည့်နိုင်ငံသားဟုဆိုကာ စွန့်ပယ်ခြင်းခံရသော မြန်မာပြည်သူများ ဖြစ်ကြသည်။ သူများနေရာ ရန်ကုန်မြို့လယ်ခေါင်တိုက်ကြား လမ်းဘေး ဈေးသည်အဖြစ်ဖြစ်စေ နေ့စားအလုပ်သမားအဖြစ်ဖြစ်စေ အသက်မွေးဝမ်းကျောင်း ပြုကြရသည်။ မြို့ကွက်၌ ဖြစ်ပေါ်နေသော လှုပ်ရှားမှုတို့က မူဆလင်များအတွက် ပြဿနာတရပ် တိုးလာစေသည်။ အဘယ်ကြောင့်ဆိုသော် သောကြာနေ့ ဘုရားရှိခိုး အပြီးတွင် လမ်းမပေါ်သို့ စုပြုထွက်လာသော မူဆလင်များသည် အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံများဖြင့် ညံနေသော ဆန္ဒပြပွဲများ၏ ဗဟိုတွင် အမှတ်မထင် ရောနှောကာ ချောင်ပိတ်မိ၍ဖြစ်သည်။”

ဆန္ဒပြပွဲများအတွင်း ပါဝင်လှုပ်ရှားရန် မြို့တော်ရန်ကုန်သို့ ရောက်လာကြ၊ ရထားကြီး စီးပြီး ဆင်းလာကြသော အထက်အညာတက္ကသိုလ်များမှ ကျောင်းသားများမှာ ကုသိုလ်ကံ ကောင်းသည်ဟု ဆိုရမည်။ မန္တလေးတက္ကသိုလ်မှ ကျောင်းသား ၇၀ နှင့် ပျဉ်းမနား ဒေသကောလိပ်မှ ကျောင်းသား ၂၀ တို့ကို သက်ဆိုင်ရာက ရန်ကုန်မြို့အနီးရှိ လှည်းကူးဘူတာမှ ဘားစီး၍ နေရပ်သို့ပြန်ပို့ လိုက်ကြသည်။

အဓိကအကြောင်း ၇ ရက်မြောက်နေ့ဖြစ်သည့် သောကြာနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သည် စိတ်ဒုက္ခလှုပ်ချောက်ခြားဖွယ် ကိုက်ဆိုက်ငြိမ်သက်နေသည်။ မြန်မာ့အသံအဆောက်အဦး အနောက်ဘက်ရှိ ကြီးမားသည့်ဆန်စက်ကြီးတစ်ခု၏ မီးခိုးခေါင်းတိုင်မှ မီးခိုးလုံးကြီးများမှာ အဆက်မပြတ် တလူလူထွက်လျက်ရှိသည်။ ယင်းတို့သည်ပြတိုက်ပွဲမှ လူသေအလောင်းများကို မီးရှို့ဖျက်ဆီးနေခြင်းဖြစ်၏။ ထောင်ချီနိုင်ပြီး အမြင်အဆီးခံခဲ့ရသော ကြောင့် ကမ်းတကာတွင် လူသူကင်းရှင်းနေသည်။ ညမထွက်ရအမိန့်ကို တရားဝင်ကြေညာခြင်းမရှိဘဲ အစိုးရတပ်များက တလမ်းဝင်တလမ်းထွက် အသံချဲ့စက်ဖြင့် မြို့နေလူအပေါင်းတို့အား လမ်းပေါ်သို့မထွက်ကြရန် အမိန့်ပေးကြေညာလျက်ရှိသည်။ ပြည်သူများက လမ်းပေါ်သို့ မထွက်ကြတော့သော်လည်း ပထမဆုံး လူထုအုံကြွမှုကြီးမှာ ရန်ကုန်တမြို့လုံးကို ကိုင်လှုပ်နိုင်ခဲ့သည်။ အမှုကိစ္စါသထွက်နေသော ပြည်သူတရပ်လုံး၏ ပစ်မှတ်မှာ လုံထိန်းများ၏ အကြီးအကဲလည်းဖြစ်၊ ဦးနေဝင်း၏ လက်ပါးစေလည်းဖြစ်နေသော ‘ဦးစိန်လွင်’သာ ဖြစ်တော့သည်။ ဆိုက်ဆိုင်မှုသက်သက်ဟု ဆိုရမည်မှာ သမ္မတအဖြစ် တင်ခဲ့မှာ ကြို့ကုန်းအနောက်ဘိုင်းရှိ လေဘက်ရည်ဆိုင် အမည်သည့် ‘စမ္မာဝင်း’ဖြစ်ပြီး ဦးနေဝင်းအား ခ်ဆုံးသစ်း၏ အမည်သည်လည်း ‘စမ္မာဝင်း’ဖြစ်နေခြင်း ဖြစ်သည်။

# အခန်း (၂)

# ရွှေပြည်တော်

၁၉၆၂ ခုနှစ် မတ်လ ၁ ရက်။

ရုရှားကြီးဆီရေခဲရိုးစင့်ဖြင့် ရေးသွင်းထားသော တရုတ်ဘဲလေးအဖွဲ့သည် ရန်ကုန်မြို့တွင် ကပြဖျော်ဖြေနေပြီး ပရိသတ်အခင်းများများ၏ အာရုံကို ဆွဲဆောင်နိုင်ခဲ့သည်။ ပရိသတ်အထဲတွင် ယခင်က မြန်မာနိုင်ငံ ကာကွယ်ရေးဦးစီးချုပ်ဖြစ်သော ဗိုလ်ချုပ်ကြီးနေဝင်းလည်း အပါအဝင်ဖြစ်သည်။ ကပွဲမှာ ညဉ့်နက်သည့်တိုင်အောင် တင်ဆက်ဖျော်ဖြေခဲ့သည်။ ကပွဲပြီးသောအခါ ဗိုလ်ချုပ်ကြီးက အနုပညာရှင်များကို လက်ဆွဲနှုတ်ဆက်၍ ချီးကျူးစကား ပြောပြီးနောက် ထိုက်ခနဝင်းသည့် ခမ်းနားအေးပြ ထွက်ခွာသွားသည်။ ပရိသတ်အများက သူသည်လည်း ပွဲကြည့်ပြီး အိမ်ပြန်အိပ်စက်အနားယူမည်ဟုပင် ထင်မှတ်ခဲ့ကြသည်။

ထိုအချိန်တည်း၌ မြန်မာနိုင်ငံ၏ဝန်ကြီးချုပ် ဦးနုမှာ ဝင်ဒါမီယာရှိ အစိုးရအိမ်တော်တွင် ရှမ်းနှင့် ကရင်နီ(ကယား) ခေါင်းဆောင်များအား တွေ့ဆုံ၍ ဆွေးနွေးတိုင်ပင်လျက် ရှိနေသည်။ မြန်မာပြည်မှ ခွဲထွက်ပိုင်ခွင့်ရှိသော လူမျိုးစုများဖြစ်ကြသည့် ကရင်နီ၊ ပအိုဝ်နှင့် ရှမ်းတို့သည်ပင်၊ ပြည်ထောင်စုမှ ခွဲထွက်ရန်ကို လက်နက်ကိုင်၍ တော်လှန်ပုန်ကန်နေခဲ့ကြသည်မှာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ မြန်မာပြည် လွတ်လပ်ရေးရပြီး နောက်တစ်နှစ် အချိန်ကာလကတည်းကပင် ဖြစ်သည်။ ထို့နောက် ၁၉၅၈ ခုနှစ်တွင် ရှမ်းအမျိုးသည်များ၊ ၁၉၆၁ ခုနှစ်တွင် ကချင်များသည်ပင်၊ လက်နက်စွဲကိုင်၍ ပုန်ကန်ကြပြန်သည်။ နယ်ခြားဒေသတလျှောက်တွင် ကြီးမားကျယ်ပြန့်သော ပုန်ကန်မှုကြီး ပေါ်ပေါက်လာမည့် အန္တရာယ်ရှိသော အခြေအနေများ ပေါ်ပေါက်လျက်ရှိသည်။

ရန်ကုန်မြို့တွင် ဦးနုကျင်းပပေးသော အစည်းအဝေးတစ်ခု၌ လူမျိုးစုခေါင်းဆောင်များက ဖက်ဒရယ်စနစ်အကြောင်း အခြေခံဥပဒေတွင် ပါရှိသည့် ကန့်သတ်ထားသည့် ပြည်ထောင်စုနည်းစနစ်ကို ပြင်ဆင်ပေးရန် အဆိုပြုကြသည်။ ယင်းသို့ အဆိုပြုထားချက်မှာ ပြည်ထောင်စုအတွင်း လူဦးရေ ၄၀ ရာခိုင်နှုန်းခန့်အထိ များပြားသော ဗမာမဟုတ်သည့် တိုင်းရင်းသားလူမျိုးများ၏ မကျေနပ်ချက်ဖြစ်နေမှုတို့ကို ချုပ်ငြိမ်းသွားစေရန် ဖြစ်သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုအတွင်းမှ ခွဲထွက်လိုက ခွဲထွက်နိုင်ခွင့်ရှိသည့်တိုင်အောင် ပေးထားခဲ့ပြီးသော ရှမ်းနှင့်ကယားများ ခွဲထွက်မှုကို ဟန့်တားနိုင်ရန်နှင့် ဖွဲ့စည်းပုံပြင်ဆင်ရန် ခွဲထွက်ခွင့်မရှိဘဲ ခွဲထွက်ရေးတောင်းဆိုနေကြသော အခြားလူမျိုးစုများကို နှစ်သိမ့်ရန်အတွက် ဦးနုသည် ဆွေးနွေးမှုများ ပြုလုပ်လာခြင်း ဖြစ်သည်။

သို့သော် ထပ်မံသယ်ထင် အခြားသော အစီအစဉ်များရှိနေသည်။ မတ်လ ၂ ရက်နေ့ အာရုဏ်ဦးတွင် မြို့တော်၏ အချက်အချာနေရာအားလုံးကို ထိန်းသိမ်းရန် စစ်သားများသည် မြို့ထဲသို့ ဝင်ရောက်လာကြသည်။ နံနက် ၂ နာရီခန့်တွင် ဦးနုအား ပြည်ထောင်စုလမ်းရှိ

သူ့၏နေအိမ်၌ ဖမ်းဆီးလိုက်ကြသည်။ အမြဲတမ်းဝန်ကြီး ၅ ဦး၊ နိုင်ငံတော်တရားလွှတ်တော်ချုပ် အပေါ်အထက် ရှမ်းနှင့် ကားဟားခေါင်းဆောင် ဥပဒေကျော်ကိုကိုလည်း ထိန်းသိမ်းလိုက်သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ပထမဦးဆုံးသမ္မတ ဖြစ်ခဲ့သော ရှမ်းအမျိုးသားခေါင်းဆောင် စဝ်ရွှေသိုက်၏ ကုလားထိုင်လမ်းနေအိမ်တွင် ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုမှအပ မှန်ကန်ပြီးဆုံး သွေးမြေမကျသည့်ပိုမှုမရှိခဲ့ချေ။ ထိုသားများအ ထပ်မှုသိုက်သိမ်းကို ငယ်ရွယ်လိမ်းနှစ်ခဲ့စဉ် သူ၏သားဖြစ်သူ အသက် ၁၇ နှစ်ရှိ စိုင်းမြီးအား ပစ်သတ်ခဲ့သည်။

ယခုအခါ၏ အမေရိကန်ပြန်ကြားရေးဌာနတွင် အာဏာသိမ်းသည့်ညတွင် ဖယ်ဖျူးသိုက်က အဖမ်းမခံဘဲ စခတ်တိုက်ခိုက်လာမှု အပြန်အလှန်ပစ်ခတ်တော့ကြောင့် စိုင်းမြီးသေဆုံးခြင်း ဖြစ်ကြောင်း၊ ဆဲပြခဲ့သည်၊ စိုင်းမြီး၏အကို စိုင်းဟန်ကမူ "ကျွန်တော့်ညီကို စစ်ဆေး ကြည့်ရှုတဲ့အခါမှာ ဒဏ်ရာနှစ်ချက်တွေ့ရတယ်၊ ရိုင်ဖယ်ကျည်တစ်ခု ခြေရက်ဖိုကို ဖောက်ဝင်သွားတယ်၊ ကျည်ဆံသေးသေးတွေက သူ့ဦးခေါင်းနောက်ဘက်က ဆောက်ဝင် သွားတယ်၊ ခံတွင်းမယ်ဆိုရင် ဒါဟာ စစ်အစိုးရရဲ့ သွေးအေးအေးနဲ့ သတ်ဖြတ်မှုဖြစ်ပါတယ်၊ သွေးအေးအေးနဲ့ သတ်ဆပြီး အသတ်ခံကြရတဲ့ မြန်မာပြည်သား လက်နက်မဲ့လူငယ်တွေ ထဲမှာ သူဟာ ပထမဆုံး အသတ်ခံရသူဖြစ်တယ်"

နံနက် ၈ နာရီ ၅၀ မိနစ်တွင် ဗိုလ်ချုပ်နေဝင်းက ရေဒီယိုမှ အောက်ပါအတိုင်း ကြေညာသည်။ "ပြည်သူလူထုခင်ဗျား ဆိုးဝါးလာသော ပျက်စီးမှုကြောင့် ပြည်ထောင်စုကြီး အစိတ်စိတ်အမွှာမွှာ ပြိုကွဲပျက်ပြားလာလို့ အခြေအနေများကြောင့် နိုင်ငံတော်ရဲ့ လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်မှ ဒီလိုအခြေအနေ ပြည်ထောင်စုနိုင်ငံတော်ရဲ့ တာဝန်များကို လွှဲပြောင်းယူလိုက်ပြီဖြစ်ကြောင်း သိစေအပ်ပါတယ်"

အစဉ်အလာကြီးမားသော ဟိုတယ်ပွဲစင်ကျောင်းသားဆိုကို အဘွားရည်ညွှန်းကာ "အမှုလို့ တာဝန်ယူပြီးလာတာ ကျောင်းသားတွေအနေနဲ့ လည်း၊ ပညာရေးဌာန၊ ကာချိန်တွေ အနေနှင့်ပင်း မိမိတို့လုပ်ဆောင်ရမဲ့ လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားကြဖို့ တိုက်တွန်းအပ်ပါတယ်" ဟူ၍ ထိုးပ်ဖောင်းတာ ပြောကြားခဲ့သည်။

နောက်ကာလတွင် ပြည်ထောင်စု၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရုပ်သိမ်းလိုက်ပြီး ပါလီမန်နှစ်ရပ်ကိုလည်း ဖျက်သိမ်းလိုက်တော့သည်။ ထို့ပြင် နေ့ချင်းရက်ချင်း ကျင်းပခဲ့သော တရားစီရင်ရေးစနစ်ကို ဖျက်သိမ်း၍ ဥပဒေအရဖြစ်ပါဝင်သော တော်လှန်ရေး ကောင်စီက တပ်မတော်သည် ဒီမိုကရေစီ၊ ဆိုရှယ်လစ်စနစ်နှင့် သမိုင်းကြောင်းနိုင်ငံရေး ဟိုလိုကို ယုံကြည်သည်ဟူ၍ ကြေညာခဲ့သည်။ အခြေခံကျကျ ပြောင်းလဲရေး စစ်တပ်မှ ချုပ်ကိုင် သော ဗဟိုဦးစီးအစိုးရစနစ်ကို လူဦးသုံးမည်ဟု အမိန့်ပါလာသည်၊ ၁၄ နှစ်ကျော်တိုင် ကြာခဲ့သော ဦးနု၏ ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းနှင့် ပါလီမန်ဒီမိုကရေစီအစပ်ကို ချုပ်ငြိမ်း သွားခဲ့ချေပြီ။

• • •

အစပိုင်းတွင် စစ်ကော်မရှင်အာဏာသိမ်းမှုကို လူအများစုက ကန့်ကွက်ခြင်း မပြုခဲ့သည် မဟုတ်ပေ။ သမိုင်းပညာရှင်များ၏ အဆိုအရ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ မြန်မာနိုင်ငံ၏ ဒီမိုကရေစီကာလမှာ နိုင်ငံရေးရှုပ်ထွေးမှုဖြစ်သည်။ ပြည်ပရောက်မြန်မာ အသိုင်းအဝိုင်း

တွင် ပြောနေသော ပုံစံတစ်ခုမှာ မြန်မာနိုင်ငံတွင် နိုင်ငံရေးပါတီများ တစ်ဒါဇင်ထက်မနည်း ရှိသော်ငြား ယင်းပါတီအားလုံးမှာလည်း မာ့က်စ်ဝါဒီများ၏ ပါတီများသာ ဖြစ်ကြသည်ဟူ၏။

အစိုးရအသိုင်းအဝိုင်းနှင့် ပြည်သူ့ဝန်ထမ်းများအတွင်း နေရာတိုင်း၌ အဂတိလိုက်စားမှုများ ရှိနေသည်။ စစ်တပ်က အာဏာသိမ်းလိုက်၍ တည်ငြိမ်သော ခေတ်သစ်တစ်ခု ဖြစ်ပေါ်လာလိမ့်မည်ဟူ၍လည်း အချို့ပုဂ္ဂိုလ်များက အငြင်းအခုံလုပ်လာကြသည်။ ဤသို့ဖြင့် ယခင်က ခံစားခဲ့ရသော လွတ်လပ်မှုများကို စွန့်လွှတ်လိုက်ရသည့်တိုင် ထိုက်သင့်သော အကျိုးခံစားမှုများ ရရှိလိမ့်မည်ဟု မျှော်လင့်နေကြသည်။

တစ်မျိုးက မြန်မာပြည်သည် ယဉ်ကျေးသိမ်မွေ့ပြီး တီထွင်နိုင်စွမ်းရှိသူများ နေထိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ သို့သော် ၎င်းတို့၏ သယံဇာတ ပေါကြွယ်ဝသော မြေပြည်ကို ဖွံ့ဖြိုးတိုးတက်လာအောင် စနစ်တကျ ထူထောင်နိုင်ရန် ခိုင်မာသော ခေါင်းဆောင်မှု လိုအပ်သည်ဟုလည်း ဆိုကြသည်။

ရှေးကတည်းကပင် ကမ္ဘာလှည့်ခရီးသည်များက မြန်မာပြည်ကို ရွှေပြည်တော်ဟု အမွှမ်းတင်၍ ခေါ်ဝေါ်ခဲ့သည်။ လူဦးရေ မထူထပ်သည့်အပြင် မြေဩဇာကောင်းသော ကိုင်းကျွန်းလယ်ယာများရှိခြင်း၊ သစ်မာမျိုးစုံပေါ်သော သစ်တောကြီးများရှိခြင်း၊ အဖိုးတန် ကျောက်မျက်ရတနာအမျိုးမျိုးနှင့် ဓါတ်သတ္တုများ ပေါကြွယ်ဝခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ယင်းဒေသရှိ နိုင်ငံများထက်ပို၍ အလားအလာကောင်းချက်ရှိသည်။

သို့ရာတွင် မြန်မာနိုင်ငံသည် ဤမျှကြီးမားသော ပြဿနာကို နားလည်နိုင်ရန် ရှုပ်ထွေးလှသော သမိုင်းအစဉ်အလာ နောက်ခံကို သိရှိရန်လိုအပ်သည်။ တစ်ခုမှာ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးသမိုင်းတွင် အာဏာရှင် ဘက်ဦးဆံပိုင် ဘုရင်စနစ်ကို ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ မြန်မာပြည်ဆိုင်ရာ ပညာရှင်တစ်ဦးဖြစ်သော အမေရိကန်လူမျိုး ဂျိုးဇက်ဆီးလ်ဗားစတိုင်း (Josef Silverstein) ၏ အဆိုမှာ "မြန်မာဘုရင်များသည် ဘုရားသခင်၏ ကိုယ်စားဖြစ်ပြီး ဘုရင့်အာဏာမှာ ဘုရားသခင်ပန်ဆင်းပေးထားခြင်း အကြောင်းမဲ့ဖြစ်သည်ဟူသော ဘာသာရေး ယုံကြည်မှုကြောင့် စောဒကမတက်ရပေ။ ကျေးကောင်းယုံကြည်မှုဖြစ်သည့် ဘုရားဘုရင်အယူအဆ အောက်တွင် ဘုရင်သည် တိုင်းသူပြည်သားများအပေါ် အသေအရှင်စီရင်သည့် ဘက်ဦးဆံပိုင် အာဏာကို အကန့်အသတ်မရှိကျင့်သုံး၍ အုပ်ချုပ်ခဲ့ကြသည်။ ပြည်သူတို့ လက်ခံယုံကြည်ထားမှုတွင် မိမိတို့ကြိုက်နှစ်သက်သူကို ရွေးချယ်တင်မြှောက်ပြီး အုပ်ချုပ်မင်းလုပ်စေသည့် မူဝါဒမျိုး လုံးဝမပါရှိပေ။

အထက်တွင်ဖော်ပြခဲ့သော အချုပ်အချယ်မဲ့အာဏာကို လူအများက လက်ခံထားပြီး ရှေးနန်းရှင်ဘုရင် သို့မဟုတ် အာဏာရှင်အရာကို ချုပ်ကိုင်ထားသူသာလျှင် အုပ်ချုပ်ပိုင်ခွင့် ရှိသည်ဟု ယုံကြည်ကြသည်။ ဆီးလ်ဗားစတိုင်းက ဆက်လက်၍ အောက်ပါအတိုင်း ဆန်းစစ်ထားသည်။

"ဤသို့သော အယူအဆများကြောင့် ပြည်သူများမှာ နိုင်ငံ၏ အခွင့်အရေးများကို တောင်းဆိုပိုင်ခွင့် မရှိကြပေ။ သာမန်လယ်သမားတစ်ဦးသည် မိမိဘဝတိုးတက်ရေး တိုးတက်ကြောင်းကို တိုင်းပြည်၏ အာဏာပိုင်အဖွဲ့အစည်းက ကူညီဆောင်ရွက်ပေးမည် ဟူသော မျှော်လင့်ချက်မျိုး မရှိပေ။"

တစ်နည်းဆိုသော် ဘုရားဘုရင်ဟူသော ယုံကြည်မှုအောက်တွင် ထိုမင်း၏ အနန္တအာဏာကို ဖိဆန်သည့်မဆိုထားနှင့် စိတ်ဖြင့်ပြစ်မှားမိလျှင်ပင် မင်းပြစ်မင်းဒဏ် သင့်ရသည်။ ထို့ကြောင့် အာဏာပိုင်အဖွဲ့အစည်းသည် လူမှုရေးပြောင်းလဲတိုးတက်မှုကို

မညီသည့်အခါမှ ထမ်းဆောင်ခြင်းမရှိပေ။ ဥပမာ ကြီးလေးသောအခွန်အတုတ်ကောက်ခံခြင်း၊ မလိုလားအပ်သော စစ်ပွဲများကို အတင်းအဓမ္မ ဆင်နွှဲစေခြင်းဆိုဖြင့် အရေးတကြီး ဖိနှိပ်အုပ်ချုပ်ပါသော်လည်း ထိုအုပ်ချုပ်မှုကို ပုဂ္ဂိုလ်တဦးတယောက်အနေဖြင့် ဆန့်ကျင်ပုန်ကန်စရာ အကြောင်းမရှိချေ။ ပြည်သူများသည် ဆိုးပါးသော ကံကြမ္မာများကိုရင်း၊ အစိုးရက အဓမ္မအကျင့် ခိုင်းစေတောင်းပြင်းမှုများကိုရင်း၊ စစ်ဘေးစစ်ဒဏ်များကိုရင်း၊ ခိုးမှုခြင်းတို့၏ ဒါးဓားဘေးဖြစ်ရသည်ကိုရင်း သည်းခံပြကြသည်။ ခန္တီပါရမီကိုရှေ့ထားပြီး အနွံအတာခံကြသည်မှာ မြန်မာပြည်သူတို့၏ ရှေးဦးနိုင်ငံရေးအငွေ့အသက်ပင် ဖြစ်သည်ဟုလည်း ဆိုးလိမ်စားခဲ့ပိုင်းက ကောက်ချက်ချပေသည်။

မြန်မာပြည်၏ အခြားအမွေအနှစ်တရပ်မှာ အသိပညာ အတတ်ပညာရပ်များနှင့် ကျွမ်းကျင်မှုများ ထွန်းကားသော အဆင့်အတန်းပင်ဖြစ်သည်။ မြန်မာကျေးရွာဒေသ၏ တနှစ်တာဓလေ့ရှင်ကျင်း ပွဲများစွာပါဝင်သည်၊ ပွဲများကို အဆောက်အဦတိုင်းမှ ဗုဒ္ဓဘာသာနှင့် နှီးနွယ်ပါသော်လည်း ပွဲတို့သည် အနောက်တိုင်းမှပါလာတတ်သော ပျော်ရွှင်စရာများပေပါသည်။ ဖော်ပြဆိုက်သည်မှာ ပွဲတိုင်းတွင် ဓာတ်သဘင်ပါရှိခြင်းပင်ဖြစ်သည်။ မြန်မာလူမျိုးများကဲ့သို့ သုခုမအနုပညာကို နှစ်မင်သောလူမျိုးများသည် ကမ္ဘာတွင် အလွန်နည်းပါးသည်။ ရှေးကနေ့ကာလအတွင်း အင်္ဂလိပ်ဘုရင်ခံအမည်ခံကာ မြန်မာပြည်အကြောင်းရေးသားခဲ့သည့် ဗြိတိသျှအမျိုးသား ဆာဂျော့ဂျ်စကော့(Sir J G Scott )က အောက်ပါအတိုင်း ရေးသားခဲ့သည်။

"ဒီတိုင်းပြည်မှာ ယောက်ျားမိန်းမအတော်များများ စာမတတ်တဲ့လူရှာမယ်ဆိုရင် မရှိဘူး။ သူ့သက်တမ်းတလျှောက် ပြောက်ထဲမှာဖြစ်ဖြစ် စာတဲ့လိုက်လုပ်ဘူးရမယ်။ ဒါမှမဟုတ်ရင် ရုပ်သေးဖြစ်ဖြစ်ကသူးရမယ်။ ဒီနှစ်ခုမှာမပါရင် ယိမ်းအကမှာ ပါဖို့သေချာတယ်"

မြန်မာပြည်တွင် အစဦးအလေးအနေဖြင့် အသုံးလုံးဖတ်ကြသူများပြီး ပညာရေးလည်း အမျိုးသားဂုဏ်ယူဖွယ်အဖြစ် တည်ရှိခဲ့သည်မှာ ကိုလိုနီခေတ်မတိုင်မီကတည်းက ဖြစ်သည်။ အသက်စုနှစ်နှစ် သို့မဟုတ် ရှစ်နှစ်အရွယ်တွင် ယောကျ်ားလေးတိုင်း ရွာဘုန်းကြီးကျောင်းသို့ လွှတ်၍ အရေးအဖတ်သင်ကြားစေခြင်း၊ ဗုဒ္ဓဘာသာ ပရိယတ်နှင့် ပါဠိဘာသာ ဘုရားရှိခိုးများကို သင်အံစေလေ့ရှိသည်။ မိန်းကလေးများ၏ ပညာရေးမှာမူ မသေချာမရေရာလှပေ။ သို့သော် ၁၈၇၂ ခုနှစ် ဗြိတိသျှမြန်မာပြည်စာရင်းအရ "အောက်မြန်မာပြည်သို့ မကျောင်းတော်မီကပင် မြန်မာပြည်၌ အမျိုးသမီးပညာရေး ရှိခဲ့သည်မှာ အမှန်ပင်ဖြစ်သည်"ဟူ၍ ဖော်ပြထားသည်။

ရှေးကာလကတည်းက ကျယ်ပြန့်ခိုင်မာခဲ့သော ပညာရေးသည် ကိုလိုနီခေတ်နှင့် ဗြိတိသျှပုံစံ ပညာရေးစနစ်ကြောင့် ပိုမိုတိုးတက်လာခဲ့သည်။ ကိုလိုနီအာဏာပိုင်များသည် အင်္ဂလိပ်စကား ပြောတတ်သော နိုင်ငံပိုင်ဝန်ထမ်းများနှင့် နိုင်ငံခြားကုမ္ပဏီတို့အတွက် ကျွမ်းကျင်သော စာရေးစာချီများသာ ပေါ်ပေါက်လာစေရန် ရည်ရွယ်သည်ဖြစ်ရာ မြင့်မားစေရလိုတော့မည်မဟုတ်ပါ။ သို့သော် မလွဲမရှောင်သာသော အကျိုးဆက်မှာ မှာကြားလှသော သတင်းစာများနှင့် နိုင်ငံခြားစာပေ စာပုံသုတများရနိုင်သော စာအုပ်ဆိုင်များ ပေါ်ပေါက်လာပြီး တခေတ်ဆန်းလာစေခြင်းပင် ဖြစ်သည်။ နိုင်ငံခြားစာပေနှင့်အတူ အားကောင်းသော အနောက်တိုင်းအသိပညာတို့ ပြန့်ပွားလွှမ်းမိုးလာခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် သက်ဦးဆံပိုင်ဘုရင်စနစ် ပျက်သုဉ်းခဲ့မှုကြောင့် အသစ်အသစ်သော အတွေးအခေါ်များလည်း ထောင်းမြှိုက်အောက်မှ လွတ်ကင်းလာပြီး ဖူးပွင့်ခဲ့လာကြသည်။ တွေးခေါ်နိုင်စွမ်းသော

မြန်မာတို့၏ နိုင်ငံရေးစိတ်ဓါတ်သည်လည်း ကာလတာ မြင့်မားလာခဲ့သည်။ ပြင်းထန်သော အငတ်ဘေးအခါ အယူအဆနှင့် အာဏာရှင်ဆန့်ကျင်ရေး အတွေးအခေါ်တို့ စတင် အကောင်အထည်ပေါ်လာပြီး မြန်မာနိုင်ငံရေးသမိုင်းတွင် သက်ဦးဆံပိုင်ဘုရင်စနစ်ကဲ့သို့ပင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်လာခဲ့သည်။

* * *

ခေတ်သစ်မြန်မာသမိုင်းတွင် ပေါ်ပေါက်ခဲ့သော နိုင်ငံရေးအဖွဲ့အစည်းအားလုံးတို့သည် ဝိုင်အမ်ဘီအေ (ခေါ်) ဗုဒ္ဓဘာသာလူငယ်အသင်းမှ အစပြု၍ ပေါ်ပေါက်လာကြသည်။ ယို အသင်းမှာ ဗြိတိသျှတို့၏ ဝိုင်အမ်စီအေ အရေးပါသော လူငယ်အသင်းကို နမူနာယူပြီး မြန်မာဟာန်ရှက်ဆား ၁၉၀၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ၁၉၂၀ ခုနှစ် ပြည်မြို့၌ ကျင်းပခဲ့သော ညီလာခံတွင် ဝိုင်အမ်ဘီအေကို ဂျီစီဘီအေ (ဗမာအသင်းချုပ်) ဟူသော အမည်ဖြင့် ပိုမိုကျယ်ပြန့်သော အမျိုးသားရေးလှုပ်ရှားမှုအဖြစ် အသွင်ပြောင်း ဖွဲ့စည်းလိုက်ကြသည်။ ဒို့ဗမာအစည်းအရုံး၏ အဓိကအခင်းအကျင်းမှာ မြို့နေပညာတတ် လူလတ်တန်းစားပင်ဖြစ်သည်။ ဥပမာအားဖြင့် ဂျီစီဘီအေ တည်ထောင်ရာ ထင်ရှားသော ခေါင်းဆောင်တဦးဖြစ်သည့် ဦးချစ်လှိုင်မှာ ဘိလပ်ပြန် ပယ်လုံတော်ရာဦး၏ သားဖြစ်သည်။

ထိုအချိန်က ထင်ရှားသော မြန်မာသမိုင်းဆရာတဦးဖြစ်သည့် ဒေါက်တာမောင်မောင်သည် သူရေးသားခဲ့သော မြန်မာ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ စာအုပ်၌ အမျိုးသားရေး လှုပ်ရှားမှု ပေါ်ပေါက်လာပုံကို ဤသို့ ကောက်ချက်ချထားခဲ့သည်။

"စာနယ်ဇင်းက ဒို့ဗမာအစည်းအရုံး၏ လှုပ်ရှားမှုကို ထောက်ခံကြသည်။ အမှန်တကယ်ပင် သူရိယမှာ အထင်ရှားဆုံး အရေးပါဆုံးဖြစ်ပြီး ၎င်းနှင့်အတူ မြန်မာ့အလင်း၊ ဒေါ်ဘာတိ၊ ဗမာခေတ်၊ ဗန္ဓုလ ဂျာနယ် စသည်တို့အပြင် အော့ဗ်ဇာဗာ (the Observer) နယူးဘားမား (the New Burma) ဖရီးဘားမား (the Free Burma) နှင့် ရန်ကုန်မေးလ် (the Rangoon Mail) စသော အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် သတင်းစာများလည်း ပေါ်ပေါက်ကြသည်။ အစောပိုင်းကာလများတွင် သတင်းစာများသည် တည်ငြိမ်သော ရည်ရွယ်ချက်အတွက် တသွေးတသံတည်းရှိကြပြီး သတင်းစာဆရာများမှာ မြို့နေများနည်းတူ အမျိုးသားရေးလှုပ်ရှားမှုတွင် ရှေ့တန်းမှ ဦးဆောင်ခဲ့သူများ ဖြစ်ကြသည်။ သတင်းစာများမှာ များပြားလှပြီး ချို့တဲ့ကြ၏။ သူတို့သတင်းစာများကျော် အကြောင်းချင်းရာတိုင်းကို အကျဉ်းဖြစ်ဖြစ် မပါမနေရ ထည့်သွင်းဖော်ပြကြရသည်၊ မည်သို့ဆိုစေ သူတို့သည် တက်တက်ကြွကြွဖြင့် ကိုယ်ကျိုးမငဲ့ ထမ်းရွက်ခဲ့ကြသည်။ နိုင်ငံရေးသည် အသက်မွေးဝမ်းကျောင်းတခု ဖြစ်လာပြီး ရာထူးမျှား အခွင့်အရေးစည်းစိမ်များ ပေါ်ပေါက်လာသောအခါ အချို့ သတင်းစာများသည် မူလ ဦးတည်ချက် ပါတီ၏ အာဘော်စာစောင်အဆင့်သို့ လျှော့ကျ နိမ့်ဆင်းသွားကြသည်"

အမျိုးသားရေးလှုပ်ရှားမှုတွင် ဖောင်းပွပေါ်ပင်လာသည့် အခြားသော မြို့နေလူတတန်းမှာ ကျောင်းသားများပင်ဖြစ်သည်။ ထိုအချိန်က အဆင့်မြင့်ပညာဒီဂရီချီးမြှင့်နိုင်သော ကောလိပ်များမှာ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင် (ယုဒသန်) ကောလိပ်တို့ ဖြစ်ကြသည်။ ရန်ကုန်ကောလိပ်မှာ ကလကတ္တားတက္ကသိုလ်လက်အောက်ခံအဖြစ် ၁၈၈၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ဂျပ်ဆင် ကောလိပ်မှာ ၁၈၉၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော နှစ်ချင်းစရစ်ယာန် ဘာသာရေးကျောင်း

တစ်ကျောင်းဖြစ်သည်။ ၁၉၂၀ ခုနှစ် ဒီဇင်ဘာလတွင် ထောင်ပေါင်းများစွာသော ကျောင်းသားများသည် တက္ကသိုလ်အက်ဥပဒေသစ်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ ထိုအက်ဥပဒေကို မြန်မာလူထုအား မတိုင်ပင်ဘဲ ရေးဆွဲလိုက်သည့်အတွက် ဆန့်ကျင်ဆန္ဒပြခြင်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကို နိုင်ငံခြားလုပ်ငန်းများတွင် မြန်မာလူမျိုးတို့ဖြင့် အစားထိုး၍ လက်ကိုင်နိုင်ရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုများကိုသာ သင်ကြားပေးသည့်ဌာနအဖြစ် ပြောင်းလဲပေးလိုက်သော အက်ဥပဒေဖြစ်သည့်အတွက် ကျောင်းသားခေါင်းဆောင်များမှာ ရွှေတိဂုံစေတီရင်ပြင်ရှိ ဇရပ်အသီးသီး၌ စခန်းချဆန္ဒပြခဲ့ကြသည်။

မြန်မာသမိုင်းတွင် ပထမဦးဆုံးသော ကျောင်းသားသပိတ်ကို မြို့သူမြို့သားအပေါင်းကလည်း ရှင်လန်းတက်ကြွစွာကြိုဆိုကြပြီး ယမင်းထုပ်များ ငွေကြေးများပေး၍ ထောက်ခံခဲ့ကြသည်။ အာဏာပိုင်တို့က ကျောင်းသားများ၏ တောင်းဆိုမှုတချို့ကို လိုက်လျောပေးခဲ့ပြီးနောက် ကျောင်းသားများ စာသင်ခန်းများဆီသို့ ပြန်လည်ရောက်ရှိလာကြသည်။ မှတ်သားစရာတစ်ခုမှာ မြန်မာခေါင်းဆောင် သပိတ်မှောက်ခြင်းသည် အနောက်နိုင်ငံများတွင် ဖြစ်ပေါ်သော စားကိုက်နှင့် ဆင်တူသော်များဖြစ်သော်လည်း အနှစ်သာရအားဖြင့် ကွဲပြားသည်။ ပေါင်းနှင့်အစိုးရပ်ဆိုး သဘောကမှာ ဝင်ချင်ကြသူမှာ ကိန်းပြ ပြည်သူတို့၏ ကာန်ခံမှု ဆိုရပေမည်။ ကျောင်း၊ ဆိုင်၊ ဈေး အစရှိသည့် ရုံးအားလုံးပိတ်ပြီး လူတိုင်းလမ်းပေါ်ထွက်ကာ တောင်းဆိုချက်များကိုဟစ်ကြွေး ဆန္ဒပြကြခြင်းဖြစ်သည်။

၁၉၂၁ ခုနှစ်တွင် သမိုင်းတော်ဦးဥတ္တမ အိန္ဒိယနိုင်ငံမှ ပြန်ရောက်လာပြီးနောက် အမျိုးသားရေးလှုပ်ရှားမှုကို ထောက်ခံသော အခြေခံလူထုမှာ များပြားလာသည်။ ဂန္ဓီ(မဟာတ္တမ)၏ နည်းနာများကိုကျင့်သုံးပြီး မြန်မာပြည်၏ အမျိုးသားရေးနှင့် မွတ်လာပ်ရေး အခြေခံနိုင်ငံရေးပြဿနာတို့ကို ဦးဥတ္တမက ဘာသာရေးဟောပြောမှုအဖြစ်သို့ အသွင်ပြောင်းပေးလိုက်ရာ ဒီမိုကရက်တစ်ဖြင့် ကြီးထွားလှုပ်ရှားမှုများကိုပင် အမျိုးသားနိုင်ငံရေး၌ ပါဝင်လှုပ်ရှားလာစေသည်။ ရဲရဲတောက် ဟောပြောလွှတ်ထောင်နိုင်သူ ဦးဥတ္တမသည် ဗရိတိသျှအမြင်ထင်ရှားစေရေးကို ဆွဲဆောင်နိုင်ခဲ့သည်။ သံဃာတော်များ၏ ဝင်ရောက်အများဖြစ်သော ဗုဒ္ဓဘာသာကာကွယ်စောင့်ရှောက်ကြီးများသည် စည်းဝေးပွဲများ ဆန္ဒပြပွဲများကို ဦးဆောင်ကျင်းပခဲ့ကြသည်။

၁၉၃၀ ခုနှစ်တွင် သာယာဝတီခရိုင် ခရိုက်စ်တော်မှ ဖြစ်ပေါ်သော တောင်သူလယ်သမားများ၏ မြန်မာပြည်ကောင်စီအစိုးရ ပုန်ကန်လာသည့်အခါ အမျိုးသားလှုပ်ရှားမှုကြီးသည် ထိုဒီမိုကရက်တစ် ကွဲပြားလာခဲ့သည်။ ယင်းပုန်ကန်မှုကို ခေါင်းဆောင်သူမှာ ဆရာစံဖြစ်သည်။ ရှေ့နေဦးစောခေါင်းဆောင်ခဲ့သော ပုန်ကန်မှုကို ပျောက်ကွယ်မသွားစေဘဲ မြန်မာနိုင်ငံရေးသမိုင်းတွင် နက်ရှိုင်းစွာ အမြစ်တွယ်ခဲ့သော ဒေးဖောင်းအလေ့အကျင့်နှင့် မေလ်သတ်သားကာကွယ်ဆန့်ကျင်ရေး အတွေးအမြင်တို့ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သည်။ ဆရာစံသည် သူ့နောက်လိုက်တပ်ကို ဂဠုန်တပ်ဟူ၍ အမည်ပေးခဲ့သည်။ ဂဠုန်ဆိုသည်မှာ ယိမ်းနွယ်ကျားကိုများနှင့်ပါရှိသော အားမာန်ကြီးသည့် ငှက်ကြီးတကောင်ဖြစ်သည်။ ပုန်ကန်သားများသည် သူတို့ကိုယ်၌ ရေးထိုးထားသော အဆောင်လက်ဖွဲ့များ ဆေးမှင်ကြောင့်များကြောင့် ခါးပြီးသေနတ်ဒဏ်ခံနိုင်သည်ဟု ယုံကြည်ကြသည်။

ဆရာစံသည် အကြပ်အတည်းကာလများတွင် ပေါ်လာလေ့ရှိပြီး တိုင်းနိုင်း အကျိတ်အရာကို မကျော်မသည့် မင်းဆောင်းဖြစ်သည်။ သူသည် ဗြိတိသျှအစိုးရ မတိုင်မီက တည်ရှိခဲ့သော ဘုရင့်နိုင်ငံပေးဆောင်းကို ပြန်သွားလိုသူဖြစ်သည်။ သို့သော်

သူ၏နောက်လိုက်အများစုမှာ အမျိုးသားရေးဝါဒီ လူငယ်များက မစည်းရုံးနိုင်ခဲ့သည့် ဂျာနယ်လစ်များနှင့် ဆင်းရဲသော တောင်သူလယ်သမားများ ဖြစ်သည်ကို နားလည်ကြသည်။ ဂဠုန်ဆရာစံ ဦးဆောင်သော တောင်သူလယ်သမား အရေးတော်ပုံကြီးသည် ဆရာတော် ဦးဥတ္တမ ဦးဆောင်သည့် လှုပ်ရှားမှုများထက် ပိုမိုပြင်းထန်သော နိုင်ငံရေးလှုပ်ရှားမှု စွမ်းအားဖြစ်သည်ကို ပေါ်လွင်ထင်ရှားစွာ ပြသခဲ့သည်။

၁၉၂၀ ခုနှစ်များနှင့် ၁၉၃၀ ခုနှစ်များသည် မြန်မာနိုင်ငံ၏ စပ်ကူးမတ်ကူးကာလ ဖြစ်သည်။ ဤနိုင်ငံရေးအုံကြွမှုမတိုင်မီ ဗုဒ္ဓဘာသာနှင့် မြန်မာယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီးယိုယွင်းမသွားရအောင် ထိန်းသိမ်းပေးသော အဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့သည်။ YMBA အသင်းကြီးအပြင် The Burma Research Society အသင်းကြီးကိုလည်း အင်္ဂလိပ်လူမျိုး ဂျေ အက်စ် ဖာနီဗယ်လ် ( J.S.Furnivall) ဦးဆောင်မှုနှင့် ရန်ကုန်တက္ကသိုလ်မှ ပြင်သစ်လူမျိုး ပါဠိဆရာ ချားလ် ဂျူရိုင်းဆယ်လ် (Charles Duroiselle) တို့က ဖွဲ့စည်းတည်ထောင်ခဲ့သည်။ မြန်မာသမိုင်း၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ပထဝီအနေအထားနှင့်ပက်သက်သော ဆောင်းပါးများပါဝင်သည့် (The Journal of the Burma Research Society) ဂျာနယ်ကို ထုတ်ဝေခဲ့သည်။ ဤအချက်အလက်များသည် မြန်မာနိုင်ငံရေး၊ စာပေ၊ ယဉ်ကျေးမှု စသည်တို့ ပြန်လည် ဆန်းသစ်လာစေခြင်း၏ မျိုးစေ့များပင်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ ၁၉ ရာစုနှစ်များမှ အခြေအနေနှင့် ဆင်ဆင်တူသည်ဟု ဆိုနိုင်ပါသည်။ အိန္ဒိယပညာတတ်များက ရှေးအမွေအနှစ်ကို ခေတ်သစ်အတွေးအခေါ်ဖြင့် ပေါင်းစပ်၍ အမျိုးသားရေးနှင့် မပျက်စီးဘဲ တိုးတက်သောအိန္ဒိယနိုင်ငံဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း မြန်မာနိုင်ငံတွင်မူ တိုင်းပြည်ကို ပြန်လည်ဆန်းသစ်လာစေခြင်းမှာ အတော်နောက်ကျမှ ဖြစ်ပေါ်လာပြီး ပညာတတ်အသိုင်းအဝိုင်းတွင် အသစ်နှင့်အဟောင်း၊ အရှေ့နှင့်အနောက်အတွေးအခေါ်များ ပေါင်းစပ်ပေါ်ထွက်မှုမှာ ဆုံးခန်းတိုင်သို့ မရောက်ခဲ့ပေ။

ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးခေါင်းဆောင်မဖြစ်မီ မြန်မာ့သမိုင်းပညာရှင် အဖြစ် ထင်ရှားခဲ့သည်။ ၁၉၈၇ ခုနှစ်၌ သူမရေးသားချက်ကို ဖော်ပြရလျှင် - - -

"၁၉၃၀ ခုနှစ်များမှ မြန်မာလူငယ်များသည် ခေတ်သစ်ပညာတတ်များ ဖြစ်သည့် အလျောက် တိုးတက်သော အတွေးအခေါ် အယူအဆ မူဝါဒများကို ဆုပ်ကိုင်၍ ရှေ့ဆက်ရင်ဆိုင်လိုသောဆန္ဒ ပြင်းပြခဲ့ကြသည်။ သူတို့သင်ယူတတ်မြောက်ထားသော အင်္ဂလိပ် ပညာရေးအရ သူတို့ယုံကြည်သော အတွေးအမြင်သစ်များကို ဆုပ်ကိုင်ထားသည်သာမဟုတ် ပြည်သူများကြားသို့ပါ ပျံ့နှံ့စေခဲ့သည်။ မြန်မာစာပေအသုံးအနှုန်းကို အကောင်းမွန်ဆုံးအသုံးမပြုလေ့ရှိသော သူတို့ခေတ် နိုင်ငံရေးသမားများနှင့်မတူဘဲ ၁၉၃၀ ခုနှစ်မှ ခေတ်လူငယ်များသည် မြန်မာဘာသာဖြင့် ရေးသားထုတ်ဝေသော စာအုပ်၊ သတင်းစာနှင့် မဂ္ဂဇင်းများကို ဖတ်ရှု၍ ကြီးပြင်းလာခဲ့ကြရသည်"

သူတို့၏ ရည်မှန်းချက်သည် The Burma Research Society အသင်းကြီး၏ ရည်ရွယ်ချက်ထက် ပိုမိုကျယ်ပြန့်လာသည်။ နိုင်ငံရေးဆန်လာသည်၊ သူတို့သည် ထိုခေတ်၏ ပြင်းထန်သော အတွေးအခေါ်အယူအဆများကို ဖိတ်ခေါ်ကြိုဆိုကြ၏။

လက်ဝဲအယူဝါဒများမှာ မြန်မာပြည်သို့ အိန္ဒိယနှင့် ဗြိတိန်နိုင်ငံတို့မှ ဝင်ရောက်လာခဲ့ပြီး ဆရာစံရေးသားသောစာအုပ်တအုပ်၌ ရည်ညွှန်းသည့်စာမူကို အရင်းတည်၍ မြန်မာပြည်သို့ ပထမဦးဆုံးရောက်လာသော မာ့က်စ်ဝါဒ စာပေများအားရှိသည့် စာကြည့်တိုက်

တနေကိုလည်း ဖွင့်လှစ်ခဲ့ကြသည်။ အမျိုးသားရေးဝါဒီ လူငယ်မှာများ စာဖတ်သင်းကြသူများ ဖြစ်ပြီး သူတို့ ဖတ်ရှုလေ့လာရသော စာအုပ်များသည် ကားလ်မာ့က်စ် (Karl Marx) လီနင် (Lenin) နေရူး (Nehru) ဆွန်ယက်ဆင် (Sun Yat Sen) မာဇီနီ (Mazzini) ဂါရီဘာဒီ (Garibaldi) ဗော်လ်တဲယား (Voltaire) ရူဆိုး (Rousseau) အပ်တန် ဆင်ကလဲယား (Upton Sinclair) ဂျွန်စတြေးချီ (John Strachey) ဂျွန်ရိဒ် (John Reed) တို့ ရေးသားသောစာပေများနှင့် အိုင်ယာလန်နိုင်ငံ၏ ဆင်ဖိန်း (Sinn Fein) လှုပ်ရှားမှုစသည့် စာအုပ်များပါဝင်သည်၊ ထိုလူငယ်များသည် ခေတ်ပညာကို အထောက်အထားပြု တတ်ကျွမ်းကြသည့်အလျောက် မြန်မာ့ဘုရင်စနစ်သို့ နောက်ကြောင်းပြန်သွားရန် လုံးဝ မဖြစ်နိုင်ကြောင်း၊ နားလည်သဘောပေါက်ကြသည်၊ သို့ဖြင့် ဆိုရှယ်လစ်နိုင်ငံတော် ထူထောင်ရေး စိတ်ကူးယဉ်ရှုပြည့်တော်ကြီးကို တည်ဆောက်လိုသော ရည်မှန်းချက်မှာ သူငယ်သည့်လူငယ်တိုင်း၏ အတွေးသစ်ထနေပ် ဖြစ်လာခဲ့သည်၊ ပညာရေးဌာနစန်ကြီးဖြစ်ခဲ့သူ ဦးဘရင်၏အဆိုမှာ တနင်္သာရီသည် ဗုဒ္ဓ၏ ဩဝါဒလမ်းစဉ်မိုးမှုအောက်တွင် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ရောက်ရှိခဲ့ရမည်ဟု၍ ဖြစ်သည်၊

ထိုအချိန်မှစ၍ မြန်မာပြည်၏ နိုင်ငံရေးပါတီတိုင်းလိုလို ပေါ်ပေါက်အကျွေးအစော ဩဘာလျှမ်းမိုးမှီးလာခဲ့သည်။ သို့သော် အများစုမှာ လက်ဝါးကြီးအုပ် ဆိုရှယ်လစ်အာဏာရှင် စနစ်ထက် ဆိုရှယ်လစ်ဝစနစ်၏ ဒီမိုကရေစီပိုင်းကို ပိုမိုလိုလားကြသည်၊ မြန်မာတိုင်းလိုလိုမှာ ဗုဒ္ဓဘာသာကို ယုံကြည်ကိုင်းရှိုင်းကြ၍ ဘာသာရေးသည် နိုင်ငံရေးကို ချိန်ဆပေးရာဖြစ်သော အကြောင်းတရပ် ဖြစ်သည်။ စစ်ကြိုခေတ်တွင် ပြင်းထန်သော အမျိုးသားရေးဝါဒီ တို့မှာ ဒို့ဗမာအစည်းအရုံး အဖွဲ့ဝင်များဖြစ်ကြသည်။ အချို့မှာ ခေါင်းဆောင်မြန်မာပြည်၏ အရေးပါသော တိုင်းပြည်ပြုခေါင်းဆောင်များ ဖြစ်လာခဲ့ကြသည်၊ အဖွဲ့ဝင်အချင်းချင်း 'သခင်' ဟု ခေါ်ကြသည်။ အင်္ဂလိပ်ခေါ် ဟာတရ 'မာစတာ' မှာ 'သခင်' ဟု အဓိပ္ပါယ်ရပြီး ဗြိတိသျှလူမျိုးများအတွက် သီးသန့်ထားသော 'ဘွဲ့' တခုလည်း ဖြစ်သည်၊ သူတို့အမည်ရှေ့၌ 'သခင်' ဟု ဘွဲ့တပ်လိုက်ကြခြင်းဖြင့် ဤတိုင်းပြည်၏ 'မာစတာ' အစစ်အမှန်သည် မည်သူမည်ပါ ဖြစ်ကြောင်းကို ပြလိုက်ကြသည်။

ဆိုရှယ်လစ်စနစ်သည်သာလျှင် ဆင်းရဲခြင်းဒုက္ခမှ ကင်းလွတ်စေပြီး အလုပ်ရှင်ပြည့်စုံသောနေရာ ထောက်ပမပေးနိုင်မည်ဖြစ်ကြောင်းဖြင့် သခင်များက ပါဝင်ခဲ့ကြသည်၊ ဤလှုပ်ရှားမှုတွင် ထင်ရှားသော ခေါင်းဆောင်တဦးမှာ ဘုန်းကြီးလူထွက် ဆရာကြီး သခင်ကိုယ်တော်မှိုင်းဖြစ်သည်။ သူသည် မြန်မာပြည်၏ လက်ဝဲလုပ်ရှားမှုကို မြန်မာနည်း မြန်မာဟန်ဖြင့် ဦးဆောင်လမ်းညွှန်ခဲ့သည်၊ ၁၈၈၅ ခုနှစ်က နောက်ဆုံးမြန်မာဘုရင် သီပေါမင်းအား ဗြိတိသျှတို့ ဖမ်းဆီးခေါ်ဆောင်သွားသည့် မြင်ကွင်းကို ၁၁ နှစ်အရွယ် ဘုန်းကြီးကျောင်းသားဘဝတွင် လူအုပ်ကြီးထဲမှ ဝမ်းနည်းစွာကြည့်ရှု မြင်လိုက်ရသူဖြစ်သည်၊ ၁၉၃၀ ခုနှစ်တွင်မှ ဆိုရှယ်လစ်စနစ်အောက်၌ လွတ်လပ်သော မြန်မာနိုင်ငံကို ထူထောင်လိုခြင်းသည် "လောကနိဗ္ဗာန်တည်ဆောက်ခြင်း" ဟု သူကဆိုပြန်၏။ ဤပန်းတိုင်သို့ ရောက်ရှိရေးအတွက် ဘုန်းကြီးများစွာကို ဗြိတိသျှအုပ်ချုပ်ရေးကို ဖြိုးဖြန်းစွာ ဆန့်ကျင်လာကြသည်၊ ဘုန်းကြီးကောင်းမြဲလွှမ်းခြင်း၊ သို့မဟုတ် ထိန်းသိမ်းရာရောက်သည့် အခါတိုင်း လယ်သမား၊ အလုပ်သမားနှင့် ပညာတတ်များပါမကျန် မြန်မာပြည်သူတရပ်လုံး အမျိုးသားစိတ် အမျိုးသားမာန်တက်ကြွကာ တပြည်လုံး အုံးအုံးကြွက်ကြွက်ညံစေခဲ့သည်။

ကိုလိုနီအာဏာပိုင်များကို မြှောင်ခြေပြောင်တင်းတင်း တိုက်ခိုက်ကြပြီး တချို့က မြန်မာပြည်အတွက် ဟုမ်းရူး (HomeRule) ဟုခေါ်သော ကိုယ်ပိုင်အုပ်ချုပ်ရေးကိုလည်း တောင်းဆိုခဲ့ကြသည်။ သပိတ်သည် နိုင်ငံအနှံ့ပြန့်နှံ့သွားကာ နောက်ဆုံးတွင် သခင်နုနှင့် သခင်အောင်ဆန်းတို့ကို ကျောင်းပြန်ဝင်ခွင့် ပေးခဲ့ရသည်။ ကျောင်းသားတို့ ဒုတိယအကြိမ်အောင်ပွဲခံခြင်းဖြစ်လေသည်။

၁၉၃၀ ခုနှစ်များတွင် နိုင်ငံအဝှမ်းဖြစ်ပွားခဲ့သော နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုကြီးမှာ ရန်ကုန်ရှိ တက်ကြွထက်သန်သည့်အသင်း ပြင်းပြင်းသော ကျောင်းသားတို့၏ လှုပ်ရှားမှုမျှသာ မဟုတ်ပါချေ။ ၁၉၃၀ ခုနှစ်တွင် နိုင်ငံတကာဆန်ဈေး ကျဆင်းလာမှုကြောင့် အခွန်အကောက်ကြီးလေးမှုဒဏ်ကို မခံသာခံနေရသော လယ်သမားများသည် သူတို့၏ လယ်မြေများကို လက်လွှတ်ခဲ့ကြရသည်။ ကျေးလက်ဒေသများ၏ မကျေနပ်မှုများသည် ဆရာစံပုန်ကန်မှုကို ဖြစ်စေခဲ့သည်။ ယင်းပုန်ကန်မှုမှာလည်း အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရပြန်သည်။ ထို့နောက် ဆန်ဈေးပြန်တက်လာသော မြန်မာပြည်အလယ်ပိုင်းနှင့် ရေနံထွက်ဒေသများတွင်လည်း အခြေအနေမှာ ဆက်လက်ဆိုးရွားလာခဲ့သည်။ ဒုတိယကမ္ဘာစစ် ဖြစ်ပေါ်နေချိန်တွင် မြန်မာပြည်ရှိ လယ်သမားတို့၏ လေးပုံသုံးပုံမျှသော လယ်မြေများကို အဓိကအားဖြင့် ဗြိတိသျှကုမ္ပဏီများနှင့် ငွေချေးသော (ချစ်တီး) အိန္ဒိယငွေရှင်များ ပိုင်ဆိုင်ကြသော ငွေတိုးချေးစားသည့် အိန္ဒိယလူမျိုးများလက်သို့ ကျရောက်ခဲ့ရသဖြင့် လယ်မြေများ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

"သတင်းစာမှီးသူများ၊ ရှေ့နေများ၊ ဆရာဝန်များမှာ နိုင်ငံခြားသားများသာ ဖြစ်ကြပြီး တက္ကသိုလ်ဘွဲ့များမှာလည်း ထိုက်တန်သော အလုပ်အကိုင်များ မရကြချေ။ ကိုင်းပြည်ခွဲ တွေ့ရှိရသည့် လူမှုအဆောက်အအုံ၏ အောက်ခြေပိုင်းတွင် ပညာမဲ့ပြီး ဆင်းရဲတွင်းနက်နေရသည့် သန်းပေါင်းများစွာသော မြန်မာလယ်သမားများ ဖြစ်ကြပြီး ထိပ်တွင် ပေါ်တင်ရှိနေသော နိုင်ငံခြားသားများဖြစ်ကြသည့် အင်္ဂလိပ်လူမျိုးများ၊ အိန္ဒိယပြည်သားများ၊ တရုတ်လူမျိုးများကို တွေ့ရသည်" ဟု ၁၉၅၀ ခုနှစ်များတွင် ဒုတိယဝန်ကြီးချုပ် ဖြစ်လာသော ဦးကျော်ငြိမ်းက ရေးသားခဲ့သည်။

အိန္ဒိယတိုင်းသားများနှင့် ရောနှောနေသူများမှာ မူဆလင်များဖြစ်ကြသည်။ ဦးစွာရောက်လာသော မူဆလင်များမှာ အာရပ်နှင့် ပါးရှားအနွယ်ဝင်များ ဖြစ်ကြပြီး ၁၇ ရာစုနှစ်အတွင်း ရခိုင်ကမ်းရိုးတန်းမှ မြန်မာပြည်သို့ ရောက်ရှိလာကြသူများ ဖြစ်သည်။ အများစုမှာ ဒေသခံအမျိုးသမီးများနှင့် လက်ထပ်ကြပြီး သူတို့၏ သားသမီးများမှ ဆင်းသက်လာကြသည့် မူဆလင်များကို မြို့ရွာတိုင်း၌ တွေ့ရှိနိုင်သည်။ ဗြိတိသျှ အုပ်ချုပ်မှုအောက်တွင် ထောင်ပေါင်းများစွာသော အိန္ဒိယတိုင်းရင်းသားများကို မီးရထား၊ စက်ရုံ၊ မြို့ပြအုပ်ချုပ်ရေးဌာနများ၌ လုပ်ကိုင်ရန် အိန္ဒိယမှ ခေါ်ယူခဲ့သည်။ ကိုလိုနီခေတ်မှ စစ်မှုထမ်းများထဲမှာလည်း အိန္ဒိယတိုင်းရင်းသားများ ပြည့်နှက်နေသည်။ ထိုဗြိတိသျှတပ်ဝန်ထမ်း အများစုမှာ မူဆလင်များ ဖြစ်ကြသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီ ရန်ကုန်မြို့လူဦးရေ၏ ၅၅ ရာခိုင်နှုန်းမှာ ဟိန္ဒူ၊ မူဆလင်၊ ဆိခ် စသော တောင်အာရှတိုက်သားများ ဖြစ်ကြသည်။ အမျိုးသားလှုပ်ရှားမှုခေါင်းဆောင်တို့သည် ဗြိတိသျှတို့ကိုသာမက ကိုလိုနီအုပ်ချုပ်မှုယန္တရားကို လည်ပတ်စေခဲ့သော တောင်အာရှတိုက်သားများကိုလည်း ဆန့်ကျင်တိုက်ခိုက်ကြသည်။ ချစ်တီးများမှာ အမုန်းအခံရဆုံး ဖြစ်သည်။ ယေဘုယျအားဖြင့် ဆိုလျှင် တောင်အာရှတိုက်နွယ်ဖွားများကို ထိုအချိန်ကသော

ကိုလိုနီအာဏာပိုင်များကို ခဲဖြင့်ပြောင်းလဲတင်းတင်း ဆိုက်နှိပ်ကြပြီး ထို့ကြောင့် မြန်မာပြည် အတွက် ဟုမ်းရူး(HomeRule)ဟုခေါ်သော ကိုယ်ပိုင်အုပ်ချုပ်ရေးကိုလည်း တောင်းဆို ခဲ့ကြသည်။ သပိတ်သည် နိုင်ငံအနှံ့ပျံ့နှံ့သွားသော နောက်ဆုံးတွင် သခင်နှင့် သခင်ဆောင်ဆန့်တို့ကို ကျောင်းပြန်ဝင်ခွင့် ပေးခဲ့ရသည်။ ကျောင်းသားတို့ ဒုတိယအကြိမ် အောင်ပွဲခံခြင်းဖြစ်လေသည်။

၁၉၃၀ ခုနှစ်များတွင် နိုင်ငံအနှံ့ဖြစ်ပွားခဲ့သော နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုကြီးမှာ ရန်ကုန်ရှိ တိုက်ခိုက်လိုသည့်ဆန္ဒ ပြင်းပြသော ကျောင်းသားတို့၏ လှုပ်ရှားမှုများသာ မဟုတ်ပါချေ။ ၁၉၃၀ ခုနှစ်တွင် နိုင်ငံတကာဆန်စျေး ကျဆင်းလာမှုကြောင့် အရှိန် အဟုန်ကြီးလေးမှုဒဏ်ကို ခံစားနေရသော လယ်သမားများသည် သူတို့၏ လယ်မြေများကို လက်လွှတ်ခဲ့ကြရသည်။ အကျိုးလက်ခံသူများ၏ မတရားမှုများသည် ဆန္ဒပြပုန်ကန်မှုကို ဖြစ်ပေါ်စေခဲ့သည်။ ယင်းပုန်ကန်မှုမှာလည်း အရှိန်နှင့်သာ ရင်ဆိုင်ခဲ့ရပြန်သည်။ ထို့နောက် ဆန်ပေါ်ကြိုက်ကြီးသော မြန်မာပြည်အလယ်ပိုင်းနှင့် မြောက်ပိုင်းဖြစ်သည့်နယ်မြေဒေသများတွင်လည်း အခြေအနေမှာ ဆက်လက်ဆိုးရွားလာခဲ့သည်။ ဒုတိယကမ္ဘာစစ် ဖြစ်ခါနီးအချိန်တွင် မြန်မာပြည်ရှိ လယ်သမားတို့၏ ဆယ်ပုံသုံးပုံမျှသော လယ်ယာမြေများကို အဓိကအားဖြင့် ဗြိတိသျှဘဏ်များနှင့် ချစ်တီးလား(ချစ်တီး)အမွေယ်ဝင်များ ဖြစ်ကြသော မွေးမြူရေးသည့် အိန္ဒိယလူမျိုးများလက်သို့ ထိုးအပ်ခဲ့ရခြင်း လယ်မြေများ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

"တတ်ကျွမ်းသူများ၊ မရှိနေများ၊ ဆရာဝန်များမှာ နိုင်ငံခြားသားများသာ ဖြစ်ကြပြီး အတွက်သိုက်အဖွဲ့ရများမှာလည်း ထိုက်သင့်သော အလုပ်အကိုင်မှု မရကြချေ။ တိုင်းပြည်၌ တွေ့ရှိရသည့် လူမှုအဆောက်အအုံ၏ အောက်ခြေတွင် ညောက်ချို့တဲ့ပြီး ဆင်းရဲစွာနေရသည့် သန်းပေါင်းများစွာသော မြန်မာတိုင်းရင်းသားများ ဖြစ်ကြပြီး ထိပ်တွင် လက်တစ်ဆုပ်စာသော နိုင်ငံခြားသားများဖြစ်ကြသည့် အင်္ဂလိပ်လူမျိုးများ၊ အိန္ဒိယပြည်သားများ၊ တရုတ်လူမျိုး များကို တွေ့ရသည်" ဟု ၁၉၅၀ ခုနှစ်များတွင် ဒုတိယဝန်ကြီးချုပ် ဖြစ်လာမည့် ဦးကျော်ငြိမ်းက ရေးသားခဲ့သည်။

အိန္ဒိယတိုက်သားများနှင့် ရောထွေးနေသူများမှာ မူဆလင်များဖြစ်ကြသည်။ ဦးစွာရောက်ရှိလာသော မူဆလင်များမှာ မိုဂို၊ အာရပ်နှင့် ပါးရှားအနွယ်ဝင်များ ဖြစ်ကြပြီး ၉ ရာစုနှစ်အတွင်း ခရီးကြောင်းခရီး ဖြင့် မြန်မာပြည်သို့ ရောက်ရှိလာကြသူများဖြစ်သည်။ အများစုမှာ ဒေသခံအမျိုးသမီးများနှင့် လက်ထပ်ကြပြီး သူတို့၏သားသမီးများမှ ဆင်းသက်လာကြသည့် မူဆလင်များကို မြို့ရွာတိုင်း၌ တွေ့ရှိနိုင်သည်။ ဗြိတိသျှ အုပ်ချုပ်မှုအောက်တွင် ထောင်ပေါင်းများစွာသော အိန္ဒိယတိုင်းရင်းသားများကို စီးပွားရေး၊ တပ်၊ မြို့ပြအုပ်ချုပ်ရေးဌာနများတွင် လုပ်ကိုင်ရန် အိန္ဒိယမှ ခေါ်ယူခဲ့သည်။ ၎င်းတို့အနက် ထက်ဝက်ခန့်မှာလည်း အိန္ဒိယတိုင်းရင်းသားများ ဖြစ်ကြသည်။ ထိုကြောင့် ၎င်းတို့ အများစုမှာ မူဆလင်များဖြစ်ကြသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီ ရန်ကုန်မြို့လူဦးရေ၏ ၄၅ ရာခိုင်နှုန်းမှာ ဟိန္ဒူ၊ မူဆလင်၊ ဆိခ် စသော တောင်အာရှတိုက်သားများ ဖြစ်ကြသည်။ အမျိုးသားလှုပ်ရှားမှုခေါင်းဆောင်သည် ဗြိတိသျှတို့ကိုသာမဟုတ် ကိုလိုနီအုပ်ချုပ်မှုယန္တရားကို ကူညီပေးခဲ့သော သူတို့ အာရှတိုက်သားများကိုလည်း ဆန့်ကျင်ဆိုကြသည်။ ချစ်တီးများမှာ အဓိကအစိုးရကြီး ဖြစ်သည်။ ယင်းသူများအားဖြင့်ဆိုလျှင် တောင်အာရှတိုက်နွယ်ဖွားများကို ထိုးမိုက်သော

မဟုတ်ဘဲ ယခနေ့တိုင်ပင် အထင်သေးကြပြီး ချိုးနှိမ်သောသဘောဖြင့် 'ကုလား' ဟု ခေါ်ဆိုကြသည်။ ဥရောပသားရှင်းများကိုလည်း 'ကုလားဖြူ' ဟု ခေါ်ကြသည်။ ဤသို့ဖြင့် အမျိုးသားလှုပ်ရှားမှု၏ နောက်ကွယ်တွင် လူမျိုးရေးတင်းမာမှုများ ငုပ်နေခဲ့သည်။ မူဆလင်များအပါအဝင် ကုလားအားလုံးမှာ မြန်မာအမျိုးသားခရေဝါဒီများ၏ ပုတ်ခတ် ပြောဆိုနှိပ်ကွပ်ရာ ပစ်မှတ်များပင်ဖြစ်ကြသည်။

ဤအရကြောင်းအချက်များ အားလုံးကို စုပေါင်းလိုက်သောအခါ ၁၉၃၀ ခုနှစ်များ၏ နှောင်းပိုင်းကာလတွင် မြန်မာပြည်၌ အမျိုးသားလုံးဆိုကြွရန်အတွက် အခြေအနေ ပေးခဲ့သည်။ နယ်ခြားဒေသများတွင်သာ အနည်းနှင့်အများဆိုသလို ငြိမ်ငြိမ်သက်သက် ရှိကြ၏။ ဗြိတိသျှတို့သည် သွေးခွဲအုပ်ချုပ်ရေးစနစ်ဖြင့် အစိုးရယန္တရားများရုံးစိုက်ရာ ပြည်မနှင့် တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ ပြည်နယ်နှင့်တောင်တန်းဒေသများဟူ၍ ပိုင်းခြားအုပ်ချုပ်ခဲ့သည်။ ပြည်နယ်နှင့်တောင်တန်းဒေသများတွင် ဒေသ၏ မူလအုပ်ချုပ်ရေး ပုံစံအတိုင်း ထားရှိပြီး ဗြိတိသျှတို့၏ အုပ်ချုပ်မှုအားနည်းစေကို နိုင်ငံရေးအရာရှိတစ်ဦး၊ သစ်တောအရာရှိတစ်ဦး၊ နယ်စပ်စောင့်တပ်သားအချို့ဖြင့်သာ ကန့်သတ်ထားသည်။ လွတ်လပ်ရေးကြိုးပမ်းမှုခေတ်ဦးတွင် တိုင်းရင်းသားလူမျိုးစုများသည် အနည်းအကျဉ်းမျှသာ ပါဝင်ခဲ့လေသည်။

* * *

ရန်ကုန်မြို့တွင် ဖြစ်ပွားခဲ့သော ဒုတိယအကြိမ် ကျောင်းသားသပိတ်မှာပြီး ၂ နှစ်အကြာတွင် ပေါ်ထွက်လာသော အမျိုးသားခေါင်းဆောင်များသည် ပူးပေါင်းကြွမှုကြီးကို ဦးဆောင်ခဲ့ကြသည်။ ယင်းအုံကြွမှုကြီး ဖြစ်ပွားသော ၁၉၃၈ ခုနှစ်သည် 'တော်လှန်ရေးနှစ်' သို့မဟုတ် '၁၃၀၀ ပြည့်အရေးတော်ပုံ' အဖြစ် မြန်မာနိုင်ငံတွင် ထင်ရှားခဲ့သည်။ အရေးအခင်းမှာ ရန်ကုန်မြို့ သိမ်ကြီးဈေးအနီးတွင် ဗုဒ္ဓဘာသာမြန်မာများနှင့် အိန္ဒိယလူမျိုး ကုလားများ၏ လူမျိုးရေးအဓိကရုဏ်းမှ အစပြုခဲ့သည်။ (ထိုစဉ်က သိမ်ကြီးဈေးသည် ၁၉၈၈ ခု မတ်လအတွင်းက ပြည်သူ့ကုန်တိုက်တလျှောက် မီးရှို့ခံလိုက်ရသော နေရာဖြစ်သည်)

ထို့နောက် ရေနံမြေအလုပ်သမားသပိတ် ဆက်တိုက်ပေါ်ပေါက်လာခဲ့သည်။ အလုပ်သမားများ ရန်ကုန်မြို့သို့ ချီတက်လာကြရာ ကျောင်းသားများက လမ်းတစ်ဝက်မှ ဆီးကြိုကြသည်။ သူတို့အထဲတွင် တော်လှန်ရေးစိတ်ဓါတ်ထက်သန်သော သခင်စိုး ဆိုသည့် လူငယ်တစ်ဦးလည်း ပါရှိသည်။ သခင်စိုးသည် အကြမ်းဖက်လှုပ်ရှားမှုများ၌သာ ထင်ရှားသည်မဟုတ်။ ကာလာဆိုးနှင့် သီချင်းကြီးဆိုရာတွင်လည်း နာမည်ကြီးသူတစ်ယောက် ဖြစ်သည်။ ထိုရာတွင် ကိုလိုနီပုလိပ်များက ကျောင်းသားများကို မလေးလွှမ်းမြို့ကွက် တားဆီးရန် သခင်စိုးနှင့်အချို့ကို ဖမ်းဆီးလိုက်ကြသည်။

ရန်ကုန်မြို့မှ ကျောင်းသားများသည် ထိုဖမ်းဆီးမှုကို ဆန့်ကျင်ဆန္ဒပြကြသည်။ ဆန္ဒပြသူများကို ပုလိပ်များက ရိုက်နှက်သောအခါ ကျောင်းသားတစ်ဦး နံပါတ်တုတ်ဒဏ်ချက်ကြောင့် ဦးခေါင်း၌ ဒဏ်ရာအပြင်းအထန်ရရှိသွားပြီး ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့ရသည်။ ထိုကျောင်းသားအမည်မှာ ကိုအောင်ကျော်ဖြစ်ပြီး ချက်ချင်းပင် သူ့အား 'အာဇာနည်' အဖြစ် ဂုဏ်ပြုခေါ်ဝေါ်လိုက်ကြသည်။ စစ်တပ်တွင် မည်သည့်အခါမျှ တာဝန်မထမ်းဆောင်ခဲ့ဖူးသော်လည်း 'ဗိုလ်' ဟူသည့်ဘွဲ့ကို သူ့အား ချီးမြှင့်လိုက်ကြသည်။

ဒေါသအိုးပေါက်ကွဲနေသော လူထုကြီးသည် နိုင်ငံတစ်ဝှမ်းလုံးတွင် ဆန့်ကျင်ဆန္ဒပြလာကြသည်။ မန္တလေးမြို့၌ ဖြစ်ပွားခဲ့သော ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ လူထုဆန္ဒပြပွဲတွင် ပုလိပ်များက သေနတ်နှင့်ပစ်ခတ်ခဲ့သဖြင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီး ၇ ပါးအပါအဝင် လူပေါင်း ၁၇ ဦးသေဆုံးခဲ့ရသည်။

လူမှုအရေးကြွမှုကြီးသည် မီးနှင့်တွေ့သော ဓာတ်ဆီပမာ တစ်စစ သေးငယ်မှုကို ကျော်လွန်သွားလေသည်။ ယင်းဆူပူမှုကြီးသည် ဒို့ဗမာအစည်းအရုံးမှ တော်လှန်စိတ်ပြင်းထန်သော အုပ်စုကို စိတ်ဓါတ်တက်ကြွစေခဲ့ပြီး သူတို့သည် ၁၉၃၉ ခုနှစ် သြဂုတ်လ ၁၅ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ (CPB: Communist Party of Burma) ကို ဖွဲ့စည်းလိုက်ကြသည်။ CPB ၏ ပထမဆုံး အထွေထွေအတွင်းရေးမှူးမှာ ကျောင်းသားသမဂ္ဂခေါင်းဆောင်ဟောင်း သခင်အောင်ဆန်းဖြစ်သည်။ များစွာသော CPB ပါတီဝင်တို့သည် ဒို့ဗမာအစည်းအရုံးနှင့် ဆင်းရဲသားပါတီတို့အပြင် ဗမာ့အောက် 'ပြည်သူ့တော်လှန်ရေးပါတီ' ၌လည်း ပါဝင်လှုပ်ရှားကြပြန်သည်။ နိုင်ငံရေးပါတီအားနည်းစွာ ခွဲခြားပိုင်းခြားရန်မှာ ခက်ခဲလှသည်။ ၁၉၃၀ ပြည့်လွန်နှစ်များအတွင်း ပေါ်ပေါက်လာသော နိုင်ငံရေးမှာ ရှုပ်ထွေးလှပေသည်။ သူရိုးသားကောင်းစွာ အသိအမှတ်ပြုလည်းဖြစ် ပုဂ္ဂိုလ်လည်းဖြစ်သော ဦးဖေ ဦးဆောင်ခဲ့သည့် 'မျိုးချစ်ပါတီ' သည် တစ်ခုတည်းသော လက်ယာပါတီဖြစ်မည်ထင်သည်ဟု ဆိုရပေမည်။

၁၉၄၀ ခုနှစ်များ၏ နှောင်းပိုင်းကာလတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီသက်တမ်းသည် ရပ်ဆိုင်းသွားပြီး အတွေ့အကြုံမရင့်ကျက်သေးသော နိုင်ငံရေးသမားများဖြစ်ခဲ့သော ပြည်တွင်းနိုင်ငံရေးသမားများ ဒီမိုကရေစီဖြစ်ပေါ်ဖို့မှုမှာလည်း လက်နက်စွဲကိုင်သွားတော့သည်။ ဒုတိယကမ္ဘာစစ်နှင့် ဂျပန်တို့ဝင်ရောက်သိမ်းပိုက်မှုက ထိုကြိုးလွှဲလာမှုကို အမြန်အဟုန် ဖြစ်ပေါ်စေခဲ့သည်။ ကျောင်းသားခေါင်းဆောင်အချို့ မြေအောက်လှုပ်ရှားမှုများသို့ ဝင်ရောက်ခဲ့ကြသည်။ အသက် ၂၅ နှစ်ရှိပြီဖြစ်သော သခင်အောင်ဆန်းသည်လည်း ၁၉၄၀ ခုနှစ်တွင် မြန်မာပြည်မှ လျှို့ဝှက်စွာ ထွက်ခွာသွားခဲ့သည်။ အမှန်အားဖြင့် သခင်အောင်ဆန်းကို တရုတ်ပြည်ကွန်မြူနစ်တို့နှင့် ဆက်သွယ်ရန် စေလွှတ်ခြင်းဖြစ်သည်။ ဖော်ဆိုတွန်နှင့် အောက်လိုက်ကွန်မြူနစ်များ အားကောင်းပြီး အလွယ်တကူဆက်သွယ်နိုင်မည့် ရှမ်းဟိုင်းမြို့သို့ သွားသော သင်္ဘောပေါ်တက်ရန် ကြိုးစားခဲ့သည်။ သခင်အောင်ဆန်းသည် ရန်ကုန်ဆိပ်ကမ်းတွင်တွေ့ရှိသော တရုတ်ပြည်သို့ ထွက်ခွာမည့်သင်္ဘောဖြင့် လိုက်ပါခဲ့သည်။ သို့ရာတွင် ထိုသင်္ဘောမှာ ထိုစဉ်က ဂျပန်တို့သိမ်းပိုက်ထားသော အမွိုင်ကျွန်းသို့ သွားမည့်သင်္ဘော ဖြစ်နေသည်။ သို့ဖြင့် သခင်အောင်ဆန်းအား ဂျပန်တို့က တိုကျိုမြို့သို့ ခေါ်ဆောင်သွားခဲ့သည်။

နောက်တစ်နှစ်အကြာတွင် သခင်အောင်ဆန်း ရန်ကုန်မြို့သို့ ပြန်ရောက်လာခဲ့သည်။ ကျွန်ရှိမနေသေးသော သခင်လူငယ်များကို ဂျပန်တွင် စစ်သင်တန်းပေးရန် ခေါ်ဆောင်ခြင်း ဖြစ်သည်။ သခင်လူငယ်များသည် ရန်ကုန်ဆိပ်ကမ်းမှ ဂျပန်ကုန်တင်သင်္ဘောများဖြင့် တိတ်တဆိတ် ခိုးထွက်ခဲ့ကြပြီး ဂျပန်တွင် ကြမ်းတမ်းခက်ခဲသော စစ်သင်တန်းများ တက်ရောက်ခဲ့သည့် မြန်မာ့ထိုးပါဝင်မှုပေါင်းရှိ အားမာန်ဆက်သည့် ထက်သန်ဖွယ်ကောင်းသော လူငယ် ၃၀ တို့ ပေါင်းဆုံမိကြသည်။ နောင်တွင် ထိုအဖွဲ့သည် 'ရဲဘော်သုံးကျိပ်' ဟု အမည်တွင်ခဲ့သည်။ တိုကျိုမြို့တွင်၎င်း၊ ဂျပန်လက်အောက်ခံ ထိုင်ဝမ်ကျွန်းများဖြစ်သည့် ဟိုင်နန်နှင့် ဖော်မိုဆာတို့တွင်၎င်း လေ့ကျင့်ပေးပြီး စစ်သင်တန်းတက်ရောက်ခဲ့ပြီးနောက် ၁၉၄၁ ခုနှစ် နှစ်ကုန်ကာလတွင် ထိုင်းသို့မှတစ်ဆင့် မြန်မာပြည်သို့ ကျူးကျော်ဝင်ရောက်လာသော

ဂျပန်စစ်တပ်နှင့်အတူ ရဲဘော်သုံးကျိပ် ပြည်တော်ပြန်ခဲ့ကြသည်။ ဘန်ကောက်မြို့၌ (BIA: Burma Independence Army) ဟုခေါ်သော ဗမာလွတ်လပ်ရေးတပ်မတော်ကို တည်ထောင်လိုက်ကြကာ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ငွေဖလားထဲသို့ လက်မောင်းသွေး ဖေါက်ထည့်ပြီး ထိုအပေါ်တင်း ထားရေးသစ္စာဆိုရေး၊ မြန်မာပြည်လွတ်လပ်ရေးကြိုးပမ်းမှု အပေါ် သစ္စာရှိရေးတို့ကို သွေးသောက်၍ သစ္စာဆိုခဲ့ကြသည်။ အသက် ၂၀ ကျော် ၃၀ ပတ်ဝန်းကျင်သာရှိသေးသော ရဲဘော်သုံးကျိပ် အဖွဲ့ဝင်တို့သည် ဂျပန်တွင် ရှိနေစဉ် ကတည်းက ဗိုလ်ဘွဲ့နာမည်များကို နှစ်သက်ရာရွေး၍ မှည့်ခေါ်ခဲ့ကြသည်။ သခင်အောင်ဆန်းမှာ ဗိုလ်တေဇ ဖြစ်လာပြီး သူ၏ရင်းနှီးသူသော သူငယ်ချင်းလည်းဖြစ် CPB ကို ထူထောင်ခဲ့သူလည်းဖြစ်သော သခင်လှဖေမှာ ဗိုလ်လက်ျာ ဖြစ်လာသည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားခေါင်းဆောင်များ ဖြစ်ခဲ့ကြသော သခင်အောင်သန်း၊ သခင်ရွှေ၊ သခင်ထွန်းရှိန်၊ သခင်လှမောင်တို့မှာ ဗိုလ်စကြာ၊ ဗိုလ်ကျော်ဇော၊ ဗိုလ်ရန်နိုင်နှင့် ဗိုလ်ဇေယျ ဟူ၍ အသီးသီးအမည်နာမများ ပြောင်းလဲလိုက်ကြသည်။ ကျောင်းသားလူငယ် စည်းရုံးရေးမှူးတဦးဖြစ်သူ ကိုအောင်သန်းမှာ ဗိုလ်ရဲထွဋ် ဟု အမည်တွင်ပြီး သူတို့အထဲတွင် အသက်ကြီးဆုံးဖြစ်သော သခင်ဇလိုင် (အသက် ၃၁ နှစ်)မှာ ဗိုလ်မှူးအောင် ဖြစ်လာသည်။ တိုကျိုမြို့၌ စည်းရုံးသိမ်းသွင်းယူခဲ့သော မြန်မာကျောင်းသားဖြစ်သည့် ဗိုလ်ထိန်ဝင်း အမည်ခံ ကိုမောင်းမှာ ကိုင်နန်ကျွန်းသို့ စစ်သင်တန်းတက်ရောက်ရန် မသွားခဲ့ချေ။ သခင် သန်းတင်မှာ ဖေါ်မိုဆာကျွန်း၌ ငှက်ဖျားမိ၍ ကွယ်လွန်ခဲ့ရရာ ဗိုလ်ဘွဲ့ခံယူရန်ပင် အခွင့်မကြုံခဲ့ရှာပေ။ သို့နှင့် ထိုင်း-မြန်မာနယ်စပ်သို့ ရောက်လာသည့်အခါ၌ ရဲဘော် ၂၈ ဦးသာ ကျန်တော့သည်။

မြန်မာ့သမိုင်းတွင် ရဲဘော်သုံးကျိပ်ဖြစ်ပေါ်လာပုံ၊ အဖွဲ့ဝင်အချင်းချင်း စည်းလုံး ညီညွတ်ကြပုံ၊ ရဲစိတ်ဓာတ်ပြင်းပြကြပုံများကို ထူးခြားပြောင်မြောက်သော သမိုင်းတရပ်အဖြစ် အကျယ်တဝင့် ဖေါ်ပြထားသော်လည်း အချို့အကြောင်းအရာများမှာ ချန်လှပ်ထားသော ဖြစ်ခဲ့သည်။ အမှန်တကယ်မှာ သွေးစည်းညီညွတ်လှပါသည်ဆိုသော ရဲဘော်သုံးကျိပ် အဖွဲ့တွင် ဂိုဏ်းနှစ်ခုကွဲနေသည်။ ရဲဘော် ၂၂ ဦးမှာ ပါရဂူစာရေးဆရာနှင့် အမျိုးသား သူရဲကောင်းဖြစ်သည့် သခင်ကိုယ်တော်မှိုင်း၏ နောက်လိုက်များဖြစ်ကြပြီး ဒို့ဗမာအစည်း အရုံးကြီး၏ အဓိကတိုင်ပင်ဖော်များ ဖြစ်ကြသည်၊ ကျန် ၈ ယောက်မှာ နာမည်ကြီးသခင်များ ဖြစ်ကြသော 'ဘစိန် – တွန်းအုပ်' ဂိုဏ်းမှ ဖြစ်ကြသည်။

သခင်အောင်ဆန်း ရန်ကုန်ဆိပ်ကမ်း၌ သင်္ဘောမှာဆင်းခဲ့ခြင်းမှာ ဂျပန်နှင့် ယခင်က ကြိုတင်ဆက်သွယ်မှုမရှိခဲ့ကြောင်း သိရှိနိုင်သည်။ ဂျပန်တို့သည် ရန်ကုန်နှင့် တခြားနေရာ များတွင် သူလျှိုအဖွဲ့များဖြင့် ဂျပန်၏လျှို့ဝှက်လှုပ်ရှားမှုများကို လုပ်ဆောင်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ်များမှစ ပြီး ကိုကုဘူဆိုသည့် ဂျပန်ရေတပ်အရာရှိတဦးက ဘစိန် – တွန်းအုပ် အဖွဲ့နှင့် ဆက်သွယ်မှုရရှိထားခဲ့ပြီးဖြစ်သည်။ ၁၉၃၉ ခုနှစ်တွင် အမျိုးသားရေးဝါဒီ ဘဦးဖြစ်သူ ဒေါက်တာသိန်းမောင်သည် ရန်ကုန်မှ ဂျပန်သူလျှို ဆူဂါဆာဝါ၏ စီစဉ်ပေးမှုဖြင့် တိုကျိုမြို့သို့ သွားရောက်လည်ပတ်ခဲ့သည်။ သခင်အောင်ဆန်းအပါအဝင် သခင်ကိုယ်တော်မှိုင်း၏ နောက်လိုက်များက ဂျပန်တို့ကို သဘောမကောင်းဖြစ်ခဲ့ကြပြီး မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအတွက် နိုင်ငံခြားနိုင်ငံမှ ထောက်ပံ့ကူညီမှုရရန် ကြိုးပမ်းခဲ့ကြ သည်၊ တရုတ်ပြည်သို့ သွားရောက်ဆက်သွယ်ရန် ကြိုးစားခဲ့ကြသော်လည်း မအောင်မြင်

သည့်အတွက် မြန်မာမျိုးချစ်လူငယ်တို့အဘို့ တခုတည်းသော ရွေးစရာလမ်းမှာ ဂျပန်နိုင်ငံသို့သာ ရှိနေပေတော့သည်။

ရန်ကုန်ကျောင်းသားများလောက၌ ဘစိန် – ထွန်းအုပ်ဂိုဏ်းသည် ခြေပုန်းခုတ်သည်ဟု နာမည်ကြီးနေသောကြောင့် ၁၉၄၁ ခုဇူလိုင်လ ၎င်းတို့ တိုကျိုသို့ ရောက်လာသည့်အခါ ကျန်ရဲဘော်များအနေနှင့် စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်ခဲ့ကြရသည်။ သို့သော် သခင်အောင်ဆန်း၏ ထက်မြက်သော စေ့စပ်ပေးမှုကြောင့် ဂိုဏ်းနှစ်ခုအတွင်း ပြင်းထန်သော ဂိုဏ်းဂဏတိုက်ပွဲများ မပေါ်ပေါက်ခဲ့ပေ။

၁၉၈၇ ခုနှစ် ဇန္နဝါရီလအတွင်း စာရေးသူနှင့် အမေးအဖြေပြုလုပ်ခဲ့စဉ် ဗိုလ်ကျော်ဇောက "ဗိုလ်ကြောဟာ 'ဘစိန်–ထွန်းအုပ်' အဖွဲ့ခေါင်းဆောင် ဖြစ်တယ်။ ဗိုလ်ရန်နိုင်ကတော့ အုပ်စုနှစ်ခုကြား အောင်သွယ်လုပ်ပြီး ဗိုလ်အောင်ဆန်းကတော့ ကျွန်တော်တို့အားလုံးကို စည်းလုံးညီညွတ်စေခဲ့တယ်"ဟု ပြောပြခဲ့သည်။

သို့သော်လည်း ဘစိန် – ထွန်းအုပ်ဂိုဏ်းတွင် ရည်မှန်းချက်ကြီးမားသော လူငယ်တဦး ပါရှိခဲ့လေသည်။ သူသည် ၁၉၃၁ ခုနှစ် မတ်လတွင် ဂျပ်ဆင်ကောလိပ်မှ ဘွဲ့မရဘဲ ကျောင်းမှထွက်ကာ ရန်ကုန်မြို့ပြင်စာတိုက်တခု၌ စာရေးဝင်လုပ်နေခဲ့သူ ဖြစ်သည်။ အခြားသောပညာတတ်များထက် အရပ်မြင့်၍ စမ်းသားရုပ်လည်းပေါက်သူဖြစ်သည်။ သူ၏ အမည်မှာ သခင်ရှုမောင်ဖြစ်ပြီး ရဲဘော်သုံးကျိပ်အဖွဲ့၌ 'ဗိုလ်နေဝင်း'ဟု အမည်တွင်ခဲ့သူ ဖြစ်သည်။

"ဗိုလ်အောင်ဆန်းနဲ့ နေဝင်းဟာ မကြာခဏ ရန်ဖြစ်တတ်ကြတယ်။ ကျွန်တော်တို့အတွင်းမှာ ပြဿနာဆိုလို့ ဒီတခုဘဲရှိခဲ့တယ်။ ဗိုလ်အောင်ဆန်းက အမြဲ ရိုးရိုးဖြောင့်ဖြောင့်နေတတ်တယ်။ နေဝင်းကတော့ ဉာဏ်နီဉာဏ်နက် အတွက်အချက်များတယ်။ ဒါပေမဲ့ အောင်ဆန်းအနေနဲ့ နေဝင်းအပေါ် အဓိကမကျေမနပ်ဖြစ်ရတဲ့ ကိစ္စတွေကတော့ နေဝင်းရဲ့အကျင့်စာရိတ္တကြောင့် ဖြစ်တယ်။ နေဝင်းဟာ လောင်းကစားတယ်။ မိန်းမလိုက်တယ်။ ဒါကို အကျင့်သိက္ခာစောင့်ထိန်းတတ်တဲ့ ဗိုလ်အောင်ဆန်းရော ကျွန်တော်တို့အားလုံးပါ သဘောမတွေ့ခဲ့ဘူး။ ဒါပေမဲ့ ညီညွတ်ရေးကို ထောက်ရှုလို့ တတ်နိုင်သလောက် ချစ်ချစ်ခင်ခင်နေခဲ့ကြပါတယ်"ဟုလည်း ဗိုလ်ကျော်ဇောက ပြောပြခဲ့သည်။

ရဲဘော်သုံးကျိပ် မြန်မာပြည်သို့ ဝင်ရောက်လာသည့်အခါ ထောင်ပေါင်းများစွာသော မျိုးချစ်မြန်မာလူငယ်တို့က သူတို့၏ BIA တပ်ထဲ ဝင်ခဲ့ကြသည်။ ၁၉၄၂ ခုနှစ် မတ်လ ၇ ရက်နေ့တွင် ဂျပန်တို့ ရန်ကုန်ကို သိမ်းပိုက်လိုက်သည့်အခါ BIA တပ်က ဂျပန်တို့နှင့်အတူ လိုက်ပါလာခဲ့သည်။ ဗြိတိသျှတို့အဘို့ မြန်မာပြည်မြောက်ပိုင်းမှတဆင့် တောင်တန်းကြီးများကို ဖြတ်ကျော်ကာ အိန္ဒိယပြည်သို့ ဆုတ်ခွာခဲ့ကြရသည်။ ၎င်းတို့နှင့်အတူ အိန္ဒိယနွယ်ဖွား အများအပြားလည်း လိုက်ပါသွားခဲ့ကြ၏။ အချို့သော တိုင်းရင်းသားလူမျိုးစုများက ပြောက်ကျားတပ်ဖွဲ့များဖွဲ့ကာ မဟာမိတ်ဘက်မှ ဂျပန်နှင့် BIA တို့ကို ခုခံတိုက်ခိုက်ကြသည်။ ဤကဲ့သို့ မဟာမိတ်များအကျိုးအတွက် ခုခံတိုက်ခိုက်ခဲ့ကြရာတွင် ကရင်၊ ကချင်နှင့် ချင်းတိုင်းရင်းသားများမှာ ထင်ရှားခဲ့သည်။ သို့အတွက်ကြောင့်လည်း BIA က အထူးသဖြင့် ကရင်တို့ကို ဗြိတိသျှနှင့် အပေါင်းပါများ အဖြစ် သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။ ကောားကုန်ပြောရပါမူ ဗြိတိသျှတို့သည် ကရင်များကို မျက်နှာသာပေးခဲ့ပြီး ကိုလိုနီစစ်တပ်နှင့် ပုလိပ်အဖွဲ့တို့တွင်လည်း ကရင်အမြောက်အမြားကို

ရှေ့ဆောင်အဖွဲ့ထမ်းဆောင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ ကိုလိုနီစစ်တပ်၌ ဗမာစစ်သား ၁၈၉၃ ယောက်သာရှိပြီး အခြားတိုင်းရင်းသားများ အနေဖြင့် ကရင် ၂၇၉၇ ယောက်၊ ကချင် ၈၅၂ ယောက်၊ ချင်း ၁၂၅၈ ယောက်နှင့် အိန္ဒိယစစ်သား ၂၅၇၈ ယောက်တို့ ပါရှိခဲ့သည်။

၁၉၃၀ ခုနှစ်များအစောပိုင်း၌ တွေ့ကြုံခဲ့သော ဆရာစံသူပုန်မှုကို ဖြိုခွင်းတိုက်ခိုက်သည့် အင်္ဂလိပ်စစ်တပ်တွင် ကရင်အမျိုးသားအရာရှိများ ပါရှိခဲ့သည်။ ယခု ဗမာများက ကရင်တို့ကို လက်စားချေကြသောအခါ၊ ဂျပန်ဝင်ပြီးမကြာမီ BIA ဗိုလ်တဦး ဖြစ်သူ ဗိုလ်ထွန်းလှသည် တမ္ပနိမြို့တွင် ကရင်လူကြီး ၁၄ ဦးကို ဖမ်းသတ်ခဲ့သည်၊ ကိုဆာသည့် Burma Rifles မှ ဟူးဂျ်ဆီဂရင်မ် (Hugh Seagrim) ခေါင်းဆောင်သော ဗြိတိသျှတပ်ဖွဲ့များ လှုပ်ရှားတိုက်ခိုက်ရာဒေသ ဖြစ်သည်။ မကြာမီ မြစ်ဝကျွန်းပေါ် ဒေသရှိ မြောင်းမြမြို့တွင် ကရင်အမျိုးသား အယောက် ၁၅၀ ကို ရက်စက်စွာ သတ်ဖြတ်ကြပြန်သည်။ အသတ်ခံရသူများထဲတွင် ထိုစဉ်က အစိုးရအဖွဲ့ဝင် ဝန်ကြီးဖြစ်ခဲ့ဘူးသူ စောဖာလာအဖြစ် သူ၏အင်္ဂလိပ်မယားနှင့် ကလေးများလည်းပါဝင်သည်၊ ကရင်လူထုအပေါ် လက်စားချေဖြင်းမှာ ရက်စက်ကြမ်းကြုတ်လွန်းသောကြောင့် ဆီးယ၊ပြင်းမှာ ဂျပန်များပင် ကြက်နက်ချခဲ့သည်။ သို့တိုင် မကြာမီ အဆုံးသတ်ရပ်ခဲ့ကြ၏။ ကရင်များအကြိုက်ကို ငုံ့လျှက်၍ သူ၏ အနစ်နာခံသွားမှုမှာ မေ့ပျောက်၍မရနိုင်သော သမိုင်းပင်ဖြစ်ရပ်ကာရအဖြစ် ယနေ့တိုင် မှတ်ရှိနေဆဲဖြစ်သည်၊ ကရင်လူမျိုးတို့သည် သူတို့၏ 'ခြေတံရှည်ဆိတ်ဖိုး' အကြောင်းကို လွမ်းဆွတ်တမ်းတစွာ ပြောဆိုရှိကြသည်။

ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့သည် ရပ်ဆောင်အစိုးရအဖွဲ့တဖွဲ့ ဖွဲ့စည်းလိုက်ပြီး ဆင်းရဲသားပါတီခေါင်းဆောင် ဒေါက်တာဘမော်ကို ဟန်ပြခေါင်းကြီးချုပ်အဖြစ် ခန့်ထားခဲ့သည်၊ သို့သော် မျိုးချစ်လုပ်ငန်းများမှာ ဂျပန်တို့၏ ရည်ရွယ်ချက်များအပေါ် သံသယဝင်စ ပြုလာသည်၊ အစိုးရဖွဲ့လိုက်သည်ဆိုသည်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)ကို ဖျက်သိမ်းကာ ဗမာ့ကာကွယ်ရေး တပ်မတော်(BDA; Burma Defence Army)ကို ကင်းသားအနည်းငယ်ဖြင့် အစားထိုးဖွဲ့စည်းလိုက်သည်၊ ဂျပန်စစ်ပညာသင်ကြား ပေးသောမှုသာ ဖွဲ့စည်းပေးထားသော တပ်ရင်းသုံးရင်းကို ဗိုလ်နေဝင်း၊ ဗိုလ်ရန်နိုင်၊ ဗိုလ်ဇေယျတို့က အသီးသီး ဦးဆောင်ကြသည်၊ ဗိုလ်အောင်ဆန်းကိုမူ ဗိုလ်မှူးကြီးရာထူးဖြင့် စစ်ဦးစီးခန့်ထားကြသည်၊ ရုပ်သေးအစိုးရ တနှစ်ပြည့်သော ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့သည် မြန်မာပြည်အား ရှေ့ရှုတ်စိမ်း အတုအယောင်လွတ်လပ်ရေး ပေးခဲ့သည်၊ ဒေါက်တာဘမော်ကို အဒိပတိရာထူးပေးကာ နိုင်ငံတော်၏ အကြီးအကဲအဖြစ်ကို ပေးခဲ့သည်။ မြန်မာပြည်၏ အဝေးတိုင်းနယ် အစည်းအဝေး ပြန်လည်ပေါ်ပေါက်လာခဲ့သည်၊ ယခုတကြိမ်တွင် 'ဝင်ရိုးတန်းပါတီကြီးများ' က ဦးစီးလိုက်နာစေသော ဖူရာရာရှပ်ဖ် (Führerschaft) ဂျာမန်နာဇီနမူနာအတိုင်း ပေါ်ပေါက်လာသောကြောင့် အမျိုးသား ဆိုရှယ်လစ်စနစ် ဖြစ်ပေါ်လာမည့်နည်း အလားအလာများစွာ ရှိနေသည်၊ ထိုဖြစ်ပေါ်လိုးဆက် မှုများတွင် မြန်မာနိုင်ငံ၏ ပြန်လည်အသက်ဝင်စ ဒီမိုကရေစီမှာ ရုတ်တရက် ရပ်ဆိုင်းသွားသည်၊ ဗမာ့ကာကွယ်ရေးတပ်မတော်ကို ဗမာ့အမျိုးသားတပ်မတော်(BNA; Burma National Army)ဟု ပြောင်းလဲဖွဲ့စည်းခဲ့သည်၊ ဂျပန်အလိုတော်ရှိ အစိုးရထွန်းအုပ်ချုပ်ရေး၏ ဖိအားပေးမှုကြောင့် ကိုရီးယားပင် ဗိုလ်နေဝင်းကို စစ်ဦးစီးအဖြစ်

ခန့်ထားလိုက်သည်။ ဗိုလ်အောင်ဆန်းကမူ ဗိုလ်လက်ျာကို ဒုတိယလိုနေရာဖြင့် ဗိုလ်ဆက်ဆံရေးအရာရှိ ဖြစ်ခဲ့သည်။

မျိုးချစ်မြန်မာများနှင့် ဂျပန်တို့အကြားတွင် ဖြစ်ပေါ်နေသော ပဋိပက္ခတို့သည် ပိုမို ထင်ရှားလာသည်။ ဂျပန်များက မြန်မာပြည်အား လွတ်လပ်ရေးပေးခြင်း မဟုတ်ဘဲ သိမ်းပိုက်ထားသောကြောင့် ကျောင်းသားဟောင်းမှ စိတ်ဓါတ်ပိုမိုပြင်းထန်သော CPB အဖွဲ့ဝင် ရဲဘော်ရဲဘက်တချို့မှာ လက်နက်ကိုင်တော်လှန်ရေးအတွက် ခေါင်းဆောင်လှုပ်ရှားမှုများ ပြုလုပ်နေခဲ့ကြသည်။ CPB အဖွဲ့ဝင်တဦးဖြစ်ပြီး လျှို့ဝှက်ထားသည့်အမည်များဖြင့် ဧရိယာများသွားရောက်၍ 'ငါးတောင်းခရီးသည်' ဟု အမည်တွင်ခဲ့သူ သခင်သိန်းဖေကို မဟာမိတ်များနှင့် လျှို့ဝှက်ဆက်သွယ်ရန် ကာလကတ္တားသို့ စေလွှတ်ခဲ့သည်။ ဗြိတိသျှတို့က သူ့အား ကွန်မြူနစ်ပါတီဝင်ဖြစ်သော်လည်း အကူအညီပေးမည်ဟု ကတိပြုခဲ့ကြသည်။ မြန်မာပြည် မြောက်ပိုင်းနှင့် အရှေ့ပိုင်း တောင်တန်းဒေသတို့တွင် တိုင်းရင်းသားမြောက်ကျားများ၏ လက်ရုံးရည်ကြောင့် ဂျပန်တို့ အကျအဆုံးများ၍ တောင်ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် BNA သည် နောက်ဆုံးခြေလှမ်းအနေဖြင့် ဂျပန်တို့ကို စစ်ကြေညာလိုက်သည်။

စစ်ဆင်ရေး မဟာဗျူဟာဒေသကူစံရာဒေသ မြန်မာပြည်ကို စစ်တိုင်းကြီး ၈ တိုင်း ပိုင်းခြားသတ်မှတ်လိုက်ကြသည်။ မြစ်ဝကျွန်းပေါ်ဒေသ၏ အရှေ့ဘက်ခြမ်းဖြစ်သော ရန်ကုန်အနီးရှိ မှော်ဘီရှိ စစ်တိုင်းအမှတ်(၂)တွင် စစ်ဦးစီးအဖြစ် ဗိုလ်နေဝင်းအား ခန့်ထားခဲ့သည်။ နိုင်ငံရေးမှူးမှာ လက်ဝဲဝါဒီ ရဲရဲတောက်သခင်စိုးဖြစ်သည်။ စစ်တိုင်း အမှတ်(၆)ဖြစ်သော မြန်မာပြည်အလယ်ပိုင်း ပျဉ်းမနား – မိတ္ထီလာဒေသကို ဗိုလ်ရဲထွဋ်၊ အမှတ်(၄)နယ်မြေဖြစ်သော တောင်ငူ ဟံသာဝတီဒေသကို ဗိုလ်ကျော်ဇော၊ အမှတ်(၇) နယ်မြေဖြစ်သော အနောက်မြန်မာပြည်အလယ်ပိုင်း မြေလတ်ဒေသ သရက် – မင်းဘူးဒေသကို ဗိုလ်မှူးအောင်တို့က အသီးသီး တာဝန်ယူကြရသည်။ ဗိုလ်မှူးအောင်နှင့် ပသဝန်ကျော်သော နိုင်ငံရေးမှူးမှာ လူငယ်ကွန်မြူနစ် သခင်တင်မြ ဖြစ်သည်။ တနင်္သာရီတိုင်း ထားဝယ်မြို့ တကိုက်တွင် သတ္တိရှိလှပသော လက်ဝဲဝါဒီ သခင်ဘသိန်းတင်က နိုင်ငံရေးမှူးအဖြစ် တာဝန်ယူရသည်။ ဤသို့ဖြင့် ဖျော်ဖြူသော နိုင်ငံရေးတပ်ပေါင်းစုကြီး ဖွဲ့စည်းလိုက်ကြသည်။ ၎င်းအမှတ်တွင် ယင်းတပ်ဦးကို ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဟု ခေါ်တွင်ခဲ့သော်လည်း နောက်တွင် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်(ဖဆပလ) အဖြစ် ထင်ရှားလာကာ ဂျပန်တော်လှန်ရေးတွင် နိုင်ငံရေး ဦးစီးလမ်းညွှန်မှုပေးခဲ့သည်။

မေလ ၃၀ ရက်နေ့တွင် ရေလပ်ဗိုလ်ချုပ်ကြီး လူးဝစ္စမောင့်ဘက်တန်က ကန္ဒီမြို့တွင် ကျင်းပသော အစည်းအဝေးတခု၌ BNA ကို မျိုးချစ်ဗမာတပ်ဖွဲ့ (PBF; Patriotic Burmese Forces) အဖြစ် အသိအမှတ်ပြုခဲ့သည်။ ဇွန်လ ၁၅ ရက်နေ့ ရန်ကုန်မြို့၌ အနိုင်ရရှိပြီးနောက်ခံတွင် ကြွယ်ဖြိုးကျမှုရှိပါသော ဗမာတော်လှန်ရေးခေါင်းဆောင်သည် ဗြိတိသျှ ခေါင်းဆောင်နှင့် လေးချင်းယှဉ်၍ တလှုပ်လှုပ်ရှိနေသေးသည်။ စစ်ကြီးပြီးဆုံးသွားခဲ့သော်။ မျိုးချစ်ဗမာတပ်ဖွဲ့ကို လူပေါင်း ၄၇၀၀ ပါသော အမြဲတမ်းတပ်မတော်အဖြစ် ဖွဲ့စည်းလိုက်သည်။ သို့သော် တော်လှန်ရေးတွင် ပါဝင်ခဲ့သော ရဲဘော် ၃၅၀၀၀ ကျော်မှာ တပ်မတော်သို့ မဝင်ဘဲ ပြည်သူ့ရဲဘော်အဖွဲ့ (PVO; People's Volunteer Organisation)ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့မှာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ပြည်သူ့စစ်အဖွဲ့ဖြစ်သည်။ ဗိုလ်အောင်ဆန်းသည် ဖဆပလ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော မြန်မာ့လွတ်လပ်ရေး

အတွက် မဆိုင်းမတွကြိုးပမ်းတော့သည်။ သူသည် CPB ကို တည်ထောင်သူဖြစ်ပြီး ဂျပန်တို့နှင့် မဟာမိတ်ဖွဲ့ခဲ့သူဖြစ်သော်လည်း မောင့်ဘက်တန်၏ ချစ်ခင်လေးစားမှုကို ရခဲ့သည်။ မြန်မာနိုင်ငံကို တစုတစည်းတည်းဖြစ်အောင် ထိန်းသိမ်းနိုင်မည့် နိုင်ငံရေး ခေါင်းဆောင်မှာ အောင်ဆန်းမှလွဲ၍ မည်သူမှမရှိဟု မောင့်ဘက်တန်က ဗြိတိသျှအစိုးရ သက်ဝင်ယုံကြည်လာအောင် ပြောပြခဲ့သည်။ အောင်ဆန်းသည် ပြောင်းလဲတတ်သော စရိုက်လက္ခဏာ ရှိပုံရသော်လည်း မျိုးချစ်လူငယ်တဦးအဖြစ် သူလုပ်ဆောင်ခဲ့သမျှသည်၎င်း၊ ပုဂ္ဂိုလ်ပေါင်းစုံဖြင့် မဟာမိတ်ဖွဲ့ခဲ့သမျှသည်၎င်း မြန်မာပြည် လွတ်လပ်ရေးဟူသည့် ရည်ရွယ်ချက်တခုတည်းအတွက်သာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း မောင့်ဘက်တန်က ယုံကြည်လက်ခံခဲ့သည်။ ထို့ကြောင့် ဗိုလ်အောင်ဆန်းမှာ အထူးထင်ရှား၍ ထောက်ခံမှု ရရှိခဲ့သည်။

ထိုအချိန်တွင် အဓိကပြဿနာမှာ CPB ၏ ရပ်တည်မှုပင်ဖြစ်သည်။ သခင်စိုး ဦးဆောင်သည့် ဝါဒစွဲပြင်းထန်သောသူများက နယ်ချဲ့သမားများကို ပြည်သူ့စစ်ဖြင့် တိုက်ခိုက်ရေးမှန်းခြင်းဖြင့်သာလျှင် မြန်မာပြည်၏ စစ်မှန်သောလွတ်လပ်ရေးကို ရရှိနိုင်မည်ဟု ငြင်းခုံခဲ့ကြသည်။ သခင်အောင်ဆန်းနှင့် မယားညီအကိုတော်သူ ဖဆပလ အထွေထွေ အတွင်းရေးမှူးချုပ် သခင်သန်းထွန်း ဦးဆောင်သော ဝါဒစွဲမပြင်းထန်သူများက ဖဆပလ အတွင်း၌သာ လုပ်ကိုင်လိုကြပြီး ဆိုရှယ်လစ်နိုင်ငံဖြစ်ရေးကို လိုလားကြသည်။ ၁၉၄၆ ခုနှစ် မတ်လတွင် CPB နှစ်ခြမ်းကွဲခဲ့ပြီး မကြာမီ သခင်စိုးသည် ပြောက်ကျားတပ်ဖွဲ့ငယ်တခုနှင့်အတူ မြစ်ဝကျွန်းပေါ်သို့ တောခိုသွားကာ အလံနီကွန်မြူနစ်ပါတီအဖြစ် လှုပ်ရှားခဲ့သည်။

CPB ၏ ပင်မအုပ်စုမှာ ဗိုလ်အောင်ဆန်း၏ လွတ်လပ်ရေးအကြိုကာလ အစိုးရအဖွဲ့တွင် ပါဝင်လာကာ ပါတီဝင်ဖြစ်သော စစ်တွင်းခရီးသည် သခင်သိန်းဖေသည် သစ်တောနှင့် လယ်ယာစိုက်ပျိုးရေးဌာနဝန်ကြီး ဖြစ်လာသည်။ သို့သော် နှစ်ပတ်အကြာတွင် သူသည် ထိုရာထူးမှ နုတ်ထွက်လိုက်သည်။ အကြောင်းမှာ ဗိုလ်အောင်ဆန်းက အစိုးရအဖွဲ့အတွင်းသို့ ဗမာပြည်ကွန်မြူနစ်ပါတီဝင်များ ထပ်မံပါဝင်ရန်ကိစ္စကို ငြင်းပယ်လိုက်၍ ဖြစ်သည်။ ဤတွင် သခင်သန်းထွန်းသည် ဖဆပလ အစိုးရကို ဆန့်ကျင်သပိတ်မှောက်တော့သည်။ အခြေအနေနှင့် ဗမာပြည်ကွန်မြူနစ်ပါတီသည် ဖဆပလ အဖွဲ့ချုပ်မှ ထုတ်ပယ်ခြင်းခံလိုက်ရသည်။ ဦးကျော်ငြိမ်း အထွေထွေအတွင်းရေးမှူးချုပ် ဖြစ်လာသည်။ ၁၉၄၇ ခုနှစ်တွင် အစိုးရက မြစ်ဝကျွန်းပေါ်ဒေသကို ဝင်ရောက်တိုက်ခိုက်ကြသည့် အလံနီအဖွဲ့အား တရားမဝင်သောပါတီအဖြစ် ကြေညာလိုက်သောကြောင့် ဗိုလ်အောင်ဆန်းနှင့် ကွန်မြူနစ်တို့အကြားရှိ ဝိဝါဒကွဲပြားမှုမှာ ပိုမိုကြီးမားလာခဲ့သည်။

ထိုစဉ်က ဗိုလ်အောင်ဆန်း၏ ကြိုးပမ်းမှုများမှာ စတင် အကောင်အထည် ပေါ်လာသည်။ ဇန္နဝါရီလ ၂၇ ရက်နေ့တွင် ဗိုလ်အောင်ဆန်းသည် ဗြိတိသျှလေဘာပါတီမှ ဝန်ကြီးချုပ် ကလဲမင်းအက်တလီ(Clement Attlee)နှင့် မြန်မာပြည်ကို တနှစ်အတွင်း လွတ်လပ်ရေးပေးရေးစာချုပ်ကို လန်ဒန်မြို့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဗိုလ်အောင်ဆန်းသည် ရှမ်းပြည်နယ် ပင်လုံမြို့သို့သွားရောက်ကာ ရှမ်း၊ ကချင်၊ ချင်းခေါင်းဆောင်များနှင့် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုစာချုပ်မှာ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံကို ထူထောင်ရန်အတွက် တိုင်းရင်းသားများ ပူးပေါင်းပါဝင်ရန် လမ်းခင်းပေးလိုက်သော ပင်လုံစာချုပ်ဖြစ်သည်။

ဗမာအမျိုးသားရေးပါတီတို့အပေါ်တွင် သဘောထားဖြစ်လျှင်နေသော ကရင်များလည်း မှန်ကန်သည့်အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်ကြရန်ခွင့်မရှိရေး၊ သူတို့၏ အဓိက နိုင်ငံရေးအဖွဲ့အစည်းဖြစ်သော စောဘဦးကြီး ခေါင်းဆောင်သည့် ကရင်အမျိုးသားအစည်းအရုံး (KNU; Karen National Union) သည် မပြင်လျှင်ကျင်းပသော တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲတွင် မပါဝင်ဘဲ သပိတ်မှောက်ရန် ဆုံးဖြတ်လိုက်ကြသည်။ ထို့အတူ CPB လည်း ရွေးကောက်ပွဲတွင် ပါဝင်ခြင်းမရှိခဲ့ချေ။ သို့သော် ဖဆပလအနေဖြင့် ပါဝင်ယှဉ်ပြိုင်သော ကွန်မြူနစ် ၇ ဦးမှာ ပြိုင်ဘက်မရှိဘဲ အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်၊ လွှတ်တော်တွင် စုစုပေါင်းအမတ်ဦးရေ ၂၅၅ ဦးပါရှိပြီး ဖဆပလအဖွဲ့ချုပ်က လွှတ်တော်အမတ်နေရာ ၂၄၈ နေရာကို ရရှိခဲ့သည်၊ မှဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် မူကြမ်းကို ရေးသားပြုစုရာတွင် အိုင်ယာလန်၊ ယူဂိုဆလားဗီးယားနှင့် အိန္ဒိယတို့၏ အခြေခံဥပဒေများမှ နည်းနာများကို အတုယူခဲ့ကြသည်။ ယင်းအခြေခံဥပဒေမှာ ဒီမိုကရေစီနည်းကျပြီး ဖက်ဒရယ် (ပြည်ထောင်စုစနစ်) အသွင်လည်း ဆောင်သည့်အပြင် အခြေခံဒီမိုကရေစီ အခွင့်အရေးတို့ကို အာမခံပေးထားသည်၊

လက်ဝဲကြိုးအုပ် အာဏာရှင်စနစ် (Totalitarianism) သည် ဂျပန်ခေတ်တွင် ခေတ္တ ပြန်လည်ပေါ်ပေါက်လာခဲ့သေးသော်လည်း ယခုအခါတွင် ပျောက်ကွယ်သွားခဲ့သည်၊ ၁၉၄၇ ခုနှစ် အခြေခံဥပဒေ၏ ဝိသေသပြဆုံးသော ကဏ္ဍမှာ အခန်း (၁၀) ပင် ဖြစ်သည်၊ "ဤဥပဒေ အတည်ပြုပြီးနောက် ဆယ်နှစ်ပြည့်မြောက်သည့် အချိန်တွင်" ရှမ်းနှင့် ကယား (ကရင်နီ) တို့သည် ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်ရှိကြောင်း အခန်း (၁၀) တွင် ပါဝင်သည်၊ ဤအချက်နှင့် ဆင်တူသော အခြေခံဥပဒေတစ်ခုမှာ ဆိုဗီယက်ယူနီယံ၏ ၁၉၃၆ ခုနှစ် အခြေခံဥပဒေပင် ဖြစ်၏၊ ရှမ်းနှင့် ကယား (ကရင်နီ) တို့၏ ခွဲထွက်ပိုင်ခွင့် ဥပဒေကို ထည့်သွင်းရသည့် ရည်ရွယ်ချက်မှာ တိုင်းရင်းသားလူမျိုးစုများကို နှစ်သိမ့်ကြိုနှင့် သူတို့၏ဒေသများ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ပါဝင်လာစေရန် သိမ်းသွင်းခြင်း ဖြစ်သည်ဟု ယူဆရသည်။ ဆိုဗီယက်ယူနီယံမှာကဲ့သို့ပင် ဤဥပဒေကို မည်သည့်အခါတွင်မျှ လက်တွေ့ကျင့်သုံးရန် မျှော်လင့်ချက်မထားရှိခဲ့ကြပေ၊

* * *

လွတ်လပ်ရေးအတွက် အသင့်ဖြစ်နေချိန်တွင် လုံးဝမမျှော်လင့်ထားသော ဖြစ်ရပ်ဆိုး ပေါ်ပေါက်လာခဲ့သည်၊ ဇူလိုင်လ ၁၉ ရက်နေ့ နံနက်တွင် ဂျစ်ကားတစ်စီး ရန်ကုန်မြို့ လမ်းမတော်လမ်းမှ အမြန်မောင်းနှင်လာပြီး ဒါလ်ဟိုဇီလမ်း (ယခုမဟာဗန္ဓုလလမ်း) ရှိ အတွင်းဝန်ရုံး (ယခုဝန်ကြီးများရုံး) ရှေ့ကွင်း ထိုးရပ်လိုက်ကြ၏၊ အပေါ်မှ စက်သေနတ်များ ကိုင်ဆောင်ထားကြသော စစ်ယူနီဖောင်းဝတ်လူငယ်တစ်စု ကားပေါ်မှခုန်ဆင်းလိုက်ကြသည်၊ အစိုးရအဖွဲ့ အစည်းအဝေးကျင်းပလျက်ရှိသည့် ဝိုင်ယာနီ အဆောက်အဦးအပေါ်ထပ် အခန်းသို့ အပြေးတလှမ်း ဝင်ရောက်လာကြသည်၊ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းဦးစီး၍ အစည်းအဝေးထိုင်နေကြသော ဝန်ကြီးများရှိရာအခန်းထဲသို့ ဝင်သွားကြပြီး သေနတ်နှင့်ချိန်၍ "ထိုင်နေကြ၊ မလှုပ်ကြနဲ့" ဟု အော်ဟစ်အမိန့်ပေးလိုက်သည်။ ဗိုလ်ချုပ်အောင်ဆန်း ထရပ်လိုက်သည့်အချိန်တွင် သေနတ်သမားများက ဒေါသပစ်ခတ်လိုက်တော့သည်။ စက္ကန့်၃၀

အကြာမျှ ပစ်ခတ်ပြီးနောက် အဆောက်အဦးပြင်ပရှိ သူတို့၏ဂျစ်ကားများဖြင့် ထွက်ခွာသွားခဲ့ကြသည်။

နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အတွင်းဝန်ရုံးရှိ အခြားပုဂ္ဂိုလ်များ အစည်းအဝေးခန်းမထဲသို့ တိုးဝှေ့ဝင်ရောက်လာကြသည်။ တခန်းလုံး စူးရှသောယမ်းငွေ့များဖြင့် ပိတ်မှောင်နေတော့သည်။ ဖျွမ်းထိုးမှောက်ခုံဖြစ်နေသော စားပွဲကုလားထိုင်များတွင်လည်း သွေးကွက်များ စွန်းထင်းပေကျံလျက်ရှိပြီး ကြမ်းပြင်ပေါ်၌ လဲနေသော ၉ ဦးမှာ အသက်ပျောက်လျက်ရှိသည်။ ထိုသူတို့မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏ရောင်းရင်းဖြစ်သူ ၁၉၂၀ ခုနှစ်က ကျောင်းသားသပိတ်ခေါင်းဆောင် သခင်မြ၊ အမျိုးသားရေး 'ဒီးဒုတ်' ဂျာနယ် အယ်ဒီတာဖြစ်ခဲ့သော ထင်ရှားသည့် ဖဆပလ ခေါင်းဆောင် ဦးဘချို၊ ကျောင်းအုပ်ဆရာကြီးလည်းဖြစ် နိုင်ငံရေးသမားလည်းဖြစ်သော မွတ်ဆလင်အမျိုးသား ဦးရာဇတ်၊ ရေနံချောင်းရေနံမြေ ဖဆပလ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း၏အကိုကြီး ဦးဘဝင်း၊ ဖဆပလ အစိုးရနှင့် ရှားရှားပါးပါးပေါင်းခဲ့သော ကရင်ခေါင်းဆောင် မန်းဘခိုင်၊ ပြည်မနှင့် ပြည်နယ်တောင်တန်းဒေသများ ပူးပေါင်းရေးအတွက် သခင်အောင်ဆန်း၏ ကြိုးပမ်းမှုတွင် ပါဝင်ခဲ့သော ရှမ်းပြည်နယ်မှ မိုင်းပွန်စော်ဘွားကြီး စပ်စံထွန်း တို့ဖြစ်ကြသည်။ ထို့အပြင် လူသတ်သမားများ ရောက်နေချိန်၌ပင် အစီရင်ခံစာတစု တင်သွင်းရန် ရောက်ရှိလာသော သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယအတွင်းဝန်ဖြစ်သူ ဦးအုန်းမောင်နှင့် ဦးရာဇတ်၏ သက်တော်စောင့် ရဲဘော်ကိုထွေးတို့လည်း သေဆုံးသွားခဲ့ကြသည်။

တမျိုးသားလုံး မှုဆွေးကြေကွဲမဆုံး ဖြစ်ကြရလေသည်။ လွတ်လပ်ရေးမရမီပင် ဗြိတိသျှလက်အောက်မှ မြန်မာပြည်ကို လွှဲပြောင်းလက်ခံ တာဝန်ယူရန် ပြင်ဆင် ကြိုးပမ်းနေကြသော အမျိုးသားခေါင်းဆောင်များ ကွယ်လွန်ကြရရှာလေပြီ။ အမျိုးသားသူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်းမှာ အသက် ၃၂ နှစ်သာရှိသေးပြီး၊ ဇနီးဒေါ်ခင်ကြည်နှင့် ကလေးငယ် သုံးယောက် (သားငယ် ၂ ဦးနှင့် ၂ နှစ်အရွယ် သမီးငယ်တဦး) ကျန်ရစ်ခဲ့သည်။ ထိုနေ့၌ပင် ရန်ကုန်ပုလိပ်များက ဂဠုန်ဦးစောကို ဖမ်းဆီးလိုက်ပြီး လူသတ်မှုနှင့် စွဲချက်တင်တော့သည်။ ဦးစောမှာ လက်ျာနိုင်ငံရေးသမားတယောက်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ အဓိကပြိုင်ဘက်ကြီးဖြစ်သည်။ သူသည် လွတ်လပ်သော မြန်မာနိုင်ငံတွင် ဝန်ကြီးချုပ်ရာထူး ရရှိရေးအတွက် လုံးပန်းနေသူလည်းဖြစ်သည်။ ဦးစောမှာ အပြစ်ရှိကြောင်း တွေ့ရှိသဖြင့် ၁၉၄၈ ခုနှစ် မေလတွင် ကြိုးပေး၍ ကွပ်မျက်ခြင်းခံရလေသည်။

* * *

ဖဆပလ အဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌဖြစ်သော ကျောင်းသားခေါင်းဆောင်ဟောင်း သခင်နုသည် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သည်။ အောက်တိုဘာလတွင် သူသည် လန်ဒန်မြို့သို့ သွားရောက်ကာ အက်တလီနှင့် ဒုတိယစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။ မြန်မာနိုင်ငံရှိ ထင်ရှားသော နက္ခတ်ဗေဒပညာရှင်များက ဂရုတစိုက် တွက်ချက်ရွေးချယ်ပေးခဲ့သည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ၁၉၄၈ ခုနှစ် ဇန္နဝါရီလ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် မြန်မာပြည်သည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်လာခဲ့သည်။ ထိုဗေဒင်ဆရာများကို အနောက်တိုင်းမှ ပညာသင်ကြားပြီး ပြန်လာသော နိုင်ငံရေးခေါင်းဆောင်များကပါ တိုင်ပင်နှစ်ကြသည်။

ယူနီယံဂျက်ဟုခေါ်သော ဗြိတိသျှအလံကို ဆွဲချပြီး မြန်မာပြည်တွင် နောက်ဆုံး ကျန်ရစ်ခဲ့သော ဗြိတိသျှစစ်သားများသည် စစ်သင်္ဘောပေါ်သို့ "အော်လ်လန်းဆိုင်း" ဟုခေါ်သော တေးသွား (Auld Lang Syne) ကို တီးမှုတ်၍ ထွက်ခွာသွားကြသည်။

ဦးနုသည် လွတ်လပ်သော သမ္မတနိုင်ငံ၏ အစိုးရအဖွဲ့ကို ဦးဆောင်ပြီး သမ္မတရာထူးကိုမူ ရှမ်းစော်ဘွားကြီး စဝ်ရွှေသိုက်အား အပ်နှင်းလိုက်သည်။ ညောင်ရွှေ စော်ဘွားကြီး စဝ်ရွှေသိုက်မှာ မြန်မာပြည်မှ များစွာသော တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များအနက် အထင်ရှားဆုံးဖြစ်သည်။ ကချင်တို့အကြားတွင် မကျေနပ်မှုများ ပြန့်ပွားနေသော်လည်း ကရင်အမျိုးသားစာဗိုလ်ကြီးဖြစ်သူ ဗိုလ်ချုပ်ကြီး စမစ်ဒွန်းကို တပ်မတော်၏ စစ်ဦးစီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ သူ့လက်အောက်ရှိ အရေးပါသော ရာထူး နှစ်နေရာကိုလည်း ကရင်များပင် ခန့်အပ်ခဲ့သည်။ သို့နှင့် ဆန်းဟတ်စ် (Sandhurst) ဗြိတိသျှစစ်တက္ကသိုလ်ဆင်း ဗိုလ်မှူးချုပ် စောကြာဒိုးမှာ စစ်ဦးစီးချုပ်ဖြစ်လာပြီး ဗိုလ်မှူးချုပ် ရှီရှိုးမှာ ဒုစစ်ဦးစီး(လေ) ဖြစ်လာခဲ့သည်။ သူတို့အသီးသီးကို ခန့်အပ်ခြင်းအကြောင်းမှာ ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီက အကြံအစည်ပြုထားသောကြောင့် ဖြစ်သည်။ ပြည်ထောင်စု တည်မြဲရေးကို အထောက်ရှုရှု စီစဉ်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အလေးအနက်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံသည် သုံးလမပြည့်မီ ဖေးဆောင်ရှင်ရပ်ပြဿနာနှင့် ကြုံတွေ့ရတော့သည်။ မတ်လ ၂၈ ရက်နေ့တွင် သခင်သန်းထွန်း ဦးဆောင်သော CPB အဖွဲ့သည် တောခို၍အစိုးရအား လက်နက်ကိုင် တိုက်ခိုက်တော့သည်။ ရန်ကုန်မြို့မြောက်ဘက်ရှိ ပဲခူးခရိုင် ပေါင်းတည်ခေါင်းကြီးဆောင်ရွာ၌ ဧပြီလ ၂ ရက်နေ့တွင် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုမှာ ပထမဆုံး တိုက်ပွဲခေါ်သံဖြစ်သည်။ ဇူလိုင်တွင် မြန်မာပြည်၏ အနောက်ပိုင်းကြော ပြည်ကွင်းဖက် စတင်ခဲ့သည်။ နှလုံးလတွင် ပြည်သူ့ရဲဘော် အဖွဲ့ဝင်များ တပ်လှန်ကြလည်း အစိုးရအား ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ ထို့နောက် ဩဂုတ်လတွင် သရက်မြို့ရှိ ဗမာ့သေနတ်ကိုင်တပ်ရင်း(၁)မှ ရဲဘော်များ ပုန်ကန်ကြရာ သရက်ဘဏ်တွင်း မှငွေများကို တခြားနေရာများသို့ ပို့ဆောင်သွားခဲ့သည်။ မြန်မာပြည် အလယ်ပိုင်းဒေသများ ကောင်းစွာပုန်ကန်များလက်ထဲသို့ ကျရောက်သွားတော့သည်။

တစ်ဖန် ဩဂုတ်လမှစ၍ KNU ၏ ကိုယ်ပိုင်စစ်ကာကွယ်ရေးတပ်ဖြစ်သော စောဘဦးကြီး ခေါင်းဆောင်သည့် ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ချုပ် (KNDO, Karen National Defence Organisation) သည် အင်းစိန် အောက်ပြည်အောက်ဒေသကိုလည်း အစိုးရတပ်များကို ဆောင်တိုက်ခိုက်လာကြသောအခါ အခြေအနေမှာ သည်းထိတ် ရင်ဖိုဖွယ်ဖြစ်လာတော့သည်။ ၁၉၄၉ ခုနှစ် ဇန်နဝါရီလတွင် ကရင်ကို၏ လက်နက်ကိုင်သူပုန်မှုသည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာခဲ့သည်။ ကရင်ကိုသည် ရန်ကုန်မြောက်ဘက်ပိုင်းရှိ အင်းစိန်မြို့ကို သိမ်းပိုက်ထားပြီး စာမျည်ဆိုးလွှန်းလှသော အင်းစိန်ထောင်မှ ထောင်သားများကို လွှတ်ပေးခဲ့ကြသည်။ လွှတ်ပေးလိုက်သူများအနက် ဗိုလ်ချုပ်အောင်ဆန်းတို့အား လုပ်ကြံသူများကို လက်နက် ထုတ်ပေးမှုဖြင့် ထောင်ကျနေသူ ဗြိတိသျှအမှုထမ်း ဗိုလ်ကြီးဗီဗီယန် (Capt Vivian) လည်း ပါဝင်ခဲ့သည်။

အနောက်ဘက်ရှိ ရခိုင်ဒေသတွင် မူဂျာဟစ်ဆိုင်ရာ ... များအပြင် ရောင်စုံ သူပုန်မြောက်များသည်ကြီး အနိုင်ဆောင်ဘွား ... ကြသည်။ အဖွဲ့အစည်း နှစ်များကို ... ခေါင်းဆောင်ခဲ့သည်။ သူ့နည်းတူဖြင့် ... တိုက်ခိုက်ပါတော့သည် ... အနောက်တောင်တန်းဒေသများတွင် ခရုဝတ်ကျွန်းများကို

ဆင်နွှဲလျက်ရှိသည်။ စိန့်သည် ဘုန်းကြီးလူထွက်တဦးဖြစ်ပြီး 'ရခိုင်ပြည်၏ဘုရင်' ဟုလည်း လူသိများသည်။ အနည်းငယ်မျှသော မွန်၊ ကရင်နီနှင့် ပအိုဝ်းတို့သည်လည်း ကရင်သူပုန်များနှင့် မဟာမိတ်ဖွဲ့ပြီး တိုင်းပြည်၏ အရှေ့ပိုင်းဒေသတွင် ရန်ကုန်အစိုးရကို တိုက်ခိုက်နေခဲ့ကြသည်။

ဗမာ့တပ်မတော်ရှိ ထိပ်သီးကရင်ဗိုလ်ချုပ်ကြီးမှာ အစိုးရအပေါ် သစ္စာစောင့်သိကြသော်လည်း၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အငြိမ်းစားယူခဲ့သည်။ စစ်ဦးစီးချုပ်၏ လက်ထောက်ဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီးနေဝင်းအား ရက်ချင်း၊ တပ်မတော်၏ စစ်ဦးစီးချုပ်နှင့် စစ်သေနာပတိအဖြစ် ခန့်အပ်လိုက်ကြသည်။ ရဲအဖွဲ့နှင့် ပြည်သူ့ရဲဘော်အဖွဲ့တို့ကိုလည်း သူ၏လက်အောက်၌ပင် ထားလိုက်သည်။ ဧပြီလ ၁ ရက်နေ့တွင် သူ့ကို ဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့ပြီး ကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာနများကိုပါ မှူးတွဲတာဝန်ယူစေခဲ့သည်။

ရုတ်ချည်းဆိုသလို လူသိနည်းလှသော ဒုတိယဗိုလ်ချုပ်ကြီးနေဝင်းသည် နိုင်ငံ၏ ဩဇာအာဏာ အရှိဆုံးပုဂ္ဂိုလ် ဖြစ်လာခဲ့သည်။ ဦးနု၏ အရပ်သားအစိုးရမှာ ထစ်ငေါ့နေပြီး လက်နက်ကိုင် အောင်လှန်ပုန်ကန်သူများကြား သုံးပိုင်း၌ ခါးဖြတ်ခံနေရသလိုသည်။ နောက်တွင် သမိုင်းဆရာ ဒေါက်တာမောင်မောင်၏ ရေးသားချက်အရ ဒိုယိမ်းနေသည့် ထိုအချိန်က နိုင်ငံရေးအာဏာကို ချုပ်ကိုင်မှုကို ဖမ်းယူပြုမည်ကားမရှိသေးချေ။ ကာကွယ်ရေးအောင်ပွဲကို လွတ်လပ်စွာနှင့် တရားမျှတစွာ ကျင်းပနိုင်ရေးအတွက် ငြိမ်းချမ်းရေးကို အရယူ တည်ဆောက်ပေးမည် ဖြစ်ကြောင်း သူက ကတိပြုခဲ့သည်။ ကော်မရှင်ပေးပြီးသူများသာ ရှေ့တန်းသို့ချက်ကြီးကျသော ဗိုလ်ချုပ်ကြီး၏ အရှိန်အဝါ ကြီးမားလာမှုကို စိုးရိမ်စွာ စောင့်ကြည့်ပါကြသည်။ သူသည် စစ်တပ်တွင်း ဩဇာနိုင်မြဲရေးကို ဂရုစိုက်ခဲ့ ကြီးပမ်းလာခဲ့သည်။ သူ၏ဩဇာခံလူစုမှာ သူဦးစီးခဲ့သော ဗမာ့သေနတ်ကိုင်တပ်ရင်း (၄) မှ အရာရှိတစုဖြစ်သည်။ ဒုတိယကမ္ဘာစစ် အပြီး၌ ဖွဲ့စည်းခဲ့သော တပ်ရင်း (၄) သည် ဖွဲ့စည်းချိန်မှစ၍ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ အထိ သူ၏ဦးစီးမှုအောက်တွင် ရှိနေခဲ့သည်။ တပ်ရင်း (၄) မှ အရာရှိစစ်ဗိုလ်များမှာ ဦးနေဝင်း၏ မဟာဗျူဟာ ပေါ်လစီကို ထောက်ခံအားပေးခဲ့ကြသည်။

ပေးကိုနက်တိုင်းအကြမ်းဖက်ကြီး မဲဆါ ပေါက်လာသော ဗမာ့တပ်မတော်မှာ ခဲယမ်းနည်းပါးပြီး တပ်ရင်း ၁၂ ရင်းသာ ရှိသည်။ လူအများစုမှာ ကရင်များဖြစ်ပြီး ပုန်ကန်သူမှ ပါဝင်ခဲ့ကြသည်။ တပ်ရင်း ၂ ခုကို ကွန်မြူနစ်များ ထိန်းချုပ်ထားပြီးဖြစ်၍ စည်းရုံးထားကြသည်။ နိုင်ငံတဝှမ်းလုံးမှာ အဓိကရာယ်နှင့်ရင်ဆိုင်နေရပြီး မြို့အောက်နှင့်အနီးပတ်ဝန်းကျင်ရှိ နယ်မြေများကိုသာ အုပ်ချုပ်ထားနိုင်သော ဦးနုအစိုးရကို ပြင်ပကမ္ဘာမှ 'ရန်ကုန်အစိုးရ' ဟု မပြောင်မလှောင်ခေါ်ဆို လာကြသည်။

"အနီးရှ ဆက်လက်ရပ်တည်နိုင်မည်လော ယုံကြည်သူ နည်းပါးလှသည်။ သို့သော် ကနဦးတာ၌ ရပ်တည်နိုင်ခဲ့ပြီး ပင်မစစ်တပ်ကြီးအချိန်လွှဲ ကာမဆောင်ပြီ အာသမ်ပြန်လည် ပေါင်းစည်းသည်။ ပြည်သူများ၏ ထောက်ခံမှုရအောင် ကြိုးပမ်းရသည်။ ပြည်သူများကို စည်းရုံးရာ၌ ဒီမိုကရေစီ၏ အကြောင်းတရားတွင် စစ်အာဏာရှင်နှင့် ကွန်မြူနစ်အာဏာရှင် စနစ်များသာရှိကြောင်း၊ ယင်းတို့နှစ်ခုစလုံးပေါ်လျှင် တိုင်းပြည်ကို မဟုတ်မတရားဖြစ်စေမည် ဖြစ်ကြောင်း ပြည်သူများ ယုံကြည်လာစေရန် ပြောပြခဲ့ရသည်" ဟုသည်ဖြင့် ဦးနုလက်ထောက် ဦးဘကျော်ငြိမ်းက နောင်တစ်ချိန်တွင် ရေးသားခဲ့သည်။

KNDOတို့၏ အကြွင်းမဲ့ကွန်မြူနစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့ရဲဘော်တို့ ကွန်မြူနစ်များနှင့် ချစ်ကြည်ရေးပျက်ပြားလာခြင်း စသော သူပုန်တို့အတွင်း မညီညွတ်မှုများကြောင့်တကြောင်း၊ အိန္ဒိယဝန်ကြီးချုပ် နေရူးထံမှ ရန်ကုန်သို့ လက်နက်အမြောက်အများ ပို့ပေးမှုကြောင့်တကြောင်း အစိုးရ၏အခံအား နိုင်မာတောင့်တင်းလာခဲ့သည်။ ၁၉၅၁ ခုတွင် မန်ကာနယ်ထကြွမှုကြီး၏ ကျောရိုးကို ချိုးဖျက်နိုင်ခဲ့ခြင်းမှာ မမျှော်လင့်ကြသော ဖြစ်ရပ်တခု ဖြစ်သည်။ စစ်ရေးဖြင့်ဖိအားပေးခြင်း၊ လက်နက်ချသူများအား ရက်ရောစွာ ဆုလာဘ် ထောက်ပံ့ပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ ခိုင်မြဲသော ငွေကြေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များချမှတ်ခြင်း စသော အကြောင်းတရားများ စုပေါင်း၍ အောင်ပွဲခံခြင်း ဖြစ်သည်။

ကရင်သူပုန်တို့၏ ခုခံရေးမှုများသည် ၁၉၅၀ ခုနှစ် ဩဂုတ်လတွင် အထိနာသော ဆုံးရှုံးမှုတခုနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ဗမာ့သေနတ်ကိုင်တပ်ရင်း (၃) မှ တပ်ခွဲတခွဲသည် ထိုင်းနယ်စပ်အနီး အရှေ့ဘက် ကရင်တောင်တန်းတနေရာ၌ ညအမှောင်ရွှေ့နေသော KNU နှင့် KNDO ခေါင်းဆောင် စောဘဦးကြီးတို့တပ်ဖွဲ့နှင့် ဝင်တိုးမိသည်။ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားပြီး စောဘဦးကြီးနှင့် နာမည်ကြီး ကရင်သူပုန်ခေါင်းဆောင် စောမဲလ်ထာတို့ ကျဆုံးခဲ့ရသည်။ (ကျဆုံးသူမှာ အင်းစိန်တပ်စခန်းမှ လွတ်မြောက်ပြီး KNDO နှင့် ပူးပေါင်းသွားသော ဗိုလ်ကြီးစီဘီယန် ဖြစ်သည်ဟု၊ ဗမာ့တပ်မတော်မှ နှစ်ပေါင်းအတော်ကြာ ယုံကြည်ခဲ့ကြသည်။ ဗိုလ်ကြီးစီဘီယန်သည် ၁၉၅၁ ခုနှစ်တွင် မြန်မာပြည်တောင်ပိုင်းမှ ထွက်ခွာပြီး ဆလံနယ် ဂနန်စီးမြို့၌ အခြေချနေထိုင်ခဲ့သည်)

စောဘဦးကြီး၏ ယာယီအမိန့်တော်လှန်ပွဲကို ဦးစီးသူ စစ်ဘက်ရာရှိများအနက် တဦးမှာ ၂၆ နှစ်အရွယ်ရှိ ဗိုလ်မှူးမင်းမောင် ဖြစ်သည်။ သူသည် ယခင်က ဗိုလ်နေဝင်း၏ ဗမာ့သေနတ်ကိုင်တပ်ရင်း (၄) တွင် အမှုထမ်းခဲ့သူ ဖြစ်သည်။

တော်လှန်ပုန်ကန်သူများအား နှိမ်နင်းတိုက်ခိုက်ရေးကို ဦးဆောင်ကျွမ်းကျင်စွာ အတွင်းကပင် တိုက်ရည်ပေါ်လာကြသော အစောဆုံးသပ်မှုများနှင့် တာဝန်ထမ်းဆောင်ပြီး ဗိုလ်နေဝင်းမှာ ရန်ကုန်မြို့၌နေ၍ သူ၏နိုင်ငံရေးအာဏာ တည်တံ့ခိုင်မြဲရေးကို လုံးပမ်းနေခဲ့သည်။ ဗိုလ်နေဝင်းကိုယ်တိုင် ပါဝင်ကြိုးကိုင်ခဲ့သော တိုက်ပွဲမှာ ၁၉၅၇ ခုနှစ်က ဆင်နွှဲခဲ့သည့် ပလေချိုးစစ်ဆင်ရေး (Operation Flush) တခုသာရှိသည်။ ထိုစစ်ဆင်ရေးကို ပျော့ကွက်ရှာ မတိုင်မီ ပြီးတိုင်၊ အိန္ဒိယနှင့် အမှာ(ဗမာ့သေနတ်ကိုင်တပ်ရင်း ၄) စစ်ကောင်များက ရေနံမြေပိုင်း ဒေသနေ မြို့ပေးသကွင်း ကွန်မြူနစ်များအား ပူးတွဲတိုက်ပွဲဆင်နွှဲကြခြင်းဖြစ်သည်။

ရှေးရိုးဆန်သော ဗမာ့သေနတ်ကိုင်ခြင်းမရှိသော လွတ်မြောက်ရေးတိုက်ပွဲကို အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်ထံ ၆ လထက်ပိုရှိ၍ စနစ်တကျနိုင်ခြင်းမရှိသောကြောင့် ဗိုလ်နေဝင်းသည် ကာကွယ်ရေးဝန်ကြီးရာထူးမှ နုတ်ထွက်ပေးခဲ့ရသည်။ ယင်းနေရာကို သူ၏မဟာမိတ် ဦးဗဆွေက ဆက်ခံရယူလိုက်သည်။ ဒေါက်တာမောင်မောင်၏ အဆိုအရ စိုင်မာစွာနှင့်ကျသော ဆိုရှယ်လစ်ပါတီ(ဗမာပြည်ဆိုရှယ်လစ်ပါတီ)ကို ဖွဲ့စည်းဆဲရန် ဦးပေးအာမာ ဗိုလ်နေဝင်းက တိုက်တွန်းခဲ့သည်။ ဗမာ့သေနတ်ကိုင်တပ်ရင်း (၄) အရာရှိများအနက် ဗမာပြည် ဆိုရှယ်လစ် ပါတီသို့ ဝင်ရောက်ခဲ့သူများထဲတွင် ဗိုလ်မှူးကြီးအောင်ကြီးလည်း ပါဝင်ခဲ့သည်။ သူသည် စင်ဦးစီးမှူးတဦးဖြစ်ပြီး ပေါင်းတည်းဖက်တိ တရုတ်ဗမာလူမျိုးကပြားဖြစ်သည်။

ဗမာပြည်ဆိုရှယ်လစ်ပါတီမှာ အောင်ဆန်းအဖွဲ့ချုပ်အတွင်းတွင်ပါဝင်ပြီး အင်အား အကောင်းဆုံးသည့်ဖြစ်၍ ပါတီကွဲမှုပါတီ ဖြစ်နေတော့သည်။ ယင်းပါတီ၏ နိုင်ငံရေး

အဘိဓမ္မာမှာ အနောက်ပိုင်းအတွေးအခေါ်များ၊ ဆိုရှယ်လစ်စံတရားချက်များနှင့် ဗုဒ္ဓဘာသာ အယူအဆများကို ရောထွေးပေါင်းစပ်ထားသော ဝါဒတစ်ခုဖြစ်သည်။

“မာ့က်စ်ဝါဒသည် ဗုဒ္ဓအဘိဓမ္မာနှင့် ဆန့်ကျင်သည်မဟုတ်ချေ။ မှန်ပွင့်လင်းလင်း ပြောရပါမူ ယင်းအယူအဆနှစ်ခုသည် ဆင်တူယိုးမှားဖြစ်ရုံသာမကဘဲ အမှန်တကယ်၌ အနှစ်သာရအားဖြင့် အတူတူပင်ဖြစ်သည်”ဟု ဦးဘဆွေက ၁၉၅၁ ခုနှစ်တွင် ရေးသားခဲ့ဖူးသည်။ ပြောင်းပြန်ဖြစ်နေသည်မှာ ဦးဘဆွေကိုယ်တိုင်က မြန်မာ့အောက်ပိုင်းဒေသတွင် နေသော ကြွယ်ဝသူတစ်ဦးဖြစ်ပြီး သူ၏မိသားစုမှာ ရော်ဘာခြံများအပြင် တခြားဆက်နွယ်မှုများကိုပါ ပိုင်ဆိုင်ခြင်းဖြစ်သည်။

■ ■ ■

၁၉၄၉ – ၅၀ ခုနှစ်အတွင်း ယူနန်ပြည်နယ်ကို မော်မိန့်ပြီး မူလိုခဲ့သည့် တရုတ်ပြည်မှသည် မဟာမိ ဆက်လက်ဦးရန်အကြောင်း ပေါ်ပေါက်လာခဲ့သည်။ တရုတ်ပြည်တွင် မော်စီတုန်း၏ ကွန်မြူနစ်များ၏ အောင်မြင်မှုကြောင့် ဖယ်ရှားခံရသော ကူမင်တန် တရုတ်ဖြူ (KMT) တပ်များ ထိုင်းနယ်စပ်သို့ ဆုတ်ခွာခဲ့ကြရသည်။ ယူနန်နယ်ရှိ ကောင်းဆုံးများဖြစ်သော KMTတပ်များမှာ ဗိုလ်မှူးကြီးနှင့် အဆက်အသွယ်ပြတ်သွား၍ ရှမ်းပြည်နယ်ရှိ အရှေ့မြောက် ဘောင်ဘာနယ်စသည်များသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာခဲ့ကြသည်။ ကူမင်တန်တို့သည် မြန်မာပြည်အတွင်း၌ အခြေစိုက်စခန်းများ ဖွဲ့စည်းပြီး လူသူစုဆောင်း၍ ပြန်လည် တော်လှန်ရေးအတွက် ကွန်မြူနစ်များကို တန်ပြန်တိုက်ခိုက်ရန် ကြိုးစားကြတော့သည်။ နယ်ခြားနယ်များတွင် လေယာဉ်ကွင်းများ ဖောက်လုပ်ပြီး အမေရိကန် ထောက်လှမ်းရေး အဖွဲ့များ၏ ထောက်ပံ့မှုရယူကာ ထိုင်းနိုင်ငံဘက်မှ စစ်ပစ္စည်းများကို လေကြောင်းဖြင့်ချ၍ ထောက်ပံ့ခဲ့ကြသည်။

KMTတို့သည် မြန်မာပြည်အရှေ့ဘက် နယ်စပ်တလျှောက်ရှိ ကရင်၊ ပအိုဝ်၊ ကရင်နီ၊ မွန် စသော တိုင်းရင်းသားသူပုန်များနှင့် ဆက်သွယ်လာကြသည်။ KMTတို့၏ ဩဇာသည် နယ်စပ်တလျှောက်လုံးသို့ ပြန့်နှံ့သွားပြီး ယနေ့အထိ ထိုဒေသများ၏ ဘိန်းစိုက်ပျိုးမှု ကိုယ်ကျိုး(အမ်းဗားဂိုး)အလိုက် ဆက်သွယ်ရေးလမ်းကြောင်း ဖြစ်ခဲ့သည်။ မြန်မာပြည်တွင်းရှိ တရုတ်ဖြူများအတွက် လက်နက်စခန်းများ၏ ဝင်ရောက်လာခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် မြန်မာပြည်၌ KMT အင်အား ၁၂၀၀၀ ကျော် များပြားလာခဲ့ပြီး အစဉ်အလာအားဖြင့် ဘိန်းစိုက်ပျိုးလေ့ရှိသော သံလွင်မြစ်အရှေ့ဘက် တောင်တန်းဒေသတစ်လုံးကို သိမ်းပိုက်ထားနိုင်ခဲ့ကြသည်။

ကူမင်တန်တို့သည် နယ်စပ်ကိုဖြတ်ကျော်ပြီး တရုတ်ပြည်တွင်းသို့ ဝင်ရောက် တိုက်ခိုက်ကြသည်သာမက မြန်မာပြည်အရှေ့မြောက်ဘက် နယ်စပ်တောင်တန်းများတွင် ဘိန်းစိုက်ပျိုးခြင်းကို တည်ဆောက်ခဲ့လေသည်။ အခွန်အကောက်ကြီးလေးလေးကောက်ခံသည့် ပြည်သူတို့မှာ ဘာသာရပ်အတွက် ဘိန်းပိုမိုစိုက်လာရလေတော့သည်။ KMTတို့၏ ဆက်သွယ်ရေးကွန်ရက်တွင် C 46 နှင့် C 47 စသည့် အမေရိကန်နိုင်ငံမှ ရရှိသော လေယာဉ်ကြီးများ ပါရှိသောကြောင့် ဘိန်းသယ်ယူပို့ဆောင်ရေးမှာ တဟုန်ထိုး တိုးတက်လာခဲ့သည်။ မြန်မာနိုင်ငံ၏ အခြားဘက် ထိုင်းနိုင်ငံ၌ ရှိပြီးသောစီးပွားကွန်ရက်မှာ အဓိကဘိန်းဈေးကွက်ဖြစ်ပြီး ဈေးကောင်းပေး၍ ဝယ်ယူခဲ့သည်။ သို့ဖြစ်၍ မြန်မာပြည်နှင့်

ဘိန်းတန်ချိန် ၃၀ ထွက်ရာမှ ၁၉၅၀ စုနှစ်နောက်ပိုင်းနှစ်များတွင် တန်ချိန်ပေါင်းများစွာ တဟုန်ထိုး မြင့်တက်လာခဲ့သည်။

ဗမာ့တပ်မတော်သည် KMT တို့ကို အပြင်းအထန် ထိုးစစ်ဆင်တိုက်ခိုက်ရာ ပထမဆုံးပစ်မှတ်မှာ သမ်းဟောက်ကုန်းရှိ ဆိပ်ကမ်းဖြစ်ပြီး ၁၉၅၂ ခုနှစ်တွင် ထိုစခန်းမှ KMT တို့ကို မောင်းထုတ်နိုင်ခဲ့ကြသည်။ နောက်နှစ်တွင် အရှေ့မြောက်ရှမ်းကုန်းပြင်မြင့်၌ 'နဂါးခိုင်' စစ်ဆင်ရေးကို ဆင်နွှဲခဲ့ကြသည်။ သံလွင်မြစ်ကူးကို ဆိပ် 'ဝမ်သလ' တွင် တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ရာ KMT တပ်များ ဆုတ်ခွာခဲ့ရသည်။ များမကြာမီ ၎င်းတို့၏ တပ်များမှာ ထိုင်းနှင့်တရုတ်နယ်စပ်တစ်လျှောက်တွင် ပိတ်မိနေကြတော့သည်။

KMT တို့ကို အောင်မြင်စွာ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သူမှာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်အဆင့် ဖြစ်သည်။ ဂျပန်ခေတ်စစ်ပညာသင်ကြားခဲ့သူ ဝန်ထမ်းဗိုလ်ရင်းမှူး ဗိုလ်ကြီးတင်ဦး (နောင်တွင် NLD ခေါင်းဆောင်ဖြစ်လာသူ) ဖြစ်သည်။ ထိုစဉ်က ဗိုလ်ကြောင်ဆောင် ဗမာ့တပ်မတော်တွင် အကျွမ်းကျင်ဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ဗိုလ်ကောင်းဦးမှာ တပ်ထဲတွင် လူချစ်လူခင်ပေါများသူဖြစ်သည်။ သူသည် စစ်သားများနှင့်အတူ ကသောင်းကနင်းကျေးရွာ အတွေ့အကြုံများသော ဘက်စုံထူးချွန်သူတစ်ဦးအဖြစ် လေးစားမှုရရှိ ထားသူဖြစ်သည်။ သူတို့နှစ်ဦးသည် KMT တို့အား ၁၉၅၄–၅၅ ခုနှစ် မုတ်သုံကာလတွင် အောင်မြင်စွာ ထိုးစစ်ဆင်ရေးကို ဆောင်ရွက်နိုင်ခဲ့သည်။ ၎င်းတို့၏ ထိုးစစ်ကို စီတန်းပြဿနာများ ဖြေရှင်းရေးအနေဖြင့် ၁၉၅၃ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရပင် ဖြစ်သည်။ ထိုသဘောတူညီချက်အရ KMT တပ်များ တစ်စိတ်တစ်ပိုင်း ထိုင်းမှတစ်ဆင့် ထိုင်ဝမ်သို့ ပြန်လည်ရွှေ့ပြောင်းသွားခဲ့ကြသည်။

* * *

စစ်ဒေါ်မှုင်း၏ စစ်ကာစီဆွဲမှုက မဲ့သည့်အတွက် ဇာတိမြေမှထွက်ခွာခဲ့ရသည့် ရှိခဲ့သူတို့၏ ချစ်ခင်မှုအလွန်များမှုကို ရရှိခဲ့သည်။ ထိုင်းဘုရင်ကို ဦးနေဝင်း နိုင်ငံရေးအခြေအနေအရ အကြွင်းမဲ့ ထောက်ခံခဲ့သည်။ အဆိုပါကာလမှာ နိုင်ငံတော်မြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားတိုက်ပွဲများ ဖြစ်ပွားနေသော ဆိုးဆိုးရွားရွား ရှိနေသော်လည်း နည်းနည်းမျှ တင်းမာမှုမရှိခဲ့သည်။ ဆိုပါတိုင်းရင်းသားများမှာ ခင်ဗျားတို့နှင့် တောင်သူလယ်သမားများကိုပင်ဖြစ်သည်။ သူ့အဖို့ ထိုပါတီမှာ အင်အားနည်းပြီး စစ်တပ်ကို မဟုတ်ဘဲ မြို့ပြနိုင်ငံရေးသမားများသာ ဖြစ်သည်။ ထို့ကြောင့် ရှမ်းနှင့် ကချင်တိုင်းရင်းသားများ ပြန်လည်ပေါင်းစည်းလာသော စစ်ဆေးရေးနှင့် ကျေးရွာများ ဆင်းရဲသော ပြည်သူများ ထောက်ခံသည့် ဝင်ရိုးစွန်းတိုင်းရင်းသား ခေါင်းဆောင်များ၏ အမြင်ကို ဖြေရှင်းပေးခဲ့သော ဆင်းရဲသား မျိုးနွယ်စုများအပေါ် အကောင်အထည်ဖော်ခဲ့ကြသည်။

ကျွန်းတော်ကိုပုန်းကန်သူများ ထိုနေ့အထိ ပေါ်လာသည်။ ၎င်းတို့၏ အခြေခံမှာ ရှမ်းပြည်ရှိ နိုင်ငံခြားထောက်ခံနေသော KMT စစ်တပ်၊ အမြောက်များမှာ ဖောက်ပြန်ခဲ့ကြသည်။ ၁၉၅၈ ခုနှစ်တွင် ပုန်ကန်သည့် ရှမ်းမင်းသားမှ အချို့မြို့များကို သိမ်းပိုက်ရန် တော်လှန်ရေးနှင့် ဗမာ့တပ်မတော်ကို ဆက်ဆံဖြေရှင်းနိုင်သည့် အနေအထားနှင့်ပင် မရှိခဲ့တော့ချေ။

နိုင်ငံတကာရေးရာတွင် ၁၉၅၅ ခု အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သော ဘန်ဒေါင်းညီလာခံမှ မွေးဖွားခဲ့သည့် ဘက်မလိုက်နိုင်ငံများလှုပ်ရှားမှုတွင် မြန်မာနိုင်ငံသည် ဦးဆောင်နိုင်ငံအဖြစ် ပေါ်ထွက်လာခဲ့သည်။ ဦးနုသည် နိုင်ငံခြားသို့ မကြာခဏ ချစ်ကြည်ရေးခရီးထွက်လေ့ရှိသည်။ သူသည် အများ၏ချစ်ခင်လေးစားမှုကို ရရှိသွားသည့် တိုင်းပြုပြည်ပြု ပုဂ္ဂိုလ်တဦးဖြစ်သည်။ မြန်မာပြည်ဆိုင်ရာအင်္ဂလိပ်သံတမန်ဟောင်းတော 'ဓနရှင်' ၏ အယ်ဒီတာဖြစ်သူ ဦးလောရဲက "ဦးနုသည် မေတ္တာမျှားလွှယ်သောလောက် ခေါ်သထွက်လှုပ်သူ တဦးဖြစ်သည်။ ဘာသာရေး အကြီးအကဲဖြစ်ရင်း၊ ဗုဒ္ဓဘာသာသာသနာ့အကျိုးဆောင်အဖြစ်ပင် ရင်းကျက်ကုံလုံသူ တဦးလည်းဖြစ်သည်။ ဗုဒ္ဓဝါဒကို ယုံကြည်သက်ဝင် ကိုင်းရှိုင်းသူဖြစ်ပြီး နေ့စဉ်ဘုရားရှိခိုးခြင်း၊ ကမ္မဋ္ဌာန်းထိုင် တရားပွားခြင်းတို့ကို အချိန်မပေးဆောင်ရွက်သည်၊ နိုင်ငံရေး၌ လွှတ်လပ်စွာတွေးခေါ်၍ လုပ်ကိုင်ဆောင်ရွက်သူတဦးဖြစ်သည်" ဟု ရေးသား ဖော်ပြခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ဦးနုသည် ကမ္ဘာ့ဗုဒ္ဓကောင်စီ၏ ဗုဒ္ဓဘာသာသာသနာကြီးများနှင့် ပညာရှင်များအား ဖိတ်ကြားကာ ဆဋ္ဌမသင်္ဂါယနာတင်ပွဲကို ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ ဗုဒ္ဓသာသနာ့တောင်စီကို ဖွဲ့စည်းကာ ဗုဒ္ဓစာပေများ ဖြန့်ဝေရာဂျာနဲ့ခဲ့သည်။ ရန်ကုန်မြို့ မြောက်ဘက် မြို့ရွာနှင့်တွင် ကမ္ဘာ့အေးစေတီကို တည်ဆောက်ခဲ့သည်။ ဦးနုက ကမ္ဘာ့ဘယ ဖြစ်ခဲ့သည်။ ဤလုပ်ငန်းကို မှားသည်ဖြင့် မည်သူမျှ ထောက်ပြခြင်း မရှိခဲ့သော်လည်း စက်မှုနိုင်ငံသူလေးမင်းရန် ငွေအရင်းအနှီးလိုနေချိန်၌ ကမ္ဘာ့အေးစေတီအတွက် စရိတ်ကြီးမှာ အကုန်အကျခံရန် မသင့်လျော်ကြောင်းဖြင့် တချို့က ဖြစ်တင်ပြောဆိုကြသည်။ တချို့က ဦးနုသည် သူ၏ဆန္ဒ၊ ပသာဒပင်ပသည်ကိုပင်ဖြစ်ရန်နှင့် နိုင်ငံဘာသာကာ၏ စာရင်းမှုတို့ဖြစ်စေရန် ဘာသာရေးကို အသုံးချသည်ဟု ရှုမြင်ကြသည်။

ဦးနု၏ ဆိုရှယ်လစ်ဒီမိုကရေစီလမ်းစဉ်ကို 'ပြည်တော်သာ' ဟု ခေါ်ဆိုခဲ့ကြသည်။ ပြည်တော်သာ၏ မြို့ပြအကျိုးကတ် တိုးတက်ရေးလုပ်ငန်းစဉ်တို့မှာ အဝီစိတွင်းတူးကာ ရေစုပ်စက်များ တပ်ဆင်ခြင်း၊ ရေကာတာတည်ဆောက်ခြင်း၊ ဆည်မြောင်းတူးဖော်ခြင်း၊ လမ်းပေါက်ဖောက်လုပ်ခြင်း၊ ကျောင်းများ၊ စာကြည့်တိုက်များ၊ လူမှုဖူလုံရေးဌာနများ တည်ဆောက်မွမ်းမံခြင်း စသည်တို့ပါဝင်သည်။ ဤလုပ်ငန်းကို မြန်မာပြည်အလယ်ပိုင်း၌ သင့်တင့်စွာ အကောင်အထည်ဖော်နိုင်ခဲ့သော်လည်း ပြည်နယ်တောင်တန်းဒေသများကို အလေးမထား ဥပေက္ခာပြုသည်ဟု လူမျိုးစုတိုင်းရင်းသားခေါင်းဆောင် တချို့၏ မကျေနပ်သော ဝေဖန်မှုများ ပေါ်ပေါက်လာခဲ့သည်၊ အထူးသဖြင့် ရှမ်းပြည်နယ်တွင် အခြေအနေဆိုးလှသည်။ အကြောင်းမှာ ဒေသခံတိုင်းရင်းသား တောင်သူလယ်သမားများသည် KMT နှင့် ကျူးကျော်သူနိုင်ငံခြားသားများ၏ တိုက်ခိုက်ရန် ရောက်ရှိလာသော စစ်တပ် အကြား၌ ညှပ်မိကာ ဒုက္ခတွေ့ရ၍ဖြစ်သည်။

အတိတ်ကာလများတွင် ရှမ်းလယ်သမားများသည် လူများစုဗမာတို့နှင့် ကူးလူးဆက်ဆံခဲ့ခြင်း မရှိသလောက်ဖြစ်သည်။ ဗမာစကားပြောတတ်သူ ရှားပါးလှသည်။ မြန်မာတပ်မတော်မှ စစ်သားများသည် ဗမာများသာဖြစ်ကြသည်ဟုသော အမြင်များ ဝင်လာကြသည်။ စစ်သားများမှာလည်း ရှမ်းပြည်နယ်သည် အသွင်မတူသော နယ်ခြားဒေသတခုကဲ့သို့ မြင်မှားပြီး ဒေသခံရှမ်းများနှင့် တောင်ပေါ်သားများအပေါ် ပြုမူဆက်ဆံပုံမှာ စစ်ပွဲဆက်ဆံရေးနှင့် အလှမ်းဝေးနေသောဘာသည်။ သို့ဖြင့် သီးခြားခွဲထွက် နေထိုင်လိုသည့်ဆန္ဒများ ရှမ်းတို့ရင်ထဲ၌ ကိန်းအောင်းကာ အမြစ်တွယ်စပြုလာခဲ့သည်။

မည်သို့ဆိုစေ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ သူတို့အနေနှင့် ပြည်ထောင်စုအတွင်းမှ ခွဲထွက်ခွင့်ရှိခဲ့သည်။

စီးပွားရေးအရ မြန်မာပြည်သည် ဒုတိယကမ္ဘာစစ်၏ ဖျက်ဆီးခြင်းဒဏ်ကို ခံနေရသေးသည်။ တိုင်းပြည်တွင် နှစ်ကြိမ်တိုင်တိုင် စစ်တလင်းဖြစ်ခဲ့ရသည်။ ပထမအကြိမ်၌ ဂျပန်များ ကျူးကျော်ဝင်ရောက်လာစဉ်ကဖြစ်ပြီး ဒုတိယအကြိမ်မှာ ကျူးကျော်ဝင်ရောက်သူ ဂျပန်များကို တိုက်ထုတ်ခဲ့စဉ်အချိန်ကဖြစ်သည်။ ယင်းနောက်ပိုင်း၌ ပြည်တွင်းစစ် ဆောက်လောင်ခဲ့ပြန်သည်။ ၁၉၅၀ ခုနှစ် အလယ်ပိုင်းလောက်၌ ထွက်ကုန် မှုသည်အသားတင်တန်ဖိုးမှာ ၁၉၃၈ – ၃၉ ခုနှစ်စစ်ကြိုကာလမိုး၏ ၈၀ ရာခိုင်နှုန်းမျှသာ ရှိခဲ့သည်။ အဆိုးရွားဆုံး 'နယ်ချဲ့လက်ကိုင်တုတ်' ဖြစ်သည်ဟုဆိုသော CPB တို့၏ ဂါထာဖြစ်နိုင်မှုကို ချေမှုန်းတိုက်ခိုက်နိုင်ရန်အတွက် ဦးနုသည် စကင်ဒီနေဗီးယန်(ဒိန်းမတ်၊ နော်ဝေး၊ ဆွီဒင်၊ ဖင်လန် စသော မြောက်ဥရောပနိုင်ငံများ) နိုင်ငံများ၏ လူမှုဒီမိုကရေစီစနစ်ကို အတုယူ၍ သင့်တော်သောစီးပွားရေးနှင့် လူမှုရေးမူဝါဒများ ချမှတ်ခဲ့သည်။ ပြည်တော်သာစီမံကိန်းကို စံနမူနာအဖြစ် ရေးဆွဲနိုင်ခဲ့သည်။ အရေးကြီးသော စီးပွားရေးလုပ်ငန်းများကိုလည်း ပြည်သူပိုင် ပြုလုပ်ခဲ့သည်။ မီးရထား၊ ရေကြောင်းသယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓါတ်အား ထောက်ပံ့ရေးတို့အပြင် ဆန်စပါးနှင့်သစ် အင်္ဂလိပ်ရောင်းချရေးတို့လည်း ပါဝင်သည်။ အစိုးရ၏ ထောက်ပံ့ကူညီမှုဖြင့် ဘိလပ်မြေ၊ ချည်မျှင်နှင့်ယက်ကန်းလုပ်ငန်း၊ ဂုံနီအိတ်၊ သကြား၊ အုတ်ကြွပ်၊ အုတ်နှင့်ကြွေထည်စက်ရုံများအပြင် မသေးငယ်သောစက်ရုံများ စသော ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ပေါ်ထွက်လာခဲ့သည်။ ဗြိတိသျှတို့၏ အချို့စီးပွားရေးလုပ်ငန်းကြီးများကို (အထူးသဖြင့် ရေနံနှင့်ဓါတ်သတ္တုတူးဖော်ရေးလုပ်ငန်း) ဖက်စပ်လုပ်ငန်းအဖြစ် အသွင်ပြောင်း လုပ်ကိုင်ခဲ့သည်။

သို့သော် အဓိကပြဿနာမှာ လွတ်လပ်သောမြန်မာနိုင်ငံသည် ဗြိတိသျှဝန်ထမ်းအများနှင့် နိုင်ငံခြားသားအတတ်ပညာရှင်အားလုံးကို ပြန်ပို့လိုက်ခြင်းဖြစ်သည်။ ဤသည်မှာလည်း CPB တို့၏ဆိုးကျိုးကို ချောင်တိမ်းရှောင် ကာကွယ်ခဲ့သော နိုင်ငံရေးကျွမ်းကျင်မှုပင် ဖြစ်သည်။ မီးရထားဌာန၊ အကောက်ခွန် အစရှိသည့်ဌာနတို့သို့သော ဌာနများ၏ အဆင့်မြင့်–မြန်မာကပြားများမှာ ရာထူးမှပယ်များခြင်းခံရပြီး အင်္ဂလန်နိုင်ငံသို့ အပြီးအပိုင် ထွက်ခွာသွားခဲ့ကြသည်။ အများအပြားမှာ သြစတြေးလျနိုင်ငံသို့ ထွက်ခွာခဲ့ကြသည်။ အိန္ဒိယတိုင်းသား များစွာမှာလည်း ဂျပန်ခေတ်တွင် မြန်မာပြည်မှ ထွက်ခွာခဲ့ကြသည်။ မြန်မာပြည်နှင့် အိန္ဒိယပြည်ကို ပူးပေါင်းလုပ်ဆောင်ရေးရှိသောအခါ ကျန်ရှိနေသေးသော အိန္ဒိယပြည်သားများမှာ ပြည်တော်ပြန်ခဲ့ကြသည်။ ချစ်တီးများ ထွက်ခွာသွားကြသည်ကို ဝမ်းနည်းမှုမရှိသော်လည်း သူတို့ ထွက်ခွာသွားခြင်းကြောင့် ကျွမ်းကျင်သည့်အလုပ်သမားများ၊ ဝန်ထမ်းများ၊ အသေးစား စီးပွားရေးသမားများ အတွေ့အကြုံရင့်ကျက်သော သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များ ဆုံးရှုံးခဲ့ရသည်။ မြန်မာ့အမျိုးသားရေးကို မြှင့်တင်နိုင်ခဲ့သော်လည်း စီးပွားရေးအားဖြင့် အထိနာခဲ့ရသည်။ နိုင်ငံခြားသားများထွက်ခွာသွားမှု ကာလလစ်ဟင်းကျန်ခဲ့သော နေရာ၊ ရာထူးများကို ဖြည့်ဆည်းဖြည့်စွက်ရန် ပညာတတ်ပြီး အတွေ့အကြုံရင့်ကျက်သည့် မြန်မာလူမျိုးများ လုံလောက်စွာ မရှိ၍ဖြစ်သည်။

၁၉၅၈ ခုနှစ်တွင် အစုလိုက်အပြုံလိုက် ကာဝင်ရောက်လာတွင် နေးရှင်းသတင်းစာအယ်ဒီတာ ဦးမောရစ်က မြန်မာပြည်အကြောင်းကို ဤသို့ရေးသားခဲ့ဖူးသည်။

"လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ဆုံးရှုံးမှုမှာ တွက်ချက်၍မရနိုင်အောင် ကြီးမားလှသည်။ ယခုအခါ မြန်မာပြည်တွင် ပို၍ဈေးကြီးသော အနေအထားသို့တိုင်း ကျွမ်းကျင်သူများကို ရှားရမ်းရှာရသည်။ ယခင်အခါက ထိုအသုံးပြုများကို ဈေးပေါပေါနှင့် သုံးစွဲနိုင်ခဲ့သည်"

ဦးဝေလာရုံသည် 'မြန်မာပြည်၏ နိုင်ငံရေးစနစ်ကိုလည်း အကွက်ကျကျ ဆန်းစစ် သုံးသပ်ခဲ့သည်။

"လယ်ယာမြေဝေငှခြင်းများ၊ အဖော်ငွေချေးခြင်းများ၊ ပြည်ထောင်သာမီးတိုက်နှင့် လုပ်ငန်းများ၊ ငွေမှုကျွေးရေးစီမံခွင့်များ၊ ပါးစပ်ထောက်ပံ့ခြင်းနှင့်ထပ်ပေးခြင်းများ စသည်တို့ကို ပြည်သူလူထုက ချီးကျူးထားကြသည်။ ညံ့ဖျင်းစွာရှိသည်ကို မလုပ်နိုင်ခြင်းဖြင့် ရပ်ဆိုင်း ခဲ့သော်လည်း မကြာခဏဆိုသလို အင်အားကို အသုံးပြုရလေရှိသည်။ ငယ်သားများမှာလည်း အထားပေါ်ပေါ်ရှိနေသည်။ ဒေသနတ်များ (စစ်ဗိုလ်/ တာဝန်ရှိသူ) နှင့်ပြောကြောင့် သူတို့အား အတိုက်အခံဖြစ်ရန်မှာ မလွယ်ကူလှပေ။ ကာနေ့ကာချိန်တွင် ဒီမိုကရေစီအပြည့်အဝရရန် မျှော်လင့်ပါသော်လည်း ယခုနေ့ ကျွန်ုပ်တို့၏ နိုင်ငံရေးဘဝမှန်မှာ အင်အားကြီးသော နိုင်ငံတော်များရှိသော တပ်မတော်အုပ်ချုပ်ရေးစနစ်နှင့် မှတ်တမ်းစုံသောတရားရုံးများ၊ ရွေးကောက်တင်မြှောက်သောလွှတ်တော်၊ ပုဂ္ဂလိကလွတ်လပ်မှု စသည်တို့ကြားတွင် ချိန်ခွင်လျှာညှိနေရသော ကာလမျိုးသာဖြစ်သည်။ ဖြည့်တွင်းစစ်ပြီးနောက် စစ်ဗိုလ်အာဏာကြီးထွားလာသည့်ဆိုသော်လည်း ဖဆပလအစိုးရက ဒီမိုကရေစီကျင့်ထုံးများကို လက်ကိုင်ထားခဲ့သည်မှာ ငြင်းဘွယ်ရာမရှိချေ။ ခေါင်းဆောင်များက ဒီမိုကရေစီအခွင့်အရေးကို နိုးကြားလိုက်သည့်အတွက် အားပေးကြပြီး လွတ်လပ်စွာဖြစ်ပြောဆိုခွင့်ရှိရေး၊ လွတ်လပ်၍မှန်ကန်သော စာနယ်ဇင်းပေါ်ထွက်ရေး၊ ကိုယ်ပိုင်ဖြစ်သော တရားရုံးများဖြစ်ပေါ်ရေး ဒီမိုကရေစီနည်းကျသောအတိုက်အခံဖွဲ့စည်းရေး စသည်တို့ကိုလည်း အမှန်တကယ်လိုလားပါကြောင်း မပြတ်ပြောဆိုကြသည်"

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံတွင် ၁၉၃၈ ခုနှစ်များ၏ အာဏာရှင်ဆန်ကျင်ရေး ကိုးအောင်သည့် လစ်ဘရယ်ဝါဒမှာ မြန်လည်ပေါ်ထွက်လာပြီး မဆယ်မသာမှုအတိုင်းကို ခေတ်သစ် အတွေးအခေါ်များနှင့် ပေါင်းစပ်သုံးရန် ယခုလမ်းဖွင့်လာခဲ့ကြသည်။

* * *

၁၉၅၆ ခုနှစ်တွင် ကျင်းပသော ဒုတိယအကြိမ် ပြည်လုံးကျွတ် အထွေထွေ ရွေးကောက်ပွဲတွင် မြန်မာပြည်ဒီမိုကရေစီအား မှတ်ကျောက်တင် အစမ်းသပ်ခံခဲ့ရသည်။ (ပထမအကြိမ်အထွေထွေရွေးကောက်ပွဲကို အချို့လက်နက်ကိုင်အုပ်စုများ၏ ပြည်တွင်းစစ်ဖြစ်ပွားနေချိန် ၁၉၅၁ ခုနှစ်တွင် ကျင်းပခဲ့သည်) လက်ဝဲအဖွဲ့အစည်းများသည် ဗမာပြည်အလုပ်သမားနှင့် တောင်သူလယ်သမားပါတီ ပါဝင်သော ပြည်ထောင်စုအမျိုးသားညီညွတ်ရေးတပ်ဦး (ပမညတ) အောက်တွင် စုစည်းကြပြီး ဖဆပလနှင့် ယှဉ်ပြိုင်ကြသည်။ အတိုက်အခံများသည် မမျှော်လင့်ဘဲ လွှတ်တော်အမတ်နေရာ ၂၅၀ အနက် ၄၈ နေရာကို ရရှိသော်လည်း ၃၆ ဒသမ ၉ ရာခိုင်နှုန်း မဲရရှိပြီး အောင်မြင်ခဲ့ကြသည်။ ပေသိုင်ရာ ပါတီတစ်ခု၏ ထောက်ခံမှုကိုလည်း ရရှိခဲ့သည်။ ဖဆပလမှာ အများစု ဖြစ်နေသေးသော်လည်း ယင်းအရေအတွက်မှာ ၁၉၅၁ ခုနှစ် ရရှိခဲ့သော အမတ်ဦးရေ ၂၀၀ ခန့်မှ ၁၇၃ ဦးအထိသို့လည်းကောင်း ၆၀ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်းသို့လည်း လျော့ကျခဲ့သည်။ ဤအကြောင်းမှာ ဖဆပလနှင့်

ဖြစ်ကြသော ဗိုလ်မှူးကြီးအောင်ကြီး၊ ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ်တင်ပေနှင့် အခြားမှာ စစ်တပ်ကို ဦးစီးလာခဲ့ကြသည်။ သူတို့အများစုမှာ ဗမာပြည် ဆိုရှယ်လစ်ပါတီနှင့် နီးစပ်သူများ ဖြစ်ကြသည်"

"ဆိုရှယ်လစ်ခေါင်းဆောင်ကို ခြွင်းချန်လိုက်သော်လည်း တပ်မတော်သည် DSI (Defence Services Institute) ခေါ်ရုံကိုခြံ၍ စီးပွားရေးနယ်မြေသို့ ဝင်ရောက်လာသည်။ အကောင်းဆုံး နိုင်ငံခြားကုန်သွယ်ရေးဆိုင် Rowe & Co ကုမ္ပဏီ၊ A Scott ဘဏ်ကို ဝယ်ယူပြီး မှန်ကန်စွာလိုက်သော အင်းဝဘဏ်၊ အရှေ့အာရှကုမ္ပဏီကို ဝယ်ယူအမည်ပြောင်း ဖွင့်လှစ်လိုက်သော ဘားမားအာရှကုမ္ပဏီနှင့် ဘုမ္မကီးအလုံးကျွင် အကောင်းဆုံး စီးပွားဖြစ်မည့် ပင်လယ်ကူးကုန်သင်္ဘော ၇ စီးပါရှိသည့် ဗမာ့ကြယ်ငါးပွင့်သင်္ဘောကုမ္ပဏီ တို့ကို စစ်တပ်မှ ပိုင်ဆိုင် ချုပ်ကိုင် ထားခဲ့သည်"

"ငင်းတို့၏ ကိုယ်ပိုင်စီးပွားရေးတို့မှ အမြတ်အစွန်းများဖြင့် တပ်မတော်သည် ၁၉၅၅ ခုနှစ်တွင် အင်္ဂလိပ်ဘာသာ ဂါးဒီးယန်းသတင်းစာကို ထုတ်ဝေကာ သူတို့၏ သဘောထားများကို ပြည်သူများထံတင်ပြခဲ့သည်။ ယင်းသတင်းစာတိုက်ကို ဦးအောင်ကြီးနှင့် ဒေါက်တာမောင်မောင်တို့က တာဝန်ယူလုပ်ကိုင်ခဲ့သည်။ ဒေါက်တာမောင်မောင်မှာ စစ်တပ် အကျော်ကြားဆုံးသတင်းတည်းဖြတ်ပြီး နောင်တွင် ရှေ့နေနှင့် သမိုင်းသုတေသီကြီး၊ ဗြိတ်လာသူ၊ အယ်ဒီတာမှာ မြန်မာပြည်၏ ဒီမိုကရေစီအားပေးခဲ့ရသော ဂါဒီယံ သတင်းစာဆရာများ အနက်မှ တဦးဖြစ်သူ ဦးစိန်ဝင်းဖြစ်သည်"

"ပထမဆုံးအသုတ်ဖြစ်သော အရာရှိများထဲမှ ဗိုလ်နေဝင်းနှင့် ဗိုလ်ကျော်ဇော်တို့သာ တပ်မတော်၌ တာဝန်ထမ်းဆောင်လျက်ရှိသည်။ ဗိုလ်ကျော်ဇော်မှာ ဗိုလ်နေဝင်းနှင့်အပြိုင် တပ်မတော်အပေါ် သြဇာညောင်းသူဖြစ်ပြီး KMT များအား အောင်မြင်စွာတိုက်ခိုက်ခဲ့မှုကြောင့် လူသိများလာသူလည်း ဖြစ်သည်။ ၁၉၅၆ ခုနှစ်တွင် အသက် မြန်မာပြည်တလွှားရှိ CPBတို့ကို အပြတ်ချေမှုန်းရန် အောင်မာသစစ်ဆင်ရေးကို ဆင်နွှဲခဲ့သည်။ ယင်းတိုက်ပွဲအတွင်း CPB စခန်းတခုကိုသိမ်းမိရာ၌ တပ်မတော်၏ လျှို့ဝှက် စာရွက်စာတမ်းတချို့ တွေ့ရှိခဲ့ရသည်။ သက်သေသာဓကနှင့် တိုက်ရိုက်ဆက်သွယ်မှုတို့ကို မတွေ့ရှိမဖော်ပြနိုင်သော်လည်း ဗိုလ်ကျော်ဇော်ကိုသာ လက်ညှိုးထိုးသူဟု စွပ်စွဲခဲ့ကြသည်။ ပြည်သူများမှာ အံ့သြတွေဝေသွားကြပြီး ယုံတမ်းတကြားသတင်း ဖြစ်ရတော့သည်"

"မည်သို့ဆိုစေ ဗိုလ်ကျော်ဇော်ကို တပ်မတော်မှ ထုတ်ပယ်ကာ အငြိမ်းစားယူစေလိုက်ကြသည်။ ၁၉၅၇ ခုနှစ်တွင် စွဲချက်ကိုသက်သေပြရန် ခိုင်လုံသော သာဓကတခုမှ မရရှိသဖြင့် ဗိုလ်ကျော်ဇော်အား အကျဉ်းထောင်မှ လွှတ်လိုက်သည်။ သို့သော် သူ၏ စစ်မှုထမ်းသက်တမ်း ပျက်စီးသွားခဲ့ပြီ။ သူသည် ရန်ကုန်မြို့ ဆင်ခြေဖုံးမြို့နယ်တခု၌ တပ်မတော်ပင်စင်လစာအနည်းငယ်ဖြင့် အခြေစိုက်နေရတော့သည်။ မကြာမီ တပ်မတော်သည် KMT စစ်ဆင်ရေးသတင်းပွားကို ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့သည်။ ထိုသတင်းပွားမှာမူ ဗိုလ်ကျော်ဇော်အမည် လုံးဝပေါ်ပြခြင်းမရှိဘဲ တာဝန်ဆောင်ဦးထုပ်ဆောင်းပြီး ပြုံးပြုံး ဖြစ်နေသော ဗိုလ်နေဝင်းကိုသာ 'ရှေ့တန်းစစ်မျက်နှာကို စစ်ဆေးပြီး လိုအပ်သလို ညွှန်ကြား အမိန့်ပေးနေပုံ' ဟု ဖော်ပြခဲ့လေသည်။ ဤတွင် အားလုံးမှာ မှတ်ချက်ပြုကြလေသည်။ ဗိုလ်နေဝင်းမှာ KMT တိုက်ပွဲတွင် လုံးဝပါဝင်ခြင်းမရှိခဲ့။ သူသည် ရန်ကုန်မြို့ အပြင်သို့သော်မှ ခြေမချခဲ့ဘူးပေ၊ တနင်္ဂနွေနေ့တိုင်း မြို့တော်မြင်းပြိုင်ပွဲ၌ သူ့ကို သူ၏ကိုယ်ပိုင်ခုံတွင် မြင်တွေ့ရမြဲဖြစ်သည်"

* * *

တပ်မတော်၏ အထင်ကရနေရာယူလာမှုသည် ချက်ခြင်း ဖဆပလအတွင်း ရောင်ပြန်ဟပ်တော့သည်။ ဖဆပလ ကစဥ့်ကလျား ပြိုကွဲမည်ကို စိုးရိမ်သော ဦးနုသည် ဖဆပလမှာ ယခင်ကဲ့သို့ နိုင်ငံရေးပါတီအဖွဲ့အစည်းများကို စုစည်းထားသောတပ်ဦး မဟုတ်တော့ဘဲ ညီညွတ်သိပ်သည်းသော နိုင်ငံရေးပါတီတခုဖြစ်ကြောင်း ပြောဆိုကြေညာခဲ့သည်။ ဗမာ့ဆိုရှယ်လစ်ပါတီခေါင်းဆောင် ဦးဘဆွေ ဦးစိုးငြိမ်း ဒုဝန်ကြီးချုပ်ဦးကျော်ငြိမ်း အားပေးထောက်ခံသော အုပ်စုကမူ နိုင်ငံရေးတွင် တပ်မတော် ပိုမိုပါဝင်ဆောင်ရွက်ရေးကို လိုလားခဲ့ကြသည်။ ဦးကျော်ငြိမ်းမှာ တစတစ အင်အားကြီးထွားလာသော တပ်မတော်ဘက်သို့ ယိမ်းယိုင်လာခဲ့သည်။ ၎င်းတို့သည် ၁၉၅၈ ခုနှစ် မေလတွင် အာဏာရပါတီမှ ခွဲထွက်ခဲ့ကြသည်။ ဘဆွေ – ကျော်ငြိမ်းအုပ်စုသည် 'တည်မြဲ ဖဆပလ' ဟု အမည်ခံယူပြီး ဦးနု၏ ပင်မအုပ်စုမှာ 'သန့်ရှင်း ဖဆပလ' ဟု အမည်တွင်ခဲ့သည်။ တည်မြဲသည် ၎င်းတို့အား တပ်မတော်မှ ထောက်ခံအားပေးကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောဆိုလာတော့သည်။

အောက်တိုဘာလ ၂၈ ရက်နေ့ ဦးနုနှင့်ပါလီမန်က နိုင်ငံတော်အာဏာကို စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း ဦးစီးသော 'အိမ်စောင့်အစိုးရ' လက်သို့ လွှဲပြောင်းပေးလိုက်သည့်နောက် မြန်မာပြည်၏ နိုင်ငံရေးအခြေအနေသည် ပွေလီရှုပ်ထွေးလာခဲ့သည်။ အိမ်စောင့်အစိုးရ အဖွဲ့တွင် ဗိုလ်မှူးချုပ်အောင်ကြီး၊ ဗိုလ်မှူးချုပ်တင်ပေ၊ ဗိုလ်မှူးကြီး ကျော်စိုးတို့အပြင် ဗိုလ်နေဝင်း၏ နီးစပ်သော အပေါင်းအပါများစွာ ပါဝင်သည်။ မမျှော်လင့်သော ရှောင်တခင် စစ်အာဏာသိမ်းခြင်းကို အောက်တိုဘာလ ၃၁ ရက်နေ့တွင် ပါလီမန်၌ ဗိုလ်နေဝင်းက အောက်ပါအတိုင်း ရှင်းလင်းတင်ပြခဲ့သည်။

"သူပုန်များရဲ့ တိုက်ခိုက်ထိုးနှက်မှုဟာ ပိုမိုများပြားလာပြီး နိုင်ငံရေးမဏ္ဍိုင် ပြိုကွဲလာပါတယ်။ ၁၉၄၈ – ၄၉ ခု ပြည်ထောင်စုကြီး ရေတိမ်နစ်တော့မည့် အခြေအနေမျိုးသို့ မရောက်ရှိစေရန် အရေးယူဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ဒီလိုအဖြစ်ဆိုး ထပ်မံမဖြစ်ပွားစေဖို့ ကြိုတင်ကာကွယ်စောင့်ရှောက်ရန် တပ်မတော်အပေါ် တာဝန်ရှိလာသည်နှင့်အညီ တပ်မတော်က ကျရောက်လာသောတာဝန်ကို ထမ်းဆောင်ရခြင်း ဖြစ်ပါတယ်"

တနှစ်အကြာတွင် ထုတ်ပြန်သော အိမ်စောင့်အစိုးရ၏ ဝါဒဖြန့်စာတမ်းတခုတွင် "ပါလီမန်က တပ်မတော်အား တိုင်းပြည်၏ ငြိမ်ဝပ်ပိပြားမှုကို ပြန်လည်ထိန်းသိမ်းရန်၎င်း၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ အမြန်ဆုံးကျင်းပနိုင်မည့် အခြေအနေများကို ဖန်တီးပေးရန်၎င်း တရားဝင် တာဝန်ပေးခဲ့ကြောင်း" ရေးသားဖော်ပြခဲ့သည်။

ထိုသို့ စစ်တပ်က ဗိုးကြီးလေကြီးပြောခြင်းမှာ ဖဆပလအတွင်း ငြင်းခုံပြောဆိုဝေဖန်နေမှုများထက် ပိုရှုပ်ထွေးသည်ဟု လေ့လာသူများကမြင်ကြသည်။ အာဏာရပါတီ နှစ်ပိုင်းကွဲသည်မှာ မှန်သော်လည်း သူပုန်များသည် စိုးရိမ်လောက်သော အနေအထားတွင် လုံးဝမရှိချေ။ ထို့အပြင် တိုင်းပြည်တွင်းအခြေအနေ အားလုံး၌ကား ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် ထူးထူးခြားခြား ချို့ယွင်းပျက်ပြားလာသည်ကို ထောက်ပြနိုင်ခဲလှသည်။ အစိုးရ၏ တည်ငြိမ်မှုကို တခုတည်းသော စိန်ခေါ်ချက်မှာ စစ်အာဏာ မသိမ်းမီလေးတွင် ပါလီမန်သို့ တင်သွင်းခဲ့သော အစိုးရအပေါ် 'အယုံအကြည်မရှိ' အဆိုဝင် ဖြစ်သည်။ ထိုအဆိုတွင် ဦးနုသည် ၈ မဲသာနှင့် လူနည်းစု တိုင်းရင်းသားအမတ်များ၏

ထောက်ခံမှုကိုရယူပြီး ၇၄ မဲအသာဖြင့် အောင်နိုင်ခဲ့သည်။ လူများစု ဗမာအမတ်များမှာ ဦးနု၏ပြိုင်ဘက် "တည်မြဲ"ကို ထောက်ခံခဲ့ကြသည်။ မည်သို့ဆိုစေ ဦးနုသည် ပါလီမန်၏ ပံ့ပိုးအစည်းအဝေးများကို မရင်ဆိုင်လိုတော့ချေ။ ဘဏ္ဍာရေးနှင့် အခြားပြဿနာများကို အတည်ပြုဆုံးဖြတ်ရန် လိုအပ်နေသည့်ဖြစ်ရာ ဦးနုသည် ဗိုလ်နေဝင်းအား တာဝန်လွှဲပေးပြီး မိမိရာထူးမှ နှုတ်ထွက်ပေးမည်ဟု ကမ်းလှမ်းကာ ဗိုလ်နေဝင်းအကြံကို လိုက်ခဲ့သည်။

ဦးနုသည် မန္တလေးမှရန်ကုန်သို့ မီးရထားဖြင့် အလာခရီးတွင် အာဏာသိမ်းမည့် သတင်းကို ကြားသိခဲ့ရကြောင်း ၎င်း၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ "စနေသား" စာအုပ်တွင် ဖော်ပြခဲ့သည်။ အာဏာသိမ်းရန် လုပ်ကြံသူများမှာ မည်သူမည်ဝါဖြစ်သည်ကို မသိရကြောင်း၊ သတင်းတခုအဆိုအရ လုပ်ကြံသူများမှာ ပြည်မအောင်ရဲဘော်ဖွဲ့ ဖြစ်ပြီး အခြားသတင်းတရပ်အရ စစ်တပ်တွင်းမှ အုပ်စုတစုက ထကြွပုန်ကန်ရန် စီစဉ်နေကြောင်း၊ မိမိသည် ထိပ်တိုက်ရင်ဆိုင်မှုကို မလိုလားသဖြင့် စစ်တပ်အနေနှင့် ခြောက်လအတွင်း အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန် သဘောတူပါက မိမိအနေနှင့် စစ်တပ်အား အာဏာလွှဲပေးရန် အဆင်သင့်ရှိသည်ဟု ပြောကြားခဲ့ကြောင်း၊ ထိုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများ မည်သို့မည်ပုံ ရှိမည်ကို "စစ်တပ်က တိုင်းပြည်ကို အုပ်ချုပ်တဲ့ အခါမှာ စစ်အဖွဲ့အစည်းတခုအနေနဲ့ အုပ်ချုပ်မှာပါ။ အခုအချိန်မှာတော့ လူထုက စစ်သားတွေကို ကာကွယ်စောင့်ရှောက်သူတွေအဖြစ် သဘောထားကြတယ်။ အာဏာသိမ်း ပြီးတဲ့နောက်မှာတော့ မလိုသလိုနဲ့ ကြည့်ကြတော့မယ်။ နိုင်ငံရေးအရဆိုရင် စစ်တပ်ကို ဖိတ်ခေါ်တဲ့ ပါတီအပေါ်မှာ သူခိုးဓါးရိုးကမ်းတဲ့သူအဖြစ် မြင်ကြမယ်။ ဒါက ကိုယ့်လည်ပင်းကိုကိုယ် ကြိုးကွင်းစွပ်တာနဲ့အတူတူပဲ" ဟု အလေးအနက်ထားခဲ့ကြောင်း စသည်ဖြင့် ရေးသားခဲ့သည်။

ခြောက်လအတွင်း ငြိမ်ဝပ်ပိပြားရေးကို တည်ဆောက်ပေးမည်ဟု ကတိပေးခဲ့သော်လည်း အိမ်စောင့်အစိုးရသည် အာမခံခဲ့သော အထွေထွေရွေးကောက်ပွဲများ ပြီးဆုံးသည့် ၁၉၆၀ ခု ဒီဇင်ဘာလ ကျမှသာ အရပ်သားအစိုးရအား အာဏာပြန်လွှဲအပ်ပေးခဲ့သည်။ ထိုအတောအတွင်း စစ်တပ်သည် မမျှော်လင့်သော လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည်။ "ရှုပ်ထွေးနေသော အခြေအနေကို အချုပ်ကောင်းယူရန် သောင်းကျန်းသူများအား စီစဉ်နေကြသည်" ဟု ပြောကြားပြီး လက်နက်ချလာသည်ဟုဆိုသော သူပုန်များ၏ အမည်စာရင်းများ၊ ဖမ်းဆီးရမိသော လက်နက်ပုန်းစာရင်းများ ထုတ်ဖော်ပြခဲ့ပြီးနောက် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားကို မည်သို့ပြန်လည်အသက်သွင်းပေးခဲ့ပုံ၊ ပြည်သူလူထု၏ စိတ်ဓါတ်ကို မည်သို့မြှင့်တင်ပေးခဲ့ပုံ စသည်တို့ကို ပြည်သူသို့ အစီရင်ခံခဲ့သည်။

၁၉၅၈ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အထူးကြေညာချက်၌ ရန်ကုန်မြို့တော်ကို သန့်ရှင်းရမည်ဟု ပါရှိသည်။ လမ်းပေါ်မှ အမှိုက်များကို ရှင်းလင်းပြီး အိမ်များကိုလည်း ဆေးသုတ်စေသည်။ ပြည်သူ့ကျန်းမာရေးကြောင့် ရန်ကုန်မြို့အနှံ့ ကျူးကျော်နေထိုင်လျက်ရှိသော စုကြသည့် ၁၆၅၀၀၀ ကျော် တဲအိမ်စုတ်များကို ဖျက်ပြီး မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပနှင့် ပုဇွန်တောင်ချောင်းတဘက်ကမ်းမှ သာကေတ စသည့် မြို့တော်ဆင်ခြေဖုံးရှိ မြို့သစ်များသို့ နေရာချပေးခဲ့သည်။ ထိုသို့ ပြောင်းရွှေ့ နေရာချထားပေးမှုကြောင့် ဆိုက်ကားနင်းသမားများ၊ ချမ်းသာသောအိမ်များမှ အိမ်စေများ၊ ဆိုက်ကားသမားများ သို့မဟုတ် နေ့စားအလုပ်သမားအဖြစ် လုပ်ကိုင်စားသောက်ကြသော မြို့တော်အတွင်း နေထိုင်ခဲ့ကြသည့် ဆင်းရဲသားများသည် ဝေးလံခေါင်သော မြို့သစ်

ရပ်ကွက်သစ်များသို့ ရောက်ရှိသွားကြသည်။ ထိုအခါ ရန်ကုန်မြို့လယ်တွင် မြို့နေလူလတ်တန်းစားနှင့် နိုင်ငံခြားသားများအတွက် ပိုမိုပျော်မွေ့ဘွယ်ရာ ဖြစ်လာသော်လည်း အခြားပြဿနာများ ပေါ်ပေါက်လာခဲ့သည်။ နေ့ချင်းညချင်းပင် အလုပ်သမားများအတွက် အလုပ်ခွင်ဆင်းရန် စရိတ်စက ပိုကြီးလာတော့သည်။ နေ့စားအလုပ်သမားများမှာ အသက်ရှင်နေထိုင်ရန် မဖြစ်နိုင်လောက်အောင် ပင်ပမ်းလာကြသည်။ ဤသို့ဖြင့် အလုပ်သမားလူတန်းစားတို့နေထိုင်ရာ မြို့သစ်များသည် စစ်တပ်ဆန့်ကျင်ရေးစိတ်ဓါတ် မွေးဖွားရာဒေသများ ဖြစ်လာခဲ့သည်မှာ အံ့ဩွယ်မဟုတ်ပေ။

* * *

၁၉၆၀ ခုနှစ် ဖေဖေါ်ဝါရီလ နှင့်မတ်လ တို့တွင် ကတိပြုခဲ့သော အထွေထွေ ရွေးကောက်ပွဲကို ကျင်းပဖြစ်ခဲ့သည်။ တပ်မတော်အား လုံးဝကြားနေရန် ဗိုလ်နေဝင်းက အမိန့်ပေးထားခဲ့သည်။ ဦးနုသည် 'တည်မြဲ ဖဆပလ'အား စစ်တပ်မှ ထောက်ခံအားပေးသည်ဟု စွပ်စွဲနေခဲ့သည့်ကြားမှ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည်။ 'ပြည်ထောင်စုပါတီ'ဟု နာမည်သစ်ခံယူလိုက်သော သူ၏ 'သန့်ရှင်း ဖဆပလ'သည် မဲ ၅၂ ရာခိုင်နှုန်း ရရှိခဲ့သည်။ 'တည်မြဲ ဖဆပလ'မှာ ၃၁ ရာခိုင်နှုန်းနှင့် ဗမညတ မှာ ၅ ရာခိုင်နှုန်း ရရှိခဲ့သည်။ မဲဆန္ဒရှင်များမှာ ၁၉၅၆ ခုနှစ် ရွေးကောက်ပွဲမှာထက် နှစ်ဆခန့်တိုးခဲ့သည်။

အစိုးရသစ် ပထမဦးစွာ ရင်ဆိုင်ဖြေရှင်းရသော ပြဿနာများတွင် ဒီမိုကရေစီကို အန္တရာယ်ဖြစ်စေမည့် ပြဿနာများပါရှိသည်။ ၁၉၅၈ – ၅၉ ခုနှစ်တွင် ရှမ်းကျောင်းသားတချို့သည် တောခိုသွားကြကာ ပြည်ထောင်စုအတွင်းမှ ရှမ်းအမျိုးသားတို့၏ ခွဲထွက်ပိုင်ခွင့်ကို လက်တွေ့ကျင့်သုံးရန် တောင်းဆိုကြသည်။ ရှမ်းအမည်ဖြင့် နုမ်ဆစ်က်ဟာန် (ရဲရင့်လူငယ်စစ်သည်) ဟူသော အဖွဲ့အောက်တွင် စုစည်းထားသော ရှမ်းသူပုန်အင်အားရာပေါင်းအနည်းငယ်ခန့်သာရှိပြီး ထိုင်းနယ်စပ်အနီးရှိ ပန်တောင်း၌ အခြေစိုက်စခန်းချထားသည်။ လူအင်အားနည်းစေကာမူ လက်ရှိပုန်ကန်မှုများကို အောင်မြင်စွာ နှိမ်နင်းနေသည့်ကြားမှ ပုန်ကန်မှုအသစ်တခု ပေါ်လာခြင်းပင်လျှင် စိတ်မအေးစရာ ဖြစ်ခဲ့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ တပ်များမှာ ရခိုင်တောင်တန်းများတွင်၎င်း၊ ရန်ကုန်မြို့မြောက်ဘက် ပဲခူးရိုးမတောင်တန်းများတွင်၎င်း၊ အရှေ့တောင်ပိုင်းတွင် တနင်္သာရီတိုင်း၌၎င်း လှုပ်ရှားနေကြသေးသည်။ ပဲခူးရိုးမဒေသကို 'ဗမာ့ယူနန်နယ်'အဖြစ် တည်ဆောက်ရန် CPB တို့ တချိန်က စိတ်ကူးခဲ့ကြသည်။ တိုက်ပွဲငယ်များ၊ ဖုံးဖောက်ခွဲမှုများ မကြာခဏဖြစ်ပွားသော်လည်း ၁၉၆၀ ခုနှစ်များတွင် CPB တို့ အင်အားနည်းပါးလွန်းလှသည်ဖြစ်ရာ ဗမာ့တပ်မတော်ကို မယ်မယ်ရရ တိုက်ခိုက်နိုင်ခြင်း မရှိခဲ့ချေ။ နေဝင်းအိမ်စောင့်အစိုးရ၏ ကြေညာချက်အရ ၁၉၅၈ ခုတွင် CPB အင်အားမှာ ၁၃၀၀ အထိ လျော့ကျသွားသည်။ တကယ့်အင်အားမှာ ယင်း၏နှစ်ဆ ရှိမည်ဖြစ်သော်လည်း ၁၉၄၀ – ၅၀ ခုနှစ်များအတွင်း တော်လှန်ပုန်ကန်မှုအရှိန် အမြင့်ဆုံးကာလတွင်ရှိသော CPB အင်အား ၁၀၀၀၀ – ၁၅၀၀၀ နှင့် နှိုင်းစာလျှင် ကွာဟလွန်းလှသည်။ CPB ကေဒါ ၁၄၀ ခန့်သည် ၁၉၅၀ ခုနှစ်များကပင် တရုတ်ပြည်၌ အခြေပြုနေခဲ့ကြသော်လည်း ထိုကာလ၏ ပီကင်းပေါ်လစီမှာ မြန်မာပြည်တွင်းရှိ CPB သူပုန်တပ်ဖွဲ့များကို အကူအညီမပေးရေး ဖြစ်သည်။ ဦးနုအစိုးရနှင့် ဆက်ဆံရေးမှာ ကောင်းမွန်သည့်အပြင် ကီလိုမီတာ ၂၁၈၀ ရှည်လျားသော တရုတ်မြန်မာနယ်စပ်

တစ်လျှောက်လုံးကို တိတိကျကျ နယ်မြေပိုင်းခြားသတ်မှတ်နိုင်ခဲ့ခြင်းမရှိသည့် သမိုင်းတွင် ပထမဦးဆုံးအကြိမ် ဖြစ်သည်။

ထို့ရာတွင် ၁၉၆၁ ခုနှစ်၌ ရှမ်းပြည်နယ်တော မြန်မာပြည်မြောက်ပိုင်းရှိ ကချင်လူမျိုးတို့သည်လည်း ကချင်လွတ်လပ်ရေးတပ်မတော်(KIA, Kachin Independence Army)ကို ထူထောင်ကာ အစိုးရကို တိုက်ခိုက်လာကြသည်။ ပင်မ တိုင်းရင်းသား နိုင်ငံရေးခေါင်းဆောင်များကမူ ကျယ်ပြန့်သော ကိုယ်ပိုင်အုပ်ချုပ်ရေး(greater autonomy)နှင့် လစ်လျူရှုထားသော နယ်မြေဒေသအတွက် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို တောင်းဆိုကာ နိုင်ငံရေးအရ ပြဿနာများကို ဖြေရှင်းရန် ကြိုးစားခဲ့ကြသည်။ ဤဖြစ်ရပ်များကို အခြေပြုသည့်ပြီး ဦးနု ကမကထပြုသည့် အစည်းအဝေးတရပ်ကို ရန်ကုန်မြို့၌ ၁၉၆၂ ခု ဖေဖော်ဝါရီလတွင် စတင်ကျင်းပခဲ့ရာ ဗိုလ်ချုပ်ကြီးနေဝင်းက အခွင့်ကြုံသည်နှင့် ချိုးဖျက်ပစ်ခဲ့ပြီး မတ်လ ၂ ရက်နေ့တွင် အာဏာသိမ်းခဲ့သည်။

* * *

၁၉၅၀ ခု အလယ်ပိုင်းနှစ်များကစပြီး တပ်မတော်သည် အင်အားဖြည့်ကာ အာဏာသိမ်းရန် နောက်ကွယ်မှ အသင့်ပြင်နေခဲ့သည်။ ၁၉၆၂ ခုတွင် အာဏာသိမ်းအပြီး ချက်ချင်းပင် တပ်မတော်၏ထက်မြက်သော လုပ်ရည်ကိုင်ရည်ဖြင့် အကွက်စေ့စေ့ ကိုင်တွယ် လုပ်ကိုင်ကြတော့သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အပိုင်းကို ယာယီ ပယ်ဖျက်ကာ ပါလီမန်ကိုလည်း မတ်လ ၃ ရက်နေ့တွင် ဖျက်သိမ်းလိုက်ပြီး အဖွဲ့ဝင် ၂၄ ဦးပါသော တော်လှန်ရေးကောင်စီကို ဖွဲ့စည်းလိုက်သည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌအဖြစ် အစိုးရအဖွဲ့၏ အကြီးအကဲအာဏာများကိုရော၊ ဥပဒေပြုအာဏာများကိုရော၊ တရားစီရင်ရေးအာဏာများကိုပါ သိမ်းပိုက်ခဲ့သည်။ သူသည် ထိုအာဏာများကို ၁၉၇၄ ခုနှစ်တွင်မှ တရားဝင် လက်လွှတ်ခဲ့သည်။

အာဏာသိမ်းပြီး ကာလမကြာမီ ဗိုလ်နေဝင်းသည် နိုင်ငံတော်၏ ယန္တရားအားလုံးကို လုံးဝဥဿုံ ချုပ်ကိုင်နိုင်ခဲ့သည်။ ၁၈၈၅ ခုနှစ် သက်ဦးဆံပိုင်ဘုရင်စနစ် ချုပ်ငြိမ်းခဲ့ပြီးနောက် ထိုကဲ့သို့သော အာဏာပိုင်ဆိုင်မှုမျိုးကို မည်သူမျှမရရှိခဲ့ဘူးပေ။ ဗိုလ်နေဝင်းသည် ဤအကြိမ်တွင် ၁၉၄၈ – ၆၂ ခုနှစ်များ အတွင်းက အိမ်စောင့်အစိုးရ၏ ဥပဒေကို လက်ကိုင်ထားသော လုပ်ထုံးမှ သွေဖည်ခဲ့သည်။ အိမ်စောင့်အစိုးရ လက်ထက်၌ ပါလီမန်တွင် တင်သွင်းလာသော မေးခွန်းများကို ဗိုလ်နေဝင်းကိုယ်တိုင် ဖြေကြားခဲ့သည်။ ရွေးကောက်တင်မြှောက်ခြင်းဖြင့် ရာထူးရလာခြင်းမဟုတ်သော ဒုတိယဝန်ကြီးတဦးသည် ၆ လထက်ပို၍ တာဝန်ထမ်းဆောင်ပိုင်ခွင့်မရှိဟု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပါရှိသည်။ ထိုဥပဒေကို လေးစားသောအားဖြင့် ဗိုလ်နေဝင်းသည် သူ့အား ၆ လထက်ပို၍ တာဝန်ထမ်းဆောင်ခွင့် မပေးပါရန် မှာကြားခဲ့သည်။ ဤအခါတွင် စစ်တပ်သည် အမိန့်ပြန်တမ်းထုတ်၍သာ အုပ်ချုပ်လာတော့သည်။ ယခင်တို့၏ ဥပဒေတို့ကိုလည်း ရက်ချင်းအာဏာတည်စေရန် ထုတ်ပြန်ခဲ့သည်။ တရားဥပဒေနှင့် ကိုက်ညီသည် မကိုက်ညီသည်ကို အလေးမထားတော့။ အတုမရှိသော အာဏာပိုင်ဆိုင်မှုပင် ဖြစ်တော့သည်။

အာဏာထောက်ခံအဖွဲ့သစ်၏ 'ပိရမစ်' ထိပ်တွင် ဗိုလ်နေဝင်းရှိပြီး အောက်တွင် ရင်းနှီးကြည်ညိုစိတ်ချရသော တပ်မတော် ဒုတိယအဆင့်မှ အရာရှိများပါဝင်သည်။

ထိုအရာရှိများသည် ၁၉၅၈–၆၀ ခုနှစ် အိမ်စောင့်အစိုးရအဖွဲ့တွင်လည်း ပါဝင်ခဲ့ကြသူများ ဖြစ်သည်။ ယခင် ဗမာ့သေနတ်ကိုင် တပ်ရင်း(၄)မှ ဗိုလ်အောင်ကြီး၊ ဗိုလ်တင်ဖေ၊ ဗိုလ်ကျော်စိုးတို့အပြင် ဗမာ့အသနက်ကိုင်တပ်ရင်း(၃)မှ အရာရှိအချို့နှင့် ရန်ကုန်ဗွာနယ်ပြမ်မှ ဗိုလ်မှူးပင်းလေးစ်ဆောက်တွင် တောလန်ထမ်းဆောင်ခဲ့ဘူးကြသော အရာရှိအချို့လည်း ပါဝင်သည်။ အရပ်သားကောင်စီဝင်အနည်းငယ်တွင် ဒေါက်တာမောင်မောင်နှင့် ဦးဘငြိမ်း ပို့ပါဝင်သည်။ ဒေါက်တာမောင်မောင်သည် ဗျူ့နေတာရေးဆရာတစ်ဦးဖြစ်ပြီး ဗစ်ဝင်နှင့် နီးစပ်သူဖြစ်သည်။ ဦးဘငြိမ်းမှာ မာ့က်စ် ဝါဒီတစ်ဦးဖြစ်ပြီး ၁၉၅၀ ခုတွင် ဗမာဆိုရှယ်လစ်ပါတီမှ ခွဲထွက်လာသော ပြည်သူ့အလုပ်သမားနှင့် တောင်သူလယ်သမားပါတီကို ထူထောင်ရာ၌ ပါဝင်ခဲ့သည်။ ယင်းစစ်အစိုးရတွင် ဗိုလ်နေဝင်း၏ အဓိက စီးပွားရေးအကြံပေးအရာရှိ ဖြစ်လာသည်။

ချက်ချင်းပင် နိုင်ငံတော်ငြိမ်းဝပ်ပိပြားမှုတည်ဆောက်ရေးကောင်စီ ၅ ခုကို ဖွဲ့စည်းကာ ပြည်နယ်အစိုးရအဖွဲ့များကို ထိန်းချုပ်လိုက်သည်။ ဧပြီလ ၃၀ ရက်နေ့တွင် ဗမာပြည်စာနယ်ဇင်းကောင်စီကို ဖွဲ့စည်းကာ ယင်းအချိန်အထိ တိကျပြတ်သားစွာ ဝေဖန်ဆိုရေးနေသည့် စာနယ်ဇင်း လောကကိုလည်း ချုပ်ကိုင်လိုက်သည်။ ပြည်သူများ၏ အကျင့်စာရိတ္တကို မြှင့်တင်ရန် အတွက် တော်လှန်ရေးကောင်စီသည် မြင်းပြိုင်ပွဲများ၊ ယှဉ်ပြိုင်ပွဲများ၊ အလှပြိုင်ပွဲများကို ပိတ်ပင်လိုက်သည်။ အမေရိကန် ဖို့ဒ်ဖောင်ဒေးရှင်းနှင့် အာရှ ဖောင်ဒေးရှင်းတို့အပြင် ဖူးလ်ဘရိုက်အစီအစဉ်များကိုလည်း အမေရိကန်နှင့် ဗြိတိသျှဘာသာ သင်တန်းကျောင်းများနှင့်အတူ ပိတ်ပင်လိုက်သည်။

အစိုးရချုပ်ကိုင်မှုများကို ချုပ်ကိုင်ခြင်း၊ ပြည်ပြည်ဆိုင်ရာသဘောတရားတို့ကို ဖြတ်တောက် ပစ်ခြင်း စသည်တို့မှာ စစ်အာဏာရှင်အနှစ်တို့၏ လက္ခဏာရပ်စဉ်အတိုင်းပင် ဖြစ်သည်။ သို့သော် မြင်းပြိုင်ပွဲနှင့် အလှအပပြိုင်ပွဲများကို ပိတ်ပင်ခြင်းမှာ ရန်ကုန်တမြို့လုံး နားမလည်နိုင်အောင် ဖြစ်ကြရသည်။ ဗိုလ်ချုပ်ကြီးမှာ ရိုးသားစွာစောင့်ထိန်းကျင့်ကြံသူဟူ၍ နာမည်ကောင်းရှိသူ မဟုတ်ပေ။ ဤသည်မှာ မြန်မာပြည်ဆိုရှယ်လစ်စနစ်၏ အသွင် လက္ခဏာကို ဖော်ဆောင်သည့် ပယ်မဖျက်သော ကြောင်သူတော်ဆုတ်ချက် ဖြစ်သည်။ ကျိုက်ထွန်းမြင်းပြိုင်ကွင်းဟောင်းကြီး အားကစားကွင်းအဖြစ် ပြောင်းလဲမွမ်းမံလိုက်သော်လည်း ဗိုလ်နေဝင်းမှာ အာဏာသိမ်းပြီး ဗြိတိန်သို့သွားပထမခရီးတွင် အစ္စကော့မြင်းပွဲ၌ လောဘ ရမ္မက်ကြီးစွာ လောင်းကစားနေသည်ကို တွေ့မြင်ခဲ့ကြရသည်။

စစ်အစိုးရ၏ နိုင်ငံရေးသဘောတရားကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အမည်ဖြင့် အာဏာသိမ်းသည့် နေ့တွင်ပင် ကြေငြာခဲ့သည်။ ထို့နောက် လူနှင့်ပတ်ဝန်းကျင်တို့၏ အညမညသဘောတရားဟူသည့် စာအုပ်ကို ထပ်ဆင့်ထုတ်ဝေခဲ့သည်။ ၎င်းတို့မှာ စစ်အစိုးရ၏ သဘောတရားရေးနှင့် ရောင်ပြန်ဟပ်စေရန် ကြိုးပမ်းမှုများပင်ဖြစ်သည်။ ဤစာအုပ် စာတမ်းများကို ဦးဘငြိမ်းနှင့် လက်ဝဲပါတီများက ရေးသားခဲ့ခြင်းဖြစ်သည်။

ဝါဒသစ်ကို လုံးဝယုံကြည်ထောက်ခံသူ ခေါင်းဆောင်တစ်ဦးမှာ သခင်သိန်းဖေမြင့်ဖြစ်သည်။ သူသည် CPB ကို စွန့်ခွာပြီးနောက် ရန်ကုန်မြို့တွင် သိန်းဖေမြင့်ဟု အမည်ခံကာ ဗိုလ်တထောင်သတင်းစာ ထုတ်ဝေနေသူဖြစ်သည်။ အခြေခံအားဖြင့် မြန်မာ့ဆိုရှယ်လစ် စနစ်သည် မာ့က်စ်ဝါဒအမြင် ဗုဒ္ဓ၏ အတွေးအခေါ်များနှင့် လူ့ကျင့်ဝတ်တရားများကို ရောမွှေပေါင်းစပ်ကာ မြန်မာ့နိုင်ငံရေး ထုံးတမ်းစဉ်လာနှင့် ကိုက်ညီမှုရှိစေရန် စစ်အစိုးရ၏ လုပ်ဆောင်ချက်တရပ်သာဖြစ်သည်။ ဇူလိုင်လ ၄ ရက်နေ့တွင် စစ်တပ်က မြန်မာ့ဆိုရှယ်လစ်

သမ်းဆဲ့ပါတီကို ဖွဲ့စည်းလိုက်ကြောင်း ကြေညာသည်။ အစတွင် တော်လှန်ရေးစောင်းမြင်များသော ပါဝင်သော ကော်ဒါပါတီတခုဖြစ်သည်။

ဦးဘဆွေကဲ့သို့သော ဝါဒရှိသူများ ပါဝင်လာခြင်းနှင့်အတူ ဖြစ်ပေါ်လာသော လက်ဝဲကြီးအုပ် လက်ဝဲအာဏာရှင်စနစ်ကြောင့် အာဏာသိမ်းမှုကို ကြိုဆိုခဲ့ကြသော နိုင်ငံခြား စီးပွားရေးသမားများသည် စစ်အုပ်ချုပ်ရေးအပေါ် အမြင်ပြောင်းလဲလာကြသည်။ စစ်တပ်က ကြေညာထားသော ယှဉ်ပြိုင်မှုသည် မုန်းတီးအတွက် မဟုတ်သည်မှာ ထင်ရှားလာခဲ့သည်။ အာဏာသိမ်းပြီး နိုင်ငံခြားနှင့် စီးပွားရေးစနစ်တို့ကို ပြောင်းလဲလိုက်သောကြောင့် ယေဘုယျအားဖြင့်သော ပမာဏပြင်းမှုများ ပေါင်းကြိုက်လာသည့်အခါတွင် ပြည်သူလူထုသည် တနိုင်ငံလုံးအတွက် ခေါင်းလည်းဖြစ်ခဲ့ကြရသည်။

မြန်မာနိုင်ငံ၌ မည်သည့်သန့်ရှင်းရေးလှုပ်ရှားမှုများတွင်မဆို ရှေ့တန်းမှ အမြဲပါဝင်ခဲ့ကြသော ကျောင်းသားများက စစ်အာဏာသိမ်းမှုကို ပထမဆုံး ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ မြန်မာနိုင်ငံ ပထမဦးဆုံးသော (၁၉၆၂ - ၅၂) မေလ ၁၉ ရက်တွင် ရန်ကုန်တက္ကသိုလ် စတင်ဆန္ဒပြ၍ ၇ ရက်နေ့တွင် တက္ကသိုလ်နယ်မြေ၌ ချီတက်ခဲ့သည်။

ခိုင်းစေနှိပ်ကွပ်ချက်အစ ရောက်ရှိလာသည့် သိုနေ့ည နေမင်းဝင်ချိန်တွင် စိတ်လှုပ်ရှားစရာများကို တွေ့နေရသည်။ ညနေ ၅ နာရီ ၃ မိနစ်ခန့်တွင် ရဲများနှင့် ထိပ်တိုက်ရင်ဆိုင်မှု တခုဖြစ်ခဲ့ကြလေသည်။ ပြဿနာအကြီးအကျယ် မပေါ်ခဲ့။ ကျောင်းသားထောင်ချီ အစစ်ခံပြီး ဆင်းလာရသည့်အခါ၌ ကျောင်းသားသမဂ္ဂကို ပေါ်သအောင်ခေါ်ခဲ့သည်။ ဂု ရက်နေ့ညနေ့တွင် သက်ဆိုင်ရာက ရဲများအားလုံးကို ကျောင်းဝင်းအတွင်းမှ ပြန်ခေါ်ထုတ်သွားကြသည်။ ကျောင်းသားများက မိန့်ခွန်း (ပင်မကော်မတီ) ကိုဖွဲ့ပြီး တက္ကသိုလ်နယ်မြေကို 'ဒီမိုကရေစီတပ်စခန်း' အဖြစ် ကြေညာလိုက်ကြသည်။ တနေ့လုံး ဒီမိုကရေစီ ပြန်လည်ထွန်းကားရေးကို တောင်းဆိုကြပြီး မိန့်ခွန်းများပြောကြားခြင်း၊ အာဏာသိမ်းမှုကို ရှုတ်ချခြင်း စသည်ဖြင့် လှုပ်ရှားခဲ့ကြသည်။ ၁၉၃၀ ပြည့်လွန်နှစ်များကတည်းက မြန်မာ့အမျိုးသားရေး ကြိုးပမ်းမှုတွင် ခေါင်းဆောင်ခဲ့သည့် ကျောင်းသားသမဂ္ဂအဆောက်အဦးတွင် နယ်ချဲ့ဆန့်ကျင်သော ရုပ်ပြောင်ပုံများ၊ ပေါ်စတာများ နံရံကပ်ဆိုင်းဘုတ်များနှင့်အတူ ကျောင်းသားများ ခင်းကျင်းထားသော အလံများ လွှင့်ထူထားသည်။ ပွဲလမ်းသဘင်နှယ် ဆူညံစည်ကားနေသည့် အနေအထားမှာ ညနေစောင်းတွင် ပြောင်းလဲသွားသည်။ အသင့်စောင့်နေ ကြသော သေနတ်ကိုင် စစ်သားများ ပါလာသော ၂၀ - ၃၀ ခန့်သော စစ်ကား ရုတ်တရက် ရောက်လာကြသည်။ တက္ကသိုလ်နယ်မြေထဲ ဝင်ရောက်ကြပြီး ကျောင်းသားများကို ပစ်ခတ်ကြသည်။ ကျောင်းဝင်းအပြင်ဘက်ရှိ လမ်းများကို ဖြတ်လာသည့် တပ်ဖွဲ့များနှင့် ချိတ်ဆက်ကာ ကျောင်းသားများကို သူတို့အား ဝိုင်းဝန်းပစ်ခတ်ခဲ့ကြပြီး မကြာမီ စီးကြောင်းလိုက်ရှိ ပြန်လည်ထွက်ခွာသွားခဲ့သည်။ ကျန်နေခဲ့သော အရာရှိတဦးသည် ကျောင်းသားများ မိမိတို့ဖြစ်နိုင်လျှင် လှည့်ထိုင်ပြီး လက်နက်ကို ခေါင်းပေါ်သို့ မြှောက်ထား ရန်ထိုင်းသမား၏ အမိန့်ကို ဆိုခဲ့သည်။

"ကျွန်တော်တို့ တယောက်ကိုတယောက် ကြည့်ပြီး ဘာများဖြစ်လို့လဲ မေးမိကြတယ်။ ကျွန်တော်တို့မေးခွန်းကို ချက်ချင်းဘဲ သေနတ်သံ ဆူညံညံတွေက အဖြေပေးလိုက်တယ်၊ ကျွန်တော် မြောင်းတခုထဲ လိမ့်ချလိုက်ပြီး ဘာတွေဖြစ်နေမှန်း မသိဘဲ မြောင်းထဲမှာ ပုန်းနေမိတယ်၊ ဒီတင် ပစ်တာ ဆက်မရပ်သွားဘူး။ ဒါနဲ့ ကာချိန် ဝင်ရောက်ရေး တပြေးကြတော့ ထပ်ပစ်တာပဲ၊

အပြင်ရပ်လိုက် ကျောင်းသားတွေထပြေးတော့ ထပ်ပစ်လိုက်နဲ့ဖြစ်နေတာ ကျွန်တော် ကိုယ်တိုင် မပြေးတဲ့အခါကျတော့ လဲနေသူများ အလောင်းကို ဆေးရုံတိုက်မိပြီး သယ်ကျသွားတယ်။ ကြည့်လိုက်တော့ ကျောင်းသားတစ်ဦး ကျောင်းသားသမဂ္ဂအလံကို ဆုပ်ကိုင်ရင်း အသက်ထွက်နေတာကို တွေ့လိုက်ရတယ်။ ကျွန်တော် ဘာမှမစဉ်းစားမိဘဲ ပြေးနေပြီဖြစ်တဲ့ သူ့လက်သီးဆုပ်နေတာက အလံကို ကောက်ကိုင်ပြီး သုတ်ခြေတင်ခဲ့တယ်။ ပြေးရင်း ကျည်ဆံမထိပါစေနဲ့လို့ ဆုတောင်းရသေးတယ်။ ဒီလိုနဲ့ ကျောင်းဆောင်တစ်ခုထဲ ရောက်လာခဲ့တယ်။ အန္တရာယ်ကင်းပြီလို့ အောင်းနေတော့ ဘာဆက်လုပ်ကောင်းမလဲ ကျောင်းဆောင်တွေကို ပစ်နေကြတာဘဲ။ နံရံကို ကျည်ဆံမှန်တဲ့ အသံတွေ၊ ပြတင်းမှန်ကွဲသံတွေ ပွက်လောရိုက်နေတယ်။ စစ်သားတွေက ကျောင်းသားတွေရှိရာကို ပစ်တာမှမဟုတ်တာ။ အမိန့်အတိုင်း အသေပစ်ကြတာ သေချာတယ်" ဟု နိုင်းစန်းက သူ့အတွေ့အကြုံများကို ပြောပြခဲ့သည်။

စစ်အစိုးရကြေညာချက်အရ ကျောင်းသား ၁၅ ဦးသေဆုံးကာ ၂၇ ဦးဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။ ထိုသော် ပစ်ခတ်မှုနှင့်ပတ်သက်၍ မြင်တွေ့ကြသည့် အခြားမျက်မြင်သော လေ့လာသူများနှင့် ကျောင်းသားများက တပ္ပလိုလိုနယ်ချဲ့သည် သားသတ်ရုံကဲ့သို့ ဖြစ်နေကာ ကျောင်းသားဝရ ဦးသမလောက် မဆင်းမနားပါတ်ပွင် အပါင်းအသင်းဖြစ်လာမည့် ရာပေါင်းများစွာသော ကျောင်းသားများ တစ္ဆေတစ်ရဲ ဖြန့်ကျဲသေဆုံးနေကြသည်ဟု ပြောဆိုကြသည်။ ယင်းလူသတ်ပွဲကို ဦးစီးသူမှာ ဗိုလ်နေဝင်း၏ လူယုံတော်စိန်လွင်ဖြစ်ပြီး အထောက်အကူရန် ဒေါ်ဝင်းဆောင်ကြီးကြပ်ထိုင်က တိုက်ရိုက်အမိန့်ပေးလိုက်ခြင်း ဖြစ်သည်။

ဇူလိုင် ၈ ရက်နေ့ နံနက်စောစောတွင် ရန်ကုန်မြို့နေလူထုသည် မြို့တော်ကို လွှမ်းမိုးထားသည့် ပေါက်ကွဲသံတစ်ခုကြောင့် လန့်နိုးခဲ့ကြရသည်။ စစ်တပ်သည် သမိုင်းဝင် ကျောင်းသားသမဂ္ဂအဆောက်အဦးကို ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲ၍ အမိုးပိုင်းအစ ဖြိုချခဲ့သည်။ မြန်မာပြည်ဆိုင်ရာ သုတေသီတစ်ဦးဖြစ်သူ အမေရိကန်နိုင်ငံသား ဒေးဗစ်စတိုင်းဘတ် (David Steinberg) က သူ၏ မြန်မာပြည် – အရှေ့တောင်အာရှ ဆိုရှယ်လစ်နိုင်ငံတစ်နိုင်ငံ (Burma - A Socialist Nation of South-East Asia) စာအုပ်တွင် ယင်းဖြစ်ရပ်ကို "အကျိုးအကြောင်းကင်းမဲ့ပြီး မလိုအပ်သော လုပ်ရပ်တစ်ခု ဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေးသည် ဗုဒ္ဓဘာသာသမဂ္ဂ၏ အထိမ်းအမှတ်အဖြစ် တည်ရှိနေသကဲ့သို့ ကျောင်းသားသမဂ္ဂ အဆောက်အဦးသည်လည်း လွတ်လပ်ရေးတိုက်ပွဲ အထိမ်းအမှတ်အဖြစ် တည်ရှိခဲ့သည်။ ကျောင်းသားသမဂ္ဂလှုပ်ရှားမှုများနှင့် ယင်း၏နောက်ဆက်တွဲ ဖြေကြားချက်ရာ ဖြစ်ရပ်များမှာ ခေါင်းမာနေသော ကျောင်းသားထုထံမှ စစ်တပ်က အဆင့်မပြောင်ကြုံတွေ့နေရသည့် ပြဿနာများ၏ ရှေ့ပြေးပင်ဖြစ်သည်" ဟု ရေးသားဖော်ပြခဲ့သည်။

ဖျိုးအက်မီးတာအကိုင်း နှင့် ဂျူလီယံဝှလ် (Julian Wohl) တို့က ပစိဖိတ်ရေးရာ ၁/၁၉၆၄ (Pacific Affairs 1/1964) စာစောင်၌ ရေးသားခဲ့ကြသည်မှာ "ဗိုလ်ချုပ်ကြီး (နေဝင်း)သည် သူ၏အစိုးရ အရေးအခင်း၌ လုပ်ဆောင်ချက်များကို ထောက်ခံပြောဆိုရာတွင် ကျောင်းသားများ၏ လုပ်ရပ်သည် နိုင်ငံရေးအဖွဲ့အစည်းတစ်ခု၏ (ပြည်သူ့ဆားချက်ဘက်ရာတွင် ဆော်ပြရဲ့ကိုယ်အရ – ကွန်မြူနစ်များ) လှုံ့ဆော်မှုကြောင့်ဖြစ်ကြောင်း ကြေညာပြီး 'ဓါးနဲ့ဓါးချင်း၊ လှံနဲ့လှံချင်း တုံ့ပြန်ရုံမှတပါး တခြားနည်းလမ်းမရှိ' ဟု ပြောကြားခဲ့သည်" ဟူ၍ ဖြစ်သည်။

မြန်မာ့သတင်းစာကြီးများ ထုတ်ဖော်ချက်အရ ဖြစ်ပေါ်ခဲ့သည့် မမျှော်လင့်သော ကြမ်းကြုတ်မှုများဖြင့် ပြန်လည်အသက်ဝင်လာခဲ့သည်။ ထိုအခါ နိုင်ငံရှိ လူငယ်ပညာတတ်များထံမှလည်း

မပျော်ပိုက်သော တုံ့ပြန်ချက်များ ပေါ်ထွက်လာခဲ့သည်။ မစ်ဂျင်းက မည်သူ့အားထောက်ခံ ဖြစ်သည်ကို ပြသလိုသည်မှာ ရှင်းနေပါသည်။ သို့သော် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ဖြစ်ပွားခဲ့သော လူသတ်မှုသည် ရာပေါင်းများစွာသော ကျောင်းသားများကို မြေအောက် အဖွဲ့အစည်းများနှင့် ဆက်သွယ်ကာ တောခိုစေခဲ့သည်။ ရှမ်းအမျိုးသားတဦးဖြစ်သူ စိုင်းစန္ဒီသည် အရှေ့မြောက်ပိုင်းရှိ ရှမ်းပြောက်ကျားများ ထံသို့ ဝင်ရောက်သွားခဲ့သည်။ သို့သော် ကျောင်းသားအတော်များများမှာ ပဲခူးရိုးမတောင်တန်းရှိ အင်အားကုန်ခမ်းလုနီး ဖြစ်သော ကွန်မြူနစ်တပ်များသို့ ဝင်ရောက်ခဲ့ကြသည်။

* * *

တော်လှန်ရေးကောင်စီ အတွင်းကွဲပြဲမှုများ ဖြစ်ပေါ်ခဲ့သည်။ ဗိုလ်နေဝင်း အရိုက်အရာကို ဆက်ခံမည့်သူဟု အများက တွက်ဆခြင်းခံရသော ဗိုလ်အောင်ကြီးသည် တာဝန်ဝင်ခဲ့သော စီးပွားရေးပေါ်လစီများကို ဝေဖန်ပြောကြားပြီး ပိုမို လက်တွေ့ကျသောမူများ ချမှတ်ရန် အကြံပေးတင်ပြခဲ့သည်။ ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် သူ့အား တော်လှန်ရေးကောင်စီမှ ထုတ်ပယ်လိုက်သည်။ ထို့နောက် တပတ်အတွင်းတွင် ကုန်ပစ္စည်းထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေးနှင့် သွင်းကုန်ထုတ်ကုန် လုပ်ငန်းများအားလုံးကို ပြည်သူပိုင်သိမ်းကြောင်း ဗိုလ်နေဝင်းက ကြေညာခဲ့သည်။ ပုဂ္ဂလိကပိုင်လုပ်ငန်း အသစ်များကို ခွင့်မပြုတော့သည့်အပြင် ဖေဖော်ဝါရီလ ၂၃ ရက်တွင် ဘဏ်အားလုံးကို ပြည်သူပိုင်သိမ်းခဲ့သည်။ ဖေဖော်ဝါရီလ ၂၆ ရက်တွင် စီးပွားရေး လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ရေး အက်ဥပဒေသစ်တရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းဥပဒေအရ ဘဏ်တစောက်ရုံးဟူသမျှ အစိုးရပိုင်ဖြစ်လာသည်။ ဗိုလ်မှူးချုပ်အောင်ကြီးအား ထုတ်ပယ်ပြီးနောက် ဗိုလ်မှူးချုပ်တင်ဖေ၏ ဩဇာအရှိန်အဝါ တိုးမြင့်လာခဲ့သည်။ ဗိုလ်တင်ဖေမှာ ဦးဘငြိမ်းကဲ့သို့ ဘယ်နောက်ပြန်ဆဲ့ မာ့စ်ဝါဒီတဦး ဖြစ်သည်။

ထိုအချိန် နိုင်ငံပိုင်မပြုလုပ်မီက ရန်ကုန်မြို့သည် နိုင်ငံတကာကုန်သွယ်ရေးလုပ်ငန်းများ စည်ပင်ထွန်းကားသော ဗဟိုအချက်အချာကျသည့် မြို့လည်း ဖြစ်ခဲ့သည်။ the Hongkong and Shanghai Bank/the Chartered Bank/Grindlay's Bank/ the State Bank of India/ the Habib Bank စသည့် ဘဏ်များနှင့် အခြားနိုင်ငံခြားဘဏ်များ ဖွင့်လှစ်ထားပြီး စီးပွားရေးတွင်ကျယ်ခဲ့သည်။ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်သည် တိုက်ကြီး အရှေ့တောင်အာရှတွင် များစွာသော နိုင်ငံတကာလေကြောင်းလိုင်းများ ရပ်နားရာ လေဆိပ်ဖြစ်ပြီး အထင်ရှားဆုံးလေဆိပ်အဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရသည်။

ထိုသို့သော စည်ပင်ဝပြောမှုတို့သည် ချက်ချင်းပင် ဝေးကွာသောအတိတ်ကာလ၏ ဖြစ်ရပ်တရသာမျှ အဖြစ် ပြောင်းလဲကွယ်ပျောက်သွားခဲ့သည်။ ပြည်သူပိုင်ပြုလုပ်ခြင်းများကြောင့် စီးပွားရေး ပျက်ပြားလာခဲ့သည်။ အစိုးရ၏ လုပ်ငန်းလုပ်ကိုင်မှုမှာ ပုဂ္ဂလိကပိုင် ငွေအမြောက်အမြားကို ဖျက်ဆီးပြီး ငွေကြေးစံနစ်ကို အမြစ်ပြတ်စေခဲ့သည်။ ၁၉၆၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ငါးဆယ်တန်နှင့် တရာတန်ငွေစက္ကူများ တရားမဝင်ကြောင်း ကြေညာလိုက်ပြီး ပုဂ္ဂလိကစုငွေအားလုံးကို ဖျက်သိမ်းခဲ့ကြပြန်သည်။ ငွေစက္ကူများ တရားမဝင် ကြေညာခြင်းနှင့် ပြည်သူပိုင် သိမ်းခြင်းများကြောင့် နှစ်သောင်းမျှသော တောင်အာရှနွယ်ဖွား မြန်မာနိုင်ငံသားများသည် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများသို့

အပြီးအဆိုင်းထွက်ခွာသွားကြရသည်။ ၎င်းတို့မှာ အိုးအိမ်စည်းစိမ်ပစ္စည်းများစွာကိုပင် မြန်မာပြည်၌ ချန်ထားခဲ့ကြသူများဖြစ်သည်။ ၎င်းတို့အနက် ရန်ကုန်မြို့တွင် အိန္ဒိယ–မြန်မာ စီးပွားရေး လုပ်ငန်းကြီးတစ်ခုကို နှစ်ပေါင်းများစွာ လုပ်ကိုင်လာသောမိသားစုမှ ဆင်းသက်လာသည့် အိမ်မာဟာရန် ဆိုသူတစ်ဦးလည်း ပါရှိသည်။ သူသည် ၁၉၆၇ ခုနှစ်မှစ၍ မကြာမီတစ်ခါမှ မရောက်ဖူးခဲ့သော ဟရာမြို့သို့ ရောက်ရှိလာခဲ့ရသည်။

“သင်္ကေယံတိုင်ကြွက်ကွဲစကားကောင်းပြီး ဦးသည်ချက်ခဲ့တဲ့ ဖြစ်ရပ်တခုဘဲ။ ပြီးတော့ ကာရော အနာအရိုက်အကြောင်း သူများနည်းတူ ကျွန်တော်တို့လည်း မြန်မာပြည်သားဖြစ်တယ်လို့ ခံယူခဲ့ကြပါတယ်။ မြန်မာပြည်မှာ ကျွန်တော်တို့နေလာခဲ့ကြတာ အနည်းဆုံးအနှစ် ၂၀၀ ရှိခဲ့ပြီ။ ကျွန်တော်တို့ရဲ့ အဘိုးအဘွားတွေ အိန္ဒိယတိုက်ကလာခဲ့ကြပေမဲ့ ကျွန်မတော်တို့က ဗမာစကားကိုပဲ ပြောတယ်။ ဒီလိုနဲ့ ဗမာနဲ့ ပျော်ပျော်ပါးပါး ပေါင်းသင်းခဲ့ပြီး ‘ဟော့–ဒင်းတို့ဗမာမဟုတ်ဘူး။ ဘယ်တော့ အိန္ဒိယပြန်မလဲ၊ ဘယ်တော့ အိမ်ပြန်မလဲ’ ကို မေးလာတဲ့အခါမျိုးကျရင် ‘ဒါကျွန်တော်တို့ပြည်ပါ’ လို့ ပြန်ဖြေကြတယ်။ သာမန်ဗမာလူထုဟာ ဒီလို ခွဲခြားခဲ့ခြင်း မလုပ်ကြဘူး။ ကျွန်တော်တို့ ဘာကြောင့် မြန်မာပြည်က ထွက်ခွာသွားခဲ့ရသလဲဆိုတာလည်း သူတို့နားမလည်ကြဘူး။ ဒါဟာ ကျွန်တော်တို့ရဲ့ ပစ္စည်းဥစ္စာတွေကို သိမ်းပိုက်ယူတဲ့ အစိုးရရဲ့လုပ်ရပ်တခုကြောင့်ဘဲ။ ကျွန်တော်တို့ကို ‘နိုင်ငံခြားကိုနှင်ထုတ်မယ်’ ဆိုပြီး ခွဲခြားခံကြရတယ်။ ငွေကြေးတွေကို ဘာကျမဝင်ခဲ့ကြသည့်အခါကျတော့ ကျွန်တော်တို့ပြောင်းမဲ့ တပြင်မှမကျန်ဘူး။ ပါးသွားတာနဲ့ မောင်းထုတ်ခဲ့တဲ့အခါ သက်ရှိဘဲ သက်သက်ကံ ရှိခဲ့တယ်” ဟု ဆိုသည်။

အသက် ၄၃ နှစ်ရှိ ဆောင်ရွက်ချ ကျောင်းဆရာဟောင်း ဦးအေးဆောင်ဘာသည် မြန်မာပြည် အလယ်ပိုင်းမှ သူ့အိမ်မြို့တွင် စီးပွားရေးပေါ်လစီသစ်၏ အကျိုးသက်ရောက်မှုကို ဤသို့ပြောပြခဲ့သည်။

“၁၉၆၃ မှာ ဆိုင်တွေကို ပြည်သူပိုင်သိမ်းလိုက်ကြတယ်။ ကျွန်တော် မှတ်မိနေသေးတယ်၊ မနက်မှာ စစ်သားတွေ ကျွန်တော်တို့အိမ်ထောင်က ဆေးဆိုင်ကို ရောက်လာကြတယ်။ သူတို့နဲ့အတူ ‘ပြည်သူ့ဆိုင်အမှတ် (–)’ လို့ ရေးထားတဲ့ ဆိုင်းဘုတ်တွေ အသင့်ပါလာတယ်။ သုံးလေးရက်လောက် စစ်သားတွေ ဆိုင်မှာဘဲနေကြတယ်။ ဆိုင်မှာရှိတဲ့ ပစ္စည်းတွေကို စာရင်းလုပ်ကြတဲ့ပုံဘဲ။ ကံကောင်း လောက်ကြတော့ ဆိုင်နာမည်ပြောင်းမှ မကျန်တော့ဘူး၊ ဆိုင်ကိုလည်း ပိတ်လိုက်ကြတယ်။ ကျွန်တော်အိုးပိုင်သူကို ခွဲဝေပေးနေရတဲ့ ကုန်ပစ္စည်းတချို့ ထုတ်ပေးတယ်။ ပစ္စည်းရှားတယ်ဆိုတာကို ပထမဦးဆုံးအကြိမ် တွေ့ကြုံမိကာဘဲ။ ဆိုင်ကို ပိတ်သည် လာတဲ့အခါ ရပ်ကွက်လူကြီးတို့ သဘောပေါက်လာတယ်၊ တခြားတမြို့တနယ်ကို ရောက်သွားတဲ့ သူတွေဟာ တွင်ကျယ်လာတဲ့ အမှောင်ခိုကုန်သွယ်ရေးတို့ ဘားဆီးတို့ မှောင်ခိုလုပ်ငန်းတွေ စတင်ခဲ့ပါတယ်”

လူကြိုက်နည်းလှသော ‘ပြည်သူ့ဆိုင်’ များသည် မကြာမီ ပြည်သူ့ဝယ်ယူရေးလုပ်ငန်းတစ်ခု ဖြစ်လာသည်။ ထိုပြည်သူ့ဆိုင်များသည် ၁၉၇၁ ခုနှစ်ရောက်သော DSI ကုန်သွယ်ရေးဌာနများ ကဲ့သို့ စွမ်းစွမ်းတမံဆောင်ရွက်ရန် ပြင်ဆင်ခဲ့ပြသည်။ ဒီမိုကရေစီအစိုးရလက်ထက်တွင် DSI မှာ တိုင်းပြည်၏ အကြီးဆုံး ကုန်သွယ်ရေး လုပ်ငန်းကြီး ဖြစ်ခဲ့ပြီး ၁၉၆၁ ခုနှစ် အရပ်သားအစိုးရ ပြန်တက်လာသောအခါ ‘မြန်မာ့စီးပွားရေးဖွံ့ဖြိုးရေး ကော်ပိုရေးရှင်း’ ဟု အမည်ပြောင်းခဲ့သည်။ ဤတွင် ပုဂ္ဂလိကစီးပွားပိုင်ဆိုင်မှု မရှိတော့ပြီဖြစ်ကြောင်း

ဦးဘဖြိုးနှင့် တခြားပုဂ္ဂိုလ်များက မှတ်စုပါခဲများကို သုတ်သင်ပေးခဲ့၍တစ်ကြောင်း စီမံမှုအနေအထားတစ်ခုလုံး ယိုယွင်းပျက်စီးလုမတတ် ဖြစ်ခဲ့ရသည်။

ကုန်စည်ဖြန့်ဖြူးရေးစနစ်မှာ မည်မျှဆိုးဝါးလာသနည်းဆိုလျှင် အနည်းငယ်မျှသော ထုတ်လုပ်သော ပြည်တွင်းထုတ် စားသုံးကုန်ပစ္စည်းများသည် စက်ရုံမှထွက်လာပြီး လပေါင်းများစွာကြာမှသာ ဆိုင်၊ မြို့နယ်များသို့ ရောက်ရှိလာသည်။ ထိုများမှာ ဂိုဒေါင်ရာသီတွင် ပေါ်ထွက်လာတတ်ပြီး ခေတ်များကို မှိုတွင်းမှ ရရှိတတ်သည်။ ဤသည်မှာလည်း ရှောင်လွှဲမရခဲ့ပါ။ သို့သော်အသစ်သော စီးပွားရေးလုပ်ငန်းများနှင့် အစိုးရပိုင်အဖွဲ့အစည်းများရှေ့မှ 'ပြည်သူ' ဟူသော ဝေါဟာရကို တတ်အားဖြင့်မှာ ဆိုရှယ်လစ်လေသံပိုပေါက်အောင် စတင်မှုကြိုးစားခြင်းဖြစ်သည်။ 'ပြည်သူ' ဟူသော စကားလုံးသည့် လူ့အား ရှိုးအောင်နိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ဘဏ်တိုက်နှင့် အရက်များမှာ ပြည်သူ့ဘဏ်နှင့် အရက်ချက်စက်ရုံမှ ထွက်ပြီး ဖက်ရှင်ကြိုက်သော အမျိုးသမီးများ ဆံပင်ကောက်ရန် 'ပြည်သူ့ဂုတ်ရည် ဆံပင်ကောက်ဆိုင်' များသို့ သွားကြရသည်။ ပြည်သူများကို 'ပြည်သူ့ငါးတံဖွဲ့' က ကာကွယ်စောင့်ရှောက်သည်ဟုဆိုပြီး များပြားလှသော 'ပြည်သူ့ဆောင်စီ' အဆင့်ဆင့်ကလည်း အုပ်ချုပ်လျက်ရှိသည်။ တချိန်တည်းမှာပင် ဘောလုံးရေးရာဌာနကို 'ပြည်သူ့ဘောလုံးအသင်းကြီးအဖွဲ့' ဟု အမည်ပြောင်း လိုက်သည်။ အကောင်းဆုံးနာမည်ပေးမှုများမှာ ကိုက်ဖ်မုန့်သရေစာများ ရောင်းချသောဆိုင်ကို 'ပြည်သူ့မုန့်တိုက်' အဖြစ်လည်းကောင်း၊ သွားတိုက်ဆေးများ ထုတ်လုပ်ရာစက်ရုံကို 'ပြည်သူ့ ရေချိုးသုံးပစ္စည်းစက်ရုံ' အဖြစ်လည်းကောင်း ပြောင်းလဲခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။

အာဏာသိမ်းပြီး နှစ်များမကြာမီ ဘဲချိန်က မြန်မာပြည်၏ အားကောင်းလှသော သတင်းစာများကိုလည်း အစိုးရချုပ်ကိုင်မှုအောက်သို့ ပိုင်ပိုင်နိုင်နိုင် သိမ်းသွင်းနိုင်ခဲ့သည်။ စစ်တပ်မှအာဏာမသိမ်းမီ မြန်မာပြည်တွင် သတင်းစာ ၃၀ ကျော်ရှိခဲ့သည်။ ထိုထဲက မြန်မာနှင့် အင်္ဂလိပ်ဘာသာ သတင်းစာများအပြင်၊ တရုတ်သတင်းစာ ၅ စု၊ ဟိန္ဒူသတင်းစာ ၂ စု၊ အူရဒူ၊ ထမီးလ်၊ ဆေလူဂူနှင့် ဂူဂျာရာတီ ဘာသာများဖြင့် ထုတ်ဝေသော သတင်းစာများလည်း ရှိခဲ့သည်။ ဂုဏ်သိက္ခာရှိလှသော 'နေ့ရှင်းသတင်းစာ' ကို ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလတွင် ပိတ်ပင်လိုက်ပြီး၊ မကြာမီ နေ့ရှင်းအယ်ဒီတာ ဦးလောလှကိုလည်း 'ပြည်တွင်းငြိမ်ဝပ်ပိပြားမှုဆိုင်ရာအက်ဥပဒေ' ဖြင့် ထောင်ချသည်။ 'ပြည်တွင်းငြိမ်ဝပ်ပိပြားမှုထည့်ဆောက်ရာတွင် ခုခံနိုင်သော နောက်ဆက်တွဲသဘောမှ ဖြစ်စေသည်' ဟူသော စွဲချက်ဖြင့် ဖမ်းဆီးခဲ့သည်။ မင်္ဂလာဒုံဘာသာတွင် အစိုးရသည် 'လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ' ကို ကညင်ရာကြက တခြား ပုဂ္ဂလိကပိုင် သတင်းစာ များနှင့်အပြိုင် ထုတ်ဝေခဲ့သည်။ မကြာမီ Working People's Daily အင်္ဂလိပ်သတင်းစာ ကိုလည်း ထုတ်ဝေခဲ့သည်။ တာဆိုန်ကြည်း၏ ဘိန်းဖြင့်၏ ဗိုလ်တထောင်သတင်းစာကို Guardian သတင်းစာနှင့်အတူ ပြည်သူပိုင်သိမ်းလိုက်သည်။ မသိမ်းဆည်းမီ Guardian သတင်းစာမှာ စစ်တပ်၏ လျို့ဝှက်ထောက်ပံ့မှုဖြင့် ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။

သတင်းစာများ၏ ရှင်သန်မှုကို ထပ်မံဟုတ်ဆလျော့စေသည်မှာ ၁၉၆၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် 'အမျိုးသားစည်းလုံးညီညွတ်မှုကာကွယ်ရေးဥပဒေ' ကို ပြဋ္ဌာန်း လိုက်ခြင်းပင်ဖြစ်သည်။ ယင်းဥပဒေအရ မဆလပါတီမှလွဲ၍ အခြားနိုင်ငံရေးပါတီအားလုံးကို ဖျက်သိမ်းလိုက်ပြီး ယင်းပါတီတို့၏ ဥစ္စာပစ္စည်းများကိုလည်း သိမ်းယူလိုက်သည်။ နောက်ငါးလအကြာတွင် ဆောင်းရေးမများဆုံးထုတ်ဝေသော 'ဗမာ့ဟံသာဝတီသတင်းစာ' ပိုင်ရှင်နှင့် အယ်ဒီတာကို လွှဲပြောင်းရေးထောင်းပါးတပ်ဒီ ဖျားသားခဲ့သည်ဟူသော မှုနှင့်ဖြင့်

ဖမ်းဆီးလိုက်သည်။ စက်တင်ဘာလ ၁ ရက်နေ့တွင် ကြေးမုံသတင်းစာကိုရင်း၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် မိုးလင်းသတင်းစာကိုရင်း ပြည်သူ့ပိုင် သိမ်းလိုက်သည်။ ၁၉၆၆ ခုနှစ် ဒီဇင်ဘာလတွင် ပုဂ္ဂလိကပိုင် သတင်းစာအားလုံးကို ဖျက်သိမ်းပစ်ရန် ကြေညာခဲ့သည်။ တရုတ်နှင့်ဟိန္ဒီဘာသာ သတင်းစာများ ပြန်လည်မှတ်ပုံတင်ခွင့်ကိုလည်း ရုပ်သိမ်းလိုက်သည်။ အစိုးရ၏အမိန့်အရ မြန်မာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးဖြင့်သာ ပုံနှိပ်ခွင့်ရှိတော့သည်။

အစိုးရသည် ထို့နောင် မရပ်သေး၊ တစ်ဖန်အား ဖျက်စီးဆဲပင်ဖြစ်နေစေခဲ့သည်မှာ ရန်ကုန်မြို့တွင်ရှိသော နိုင်ငံခြားသတင်းထောက်များပင် ဖြစ်သည်။ ရိုက်တာ (Reuters) သတင်းထောက်မှာ အာဏာသိမ်းပြီးနောက် ပထမဆုံး ပြည်နှင်ဒဏ်ခံရသူဖြစ်ပြီး အေပီ (Associated Press) သတင်းဌာန၏ ကိုယ်စားလှယ်မှာ ဒုတိယဖြစ်သည်။ နိုင်ငံခြား သတင်းစာဆရာများ မြန်မာပြည်သို့ လာရောက်ခွင့်ကိုလည်း ပိတ်ပင်လိုက်သည်။ သို့သော် တချို့မှာ ကမ္ဘာလှည့်ခရီးသည်အဖြစ် ဟန်ဆောင်၍ရင်း၊ နိုင်ငံဝင်ခွင့်ဗီဇာလျှောက်ရာတွင် အခြားအလုပ်အကိုင်အကြောင်းကို ပေါ်ပြ၍ရင်း မြန်မာပြည်သို့ ဝင်ရောက်ခဲ့ကြသည်။ နိုင်ငံခြားသတင်းဌာနများတွင် မြန်မာနိုင်ငံသားများကိုသာ သတင်းထောက်အဖြစ် အတင်းခန့်အပ်စေပြီး ယင်းသို့ ခန့်အပ်ထားသူများမှာလည်း အစိုးရက သဘောတူနှစ်သက်မှု ထားသူများသာ ဖြစ်ရမည်ဟု သတ်မှတ်ပြန်သည်။

ရန်ကုန်မြို့ရှိ ဒေသခံသတင်းထောက်များမှာ အရည်အချင်းရှိသူများဖြစ်သော်လည်း အဆုံး၌ တည်းဖြတ်ဥပဒေများကြောင့် အနေရခက်ပါသော အာဏာပိုင်တို့အကြိုက် ရေးသားရသော အခြေအနေတွင် ရှိသည်။ ဤသို့သော ထူးခြားသည့် အခြေအနေများကြောင့် စစ်အစိုးရသည် ရန်တိုက်လိုချင်သည့်ပုံစံဖြင့် သတင်းများကို ကမ္ဘာကျော်သော ရိုက်တာ (Reuters) အေပီ (Associated Press) အေအက်ဖ်ပီ (Agence France-Presse) ယူပီအိုင် (United Press International) နှင့် ဘီဘီစီ (BBC) စသည့် သတင်းဌာနများမှ တဆင့် နိုင်ငံတကာသို့ ဖြန့်ချိနိုင်ခဲ့သည်။ ယင်းသတင်းဌာနများအနေဖြင့် ထူးခြားသည့် အခြေအနေကို သိမြင်သဘောပေါက်ကြသော်လည်း ရန်ကုန်တွင် မိမိတို့ကိုယ်စားလှယ် ထားရှိရေးအတွက် လုံးဝမရှိသည်နှင့်စာလျှင် ကောင်းသေးသည်ဟု ယူဆ၍ ဖြစ်ပေလိမ့်မည်။

* * *

နယ်ပိုင် အခြေအနေများလည်း လျင်မြန်စွာ ဆုတ်ယုတ်ယိုယွင်းလာခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေကို ချမှတ်ကာ ကသပ်လာသောမြေ အချို့ကို ပြန်လည်ဝေငှခဲ့သော်လည်း မြေပိုင်ရှင်စနစ်သည် ဒီမိုကရေစီကာလ တလျှောက်လုံးတွင် ပြဿနာကြီးတစ်ရပ် ဖြစ်ခဲ့သည်။ တော်လှန်ရေးကောင်စီသည် ဤပြဿနာကို ဖြေရှင်းမည်ဟု အသံကောင်းဟစ်ကာ ၁၉၆၅ ခုနှစ်တွင် သီးစားစနစ်ကို ဖျက်သိမ်းလိုက်ပြီး ကျေးရွာလယ်ယာမြေကော်မတီများအား လယ်မြေခွဲဝေရေးအာဏာကို အပြီးအပိုင် ပေးအပ်လိုက်သည်။ နောက်တွင် ဒေသခံပြည်သူ့ကောင်စီက ဤအာဏာကို ရိုက်ခတ်လာခဲ့သည်။ ယခင်မြေပိုင်ရှင်များမှာ ညစာသာသာ ကင်းမဲ့သွားကြသည်။

မြောက်မြားစွာသော တောင်အာရှအနွယ်ဝင် မြေပိုင်ရှင်များသည် ငွေစက္ကူများကို တရားမဝင်ကြေညာပြီးနောက် တိုင်းပြည်မှ ထွက်ခွာသွားခဲ့ကြသည်။

ကာမန် လက်တွေ့နှင့် လုံးဝကင်းကွာသည့် ပေါ်လစီများ စနစ်ကြောင့် ကျေးလက်ဒေသတွင် ပိုမိုဆင်းရဲနွမ်းပါးလာခဲ့သည်။ လယ်ယာမဲ့သော လယ်သမား လူတန်းစားတရပ်ကို ဖန်တီးမည့်အစား စနစ်တင်သည့် စိုက်ပျိုးရောင်းဝယ်ရေးအာဏာကို မဆလ ပြည်သူ့ကောင်စီဝင်များဖြစ်ကြသော အငြိမ်းစား စစ်အရာရှိများနှင့် အဂတိလိုက်စားသော ဝန်ထမ်းများလက်ထဲသို့ ပုံအပ်ခဲ့သည်။ စစ်အုပ်ချုပ်မှု ပထမနှစ်များတွင် တော်လှန်ရေးကောင်စီသည် လုပ်သက်ရင့်သော ဝန်ထမ်း ၂၀၀၀ ခန့်ကို အငြိမ်းစား ပေးခဲ့သည်။ ၎င်းတို့၏ လစ်လပ်ကျန်ရစ်သော ရာထူးများတွင် အမှုထမ်းဆဲ သို့မဟုတ် အငြိမ်းစား စစ်ဗိုလ်များကို အစားထိုးခဲ့သည်။ ထိုသူများသည် စပါးဝယ်ယူရေးကို စီမံခန့်ခွဲခြင်း၊ စားသုံးကုန်ပစ္စည်းများကို ဖြန့်ဖြူးခြင်း၊ ထိရောက်သော ပြည်သူ့လုပ်အား စီမံခန့်ခွဲမှုစနစ်ကို တည်ဆောက်ခြင်း စသည်တို့ကို ဆောင်ရွက်ရန် အတွေ့အကြုံမရှိကြ။ မိုလှိုင်ကျည်း အလုပ်မဖြစ်ကြချေ၊ ဂျိုးဇက်ဆီးလ်ဗားစတိုင်း ရေးသားသည့် “မြန်မာပြည်စစ်အုပ်ချုပ်ရေးနှင့် နိုင်ငံရေးပုံသေစနစ်”(Burma-Military Rule and the Politics of Stagnation) မည်သော စာအုပ်၌ “စစ်အစိုးရသည် သတိလွတ်ပြီး တီထွင် ဖန်တီးမှုရှိသော ဗျူရိုကရေစီအဖြစ် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မှုလက္ခဏာ မပြသနိုင်ခဲ့၊ အမှန်တကယ်၌ ကျွမ်းကျင်သော အတတ်ပညာရှင်များကို မကျွမ်းကျင်သူများဖြင့် အစားထိုးသော ပေါ်လစီမျိုးသာ ဖြစ်နေတော့သည်”ဟု ဆိုထားသည်။

ရလဒ်မှာ လုပ်ငန်းကျွမ်းကျင်မှုမရှိသည့် ဆိုးဝါးစွာညံ့ဖျင်းခြင်းနှင့် အဂတိလိုက်စားမှု ပေါ်များလာခြင်းပင်ဖြစ်သည်။ စစ်အစိုးရသည် အခြေခံစားကုန်များကိုသော်မှ ဖြန့်ဖြူးခြင်း မပြုနိုင်ရကား လယ်သမားများမှာလည်း သီးနှံအထွက်တိုးအောင် ကြိုးစားလိုစိတ် မရှိကြချေ။ အစိုးရစည်းမျဉ်းများအရ လယ်သမားများသည် မိမိတို့၏သီးနှံများကို ပေါက်ဈေးထက်နည်းလွန်းသော ဈေးနှုန်းဖြင့် အစိုးရထံ မရောင်းမနေ ရောင်းချရသည်။ တခါတရံ လယ်သမားများသည် ၎င်းတို့မိသားစုစားသုံးရန်ပမာဏကို မှောင်ခိုဈေးမှ ဝယ်ယူရသည့်အထိ ဖြစ်ခဲ့ရသည်။ ဤသို့သော အစိုးရ၏ ဆန်ပေါ်လစီကြောင့် လယ်သမားများစွာမှာ စပါးမဟုတ်သော အခြားသီးနှံများစိုက်ပျိုးခြင်း (သို့မဟုတ်) တခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းသို့ ပြောင်းခြင်းတို့ကိုသာ ပြုလုပ်လာကြသည်။

၁၉၆၀ – ၇၃ ခုနှစ်အတွင်း စပါးအထွက်နှုန်းတန်ချိန်ပေါင်း ၆ ဒသမ ၇ သန်းမှ ၇ ဒသမ ၂ သန်းထိ တိုးခဲ့သော်လည်း လူဦးရေမှာလည်း ထိုအချိန်ကာလအတွင်း ၂၅ ရာခိုင်နှုန်း ပိုမိုများပြားလာခဲ့သည်။ ၁၉၆၁ ခုနှစ်ကျော် မြန်မာပြည်သည် ဆန်တန်ချိန် ၁ ဒသမ ၇ သန်းကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ဆန်တင်ပို့ရောင်းချမှုသည် တန်ချိန် ၀ ဒသမ ၇ သန်းအထိ ကျဆင်းခဲ့သည်။ ၁၉၆၁ – ၆၂ ခုနှစ်တွင် ကုန်ဈေးနှုန်းတည်ငြိမ်မှုအခါ အခြေခံထားသော လူတဦး၏ဝင်ငွေမှာ ၃၄၅ ကျပ်ဖြစ်သည်။ ၁၉၇၀ – ၇၁ ခုတွင် ၃၇၃ ကျပ်အထိ တိုးလာသော်လည်း စစ်ကြိုကာလ (၁၉၃၈ – ၃၉) လူတဦး၏ ဝင်ငွေ ၃၃၅ ကျပ်နှင့် နှိုင်းစာကြည့်သင့်သည်။

၁၉၆၇ ခုနှစ်တွင် ရန်ကုန်မြို့၌ ဆန်နှင့် အခြေခံစားကုန်များ ရှားပါးမှုများ ပေါ်လာသည်။ တချိန်တည်းမှာပင် ‘တရုတ်ပြည်ယဉ်ကျေးမှုတော်လှန်ရေး’သည် ရန်ကုန်မြို့ရှိ တရုတ်အမျိုးသားများအား ကြွကာလှုံ့ဆော်လာပြီး တရုတ် – မြန်မာ လူငယ်များ ဖြစ်ပွားသည်

အနီရောင် မော်စီတုန်းဝတ်စုံများကို ဝတ်ဆင်လာကြသည်။ ဤအပြုအမူမှာ မြန်မာ့ စည်းမျဉ်းဥပဒေကို ချိုးဖေါက်ရာရောက်၍ စစ်အစိုးရက 'တပ်နီလူငယ်'များကို 'တံဆိပ်နီ'များဖြုတ်ပစ်ရန် အမိန့်ပေးခဲ့သည်။ ထိုအမိန့်ကို တပ်နီလူငယ်အချို့က ငြင်းဆန်ခဲ့ရာမှစ၍ (၁၉၆၇ ခု ဇွန်နှင့်ဇူလိုင်လ) တရုတ်ဆန့်ကျင်ရေးအဓိကရုဏ်း ဖြစ်ပေါ်လာခဲ့သည်။ တရုတ်လူမျိုးတို့၏ အိမ်များ၊ ဆိုင်များနှင့် တရုတ်သံရုံးတို့ကို ဝင်ရောက်လုယက်ဖျက်ဆီးကြပြီး တရုတ်ကပြားများစွာ အသတ်ခံခဲ့ကြရသည်။

ထိုအရေးအခင်းနှင့် ပတ်သက်၍ ဖြိုးမောင်ဆီးလ်ဗားစကိုင်းက ဤသို့ဖော်ပြခဲ့သည်။ "ယင်းအရေးအခင်းဖြစ်ပြီးနောက် တနှစ်မကြာမီအတွင်း ရန်ကုန်မြို့နေလူထုကို တွေ့ဆုံမေးမြန်းခဲ့ရာ ထိုနှစ်နွေဦးပေါက် ဆန်ရေစပါး ခေါင်းပါးမှုဖြစ်ပွားခြင်းမှာ အကွက်အမင်းဆိုးဝါးလာပြီး ပြည်သူတို့သည် ထကြွတော်လှန်ရန်နီးကပ်လုမတတ် ဖြစ်ခဲ့ကြသည်ဟု စာရေးသူသိရှိခဲ့ရသည်။ 'တံဆိပ်နီ' ပြဿနာသည် ပြည်သူတို့၏ ခေါင်းဆောင်ကြီးများအပေါ် ဖြစ်နေသောဒေါသကို တရုတ်လူမျိုးများအပေါ် လွှဲပြောင်းပေးခဲ့သည်။ နှစ်ကုန်ပိုင်းတွင် ကောက်သင်းပေါ်၍ ဈေးကွက်ထဲဝင်လာသောကြောင့် ပြည်သူတို့ ပေါ့သေးငြိမ်းခဲ့ကြသည်။ အစိုးရက ဖုက်သိမ်းခဲ့သော ဟာရှယ်ထားသောဆိုင်များ၊ ကုန်ဆိုင်များကို ပြန်လည်ဖွင့်ပေးခဲ့သည်၊ သို့နှင့် လူမျိုးရေးတင်းမာမှုများ လျော့ပါးသွားခဲ့လေသည်"

၁၉၆၈ ခုနှစ် နှောင်းပိုင်းကာလတွင် ၎င်း၏စီးပွားရေးပေါ်လစီများကို ပြည်သူလူထုက ကြိုက်နှစ်သက်မှုမရှိကြောင်းဖြင့် အစိုးရကိုယ်တိုင် ဝန်ခံခဲ့သည်။ ၁၉၆၉ ခုနှစ် မတ်လ ၂၂ ရက်နေ့ထုတ် အရှေ့ဖျားစီးပွားရေးစာစောင်တွင် ဖော်ပြပါရှိသော ကာရိုလ် ဂိုးလ်စတိုင်း(Carol Goldstein)နှင့် ဦးဘငြိမ်းတို့ တွေ့ဆုံမေးမြန်းခန်း၌ ဦးဘငြိမ်းက ဤသို့ဝန်ခံခဲ့သည်။

"မြေပိုင်ရှင်ဟောင်းတွေ၊ စီးပွားရေးသမားဟောင်းတွေ၊ ကုန်သည်ကြီးတွေ၊ အပေါင်းသမားတွေဟာ အစိုးရပြည်သူ့ပိုင်သိမ်းတာကို ငြိုငြင်ကြတယ်။ လယ်ယာထွက်ကုန်၊ စက်မှုထွက်ကုန်၊ လူတဦး၏ ပျမ်းမျှဝင်ငွေ၊ နိုင်ငံခြားကုန်သွယ်မှု အားလုံးဟာ လွန်ခဲ့တဲ့ သုံးနှစ်အတွင်း အကြီးအကျယ်ကျဆင်းခဲ့တယ်"

ဤဆောင်းပါးဝင် သတ္တုရေးဝန်ကြီးဟောင်းတဦးက "စီးပွားရေးနောက်ဆုံး ဆုတ်ယုတ်ခဲ့ရတာဟာ လုပ်ရည်ကိုင်ရည်ချို့လို့ ဖြစ်ရတာထက် ပြည်သူလူထုက မပူးပေါင်း မကူညီတဲ့အပြင် ဆန့်ကျင်ဖျက်ဆီးကြလို့ဖြစ်တယ်"ဟု စောဒကတက်ခဲ့သည်။

စီးပွားရေးဆုံးရှုံးမှုများအတွက် ဦးဘငြိမ်းကို တရားခံအဖြစ် သတ်မှတ်ကာ ရာထူးမှ ထုတ်ပယ်ခဲ့သည်။ အခြား မူဆလင်ဘာသာဝင်တဦးဖြစ်သူ တော်လှန်ရေးကောင်စီဝင် ဦးတင်ဖေကိုလည်း ၁၉၇၀ ခုနှစ်တွင် ရာထူးမှ ဖယ်ရှားခဲ့ရာ မှို၍ ပြေလျော့သော စီးပွားရေးပေါ်လစီများ ချမှတ်ရန် လမ်းပွင့်လာခဲ့သည်။ အခြေခံကျကျပြောရလျှင် 'ကြိုးကိုင်သော နိုင်ငံခြားသားများ'ဟု အစိုးရက ယုံမှတ်ထားသည့် တရုတ်–ပြန်မာနှင့် အိန္ဒိယ–မြန်မာ အနွယ်ဝင်များ၏ စိုးမိုးချုပ်ကိုင်မှုအောက်တွင် ဖွံ့ဖြိုးတည်ပင်ခဲ့သော မှောင်ခိုစီးပွားရေးကို အသေးစားဆိုင်များက ကျက်ကျွမ်းမှုပြုခြင်းဖြစ်သည်။

စစ်တပ်မှ အာဏာသိမ်းခြင်းနှင့် စီးပွားရေးပေါ်လစီသစ်တို့ကြောင့် တိုင်းပြည်၏ နိုင်ငံရေးဇာတ်ခုံတွင် စစ်တပ်မှတပါး အပြိုင်ထွက်သူဟူ၍ တခြားနိုင်ငံရေးဇာတ်ဆောင် တစုသာရှိသည်။ အံ့ဩစရာကောင်းသည်မှာ အစိုးရအား လက်နက်ကိုင်တော်လှန် ပုန်ကန်သူများ ဖြစ်နေခြင်းပင်တည်း။ စစ်အာဏာသိမ်းပြီး ချက်ချင်းပင် ရန်ကုန်မြို့ရှိ ရည်မှန်းချက်ကြီး၍ တခါတရံ ခန့်မှန်းရခက်သော ဗိုလ်ချုပ်ကြီးကို သတိထားစောင့်ကြည့် နေခဲ့ကြသည့် ပီကင်းအစိုးရသည် ၎င်း၏မြန်မာညီအစ်ကိုပါတီအား ဖွင့်ပြောင်တင်းတင်း ထောက်ပံ့ကူညီရန် ဆုံးဖြတ်ခဲ့သည်။

၁၉၆၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ပီကင်း၌အခြေစိုက်သော ဗမာပြည် ကွန်မြူနစ်ပါတီခေါင်းဆောင်များက "နေဝင်းစစ်အစိုး၏ ဖိနှိပ်မှုများ" ဟူသော စာတမ်း တစောင်ကို ထုတ်ဝေခဲ့ကြပြီးဖြစ်သည်၊ ဤစာတမ်းမှာ နှစ်ပေါင်းများစွာအတွင်း CPBတို့ ပထမအကြိမ် သိမ်းဆည်းကောင်းမွန်စွာ ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့ပြီး 'ပြည်ပသို့သတင်းဖြန့်ချိရေး'အတွက် ဖြစ်သည်၊ ထိုစာတမ်းသည် စစ်အာဏာသိမ်းမှုနှင့် ဇူလိုင် ၇ ရက် ရန်ကုန်တက္ကသိုလ်လူထုဆန္ဒပြပွဲတို့ကို ပြစ်တင်ရှုတ်ချ ထားပြီး ဗမာပြည်ကွန်မြူနစ်ပါတီနှင့် အခြား ပါတီအဖွဲ့အစည်းများ၏ ပါရှိသော ဆိုင်ရာလူမျိုးများပိုင်ခွင့်တို့ကို လေးစားပါရန် အစိုးရအား တိုက်တွန်းထားသည်။ ငြိမ်းချမ်းရေးအတွက် အစိုးရသစ်နှင့် လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးတို့ မသွေ ဆွေးနွေး ကြရန် အကြံပေးထားသည်မှာလည်း ပယ်ချခံလှသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တနှစ်အကြာတွင် ဗိုလ်နေဝင်းအစိုးရက အမှန်တကယ် ကျင်းပပေးခဲ့သည်။ ဆွေးနွေးပွဲ၏ရလဒ်ကို ပဓါနမထားဘဲ အစိုးရက ကိုယ်စားလှယ်များ၏ အသွားအပြန် လုံခြုံရေးအာမခံချက် ပေးသောကြောင့် သခင်စိုး၏ အလံနီကွန်မြူနစ်ပါတီ၊ ကရင်၊ မွန်၊ ကချင်နှင့် အခြားသူပုန်တပ်ဖွဲ့ဝင်များသည် ရန်ကုန်မြို့တွင် ၁၉၆၃ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့မှ နိုဝင်ဘာလ ၁၄ ရက်နေ့အထိ ကျင်းပသော ငြိမ်းချမ်းရေး ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြသည်။ သခင်စိုးသည် သူများ၏အာရုံကို အဆွဲဆောင်နိုင်ဆုံးဖြစ်သည်။ သူသည် ကတ္တီပါနီပေါင်းနှင့် ဆွဲဆောင်မှုအပြည့်ရှိသော အမျိုးသမီးငယ်တသိုက်ခြံရံလျက် ဆွေးနွေးပွဲသို့ရောက်ရှိလာပြီး သူ၏ မျှ၌ စတာလင် ဓါတ်ပုံကိုဆောင်၍ ဆွေးနွေးပွဲထိုင်ခဲ့သူဖြစ်သည်။ သခင်စိုးက ဆိုဗီယက်ခေါင်းဆောင် ခရုရှော့၏ ပြန်လည်ပြင်ဆင်ရေးဝါဒနှင့် မော်စီတုန်း၏ အခွင့်ကောင်းယူဝါဒတို့ကို တိုက်ခိုက်ပြီးနောက် မြန်မာပြည်၌ လွတ်လပ်သော ရွေးကောက်ပွဲများကျင်းပရန် တောင်းဆိုခဲ့သည်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် ဗိုလ်နေဝင်းကောင်စီသည် သခင်စိုးနှင့် ဆက်လက်ဆွေးနွေးရန် မလိုအပ်တော့ကြောင်း ကြေညာခဲ့သည်။

သို့သော် အစ်ကပဗမာပြည်ကွန်မြူနစ်ပါတီမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အကြောင်းပြု၍ ကြီးကျယ်ကြီးမား အခွင့်အလမ်းတခု ရရှိခဲ့သည်။ ယင်းမှာ တရုတ်ပြည်ရောက် CPBပုဂ္ဂိုလ်များနှင့် တစ်ချိန်က အင်အားကြီးခဲ့သော်လည်း လက်ရှိနောက်ချန်ရစ်ခဲ့သော ပဲခူးရိုးမနှင့် အခြားမြန်မာပြည်အလယ်ပိုင်းဒေသများတွင် ခိုအောင်းနေကြသေးသော 'ပြည်သူ့တပ်မတော်' တပ်ဖွဲ့ဝင်များနှင့် တိုက်ရိုက်ဆက်သွယ်မှု ပြန်လည်ရရှိခဲ့ခြင်း ဖြစ်သည်။ ငြိမ်းချမ်းရေး ဆွေးနွေးရန် ပီကင်းမှ CPBဝါရင့်ပုဂ္ဂိုလ် ၂၉ ဦး ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သည်။ ထိုအဖွဲ့၌ နောက်တွင် "ပီကင်းပြန်" ဟု အမည်တွင်လာသော ပုဂ္ဂိုလ်များအနက် ရဲဘော်အောင်ကြီး (ဗိုလ်မှူးချုပ်အောင်ကြီးမဟုတ်) သခင်ဘိုနှင့် CPB ထိပ်ဝင်ခဲ့ကြသည့်

ရဲဘော်သုံးကျိပ် အဖွဲ့ဝင်များတွင် အထင်ရှားဆုံးဖြစ်ပြီး ၁၉၅၀ ခုနှစ်များ၏ အစောပိုင်းကာလ၌ တရုတ်ပြည်သို့ ထွက်ခွာသွားခဲ့သူ ဗိုလ်ဇေယျပင် ပါဝင်သည်။ ထို့အပြင် ဂျပန်တော်လှန်ရေးကာလက တနင်္သာရီတိုင်း ထားဝယ်မြို့နယ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ရဲဘော်ဟောင်းတဦးဖြစ်သူ သခင်ဗသိန်းတင်လည်း ပါဝင်သည်။ သူသည် ရွေးကောက်ပွဲမှာ ရာဇဝင်မတက်ဘဲ အခွင့်ကောင်းယူကာ ပဲခူးရိုးမရှိ စခန်းချုပ်သို့ သွားရောက်၍ တရုတ်ပြည်မှ ယူဆောင်လာသော ကြိုးမဲ့ကြေးနန်းစက်များနှင့် အခြားအကူအညီပစ္စည်းများကို ပေးပို့ခဲ့သည်။

နိုဝင်ဘာလတွင် ရွေးကောက်ပွဲပျက်ပြားသွားသောအခါ သခင်ဗသိန်းတင်နှင့် ပီကင်းပြန်တဦးသာ တရုတ်ပြည်သို့ ပြန်သွားခဲ့ကြသည်။ ကျန် ၂၇ ဦးမှာ မြန်မာပြည်တွင် ကျန်ခဲ့ပြီး ပါတီ၏ ပြိုင်ဘက်ခဲ့ ခေါင်းဆောင်များ ဖြစ်လာခဲ့ကြသည်။ ၁၉၆၀ ခုနှစ် နှောင်းပိုင်းကာလများတွင် ဤပီကင်းပြန်များသည် တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေး၏ ဂိုဏ်းဆက်မှုကို အတက်ဝင်ယုံကြည်ကာ သူတို့ 'တပ်နီလူငယ်' များ၏ ထောက်ခံမှုဖြင့် ပဲခူးရိုးမတွင် ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော ခုံရုံးတင်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။ ပါတီဝင် ရဲဘော်ဟောင်းများစွာကိုအား (အကျော်ကြားဆုံးသောခေါင်းဆောင်များ) လူပုံအလယ်၌ အရှက်ခွဲ ဖွဲ့ချက်တင်ကာ သတ်ဖြတ်ခဲ့ကြသည်။ ထိုအသတ်ခံရသူများထဲမှာ ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးနောက် CPB သို့ဝင်ရောက်ခဲ့ကြသော ကျောင်းသားများဖြစ်သည်။ ၁၉၆၃ ခု၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဦးဆောင်ခဲ့သော ရဲဘော်ဌေးအား 'ဗမာတိန့်ရှောင်ဖိန်' ဟူ၍လည်းကောင်း၊ အိန္ဒိယနွယ်ဖွား ဝါရင့်ပါတီဝင်တဦးဖြစ်သူ ရဲဘော်အောင် (ဂိုရှယ်)အား 'ဗမာလျူရှောက်ချီ' ဟူ၍လည်း စွပ်စွဲကာ သတ်ပစ်လိုက်ကြသည်။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်အောင်ကိုလည်း သတ်ပစ်လိုက်ကြသည်။ CPB သို့ဝင်ရောက်ခဲ့ကြသည့် ကျောင်းသားခေါင်းဆောင်များအနက် ကာတီယာပုဂ္ဂိုလ်ဖြစ်သည့် ဗိုလ်ရဲထွေးမှာ ၁၉၆၇ ခုနှစ်ကတည်းက လက်နက်ချခဲ့သည်။

ထိုအတောအတွင်း CPB သည် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းတောင်တန်းဒေသများသို့ ကိုးအင်ဝင်ရောက်ပြီး တရုတ်မြန်မာနယ်စပ်တလျှောက် အခြေစိုက်စခန်းသစ်များ ဖွင့်လှစ်ရန် တရုတ်ပြည်၏ ပြင်ဆင်မှုများ ပြုလုပ်နေကြသည်။ CPB သည် အခြေခံစခန်းသစ်များနှင့် မြန်မာပြည်အလယ်ပိုင်းရှိ နယ်မြေဟောင်းများ ဆက်သွယ်မိရန် အကြိမ်ကြိမ်ကြိုးစားကြသည်။ ၁၉၆၀ ခုနှစ် အလယ်ပိုင်းကာလတွင် CPB တပ်ဖွဲ့များသည် ပဲခူးရိုးမအတွင်းရှိ နယ်မြေဒေသများ၏ အပြောအဆို ဝင်းနိုင်မည့် လမ်းကြောင်းများ ဆုံးရှုံးခဲ့ကြသည်။ အခြားသော လူနည်းစုအင်အားများ ကအကုန်ဖြင့် ကချင်နှင့် ရှမ်း စသော လက်နက်ကိုင် အဖွဲ့များကိုလည်း ၎င်းတို့နှင့် သင်တန်းပေး၍ ညှိနှိုင်းမည့် ကာလီများဖြင့် ဆက်သွယ်ခဲ့ကြသည်။

'မိုင်းကိုး'ကို ပဒေသရာဇ်တိုက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ တိုက်ရိုက်ရေးမှုအဖြစ် ဒုတိယ ကမ္ဘာစစ်အတွင်း ပါဝင်တိုက်ခိုက်ခဲ့သူ ကရင်အမျိုးသား မန်းဘဆိုင်ကို တာဝန်ပေးခဲ့ကြသည်။ KNDO ထဲမှ အစောပိုင်းတွင် ပါဝင်ခဲ့သူ မန်းဘဆိုင်သည် ချင်းမြောက်ပိုင်းရှိ ကချင်ပြည်နယ်သို့ ရောက်ရန် ကြိုးစားခဲ့သော်လည်း ၁၉၅၀ ခုနှစ်တွင် နောက်ဆုတ်လာသော ရာပေါင်းအနည်းငယ်ဖြင့် ဤမိုင်းကိုးဒေသမှ တရုတ်ပြည်သို့ ဆုတ်ခွာခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် မန်းဘဆိုင်အား သူနေထိုင်ရာ ကွမ်းကျိုးမြို့မှ အဝေးရောက် CPB တပ်ခွဲ အလယ် ၁၄၀ မိုင် အကွာရှိသော စီးချွမ်းနင်းသို့ ရှမ်းပြည်မြောက်ပိုင်းသို့ ရောက်လာသည့် သခင်ဗသိန်းတင်နှင့် တွေ့ဆုံရန် ခေါ်ယူသွားခဲ့သည်။

၁၉၆၇ ခုနှစ် တရုတ်ဆန့်ကျင်ရေး အဓိကရုဏ်းသည် ရှုမဝင်လှသောဖြစ်သော CPB ၏ 'သေနတ်အားဖြည့်ဖြင့် ရှမ်းပြည်သို့ ထိုးဖောက်ဝင်ရောက်မည့် အစီအစဉ်' ကို အားပေးခဲ့သည်။ ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၁ ရက် နှင်းသစ်ကူးနေ့၌ နံနက်စောစောတွင် နော်ဆိုင်း ပြည်သူ့စစ်တပ်ပြန်ခဲ့သည်။ ထို့နောက် မိုင်းကိုးဒေသကို မိနစ်သုံးဆယ်အတွင်း ဟိုးက်နိုက်သိမ်းပိုက်နိုင်ခဲ့ပြီး ယင်းဒေသ၏ တပ်မှူးပေးသည်း ကျဆုံးခဲ့သည်။ ဒေသခံများအတွက် ရောက်ဆိုင်းသည့် အမျိုးသားသူရဲကောင်းဖြစ်ပြီး သူပြန်လည်ရောက်ရှိလာမှုကို ပမ်းပမ်း တာတာ ကြိုဆိုခဲ့ကြသည်။ သို့သော် လွန်ခဲ့သော ၁၈ နှစ်က တရုတ်ပြည်သို့ ခိုဝင်သွားခဲ့စဉ် ကလေးမျိုးသားက ဗိုလ်ကြီးဖြစ်ခဲ့သူ နော်ဆိုင်းသည် မိုင်းကိုးကို ဝင်သိမ်းခဲ့သည့် အင်အား ၃၀၀ ခန့်ရှိတပ်၏ 'နိုင်ငံခြားသား' များဖြစ်ကြသော ယိမ်းယိုင်နေသော CPB လေးပါးမှုအ၏ ပယ်ချမှုအာဏာသို့ ရောက်ရှိသွားပြီး မြန်မာစစ်ကြောင်းကိုကျခံရမှုဘနှင့်၊ နေဝင်သင်ကို ဝင်ရောက်ခဲ့ခြင်း ဖြစ်တော့သည်။

နောင်ဆယ်နှစ်ကာလတလျှောက်လုံးတွင် CPB သည် ထူးခြားတိုက်ပွဲ ကျဆုံးမှုကြီး ကြီးမားလှ ရှိခဲ့သည်။ အစပ်မှာ အားဆီး၊ အောင်းပြန်တာနှုတ်၊ လေယာဉ်ပင် အမြောက်အဆီး တရုတ်ပြည်မှ နယ်စပ်ကိုကျော်၍ ပို့ဆောင်ပေးခဲ့သည်။ အရုပ် ထပ်မပေးသားများ၊ ကိုယ်ကျိုးစွန့်လိုသူများ၊ အထူးသဖြင့် ကချင်ပြည်၊ 'အဆိုးလူငယ်' အဖွဲ့ဝင်လူငယ်များသည် CPB စစ်ကြောင်းများနှင့် ရင်ဆောင်တန်းကာ အမှုထမ်း၍ ပေးကိုက်ပွဲ ထိတွေ့နိုင်ခဲ့ကြသည်။ စိတ်ဝင်စားဖွယ်မှ ပိုပယ်ပေးခံ့ယူ 'ဖက်ဆစ်' တဦးဖြစ်သည်ပင် ရှုတ်ရှုဖြစ်ခဲ့ရသည်။ နိုင်ငံရေးကာလ၌ လွှဲ့ခံခဲ့သည့်ပုံမှန်အနည်းငယ်မတိုင်မီကာလ၌ မြွေအနှင့် လေးနှိုးမြို့ရှိ အမျိုးသားသင်တန်းကျောင်းများအား ဖိတ်ပင်ခဲ့ခြင်းဖြင့် သူ၏ မွေ့မှန်မှုကို ပြသခဲ့သည်။

နှစ်အနည်းငယ်အတွင်း၊ ကွန်မြူနစ်တို့သည် တရုတ်နယ်စပ်တလျှောက်တွင် တစ်လိုမီတာ နှစ်ထောင်းကျော်ရှည်လျားသော နယ်မြေများကို သိမ်းပိုက်နိုင်ခဲ့ကြသည်။ ထိုနယ်မြေများမှာ တရုတ်ပြည် ကမ်တိန်ဦးသို့ Burma Road ကားလမ်းကြီး ဖြတ်သန်း ဝင်ရောက်ရာ ပန်ဆိုင်း (ကျူကုတ်) ဒေသမှ မဲခေါင်မြစ်နှင့် ဆလာနယ်စပ်အထိဖြစ်သည်။ အရှေ့မြောက်ဒေသတွင် ပါတ်ပွဲများပြင်းထန်လွန်းလှပြီး ရှမ်းပြည်နယ်ရှိ ကမာပြည် ကွန်မြူနစ်ပါတီ၏ တပ်ဖွဲ့များကို တိုက်နိုင်မည့်မဟုတ်ကြောင်း မြန်မာတပ်မတော်က သဘောပေါက်ခဲ့သည်။ သို့ဖြင့် မြန်မာတပ်မတော်သည် မြန်မာပြည်အလယ်ပိုင်းရှိ သိသိသာသာ အားနည်းနေသော CPB တပ်ခွဲကို ထိုးနှက်တိုက်ခိုက်တော့သည်။ ထိုသို့တိုက်ခိုက်ခြင်းမှာ မြန်မာပြည်အလယ်ပိုင်းနှင့် ရှမ်းပြည်တွင်းရှိ CPB တပ်များ မပေါင်းစပ်မိစေရန်လည်းဖြစ်သည်။ CPB ၏ ဘရားဝင်ဥက္ကဋ္ဌဖြစ်သူ သခင်သန်းထွန်းမှာ ၁၉၆၈ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့ ပဲခူးရိုးမတောနေရာတွင် အစိုးရသူလျှိုတဦး၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရပြီး သခင်ဇင်ကို ဥက္ကဋ္ဌအဖြစ် ဆက်ခံစေခဲ့သည်။ ၁၉၆၉ ခုတွင် တရုတ်ပြည်မှ ပြန်လာပြီး CPB ၏ ခေါင်းဆောင်ဖြစ်လာသော ဗိုလ်ဇေယျ မှာ ၁၉၆၈ ခုနှစ် ဧပြီလအတွင်း၌ စစ်ဆင်ရေးတွင် တိုက်ခိုက်ရင်း သေဆုံးခဲ့သည်။ အသိနိုင်ကွန်မြူနစ်ပါတီ၏ ထက်မြက်သောခေါင်းဆောင် ဘာဆက်စိုးသည့် သခင်မောင်ဆိုး စနစ်တကျ ရန်ကုန်ဒီမြေပြတ်ပိုင်း တောင်ရွှေဘဂုတွင် ၁၉၇၀ ခုနှစ် နိုဝင်ဘာလ၌ အဖမ်းခံခဲ့ရသည်။ သူ၏ လက်ထောက်ပေါ်တစ်ပေါ်ပူသည်များမှာလည်း သူ့အဖမ်းခံရပြီးနောက် ပျောက်ကွယ်သွားခဲ့ကြသည်။ သူ့အား ရန်ကုန်သို့ ခေါ်ဆောင်လာပြီး ထောင်ချခဲ့သည်။

ကွန်မြူနစ်နှင့် တိုင်းရင်းသူပုန်များသည် ၁၉၇၈ ၇၁ ခုနှစ်အတွင်း အစိုးရ၏ စီးပွားရေး တိုက်ခိုက်မှုကြောင့် ရှေ့သို့မဆက်နိုင်ဘဲရှိနေသဖြင့် ဆုတ်ခွာခဲ့ကြရသည်။ ၁၉၇၁ – ၇၂ ခုနှစ်အတွင်း မြန်မာ့တပ်မတော်က ပဲခူးရိုးမဒေသတလျှောက် CPBတို့၏ လှုပ်ရှားမှုကို အဓိကထား ရှင်းလင်းနိုင်ခဲ့သည်။ ၁၉၇၈ ခုနှစ် ဆောင်းတွင်းတွင် CPBတပ်၏ လှုပ်ရှားမှုနယ်မြေများကို အကြီးအကျယ် ထိုးစစ်ဆင်ခဲ့သည်။ မြန်မာ့တပ်မတော်သည် ယင်းနယ်မြေ၌ တပ်ဖွဲ့သုံးခုကို ဟိုင်းနိုင်းအမြောက် အများ များကို အောင်ပွဲများ ဖွဲ့စည်းခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ပထမဦးဆုံး ဖွဲ့စည်းခဲ့သော တပ်မ ၇၇ သည် ပဲခူးရိုးမရှိ CPBဌာနချုပ်ကို လုံးဝတိုက်ဖျက်နိုင်ခဲ့သဖြင့် သခင်ဇင်နှင့် သူ၏ အဖွဲ့ဝင်အချို့ သခင်ချစ်တို့ကိုပါ ဧပြီလ ၁၅ ရက်နေ့တွင် ရှင်းလင်းသုတ်သင် နိုင်ခဲ့ကြသည်။ ဤသို့ဖြင့် မြန်မာပြည်မပေါ်ရှိ ထိုင်ကြီးမှာ ဖြိုခွင်းခံခဲ့ရသည်။ ဤတွင် CPBတပ်များ အရှေ့မြောက်ပိုင်း၌ အချက်အချာစခန်းရခဲ့ရသည်။ တရုတ်ပြည်မှ လက်နက်သယ် များသည် အခြေခံစခန်းတခုသို့သာ ရောက်ရှိနိုင်ခဲ့သည်။ ယင်းဒေသမှာ နှမ်းပြည် အနောက်ဘက်ရှိ တောတောင်ထူထပ်သော ကွင်းကြီး ပြည်သူ့ပတ်နယ်မြေ၏ အပြင်ဘက်တွင် ရှိသည်။ သို့သော် CPB သည် ယင်းဒေသမှ ၁၉၈၀ အကျပ်ဖြစ်ပြီး ပိုမိုအချိန်ယူ၍ မဟာဗျူဟာသစ် ဆောင်ရွက်ခဲ့ကြသော လက်နက်အင်အားများသည် ပိုမိုကောင်းမွန် လာခဲ့သည်။

တိုင်းရင်းသူပုန်များမှာ ပြည်မ တောတောင်ထူထပ်မှု မရှိခဲ့။ သို့သော် သူ့နည်းသူ့ဟန် ဖြင့် နယ်ကျွန်နှင့်တွင် ဖြစ်ပေါ်လာသော အမြဲတမ်းနယ်မြေများ ပေါ်ပေါက်ခဲ့ကြသည်။ အထူးသဖြင့် 'မြန်မာ-ထိုင်းနယ်စပ်'ကို အခြေခံစခန်းအဖြစ် သိမ်းပိုက်ထားသော ပြည်တွင်းစစ်သည် ကုန်ကူးသူ ဝေလီဖျဉ်းတော့မှု ပြည်ပမှ ရိက္ခာပို့ဆောင်ပြီး သွင်းကုန်များကို ကင်းကြမ်းစွာ တန်ဆောင်ခဲ့ပြီး မှောင်ခိုဖြစ်သော ကုန်းကူးပြည်မှ ပြည်ပ အကျွတ်ပိုင်နေသော မှောင်ခိုကုန်သည်များမှ အခွန်ကောက်ယူခဲ့ကြသည်။ ရုပ်ဝတ္ထု ပစ္စည်းအားလုံးကို တိုင်းနိုင်ငံမှ သုံးစွဲယူခဲ့ကြသည်။ ဤတွင် ပေါ်ပေါက်လာသော အမြဲတမ်းမှ ဒေသခံတောင်ပေါ်လူမျိုးများဖြစ်သော ကရင်အမျိုးသမီးများ ခေါင်းဆောင်မှုဖြင့် ကရင်တပ်များသည် ထိုင်းနယ်စပ်တလျှောက်တွင် 'အခကောက်စခန်း'များ ဖွင့်ကာ မှောင်ခိုပစ္စည်းများကို ကူးသန်းရောင်းဝယ်ခွင့်ပြုခဲ့ကြသည်။ ယခုအခါ အကောက်စခန်းမှာ ၁၉၈၄ ခုနှစ်တွင် ဖွင့်လှစ်လိုက်သည့် ကိုင်းရှုးကြက်ဖြစ်၍ မိမိအကောက် ခေါက်ကြီးရှိ 'မနေပလောင်းပြင်'ဖြစ်လာသည်။ တနှစ်တနှစ်ကြောလျှင် မီးသေနတ်မြှောက်အကျိုး 'မင်းခါးစခန်း'ကို ထိမ်းချုပ်သိမ်းပိုက်ခဲ့ကြသည်။

အကျိုးဆိုရပါက ဆက်နွယ်နေကာလိုဖြစ်ခဲ့သော မိုင်းတုန်သည်များ၊ ထိုင်းစစ်ဘက်ဆိုင်ရာ အာဏာပိုင်များနှင့်လည်း ပူးပေါင်းဆိုဘဲပေးခဲ့ကြသည်။ ဤသို့ဖြင့် နှစ်အနည်းငယ်အတွင်း ပစ်ခတ်မှုများအသေးစားဖြင့် တရုတ်လွင်ပြင် အပြည့်အသိမ်းအစပြု တရုတ်သူပုန်များ ဆောက်လုပ်ခဲ့သည်။ ဝင်ငွေတိုးရန် ကုန်သွယ်မှုများမှ မိုင်းရှိန်းမှ ၁၀ ရာနှုန်းနှုန်းအထိ ကောက်ခံခဲ့သည်။ ထူးခြားသည်မှာ ထိမ်းချုပ်နယ်တခုတည်း၌ တရုတ်လူမျိုး ဘဝတူသိမ်းမှု နှင့်သိန်းအထိ လည်ပတ်မှုရှိသည်။ ထိုင်ဘဝမှ နှစ်ထောင် တရားဝင်ယူသော ထိုင်းမြန်မာနယ်စပ်တလျှောက်တွင် ယင်းသို့သော အခကောက်စခန်း များမှတဆင့် တရုတ်၊ မှန်၊ ကားရောင်းနိုင်ငံ မှစ၍သူပုန်များက ဖွင့်လှစ်ခဲ့ကြသည်။ အသုံးအဆောင်၊ အထည်အလိပ်၊ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း ဆေးဝါး စသောပစ္စည်းများကို ထိုင်းနိုင်ငံမှ

မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ပြီး ကျွန်းသစ်၊ ဓါတ်သတ္တု၊ ကျောက်စိမ်း၊ ကျောက်မျက်ရတနာအမျိုးမျိုးနှင့် ဘိန်းများကို မြန်မာနိုင်ငံမှထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခဲ့ကြသည်။

တရားဝင်မဟုတ်သော ကုန်သွယ်မှုစနစ်ကြီးပေါ်ပေါက်လာသည်ကို ယနေ့ထိမှာ ဆယ်စုနှစ်တမတ်လောင်း ပြုလာခြင်း၊ ခရိုဘော်ကာသည်း ထိုင်းနိုင်ငံ၏ စီးပွားရေးလျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုသည် ထိုင်း-မြန်မာနယ်စပ်၌ တွင်ကျယ်နေသော ကုန်သွယ်ရေးကြောင့် ဖြစ်သည်ဟု ယူဆပါက ယထာဘူတကျသည်ဟု ဆိုရမည်ဖြစ်သည်။ မှောင်ခိုမှုသည်ကို လက်ခံမည်လော၊ ကုန်ပစ္စည်းနည်းဘဝနှင့် နေမည်လော ဆိုသည်ကို ရွေးချယ်ရာတွင် မြန်မာအစိုးရသည် နယ်စပ်တလျှောက်တွင်ကျယ်နေသော မှောင်ခိုလုပ်ငန်းကို မျက်ကွယ်ပြုခဲ့ရသည်။ ကုန်ပစ္စည်းနည်းပါးလာတွင် နိုင်ငံရေး၊ လူမှုရေးမငြိမ်သက်မှုများ ဖြစ်ပေါ်လာမည်မှာ မုချဖြစ်သည်။

ဗိုလ်မြခေါင်းဆောင်သော ကရင်သူပုန်များမှာ ၎င်းတို့အာဏာရှိသော အခွန်ဂိတ်များဖြင့် အမေရိကန်ကုန်းပတ် လက်နက်ခဲယမ်းမီးကျောက်များနှင့် အခြားစစ်သုံးပစ္စည်းများကို 'ထိုင်းမှောင်ခိုဈေး'ဟု ခေါ်ဆိုသောနေရာမှ ဝယ်ယူသိမ်းဆည်းနိုင်ခဲ့ကြသည်။ ယခင်က ရုတ်ရုတ်ပြတ်ပြတ်နေခဲ့ရသော ကရင်ပြောက်ကျားများကို ယခုတော့ သည်းပုန်းပေါင်းများ၊ သံချောင်းထုပ်များ၊ အဂ္ဂါရီအမှတ်တံဆိပ်များဖြင့် အမြဲတမ်းတပ်မတော်တစ်ရပ်အဖြစ် တွေ့မြင်လာခဲ့ရသည်။ ငွေကြေးအင်အားကြီးမားလာပြီး လက်နက်သစ်များ တပ်ဆင်နိုင်ခဲ့သော်လည်း ကရင်များသည် CPB နည်းတူ အထီးကျန်ခဲ့ကြရသည်။ ၁၉၆၈ နှင့် ၁၉၇၇ ခုနှစ်များတွင် မြန်မာစစ်တပ်သည် ကရင်သူပုန်များအား ၎င်းတို့၏ အခြေခံဒေသဟောင်းများဖြစ်သော ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ပဲခူးရိုးမတို့မှ မဟိုက်ထိုးမောင်းထုတ် လိုက်ကြသည်။

အသက်ရှင်ကျန်ရစ်ခဲ့သော ကရင်များစွာမှာ မြစ်ဝကျွန်းပေါ် ကရင်ပညာတတ်အလွှာမှ ဖြစ်ကြသည်။ ၎င်းတို့သည် ထိုင်းနယ်စပ်တလျှောက်ရှိ ဗိုလ်မြ၏ဒေသများသို့ ထွက်ပြေးခဲ့ကြပြီး ဗိုလ်မြဘက်မှ မပြောပါက သူ့ထံလက်နက်ချခဲ့ကြခြင်း ဖြစ်သည်။ ကရင်လှုပ်ရှားမှုကြီးတစ်ရပ်လုံးကို ဗိုလ်မြချုပ်ကိုင်ထားသည့် ၁၉၇၆ ခုနှစ်အထိ ကရင်ခေါင်းဆောင်မန်းဘစံသည် KNU ၏ဥက္ကဋ္ဌ ဖြစ်ခဲ့သည်။ ထိုင်းနယ်စပ်တလျှောက်ရှိ KNU ဒေသမှာ CPB နယ်မြေနှင့် နှိုင်းစာလျှင် များစွာသေးငယ်လှသည်။ စတုရန်းကီလိုမီတာ ငါးထောင်မှခြောက်ထောင်ခန့် ကျယ်ဝန်းပြီး ကီလိုမီတာ ငါးရာခန့်ရှည်လျားသည်။ ထိုကျဉ်းမြောင်းသော KNU နယ်မြေသည် မြောက်ပိုင်းတွင် ထိုင်းနိုင်ငံ မဲဆောက်မြို့နှင့် မျက်နှာချင်းဆိုင်ဒေသမှ၍ တောင်ပိုင်းတွင် ပရာချွပ်ခီရီခန်မြို့အနီးရှိ မိုးတောင်တောင်ကြားအထိ ဖြစ်သည်။

ရှမ်းပြည်နယ်တွင် CPB တို့သည် ရှမ်းပြည်တပ်မတော် (SSA, Shan State Army) မှ ရှမ်းပြောက်ကျားများနှင့်အပြိုင် လှုပ်ရှားခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဖမ်းဆီးခံခဲ့ရပြီး လအနည်းငယ်အတွင်း ထောင်တွင်း၌ပင် ကွယ်လွန်သွားခဲ့သော မြန်မာပြည်ပထမဆုံးသမ္မတကြီး စဝ်ရွှေသိုက်၏ ဇနီးဖြစ်သူ နန်းဟိန်းနမ်းက SSA ကို ၁၉၆၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ SSA သည် သံလွင်မြစ်အနောက်ဘက်ခြမ်း တခွင်လုံးကို ဩဇာလွှမ်းမိုးလာခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် မကျေမနပ်ဖြစ်ကာ တောခိုသွားခဲ့ကြသည့် ကျောင်းသားရာပေါင်းအနည်းငယ်မျှဖြင့် စခဲ့သော ရှမ်းတော်လှန်ပုန်ကန်မှုသည် စစ်တပ်မှ အာဏာသိမ်းပြီးနောက် အရှိန်ရလာကာ သူတို့၏ ပြောက်ကျားတပ်သည် ထောင်နှင့်ချီ၍ အင်အားတောင့်လာခဲ့သည်။ မကြာမီ အများပြားလှသော လမ်းမကြီးများနှင့် မြို့ကြီးများမှအပ ရှမ်းပြည်တပြည်လုံးလိုလိုမှာ CPB လက်အောက်တွင်တဝက်၊ SSA လက်အောက်တွင်တဝက်

ကျရောက်ခဲ့တော့သည်။ ကချင်ပြည် မြောက်ပိုင်းတွင်မူ ၁၉၆၂ ခုနှစ်နောက်ပိုင်း KIA ၏ အင်အားတိုးပွားလာမှုမှာ လျင်မြန်လှသည်။ ၁၉၇၀ ခုနှစ်များအတွင်း၌ ၎င်းတို့သည် ကချင်ပြည်နယ်၏ နယ်မြေ ၇၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားနိုင်ပြီး ထောင်ပေါင်းများစွာသော လက်နက်ကိုင်တောသွင်းစစ်သည်များဖြင့် တပ်ဖွဲ့ထားနိုင်ခဲ့သည်။

၁၉၈၀ ခု ကျယ်ပြန့်လာသော နယ်စပ်ဒေသများမှ ပြည်တွင်းစစ်သည် ၁၉၅၀ ခုနှစ်များက လူမင်းတနိုင်တို့အစပျိုးခဲ့သော ဘိန်းထုတ်လုပ်မှုနှင့် ကုန်သန်းရောင်းဝယ်ခြင်းလုပ်ငန်းကို ချက်ချင်း အကျိုးသက်ရောက်စေခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သောင်ကြီးလွင်ပြင်တွင် ပေါ်ပေါက်ပျိုးသော တောင်သူလယ်သမားများသည် တိုက်ပွဲများကြောင့် တောင်ပေါ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး တောင်ပေါ်၌ ဖြစ်ထွန်းသည့် တစ်ခုတည်းသောသီးနှံ 'ဘိန်း' ကိုသာ စိုက်ပျိုးလာရခြင်းကြောင့် ဖြစ်သည်။ ယင်းအပြင် မူးယစ်ဆေးဝါးဈေးကွက်မှာလည်း ကြီးထွားလာခဲ့သည်။

ထိုဖြစ်ရပ်များကို နောင်နှစ်ပေါင်းနှစ်ဆယ်ကြာသောအခါ ချင်းမယ်တက္ကသိုလ်၏ ၂၀၀၂ ခုနှစ် ဇန်နဝါရီလထုတ် နိုင်ငံရေးသိပ္ပံမဂ္ဂဇင်း (Chiang Mai University's Political Science Review) ၌ ခိုင်းဇနိုက အောက်ပါအတိုင်း ရေးသားခဲ့သည်။

“လှုပ်ခြင်းမှာ လည်ပတ်နေသော ဘိန်းမှော်ဖိုမည်ဘီးကို ထပ်ဆင့်၍ ဆီထည့်ပေးလိုက်သည့်မှာ ဗိုလ်ချုပ်ကြီးနေဝင်း ၁၉၆၂ ခုနှစ် အာဏာသိမ်းအပြီးတွင် စတင်ကျင့်သုံးလိုက်သည့် 'မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်' ပင် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များကို ပြည်သူပိုင်သိမ်းယူလိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော စီးပွားရေး ပျက်ကွက်ခြင်း မှောင်ခိုစီးပွားရေး ပေါ်ပေါက်လာခြင်းသည် ဘိန်းကုန်ကူးသူများအတွက် ကောင်းသောအခွင့် ဖြည့်ဆည်းပေးခြင်းဖြစ်သည်။ ၎င်းတို့သည် ဘိန်းများကို ဆင်းရဲသော စိုက်ပျိုးသူများထံမှ ဈေးပေါ်ပေါ်ဖြင့်ဝယ်ယူ၍ လက်နက်ကိုင်တပ်ဖွဲ့များအား ကာကွယ်ရေး ယူစေပြီး ထိုင်းနယ်စပ်သို့သယ်ဆောင်ကာ ဘိန်းဖြူချက်လုပ်ကြသည်။ ဘိန်းစိမ်းကို ထပ်ကယ်ယူရန် အပြန်ခရီးတွင် ထိုင်းနိုင်ငံမှ စားသုံးကုန်ပစ္စည်းအမျိုးမျိုးကို သယ်ယူခဲ့ကြပြီး ရှမ်းပြည်တွင် ရောင်းချကြသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်သည် ဆိုရှယ်လစ်စနစ်ကို ဖြစ်ပေါ်စေမည့်အစား စီးပွားရေးကို ဘိန်းကုန်သည်များလက်သို့ ထိုးအပ်လိုက်တော့သည်။ ထို့ကြောင့် ဘိန်းသည် တရားဝင်သော စီးပွားဖြစ်သီးနှံ ဖြစ်လာသည့်အပြင် အရောင်းအဝယ်ဖေါက်ကားရာ အသုံးပြုငွေလည်း ဖြစ်လာခဲ့သည်။ ဤသို့ဖြင့် ၁၉၈၀ ခုနှစ်မတိုင်မီက သံလွင်မြစ် အရှေ့ဘက်ဒေသတွင်သာရှိသော ဘိန်းစိုက်ပျိုးရာဒေသသည် ရှမ်းပြည်နယ် တစ်ခုလုံးကိုသာမက ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့ကိုပါ ပျံ့နှံ့သွားခဲ့သည်”

ဤတွင် ရန်ကုန်အစိုးရသည် မရေမတွက်နိုင်အောင် များပြားလာသော သူပုန်တပ်များကို နှိမ်နင်းရန် မစွမ်းသာသောအခါ၊ အထူးသဖြင့် ရှမ်းပြည်နယ်တွင် ငြိမ်းမဖြစ်နိုင်တော့၊ ၁၉၆၃ ခုနှစ်တွင် သူပုန်များကို တိုက်ခိုက်ရန်အတွက် ဗိုလ်နေဝင်း၏ အမိန့်ဖြင့် 'ကာကွယ်ရေး' တပ်ဖွဲ့များကို ဖွဲ့စည်းခဲ့သည်။ သူပုန်များအား တိုက်ခိုက်ပေးသည့်အတွက် အပြန်အလှန်အနေဖြင့် ကာကွယ်ရေးအဖွဲ့များကို သူတို့၏ ဘိန်းမှောင်ခိုကုန်ကူးသန်းရောင်းဝယ်မှု လုပ်ကိုင်ရန် ရှမ်းပြည်တွင်းရှိ အစိုးရထိန်းချုပ်သော လမ်းများ၊ မြို့များကို အသုံးပြုခွင့်ပေးခဲ့သည်။ ဘိန်းကုန်ကူးခြင်းဖြင့် ကာကွယ်ရေးတပ်များ ကိုယ်ပိုင်ရပ်တည်နိုင်လိမ့်မည်ဟု ဗိုလ်နေဝင်း မျှော်လင့်ခဲ့သည်။ လက်နက်ကိုင်တော်လှန်

ပုန်ကန်မှုကို တန်ပြန်နှိမ်နင်းရန်အတွက် လိုအပ်သောထောက်ပံ့ကြေးပေးရန် ဂန်ထုတ်ပြီး ဗဟိုအစိုးရကိုယ်တိုင်လည်း ငွေမရှိခဲ့။ ဒေသခံတာဝန်ကျတပ်မှူးများသာ ဤမှားယွင်းမှု ကြောင့် ချမ်းသာလာကြသည်။ အထူးထင်ရှားသူများမှာ ကိုးကန့်ကာကွယ်ရေးတပ်မှူး လော်စစ်ဟန်နှင့် လွယ်မော်ကာကွယ်ရေးတပ်မှူး ချန်ချီဖူး (ခေါ်) ခွန်ဆာတို့ ဖြစ်ကြသည်။ လောစစ်ဟန်သည် မြန်မာစစ်တပ်နှင့်အတူ CPB တို့ကို တိုက်ခိုက်ခဲ့ပြီး လားရှိုးမြို့ရှိ အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးကြီးအေးကိုနှင့် ကြွမ်းဝင်ရင်းနှီးမှု ရှိခဲ့သည်မှာ ၁၉၇၀ ပြည့်အစောပိုင်းနှစ်များကတည်းက ဖြစ်သည်။ ဗိုလ်မှူးကြီးအေးကိုမှာ နောင်တွင် ထင်ရှားသော မဆလပါတီခေါင်းဆောင်တဦး ဖြစ်လာခဲ့သည်။

သို့သော် အစိုးရရှုထောင့်မှပြောရလျှင် 'ကာကွယ်ရေး' စီမံကိန်း တခုလုံးမှာ နိုင်ငံရေးအရှုံးတရပ် ဖြစ်လာသည်။ ကာကွယ်ရေးတပ်မှူးများသော သူပုန်များကို တိုက်ခိုက်မည့် အစား ၎င်းတို့အား အကာအကွယ်အခွန်ပေးရန် သဘောတူညီမှုများ ပြုလုပ်ခဲ့ကြသည်။ ကာကွယ်ရေးတို့အဖြစ်ဖြင့် အုပ်စုများ ထိန်းချုပ်ထားနိုင်သော ကျေးလက်တောတောင် ဒေသများကို ဖြတ်ကျော်၍ ထိုင်းနယ်စပ်သို့ ဘိန်းတင်ပို့ရန် လုံခြုံမှုလိုအပ်လာသောကြောင့် သူပုန်များနှင့်လည်း နားလည်မှုယူခဲ့ကြသည်။ ၁၉၇၃ ခုနှစ်တွင် ကာကွယ်ရေးတပ်များကို ဖျက်သိမ်းခဲ့သည်။ လောစစ်ဟန်မှာ တောခိုသွားပြီး SSA နှင့် ခဏတာ ပူးပေါင်းခဲ့သည်။ ထို့နောက် ထိုင်းနိုင်ငံ၌အဖမ်းခံရပြီး မြန်မာပြည်သို့ ပြန်ပို့ခြင်းခံခဲ့ရသည်။ သူ့အား သေဒဏ် စီရင်ချက်ချပေးခဲ့သော်လည်း 'ဘိန်းမှောင်ခိုကုန်ကူးမှု' ကြောင့် မဟုတ်ဘဲ 'နိုင်ငံတော်ပုန်ကန်မှု' ကြောင့် ဖြစ်သည်။

ခွန်ဆာကို ၁၉၆၉ ခုနှစ်တွင် ဖမ်းဆီးခဲ့သည်။ သို့သော် သူ၏နောက်လိုက်များက တောင်ကြီးဆေးရုံမှ ဆိုဗီယက်ဆရာဝန် ၂ ဦးကို ပြန်ပေးဆွဲ၍ ခွန်ဆာကို လွှတ်ပေးခဲ့သည်။ သူသည် ထိုင်းနယ်စပ်သို့ပြန်လာပြီး ထိုင်း-မြန်မာစစ်ဘောင်ကားဂိုဏ်းများနှင့် အလုပ်သဘောအရ ဆက်ဆံရေး ပြန်လည်ရရှိအောင် လုပ်ဆောင်ခဲ့သည်။ နိုင်ငံတကာက တင်းကြပ်စွာ ဖိအားပေးလာမှုကြောင့် ၁၉၈၂ ခုနှစ်တွင် ထိုင်းစစ်တပ်က ခွန်ဆာတပ်များအား နှစ်ကြိမ်မျှ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြသည်။ သို့ရာတွင် ခွန်ဆာတပ်နှင့် မြန်မာအစိုးရတပ်တို့ အကြားချင်း အရေးပါသော တိုက်ခိုက်မှုများ လုံးဝမရှိခဲ့ပေ။ ခွန်ဆာတပ်ဖွဲ့သည် ရှမ်းပြည်ရှိ CPB နှင့် ထိုင်းရင်းသားသူပုန် တပ်ဖွဲ့များကို မကြာခဏ တိုက်ခိုက်ရန်ပြုခဲ့သည်။ ဤအချက်သည် ကာကွယ်ရေးစီမံကိန်း 'ဖျက်သိမ်းခြင်း' မဟုတ်ဘဲ 'မွမ်းမံပြင်ဆင်ခြင်း' သာ ဖြစ်သည်ကို သက်သေထူခဲ့သည်။

* * *

၁၉၇၅ ခုနှစ်တွင် မြန်မာပြည်အလယ်ပိုင်း၌ လက်နက်ကိုင် ပုန်ကန်သူဟူသမျှ ရှင်းလင်းသွားခဲ့သည်။ သို့သော်လည်း ၁၉၆၂ ခုနှစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဆောက်အဦးကို ဖေါက်ခွဲဖျက်ဆီးခဲ့သည့် အချိန်မှစ၍ အစိုးရ ဆန့်ကျင်ရေးမီးမှာ မြို့နေလူထုအတွင်း တရှိန်ရှိန် လောင်ကြွမ်းလျက်ရှိသည်။ စစ်တပ်နှင့် အလွှမ်းသင့်သည်ဟု အထင်မြင်ခံခဲ့ရသော ဦးဘဆွေနှင့် ဦးကျော်ငြိမ်းတို့ကိုပါ အာဏာသိမ်းပြီးမကြာခင် ဖမ်းဆီးခဲ့ကြသည်။ ထိုအချိန်က စစ်တပ်နှင့် နိုင်ငံရေးပါတီများ

ကြားတွင် ရှိနေဆဲဖြစ်သော ဆက်ဆံရေးမှာ အဓိကအားဖြင့် လက်ရှိအဆင်ပြေစေရန် ဆောင်ရွက်ပေါင်းသင်းဆက်ဆံခြင်းသာ ဖြစ်ကြောင်း ပေါ်လွင်လာသည်။

၁၉၆၉ ခုနှစ် အောက်တိုဘာလတွင် ဦးနု၊ ဦးဘဆွေနှင့် ယခင်ဟောင်း နိုင်ငံရေးသမားများစွာကို ထောင်မှလွှတ်ပေးခဲ့သည်။ နောက်နှစ်နှစ်အကြာတွင် ဗိုလ်နေဝင်းသည် မြန်မာပြည်ဒီမိုကရေစီခေတ်မှ နိုင်ငံရေးသမား ၃၈ ဦးနှင့်တွေ့ဆုံပြီး 'ပြည်သူ့ အမျိုးသား ညီညွတ်ရေးအကြံပေးအဖွဲ့'ကို တရားဝင် ဖွဲ့စည်းခဲ့သည်၊ ထိုအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ မန်းဝင်းမောင်မှာ မြန်မာပြည်သမ္မတဟောင်း တစ်ဦးဖြစ်ပြီး ကရင်အမျိုးသားဖြစ်သည်။ ၁၉၆၉ ခုနှစ် ဇွန်လတွင် ယင်းအကြံပေးအဖွဲ့မှ တင်သွင်းသော အစီရင်ခံစာတွင် စစ်အစိုးရအား အမျိုးသားအစိုးရအဖြစ် ထပ်မံထောက်ခံရေးရှိများ၊ ပြည်သူများ၊ နိုင်ငံရေးသမားဟောင်းများ၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များဖြင့် ပြောင်းလဲဖွဲ့စည်းရန် အကြံပြုထားသည်။ ထို့အပြင် သူပုန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန်၊ ဗဟိုမှ စီးပွားရေးချုပ်ကိုင်မှုကို ရုပ်သိမ်းရန် စသည့် အချက်များကိုပါ ထည့်သွင်းထားသည်။ ဦးနုအပါအဝင် ၂၂ ဦးသော အကြံပေးအဖွဲ့ဝင်များမှာ ပါတီစုံစနစ်ကို ပြန်လည်အသက်သွင်းပေးလိုပြီး ကျန် ၁၁ ဦးမှာ ဆိုရှယ်လစ်တပါတီစနစ်ကို ထောက်ခံကြသည်။ နောက်တစ်ရက်တွင် ဗိုလ်နေဝင်းက ပြောင်းလဲမှုအတွက် 'အချိန်မရောက်သေး'ဟုဆိုကာ အကြံပြုချက်များကို ပယ်ချလိုက်သည်။ ဆောင်ရွက်နေရေး အောင်စီအနေဖြင့် အာဏာကို လက်ရှိထိန်းသိမ်းထားရန် ရည်ရွယ်ချက် မရှိသောကြောင့် ထိုအကြံပြုချက်များသည် မလိုအပ်သော မဆီမဆိုင် အကြံပြုချက်များသာဖြစ်သည် ဟူ၍လည်း သူက ထူးထူးဆန်းဆန်း ဆိုပြန်သည်။

ဦးနုသည် ထိုအကြံပေးအဖွဲ့တွင် ၆ လကြာ ကြိုးစားလုပ်ကိုင်ခဲ့ပြီး ထွက်လာသော ရလဒ်များအပေါ် မကျေနပ်သဖြင့် ထိုနှစ်မှာပင် အိန္ဒိယပြည် ဗုဒ္ဓဂယာသို့ ဘုရားဖူးရန်ဟု အကြောင်းပြပြီး မြန်မာပြည်မှ ထွက်ခွာခဲ့သည်။ ထို့နောက် ဘုံဘေမြို့တွင် လေယာဉ်စီးပြီးနောက် လန်ဒန်မြို့သို့ ဆက်လက် ထွက်ခွာသွားခဲ့သည်။ လန်ဒန်မြို့၌ပင် နေဝင်းအစိုးရအား လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်ရေးကို အကောင်အထည်ဖော်မည့် ၎င်း၏အကြံအစည်ကို ကြေညာခဲ့သည်။ ထိုနည်း ဘာသာရေးကို လေးလေးနက်နက် ယုံကြည်ကိုးကွယ်သော ဦးနုက "သတ်တာ၊ အကြမ်းဖက်တာဟာ အကုသိုလ် အပြစ်ဖြစ်တယ်။ ဒါပေမဲ့ မင်းဆိုးမင်းညစ်အောက်မှာ ဒုက္ခခံနေရတဲ့ ကျွန်တော်တို့ ပြည်သူတွေရဲ့ အဖြစ်ကို မြင်ပါလျက်နဲ့ လက်ပိုက်ပြီး ဘေးကကြည့်နေတာက ပိုကြီးမားတဲ့ အကုသိုလ် အပြစ်ဖြစ်တယ်၊ ဒါကြောင့် ဒီအခြေအနေကြားမှာ ကျွန်တော်ဟာ အပြစ်နဲတဲ့ အကုသိုလ်အမှုပြုဖို့ ရွေးချယ်လိုက်တာဖြစ်ပါတယ်"ဟု ပြောဆိုခဲ့သည်။

ဦးနုသည် အမေရိကန်၊ ဂျပန်၊ ဟောင်ကောင်နှင့် ကမ္ဘောဒီယားနိုင်ငံများသို့ လှည့်လည်ကာ ၎င်း၏ ပုန်ကန်ရေးကို ထောက်ခံအားပေးကြရန် စည်းရုံးလှုံ့ဆော်ခဲ့ပြီးနောက် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ထိုင်းနိုင်ငံ၌ နိုင်ငံရေးခိုလှုံခွင့် ရရှိခဲ့သည်။ ထို့နောက် ဦးနုသည် ဘန်ကောက်မြို့ ဆူခွမ်ဗစ်လမ်းသွယ် အမှတ် ၂၂ ရှိ သူ၏ လျှို့ဝှက်ဌာနချုပ်မှ ပါလီမန်ဒီမိုကရေစီပါတီ(PDP, Parliamentary Democracy Party)ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ပါတီ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သော ပြည်ချစ်လွတ်မြောက်ရေးတပ်မတော်(PLA, Patriotic Liberation Army)သည်လည်း ထိုင်း-မြန်မာ နယ်စပ်တလျှောက်တွင် အခြေစိုက်စခန်းများကို ဖွင့်လှစ်ခဲ့သည်။

၁၉၇၈ ခုနှစ် ဧပြီ ၂၅ ရက်နေ့တွင် FDP သည် ကရင်၊ မွန်သူပုန်များနှင့် သဘောတူလက်မှတ် ရေးထိုးခဲ့ကြပြီး အတူတကွလက်တွဲ၍ နေပြည်တော်ဆီသို့ တက်ညီလက်ညီ ချီတက်ကြမည်ဟု အစီအစဉ်ချခဲ့ကြသည်။ ထိုအချိန်၌ အင်အား ၁၂၀၀ ရှိသည်ဟု ခန့်မှန်းကြသော PLA ၏ အင်အားမှာ ၁၉၇၉ ခုနှစ် ဩဂုတ်လတွင် ၃၀၀၀ အထိ တိုးလာခဲ့သည်။ လက်နက်ခဲယမ်းမီးကျောက် ဝယ်ယူရန် ငွေကြေးထောက်ပံ့သူမှာ ကယ်လ်ဂရီမြို့ခံ မိုးဖိုက်သော ကနေဒီယန် ရေနံကုမ္ပဏီ အက်စမာရာ (Asmara) နှင့် အရှေ့အလယ်ပိုင်းရှိ ကျေးရွာခံများပင်ဖြစ်သည်။ အများစုမှာ ဦးနု၏ မိတ်ဆွေဟောင်းများဖြစ်ကြပြီး သူ့အား စာနာထောက်ထားကြသည်။ အာစမာရာကုမ္ပဏီက အမေရိကန်ဒေါ်လာ ၁၀ သန်း ထောက်ပံ့ပြီး အပြန်အလှန်အားဖြင့် မျှော်လင့်ထားသည့်အတိုင်း ဦးနုအောင်ပွဲခံပြီးနောက် မြန်မာပြည်အနှံ့ တဦးတည်းမူပိုင် ရေနံရှာဖွေခွင့်ကို ရယူခဲ့သည်။

ထင်ရှားသော မြန်မာခေါင်းဆောင်တချို့ ထိုင်းနယ်စပ်ရှိ ဦးနု၏ တော်လှန်ရေးတပ်ဖွဲ့များသို့ ဝင်ရောက်ရန် ရန်ကုန်မြို့ကို စွန့်ခွာခဲ့ကြသည်။ PLA ၏ တပ်မှူးမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရင်းနှီးသော ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာဖြစ်သည်။ အခြား ရဲဘော်သုံးကျိပ်ဝင်များ ဖြစ်ကြသော ဗိုလ်ရန်နိုင်နှင့် ဗိုလ်မှူးအောင်တို့လည်း ပါဝင်လာကြသည်။ ၁၉၆၂ ခုနှစ် အာဏာသိမ်းစဉ်တွင် တော်လှန်ရေးကောင်စီ၌ ပါဝင်ခဲ့သော ဗမာ့တပ်မတော်(လေ)၏ ဦးစီးချုပ်ဖြစ်ခဲ့သူ အင်္ဂလိပ် - ရှမ်းကပြား ဗိုလ်မှူးချုပ် တော်မီကလစ်ဖ်လည်း ဝင်လာခဲ့သည်။ ထို့နောက် ဦးလောရဲနှင့် ဗိုလ်မှူးချုပ် ဆော်ကြာဒိုးတို့ပါ ဝင်ရောက်လာခဲ့သည်။ နေရှင်း သတင်းစာ အယ်ဒီတာဟောင်း ဦးလောရဲမှာ ၁၉၅၀ ခုနှစ်တွင် ထောင်မှလွတ်လာပြီးနောက် နိုင်ငံခြားသို့ သွားရောက်နေထိုင်ခဲ့သူဖြစ်သည်။ ဗိုလ်မှူးချုပ် ဆော်ကြာဒိုးမှာ ကရင်လူမျိုး စစ်ဆင်ရေးညွှန်ကြားရေးမှူးဖြစ်ပြီး ၁၉၄၉ ခုနှစ်တွင် ထုတ်ပယ်ခြင်းခံရသူဖြစ်သည်။ အမေရိကန်ပြည်ထောင်စုဆိုင်ရာ မြန်မာသံအမတ်ကြီးဟောင်းဖြစ်သူ ဦးဝင်းမှာ ရန်ကုန်မှ လျှို့ဝှက်စွာ ထွက်လာနိုင်ခဲ့သော်လည်း ထိုင်းနယ်စပ်သို့အလာ တောလမ်းခရီးတွင် သေဆုံးသွားခဲ့သည်။ ၎င်း၏သားဖြစ်သူ တင်မောင်ဝင်းမှာ နယ်စပ်စခန်းသို့ရောက်ရှိလာပြီး FDP ၏ လူငယ်ခေါင်းဆောင်တဦး ဖြစ်လာသည်။

သို့သော် စစ်အစိုးရကိုဆန့်ကျင်သော ဗမာအဖွဲ့အစည်းများနှင့် တိုင်းရင်းသား သူပုန်များအကြား ပဋိပက္ခ ချက်ချင်းပေါ်ပေါက်လာခဲ့သည်။ ပဋိပက္ခဖြစ်ရသည့် အဓိက အကြောင်းရင်းမှာ "ပြည်ထောင်စုမှ ခွဲထွက်လိုက ခွဲထွက်ခွင့်" ပင်ဖြစ်သည်။ ထိုခွဲထွက်ပိုင်ခွင့်ကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ရှမ်းနှင့်ကယား ပြည်နယ်များအား ပေးအပ်ထားပြီးဖြစ်သည်။ ယခုအခါ ကရင်နှင့် မွန်များကပါ ထိုခွဲထွက်ပိုင်ခွင့်အာဏာကို အောင်ပွဲရပြီးနောက် ၎င်းတို့အား ပေးအပ်ရမည်ဟု တောင်းဆိုခဲ့ကြသည်။ ဦးနုက ထိုတောင်းဆိုချက်ကို ငြင်းဆိုခဲ့သည်။ သူ၏ အကြောင်းပြချက်မှာ လူနည်းစု တိုင်းရင်းသား လူမျိုးစုများကို စောင့်ရှောက်ကာကွယ်ရန် လိုအပ်သော စည်းမျဉ်းဥပဒေများကို နိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ထည့်သွင်း ပါရှိစေခြင်းသည်သာလျှင် ၎င်းတို့အတွက် အကောင်းဆုံးဖြစ်ပြီး ပြည်ထောင်စုမှ ခွဲထွက်ပိုင်ခွင့် ပေးခြင်းဖြင့် ၎င်းတို့၏ အကျိုးကျေးဇူးကို ကာကွယ်နိုင်မည်မဟုတ်ဟူ၍ ဖြစ်သည်။

သဘောတူညီမှု တစုံတရာမျှ မရရှိနိုင်သည့်အဆုံးတွင် ဦးနုသည် ၁၉၇၉ ခုနှစ် မတ်လအတွင်း၌ သူ၏ PDP ဥက္ကဋ္ဌရာထူးကို ဗိုလ်လက်ျာအား လွှဲပြောင်းပေးကာ ဇူလိုင်လတွင် ထိုင်းနိုင်ငံမှ ထွက်ခွာသွားခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် ၈ လကြာ

နေထိုင်ခဲ့ပြီးနောက် မိသားစုနှင့်အတူ အိန္ဒိယပြည် ဘိုပါးလ်မြို့တွင် အခြေစိုက်ကာ ဆေးခန်းထိုင်ခြင်း၊ ဗုဒ္ဓစာပေများကိုလေ့လာခြင်း၊ 'စနေသား' ဟူသော ကိုယ်ပိုင်အတ္ထုပ္ပတ္တိကို ရေးသားခြင်း စသည်တို့ဖြင့် အချိန်ကုန်စေခဲ့သည်။ ဗိုလ်လက်ျာသည် အဖွဲ့အစည်းအား 'ပြည်သူ့ပြည်ချစ်ပါတီ' ဟု အမည်သစ်ပေးကာ မျှော်လင့်ချက် ကင်းမဲ့နေပုံရသော တော်လှန်ရေးတိုက်ပွဲကို ထိုင်းနယ်စပ်တစ်လျှောက်ရှိ အခြေခံစခန်းများမှ ဆက်လက်ကြိုးပမ်း နေခဲ့သည်။

ရန်ကုန်မြို့၌ အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုသည် ၁၉၇၄ ခုနှစ်တွင် အားသစ် ဟန်သစ်ဖြင့် ထပ်မံပေါက်ကွဲလာခဲ့သည်။ မေလ ၁၃ ရက်နေ့တွင် ချောက်မြို့ ရေနံမြေ အလုပ်သမားများသည် လစာတိုးမြှင့်ပေးရေးတောင်းဆိုချက်ဖြင့် သပိတ်မှောက်ကြသည်။ ၁၃၀၀ ပြည့်နှစ်တွင် ဖြစ်ပွားခဲ့သည့် သမိုင်းဝင် ဗြိတိသျှဆန့်ကျင်ရေးလှုပ်ရှားမှုအစပြုရာ ဒေသဖြစ်သော ချောက်မြို့မှ လှုပ်ရှားမှုသည် ရန်ကုန်မြို့သို့ ပြန့်နှံ့လာခဲ့သည်။ ဇွန်လ ၃ ရက် နေ့တွင် အင်းစိန်မီးရထားအလုပ်ရုံ အလုပ်သမားများသည် စားနပ်ရိက္ခာရှားပါးမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှု အလုပ်ခွင်အခြေအနေ ဆိုးဝါးမှုများကို ကန့်ကွက်ပြီး သပိတ်မှောက် ကြသည်။ မကြာမီ သမိုင်းချည်မျှင်စက်ရုံနှင့် ဆင်မလိုက်သင်္ဘောကျင်း အလုပ်သမားများပါ ပါဝင်လာကြပြီး နိုင်ငံရေးတောင်းဆိုချက်များကို တင်သွင်းခဲ့ကြသည်။

ဗိုလ်နေဝင်းသည် ၁၉၆၂ ခုနှစ် ကျောင်းသားဆန္ဒပြမှုကို ဖြိုခွင်းခဲ့သည့် ပုံစံအတိုင်း အလုပ်သမားများကိုလည်း စစ်သားများစေလွှတ်၍ ဗရမ်းသုန်းကား ပစ်ခတ်သတ်ဖြတ် ခဲ့ပြန်သည်။ အစိုးရကြေညာချက်အရ ၂၈ ဦးသေဆုံးပြီး ၈၀ ဒဏ်ရာရခဲ့သည်။ အခြား သတင်းပေးသူများက အသေအပျောက်စာရင်း ၁၀၀ ကျော်ရှိသည်ဟု ပြောဆိုကြသည်။ ဆန္ဒပြသူများ ရာနှင့်ချီ၍ အဖမ်းခံခဲ့ကြရသည်။ ကျောင်းသားများက အလုပ်သမားများကို ထောက်ခံ၍ ဆန္ဒပြကြသောကြောင့် တက္ကသိုလ်နှင့် ကောလိပ်များကိုလည်း ပိတ်ပစ်လိုက် သည်။ အစိုးရက ဤသို့ရန်လိုဆန့်ကျင်ခြင်းမှာ 'ပြင်ပမှ ဆူပူသောင်းကျန်းလိုသူ အဖျက်သမားများ၏လှုံ့ဆော်မှု' ကြောင့် ဖြစ်သည်ဟု အပြစ်တင် စွပ်စွဲခဲ့ပြီး စစ်အာဏာပိုင်များအနေဖြင့် မကျေနပ်မှုများ၏ အကြောင်းရင်းကို သိရှိနားလည်ရန် ကြိုးစားဟန်ပင် မပြခဲ့ပေ။

စစ်တပ်၏ သတ်ဖြတ်မှုဖြင့် တည်ဆောက်ခဲ့သော အပေါ်ယံငြိမ်သက်မှုသည် ဒီဇင်ဘာလအထိသာ ရှင်သန်နိုင်ခဲ့သည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဟောင်း ဦးသန့်သည် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကွယ်လွန်ခဲ့ သည်။ သူသည် နိုင်ငံတကာတွင် လူသိအများဆုံး အလေးစားခံရဆုံး မြန်မာနိုင်ငံသား တစ်ဦးဖြစ်သည်ဟု ဆိုနိုင်မည်ထင်ပါသည်။ အရည်အသွေးတောက်ပြောင်သည့် ထိပ်တန်း ပညာတတ်တစ်ဦးဖြစ်သူ ဦးသန့်နှင့် အမိနိုင်ငံကို အုပ်ချုပ်နေသူ စစ်ဗိုလ်ချုပ်ကြီးတို့ အကြားတွင် နှစ်ရှည်ကြာစွာ ရှိလာခဲ့သော ရန်ငြိုးဟူသည့်များကြောင့် မြန်မာအစိုးရသည် ဦးသန့်အလောင်းကို ကြိုဆိုရန် ဟန်များပင် ကိုယ်စားလှယ် စေလွှတ်ခြင်း မရှိချေ။ ရန်ကုန်မြို့စွန်ရှိ သာမန်သင်္ချိုင်းတစ်ခုတွင် မြှုပ်နှံသင်္ဂြိုဟ်ရန် အစိုးရက စီစဉ်ခဲ့သည်။ ဤသို့ မလျော်မကန်သော ရိုင်းစိုင်းသော ဆက်ဆံမှုကို အမိအရဆုပ်ကိုင်ကာ ကြီးမားသော အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ ကျင်းပလုပ်ခဲ့ကြသည်။

ဈာပနအခမ်းအနားနေ့၌ ပရိသတ်များက တန်းစီ၍ ဦးသန့်အား သင်္ဂြိုဟ်မည့် သင်္ချိုင်းသို့သယ်သွားစဉ် ကျောင်းသားများက အလောင်းကိုလုယူကာ တက္ကသိုလ်နယ်မြေ

အတွင်းသို့ သယ်ဆောင်သွားကြသည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများက ဦးသန့်အား အလေးထားရ ပုဂ္ဂိုလ်ကြီးတဦးအဖြစ် ချီးကျူးဂုဏ်ပြု တရားဒေသနာများ ဟောကြားအမျှရေစက်ကို ချပြီးနောက် ၁၉၆၂ ခုနှစ်တွင် စစ်တပ်ကဖေါက်ခွဲဖျက်ဆီးလိုက်သော ကျောင်းသားသမဂ္ဂ အဆောက်အဦး ဥပစာတွင် ကျောင်းသားများက ဦးသန့်၏အလောင်းကို မြှုပ်နှံလိုက်ကြသည်။ ကျောင်းသားများနှင့် ဘုန်းတော်ကြီးများက "ဖက်ဆစ်အစိုးရကျဆုံးပါစေ" "တပါတီအာဏာရှင်စနစ်ကျဆုံးပါစေ" ဟူ၍ ကြွေးကြော်ခဲ့ကြသည်။

ဒေါသအမျက်ထွက်လျက်ရှိသော ဗိုလ်နေဝင်းက သူ၏ စစ်သားများကို စေလွှတ်ခဲ့ပြန်သည်။ တက္ကသိုလ်နယ်မြေကို စစ်သားများက သိမ်းပိုက်လိုက်ပြီး ဦးသန့်အလောင်းကို တူးဖေါ်ကာ ရွှေတိဂုံဘုရားအနီးသို့ ပြောင်းရွှေ့သင်္ဂြိုဟ်လိုက်ကြသည်။ ကျောင်းသားများ၊ ဘုန်းကြီးများကို ရာနှင့်ချီ၍ ဖမ်းဆီးလိုက်သောကြောင့် ရုန်းကန်ကြိုးပမ်းမှု၏ နောက်ဆက်တွဲအနေဖြင့် ရန်ကုန်မြို့တဝှမ်းတွင် ဆန္ဒပြပွဲများ ပေါ်ပေါက်လာခဲ့သည်။ စိတ်ဓာတ်ဆန္ဒပြသူများမှာ အလွန်နုနယ်ငယ်ရွယ်သူများ ဖြစ်ကြပြီး ၎င်းတို့ကို မြို့နေလူထုက ချီးကျူးထောက်ခံပေးကာ အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံများဖြင့် ဂုဏ်ပြုခဲ့ကြသည်။ အစိုးရက ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် မာရှယ်လောစစ်ဥပဒေ ထုတ်ပြန်ကြေငြာ၍ တုံ့ပြန်ခဲ့သည်။ ကျောင်းသားများ စစ်ဥပဒေကို ဖီဆန်သောအခါ စစ်သားများက ပစ်ခတ်ခဲ့သည်။ တရားဝင်ကြေညာသော အသေအပျောက်စာရင်းမှာ နည်းလွန်းလှသည်၊ ၉ ဦးသေဆုံးပြီး ၇၄ ဦးဒဏ်ရာရကာ ၁၈၀၀ ကို ဖမ်းဆီးခဲ့သည်ဟူ၏။ ရန်ကုန်မြို့ ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သော ကျောင်းသားများက သူတို့၏ ရဲဘော်ရဲဘက် သုံးရာမှ လေးရာအထိ ပစ်သတ်ခံခဲ့ရသည်ဟု ပြောဆိုခဲ့ကြသည်။ ကျောင်းများ၊ တက္ကသိုလ်များကို ထုံးစံအတိုင်း ပိတ်လိုက်ပြီး ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၌ စစ်အုပ်ချုပ်ရေး ကြေညာခဲ့သည်။

၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ဆန္ဒပြပွဲများနောက်တွင် ရာပေါင်းများစွာသော လူငယ်များသည် တောခိုကာ ဗိုလ်လက်ျာ၏ ပြည်သူ့ပြည်ချစ်ပါတီသို့ ဝင်ခဲ့ကြသည်။ သို့သော် ရန်ကုန်မြို့တွင် မြေအောက်လှုပ်ရှားမှု ဆက်လက်ရှင်သန်နေဆဲ ဖြစ်သည်။ အလုပ်သမားသပိတ် ပထမနှစ်ပတ်လည်ဖြစ်သော ၁၉၇၅ ခုနှစ် ဇွန်လတွင် ကျောင်းသားများ၊ အလုပ်သမားများသည် စစ်အစိုးရကို ဆန့်ကျင်ပြသမှု ဆုံးဖြတ်ခဲ့ကြသည်။ ထိုသပိတ်တွင် ပါဝင်ခဲ့သူ အသက် ၃၃ နှစ်ရှိ ကိုမျိုးကြီးက ပြောပြသည်မှာ - - -

"ကျွန်တော်တို့ ကျောင်းသားတွေနဲ့ အလုပ်သမားတွေကြားမှာ လျှို့ဝှက်ဆက်သွယ်ထားပြီးသားဖြစ်တယ်။ ဇွန်လ ၁၁ ရက်နေ့မှာ စိုက်ကြမယ်လို့ ဆုံးဖြတ်ပြီး ၁၀ ရက်နေ့ည ရွှေတိဂုံရင်ပြင်မှာ လှုံ့ကြတယ်။ ဘုရားရင်ပြင်မှာ စခန်းချနေတုန်း မနက် ၅ နာရီလောက်မှာ စစ်သားတွေ ပုလိပ်တွေ ဝင်စီးလို့ အားလုံးဝိုင်းကာကြတယ်။ ကျွန်တော်တို့ထဲက ၂၁၃ ယောက်ကို ဖမ်းသွားတယ်။ အဖမ်းခံရတဲ့အထဲမှာ အကြီးဆုံးယောက်က အသက် ၂၀ ကျော်၊ ၁၃ နှစ်လောက်ငယ်တဲ့ ကလေးတွေလည်းပါတယ်။ ကျွန်တော်တို့အားလုံးကို ကားနဲ့ အင်းစိန်ထောင်ထဲ ခေါ်လာပြီး စစ်ဆေးမေးမြန်းခဲ့တာ ၂ လလောက်ကြာတယ်။ ကျွန်တော့်ကိုတော့ လေးနှစ်ကြာချုပ်ထားပြီးမှ ပြန်လွှတ်လိုက်တယ်"

သူ၏ ထောင်ကျရက်များအတွင်း နှိပ်စက်မှုများ နေ့စဉ်ရက်ဆက် ကြုံတွေ့ခဲ့ရသည်။ ကိုမျိုးကြီး ပြောပြချက်အရ သူ့အား ကျောက်စရစ်များပေါ်တွင် ဒူးထောက်ထားပြီး

တရိုန်တည်းဖြင့် ရိုက်နှက်ခံကြရသည်။ သူတို့အကြိုက်ဆုံး နှိပ်စက်နည်းတခုမှာ 'မော်တော်ဆိုင်ကယ်'ဟု ခေါ်သည်။ ကိုအောင်ကြီးက ဤသို့ ဆက်၍ ပြောပြခဲ့၏။

"ထောက်လှမ်းရေးအရာရှိတဦးက ကျွန်တော့်ကို 'မော်တော်ဆိုင်ကယ်စီးစမ်း'လို့ အမိန့်ပေးတယ်။ ကျွန်တော်က ဆိုင်ကယ်ဘယ်မှာလဲလို့ မေးတော့ ရိုက်တော့တာဘဲ။ သံမဏိလင်းကို လက်သီးဆုပ်ပြီး 'ဟိုမှာမမြင်ဘူးလားကွ'လို့ အော်တယ်။ ဒီတော့ ကျွန်တော်က မော်တော်ဆိုင်ကယ်စီးသလို တုန်းကွကွထိုင်ပြီး ပါးစပ်ကလည်း စက်သံ အမျိုးမျိုး _ အော်ပြရတယ်။ မဟုတ်မဟုတ်ကြောင်းဖြတ်ပြီး 'မင်းစီးနေတာမရပ်ဘူး' 'မင်းဘယ်လို ကောင်လည်း' 'မင်းဥပဒေကိုမလိုက်နာဘူး'လို့ အမျိုးမျိုးဆိုပြီး ဒါးရင်းဘုတ်နဲ့ အဆော်ခံရတယ်။ ဒီလို နေ့စဉ်ရက်ဆက်လုပ်လိုက်တော့ ကျွန်တော်ရူးမလားလို့တောင် အောက်မေ့မိကားဗျ"

ယခင်နှင့် ဆင်တူပင်မှားနှိပ်စက်နည်းကို 'ဟယ်လီကော်ပတာ'ဟု ခေါ်သည်။ ဤနည်းမှာ အကျဉ်းသားကို ခေါင်းမှောက်ထားသောနည်းဖြင့်ပြီး သံချိန်းဘက်ဆွဲထားသော ကိုယ်ကို လွှင့်လိုက်ရသည်။ ခေါင်းမူး၍ လဲကျသွားတိုင်း အရိုက်ခံရပြီး ထပ်လုပ်ခိုင်း ပြန်သည်။ ပို၍ရက်စက်သော နှိပ်စက်နည်းများမှာ လျှပ်စစ်ဓါတ်နှင့်တို့ခြင်း၊ ကိုယ့်ကျင်ငယ်ကို ကိုယ်သောက်စေခြင်း စသည်တို့ဖြစ်သည်။

ဤသို့ နှိပ်စက်ညှဉ်းပန်းခံခဲ့ရသော လူငယ်များသည် ထောင်ဒဏ်လွတ်သည်နှင့် တောခိုပြီး သူပုန်အဖွဲ့အစည်းများသို့ ဝင်ရောက်ခဲ့ကြသည်။ ရန်ကုန်မြို့၌ ကျန်နေခဲ့သော လူငယ်များသည် မြို့ပြ၌တွင် ထပ်မံ၍လုပ်မည့် အစိုးရဆန့်ကျင်ရေး လုပ်ငန်းများ အတွက် ပြင်ဆင်ခဲ့ကြသည်။ ထိုလုပ်ငန်းများတွင် ပါဝင်ခဲ့သော ထွန်းမြင့်က --

"ကျွန်တော်တို့ ရည်မှန်းချက်က မတ်လအတွင်း သခင်ကိုယ်တော်မှိုင်း၏ ရာပြည့်အခမ်းအနားမှာ အရေးအခင်းပေါ်အောင် လုပ်ဖို့ပါဘဲ။ ဒါပေမဲ့ ကျွန်တော်တို့ မြေအောက် လုပ်ရှားမှုတွေမှာ မအောင်မြင်သေးဘူး အစောကြီးများမှာ မင်းနေဝင်း သတင်းပေါက်ကို သွားတယ်။ ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာဘဲ ဆန္ဒပြပွဲလေး ကျင်းပနိုင်ခဲ့တယ်။ ဘာမှ ကြီးကြီးကျယ်ကျယ် မဖြစ်ခင် ကျွန်တော်တို့ အယောက် ၁၃၀ အဖမ်းခံခဲ့ရတယ်။ ကျွန်တော် အင်းစိန်ထောင်မှာ နှစ်နှစ်ကြာနေခဲ့ရတယ်။ ကျွန်တော်တို့အားလုံး အနှိပ်စက်ခံခဲ့ကြရတာဘဲ။ 'မော်တော်ဆိုင်ကယ်'က ရိုးနေပါပြီ။ ကျွန်တော့်သူငယ်ချင်းတယောက်ကို ဆိုရင် ကိုယ်တုံးလုံးချွတ်ခိုင်းပြီး သစ်ပင်တပင်ပေါ် တက်ခိုင်းတယ်။ တက်အောက်ရောက်တော့ ပုလိပ်တယောက်က သူ့ဖင်ထဲကို တုတ်ထိုးထည့်ပြီး အော်ခိုင်းတော့တယ်။ 'ဖမ်းထားတဲ့ ကျောင်းသားတွေကိုလွှတ်ပေး' 'အကျဉ်းသားတွေကိုလွှတ်ပေး'စတဲ့ ကျွန်တော်တို့ရဲ့ ဆန္ဒပြပွဲ ကြွေးကြော်သံတွေကို အော်ခိုင်းတယ်၊ လူမဆန်ဆုံးနှိပ်စက်တာဘဲ"

နိုင်ငံရေးအကျဉ်းသားများစွာကို နာမည်ဆိုးလွှန်းသော အင်းစိန်ထောင်တွင် ထားပြီး အမာခံ ဆန့်ကျင်ရေးသမားများကို မက်လောဒနေးပေဆိပ်အနည်းငယ်ရှိ ရေကြည်ဆိပ်တွင် ထားရှိသည်။ ရေကြည်ဆိပ်စခန်းမှာ ၁၉၈၈ ခုနှစ် မတ်လတွင်းက ဆန္ဒပြသူလူငယ်အချို့ကို ပို့ခဲ့သောနေရာပင်ဖြစ်သည်။ CPB လူဟု သံသယရှိသူများကို တသက်တကျွန်း အောင်းရလိုက်ပြီး အန်ဒမန်ပင်လယ်မှ ကိုကိုးကျွန်းသို့ ပို့လိုက်သည်။ ကိုကိုးကျွန်းသည် နိုင်ငံရေးအကျဉ်းသားများအတွက် ဂူလတ်ဂ် ဖြစ်လာသော 'အကျဉ်းသားများ' ဖြစ်သည်။ ထိုအကျဉ်းစခန်းကို ၁၉၇၀ ခုနှစ်များအထိ ဖွင့်လှစ်ခဲ့သည်။

ကြမ်းတမ်းခက်ထန်သော ၁၉၇၀ ခုနှစ်များတွင် ဖြစ်ပွားခဲ့သည့် ကျောင်းသား ဆန္ဒပြပွဲများအနက် မအောင်မြင်သော 'နိုင်ငံရေးပြည့်' လှုပ်ရှားမှုမှာ နောက်ဆုံးဆန္ဒပြပွဲ ဖြစ်သည်ဟု ဆိုရပေမည်။ စစ်အစိုးရဘက်မှ အပေါ်စီးရခဲ့ပါသည်။ ယင်းနောက်ပိုင်း ဆန့်ကျင်ဆန္ဒပြပွဲဆို၍ ဇူလိုင်လ ၇ ရက်နေ့ရောက်အောင် ယင်းနေ့တွင် ကျဆုံးခဲ့ရသော ကျောင်းတော်သားများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ကြခြင်းသာ ရှိတော့သည်။

ကျောင်းသားများစွာမှာ သူပုန်များထဲ ပြောင်းခဲ့ကြသည်။ သို့သော် သူရင်တို့နှင့် ဖြစ်သော ပဋိပက္ခများမှာ အေးငြိမ်းလာပုံမရဘဲ ကြီးထွားလာခဲ့သည်။ ၁၉၇၈ ခုနှစ် နှောင်းကာလတွင် KNU တပ်များသည် ။ရေကျွန်းဖိုးခေါ်မြို့နှင့် မုက်နာဒုံးဆိုင်ရာ ဗိုလ်လတ်ဦး၏ စခန်းကို ဝင်ရောက်တိုက်ခိုက်ရာ၌ ဗိုလ်လတ်ဦး ကျဆုံးခဲ့ရသည်။ ဤဒုတိယကမ္ဘာစစ်သူရဲကောင်း သိမ်ငယ်စွာ သေဆုံးခဲ့ပြီးနောက် ကွန်မြူနစ်မဟုတ်သော အစိုးရဆန့်ကျင်သည့် အမျိုးသားလှုပ်ရှားမှုပိုင်းမှာ ကစဥ့်ကရဲ ပြိုပျက်ခဲ့ရသည်။ PLA မှ တပ်သားများသည် ကိုယ့်ရွာကိုယ့်ရွာသို့ တိတ်တဆိတ် ပြန်ခိုလှုံသွားကြပြီး တချို့မှာ ထိုင်းနိုင်ငံ၌ အခြေစိုက်နေထိုင်ခဲ့ကြသည်။

ကျောင်းသားလှုပ်ရှားမှုများကို ရက်စက်ကြမ်းကြုတ်စွာ နှိပ်ကွပ်ချေမှုန်းခြင်းသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်၏ စီးပွားရေး မအောင်မြင်မှုများနှင့် ပေါင်းစပ်မိသည့်အခါ ထိပ်ပိုင်းခေါင်းဆောင်ကြီးများအကြားတွင်ပင်၊ စစ်တပ်အတွင်းတွင်ပင် အမြင်ကွဲပြားမှုများ ဖြစ်ပေါ်လာခဲ့သည်။ နိုင်ငံရေးဆိုင်ရာဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ပြီးနောက် ချက်ချင်းပင် စစ်ဦးစီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးလည်းဖြစ်သော ဗိုလ်ချုပ်တင်ဦးကို ဗိုလ်ချုပ်ကြီး နေဝင်းက ထုတ်ပယ်လိုက်သောအခါ တနိုင်ငံလုံး အံ့အားသင့်ခဲ့ကြရသည်။

တရားဝင်ကြေညာချက်အရ ဗိုလ်ချုပ်တင်ဦး၏ဇနီး၏ အဂတိလိုက်စားသောကြောင့် အရေးယူခံရခြင်းဖြစ်သည်ဟု ဆိုသည်။ ဆောင်းပါးရှင် ဂျိမ်းစ်ဟာရီမန် (James Harriman) က ၁၉၇၆ ခု ဒီဇင်ဘာလ ၂၄ ရက်ထုတ် အရှေ့ဖျားစီးပွားရေးစာစောင်တွင် ခြားနားပုံကို ဖော်ပြခဲ့သည်။

"သူတို့နှစ်ဦး (ဗိုလ်နေဝင်းနှင့်ဗိုလ်တင်ဦး)၏ ကွဲလွဲမှုကို ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ၌ ဖြစ်ပွားခဲ့သော ဦးသန့်အရေးအခင်းနှင့် နောက်ဆက်တွဲ အရေးအခင်းများ ကာလများတွင် ထင်ထင်ရှားရှား တွေ့မြင်လာရသည်။ လူထုဆန္ဒပြပွဲများကို စစ်အင်အားဖြင့် နှိမ်နင်းရန် ဗိုလ်ချုပ်ကြီးစန်းယု (ဦးနေဝင်း၏ အဓိကလက်ရုံး ဖြစ်ပြီး၊ နောင်တွင် သမ္မတဖြစ်လာသူ)က အမိန့်ပေးခဲ့သော်လည်း ဗိုလ်တင်ဦးက ထိုအမိန့်ကို ငြင်းပယ်ခဲ့သည်။ တပ်တွင်းရှိ အရာရှိအများ၊ အကြမ်းပတမ်းသားများ ချစ်ခင်ရှိသေ လေးစားခြင်းကို ခံရသော စစ်ဗိုလ်ချုပ်ဟောင်း၏ ခေါင်းဆောင်မှုစွမ်းရည်များက တပ်တွင်း ဖြစ်ပေါ်စေ လူထုချစ်ခင်လေးစားမှုကိုလည်း ရခဲ့သည်။"

မြန်မာပြည်၏ စီးပွားရေးမူဝါဒနှင့်ဆိုင်သော မှားယွင်းခြင်းကို ဝေဖန်ပြောဆိုသော အခါတွင် ဗိုလ်နေဝင်း၏ ပဋိပက္ခကို ခံရတော့သည်။

၁၉၇၆ ခုနှစ် မတ်လတွင် ကျောင်းသားများ ဆန္ဒပြရာ၌ 'ဗိုလ်ချုပ်ကြီးတင်ဦး သက်တော်ရာကျော်ရှည်ပါစေ' ဟုပင် ကြွေးကြော်ခဲ့ကြသေးသည်။ ဆန္ဒပြပွဲများ ဖြင့် သူတို့၏ ရည်ရွယ်ချက်ပန်းတိုင်ကို မရောက်ရှိနိုင်သောအခါ ကျောင်းသားအချို့ ထိုင်းနယ်စပ်သို့ ထွက်ခွာသွားကြသည့်အတွက် တပ်မတော်တွင်းမှ မကျေမနပ် ဖြစ်ကြသူ

ထိုရှိသည့် ဦးနေဝင်းအား လုပ်ကြံရန် ကြံစည်ခဲ့ကြသည်။ ၎င်းတို့အကြံကို လျှို့ဝှက်ရဲအဖွဲ့က သိရှိနေကြောင်း ပေါ်လွင်လာသည့်အခါ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ငယ်ရွယ်သော ဗိုလ်ကြီးအုန်းကျော်မြင့်သည် ဇူလိုင်လ ၂ ရက်နေ့ ညနေတွင် ရန်ကုန်မြို့ရှိ အမေရိကန်သံအမတ်ကြီးနေအိမ်သို့ သွားရောက်ခဲ့သည်။ သူသည် ဗိုလ်ချုပ်ကြီးတင်ဦး၏ စစ်ဦးစီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ရာထူးတို့ကို ဆက်ခံသော ဗိုလ်ချုပ်ကြီးကျော်ထင်၏ ကိုယ်ရေးအရာရှိ ဖြစ်နေခြင်းမှာ အံ့သြဖွယ်ရာပင်။ သူက အမေရိကန် အရာရှိများအား မဖြစ်မနေ ဖွက်ထားရသော အာဏာသိမ်းရန်အကြံအစည်ကို ဖော်ပြပြီး အဖမ်းခံရမည်ကို ကြောက်ရွံ့ကြောင်း ဝန်ခံကာ နိုင်ငံရေးခိုလှုံခွင့်တောင်းခဲ့သည်။ သို့သော်လည်း သူ၏ တောင်းခံချက်ကို အမေရိကန် အရာရှိများက ငြင်းပယ်ခဲ့ကြသည်။

အစိုးရသတင်းစာနှင့် ရေဒီယိုတို့မှ အာဏာသိမ်းရန်ကြံစည်မှုကို ဇူလိုင်လ ၁၀ ရက်နေ့ မတိုင်မီထိ ထုတ်ဖော်ပြောဆိုခြင်း မရှိချေ။ ဇူလိုင်လ ၂၅ ရက်နေ့တွင် မြန်မာအသံမှ ဗိုလ်ကြီးအောင်ဦးနှင့် ဗိုလ်မှူး ၃ ဦးတို့က ဦးနေဝင်း၊ ဦးစန်းယုနှင့် အခြား နိုင်ငံ့ခေါင်းဆောင်များအား လုပ်ကြံရန် ကြံစည်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းထားကြောင်း ဒုတိယဗိုလ်မှူးကြီး ၂ ဦးကိုလည်း ပေါင်းပါဆက်သွယ်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းထားကြောင်း ကြေညာခဲ့သည်။ ဆက်လက်၍ လုပ်ကြံသူများကို ဇူလိုင်လ ၂ ရက်နေ့မှ စတင်ဖမ်းဆီးခဲ့ပြီး အဖွဲ့ခေါင်းဆောင်မှာ ဗိုလ်ကြီးအုန်းကျော်မြင့် ဖြစ်ကြောင်း ကြေညာခဲ့သည်။ ၁၄ ဦးသော အရာရှိများအနက် အများစုမှာ မေမြို့စစ်တက္ကသိုလ်မှ ဘွဲ့ရများဖြစ်သည်။ မြန်မာပြည်၏ ဝက်စ်ပွိုင့်(West Point)ဟု ခေါ်ဆိုလေ့ရှိသော မေမြို့စစ်တက္ကသိုလ်မှာ ထိုအချိန်က စည်းကမ်းပျက်ယွင်းနေသော စစ်တပ်သားများကို လုပ်ရည်ကိုင်ရည် ပိုမိုကောင်းမွန်လာစေရန် ရည်မှန်းချက်ဖြင့် ၁၉၅၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာလတွင် ရုံးတင်စစ်ဆေးသောအခါ တရားခံများ ရပ်သောနေရာ၌ ရာထူးမှ ထုတ်ပယ်ခြင်းခံရသော ဗိုလ်ချုပ်ကြီးတင်ဦးကို မြင်တွေ့ရ၍ လူအများ အံ့အားသင့်ခဲ့ကြသည်။ သူ့အား ကြံစည်မှုကြီးကို ကြိုတင်သိပါလျက်နှင့် အာဏာပိုင်များအား အကြောင်းမကြားမိရန် ပျက်ကွက်မှုဖြင့် စွဲချက်တင်ခဲ့သည်။ ၎င်းခုံရုံးတင် စစ်ဆေးမှုသည် နှစ်ပေါင်းများစွာအတွင်း မြို့တော်၌ဖြစ်ပေါ်ခဲ့သော အစိုးရဆန့်ကျင်ရေး နောက်ဆုံးပြယုဂ်ဖြစ်သည်။ စွဲချက်တင်ခံရသူတစ်ဦးဖြစ်သော ဗိုလ်ကြီးဝင်းသိန်း၏ အစစ်ခံချက်များသည် “မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်၏ ဆိုးပါးသော အခြေအနေမှန်များကို မြေပြင်တွင် လက်တွေ့ ခံစားလာရခြင်းများကြောင့် ငယ်ရွယ်ပြီး ပညာအရည်အချင်းရှိသည့် စစ်ဗိုလ်ငယ်များ အတွင်း နှစ်ပေါင်းကြာစွာ ကိန်းအောင်းနေခဲ့သော မကျေနပ်မှုများ ရောင်ပြန်ဟပ်နေသည်” ဟူ၍ ဆောင်းပါးရှင် ဂျိမ်းစ်ဟာကီးမန်က ရေးသားခဲ့သည်။ ဗိုလ်ဝင်းသိန်းက လုပ်ကြံမှု အကြံအစည်မပေါ်ပေါက်မီ အတော်ကြာကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် မအောင်မြင်ရ ပါသနည်းဟု စဉ်းစားမိခဲ့ကြောင်း အစစ်ခံခဲ့သည်။ လုပ်ကြံရန် ရွေးချယ်ခံရသော ခေါင်းဆောင်များမှာ “ကုန်ဈေးနှုန်းများ တက်ချင်တိုင်း တက်နေပြီး စီးပွားရေးပိုင်း ပျက်စီးနေခြင်း၊ ဆင်းရဲနေသော အများပြည်သူ၏ အကျင့်စာရိတ္တရေချိန်ကျသော ဖြစ်နေခြင်းတို့ ဖြစ်သည်။ အဂတိလိုက်စားသည့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီတွင်လည်း အပိုင်ပေါက်ဈေး တစ်သိန်းနှစ်သိန်းရှိသည့် ကားများကို ပေးဆောင်ရုံသာ ဈေးနှင့် ရရှိသော အတွင်းခေါင်းဆောင်ကြသော ပါတီကောင်စီ များဖြင့် ဖြည့်နှက်နေပေသည်” ဟု ထွက်ဆိုခဲ့သည်။

ဗိုလ်ကြီးအုန်းကျော်မြင့်ကို သေဒဏ်ချမှတ်ခဲ့ပြီး မကြာမီ သတ်လိုက်ကြသည်။ ဗိုလ်ချုပ်တင်ဦး အပါအဝင် အခြားအရာရှိများမှာ နှစ်ရှည်လများ ထောင်ချခံခဲ့ရသည်။ ဗိုလ်အုန်းကျော်မြင့် အမင်းမဲ့ရမီ မြန်မာ့တပ်မတော် တပ်မှူးကြီးဟောင်းတဦး ရန်ကုန်မြို့မှ ထွက်ပြေးသွားခဲ့သည်။ ထိုသူမှာ ၁၉၅၀ ပြည့်နှစ်များတွင် ကူမင်တန် တရုတ်ဖြူများကို တိုက်ခိုက်ချေမှုန်းခဲ့သော သူရဲကောင်း ဗိုလ်မှူးချုပ်ကျော်ဇော ဖြစ်သည်။ ဇူလိုင်လ ၁၈ ရက်နေ့တွင် ၎င်း၏ဇနီးသားသမီးများနှင့်အတူ နမ့်ခမ်းမြို့အနီးမှ နယ်ခြားကို ဖြတ်ကျော်၍ တရုတ်ပြည်သို့ ထွက်ပြေးသွားခဲ့သည်။

ဟာလေမန့်အကြာတွင် CPB ၏လျှို့ဝှက်အသံလွှင့်ဌာနမှ လွှင့်ထုတ်လိုက်သော ဗိုလ်ကျော်ဇော၏ နေဝင်းစစ်အစိုးရအား ရှုတ်ချလိုက်သံကို ကြားလိုက်ရသည်။ ထိုအချိန်ကတွင်မှ ဗိုလ်ကျော်ဇော ပျောက်သွားခြင်းသည် တိုက်ဆိုင်မှုသက်သက်တော့ မဟုတ်ချေ။ သို့သော် သူ့ကိုသော်လည်း၊ သူ့လက်အောက်တွင် ယခင်က ဒုဗိုလ်လေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဗိုလ်တင်ဦးကိုသော်လည်း၊ အာဏာသိမ်းရန်ကြံစည်မှုနှင့် ဆက်စပ်နေပါသည်ဟု ဆိုရလောက်အောင်လည်း မည်သည့်သက်သေ သာဓကမှ မရှိခဲ့ပေ။ ဖမ်းဆီးခြင်းခံခဲ့သော အရာရှိတချို့က အာဏာသိမ်းမှု အောင်မြင်ခဲ့ပါမူ သူတို့အနေနှင့် ဗိုလ်ကျော်ဇောနှင့် ဗိုလ်တင်ဦးတို့အား နိုင်ငံ့ခေါင်းဆောင်များအဖြစ် ရွေးလေးကြောင်း ပြောခဲ့ကြသည်။ သို့ဆိုပါက ဗိုလ်ကျော်ဇောသည် အဘယ့်ကြောင့် CPB သို့ ဝင်ရောက်ခိုလှုံခဲ့ပါသနည်း။ ဤမေးခွန်းသည် ၁၉၇၀ ခုနှစ်များတွင် ပေါ်လာခဲ့သည့် မြန်မာနိုင်ငံ၏ ဗိုးတဝါးနိုင်ငံရေး ပဟေဠိများအနက်မှ တခု ဖြစ်လာခဲ့သည်။

မအောင်မြင်သော အာဏာသိမ်းပွဲနှင့် နောက်ဆက်တွဲ ဖြစ်ရပ်များကြောင့် နိုင်ငံတော် အုပ်ချုပ်ရေးယန္တရားနှင့် စစ်တပ်အတွင်း ကြီးကျယ်သော ဖြုတ်ထုတ်မှုများကို ချက်ချင်း ပြုလုပ်ခဲ့သည်။ ဗိုလ်တင်ဦးအား ထောက်ခံသော လူ ၂၀၀ ခန့်ကို စစ်ဆေးမေးမြန်းခဲ့ပြီး နိုင်ငံတလွှား မဆလပါတီဝင် စုစုပေါင်း ငါးထောင်ကျော်ကို ပါတီဝင်အဖြစ်မှ ထုတ်ပယ်လိုက်ကြောင်း ဦးနေဝင်းက လူသိရှင်ကြားကြေညာခဲ့သည်။ ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သော ပါတီကွန်ဂရက်တွင် ဗဟိုကော်မတီဝင် ၄၄ ယောက်အား ရာထူးမှ ဖြုတ်ပစ်ခဲ့ပြီး နေဝင်း၏ နောက်လိုက်သစ္စာခံများအား ရာထူးတိုးမြှင့်ပေးခဲ့သည်။

စစ်တပ်တွင်း၌ အရာရှိများကို အကြီးအကျယ်ပြောင်းရွှေ့ခဲ့ပြီး ပါရှင်ပုဂ္ဂိုလ်များစွာကိုလည်း နေရာပြောင်းရွှေ့ခြင်း၊ အငြိမ်းစားပေးခြင်းများ ပြုလုပ်ခဲ့သည်။ ၁၉၇၆ – ၇၇ ခုနှစ် အတွင်း ပြုလုပ်ခဲ့သော ဖြုတ် – ဆုတ် - ပြောင်းများအကြား ရာထူးတိုးလာ ခြင်းပြောင်းလဲသည့် အရာရှိများထဲမှ တစ်ယောက်ကို စံနမူနာအဖြစ်ပြရလျှင် ထိုအချိန်က တပ်မ ၉၉ ၏ တပ်မှူးဖြစ်သူ ဗိုလ်မှူးကြီးစောမောင်ကို ကောက်နုတ်ဖော်ပြရပေမည်။ တပ်မ ၉၉ ၏ ရုံးတာန်ဌာနချုပ်မှာ တရုတ်ပြည်သို့သွားသော (Burma Road) လမ်းမကြီးပေါ်ရှိ ကွတ်ခိုင်မြို့တွင်ဖြစ်၍ CPB အပါအဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် နေ့စဉ် တိုက်ပွဲဖြစ်ပွားလျက်ရှိသည့် စစ်မြေပြင်ဖြစ်သည်။ ဗိုလ်စောမောင်၏ ပညာအရည်အချင်းမှာ မူလတန်းအဆင့်မျှသာရှိသည်။ သူသည် တပ်သားဘဝမှ တဆင့်ပြီးတဆင့် ရာထူးတက်လာခဲ့သူဖြစ်သည်။ သူ့တာဝန်ကျရာ ရှမ်းပြည်အရှေ့မြောက်ပိုင်း စစ်မျက်နှာသည် တိုင်းပြည်၏ အကြမ်းတမ်းဆုံး စစ်မြေပြင်တခု ဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် သူ့အား ဗိုလ်မှူးချုပ်အဆင့်သို့ တိုးမြှင့်ပေးခဲ့ပြီး အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးအဖြစ် တာဝန်ပေးအပ်ခဲ့သည်။ အနောက်တောင်တိုင်းသည် အေးချမ်းသော ဆန်ရေစပါး

ပေါကြွယ်ဝသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ ယင်းဒေသ၌ တာဝန်ကျသော ဖော်ဘက်အရာရှိတိုင်း စီးပွားဖြစ်ပြီး ကြီးပွားနိုင်ကြသည်။ ထို့ကြောင့် ဆောမောင်ကဲ့သို့သော အရာရှိများသည် ဦးနေဝင်းနှင့် သူ၏ အခြားရေးစခွဲမ်ရှင်များအပေါ် အလွန်သစ္စာစောင့်သိကြခြင်းမှာ မထူးဆန်းပြဖြစ်သည်။

တစ်ချိန်က ဗမာ့သေနတ်ကိုင်တပ်ရင်း (၄) တွင် အမှုထမ်းခဲ့ကြသော ဒုတိယအသုတ် အရာရှိများသည်လည်း အရေးပါအရာရောက်သော ရာထူးများကို ရလာကြသည်။ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်နှင့် အခြားသူကြီးလ်များမှာ ပင်စင်ယူ၍ ပျောက်ကွယ်သွားကြပြီး အရာခံဗိုလ်များက ၎င်းတို့၏နေရာကို အစားဝင်လာကြသည်။ ဗိုလ်တင်ဦးကို ဆက်ခံသော ဗိုလ်ချုပ်ကြီးကျော်ထင်၏ ကာကကောက် ဗိုလ်ကြီးဘကဲ့သို့မှာလည်း ဗိုလ်နေဝင်း၏ တပ်ရင်းမှ ပင်ဖြစ်သည်။ ထို့အပြင် သမ္မတဝန်ကြီးဖြစ်ခဲ့သော ဦးမွန်းတင်နှင့် ပြည်ထောင်ကြီးလာသည့် ဦးစိန်လွင်တို့လည်း ထိုတပ်ရင်းတွင် အမှုထမ်းခဲ့ကြသူများဖြစ်သည်။ ဤသို့ဖြင့် ပြောင်းလဲခဲ့ပြီဖြစ်သော ဗမာ့သေနတ်ကိုင်တပ်ရင်း (၄) ၏ အနေအထားကို တွေ့နိုင်သည်။ ယနေ့ခေါင်းဆောင်သစ်များမှာ ဦးသိန်းဆောင်ကြီးကဲ့သို့ ဗိုလ်နေဝင်းနှင့်အတူ တိုက်ပွဲဝင် စံချိန်တိုက်များ မဟုတ်တော့ဘဲ ရာထူးလည်းကြီး အသက်လည်းကြီးသည့် ဗိုလ်နေဝင်း အပေါ် သစ္စာရှိသော လက်အောက်ခံ လူငယ်များသာဖြစ်သည်။

၁၉၇၀ - ၇၇ ခုနှစ်အတွင်း ဖြိုက် ထောက် - ပြောင်းများ ပြုလုပ်ပြီးသည့်နောက် ဖော်တပ်တွင်း၌ မညီညွတ်မှု တစ်စုံတစ်ရာ တည်းတသေးကဲ တခုပ်စု၏ အကျိုးအာဏာအတွက် လုံးဝဖဆောင်ရွက်နိုင်တော့ဘဲ တခြေး တသ တမိန့်တည်း ဖြစ်လာပေသည်။ ဗိုလ်နေဝင်းနှင့် သူ့ဆရာရိုး လူယုံအောက်များအား မညီညွတ်မှု မထောန့်ကျင်နိုင်ကြပေ။ "ရာထူးမြင့်ပြီး လုပ်ရည်ကိုင်ရည်ရှိသူများမှာလည်း သစ္စာစောင့်သိပါကြောင်း သက်သေပြနိုင်ရန် ကြိုးစားကြရသည်" ဟု ကိုးဖော်ဆဲလ်တေးဇကိုင်းက မှတ်ချက်ချခဲ့သည်။ အာဏာကိုဆုပ်ကိုင်ထားသူများကို ဖိအားပေးရန်မှာ လုံးဝ မဖြစ်နိုင်ပေ။

၁၉၄၈ ခုနှစ် ပြည်ထောင်စုလွတ်လပ်ရေး ဆောင်ဖြစ်ပွားခဲ့ပြီးနောက် စစ်တပ်အင်အားမှာ ထားစား ကြီးထွားလာသည်။ ၁၉၄၅ ခုနှစ် စက်တင်ဘာလတွင် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့၌ ဗြိတိသျှနှင့် စစ်တွင်းတော်လှန်ရေးသမားများ ချုပ်ဆိုခဲ့သော စာချုပ်အရ လွတ်လပ်သော မြန်မာ့ပြည်သည် စင်သည်အင်အား ၅၂၀၀၊ အရာရှိ ၃၀၀ ပါသော စစ်တပ်နှင့် လူအင်အား ၂၀၀ ပါသော အရံတပ်ကို ဖွဲ့ထားပိုင်ခွင့်ရှိသည်။ ထိုစစ်အင်အားမှာ နယ်ချဲ့ဆန့်ကျင်ရေးသမားများကို ဆောင်ရွက်ရန် လိုအပ်သော အင်အားပင်ဖြစ်သည်။ မြန်မာပြည်တွင် ထိုအချိန်၌ သောင်းကျန်းသူများ လွှင့်ရှင်း ဖြစ်ပေါ်ရန်မရှိသေး။

သို့သော် လွတ်လပ်ရေး ရပြီးသည့်နောက် တပ်ရင်းများထဲမှ သူပုန်များနှင့် ပူးပေါင်းခဲ့ကြ၍ ၎င်းတို့ကို တိုက်ခိုက်ရန် စစ်တပ်အသစ် ဖွဲ့စည်းခဲ့ရသည်။ ဤသို့ဖြင့် ၁၉၅၅ ခုနှစ်တွင် အင်အားလေးသောင်းအထိ တိုးပွားလာခဲ့သည်။ အာဏာသိမ်းသည့် အချိန်တွင် အင်အားတစ်သိန်းနီးပါး ရှိနေပြီး ၁၉၇၆ ခုနှစ်တွင် တစ်သိန်းငါးသောင်းအထိ တိုးလာခဲ့သည်။ တပ်မ ၇၇ ဖွဲ့စည်းပြီးနောက်တွင် တပ်မ ၄၄၊ ၅၅၊ ၆၆ နှင့် ၈၈ တို့ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ဤတပ်မများမှာ ထိပ်တန်းတပ်ဖွဲ့များဖြစ်ပြီး အသုံးအဆောင်အရေးများ ပံ့ပိုးပေးသည်။ ၎င်းတို့၏ အခြေခံစခန်းများမှာလည်း ဆက်သွယ်ရေးလမ်းမကြီးတစ်လျှောက် အဓိကနေရာများ၌ တည်ရှိသည်။ ဒေသဆိုင်ရာ တပ်ရင်းများကဲ့သို့ မြို့ငယ်၊ ကျေးလက်များ၌ မနေရပေ။ ၁၉၈၁ ခုနှစ် တပ်မ ၃၃ ကို

ဖွံ့ဖြိုးပြီးသည့်နောက် စစ်တပ်အင်အားမှာ စုစုပေါင်း စစ်သည်ဦးရေ တသိန်းရှစ်သောင်း ခြောက်ထောင်အထိ တိုးပွားလာခဲ့သည်။

တိုင်းပြည်၏ ဖွံ့ဖြိုးအုပ်ချုပ်မှု အခြေခံဥပဒေအရ နိုင်ငံတော်ကိုကာကွယ်ရန် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဟု ဆိုသော်လည်း စစ်သားများမှာ မိမိတို့ဆန္ဒအလျောက် စစ်တပ်သို့ဝင်ရောက်ကြခြင်း ဖြစ်သည်။ ပညာမတတ်သည့် အလုပ်လက်မဲ့လူငယ်များစွာ ရှိနေသောကြောင့် စစ်သားစုဆောင်းရေးမှာ စစ်တပ်အတွက် ပြဿနာမရှိချေ။

မြန်မာနိုင်ငံ၏ ကာကွယ်ရေးအသုံးစားရိတ်မှာ အပြောင်ကြီးမားလှသည်။ ထကြွ ပုန်ကန်မှု ရှိနေခြင်းကြောင့် စစ်သုံးစားရိတ်ကြီးမားရသည်ဟုဆိုလျှင် တစိတ်တပိုင်းအားဖြင့် မှန်သော်လည်း စင်စစ် စစ်တပ်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေး လူမှုရေးများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသောကြောင့်ဖြစ်သည်။ ၁၉၈၅ – ၈၆ ခုနှစ်တွင် နိုင်ငံတော်ဘဏ္ဍာ၏ ၃၁ ဒသမ ၄ ရာခိုင်နှုန်းဖြစ်သည့် ကျပ်ငွေ ၁၅၅၇ ဒသမ ၄ သန်းကို ကာကွယ်ရေးဝန်ကြီးဌာနအတွက် သုံးစွဲခဲ့သည်။ ထို့အပြင် တိုင်းပြည်၏ ရှုပ်ထွေးလှသော စုံထောက်လှမ်းရေးယန္တရားကို ချုပ်ကိုင်ထားသည့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနအတွက် ၈ ဒသမ ၃ ရာခိုင်နှုန်း (ကျပ်ငွေ ၄၁၂ ဒသမ ၂ သန်း) စစ်တပ်နှင့် စစ်မှုထမ်း ဟောင်းများအတွက် ဆုငွေများ၊ ပင်စင်လစာများ၊ ထောက်ပံ့ကြေးငွေများအဖြစ် ၇ ရာခိုင်နှုန်း (ကျပ်ငွေ ၃၈၅ ဒသမ ၅ သန်း) သုံးစွဲခဲ့သည်။

သို့သော်လည်း ပညာရေးဌာနအတွက် ၁၇ ဒသမ _ ရာနှုန်း (ကျပ်ငွေ ၈၅၄ ဒသမ ၇ သန်း) ကျန်းမာရေးဌာနအတွက် ၈ ရာခိုင်နှုန်း (၃၉၅ ဒသမ ၂ သန်း)သာ သုံးစွဲခွင့်ရခဲ့သည်။ စစ်ဆေးရုံများ ရှေ့တန်းတွင် စစ်တပ်နှင့်အတူ သူပုန်များကို သိုးစစ်ဆင်ရာ၌ ပါဝင်သော ကြက်ခြေနီအဖွဲ့များမှာ ကျန်းမာရေးဌာန လက်အောက်၌ပင် ရှိသောကြောင့် ကျန်းမာရေးဌာနမှာလည်း စစ်တပ်နှင့် ဆက်နွယ်နေပြန်သည်။ ထို့ကြောင့် စစ်တပ်အတွက် တိုင်းပြည်ဘဏ္ဍာငွေ၏ ၄၀ မှ ၄၅ ရာခိုင်နှုန်းအထိ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ သုံးစွဲနေသည်ဟု ခန့်မှန်းနိုင်သည်။

စစ်မှုထမ်းလစာများကို တမင်တကာ နိမ့်ချထားသည်။ တပ်ကြပ်ကြီးတဦး၏လစာမှာ ကျပ်ငွေ ၂၀၀ ထက် မကျော်နည်းပြီး ဗိုလ်တဦးမှာ ကျပ်ငွေ ၅၀၀ ခန့်နှင့် ဗိုလ်မှူးကြီးတဦးမှာ ကျပ်ငွေ ၁၀၀၀ မှ ၁၅၀၀ သာ ရှိသည်။ သို့သော် မြန်မာ့အဆင့်အတန်းဖြင့်ဖြစ်စေ၊ တောင်အာရှနှင့် အရှေ့တောင်အာရှဒေသ အဆင့်အတန်းဖြင့်ဖြစ်စေ မြန်မာစစ်ဗိုလ်များမှာမူ အလွန်ချမ်းသာကြွယ်ဝကြသည်ဟု ဆိုရပေမည်။ စစ်ဗိုလ်များသည် နိုင်ငံခြားဖြစ် စီးကရက်များ၊ ငါးသုံးလုံးစီးကရက်များကို ရိက္ခာအဖြစ်ရသည့် အခွင့်အရေးများ၊ ၎င်းတို့တာဝန်ထမ်းဆောင်ရသော နယ်မြေများတွင် ကြွယ်ဝသောတောပေါက်များ ရရှိသည့် အခွင့်အရေးများအပြင် တစုံတရာသော အချိန်အပိုင်းအခြားအထိ အမှုထမ်းခဲ့ပြီးနောက် မော်တော်ကားများ၊ ဖုန်းကွက်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်သော အခွင့်အရေးများလည်း ရှိနေသေးသည်။

သူတို့အတွက် အထူးရွှေ့ချင်သော နယ်မြေများမှာ ကချင်ပြည်နယ် ကျောက်စိမ်းတွင်းရှိရာ ဒေသများနှင့် မွန်ပြည်နယ် ဘိန်းစိုက်ပျိုးရာဒေသများ ဖြစ်သည်။ ၎င်းဒေသများတွင် တာဝန်ကျသော အရာရှိနှင့် စစ်သားများကို အများအားဖြင့် ၆ လတကြိမ် အလှည့်ကျ ပြောင်းလဲတာဝန်ထမ်းဆောင်စေသည်။ အကြောင်းမှာ အခြားစစ်သားများမှာလည်း သူတို့စားပေါက်ကို တောင့်မျှော်နေကြသောကြောင့် ဖြစ်သည်။ ဤသို့ အလှည့်ကျ

စနစ်အပေါ်အခြေခံ ဆုပေးဒဏ်ပေး စနစ်များကြောင့် ခေတ်သစ် တပ်မှူးများသည် ၎င်းတို့ ဩဇာခံ နယ်မြေများ တည်ဆောက်ရန် မဖြစ်နိုင်တော့ပေ။

စစ်တပ်အတွင်း စည်းကမ်းတင်းကြပ်ထားသော်လည်း နယ်စပ်ဒေသ ဆူပူနှိမ်နင်းမှု စစ်ဆင်ရေးများ ပြုလုပ်သည့်အခါ စစ်သားများအား လက်လွှတ်ထားပြန်သည်။ မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်း၊ ဓားယက်ခြင်းနှင့် ရွာများကိုမီးရှို့ခြင်း စသည်တို့မှာ စစ်ဆင်ရေးပြုလုပ်တိုင်း ဖြစ်ပျက်နေကျဖြစ်သည်။ လန်ဒန်မြို့တွင် ရုံးစိုက်ထားပြီး လူ့အခွင့်အရေး အဖွဲ့အစည်းတခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ ၁၉၈၈ ခုနှစ် မေလတွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာ၌ "စစ်ဆင်ရေးများ ပြုလုပ်သည့်အခါ မြန်မာတပ်မတော်သားများသည် သက်ကြီးရွယ်အိုများ၊ မိန်းမနှင့် ကလေးများပါမကျန် လက်နက်မဲ့ လူမျိုးစုရွာသားများအား နှိပ်စက်ညှဉ်းပန်းခြင်းနှင့် ဥပဒေမဲ့ သတ်ဖြတ်ခြင်းများကို ပြုလုပ်ခဲ့ကြသည်ဟု ယုံကြည်ရကြောင်း" ဖော်ပြခဲ့သည်။

မည်သို့ဆိုစေ ဤလူမျိုးစုဒေသများနှင့် ဝေးကွာလှသော မြို့များမှ ပြည်သူတို့မှာ ထိုအဖြစ်အပျက်များကို မသိကြပေ။ ဗမာအမျိုးသားတပ်မတော်က ဂျပန်တို့အား စစ်ကြေညာခဲ့သည့်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့တွင် နှစ်စဉ်ပြုလုပ်လေ့ရှိသည့် မတ်လ ၂၇ ရက် တပ်မတော်နေ့ချီတက်ပွဲ၌ ထောင်ပေါင်းများစွာသော ပြည်သူလူထုက ခံ့ညားပြန့်တပ်မတော်သားများကို သောင်းသောင်းဖျဖျ ကြိုဆိုဂုဏ်ပြုကြမြဲဖြစ်သည်။ ဤသို့ တပ်မတော်၏ အကင်းလိုက်ကြားမှု၊ အကျင့်ပျက်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုတို့ကို သွယ်ဝိုက်သောနည်းဖြင့် အားပေးခြင်းကြောင့် စစ်သားတိုင်းသည် ထိုစနစ်၏ ဓားစာခံဖြစ်လာပြီး ထိုစနစ်တည်တံ့ခိုင်မြဲရေးအတွက်အနစ်ကို ထိန်းသိမ်းထားလိုကြသည်။

■ ■ ■

စစ်တပ်သည် တိုင်းပြည်၏ အာဏာကြီးမားသော နိုင်ငံရေးအဆောက်အအုံဖြစ်သည့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကိုလည်း ထိထိမိမိကြီးကြပ်ထားသည်။ ၁၉၇၁ ခုနှစ်တွင် ပါတီကို အခြေခံပါတီအဖြစ်မှ ပြည်သူ့ပါတီအဖြစ်သို့ အသွင်ပြောင်းလိုက်သောအခါ တပ်တိုင်း လူမှုရေးနှင့် နိုင်ငံရေးစည်းကြပ်ရေးတွင် ပါဝင်လှုပ်ရှားရန်အတွက် ပါတီဝင်များ ဖြစ်လာကြရသည်။ ၁၉၇၇ ခုနှစ်တွင် မဆလပါတီဝင်ပေါင်း ၁၀၀၁,၆၁၇ ဦးရှိပြီး အရံပါတီဝင်ပေါင်း ၈၈၅,၄၁၀ ရှိသည်။ ပါတီဝင်ဦးရေ ထက်ဝက်ကျော်မှာ စစ်တပ်နှင့်ဆိုင်သော အမှုထမ်းဟောင်း၊ သို့မဟုတ် အမှုထမ်းနေသူများကို ဆိုလိုသည်ဖြစ်သည်။ တပ်မတော်၏ ၈၀ ရာခိုင်နှုန်းမှာ ပါတီဝင်များဖြစ်ကြသည်။

ကလေးငယ်များကို 'တေဇလူငယ်' ဟုခေါ်သော အဖွဲ့အစည်းမှ စည်းရုံးထားသည်။ 'တေဇ' မှာ ဗိုလ်ချုပ်အောင်ဆန်း၏ ရဲဘော်သုံးကျိပ်အမည်ဖြစ်သည်။ အသက် ၁၀ နှစ်အရွယ် ကလေးများသည် 'ရှေ့ဆောင်လူငယ်' အဖွဲ့ဝင်ဖြစ်နိုင်ပြီး အသက် ၁၅ နှစ် ပြည့်သောအခါ မဆလပါတီ၏ ပင်မလူငယ်အဖွဲ့အစည်းဖြစ်သော 'လမ်းစဉ်လူငယ်' တင်းပြည့်အဖွဲ့ဝင်များ ဖြစ်လာနိုင်သည်။ ထင်ပေါ်များသော မြန်မာလူငယ်တို့သည် ထိုအဖွဲ့အစည်းများတွင် ပါဝင်ကာ နောင်တချိန်၌ ပါတီဝင်ဖြစ်လာရေးအတွက် ကြိုတင် ပြင်ဆင်ထားကြသည်။ အခြား လူထုအဖွဲ့အစည်းများအနက် 'တောင်သူလယ်သမားအစည်းအရုံး' မှာ အဖွဲ့ဝင် ၇ ဒသမ ၇ သန်းရှိပြီး ကျေးလက်တောရွာများတွင်လည်း ဖြန့်နှံ့ခဲ့သည်။ အလုပ်သမားများကို

ပါဝင်ဆဲဖြစ်သော 'အလုပ်သမားအစည်းအရုံး'၏ အဖွဲ့ဝင် ၅ သန်း ကျော်မှာ အစိုးရပိုင် လုပ်ငန်းများနှင့် မုဂ္ဂလိကပိုင် စက်ရုံများမှ အလုပ်သမားများဖြစ်ကြသည်။

အဆင့်ဆင့်သော ပြည်သူ့ကောင်စီများဖြင့် မြို့ပြအုပ်ချုပ်ရေးကို ဆောင်ရွက်စေသည်။ သို့သော် နေရာတကာတွင် အာဏာထိပ်ခေါင်ဖြစ်သော စစ်တပ်ပါတီကသာလျှင် အားလုံးကို ချုပ်ကိုင်ထားသည်။ တိုင်းနှင့်ပြည်နယ်အဆင့် ပြည်သူ့ကောင်စီဥက္ကဋ္ဌတို့မှာ အရပ်သား သို့မဟုတ် စစ်ဗိုလ်ဟောင်းများ ဖြစ်ကြသော်လည်း အဆင့်တူ ပါတီကော်မတီ၏ ဥက္ကဋ္ဌမှာ ထိုတိုင်းနှင့် ပြည်နယ်ရှိ ရာထူးအမြင့်ဆုံးသော စစ်အရာရှိပင်ဖြစ်သည်။

ဤသို့သော ဖွဲ့စည်းမှုပုံစံ၏ ဥပဒေအခြေခံကို တပါတီ သို့မဟုတ် ဆိုရှယ်လစ်နိုင်ငံတော် တည်ဆောက်ရန်အတွက် ရေးဆွဲထားသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ထည့်သွင်းထားသည်။ ထိုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဒေါက်တာမောင်မောင်က မူကြမ်းရေးဆွဲခဲ့သည်။ သူသည် ဦးနေဝင်းအပါအဝင် စစ်တပ်နှင့် အမြဲနီးစပ်သည့် တဦးတည်းသော ပညာတတ်ဖြစ်သည်။ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလတွင် ထိုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းကို အတည်ပြုရန် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခဲ့သည်။ သို့သော် မဲပေးစနစ်မှာ လက်ခံနိုင်သော ဒီမိုကရက်တစ် စည်းမျဉ်းတို့နှင့် လုံး၀ ကိုက်ညီခြင်းမရှိချေ။ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပချိန်တွင် မိုင်ဆတ်မြို့ အလယ်တန်းကျောင်းမှ ကျောင်းသူ နန်းနော်စမ်းက အောက်ပါအတိုင်းပြောပြခဲ့သည်။

"မဲထည့်ဖို့ ပုံးနှစ်ပုံးရှိတယ်။ မဲပုံးအဖြူက ထောက်ခံမဲပေးလိုသူအတွက်ဖြစ်ပြီး မဲပုံးအမဲကတော့ ကန့်ကွက်မဲအတွက် ဖြစ်တယ်။ မဲထည့်တဲ့အခါ လူမမြင်နိုင်အောင် ကန့်လန့်ကာနဲ့ ကာထားပြီး ဝါးနဲ့လုပ်ထားတဲ့ ယာယီအခန်းလေးထဲက စားပွဲတခုပေါ်မှာ မဲပုံးနှစ်ခုကို ဟိုဘက်တလုံး ဒီဘက်တလုံး ထားထားတယ်။ ကန့်လန့်ကာနဲ့ အောက်ခြေကြားမှာဆိုရင် ၁၅ – ၂၀ စင်တီမီတာလောက် ဟနေတယ်။ ဒီတော့ ဘယ်သူ ဘယ်မဲပုံးကို ထည့်သလဲဆိုတာ မဲရုံမှူးတွေ ကောင်းကောင်းမြင်နိုင်တာပေါ့။ တချို့က ဘာမသိဘာမသိ ပုံးအမဲထဲ ထည့်သွားကြသေးတယ်။ တချို့ကတော့လည်း ဘာကြောင့်မဲပေးကြရသလဲ ဆိုတာတောင် နားမလည်ကြဘူး။ 'ပုံးအဖြူထဲကို ထည့်ရမယ်တဲ့'လို့ အချင်းချင်းပြောပြီး မဲရုံထဲကို ဝင်သွားကြတာဘဲ။ မဲရေတွက်ရင်တော့ ကျွန်မတို့မဲရုံလုပ်အားပေးတွေက ဘာမသိဘာမသိ ထည့်သွားတဲ့ ကန့်ကွက်မဲတွေကို ပုံးအဖြူထဲ ပြောင်းထည့်ပေးလိုက်ကြတယ်။ အဲဒါ လူတိုင်းသိတာဘဲ။ မဲရုံမှူးကလည်း သူ့မဲရုံမှာ ရာနှုန်းပြည့်ထောက်ခံမှုရတယ်လို့ ကြွားနိုင်တာပေါ့။ နောက်ပြီး မသိနားမလည်တဲ့ လူတွေလည်း အလကား ဒုက္ခမရောက်တော့ဘူးပေါ့။ မဲပေးပွဲကိစ္စနဲ့ ပတ်သက်ပြီး ဘယ်သူမှ သိပ်ဂရုမထားကြပါဘူး။ ဘာဘဲပြောပြော ကျွန်မတို့အတွက်တော့ လုပ်အားပေးခ ၅ ကျပ်ရတာအမြတ်ပေါ့"

၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းကို ၉၀ ဒသမ ၁၉ ရာနှုန်းဖြင့် ထောက်ခံမှုရ၍ ဤဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အတည်ပြုလိုက်ကြောင်း တရားဝင် ကြေညာခဲ့သည်။ "နိုင်ငံတော်ဖွဲ့စည်းမှု၏ အခြေခံမှာ ဆိုရှယ်လစ်ဒီမိုကရေစီဖြစ်သည်"ဟု ရေးသားပေါ်ပြ ထားသော်လည်း 'တပ်မတော်'ဟု ခေါ်သော စစ်တပ်ကသာလျှင် မဆလပါတီနှင့် ယင်းလက်အောက်ခံ အဖွဲ့အစည်းအားလုံးကို ထိန်းချုပ်ကြိုးကိုင်ထားသည်။ တပ်မတော်၊ မဆလပါတီနှင့် အုပ်ချုပ်ရေး ယန္တရားအားလုံးမှာ ဦးနေဝင်း၏ ထိန်းချုပ်ကြိုးကိုင်မှုအောက်တွင် ရှိနေပြန်သည်။

အကျဉ်းဆိုရလျှင် ဖြစ်ပေါ်လာသော အသေးအဖွဲပြဿနာအဆုံမှာ ပေါ်ရွှေပတိုင်မှ အားကောင်းသော ဆိုရှယ်လစ်ဗန်းပြ စစ်အာဏာရှင်စနစ်သာ ဖြစ်သည်။

လူမှုရေးနှင့် နိုင်ငံရေးအဆောက်အအုံပေါင်းကို ဖုံးလွှမ်းထားပြီးသည့်နောက် ဖြစ်ပေါ်လာသောရလဒ်မှာ စစ်တပ်သည် အုပ်ချုပ်သူ လူတန်းစားအသင်းတစ်ခုပမာ ဖြစ်နိုင်စွမ်းမှာ အရှိတည်လာခဲ့သည်။ ဤသို့ မြင့်တက်ပေးလိုက်သော စစ်တပ်၏ အခန်းအထား သည် ယောင်နှင့် အရှေ့တောင်အာရှတွင် တမျိုးမျိုးသော စစ်အာဏာရှင်စနစ်ကို ကြုံတွေ့ခဲ့ကြသည့် တိုင်းပြည်များမှ တချို့ဖြစ်သော ဖိလစ်ပိုင်၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ် စစ်တပ်များကို ဆိုထားနှင့် ယိုးဒယားနှင့် ဗီယက်နမ် စစ်တပ်များ၏ အခန်းအထားထက် ပို၍ မြင့်မားခဲ့သည်။

နိုင်ငံတကာနယ်ပယ်တွင် အစိုးရသစ်သည် ကိုးကွယ်ရာမှုကင်းသော 'အပေါ်ကျော်စနစ်'ကို ကျင့်သုံးခြင်းဖြင့် များစွာအကျိုးဖြစ်ထွန်းခဲ့သည်။ သီအိုရီအရ စစ်အစိုးရသည် ဦးနု၏ ဒီမိုကရက်တစ် အစိုးရက ချမှတ်ခဲ့သော ကြားနေရေးနှင့် ဘက်မလိုက်ရေးမူဝါဒကို ဆက်လက်ကျင့်သုံးသည်ဟု ဆိုရမည်။ ၁၉၇၉ ခုနှစ် ကျူးဘားနိုင်ငံ ဟာဗားနားမြို့တော်တွင် ကျင်းပသော ဘက်မလိုက် ထိပ်သီးညီလာခံ၌ ဘက်မလိုက်နိုင်ငံများ အဖွဲ့မှ နှုတ်ထွက်ခဲ့သေးသည်။ ထိုညီလာခံတွင် မြန်မာကိုယ်စားလှယ်က ဘက်မလိုက် အဖွဲ့အစည်းသည် ဘက်မလိုက်ရေးမူများကို ယိုယွင်းမှုကျင့်သုံးခြင်း မရှိတော့ကြောင်း ဖော်ပြကြားခဲ့သည်။ ဤကြေငြာချက်ကို အနောက်တိုင်း အင်အားကြီးနိုင်ငံများက အမြင်ချင်း တူကြသည်ဖြစ်၍ အလေးအနက် ယူဆခဲ့ကြသည်။

သို့သော် မြန်မာပြည်၏ ကြားနေ နိုင်ငံခြားရေးမူဝါဒကို အသေးစိတ်လေ့လာ ဆန်းစစ်လျှင် နိုင်ငံခြားရေးမူဝါဒသည် ဗဟိုနည်းဖြစ်သည်။ မြန်မာသည်မှ ၂၈ မိုင်နှင့် ကာကွယ်စခန်းရှိများသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် အနည်းအကျဉ်းသာကြိုးပမ်းပြီး ၎င်းတို့၏ အဓိကပြဿနာများ ဖြစ်သော ယ်ုနှင့် သို့မဟုတ် ဆောင်ရွက်ရန် အလည်အပတ် ရောက်ရှိလာကြသော မြန်မာစစ်အရာရှိကြီးများနှင့် ၎င်းတို့၏ မိသားစုများကို ကာကွယ်စောင့်ရှောက်ရန်နှင့် အလေးပေးရောက် မြန်မာအစိုးရကို မျက်မြင်ပြောကြားလိုက်ခြင်း ဖြစ်သည်။ မြန်မာပြည်၌ အစိုးရမှ သတင်းထောက်များသည် နိုင်ငံခြားသတင်းများထဲ ယိုယွင်းပြည်၏ အခြေအနေကိုသာ မြန်မာအစိုးရက အသုံးချ၍သော ချစ်ကြည်ရေး သတင်းများဖြစ်ရင်း၊ နိုင်ငံခြားမှ မြန်မာအစိုးရထံပေးပို့သော သတင်းများကိုရင်း မဆုံးနိုင်အောင် ပေါ်ပြူလာဖြစ်သည်။ ယင်းသို့သော သတင်းများပေးပို့ခြင်းမှာ သံတမန်ရေးရာ လုပ်ရိုးလုပ်စဉ်သာဖြစ်၍ ကမ္ဘာပေါ်တွင် တချို့နိုင်ငံများသာ ထိုသတင်းများကို သတင်းအဖြစ် ဒုက္ခရှာ ပေါ်ပြူကြလေ သည်။

သို့သော် မြန်မာပြည်၌ အစိုးရသည် ဤသို့သော သတင်းများကို သတင်းစာ မျက်နှာဖုံးများတွင် ဖော်ပြခြင်းဖြင့် အစိုးရသည် နိုင်ငံတကာနှင့် ဆက်ဆံရေးကောင်းမွန်ပြီး ကမ္ဘာ့မိသားစုအတွင်း ဝင်ဆန့်ကာ တက်တက်ကြွကြွ ပါဝင်လျက်ရှိကြောင်း ပြည်သူလူထု အား ပြန်ဖြန့်ခြင်းသာ ဖြစ်သည်။

အမှန်တကယ်မှာ ဦးနေဝင်းနှင့် ဖြင့်ပကမ္ဘာ၏ ကောင်းမွန်သောဆက်ဆံရေး ဆိုသည်မှာ ၎င်းနှင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးပြီး ၎င်း၏ ယုံကြည်မှုကိုရသော နိုင်ငံခြားသား စီးပွားရေးသမားတချို့နှင့်သာ ဖြစ်သည်။ နိုင်ငံခြားအစိုးရများနှင့် ဆက်ဆံရေးကိုမူ

သဘောလောက်သာထားရှိသည်။ ၁၉၈၈ ခုနှစ်တွင် ရန်ကုန်မြို့၌ရှိနေသော နိုင်ငံခြားသံတမန်တဦးက ထိုကဲ့သို့သော သံတမန်ရေးရာကွာဟမှုကို ဤသို့ ကောက်ချက်ချခဲ့သည်။

"ကျွန်တော်တို့မှာ ဘယ်အစိုးရအဖွဲ့ဝင်နဲ့မှ အဓိပ္ပါယ်ရှိတဲ့ ဆက်ဆံရေးမျိုး မရှိကြပါဘူး။ ပုံသွင်းထားတဲ့ နိုင်ငံခြားရေးဌာနက ပုဂ္ဂိုလ်တွေသာ ကျွန်တော်တို့ညှိစံတဲ့ ညစာစားပွဲတွေကို တက်ရောက်ပြီး ဂေါက်သီးအကြောင်း၊ တင်းနစ်အကြောင်း၊ ရာသီဥတုအကြောင်း၊ ရာသီပေါ်သီးနှံ ဘယ်လောက်ကောင်းကြောင်းတွေ ပြောပြီး အချိန်ဖြုန်းတာပါဘဲ။ ကျွန်တော် မြန်မာပြည်ကိုရောက်စ သုံးလမှာဆိုရင် တင်းနစ်လက်ပြန်ရိုက်တာ အတော်ကြီးကို ကောင်းလာတယ်။ ဂေါက်သီးလည်း ခပြီးရိုက်ရတော့တယ်။ ဒါဟာအချိန်ဖြုန်းတာ သက်သက်ဘဲ။ ခက်တာက ကျွန်တော့်မှာ ဖြုန်းစရာ အချိန်တွေ အများကြီးဖြစ်နေတယ်"

နိုင်ငံခြားသံတမန်များနှင့် ပြင်ပမှလေ့လာသူများက မြန်မာပြည်တွင် ပြောင်းလဲမှု တစုံတရာ ဖြစ်ပေါ်လာလိမ့်မည်ဟူသော မျှော်လင့်ချက်မျိုး မရှိကြပေ။ စစ်အစိုးရမှာ ခြေကုပ်ကောင်းစွာရှနေပြီဖြစ်၍ လူထုကိုလည်း တင်းကြပ်စွာ ထိန်းချုပ်ကြိုးကိုင်ထားမှုကြောင့် တော်လှန်ဆန့်ကျင်မှုတရပ် ပေါ်ပေါက်ရန် လမ်းစ လုံးဝမရှိချေ။

• • •

ဦးနေဝင်းသည် တိုင်းပြည်၏ အတုမဲ့သောအုပ်ချုပ်သူ ဖြစ်သော်လည်း မော်စီတုန်း၊ ချန်ကေရှိတ်၊ ကင်မ်အီလ်ဆွန်း တို့ကဲ့သို့ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို ထူထောင်ခြင်းမျိုး မရှိချေ။ အင်္ဂလိပ်ရှားမှ ရုပ်ရှင်မဂ္ဂဇင်း၊ ကမ္ဘောဒီးယားမှ မင်းသားကြီးသီဟာနု တို့နှင့်လည်း မတူဘဲ ပြည်သူလူထုနှင့် တွေ့ဆုံပွဲများ၊ နိုင်ငံခြား အစိုးရ၊ အဖွဲ့အစည်းများနှင့် ကိုယ်တိုင်တွေ့ဆုံမှုကို ရှောင်ကျဉ်ခဲ့သည်။ ဇန္နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့နှင့် မတ်လ ၂၇ ရက် တပ်မတော်နေ့ အခမ်းအနားများတွင် နိုင်ငံခြားသံတမန်များနှင့် လက်ဆွဲနှုတ်ဆက်ခြင်းဖြင့် တနှစ်လျှင် နှစ်ကြိမ်သာ အပြင်လောကသို့ ထွက်လေ့ရှိသည်။ စင်ကာပူမှ လီကွမ်ယူးကဲ့သို့ မိမိတိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းခြင်းလည်း မရှိချေ။

၁၉၇၂ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် အေပီသတင်းဌာနမှ ထုတ်ဝေခဲ့သော ဦးနေဝင်းအကြောင်းသိကောင်းစရာဆောင်းပါးကို "လူမွဲဖြစ်ခဲ့သူက ရှေးသုလို ဂုဏ်ဆောင်းကာ မြန်မာပြည်ကို ဆိုရှယ်လစ်စနစ်သို့ မောင်းပို့ခြင်း"ဟူသော ထိမိလှသည့် ခေါင်းစီးတပ်ထား ပြီး အောက်ပါအတိုင်း ရေးသားထားသည်။

"အရှေ့တောင်အာရှ နိုင်ငံရေးတွင် ဦးနေဝင်းကို မည်သို့သောပေတံဖြင့် တိုင်းစေကာမူ လက်ဂျာဝါဒီ၊ မူဟောင်းထိန်းသိမ်းရေးသမား၊ ကွန်မြူနစ်ဆန့်ကျင်ရေး သမားဟု ထိုင်း၊ ကမ္ဘောဒီယား၊ တောင်ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့ကို အုပ်ချုပ်သော စစ်အစိုးရများကဲ့သို့ သတ်မှတ်ရမည်ဖြစ်သည်။ အာဏာမသိမ်းမီကာလတွင် သူ့အား မိန်းမလိုက်စားပြီး လောင်းကစားဝါသနာပါသော လူမွှေတဦးအဖြစ် အားလုံးက သိရှိကြ သည်။ ဦးနေဝင်းအကြောင်း အသေးစိတ်သိထားသူမှာ နည်းပါးလွန်းလှသည်။ သံတမန်များပင် ဦးနေဝင်းနှင့်တွေ့ဆုံရန် အတော်ခဲယဉ်းလှသည်။ သူနှင့်တွေ့ဆုံဘူးသူ သံတမန်များမှာ ရှားပါးလှသည်"

ဦးနေဝင်းသည် ရန်ကုန်မြို့တော်ပိုင်းမှ အင်းယားကန်ကျွန်းဆွယ်တစ်ခု၌ ဆောက်လုပ်ထားသည့် သူ၏ စည်းစိမ်ကြီးလှသော အိမ်တော်ကြီးတွင် နေထိုင်ကာ ခေတ်ရေစီးကြောင်းနှင့် ပြောင်းပြန် ရှေးခေတ်မြန်မာ ပဒေသရာဇ်စနစ် ပုံတူတစ်ခုကို အကောင်အထည်ဖော်လျက်ရှိသည်။ ထိုခေတ်ဟောင်း ပဒေသရာဇ်စနစ် ပြန်လည် အသက်သွင်းမှုသည် အနှစ်သာရရှိသော အသိပညာတိုးတက်မှုကို နှင့်မပြုတော့ကြောင်း ထင်ရှားစွာပေါ်ပြခဲ့သည်။ ၁၉၃၀ ခုနှစ်တွင် မဟာမိုးဆောင်ခဲ့သော ဒီမိုကရေစီ မျိုးစေ့သည် ဒုတိယကမ္ဘာစစ်ကြောင့် ရှင်သန်မှုတုံ့ဆိုင်းသွားပြီး ၁၉၄၅ ခုနှစ်တွင် ပြန်လည် ရှင်သန်လာခဲ့သော်လည်း ယခုအချိန်၌ မြန်မာ့ဒီမိုကရေစီ ရှင်သန်မှုသည် အမှောင်ကာလတွင် ကျန်ရစ်ခဲ့ပြီ။ ဦးနေဝင်းသည် မြန်မာသုတေသနအသင်းကြီး (The Burma Research Society) မှ ထုတ်ဝေဖြန့်ချီသော စာစောင်များကိုပင် ကိုလိုနီခေတ်ထွန်းမှုများဟု စွပ်စွဲကာ ရပ်ဆိုင်းပစ်ခဲ့သည်။ မြန်မာပြည်သည် အာဏာရှင်ဟောင်း တို့၏ ဝဋ်ကြွေးမြွေးဖြတ်မှုနှင့် စိတ်ကူးမယဉ်နိုင်လောက်အောင်မှုအကြိုကို ပေါ်ပြသည့် မြန်မာ့သမိုင်းကို ပြန်လည်ရေးသားရန် ရည်ရွယ်ချက်ရှိသည့်အတိုင်း ဦးနေဝင်းသည် သူ၏ ကိုယ်ပိုင်သမိုင်းဟောင်း သုတေသနပြုမှုကို စတင်ခဲ့သည်။ ဦးနေဝင်းသည် သူ့ကိုယ်သူ မြန်မာ့ရှေးဟောင်း မင်းဆက်များအနက်မှ တစ်ဦးအဖြစ် မှတ်ယူခဲ့ပြီး မြန်မာနိုင်ငံကို ရှေးဟောင်းများထံသို့ ပြန်လည်ခေါ်ဆောင်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည် ရေးသားခဲ့သော စာတမ်း၌ "မြန်မာပြည်သူလူထုအဖွဲ့အစည်းသည် ဖြစ်ပေါ်တိုးတက်မှု အစစ်အမှန်ကို နားလည်သဘောပေါက်ရန် မောင်းဆိုးနေကြသည်" ဟု ဖော်ပြခဲ့သည်။ အာဏာပိုင် အဖွဲ့အစည်းအတွင်း၌ အခြေအနေမှာ ဘိုင်ဇန်တိုင်း (Byzantine) ခေတ်နှင့် အသွင်တူကာ လုပ်ကြံမှုများ၊ ယုံမှားသံသယဖြစ်မှုများ၊ ဇာတ်မျိုးချင်း အငြင်းအခုံများနှင့် နားလည်ရခက်သော လှည့်စားမှုများ၊ ယက်ဖြတ်သော လျှို့ဝှက်ဆက်ဆံမှုများဖြင့် ပြည့်နှက်လျက်ရှိသည်။ ဦးနေဝင်း ယုံကြည်ခဲ့သော လောကီဆရာလူမှုအနက် တစ်ဦးမှာ သူ၏ ထမင်းချက် ဒေဝီအဘိုးကြီး 'ရာဂျူ' ဆိုသူပင်ဖြစ်သည်။ ဦးနေဝင်း၏ လက်အောက်တွင် ရာဂျူ အမှုထမ်းခဲ့သည်မှာ ဇာတ်သေနတ်ကိုင် တပ်ရင်း (၄) ကတည်းကပင်ဖြစ်သည်။ ဦးနေဝင်းသည် အဆိပ်ခတ်ခံရမည်ကို အလွန်စိုးရိမ်ပြီး ထမင်းချက် ရာဂျူ တစ်ဦးတည်းကိုသာ ယုံကြည်ခဲ့သည်။ သို့ဖြစ်သောကြောင့် ရာဂျူသည် ထမင်းဟင်းများကို ဦးနေဝင်းမစားမီ သူ့ရှေ့မှောက်တွင် စားပြရသေးသည်။

ဦးနေဝင်း နိုင်ငံခြားသို့ ခရီးသွားတိုင်း ရာဂျူ လိုက်ပါသွားခဲ့မြဲဖြစ်သည်။ ဤသို့ မိုင်ပေါင်းကြီးနှင့် နီးစပ်မှုရခဲ့သော ရာဂျူမှာ ချမ်းသာကြွယ်ဝလာရန် အခွင့်ကောင်းများ ရရှိခဲ့သည်။ တစ်ခါတလေကား အိမ်ခံဝယ်ယူလိုသူဖြစ်စေ၊ အိမ်ဆောက်လိုကျွင် ဖြစ်စေ၊ ကိစ္စတစ်ခုခုအခါ အစိုးရဆုံးဖြတ်ချက်လိုလျှင်ဖြစ်စေ ရာဂျူလက်ထဲသို့ ငွေအနည်းအကျဉ်း ထည့်ပေးလိုက်ရုံဖြင့် အဆင်ပြေသွားနိုင်သည်။ ရာဂျူသည် ဗိုလ်ချုပ်ကြီးရှေ့၌ ထမင်းပင်မြီးပြရင်း သူ့အားငွေပေးသူ၏ ပြောနိုင်းထားသော စကားများကို ဦးနေဝင်းအား အချိုးသင့်သလို ပြောကြားခဲ့သည်။ ဗိုလ်ချုပ်ကြီး ဒေါင်းထချက်ညီကာလိုက်လျှော့ ကိစ္စပြီးခဲ့လေသည်။ ဤထူးခြားသောနည်းဖြင့် ရာဂျူသည် တိုင်းပြည်၌ ဩဇာညောင်း လှသော အာဏာရှင်များအနက်မှ အာဏာရှင်တစ်ဦး ဖြစ်လာခဲ့သည်။

ဦးနေဝင်းသည် လူထုမျက်စိအောက်မှ ခပ်ဝေးဝေးနေခဲ့သော်လည်း ၇ ကြိမ်တိုင်တိုင် အိမ်ထောင်ပြုခဲ့သည်။ 'ကစ်တီဘသန်း' ဟုခေါ်၊ လူသိများသော ဆိုရှယ်ကူအသည်

ဒေါ်ခင်မေသန်းသည် ဦးနေဝင်း၏ တတိယဇနီးဖြစ်ပြီး သူ့အတွဲလန်း အနှစ်သက်ဆုံးဇနီး ဖြစ်သည်။ ဒေါ်ခင်မေသန်းသည် သမီးနှစ်ဦးဖြစ်သူ စန္ဒာဝင်းနှင့် ကြေးမုံဝင်းတို့မပြင် သားဖြစ်သူ ငြိမ်းဝေဝင်းတို့ကို ယဉ်ကျေးသိမ်မွေ့သော မြန်မာမှုမြန်မာဟန် မြန်မာ့ထုံးတမ်း စဉ်လာအတိုင်း ပုံသွင်းမထား လူလာမြောက်စေခဲ့သည်ဟု အဆိုရှိသည်။ သို့သော်လည်း တညနေတွင် ကြေးမုံဝင်းတယောက် အင်းယားသိပ်ပေါ်ပ်တယ် အနောက်တိုင်းကပွဲ၌ ဆွဲဖျော်နေစဉ် ရုတ်လှမ်းရှာသော ဖခင်ကြီးဦးနေဝင်း ရောက်လာပြီး တီးဝိုင်းမှ ဆော်ပမှုံကို ကန်ကျောက်၍ ကပွဲကို ရုပ်ဆဲလွှာ ဖျက်ဆီးခဲ့ပြီး သမတလူကြမ်းဟု ပြောသံမြင်ကြေးဖြစ်ခဲ့ရသည်၊ သမီးကြီးဖြစ်သူ စန္ဒာဝင်းကိုမူ သူ၏ ကျောင်းနေဘက် သူငယ်ချင်းများက "ချစ်စရာကောင်းတယ်။ ဟန်ဆောင်မှုကင်းပြီး ပွင့်လင်းတယ်။ သူ့အဖေဟာ အာဏာရှိတဲ့ နိုင်ငံ့ခေါင်း၊ ဆောင်ဖြစ်တယ်ဆိုတဲ့ အချက်ကိုအပေါ်မှာလည်း အရှိန်ကောင်းမယူခဲ့ဘူး" ဟု မှတ်မှတ်ရရ ပြောဆိုကြသည်၊ မည်သို့ဆိုစေ ၁၉၇၄ ခုနှစ် သူမအမေ ဒေါ်ခင်မေသန်း သေဆုံးပြီး ပြောင်းလဲခဲ့ဟန်တူသည်။

သမီးနည်းတူ ဖခင်ဦးနေဝင်းလည်း ပြောင်းလဲခဲ့သည်။ ဦးနေဝင်း၏ စိတ်ကျန်းမာရေးသည် အမြဲတစေ စနိုးမှုန်းထွက်ဆ ပြောဆိုနေကြသော အကြောင်းအရာ ဖြစ်သည်။ ၁၉၆၀ ခုနှစ်များ၏ အစောပိုင်းကာလ၌ ဦးနေဝင်းသည် ဗီယင်နာမြို့သို့ မှန်မှန်သွားရောက်၍ ဩစတြီးယားနိုင်ငံ၏ ထိပ်တန်းစိတ်ရောဂါကုဆရာဝန် ဒေါက်တာ ဟန့်စ်ဟော့ဖ် (Dr Hans Hoff) ထံတွင် အမျိုးအမည် မဖော်ပြသော စိတ်ရောဂါတစ်ခုကို ကုသခဲ့သည်။ ဒေါ်ခင်မေသန်း သေဆုံးပြီးနောက် ဗီယင်နာသို့ ဆေးကုသွားရန် လုံးဝ ဂရုမထားတော့သည်သာမက အိမ်တွင်းပုန်း ဖြစ်လာခဲ့သည်။ သူသည် ဂေါက်သီးရိုက်ခြင်း သို့မဟုတ် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာရေကန်နားမှ ကျန်းမာရေးအပန်းဖြေစခန်း တခုဖြစ်သော လေမာနာရုစတီကာ (Clinique Lémana-Rustica) ဆေးရိပ်သာသို့ တနှစ်တခါ သွားရောက်ခြင်း တို့ဖြင့်သာ အပန်းဖြေ အနားယူတော့သည်။

ဦးနေဝင်းအနေနှင့် ဆွစ်ဇာလန်နိုင်ငံသို့ မကြာခဏ သွားရောက်ခြင်းမှာ တခြားကိစ္စများ ကြောင့်လည်းဖြစ်သည်။ ၁၉၈၄ ခုနှစ် ဇူလိုင်လ နိုင်ငံခြားခရီးစဉ်တခုတွင် ကျောက်စိမ်းနှင့် အခြား ကျောက်မျက်ရတနာများဖြင့် ပြည့်နှက်နေသော သေတ္တာများကို သူစင်းလုံးငှားထားသော ဂုဏ်လေယာဉ်၏ ကုန်လှောင်ခန်းထဲသို့ တင်ဆောင်ရာ၌ နေရာမလျော်၍ ပစ္စည်းများ လေယာဉ်ပေါ်မှကျလာ ပြန့်ကျဲရသဖြင့် လေယာဉ်အထွက် နောက်ကျရကြောင်းဖြင့် သံတမန်ရပ်ကွက်မှ ပြောကြားချက်ကို အောက်တိုဘာလ ၁၈ ရက်နေ့ထုတ် အရှေ့ဖျားစီးပွားရေးရှုထောင့်ကာ ကြော်ငြာ၌ ဖော်ပြခဲ့သည်။ ဦးနေဝင်းသည် ကိုယ်ပိုင်ပစ္စည်းနှင့် နိုင်ငံပိုင်ပစ္စည်းဟူ၍ မည်သည့်အခါမှ ခွဲခြားခြင်းမရှိချေ၊ မြန်မာနိုင်ငံပိုင် ပစ္စည်းဟူသမျှကို သူ၏ပစ္စည်းများပင် ဖြစ်သည်ဟု သဘောထားသည်။ သူ၏ချမ်းသာ ကြွယ်ဝမှုသည် ဖိလစ်ပိုင်သမတ မားကိုစ်၏ ချမ်းသာကြွယ်ဝမှုနှင့် အပြိုင်ဖြစ်သည်ဟုလည်း မြန်မာပြည်သား အတော်များများက ပြောကြားကြသည်။ ဦးနေဝင်းသည် လန်ဒန်မြို့၌ရှင်း၊ အနောက်ဂျာမဏီ၌ရှင်း၊ တိုကျိုမြို့၏ ဈေးအကြီးဆုံးသော 'ဂင်ဇာ' စီးပွားရေးရပ်ကွက်၌ရှင်း မြေကွက်တိုက်တာ အဆောက်အအုံ များကို ပိုင်ဆိုင်ထားသည်။

ဒေါ်ခင်မေသန်း ကွယ်လွန်ပြီး ဦးနေဝင်း လက်ထပ်ခဲ့သော ဒေါ်နီနီမြင့်မှာ တက္ကသိုလ်ဆရာမတဦးဖြစ်သည်။ လက်ထပ်ပြီး တနှစ်မပြည့်မီ ကွာရှင်းခဲ့သည်၊ ထို့နောက် နောက်ဆုံးမြန်မာဘုရင်၏ အမျိုးအနွယ်မှ ဆင်းသက်လာသူ ဂျွန်ရိုးစ်ဘယ်လာမီ (June Rose Bellamy) ခေါ် ရတနာနတ်မယ်နှင့် လက်ထပ်ခဲ့သည်။ ဤသို့ လက်ထပ်ခဲ့ခြင်းမှာ သူသည်လည်း ဒူးဟောင်း မင်းမျိုးမင်းနွယ်ဝင် ပသီးဖြစ်လာအောင် ကြံစည်ခြင်းဖြစ်သည်။ သူသည် ဆါင်းတလည်းသား ဘုရင်ကပြားတဦး ဖြစ်သော်လည်း သူ၏ မွေးမြူးများသည် ကုန်းဘောင်ခေတ် မြန်မာမင်းမျိုးနွယ်မှ ဆင်းသက်လာသည်ဟု ယုံကြည်သည်။ တခါတရံ အစိုးရအခမ်းအနားများတွင် ဦးနေဝင်းသည် ကိုးယာမ်ညီလာ မင်းဝတ်တန်ဆာများ ဆင်ဆင်လှက် ဆုတ်မပါသောတတ်ရာ ပါးနပ်လိမ္မာသော ဝန်ကြီးများအတွက် မျက်နှာပူစရာဖြစ်ရသည်၊ ဈေးဘောက်တင်မြှုပ်ထားသော ဆန်းကြယ် စစ်တပ်ဖြင့် အာဏာသိမ်းယူသူဟု သူ့ကိုယ်သူ မစဉ်းစားဘဲ ခမည်းတော် ပြည့်ရှင်ဘုရင်မင်းမြတ်အဖြစ် စိတ်ကူးထားသည်။

သူ၏ စီမံအုပ်ချုပ်ပုံမှာ နဂါးတတ်တဆောင်နှင့် ငကောင်းစေခိုင်းကို အလှန်ကြည့် ကီးစားခြင်းဖြစ်သည်၊ မြန်မာပါတီကို ဆုံးဖြတ်ပါပြီးမှ မကြည်ညာသော သောက်ကသား လက်စွဲကောင်းများ၊ တဦးဖဘာရိုက်တာ ဘမေးကြီးသည့် ဆုံးဖြတ်ချက်များ ချမှတ်ရန် လိုအပ်တိုင်း တိပေဒင်ဆရာနှင့် တိုင်ပင်လေ့ရှိသည်၊ ဦးနေဝင်းမှာ ယတြာကအသင်း ယတြာချေခြင်းကို ယုံကြည်သူဖြစ်သည်။ ယတြာချေခြင်းသည် မြန်မာရိုးရာ အစဉ်အလာတခုဖြစ်၍ တစ်ကောင်း၏ ကံကြမ္မာဆိုးကျရောက်ခြင်းကို မကျရောက်စေရန် ပါဠာများဖြင့် ပြုပြင်ချုပ်ကိုင်ခြင်းဖြစ်သည်။ ဂဏန်းသွေးမြင့်ရှက်၏ အဆိုအရ လူဆိုးတွေ ကြုံ့မြည့် ဖတ်ကြည့်မှာဆိုးတော့ပုံနှင့် ဆင်တူသိုးမှာ၊ လုပ်ရပ်တခု ဆောင်ရွက်ခြင်းဖြင့် ယင်းကြမ္မာဆိုးကို ပျက်ပြယ်စေနိုင်သည်။ ထိုယုံကြည်မှုကြောင့် ၁၉၇၀ ခု အလယ်ပိုင်းနှစ်များတွင် မြန်မာပြည်၌ လက်ဝဲ ယာနိုင်ငံရေးအဖွဲ့ကြွမှုက ခြိမ်းခြောက်လာသောအခါ လက်ဝဲဘက်သို့ ကပ်ဆောင်းသော မြန်မာပြည်၏ ယာဉ်မောင်းစနစ်ကို လက်ယာဘက်မောင်းစနစ်သို့ ပြောင်းလဲခဲ့သည်၊ မြန်မာနိုင်ငံ၌ ဆင်းရဲနွမ်းပါးခြင်းအန္တရာယ်၊ မြို့များပျက်လာသည့်အခါ ထိုအန္တရာယ်မှ ကင်းလွတ်ရန်အတွက် ယတြာချေသည့်အနေဖြင့် အစိုးရဝန်ကြီးများကား ဆေးအရိုးဆုံး အစားအစာဖြစ်သည့် မုန့်ဟင်းခါးကိုသာ စားစေခဲ့သည်။

ဦးနေဝင်းနှင့် ရတနာနတ်မယ်တို့၏ အိမ်ထောင်ရေးမှာလည်း တနှစ်မပြည့်မီ ပြတ်စဲခဲ့ရသည်၊ ထို့နောက် ဦးနေဝင်းသည် ဒေါ်နီနီမြင့်ကို ပြန်လက်ထပ်ခဲ့သည်၊ သို့သော် ယခုအခါ၌ သူ့ဘဝတွင် အရေးပါအရာရောက်ဆုံးသော အမျိုးသမီးမှာ သူ့ဇနီးမဟုတ်ဘဲ သူ၏ အချစ်ဆုံးသမီး 'စန္ဒာဝင်း' ပင် ဖြစ်သည်။ စန္ဒာဝင်းမှာ ဒေါ်ခင်မေသန်း၏ ရင်သွေးဖြစ်သည်။ ဆေးကျောင်းသူ ဖြစ်သော စန္ဒာဝင်းသည် ဖခင်၏အတွက် လက်ထောက်များပေးခြင်း၊ ဆွေမျိုးသားချင်းများတွင် ငွေစာရင်းထိန်းပေးခြင်း၊ နိုင်ငံခြားသွားသည့်အခါတိုင်း သူနှင့်အတူလိုက်သွားခြင်း စသည်ဖြင့် အလိုလိုက် အကြံပေးဆောင်ရွက်သူ တဦးဖြစ်လာခဲ့သည်၊ စန္ဒာဝင်း၏ ခင်ပွန်း ဆေးဆရာဝင်းမှာ လက်ထပ်စဉ်က သတ္တုဗေဒပညာရှင်တဦးဖြစ်သော်လည်း လက်ထပ်ပြီးနောက် ပြည်သူ့ကုမ္ပဏီနှင့် ဓာတုလုပ်ငန်း ဌာနတွင် ဌာနမှူးအဖြစ် ခန့်အပ်ထားခြင်း ခံခဲ့ရသည်။ မြန်မာပြည် အနံ့အမှန်ပင်လည်းရှိ တနကာမဘောက်တို့မှ ရသော ပုလဲများမှာ ကမ္ဘာ့အကောင်းဆုံးပုလဲများအနက် အဆင့်မြင့်ဆုံး

ဖြစ်၍ ဒေါ်ဒေါ်ဝင်း၏ရောဂါမှာ အမျိုးသမီးများတွင် အလွန်ရှားသောကြွက်သားဝေဒနာ ရောဂါမျိုးဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် စန္ဒာဝင်း၏ ကြီးမားလာသောသြဇာကို ပထမဆုံး နားလည်သဘောပေါက်ခဲ့သော နိုင်ငံခြားတိုင်းပြည်တပြည် ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ် နှောင်းပိုင်းတွင် ဦးနေဝင်းနှင့် စန္ဒာဝင်းတို့ ပြုံယမ်းမြို့သို့ အလည်အပတ်ရောက်ရှိ လာသည့်အခါ အိမ်ရှင်မြောက်ကိုရီးယားက စန္ဒာဝင်းအား နိုင်ငံ့ပထမတန်းစား (First Lady) ဟူ၍ ခေါ်ဆိုသုံးနှုန်းခဲ့ကြသည်။ ထိုသို့ မြောက်ကိုရီးယားက မြှောက်ပင့်ပေးလိုက်၍ သဘောတွေ့ကာ ကျေနပ်ပီတိဖြစ်မိသော ဦးနေဝင်းသည် မြောက်ကိုရီးယားနှင့် ရင်းရင်းနှီးနှီးချစ်ကြည်ရေးကို တည်ဆောက်ခဲ့သည်။ မြောက်ကိုရီးယားက မြန်မာနိုင်ငံသို့ မျိုးသိုကြက်များ၊ လယ်ယာသုံးစက်များကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။ မြန်မာကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့တဖွဲ့ကလည်း ၁၉၇၈ ခုနှစ် ဩဂုတ်လတွင် ပြုံယမ်းမြို့သို့ သွားရောက်ခဲ့သည်။ ထိုနှစ် နောက်ပိုင်းကာလတွင် မြောက်ကိုရီးယားနိုင်ငံ ထူထောင်သော အနှစ် ၃၀ ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ရန် မြန်မာနိုင်ငံခြားရေးဝန်ကြီးကို ပြုံယမ်းသို့ စေလွှတ်ခဲ့သည့်အထိ ဖြစ်ခဲ့သည်။

စန္ဒာဝင်းသည် သူ့ဖခင်အတွက် မည်မျှအရေးပါသည်ကို ၁၉၈၉ ခုနှစ်အထိ အနောက်နိုင်ငံများက မသိနားမလည်ကြချေ။ ထိုနှစ်တွင် စန္ဒာဝင်းသည် ဗြိတိသျှ ဆေးကျောင်းတခုသို့ ဝင်ခွင့်ရရှိရန် အင်္ဂလိပ်ဘာသာ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခဲ့ရာ မအောင်မြင်ခဲ့ပေ။ သို့အတွက် ဦးနေဝင်းသည် ရုတ်တရက်ပင် အင်္ဂလိပ်ဘာသာကို ပယ်ဖျက်သိမ်းခဲ့သော အတန်းများ၏ သင်ရိုးညွှန်းတမ်းတွင် ပြန်လည်ထည့်သွင်း ပေးခဲ့သည်။ စန္ဒာဝင်း၏ အင်္ဂလိပ်စာပြဆရာ (မြန်မာလူမျိုး) အား ဦးနေဝင်းက သူ့သမီးကျရှုံးမှုအတွက် အပြစ်တင်ကာ အလုပ်မှ ထုတ်ပစ်လိုက်သည်။ ထို့အပြင် မြန်မာပြည်သူများ အင်္ဂလိပ်စာကျွမ်းသူတို့အား မြန်မာပြည်၏ အဓိကတက္ကသိုလ်များတွင် အင်္ဂလိပ်စာပြသရန် ပြန်လည် ဖိတ်ခေါ်ခဲ့သည်။

မြန်မာပြည်သူ အတော်များများက နောက်ကွယ်တွင် ဦးနေဝင်း၏မိသားစုကို 'အရူးမင်းဆက်'ဟု ထိုက်ထိုက်တန်တန် ပြောင်ပြောင် ခေါ်ဆိုကြသည်။ ဦးနေဝင်းသည် 'အရူးမင်းဆက်' တည်မြဲရေးအတွက် အာဏာရှိဆုံး အကြောက်ရဆုံးသော လျှို့ဝှက်ပုလိပ် အဖွဲ့ဖြစ်သည့် 'စစ်ထောက်လှမ်းရေးဌာန'(MIS, Military Intelligence Service)ကို ကျစ်လစ်ခိုင်မာစွာ တည်ဆောက်ခဲ့သည်။ MIS ကို မြန်မာပြည်သူအများစု မသိသူမရှိဘဲ အင်္ဂလိပ်စာမတတ်သူ လယ်သမားများပင် MI အမ်အိုင် ဟုဆိုလျှင် နားလည်ကြလေသည်။ အကယ်၍ နိုင်ငံရေးအတိုက်အခံများကို သုတ်သင်သတ်ဖြတ်ခြင်းမှာ ရှုမှတ် ထားသော စည်းမျဉ်းမဟုတ်ဘဲ ရှင်းလင်းဖြစ်သည်ဟု ဆိုသည့်တိုင် နိုင်ငံရေးအတိုက်အခံ တော်လှန်ရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်သည်ဟု သံသယရှိသူမှန်သမျှကို ဖမ်းဆီး အကျဉ်းချထား ညှင်းပန်းနှိပ်စက်လေ့ရှိသည်။ စစ်ထောက်များသည် ပွင့်လင်း တိုးတက်သော အတွေးအခေါ်ရှိသည့် စစ်ဗိုလ်များအား မျက်လုံးဒေါက်ထောက်၍ စောင့်ကြည့်နေမြဲဖြစ်၏။ ထိုသို့ စောင့်ကြပ်ကြည့်ရှုမှုများ၊ အလွဲသုံးစား ပြောင်းမှု တာဝန်ရှောင်မှုများ၊ အဂတိလိုက်စားမှုများ၊ ရက်စက်ကြမ်းကြုတ်မှုများကြောင့် မြန်မာ စစ်တပ်သည် ဆက်လက်၍ တည်တံ့ခိုင်မြဲနေခဲ့ ဖြစ်သည်။ ထို့ပြင် စစ်ထောက်များ သည် အမေရိကန်ပြည်ထောင်စု၊ အနောက်ဂျာမနီ၊ ဗြိတိန်နှင့် ထိုင်းနိုင်ငံတို့တွင်ရှိသော

အမေးရောက် မြန်မာနိုင်ငံရေးသမားများကိုလည်း စောင့်ကြည့်ကြသည်။ နိုင်ငံခြားရှိ မြန်မာအသိုင်းအဝိုင်းတွင် မညီညွတ်မှုပါသည် သတင်းပေးဖြစ်သည်ကို သိရှိရန် စက်ခဲလှသောကြောင့် တဦးအပေါ်တဦး သံသယများများကာ နိုင်ငံရေးလုပ်ရှားမှု တစုံတရာမျှ မလုပ်ဖြစ်ကြချေ။

ဦးနေဝင်း၏ ထောက်လှမ်းရေးအကြီးအကဲအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းခဲ့သူမှာ သူယုံကြည်ခဲ့သော ဗိုလ်မှူးချုပ်တင်ဦး(ကာကွယ်ရေးဝန်ကြီးဟောင်း ဗိုလ်ချုပ်တင်ဦး မဟုတ်)ဖြစ်သည်။ ဂျော်တင်ဦးကို မုတ်မုန်တင်ဦးဟု ခေါ်ကြသည်။ သူသည် ၁၉၅၀ နှစ်များတွင် ပထမိတ်သမှုအရာရှိ ဆိုင်ပန်ကျွန်းရှိ အမေရိကန် ဗဟိုထောက်လှမ်းရေးဌာန (CIA, the Central Intelligence Agency)မှ ဖွင့်လှစ်သော သင်တန်းသို့ ပထမရောက်ခဲ့သူဖြစ်သည်။ ၁၉၅၁ ခုနှစ်တွင် သူသည် ဗိုလ်နေဝင်း၏ ကိုယ်ရေးအရာရှိ ဖြစ်လာပြီး သူ့အား ဗိုလ်ချုပ်ကြီး၏ မွေးစားသားအဖြစ် ပြောစမှတ်ပြုကြသေးသည်။ ၁၉၈၃ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့ထုတ် အရှေ့ဖျားစီးပွားရေးသုံးသပ်စာစောင်တွင် ဆောင်းပါးရှင် ရော့ဒ်နီတာစကာ (Rodney Tasker)က ထောက်လှမ်းရေးတင်ဦးကို အောက်ပါအတိုင်း ရုပ်လုံးဖော်ခဲ့သည်။

"သူနှင့် သူ၏ ထောက်လှမ်းရေး လုပ်ဖော်ကိုင်ဘက်များမှာ အမြင်ကျဉ်းပြီး ဗမာ့ရေးသေးခါကို လက်ကိုင်ထားသော အခြားနိုင်ငံ့ခေါင်းဆောင်များနှင့် နှိုင်းစာလျှင် ကမ္ဘာ့ကိုပင်ဆန့်သူများဖြစ်ကြသည်။ သူတို့သည် နိုင်ငံခြားသို့ အလွယ်တကူ သွားရောက်နိုင်ကြပြီး နိုင်ငံခြားသားများနှင့်လည်း လွတ်လပ်စွာ ပြောဆိုကြကာ လက်မှီအတိုး၏ တင်းကြပ်ကျဉ်းမြောင်းသော စက်ဝန်းအပြင်ဘက်သို့ ရောက်ကြည့်သူများ ဖြစ်ကြသည်။ ဗိုလ်မှူးချုပ်တင်ဦးမှာ ဂရုစာကောင်းမဲ့သူဟု အများကသိထားကြသော်လည်း သူသည် ရာဇဝင်ဆန်သူ၊ ဖွင့်လင်းသူ၊ အေးစွာသော အရည်အချင်းရှိသူဖြစ်သည်ဟုသည့် ဂုဏ်သတင်းများက သူနှင့် အခြားသော ခေါင်းဆောင်လုပ်ဖော်ကိုင်ဘက်များ၏ လွန်းဆေးချက်ပင် ဖြစ်သည်"

ဗိုလ်မှူးချုပ်တင်ဦးအား ဗိုလ်ချုပ်ကြီးတင်ဦးနှင့် ခွဲခြားသိသာရန် 'လူဆော်အောင်ဦး' သို့မဟုတ် 'အမဲဆိုင်အောင်ဦး' ဟု ခေါ်ဆိုခဲ့ကြသည်။ သူ့အား ဗိုလ်ချုပ်ကြီးဦးနေဝင်းစတော် ကျန်ခြင်းရောက်ပိုင်း ဦးနေဝင်း၏ အရိုက်အရာဆက်ခံမည့်သူ ဖြစ်ပြီး နိုင်ငံ့တော်ဝန်ကြီးများကို တိုးပေးအောင် စွမ်းဆောင် လိမ့်မည် ဟူ၍လည်း ယုံမှတ်လက်ခံခဲ့ကြသည်။ သူရေးသားခဲ့သော CIA အတွင်းစာအုပ်များမှာ မြန်မာပြည်တွင်းဖြစ်စဉ်ရေးရာများနှင့် ပတ်သက်ပြီး အမှန်တကယ်ဖြစ်သော အကြောင်းအရာများပါသည့် ထိပ်တန်းစာအုပ်တအုပ် ဖြစ်သည်။ ယင်းစာအုပ်အမည်များမှာ သခင်သန်းထွန်း၏ နောက်ဆုံးနေ့များနှင့် ဓနချစ် နောက်ဆုံး(၂)တွဲဖြစ်ပြီး နိုင်ငံတော်ဆုရ လူဖတ်များသော စာအုပ်များဖြစ်သည်။

ဦးနေဝင်းမှာ သူ့ဟာသူ ရှုပ်ထွေးသော အကျင့်စရိုက်များနှင့် ဘယ်သူ့ကိုမှ လောဘကြီးစွာ စိတ်ခါးသီးခြင်း ကိုယ်လိုချင်သည်ကို မရရသည့်နည်းဖြင့် ယူတတ်သော သူတဦးဖြစ်သည်။ ထူးခြားချက်များအနက် တခုမှာ သူကိုယ်တိုင် သူနှင့်နီးစပ်သော လက်အောက်ငယ်သားများ၏ ချွေးမက်စိုင်တွဲများကို ထားရှိခြင်းပင် ဖြစ်သည်။ ရင်းမိုင်တွဲများတွင် သူတို့၏ ကိုယ်ရေးကိုယ်တာ ပြဿနာများ ရေးကွက်ဟာကွက်များပါ

ထည့်သွင်းထားခဲ့သည်။ ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ထုတ် ဘန်ကောက်မြို့ နေးရှင်းသတင်းစာ၌ ဖောက်လံစားသတင်းထောက် ချိုလေးက ဤသို့မှတ်တမ်းတင်ခဲ့သည်။

“ဗိုလ်ချုပ်ကြီးနေဝင်းက သူ၏ ယိမ်းတန်အရာရှိ တဦးကို တွေ့ဆုံရန် ဆင့်ခေါ်လိုက်သောအခါ ထိုအရာရှိကြီးသည် သစ်လွင်သေသပ်သော ယူနီဖောင်းကိုဝတ်လျက် ထောင်ချောင်ပြောင်လက်သော ဖိနပ်များကိုစီးကာ အနည်းဆုံး နှစ်နာရီခန့်စော၍ ရောက်လာရသည်။ ထို့နောက် သူယူလာသော မှတ်တမ်းဖိုင်များကို တုန်ယင်နေသော လက်များဖြင့် ဟိုလှန်ဒီလှန်လုပ်နေပြီး ချွေးတပီးပီးကျကာ ဝနာမငြိမ်ဖြစ်နေသည်ကို တွေ့ရသည်။ ဘာဖြစ်မည်ကိုမသိရဘဲ အချိန်ကျ၍ နာရီသံချောင်းခေါက်သည်နှင့် ဗိုလ်ချုပ်ကြီး၏ရုံးခန်းသို့ တန်းတန်းမတ်မတ်ဝင်လာကာ သတိအနေအထားဖြင့် ရပ်နေရသည်။ ဦးနေဝင်းပေါ်ယူတွေ့ဆုံသည့်ကိစ္စကို သူပြောဆိုသုံးနှုန်းသော စကားလေသံ ပေါ်မူတည်၍ သိနိုင်သည်။ ၎င်းအား ညစ်ညမ်းစွာ ဆဲဆိုအော်ဟစ်ပြီး ပြန်လွှတ်လိုက်ပါမူ ၎င်းမှုဖိုလ်သည် ရာထူးနှင့်ကိုယ် ခြံနေသေးပြီး နာမည်မကောင်းစာရင်းတွင် ပါရှိနေသေးကြောင်း သိနိုင်သည်။ သို့မဟုတ် ဗိုလ်ချုပ်ကြီးက မင်္ဂလာစကားများ ပြောကြားပြီး ၎င်း၏ ကျန်းမာရေးအခြေအနေကို မေးမြန်းခဲ့လျှင် ထိုမှူးကြီးသည် ယှက်စာထဝင်၍ မလွဲမသွေကျလာမည့်ထုတ်ချင်းကို စောင့်ဆိုင်းပြီး အငြိမ်းစားယူရန်သာ ရှိတော့သည်”

* * *

၁၉၈၀ ခုနှစ်တွင် မမျှော်လင့်ဘဲ တိုင်းပြည်တွင်း၌ သူပုန်များအတွက် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ကို ကြေညာလိုက်သောအခါ ရက်စက်ကြမ်းကြုတ် အာဏာရှင်ဆန်သူ ဟူသော ဦးနေဝင်း၏ ပုံရိပ်မှာ အနည်းငယ်ပြောင်းလဲသွားခဲ့သည်။ နိုင်ငံ၏အကြီးဆုံး သူပုန်အဖွဲ့ဖြစ်သော CPB နှင့် KIA တို့ပင်လျှင် ငြိမ်းချမ်းရေးဆွေးနွေးခဲ့သည်။ သို့သော် အစိုးရ၊ အပေးအယူလုံးဝမလုပ်ဘဲ အလွှင်းမဲ့လက်နက်ချရန်သာ တောင်းဆိုခဲ့ခြင်းကြောင့် နှစ်ပေါင်းများစွာဖြစ်ပွားခဲ့သော ပြည်တွင်းစစ်၏ ငြိမ်းချမ်းရေးမျှော်လင့်ချက် အလင်းရောင်မှာ မှုန်မှိန်ပျောက်ကွယ်ခဲ့ရသည်၊ ဆွေးနွေးပွဲ ပျက်ပြားခဲ့ပြီး ကွန်မြူနစ်နှင့် လူမျိုးစုသူပုန်အဖွဲ့မှ မည်သူတဦးတယောက်မျှ လွတ်ငြိမ်းချမ်းသာခွင့်ကို လက်မခံခဲ့ချေ။ အင်အားနည်းပါးလျက် နေသော ရခိုင်ပြည် ကွန်မြူနစ်ပါတီခေါင်းဆောင် ကျော်မြင့် တဦးတည်းသာ လွတ်ငြိမ်းချမ်းသာခွင့် ခံယူခဲ့သည်၊

အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်ကြေညာခဲ့ရာ၌ သူပုန် ၂၁၈၅ ဦး လက်နက်ချခဲ့သည်ဟု အစိုးရက ကြေညာခဲ့သည်။ သို့သော် ၎င်းတို့အနက် အများစုမှာ ထိုင်းနိုင်ငံရှိ ပြည်သူ့ပြည်ချစ်ပါတီနှင့် ထိုပါတီ၏ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အဖွဲ့ဝင်ဟောင်းများဖြစ်ကြသည်။ ဧမာအမျိုးသား တော်လှန်ရေးအဖွဲ့တဖွဲ့လုံးနီးပါး ၁၉၈၀ ခုနှစ်တွင် ပြည်တော်ပြန်ခဲ့ကြသည်၊ ဗိုလ်ရန်နိုင်၊ ဗိုလ်မှူးအောင်၊ တကြော့ဒိုး (ဦးနုအဖွဲ့ဝင်ခဲ့သူ ကရင်အမျိုးသား) နှင့် ၎င်းတို့၏ နောက်လိုက်များအားလုံး ပြည်သို့ပြန်မည်ကြေငြာခြင်းဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်းကိုယ်တိုင် အိန္ဒိယတွင် ခိုလှုံနေရာမှ ဇူလိုင်လ ၂၉ ရက်နေ့တွင် မြန်မာပြည်သို့ပြန်ခဲ့သည်။ အရေးပါသော နိုင်ငံရေးအကျဉ်းသားအချို့ ကိုလည်း ထောင်မှလွှတ်ပေးခဲ့ရာ ဗိုလ်မှူးကြီး လှော်စစ်မှန်၊ ဒုဗိုလ်ချုပ်ကြီးဟောင်းတင်ဦး၊

အသေနိုင်ခေါင်းဆောင်သစ်စိုးတို့ လွတ်မြောက်ခဲ့ကြသည်။ သို့မှာချုပ် ထုတ်ပယ်ခြင်း ခံခဲ့ရသော စစ်ဗိုလ်ဟောင်းများဖြစ်ကြသည့် ဗိုလ်အောင်ကြီး၊ ဗိုလ်တင်ဖေနှင့် အချို့ကိုလည်း သိက္ခာပြန်တင်ပေးခဲ့ကာ ကိုယ်ပိုင်စီးပွားရေးများ လုပ်ကိုင်ခွင့်ပြုခဲ့သည်။

တချိန်တည်း၌ပင် သံဃာတော် ၁၂၆၆ ပါးကို ရန်ကုန်သို့ဖိတ်ကြားကာ ပထမအကြိမ် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ကျင်းပခဲ့သည်။ သို့သော် အစိုးရအာဏာသိမ်းသည်မှာ ပထမအကြိမ်ဖြစ်သည့် ဗုဒ္ဓသံဃာတော်များ သို့မဟုတ် ဘုန်းတော်ကြီးများပင်ဖြစ်သည်။ ဦးနေဝင်းအတွက် ဦးနှောက်ခြောက်စရာ အကောင်းဆုံးမှာ ကျောင်းသားများပြီးလျှင် ဘုန်းတော်ကြီးများပင်ဖြစ်သည်။ အင်အား တောင့်တင်းမှုရှိသည့် သံဃာတော်တို့ အစိုးရက မှတ်ပုံတင်ကတ်ပြားများ ထုတ်ပေးပြီးနောက် ဘုန်းကြီးတပါးအား အာဏာရှင်အာဏာပိုင်များက လှုပ်ရှားနိုင်ပါလျှင် ယင်းဘုန်းကြီးအား သာသနာ့ခုံရုံး၌မဟုတ်ဘဲ ပြည်သူ့ရုံးများက တရားစီရင်ပိုင်ခွင့် ရှိလာခဲ့သည်။ နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ကိုလည်း ဖွဲ့စည်းလိုက်ကာ မဆလပါတီလိုင်းအတိုင်း ဘုန်းတော်ကြီးများအား မျက်စိပေါက်စေကာ ကြည့်ရှုစေခဲ့သည်။ ဤသို့အားဖြင့် တိုင်းပြည်အတွင်း၌ လေးစားခံရသော ဘုန်းကြီးကျောင်းများကို မြန်မာပြည်သမိုင်းတွင် ဖြစ်နေကျဖြစ်သော နိုင်ငံရေး လှုပ်ရှားသူများ၏ နေထိုင်ပုန်းအောင်းရာ မဖြစ်ရလေအောင် ထိန်းသိမ်းခဲ့သည်။

ဦးနေဝင်းသည် သူ့အမိန့်အာဏာအား မည်သူမျှ ဆက်ခံမည်ဆိုသည့် ပြဿနာကို အစီအစဉ်ကျကျ ဖြေရှင်းနေသည်မှာ သိသာလှသည်။ သူအမြဲမှတ်နေသည့်ကိစ္စမှာ သမိုင်းတွင် နေရာကောင်းရရေးဖြစ်သည်။ သူသည် နိုင်ငံရေးဇာတ်ခုံပေါ်မှ ဂုဏ်သိက္ခာအပြည့်ဖြင့် ထွက်ခွာသွားရန် ဆန္ဒရှိပြီး တိုင်းပြည်ကလည်း သူ့အား ကောင်းမွန်သည့်ပုံရိပ်ကြီးဖြင့် မြင်စေချင်သည်။

* * *

၁၉၈၁ ခု ဩဂုတ်လ ၈ ရက်နေ့တွင် မဆလပါတီ၏ လေးကြိမ်မြောက်ညီလာခံ၌ အံ့အားသင့်ဖွယ်တစ်ခု ပေါက်ကွဲလာခဲ့သည်။ ဦးနေဝင်းသည် သူ၏ သမ္မတသက်တမ်း ကုန်ဆုံးသည့် နိုဝင်ဘာလတွင် ရာထူးမှ အနားယူတော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ရန်ကုန်မြို့လုံးတွင် ဓနပါးစပ်မှ နတ်ပေးအားထားလိုက်ရသကဲ့သို့ ဓလ္လာဓတ မိန်းမောသွားကြသည်။ စိတ်ပင်ပန်းမှုအားဖြင့် အပြောင်းအလဲသည် ယမုန်ထိုးနှိုက်တွင် ချုပ်လဝ်ချက်တရပ် ဖြစ်လာခဲ့သည်။ သို့သော် မြန်မာပြည်သားများ သိကြသည့်အတိုင်း ယင်းအပြောင်းအလဲမှာ ဦးနေဝင်းအသေးမီမြေမဝ်ကာလပတ်လုံး တခုနှင့်တခု ဆက်ဖြေဖြေသာ ဖြစ်ပေါ်လာလေသည်။ အသက်ကြီးပြီဖြစ်သော ဗိုလ်ချုပ်ကြီးသည် မဆလပါတီ၏ ဥက္ကဋ္ဌကြီးအဖြစ် ဆက်လက်နေသည်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အလားတူ ပြောင်းလဲ အလဲ နှောင်းမောင်မရန် MISကဦးကို မဆလပါတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ခန့်အပ်ခဲ့သည်။ ပါတီ၏ ထိပ်တန်းလူသုံးဦးဖြစ်သော ဗဟိုအလုပ်အမှုဆောင်ကော်မတီ နေရာကိုရရှိသည့် သူ့ဘက်ကို နောက်လိုက်များထဲတွင် အထွေထွေအတွင်းရေးမှူးဖြစ်လာသူ ဦးအေးကိုနှင့် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးကျော်ထင်တို့လည်း ပါဝင်သည်။

နိုဝင်ဘာလတွင် ဦးစန်းယုအား သမ္မတကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ဦးနေဝင်းသည် အာဏာပလ္လင်မှ အပြီးအပိုင် ဆင်းသက်သွားလေပြီဟု ယူဆနေကြမည့်သူများအား သူ၏ နှုတ်ဆက်အမှာစကားတွင် ဤသို့သတိပေးခဲ့သည်။ "ကျွန်တော်ဟာ ပြည်သူ့လွှတ်တော်နဲ့ နိုင်ငံတော်ကောင်စီမှာ မရှိတော့ပေမဲ့လည်း ပါတီကနေပြီးတော့ အစစအရာရာကို စောင့်ကြည့်နေမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လိုအပ်တဲ့ အကြံပေးတဲ့အခါ ကျွန်တော်ပေးတဲ့အတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ကြပါ။ ကျွန်တော်ဟာ တာဝန်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းတွေကို လက်တွေ့ တာဝန်ယူ ဆောင်ရွက်နေသူတိုင်းဟာ သတိဝီရိယကြီးစွာထားပြီး လုပ်ကိုင်ကြစေလိုပါတယ်" ဦးနေဝင်းသည် နံပါတ်တစ်အဖြစ် ရှိမြဲရှိနေသေးသည်။ ဤသည်ပင်လျှင် သူ့အတွက် အဓိကဖြစ်သည်။

မေလ္လာခကာမှသာ တက်ကြွကြွ ရှိခဲ့ပြီးနောက် မြန်မာပြည်သည် ပြန်လည်ငြိမ်သက် သွားခဲ့ပြန်သည်။ နောက်ဆုံးတွင် မည်သို့မှ ပြောင်းလဲခြင်းမရှိခဲ့ပေ။ ၁၉၈၃ ခုနှစ် မေလ ၁၇ ရက်နေ့တွင် နိုင်ငံတော်ကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးကို ရုတ်ချည်းဆိုသလို ရာထူးမှ နုတ်ထွက်ခွင့် ပြုလိုက်သည်။ သူနှင့်အတူ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဟောင်းနှင့်ကြီးဖြစ်သော ယခင်က ဆောက်လုပ်ရေးဝန်ကြီးဟောင်းဖြစ်ခဲ့သူ ဗိုလ်မှူးကြီးဘိုနီလည်း ကံဆိုးအကျိုးပေး အပြုတ်ခံခဲ့ရသည်။ အကြောင်းပြချက်မှာ ဦးတင်ဦးနှင့် ဦးဘိုနီတို့၏ ဇနီးတို့သည် အသီးသီး အဂတိလိုက်စားမှုကြောင့်ဟု သိရ၏။ အဂတိလိုက်စားမှုဖြင့် စွဲချက်တင်မည်ဆိုလျှင် မြန်မာပြည်ရှိ မည်သည့်ဝန်ကြီးကိုမဆို စွဲချက်တင်နိုင်သည်။ ရိုးဖြောင့်သောသတင်းလွှာနေ၏ မေလ ၂၃ ရက်နေ့က ပေးပို့ခဲ့သည့်သဝဏ်လွှာ ယင်းအချိန်ကို ဦးနေဝင်းကိုယ်တိုင် ဆုံးခဲ့သည်ဟုပါရှိသည်။ ဦးတင်ဦးနှင့် ဦးဘိုနီတို့ နှစ်ယောက်စလုံးကို အကျဉ်းချပြီး ထောင်ချခဲ့သည့်သာမက စစ်ထောက်လှမ်းရေးအဖွဲ့ တစ်ခုလုံးကိုလည်း ဖြုတ်ထုတ်ပြောင်းကာ အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ထိုအချိန်က ပြောစကားများအရ MIS သူလျှိုသည် စိတ်အေးလက်အေး မနေနိုင်လောက်အောင် အရှိန်အဝါ ကြီးမားလာကြပြီး နိုင်ငံ့အာဏာကို စွမ်းကုန်ရယူလုနီးပါး ဖြစ်ခဲ့၍ သူ့စိတ်ကြိုက် စုဝေးထားကာ လက်သင့်မှုထားသော အသိုင်းအဝိုင်းသည် ပတ်လည်ရှိနေသူများ အတွက် အန္တရာယ်ဖြစ်လာခဲ့ခြင်းကြောင့် ပြန်လည်ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ အခြားအကြောင်းပြချက် တစ်ခုမှာ ဗွားဟင်းသည် သူနှင့် သူ့မဖုရားကိုအကြား၌ တစ်စုံတစ်ဦး ဝင်ရောက်လာမှုကို လိုလားမှု မရှိသောကြောင့်ဟု ဆိုသည်။ နံပါတ်တစ်နွဲ့ဟု လူအများကခေါ်နေကြသော MIS တင်ဦး ရှိနေသည်ကို စွန့်ပစ်ဖြင့် လက်မခံနိုင်ချေ။

MIS များကို ရှင်းလင်းလိုက်ခြင်းကြောင့် နိုင်ငံ့လုံခြုံရေး ထိခိုက်ခဲ့ရသည်။ အောက်တိုဘာလ ၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ဗုံးကြီးတစ်လုံးပေါက်ကွဲ၍ ဒုန်းလုပ်သွားကြသည်။ အလည်အပတ် ရောက်ရှိနေသည့် တောင်ကိုရီးယားအစိုးရအဖွဲ့ဝင် ဝန်ကြီး ၄ ဦး အပါအဝင် လူ ၂၁ ဦး သေဆုံးခဲ့သည်။ မြောက်ကိုရီးယားစစ်အရာရှိ ၂ ဦးဖြစ်သူ ဗိုလ်မှူး ချင်မီနှင့် ဗိုလ်ကြီးကန်မင်ချိုးတို့ကို ဗုံးထောင်မှုဖြင့် ဖမ်းဆီးမိပြီး တတိယမြောက်ဖြစ်သူ ဗိုလ်ကြီး ဇင်ကိုချိုးမှာ မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန် ပစ်ခတ်ရာတွင် သေဆုံးသွားခဲ့သည်။ ဖမ်းဆီးမိသူနှစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာ ရခဲ့သည်။ ကန်မင်ချိုးသည် အရာရှိများက ဖမ်းဆီးခဲ့စဉ် လက်ပစ်ဗုံးပေါက်ကွဲ၍ ခံခဲ့ရသောကြောင့် လက်တစ်ဖက်ပြတ်သွားပြီး

ရဲကာပ်သား ၃ ဦးလည်း သေဆုံးခဲ့သည်။ မြောက်ကိုရီးယားတို့၏ မိတ်ဆွေဘဝကို များစွာ တန်ဖိုးထားခဲ့သည့် ဦးနေဝင်းသည် ဒေါသအမျက်ချောင်းချောင်းထွက်ကာ မြောက်ကိုရီးယား အား ကောက်ကျစ်စဉ်းလဲသူဟု စွပ်စွဲခဲ့ပြီး မြန်မာပြည်ရှိ မြောက်ကိုရီးယားနိုင်ငံသား အားလုံးကို နှင်ထုတ်ခဲ့သည့်အပြင် သံတမန် အဆက်အသွယ်ကိုလည်း ဖြတ်တောက် ပစ်ခဲ့သည်။

ထိုအချိန်၌ ဝေဖန်သူများက MI5 ထင်ဦးသကျိုးနေခဲ့ပါမူ ယင်းဗုံးပေါက်ကွဲမှု ဖြစ်ပေါ်မည်မဟုတ်ဟု ယူဆကြသည်။ ဤသို့ဖြင့် ထောက်လှမ်းရေးယန္တရားသည် ယခင်ကကဲ့သို့ မဟုတ်တော့ဘဲ ဆုတ်ယုတ်ကျဆင်းလာသည်ကို ညွှန်ပြနေသည်။ ၁၉၈၃ ခုနှစ်တွင် ဗိုလ်မှူးကြီးခင်ညွန့်အား မဟာထောက်လှမ်းရေးဦးစီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ မကြာမီ သူ၏ အာဏာလွှမ်းမိုးမှုနှင့် ထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူးရုံးသည် ယခင်ကထက်ပို၍ အစည်းအလုံးကောင်းလာသကဲ့သို့ အရည်အသွေးလည်း ပိုမိုမြင့်တက်လာခဲ့သည်။ ဗိုလ်မှူးချုပ် ခင်ညွန့်မှာ ထောက်လှမ်းရေးပင်ကိုယ်နှင့် အမျိုးအမည်ဖြင့် တူသည်ဟု ဆိုရမည်။ သူသည် ငယ်ရွယ်ပြီး အခေါ်အခေါ်ထက်ပြင်းပြသော အာဏာရှင်အမိုးကြီးက လိုအပ်သည်ဟု ယူဆသည့် အမိုးနိုးအခါတိုင်း ဖယ်ရှားပစ်ရန် ရက်စက်ကြမ်းကြုတ်နိုင်သူလည်း ဖြစ်သည်။

* * *

ဝိပါဝင်ဖားန်စောင်းသည် လူ့ယုံနှင့် စိတ်ပိုင်းနိုင်ငံရေးသမားပြီး နယ်ပယ်ဆောင် ထောက်လှမ်းရာများဖြင့်သာ အချိန်ကုန်ဆုံးနေသလောက်သည်။ ၁၉၆၂ ခုနှစ်က အာဏာသိမ်းပြီး နောက် ပြုလုပ်ခဲ့သော ထောက်လှမ်းရေးဖိနှိပ်မှုများအနက် အကြီးမားဆုံးသော စစ်ဆင်နွှဲကြီးကို ၁၉၈၈ ခုနှစ်တွင် ပြုလုပ်လာခဲ့သည်။ သူ့ရွေးကောက်ခံအုပ်ချုပ်ရန် အတွက် ကိုယ်ပိုင်ဒီမိုကရေစီကို သမိုင်းဝင် မျှော်ကိုးဒီမိုကရေစီအနက်၌ တည်ဆောက်ကာ ပေးအပ်မည့် ဒီမိုကရေစီကြီးပေး၍ အမည်ပေးခဲ့သည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ထိုင်းမိန့်ခွန်းတွင် ဤသို့ဆက်ခဲ့သည်။

"ဒီမိုကရေစီတွင် မြန်မာလူမျိုးတိုင်းသည် သူ၏သဘောထားအမြင်ကို ဝေဖန်ပေါင်းများစွာ တည်ဆောက်သူ ဖော်ပြခြင်းမှာ သူ၏ဘာသာစကား၌ မြေ့သမျှ အကြံဉာဏ်များကို ချေဖျက်ပေးမည်။ ဦးနေဝင်း ဒီမိုကရေစီသည် သည်ဒေသမှာ လိုသလောက်တိုင်း ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ဆင်ခြင်ဖို့မှား ရည်ရွယ်ချက်ဖြင့် ဘည်ခြင်းဖြစ်ပြီး အလုပ်ကြိုးနိုင်သည်မှာ သိသာလှသည်။

မြန်မာပြည်၏ သတင်းစာများ၌ ရည်ညွှန်းသော အရှေ့ရှင်မာရင်းကို ဖော်ပြချက်ချ် ခဲဟ်သည်၊ ဆောင်းကြည့်ခြင်းမှာ အေးဆွေးငြိမ်းလှသည်ဖြစ်ရာ ထိုးထောက်မှ ပေါ်သော ရွေ့ရှားချက်ကို ဒေသီမပြိုးမိကာ၊ စနစ်ပိုင်းများတွင် တင်ခဲ့ကြရသည်။ စင်းစစ် ထိုးဆော်လင်ဖြင့်မှာ နောက်ဆုံးအဆင့်ဖြစ်၍ ဆယ်ဒီသည်ထောက်ခြင်းအမှု ပြီးလုနီးပါး ဖြစ်ပြီဟု အလုပ်သမားများက ဦးနေဝင်းကို ဖျောင်းဖျနိုင်ခဲ့ကြသေးသည်။ သို့သော် မြန်မာများမှာ အစစအရာရာကို သက်တံ့နမိတ်ဖတ်ကာ ကြည့်တတ်ကြသရာ ဤသို့ ကျင်းသမျှသည့် (ဘုရားမပြီးမီထီးတင်ခြင်း) လုပ်ရပ်သည် မြန်မာပြည်၏ ဝမ်းနည်းစရာ အပြင်းထန်ဆုံး မှုကို ဖော်ပြနေကြောင်း မှတ်ယူကြသည်။

မျက်မှောက်လောကီရေးရာတွင် မြန်မာပြည်၏ စီးပွားရေးသည် ၂၅ နှစ်တာ ကာလပတ်လုံး ဥပေက္ခာပြုထားခြင်း စီမံခန့်ခွဲမှုမှားယွင်းခြင်းတို့ကြောင့် လုံးဝ ချွတ်ခြုံကျခဲ့ရသည်။ ဤသို့ဖြင့် မြန်မာပြည်သည် မလွဲမရှောင်သာတော့ဘဲ ကုလသမဂ္ဂ အထောက်အပံ့ပြုသော ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး နိုင်ငံအဖြစ် သတ်မှတ်ပေးပါရန် လျှောက်ထားရတော့သည်။ သို့မှသာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၅၀၀ ရှိသော နိုင်ငံခြားကြွေးမြီများ၏ဖိစီးမှုဒဏ်မှ သက်သာရာရမည်ဖြစ်သည်။ ယင်းအချိန်၌ နိုင်ငံခြားငွေမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၀ – ၃၀ မျှသာရှိတော့သည်။ အကြွေးမှာ နိုင်ငံထုတ်ကုန်၏ ၅၀ ရာခိုင်နှုန်းကျော် သည့်အပြင် တဖြေးဖြေးမြင့်မားလာသည်။

ဆန်ချို့တဲ့မှုကို ကာမိစေရန်နှင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် အစိုးရသည် စပါးအထွက်တိုးအောင် ကြိုးစာပြီး လယ်သမားများထံမှ စပါးကို သတ်မှတ်ထားသည့်ဈေးနှုန်းဖြင့် တိုး၍ဝယ်ယူခဲ့သည်။ ယင်းသတ်မှတ်ထားသောဈေးနှုန်းမှာ အပြင်ပေါက်ဈေးထက် များစွာနည်းပါးသည်။ ၁၉၈၆ ၈၇ နှစ်များတွင် မြန်မာနိုင်ငံ၏ စပါးကျီဖြစ်သော ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ လယ်သမားများသည် သေနတ်ပြောင်းဝ အောက်တွင် စပါးစိုက်ပျိုးခဲ့ရသည်။ ရန်ကုန်မြို့မြောက်ဘက်ရှိ ဒိုက်ဦးမြို့တွင် အစိုးရအမှုထမ်း ၄ ဦးအား ဒေါသထွက်နေသော လူအုပ်ကြီးက သတ်ဖြတ်လိုက်ကြသည်။ မြို့တော်၏အရှေ့တောင်ဘက်ရှိ ကျောက်တန်းမြို့တွင်လည်း အမျက်ထွက်နေကြသည့် လယ်သမားများက နိုင်ငံတော်ကောင်စီဝင်တဦး၏ ဖခင် ပိုင်ဆိုင်သည့် ဆန်စက်တလုံးကို မီးရှို့လိုက်ကြသည်။

၁၉၈၇ ခု ဇူလိုင်လ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့တဝှမ်း၌ လက်ဘက်ရည်နှင့် ကိတ်မုန့်ဆိုင်များ ဖွင့်၍ အောင်မြင်မှုရနေသော ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးသည် ဦးနေဝင်းထံ အိတ်ဖွင့်ပေးစာတစောင် ပေးပို့ခဲ့သည်။ ဦးအောင်ကြီးသည် အဆိုပါစာ၌ ဥက္ကဋ္ဌကြီးအား ၁၉၆၇ ခုနှစ် ဆန်ပြဿနာ အဓိကရုဏ်းများကို ပြန်ပြောင်းသတိရစေပြီး လက်ရှိအခြေအနေကို မဖြေရှင်းပေးနိုင်လျှင် အဓိကရုဏ်းများ နောက်တကြိမ် ဖြစ်ပွားနိုင်ကြောင်း သတိပေးခဲ့သည်။ မြန်မာစစ်တပ်သည် ၁၉၈၇ ခုနှစ်တွင် တပ်မ ၂၂ ကို ဖွဲ့စည်းခဲ့သည်မှာ မြို့ပေါ်၌ဆူပူမှု ဖြစ်ပွားလာမည်ကို ကြိုခန့်မှန်းထားခြင်းကြောင့် ဖြစ်နိုင်သည်။ ထိုတပ်မကို ဖါးအံမြို့တွင် တပ်စွဲထားသော်လည်း အရေးပေါ်ကိစ္စများ၌ ဗဟိုလုံခြုံရေး တာဝန်များအတွက် အထူးလေ့ကျင့်ပေးထားသည်။

ဦးအောင်ကြီး၏ စာများသည် အကျိုးသက်ရောက်မှုရှိသည်ဟု ဆိုရမည်။ ဩဂုတ်လ ၁၀ ရက်နေ့တွင် ဦးနေဝင်းသည် ရေဒီယိုမိန့်ခွန်းတခုကို ပြောကြားခဲ့သည်။ ၂၅ နှစ်တိုင် လျှောက်လှမ်းခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်၌ လုပ်နည်းလုပ်ဟန်များ မှားယွင်းသည်ထက် အခြေခံလမ်းစဉ်ကိုယ်၌က ချို့ယွင်းချက်များ၊ ဟာကွက်များ ရှိကောင်းရှိမည်ဟု ဝန်ခံခဲ့သည်။ သူသည် လက်ရှိစနစ်၏ ဆိုးရွားမှုများ၊ ချို့တဲ့မှုများကို ပြောကြားကာ "ကျွန်တော်တို့ဟာ ပြောင်းလဲနေတဲ့ အချိန်ကာလနဲ့အညီ လိုက်လျောညီထွေအောင် လုပ်ကိုင်ကြရမှာဖြစ်တယ်။ ပြောင်းသင့်တာကိုလည်း ပြောင်းရပါမယ်"ဟု ထပ်ဆင့်ပြောကြားခဲ့သည်။

စက်တင်ဘာလ ၁ ရက်နေ့၌ အစိုးရသည် ဆန်၊ ပြောင်းနှင့် ပဲအမျိုးမျိုး ရောင်းဝယ်မှု ကန့်သတ်ချက်များကို ရုပ်သိမ်းခဲ့သည်။ ပြည်သူတို့အနေနှင့် ယင်းသီးနှံများကို လွတ်လွပ်စွာ ရောင်းဝယ်ခွင့်၊ ကြိတ်ခွဲခွင့်၊ သိုလှောင်ခွင့်နှင့် သယ်ယူခွင့်များရခဲ့သည်။ ပွဲလိုက်ကုန်သည်များမှာ ၎င်းတို့ဘဏ်မှ ငွေများစွာထုတ်ယူကြပြီး ရိတ်သိမ်းစပါးများကို

အလုအယက် ဝယ်ယူကြသည်။ ထို့နောက် ၄ ရက်အကြာတွင် မြန်မာ့အသံမှ နိုင်ငံ၏ အကြီးဆုံး ငွေစက္ကူများဖြစ်သော ၂၅ ကျပ်တန်၊ ၃၅ ကျပ်တန်နှင့် ၇၅ ကျပ်တန်တို့ကို မည်သို့သော အကြောင်းပြချက်မျှမပေးဘဲ ၊ တရားမဝင်ငွေအဖြစ် ကြေညာခဲ့သည်၊ ဤသည်မှာ သူတို့၏ ဆိုးရွားသော နိုင်ငံရေးလှည့်ကွက် တခုပင်ဖြစ်သည်။

ထိုအချိန်၌ ကျောင်းသားများ နှစ်လည်စာကျက်ချိန်ဖြစ်၍ ကျောင်းဆောင်များ ပေးသွင်းရသော အချိန်နှင့် အတန်းတင်စာမေးပွဲများ နီးကပ်သော အချိန်ဖြစ်နေသည်။ ကြေညာပြီး မိနစ်အနည်းငယ်အတွင်း၌ ကြို့ကုန်းရှိ စက်မှုတက္ကသိုလ်မှ ဆော်အပေါက်ကို နေသော ကျောင်းသား ၃၀၀ ခန့်သည် အကျင်းဝင်းအတွင်းမှ ပြည်လမ်းမကြီးပေါ်သို့ မုန်တိုင်းသဖွယ်ရောက်ရှိလာကာ လမ်းဆီး၊ မီးပွိုင့်များကို ရိုက်ခွဲဖျက်ဆီးနှင့် အစိုးရကားများကို မီးရှို့ခြင်းများ ပြုလုပ်ကြတော့သည်၊ နာရီအနည်းငယ် အတွင်း၌ ရုံးမှုများ ပြီးဆုံးသွားခဲ့သည်။ သို့သော် အစိုးရမှာ တုန်လှုပ်ချောက်ချားသွားခဲ့သည်။ ၁၉၇၄ ခုနှစ် နောက်ပိုင်း၌ ကျောင်းသားများသည် အစိုးရအား ဆန့်ကျင်ဆန္ဒပြခြင်း မရှိခဲ့ပေ။ ယခု အစိုးရ၏ ကျောင်းသားများအပေါ် တုံ့ပြန်ချက်မှာ တက္ကသိုလ်နှင့် ကောလိပ်များကို ပိတ်လိုက်ခြင်းပင် ဖြစ်သည်။ နယ်မှကျောင်းသားများကို ကားစီစဉ်ပေး၍ နေရပ်သို့ ပြန်ပို့ပေးခဲ့သည်။ သတင်းကြားသိပြီးသော နယ်မှဒေသခံလူများက ကျောင်းသားများအား သတ္တိခဲများအဖြစ် ကြိုဆိုခဲ့ကြသည်။

စက်တင်ဘာလ၏ ကိုးထောင်းလေသော အဓိကရုဏ်း ပြီးဆုံးပြီးနောက် အစိုးရက ငွေစက္ကူများ ထပ်မံ ကြေညာခြင်းမှာ ဘောင်းကျိုးသူများနှင့် မှောင်ခိုသမားများအား ပစ်မှတ်ထား၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ကြေညာသော်လည်း ယင်းကြေညာချက်ကို ယုံကြည်လက်ခံနိုင်သူ နည်းလှသည်ဟု လက်မခံကြပေ။

မြန်မာပြည်၏ သူဌေးများမှာ နယ်စပ်ကုန်သွယ်မှုတွင် ရှိနေပြီး ၎င်းတို့၏ သတ္တုကို ထိုင်း ဘတ်ငွေ၊ တရုတ်ငွေ ဒေါ်လာတို့ဖြင့် ထားရှိကြသောကြောင့် ခုနစ်ပိသမားများက အသိနှင့်ကြသော်လည်း ငွေစက္ကူဖျက်သိမ်းသည်၊ နှစ်ကြိမ်ခံခဲ့ကြရ၍ အရောင်းအဝယ် ပြုလုပ်ခြင်းမှ အစုံးအပေါ်ရှိသည့်ငွေများ ဖြန့်ပေးရမည်ဖြစ်သည်။ ပြည်သူများမှာ အထိနာဆုံး ဖြစ်ပြီး သူတို့၏ စုဆောင်းငွေများ လုံးဝဆုံးရှုံးသွားသည်။ အစိုးရ ဝေးလံသော ဒေသရှိ ရပ်ရွာများမှ ငွေစက္ကူများ ၆၀ - ၈၀ ရာခိုင်နှုန်းမှာ တန်ဖိုးမဲ့ဘဝ ရောက်သွားသည်။

ဥပမာ ၄၅ ကျပ်တန်နှင့် ၉၀ ကျပ်တန် ငွေစက္ကူများ ထုတ်ဝေခြင်းမှာ အစိုးရ၏ ဖြတ်ချက်နှင့် ဗိုလ်ချုပ်နေဝင်း၏ အယူသည်းမှု ကြောင့် ဖြစ်သည်။ ၎င်းတို့ကို ၁၉၈၅ ခုနှစ်နှင့် ၁၉၈၆ ခုနှစ်တို့တွင် ရှုတ်တရက် ငွေစက္ကူကောင်းများအဖြစ် ထုတ်ဝေခဲ့ခြင်း ဖြစ်သည်၊ ဤမျှ ကိန်းဂဏန်းကြီးသော ၄၅ ကျပ်တန်နှင့် ၉၀ ကျပ်တန်ငွေစက္ကူတို့ကို အသုံးပြုလိုက်သည်။ ၎င်းတို့ ထုတ်ဝေမှု အကြောင်းရင်းမှာ ဦးနေဝင်း၏ ကံအကျိုးပေးသည့် ဂဏန်းမှာ ကိုးတည်း ဖြစ်သည်ဟု သူ့ဗေဒင်ဆရာက ဆိုထားသည်။ ဂဏန်းနှစ်ခုလုံးကို ပေါင်းလိုက်ပါက (၄+၅=၉ ၉+၀=၉) ကိုး ရသည့်အတွက် ဖြစ်သည်။

ဤသို့အားဖြင့် ၁၉၈၇ ခုနှစ်ကုန်ပိုင်း၌ မြန်မာပြည်တွင်း၌ အထွေထွေ မပြင်းမှုတို့ ပေါ်ထွက်နေသည်မှာ အံ့သြစရာမဟုတ်ပေ။ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံး တိုင်းပြည် အဆင့်ကို ကျရောက်ထားခဲ့ခြင်းမှာ တိုင်းပြည်နှင့် လူမျိုးအား အကြီးအကျယ်သည်သာမက

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ၂၆ နှစ်ကြာကာလတိုင်အောင် ကျဆုံးမှုကိုကိုလည်း ဝန်ခံလိုက်ခြင်း ဖြစ်သည်။ မြန်မာပြည်သည် သယံဇာတပေါကြွယ်ဝသော တိုင်းပြည်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်ကဲ့သို့ ပလိုင်းပေါက် လည်းမဟုတ်၊ ကီးနီးယားကဲ့ သဲကန္တာရနိုင်ငံကဲ့သို့ ဆေးဝယ်ကျဉ်းမြောင်းသော မင်းလယ်ကျွန်းဖိုဒင် လူဦးရေပေါက်၊ ငြိမ်းဝယ်ပုဒ်ဖြစ်သော မြို့ပိုးကျိုးတက်မှုအခန့်သုံးဆုံးနိုင်ငံဖွံ့ကို ဆင်ယင်ထားသည့် အခြား စည်သည့်တိုင်းပြည်နှင့်မှ မတူပေ။

အောက်တိုဘာလ ၂၆ ရက်နေ့တွင် ကျောင်းများ တက္ကသိုလ်များကို ပြန်လည်ဖွင့်လှစ်ပြီး ဖေဖော်ဝါရီ ရန်ကုန်၊ မန္တလေးနှင့် တခြားမြို့များရှိ မြေအောက်အကျဉ်းသား အဖွဲ့အစည်းများ စတင်လှုပ်ရှား လာခဲ့သည်။ နိဝင်ဘာလအစောပိုင်းတွင် ရှိနိုင်ပြည်နယ်၊ မြို့တော်စစ်တွေ၌ ကျောင်းသားများသည် အစိုးရဆန့်ကျင်ရေးကြွေးကြော်သံများဖြင့် ဆန္ဒပြခဲ့ကြသည်။ ၇ ရက်နေ့တွင် မြန်မာပြည်အလယ်ပိုင်း ပျဉ်းမနားရှိ မရမ်းကုန်းမြို့နယ် တက္ကသိုလ် ကျောင်းသားများသည် အမျိုးသားဆန့်ကျင်ဆန္ဒပြလာ တက္ကသိုလ်ရုံးခန်းများကို ဦးနေဝင်း၏ ဓါတ်ပုံများကို ဖြုတ်ချပြီး ကြမ်းပြင်ပေါ်တွင် ပစ်ပေါက် ရိုက်ခွဲကြသည်။ ရန်ကုန်မြို့တွင် ဟိုမှသည်မှ ဆံုးမပါက်ပွဲသံများ ကြားရသည်။ ပစ်မှတ်မှာ ရုပ်ရှင်ရုံများ ဖြစ်ပြီး သူပြည်ထွက်ကောင်းသည်မှာ ဖြည်လမ်းရှိ ရုပ်ရှင်ရုံတိုက်ကြီးပေါ်သို့ ပစ်ခံလိုက်ရခြင်း ဖြစ်သည်။

ပြည်ပတိုင်းပြည်ရှိ အထားဘောက်မြန်မာပျူပါသော ခုနစ်ပေါင်းများစွာသော အချိန်ကာတွင်း ရုန်းကြွရန် ပေးအပ်ခဲ့သော ကြိုးစားလာခဲ့ပြီ၊ ဗြိတိန်၊ သြစတြေးလျ၊ အမေရိကန်ပြည်ထောင်စုများသို့ ရောက်ရှိနေသော မြန်မာများသည် အဖြေကောက်ချက်ကရားများကို စောင့်ကြည့်သော မြန်မာပြည် ဒီမိုကရေစီပြန်လည်ထူထောင်ရေး ကော်မတီ (CRDB, Committee for Restoration of Democracy in Burma) ဟူ ခေါ်သော အဖွဲ့အစုံ့ကို ထူထောင်လိုက်ကြသည်။ ၁၉၈၇ ခုနှစ်တွင် သူတို့၏ ကိုယ်စားလှယ် တချို့သည် ထိုင်းနယ်စပ်သို့ ရောက်ရှိလာကြပြီး အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF, National Democratic Front) အဖွဲ့ဝင်များဖြစ်ကြသည့် ကရင်၊ မွန်၊ ရှမ်း၊ ကချင်နှင့် အခြားတိုင်းရင်းသား သောင်းကျန်းသူ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ကြသည်။

မသင့်လျော်သောအစိုးရ၏ နှစ်ပေါင်းများစွာ စီမံခန့်ခွဲမှု ဖြစ်စေမှုများသည် နေရာတိုင်း၌ပေါ်ထွက်ပြသလာခဲ့သည်။ တိုင်းသူပြည်သား မြန်မာပြည်သူများ ဆန့်ကျင်ခဲ့သည့် ၁၉၈၈ ပြည်သူ့အရေးအခင်းမျိုး နှစ်ပေါင်း ၅၀ အကြာတွင် ထပ်ပေါ်လာခဲ့ သည်။ အင်္ဂလိပ်အုပ်ချုပ်ခဲ့သော ကာလတွင် အာရှ၏ ထမင်းအိုးကြီးတစ်ခုအဖြစ် ဦးတည်ခဲ့သည်။ လက်ထက်ရှည်အောင် တိုက်ခိုက်ရသော အရေးအခင်းပြည်သူများ လှုပ်ရှားမှုကြီးကြောင့် ဖြစ်ပေါ်လာ ဆင်းရဲသော အခြေအနေမျိုး ဖြစ်နေတော့သည်။ ၁၉၈၈ ခုနှစ် ဇန်နဝါရီလတွင် မြန်မာတဦးက "ဒီအတိုင်းဆို တော့ ကြိုးစားပြီ၊ ဒါပေမဲ့ ပင်ဆာကိုတော့ အထင်းအစမှ ထိုင်ခိုင်းထားတယ်။ စောက်ကောင်းတွေကလည်း စာတမ်းပေါ်က ဆင်းပေးတို့ ငြင်းနေကြတယ်" ဟုရှု ကောက်ချက်ချခဲ့သည်။

# အခန်း (၃)

## ကလေးများ၏ ဒေါသမာန်

ငြိမ်သက်လှုပ်ရှားသော်လည်း တင်းမာလှသည့် အချိန်နှစ်ပတ် ပျော်မွေ့နိုင်ခဲ့ပြီးနောက် ကျောင်းများကို မေလ ၃၀ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ မိဘများက ဆူပူမှုများ ထပ်မံဖြစ်ပွားမည်ကို စိုးရိမ်၍ ကျောင်းသူကျောင်းသား များစွာမှာ အိမ်တွင်နေ နေခဲ့ကြပေသည်။ သို့သော် စာသင်ခန်းထဲသို့ ပြန်လာကြသော ကျောင်းသားများသည် လူနိုင်ခဲ့သော မက်လေကွင်း ပြိုကွဲခဲ့ရသည့် လှုပ်ရှားမှုကို ပြန်လည်အောက်မေ့ရန် မဆိုင်းမတွ စည်းရုံးလှုပ်ရှားလာကြသည်။ ဦးနေဝင်း တစ်ဦးတည်းသာလျှင် မည်သို့သော ပြောင်းလဲမှုမျိုးမှ မဖြစ်နိုင်ဟု ယုံကြည်လိုက်ရ၏။ သူသည် ဆယ်နှစ်ကျော်ကာလတာကြီး အုပ်ချုပ်ထားနိုင်ခဲ့သူ့ ပွဲမှာ ဖြစ်ပွားခဲ့ပြီးနောက် ဇွန်လ ၁၁ ရက်နေ့တွင် ဆေးတစ်ရုံနှင့် သူနှစ်သက်သောအပန်းဖြေစခန်းများတွင် အနားယူရန် ဆွေမျိုးဂုဏ်သိမ်းနှင့် ဆွစ်ဇာလန်နိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။ နိုင်ငံ၏ နေ့စဉ်အရေးကိစ္စများကို သူယုံကြည်စိတ်ချသော လက်ထောက်များထံ လွှဲအပ်ခဲ့သည်။ အထူးသဖြင့် သူ၏လက်သပ်မွေးတပည့်ဖြစ်သော အကြမ်းဖက်တာက ရာဇဝင်ပြီး ပြည်သူများ၏ ပါးသိုးသန်းမင်းဝင်းသူ ဦးစိန်လွင်၏ လက်ထဲတွင် ထိုးအပ်သွားခဲ့သည်။

ဇွန်လသ် အစောအစဉ်၌ ပါဝင်လှုပ်ရှားခဲ့သော ရန်ကုန်စက်မှုတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ် (ဂျင်မ)တို့မှ ကျောင်းသား ကျောင်းသူများသည် မင်းဝေ၏ ရက်စက် ကြမ်းကြုတ်မှုများကို သက်ရှိသက်သေဖြစ်သည်။ ရန်ကုန်မြို့ မြောက်ပိုင်းရှိ နာမည်ဆိုးလှသော အင်းစိန်ထောင်တွင် အမည်ခံနေကြရသူများအား တစ်လုံးတစ်ဆုံး ပြန်လွှတ်ပေး ပို့ကြသည့်အခါ သူတို့၏ ပြောပြချက်များကြောင့် အမျိုးသမီးပေါ် မုဒိမ်းမှုနှင့် ယောကျ်ားလေး လိင်မှုကျူးလွန်သည့် ပုံရိပ် ပေါက်ကွဲလာခဲ့သည်။ ထောင်မှ လွတ်လာသူများသည် ပယောင်းပြည့်မသေးသောသော ကျောင်းသားများအား ရိုက်နှက်ခြင်း၊ ဘွင်းနေမိန်နှိပ်စက်ခြင်း၊ လျှပ်စစ်ဓါတ်ပြင့်ထိုးခြင်း စသည့် ဘာသင်များကို အပြင်သို့ သယ်ဆောင်လာခဲ့သည်။ ကျောင်းသား ကြမ်းကြုတ်သော လုံထိန်းများက ဖမ်းဆီးထားသော ကျောင်းသူများအား အုပ်စုလိုက် မုဒိမ်းကျင့်သည့် အကြောင်းပုံ ထွက်သည်ကြောင့် ပြည်သူလူထုအား ကိုမိ ဒေါသထွက်စေခဲ့သည်။ ထို့အပြင် မတရားဖမ်းဆီးရသူများထဲတွင် ငိုယိုမျှော်ပြီး၏ သမီးလေးပင် ပါဝင်ခဲ့သည်ဟုဆိုသည်။ စစ်ကိုလ်၏ သမီး ပါမဟ်တို့ အဝင်အကျ မသိရသော်လည်း ထိုသတင်းမှာ ပြန့်နှံ့သွားပြီး ပြည်သူများ၏ ယုံကြည်ကြလေသည်။ ထမ်းအကျိုးမှု၏ သားသမီးများပါ မကျန် ဤသို့ သူစိမ်းတိဆိုးဝါးသော ရက်စက်မှုအတွက်မှ မကင်းလွတ်နိုင်ပါ လျှင် ကျွန်ုပ်တို့ မည်သူက ယုံကြည်အားထားနိုင်ပါ မည်နည်း။ ရက်စက် ကြမ်းကြုတ်မှုများပြည့်နေသော ဖက်လ ၇ ရက်တာကာလသည် အမျိုးသားတရုပ်လုံး၏

စိတ်ဓါတ်ကို ပြောင်းလဲသွားစေခဲ့ပြီ၊ ယခင်စိတ်ဓါတ်မျိုးသို့ မည်သည့်အခါမျှ ပြန်လည် ပြောင်းလဲလိမ့်မည် မဟုတ်သည်မှာ ထင်ရှားသေချာလှသည်။

"ကျွန်တော်တို့ကို အလျား ပေ ၅၀ နဲ့ အနံ ပေ ၂၀ လောက် အကျယ်ရှိတဲ့ အခန်းကြီး တခုထဲကို သွင်းထားတယ်။ ဒါပေမဲ့ လူ ၈၀၊ သုံးရာ လောက်ကို အဲဒီအခန်းထဲမှာ ထားတဲ့အတွက် ပြည့်ကြပ်နေတယ်၊ နေရာမဆန့်လို့ မတ်တတ်ရပ်နေရတယ်။ ညအိပ်လို့တောင် မရဘူး။ ညလုံးပေါက် မီးထွန်းထားတယ်။ ကျွန်တော်တို့အတွက် အိမ်သာအစား အခန်းထောင့်နေရာမှာ ဓါတ်ဆီပုံးပိုင်းတခုကို ချထားပေးတယ်" ဟု ဒီဇင်ဘာလ ၁၁ ရက်နေ့က အဖမ်းခံခဲ့ရသူ ယခုမိုင်အာမီကတက္ကသိုလ်ကျောင်းသား မောင်မောင်သွင်က ပြန်ပြောပြသည်။

မေးမြန်းစရာရှိသည့်ဆိုဟာ ကျောင်းသားတဦးစီအား အကြိမ်ပေါင်းများစွာ ခေါ်ယူခဲ့ကြသည်။ ၎င်းသော် 'မေးမြန်းစစ်ဆေးခြင်း' ဆိုသည်မှာ ရိုက်နှက်မေးမြန်းခြင်းများသာ ဖြစ်သည်၊ ကျောင်းသားများကို ချွန်ထက်သော ကျောက်စရစ်ခဲများပေါ်တွင် ဒူးထောက် ထိုင်နိုင်းခြင်း၊ ဟားပင်ကိုဓါတ်လျှပ်စီးခြင်း၊ မော်တော်ဆိုင်ကယ်စီးခြင်းဟု ခေါ်သည့် နည်းပရိယာယ်များကို အတင်းအကြပ်ပြုမူခိုင်းသည်။ ဤညှဉ်းပန်း နှိပ်စက်နည်းများကို ၁၉၇၀ ခုနှစ်များမှစပြီး ကျင့်သုံးလာခဲ့သည်၊

"သူတို့ အမှုအဆိုး မေးတဲ့မေးခွန်းတွေဟာ မင်းတို့ခေါင်းဆောင် ဘယ်သူလဲ၊ ဘယ်သူက စည်းရုံးနိုင်းတာလဲ၊ ဒါတွေသိ ထပ်ခါလဲလဲ မေးတယ်၊ ဒီမေးခွန်းတွေကို ကျွန်တော်တို့ မဖြေနိုင်ခဲ့ကြပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအရေးအခင်းက ခေါင်းဆောင် ဆိုတာ မရှိခဲ့ဘူး။ စည်းရုံးရေး သမားဆိုတာတွေလဲ မရှိခဲ့ဘူး။ အဆိုးဆုံးဟာ မကျေနပ်လို့ ဝုန်းဆို ရုတ်တရက်ထပြီး ဆန္ဒပြလာကြတာ၊ ခေါ်စစ်တိုင်း တနာရီခွဲလောက်ကြာအောင် ကျွန်တော့်နံရိုးတွေကို ဖိနပ်ကြီးနဲ့ မညှာတမ်းရိုက်တယ်။ ဒါပေမဲ့ ကျွန်တော် ဘာမှမသိတော့ သူတို့ကိုပြောပြစရာဆိုလို့ ဘာမှမရှိဘူး" ဟု မောင်မောင်သွင်က ပြန်ပြောပြသည်၊

မောင်မောင်သွင်သည် သူ့အားဖမ်းဆီးထိန်းသိမ်းထားခဲ့သော အမှုပိုင်ပြားသတ်ကွင်း မေသာမရလောက် ပယ်မှုခဲ့သော်လည်း၊ အခြားအချုပ်ကားထဲမှ ကျောင်းသား ၄၂ ဦးသည် အင်းစိန်ထောင်သို့ မျှော်ရပ်ထားသော အလုံပိတ်အချုပ်ကားထဲတွင် နာရီပေါင်းများစွာနေကြရပြီး အသက်ရှုကြပ်ကာ သေဆုံးသွားခဲ့ကြရသည်။ ဤသို့သေဆုံးကြသော ကျောင်းသားများ၏ ဖြစ်ရပ်သည် မဆလအုပ်ချုပ်မှုအောက်တွင် ၂၆ နှစ်ကြာ နေလာခဲ့ရသောပြည်သူတို့၏ ဘဝရုပ်ပုံလွှာကို ထင်ဟပ်ပေါ်လွင်စေခဲ့သည်။ ယင်းဖြစ်ရပ်ဆိုးကို "မတ်လအတွင်းက အချုပ်ကားထဲတွင် အသက်ရှုကြပ်၍ သေဆုံးရသော ဆန္ဒပြကျောင်းသားများ ကဲ့သို့ပင် မြန်မာနိုင်ငံသည်လည်း ရက်စက်ကြမ်းကြုတ်သူများ၏ အုပ်ချုပ်မှုအောက်တွင် တင်းကြပ်သည်ထက်တင်းကြပ်စွာ လည်ပင်း အညှစ်ခံနေရတော့သည်" ဟု အဝေးရောက် မြန်မာ စာရေးဆရာတဦးက ရေးသားဖော်ပြခဲ့သည်၊

အင်းလျားဆောင်၌ တခြားကျောင်းသားများနှင့် တနေ့တည်း အဖမ်းခံခဲ့ရသော ရန်နောင်သည် ရိုက်နှက်နှိပ်စက်ခြင်း ခံခဲ့ရသော်လည်း သူ၏ အချုပ်ခန်းအတွင်းမှ ရက်စက်မှုများကို မမြင်ချင်အဆုံး ဖြစ်ခဲ့ရသည်၊

"တခါတလေ အချုပ်ခန်းတံခါးပွင့်လာပြီး ပုလိပ်နှစ်ယောက်က သူငယ်မလေးကို ခေါင်းကိုင်ဆွဲပြီး အခန်းထဲ ပစ်သွင်းတတ်ကြတယ်။ သူတို့အားလုံးရဲ့ကိုယ်တွေမှာလည်း သွေးတွေရွှဲနေတာပဲ၊ တချို့ဆိုရင် သွေးချည်းဘဲ။ သတိမရဘဲ ပြန်မှိုလိုက်ကြတာတွေလည်း ရှိတယ်။ သေသေချာချာ မှတ်မိတဲ့ တယောက်ဆိုရင် ဆိုးဆိုးဝါးဝါး ရိုက်နှက်လိုက်လို့

ထောက်မပေးနိုင်ဘူး။ အိမ်ပြန်သွားဖို့တောင် ဖေပေါ်ဦးနိုင်ရဲ့ အဆန်းကောက်ကို ကျွန်တော်တို့ ကူညီပေးခဲ့ရတယ်”

ဟိုက်ဒရိတ်ဗုံးရှာသူများထဲမှ တဦးဖြစ်သူ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေး ဌာနမှ ကျောင်းသားမည်းနက်ခရစ်သမား အောင်ဝင်းက “ကျွန်တော်တို့ ခေါင်းဆောင်တွေ ဘယ်မှာလဲဆိုတာ မသိရဘူး၊ ကျွန်တော့်ကို ဥက္ကဋ္ဌတင်ဦး မနားတမ်းရိုက်နှက်ကြတယ်။ ကံကောင်း ချင်တော့ ရန်ကုန်မှာရှိတဲ့ ကျွန်တော့်ဆွေမျိုးတွေက ပုလိပ်တွေကို ငွေပေးလို့ တပတ်အကြာ မှာ ကျွန်တော်လွတ်လာခဲ့တယ်။ ထောင်ကလွတ်တော့ ရူးသွားမလားလို့ ကောင်းကောင်းနားတော့ မြန်ပြီးကျန်းမာလာအောင် ဆေးကုသဖို့ ဆွေမျိုးတွေဆီမှာ အကြာကြီး နေခဲ့ရတယ်”ဟု ပြောပြသည်။

မြန်မာစာအရေး ဒေါ်ကျင်ဦးဖြစ်သူ ဥမ္မာဒန္တီ မဂ်လာဂျာနယ်တွင် လုံထိန်းများ ပြောဆိုတွေ့ကြုံမှုများ သမ္ဗန္ဓနည်းပညာများအား ခင်ရောက်စိမ်းဆီးချိန် တွင် သတိလစ်သည်အထိ ရိုက်နှက်ခံခဲ့ရသည်။

“ကျွန်မ သတိရလာတော့ မြို့ထဲပေါက်မရှိတဲ့ အခန်းတခုထဲ ရောက်နေတာ တွေ့ရတယ်။ ဘာပြစ်မှုရှိတာဆိုတာ ပြောမပြခဲ့ဘူး။ အခန်းထဲမှာ ပုလိပ်ဝတ်စုံ ဝတ်ထားတဲ့ အရာရှိကတ္တိုးရှိနေပြီး ကျွန်မကို အားပေးစကားမှ မပြောကြဘူး။ ပြီးတော့ ကျွန်မကို ချည်နှောင်ထားတဲ့ ခုနစ်ရက်တာကို မသိသွားပြီး မိုင်းမုန်တိုင်းကျခံကြတယ်။ ပေါင်မုန့် အရောက်ဘာကျွေးတယ်။ နောက်တော့ ပလင်တွေကကျွေးတယ်၊ အဲဒီနောက်မှာ ကျွန်မ သတိလစ်သွားခဲ့တယ်။ သတိရလာတဲ့အခါ ဆေးရုံခန်းထဲရောက်နေ။ ကျွန်မကို စမ်းသပ် စစ်ဆေးနေတယ်။ ဝါဒီဖြူးလောက်ဖြစ်သူအမျိုးသမီးလည်း ကျွန်မလိုပဲ မဒိန်းကျင့်ခံခဲ့ရတယ် ဆိုတာ သိခဲ့ရတယ်။ ဟာချို့ဆို ကိုယ်ဝန်ကိုယ်နဲ့ ထောင်ထဲနေခဲ့ကြတယ်”

* * *

ရှစ်လေးလုံးအရေးတော်ပုံ မဂ်လာအဖွဲ့ပြုမှုများ၌ ဖြစ်ပွားခဲ့သော ရက်စက်ကြမ်းကြုတ်မှုများ အပေါ် ထင်ရှားသည့်မြန်မာလူမျိုး ကာလီသားဝေးတက်နှ မပေါ်မနက်ခဲ့ကြပေ၊ ရန်ကုန်ရှိ သံအမတ် အသိုင်းအဝိုင်းတွင် မင်းကြောက်စက်တွယ် သတင်းများသည် လုံးဝမပြန်နိုင်ဟု ပြောဆိုနေကြသည်။ မောင်ခန်းမင်း ဆလွတ်ဆွေမူကိုယ်တိုင် စိမ်းရင့် မဂ်လာတွင် ဖော်ပြခဲ့သော စစ်ထမ်းစစ်ဆေးရေးကော်မရှင်သည် အစီရင်ခံစာကို မေလပထမပတ်၌ ကောင်းသွင်းခဲ့သည်။ ယင်းအစီရင်ခံစာ၌ မဂ်လာအတွင်းက ဖြစ်ပျက်ခဲ့သော အရေးအခင်းကို အမှန်အတိုင်းမဟုတ်ဘဲ ပြင်ဆင်ဖြည့်စွက်၍ ဖော်ပြခဲ့သည်။

ယင်းအစီရင်ခံစာတွင် ဖြစ်ပျက်ခဲ့ရသော အရေးအခင်း၌ ဆူပူသောင်းကျန်းမှုကို ဖန်တီးလိုသော ကျောင်းသားအချို့၏ ပျားပိုးအောင်းတွန်းဆောင်မှုကြောင့် ထိန်းမှုလိုက် ရောက်နေသော ပုလိပ်ကတွက်ကို အပြစ်ပုံချထားသည်၊ ဖမ်းဆီးမှုနှင့်ပတ်သက်၍ မောင်မိုးနိုင်တို့သည် ဆောက်တည်ဖောက်ကျူးသူများဖြစ်ရ၍ သေဆုံးခဲ့ကြကြောင်း၊ ဖမ်းဆီးခံရသူ ၆၂ ဦးရှိသည့်အနက် ထောင်ထဲတွင် ၁၄၁ ဦးသာ ကျန်တော့ကြောင်း၊ အထိအနာဆုံး ခံရသူများမှာ လုံထိန်းများ ဖြစ်ကြောင်း၊ ဆူပူလိုသော ကျောင်းသားများ၏ အုတ်ခဲခဲတိုးမှုကြောင့် ပုလိပ် ၂၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း စသည်ဖြင့် အစီရင်ခံထားသည်။ ထုံးစံအတိုင်းအစိုးရကော်မရှင်၏ အစီရင်ခံစာသည် ပြည်သူများ၏ စောက်ဝင်ဆောင်နေသော စေ့ဆော်မှုကို ချုပ်ငြိမ်းစေမည့်အစား မီးလောင်ရာလေပင့်ပေးလိုက်သကဲ့သို့ ဖြစ်နေစေတော့သည်။ နိုင်ငံ၏ဘာရေးရေးရာဌာနအပေါ်

ပြည်သူများ၏ ယုံကြည်ကိုးစားမှုအကြွင်းအကျန်တို့သည် မလေနှင်းစော ပျောက်ကွယ် သွားလေတော့သည်။

ပထမနှစ်မှ ထုတ်ပယ်ခြင်းခံခဲ့ရသော ဗိုလ်မှူးချုပ်ဟောင်း ဦးအောင်ကြီးသည် ၁၉၈၇ ခုနှစ် နှောင်းလအတွင်းက မြန်မာပြည်၏ စီးပွားရေးပြဿနာဆိုးများအကြောင်း ရေးသားခဲ့သော အိပ်ဖွင့်ပေးစာတစောင်ကို ဦးနေဝင်းထံပို့ခဲ့သည်။ ၁၉၈၈ ခုနှစ် မွန်လ ၈ ရက်နေ့တွင် ထိုမင်းလှုပ်ပြုဖြစ်သောသည်။ အာဏာကို ၁၃း၀ ချုပ်ကိုင်ထားနိုင်သေးသော ဦးနေဝင်းထံသို့ အိပ်ဖွင့်ပေးစာတစောင်ကို ထပ်မံ၍ ရေးသားပေးပို့ခဲ့ပြန်သည်။ ထိုအိပ်ဖွင့်ပေးစာကို ရန်ကုန်မြို့တွင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေကြပြီး၊ အထက်မြန်မာပြည်သို့လည်း အတော်များများ ပေးပို့ခဲ့ကြသည်၊ အရေးပါအရာရောက်သော မှတ်လိုက်တိုးတဦးက လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပထမဆုံးအကြိမ် ဆန့်ကျင်ဖော်ထုတ်လိုက်ခြင်းပင် ဖြစ်သည်။ ၎င်းသည် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာကို ယထိပြတ် ပယ်ချပြီးတော့သည်၊ ဤသို့သော အစီရင်ခံစာမျိုးကို ထုတ်ပြန်ခြင်းသည် အစိုးရအနေနှင့် မပြုလုပ်သင့်သည်ကို ပြုလုပ်ခြင်းပင်ဖြစ်သည်ဟု ရေးသားခဲ့သည်၊ သူသည် မတ်လ ၁၆ ရက်နေ့ မှိုင်း ဖြစ်ပွားခဲ့သော တံတားဖြူအရေးအခင်းကို အသေးစိတ်ဖော်ပြခဲ့သည်။ ပုလိပ်များ၏ အစီအစဉ်မှာ အင်းလျားကန်တောင်တွင် ကျောင်းသားများကို ချောင်ပိတ်ပြီး အသေသတ်ရန်ဖြစ်သည်။ ထွက်သွယ်စရာလမ်းမရှိသည့် "ပေါင်းကိုရိုက်၊ အားနဲ့ရိုက်၊ ဓါးဒါးများများ မှန်နိုင်တဲ့သူကို ဆုချမယ်" ဟူသော အမိန့်ပေးသံများ ကြားခဲ့ရသည်ဟု ဆိုသည်။ လုံထိန်းများသည် ဆန္ဒပြကျောင်းသားများအား ဆဲဆိုကြိမ်းမောင်းပြီး ကျောင်းသူများကို ရိုက်နှက်ကာ မုဒိန်းကျင့်ခဲ့ကြသည်။ မိန်းကလေးများမှာ ရက်လွန်းလှပြီး ပင့်သို့ကိုမှ မပြေးနိုင်ကြဘဲ၊ ကာချို့မှာ လေးငါးရက်အမှ ချောင်းဆောင်းတောင်း ဖြစ်နေခဲ့ကြသည်၊ ကာချို့မှာ မည်သည့်အကြောင်းပြချက်မှ မရှိဘဲ သီလရှင်ဝတ်စုံဖြင့်ရန် မိဘများအား ငိုယိုပြီး တောင်းပန်ယာကြသည်။

မတ်လအတွင်း ပြည်သူ ၂၈၂ ဦးကို သုတ်သင်သတ်ဖြတ်ခဲ့သည်ဟု ဦးအောင်ကြီးက စွဲချက်တင် ထုတ်ဖော်ခဲ့သည်။ ထောင်တွင် လူများစွာ သေဆုံးခဲ့ကြပြီး ၁၈ ရက်နေ့တွင် အမင်္ဂလာ သူများအနေဖြင့် အများမှာ အိမ်ပြန်ခွင့်ပေး မူဆလင်များ ဖြစ်ကြသည်။ ထိုမူဆလင်များမှာ အင်းစိန်ထောင်ထဲတွင် အရိုက်ခံရပြီး သေဆုံးခဲ့ကြရသည်။ မူဆလင် အလောင်းများအား အစ္စလာမ်ဘာသာဓလေ့များနှင့် ယုံကြည်ချက်များကို ချိုးဖောက်ပြီး အာယာပိုင်များက မီးသင်္ဂြိုဟ်လိုက်ကြခြင်း ၎င်းတို့၏ မိဘဆွေမျိုးများ ကြားသိခဲ့ရသည့် အခါ၌ အရေးအခင်းပြဿနာများ ပေါ်ပေါက်လာတော့သည်။

ဦးအောင်ကြီးသည် ၁၉၈၇ ခုနှစ် ဩဂုတ်လနှင့် ၁၉၈၈ ခုနှစ် မွန်လ ၈ ရက်နေ့ အိပ်ဖွင့်ပေးစာများတွင် တိုင်းပြည်၏ ယိုယွင်းမှုများကို ဦးနေဝင်း အားမျက်မှောက်ပြုကာ အချိန်အခါကြိုကြိုက်တိုင်း အကြိမ်ကြိမ် ကြိုးစားခဲ့သည်။ သူ၏ပထမစာသည် ၁၉၈၇ ခုနှစ် ဩဂုတ်လတွင် အစိုးရအပြင်းအထန် မြှုပ်လာရန် ဦးနေဝင်းအား ဆွဲဆောင်နိုင်ခဲ့သည်ဟု ယုံကြည်ကြခြင်းကြောင့် ကျမ်းပြည်မှ အထူးကိုယ်စားလှယ်နှစ်ဦးဖြစ်သော ပါတီရုံးစာပေါ်နှင့် သိန်းခမ်းတိုက်က ရှင်းလင်းခဲ့ကြသည်။ ဦးအောင်ကြီးသည် မတ်လ ၇ ရက်နေ့တွင် ဦးနေဝင်းထံရေးသားခဲ့သောစာ၌ ထိုပုဂ္ဂိုလ်နှစ်ဦးသည် ကျမ်းပြည်၏ ဒုတိယဝန်ကြီးချုပ် လည်းဖြစ်၊ ဘဏ္ဍာရေးဝန်ကြီးလည်းဖြစ်သော ကော်ဆီရှီမီယာဇာဝါက ဦးလွှတ်လိုက်သူများ

ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ထိုဂျပန်နှစ်ဦးက သူ့အား အောက်ပါအတိုင်း ပြောပြခဲ့သည်ဟု ဆို၏။

“ဂျပန်ပြည်သည် မြန်မာပြည်အား စီးပွားရေးအကူအညီ၊ အပေးအယူပညာဆိုင်ရာ အကူအညီများ နှစ်ပေါင်းများစွာပေးလာခဲ့သော်လည်း ပေးသည့်ပမာဏနှင့်အညီ အောင်မြင်မှု မရှိခဲ့သောကြောင့် လက်ရှိမြန်မာအစိုးရအပေါ် သဘောထားပြောင်းလဲလာပြီ။ ဦးနေဝင်းသည် သူ၏အပေါင်းပါအဖွဲ့လုံးကို မပြောင်းလဲပေးပါမူ အကူအညီများကို ဖြတ်တောက်ရန် ဆုံးဖြတ်ထားကြောင်း၊ လွန်ခဲ့သောသည့်သတင်းများ အကြောင်းမှန်များကို ထိုက်ချုပ်ကြီးက သတင်းပေးမည့်သူဖြစ်၍ ဤသတင်းကို ဗိုလ်ချုပ်ကြီးအား ပြောပြပါရန် ဂျပန်နှစ်ဦးက လွန်ခဲ့သောအား မှာကြားခဲ့ခြင်းဖြစ်ကြောင်း” စသည်ဖြင့် ရေးသားထားသည်။ ဦးနေဝင်းက ပေးစာများလက်ခံရရှိကြောင်း၊ တာဝါမှမပြောသော်လည်း ဦးအောင်ကြီးသည် ဆက်ရေးခြင်း ရေးဖနခဲ့သည်။ မေလ ၉ ရက်နေ့တွင် ကာချုပ်မှာ ၄၀ ပ် သည့် ရင်မှုခွင့်ချက်များတွင် ၃ ပင်ယားကွာဆုံ ကာလမှစ၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းများနှင့် ပတ်သက်၍ သူနှင့် ဦးနေဝင်းတို့၏ အခန်းကဏ္ဍများကို ဖော်ပြ၍ အရေးကြီးကြ ဖော်ပြထားသည်။ သူက အမီးပေးမှားရေး စီမံကိန်းကြီးများကို ပစ်ပစ်ဒါဒါဖေမန်သည့်တိုင် မအောင်မြင် မှုများသည် ဆိုးဝါးသော အကျိုးဆက်များကြောင့်သာဖြစ်ကြောင်း ထောက်ပြထားသည်။ ထိုစာတမ်းများ၏ ဆိုလိုရင်းအချက်မှာ မြန်မာပြည်တွင် အဓိကအရေးပါ များပွင့်နေခဲ့ခြင်းမှာ ဦးနေဝင်း၊ သူ(အောင်ကြီး)တို့ကို နားမထောင်ဘဲ သူ၏ပိုင်းချက်များ ဖြစ်သော ဦးတင်ဖေ၊ ဦးဘနီမ်းနှင့် ဦးသိန်းဖေမြင့်တို့၏ စကားများကိုသာ နားထောင်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။

ထို့ကြောင့် ယနေ့အခါတွင် မြန်မာပြည်သည် အဆင်းရဲဆုံးတိုင်းပြည်ဖြစ်နေခဲ့ပြီး ဆင်းရဲနွမ်းပါးလှသည့် အိမ်နီးနားချင်း အယ်လ်ဒီစီ နိုင်ငံတခုဖြစ်လာ၍ အလွန်အဆင့်နိမ့်ကျ နေခဲ့ကြောင်းဖြင့် “ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်းအတွင်း မဝင်ဘဲနေခဲ့ပါ ဘက်လေးမျိုးနိုင်ငံ သာမကကြီး လာရောက်လည်ပတ်ပေး ပြသနိုင်သည့် တင်းလေးမျိုးမရှိကြောင်း ရုပ်မြင်သံကြား အစီအစဉ်ကာရတွင် အယည်အလိပ်စာတိုကြီးတွေ ၅၀ ကျော်လည်ပြီး နိုင်ငံခြားကို အထည်တွေ ချပ်ပို့နေပြီ၊ ကုန်ချောစက်ရုံတွေ ဘာလှားများ နှစ်ရာကျော်လောက် ရှိမယ်ထင်တယ်။ စက်ရုံဆောင်းဆိုင်မှ စီးပိုးတယ့်မှုနဲ့ ရေနံချက်စက်ရုံလေးတည်း ပစ္စည်းတွေ၊ ဓါတ်မြေဩဇာတွေ ထုတ်လုပ်နေသည်ကို မုက်ဝါးထင်ပင် တွေ့ရသည်။ မြန်မာပြည်တွင် ထိုပရိုဂျက်တွင်မျှ ရှိခဲ့ကြေး စမ်းသပ်လည်းနိုင်သည့် အဆောက်အအုံမရှိ။ ကုန်လိုက်သည့်ရေ သောက်သောက်လဲ၊ ချောက်ရေနံချက်စက်ရုံ မုပ်ထားရသည်”ဟူ၍ ဖော်ပြခဲ့သည်။

၁၉၆၆ ခုနှစ် သူ့အား ရာထူးမှ ထုတ်ပယ်ခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ ဦးအောင်ကြီးက ဖော်ပြခဲ့သည်မှာ---

“အာဏာပိုင်များသည် တစ်စုံတရာသော ကွာဟမှု မမှန်ကန်မှုများကို ဖော်ထုတ်နိုင်ရန် အရာရာကို အမြစ်ဖြတ်မြေလှန် ပြောင်းလဲပြောင်းပြန် ပြုလုပ်ခဲ့ကြသည်။ ကျွန်ုပ်သည် အိမ်ဝင်းအတွင်းသို့ ဘိနပ်မစီးဘဲ အမှုထမ်းသည့်ကိုင်းဝင် ကျွန်တော်က ကျေးဇူးတင်ရပေါ် ပေးသည်”

ဆန္ဒကျင်ဖက် နိုင်ငံရေးပုဂ္ဂိုလ်များအားလုံးကို ဘိန်းကုန်ကူးမှုနှင့် ပါဝင်ပတ်သက် သူများဟု စွပ်စွဲခြင်းမှာ မြန်မာပြည်မှ စစ်အုပ်ချုပ်ရေးသမားများ မကြာခဏ အသုံးပြု တတ်သော ပရိယာယ်တခုပင် ဖြစ်သည်။

သို့သော် နေဝင်းကိုမူ မည်သို့မှ ဝေဖန်ပြောဆိုခြင်း မရှိခဲ့ပေ။ "ဗဟန်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းကြီးတဦး" ဟု ဖြင်းဖြင်းထန်ထန် ဝေဖန်ထားခြင်းခံရသူမှာ သခင်တင်ကြီး ဦးထန်းသူ ဖြစ်ကြောင်း သိလာသင်ရှားပေသည်။ ဇွန်လ ၈ ရက်နေ့တွင် သေအကျေချက်စီးမှုများကို ဖြင်းဖြင်းထန်ထန် ဝေဖန်ထားသော်လည်း ဦးအောင်ကြီးသည် ဦးနေဝင်းအား "ကျွန်တော် ပန်ကြားပါရစေ ဗိုလ်ချုပ်။ ဦးအရှုပ်အထွေး တွေမှာ မပါဝင်မီပါစေနဲ့ခင်ဗျား။ ဝင်ပါနဲ့ရင် ဗိုလ်ချုပ်ကြီး ဆောင်းတာရရှမှာဖြစ်ပါတယ်။ မီလှုံ့အခွင့်အရေး ချိုးဖောက်မှုတွေအတွက် သမိုင်းမှာ အစိုးကြီး ပင်ကာရှိခဲ့မှာဖြစ်ကာယ်၊ အကြောင်းကော့ ဒီအရှုပ်တွေထဲမှာ ဗိုလ်ချုပ်ကြီး မပါဝင်ပါနဲ့ခင်ဗျား" ဟုဆို ဂရုတစိုက် ရေးသားခဲ့သည်။

ဦးအောင်ကြီး၏စာကို ဆန်းစစ်ပါက အင်္ဂလိပ်များ၏ မဟာလပ်ပါတီ၏ တွဲဖက်အတွေးအခေါ်ဆိုင်ရာ ဦးစိန်လွင် ဖြစ်သည်။ သူသည် အမြဲမပြတ် ချီးကျူးခဲ့ပြီး ကာလကြာရှည်စွာ ဦးကျော်ငြိမ်းအား အသိမပေးဘဲ နေဝင်း၏ ဗိုလ်ချုပ်ကြီး စာအောင်အား ဆက်ဆံခြင်းရှိ သမိုင်းကို ခေါ်ယူရန် ဟိုးရှိနေ၍ နှိုးဆော်ခဲ့သည်။ ထိုသည်မှာ ဦးနေဝင်း မည်သို့သည့်လမ်းကို ရွေးသင့်ကြောင်း ဦးအောင်ကြီးက အကြံပြုမှုကို ပြလိုက်ခြင်းပင်ဖြစ်သည်ဟု ထင်မြင်ရသည်။ ဒေသဆိုင်ရာအဖြစ် ဦးကျော်ငြိမ်းကို နိုင်ငံရေးအမှုများ သူ့အဖြစ် သက်စွဲကြပြီး ဦးစိန်လွင်နှင့် သူ၏တပည့် ဗိုလ်ချုပ်ကြီး စာအောင်တို့ကိုမူ ဟာမျှသာ သမားမှုဟု ယူဆကြသည်။

* * *

တိုင်းပြည်တွင် ဖြစ်ပေါ်နေသော အခိုးရဆန့်ကျင်ရေး လှုပ်ရှားမှုကြီးထွေး ဦးအောင်ကြီးသည် အမြဲအနေမပေး၍ ဖေါ်ဦးဆောင်ဖြစ်မလာသော်လည်း သူ့အများ၏ အကျိုးသက်ရောက်မှုမှာ ကြီးမားလှသည်။ ကျောင်းသားများ မိမိ၏ မိတ်ဆွေကောကြသည်၊ အစိုးရက လွယ်ကူနိုင်ဖမ်းဆီးပြီး အင်းစိန်ထောင်သို့ပို့ကာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ထောင်ဦးမျှ နှိပ်စက်သတ်ဖြတ်ကို မပြုလုပ်နိုင်သော ပုဂ္ဂိုလ်တဦး၏ အကျုံးဝင်နောက်တိုး သူတို့ ရှိခဲ့လေပြီ။

နိုင်ငံတကာသတင်းဆိုင်ရာ ကျောင်းသားခေါင်းဖြစ်သူ အသက် ၂၄ နှစ်ရှိ မောင်ဝင်းနိုင်က "ဦးအောင်ကြီးရဲ့ စာတွေဟာ ကျွန်တော်တို့စိတ်ဓါတ်ကို မြှင့်တင်ပေးခဲ့တယ်။ သူ့စာကြောင့် ကျွန်တော်တို့ ပိုရဲလာကြတယ်။ နောက်မကြာခင်မှာ ကျွန်တော်တို့ဟာ လေထမ်းတော်များ၊ ဝိုင်းမှာ စွန့်စားပြီး အလုပ်များလာကြတယ်။ ကျောင်းထဲမှာ လျှို့ဝှက်အောင်းအဖွဲ့တွေ ဖွဲ့လာကြတယ်။ ဒါပေမဲ့ အဓိပ္ပါယ်အမှန် ပေးရာမထိခဲ့ကြဘူး။ ကျွန်တော်တို့အားလုံးဟာ စစ်ဆေးနှိပ်စက်ခံရမှုတွေကို ကြောက်နေကြရတယ်။ ရန်ကုန်တက္ကသိုလ်(ပင်မ) အဆောင်ဖွင့်ရင်သာရှိမှာ လူငယ်က ဟောပြောလည်လည်နဲ့ အခြေပြုစီးလာမလားဆိုပြီး စိုးရိမ်ခဲ့ကြတယ်" ဟု ပြန်ပြောပြသည်။

ကျောင်းသားများက မတ်လတွင် သေဆုံးခဲ့သော ကျောင်းသားတကောင်းသူများအတွက် အထိမ်းအမှတ် အခမ်းအနားတစ် ဇွန်လ ၁၃ ရက်နေ့တွင် ပြုလုပ်ရန် စီစဉ်ခဲ့ကြသော်လည်း မပြုစရမယ့်ကာပေ။ မတ်လတွင် ဖြစ်ပွားခဲ့သော တံတားဖြူ အရေးအခင်း၏ ကာနံလှုပ်ရှားမှုကြောင်းအားပြကို မြန်မာလည်းမြင်ယောင်နေကြသေးသော

ကျောင်းသားများ ရှိရာတို့မှာ တွန့်ဆုတ်နေကြသေးသည်။ သို့သော် ဇွန်လ ၁၄ ရက်နေ့ တက္ကသိုလ်အပန်းဖြေမြိုင်သာရှေ့၌ မငြိမ်မသက် ဖြစ်နေကြသော ကျောင်းသားတို့ရှေ့တွင် လက်ကိုင်ပဝါကို မျက်နှာဖုံးအဖြစ် စည်းထားသော ကျောင်းသားတစ်ဦးသည် ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး "မနက်ဖြန် ဆန္ဒပြပွဲရှိတယ်" ဟု ကြေညာလိုက်သည်။ ချက်ချင်း လူအစုအဝေးမှာ ရုတ်တရက်ပေါ်လာပြီး ထိုလူ့ဆောက်လှုသည် အလျင်အမြန်ပျောက်ကွယ် သွားသည်။ သို့သော် ဤသတင်းမှာ ပြန့်နှံ့ပြီး စိတ်ဓာတ်မီး မြင့်မားလာခဲ့သည်။

ဇွန်လ ၁၅ ရက် (ဂုဒ္ဒဟူး) နေ့တွင် မကြာမီမှ များပြားလှသော လူအုပ်ကြီးသည် အပန်းဖြေမြိုင်သာနှင့် စာကြည့်တိုက်အကြားတွင် စုရုံးနေကြသည်။ အားကြွနေသော ကျောင်းသားအချို့သည် စားပွဲခုံများ၊ ကုလားထိုင်များဖြင့် စင်မြင့်တစ်ခု ဆောက်လုပ်လိုက်ကြသည်။ ဆီစင်မြင့်ပေါ်သို့ လက်ကိုင်ပဝါ မျက်နှာဖုံးပါသူ တစ်ဦးပြီးတစ်ဦး တက်ရောက် ဟောပြောကြတော့သည်။ ရုပ်ဖျက်ထားသော်လည်း မဆလအစိုးရအစင်းတွင် ခေါင်းဆောင် တစ်ဦးဖြစ်သူ မောင်မောင်ကျော်အား ကျောင်းသားအချို့ သတိပြုမိကြသည်။ သူသည် အစိုးရ၏ ရက်စက်ကြမ်းကြုတ်မှုတို့ကို ရှုတ်ချကာ ဖမ်းဆီးထားသော ကျောင်းသားများအား ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

ဟောပြောချက်များကို နားထောင်အပြီးတွင် ခေါင်းဆောင်ပေါင်းများစွာသော ကျောင်းသားများသည် ကျောင်းသားသမဂ္ဂအဆောက်အဦးဟောင်း ကွင်းပြင်သို့ စီတန်း၍ ချီတက်ခဲ့ကြသည်။ ထိုကျောင်းသားသမဂ္ဂအဆောက်အဦးကို နေဝင်း၏စစ်သားများက ၁၉၆၂ ခု ဇူလိုင်လ ၈ ရက်နေ့ နံနက်စောစောအချိန်တွင် ဒိုင်းနမိုက်ဖြင့် ဖြိုခွဲဖျက်ဆီးပစ်ခဲ့ကြသည်။ ယခုနေရာတွင် ဗိုလ်အောင်ကျော် ကျောက်တိုင်ရှိနေသည်။ ဗိုလ်အောင်ကျော်မှာ ၁၉၃၈ ခု ဆန္ဒပြမှုများတွင် ဗြိတိသျှတို့ ရိုက်နှက်ချက်ကြောင့် သေဆုံးခဲ့၍ မြန်မာ့သမိုင်းတွင် ပထမဆုံး မှတ်တိုင်တင်ခြင်းခံရသော ကျောင်းသားခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ကျောင်းသားများ ခဏငြိမ်သက်ပြီး နံပါတ်တစ် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်အား အလေးပြုကြသည်။

ယခုနေရာတွင် ကိုလိုနီစစ်သားများ၏ လက်ချက်ကြောင့်မဟုတ်ဘဲ မြန်မာပြည်သူ့ တပ်မတော်သားများလက်ချက်ကြောင့် ကျောင်းသားများ ရာနှင့်ချီ၍ သေဆုံးခဲ့ရခြင်းအတွက် ပိုမို ဆွေးကြေကွဲနေကြသည်။

တက္ကသိုလ်ဝင်းအတွင်းတွင် ဆန္ဒပြပွဲများ နေ့ပေါင်းများစွာ ဆက်လက်ဖြစ်ပွား နေခဲ့သည်။ ၁၇ ရက်နေ့ (သောကြာ) တွင် သပိတ်စခန်းများထက် များပြားလှသော လူအုပ်ကြီး သည် အပန်းဖြေမြိုင်သာနှင့် စာကြည့်တိုက်အကြားတွင် စုရုံးရောက်ရှိနေခဲ့ကြသည်။ အနီးရှိ ချည်မျှင်နှင့်အထည်စက်ရုံမှ အလုပ်သမားများနှင့် ဘုန်းတော်ကြီးများ ကျောင်းဝင်း အတွင်းဆန္ဒပြပွဲသို့ ပထမဦးဆုံး ရောက်ရှိလာခဲ့သည်။ ကျောင်းသားလှုပ်ရှားမှုများအပေါ် ပြည်သူတို့၏ စေတနာကို အပေါ်လွင်ဆုံး သက်သေပြလိုက်သည်မှာ ဟောပြောသူတစ်ဦးက "ရန်ကုန်မြို့နေလူထုက ကျောင်းသားများကို ထောက်ပံ့ရန် ကျပ်ငွေ ၁ သိန်း လှူဒါန်းကြောင်း" ကြေညာလိုက်ခြင်းပင်ဖြစ်သည်။

တက္ကသိုလ်ကျောင်းသားများနှင့် ပြည်သူလူထုတို့အကြား အစပျိုးခဲ့နေသော တင်းမာမှုသည် ယခုအခါ လိုက်လှဲသော ပြည်သူ့ထောက်ခံမှုအသွင်သို့ ပြောင်းလာခဲ့သည်။

ရန်ကုန်မြို့မှ အထက်တန်းကျောင်းသူ ကျောင်းသားများလည်း တက္ကသိုလ် အပန်းဖြေမြိုင်သာရှေ့ရှိ လူထုစည်းဝေးပွဲသို့ စုရုံးရောက်ရှိလာခဲ့ကြသည်။ ထိုကျောင်းသားများမှာ

အလှန်ငယ်ရွယ်ကြပြီး ဆန္ဒပြသူအားလုံးအနက် စိတ်ဓါတ်အတက်ကြွဆုံး၊ အစက်ထန်ဆုံးဟု ဆိုရချေမည်။ လက်ရှိစနစ်အောက်တွင် သူတို့အတွက် အနာဂတ်မရှိသလောက် ဖြစ်နေလေသည်။ တက္ကသိုလ်မှ ဘွဲ့ရပြီး အစုလိုက်အပြုံလိုက် အလုပ်လက်မဲ့ဘဝကို ရင်ဆိုင်ရကာ ကုသိုလ်ကံအလွန်ကောင်းပါမှ နေ့စားအလုပ်သမားဘဝဖြင့် မိသားစုကို ကူညီနိုင်သော သူတို့၏ အကိုအမများကို ကြည့်ခြင်းအားဖြင့် သူတို့၏ ရှေ့ရေးကို မှန်းဆနိုင်ကြသည်။

မတ်လတွင်း ကျောင်းသားသမဂ္ဂတခုကို ဖွဲ့စည်းနိုင်ခဲ့ကြသော်လည်း ၁၈ ရက်နေ့တွင် အစုလိုက်အပြုံလိုက် အဖမ်းခံခဲ့ကြရ၍ သမဂ္ဂပြိုပျက်ခဲ့ရသည်။ ယခုအခါတွင် များစွာသော မြေအောက်အဖွဲ့များ လှုပ်ရှားလျက်ရှိနေကြပေပြီ။ ၎င်းတို့သည် တချိန်တည်း၌ တနေရာစီ လျှို့ဝှက်စွာ ဖွဲ့စည်းခဲ့ကြရသောကြောင့် အမည်များ ကွဲပြားခြားနားနေပြီး တောင်းဆိုမှုများ မှာလည်း အမျိုးမျိုး ဖြစ်နေသည်။ သို့သော် ၎င်းတို့သည် ပြင်ပလေ့လာသူများ ထင်မြင်သကဲ့သို့ အုပ်စုစွဲ၊ ပုဂ္ဂိုလ်စွဲများမဟုတ်ကြချေ။

"ဒါပေမဲ့ ဖမ်းထားတဲ့ကျောင်းသားတွေကိုပြန်လွှတ်ပေးရေး၊ မတ်လလူသတ်ပွဲမှာ သေဆုံးခဲ့ကြရတဲ့ ကျောင်းသားများရဲ့ မိသားစုတွေကို လျော်ကြေးပေးရေး စတဲ့ ကျောင်းသားတွေရဲ့ လိုအပ်ချက်ကိုသာ တောင်းဆိုချင်ကြသူတွေက တပိုင်း၊ ပြီးတော့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးတို့ကို တောင်းဆိုချင်တဲ့ အထက်တန်းကျောင်းသားများ အပါအဝင် ပိုမို နိုင်ငံရေးဆန်တဲ့သူတွေက တပိုင်းဆိုပြီး အုပ်စုနှစ်စုကွဲနေတယ်။ ကျွန်တော့်အနေနဲ့ကတော့ ပထမအမြင်ကို ထောက်ခံတယ်။ ဒီအချိန်မှာ လေကြီးမိုးကြီး နိုင်ငံရေးတောင်းဆိုချက်တွေ တောင်းဖို့အချိန်မကြသေးဘူးလို့ ကျွန်တော်ထင်တယ်။ ကျွန်တော်တို့အရင်က ဆေးတက္ကသိုလ်မှာ ကျောင်းထုတ်ခံရတဲ့ ကျောင်းသား ၄ ယောက်ကို ကျောင်းပြန်ဝင်ခွင့်ရရေးအတွက် ဆန္ဒပြတောင်းဆိုခဲ့ကြတာ အောင်မြင်မှုရခဲ့သလို ဒီတခါလည်း ခုနကပြောခဲ့တဲ့ အခြေခံတောင်းဆိုချက်တွေကို အစိုးရက လိုက်လျောအောင် ဖိအားပေးနိုင်ခဲ့ရင် ကျွန်တော်တို့ ကျောင်းသားတွေရဲ့ ပါဝါဟာ အသွားထက်ပါတယ်ဆိုတာ ပြည်သူတွေ ယုံကြည်လာပါလိမ့်မယ်။ ပြီးတော့ မကြာခင်မှာ နိုင်ငံရေးတောင်းဆိုချက်တွေကိုလည်း အလွယ်တကူ တောင်းဆိုလာနိုင်ပါမယ်"ဟု ဝင်းမိုးက ပြောပြသည်။

ယခုတကြိမ်တွင်လည်း အစိုးရသည် မပြေမလည်လုပ်ဆောင်ချက်များဖြင့် ကျောင်းသားတို့၏ လှုပ်ရှားမှုကို အရှိန်ပြင်းအောင် မီးစာထိုးပေးခဲ့သည်။ ၂၀ ရက်နေ့တွင် မြန်မာအသံမှ ရန်ကုန်တက္ကသိုလ်လက်အောက်ရှိ တက္ကသိုလ် ၄ ခုစလုံးကို ပိတ်လိုက်ကြောင်း ကြေညာလိုက်သည်။ သို့သော်လည်း လှုပ်ရှားမှုသည် ဆေးတက္ကသိုလ်(၁)သို့ ပြန့်နှံ့သွားခဲ့ပြီဖြစ်သည်။ ဆေး(၁)၏ အဓိကကျောင်းဝင်းမှာ ရန်ကုန်ဆေးရုံကြီးအနီး မြို့လယ်၌တည်ရှိပြီး၊ ပထမနှစ်နှင့် ဒုတိယနှစ် သင်တန်းဌာနများမှာ မြန်မာအသံနှင့် မျက်နှာချင်းဆိုင် ပြည်လမ်းမတွင် တည်ရှိသည်။ ဤသို့ဖြင့် ကျောင်းသားများသည် လက်တွေ့ကျကျပင် သူတို့၏ လူထုစည်းဝေးပွဲများကို ပြည်လမ်းကျောင်းဝင်းသို့ ပြောင်းရွှေ့ကျင်းပလာခဲ့ကြသည်။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ ကျောင်းသားများလည်း ပါဝင်လာခဲ့ကြသည်။ လှုပ်ရှားမှုမှာ ကြီးသထက်ကြီးလာပြီး အရှိန်အဟုန်မြင့်မားလာသည်။

"၂၁ ရက်နေ့က ပြည်လမ်းကျောင်းဝင်းမှာ ကျွန်တော်တို့ လူထုစည်းဝေးပွဲကြီးတခု လုပ်ကြတယ်။ လူတွေက ထောင်နဲ့ချီလို့ဘဲ။ ရုတ်တရက် ကျောင်းသားတယောက်က

ရန်ကုန်မြို့လယ်မှာရှိတဲ့ ဆေးတက္ကသိုလ်(၁)ကို ချီတက်ဖို့ အကြံပြုလာတယ်။ ဟိုမှာလည်း စည်းဝေးပွဲကြီးတွေ လုပ်နေကြတာကိုး။ ဒါနဲ့ ကျွန်တော်တို့ မွန်းလွဲ ၁ နာရီမှာ ဆေးကျောင်းနဲ့ချီတဲ့ ကျောင်းသားတွေ ဒေါင်းကျောင်းသားသမဂ္ဂအဆောင်လဲတိုင်ပြီး စောင်ဆိုတက်ကြတယ်။ ကျောင်းသားတယောက်က ဆရာများ၊ နံမည်ကိုဝင်ပြီး နံရံမှာချိတ်ထားတဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနေဝင်း၊ ဦးဆန်းယု ဓါတ်ပုံ ၃ ပုံအနက် ဗိုလ်ချုပ်အောင်ဆန်း ဓါတ်ပုံကို ယူလာပြီး ဆန္ဒပြပွဲရှေ့တန်းက ကိုင်ပြီးချီတက်လာကြတယ်” ဟု ဆေးကျောင်းသား တဦးဖြစ်သူ နိုးဝင်းက ပြောပြသည်။

လူတန်းရှည်ကြီးသည့် သစ်ပင်ရိပ်များစီတန်းနေသည့် ပြည်လမ်းမကြီးအလျှောက် “အကြမ်းမဖက်ကြနဲ့” “ငြိမ်းချမ်းမှုအဆန္ဒပြကြ” စသည်ဖြင့် အနက်ငယ်သော်လည်း စိတ်အားထက်သန်ပုံရသော စည်းရုံးရေးသမားများက အော်ဟစ်ကြွေးကြော်ကာ စည်းကမ်းတကျ ချီတက်လာကြသည်။ အများမှာ ဆယ်ကျော်သက်ကျောင်းသားများဖြစ်ကြပြီး၊ အချို့မှာ ဆယ်မကျော်သေးသော ကလေးငယ်များဖြစ်ကြသည်။

ရုတ်တရက် လမ်းမ၏ ညာဘက်သို့ ကြည့်လိုက်သည့်အခါတွင် စစ်သားများ နေရာယူထားသည်ကို တွေ့ရသည်။ ဘရင်းဂန်သေနတ်များကို ချိန်ရွယ်အသင့်အနေအထား၊ နာမည်ဆိုးလှသော ကြည်းမဟာသမိုင်းမှ ခြေလျင်တပ်မှစခန်းသည့် ဟံသာဝတီတိုင်း တွင်ရှိ၊ နေရာယူထားကြပြီး ၎င်းတို့၏ စက်သေနတ်ပြောင်းများ ဆန္ဒပြသူတန်းကြီးအား ချိန်ရွယ်ထားကြသည်။ ကျောင်းသားများ၏ ရှေ့ဆက်ရမည့်ခရီးကို သံဆူးကြိုးများဖြင့် ကာဆီးကာ လမ်းပိတ်ထားသည်။ စစ်သားများနှင့် ပုလိပ်များကလည်း ရိုင်ဖယ်သေနတ် ကိုယ်စီ၊ နံပါတ်တုတ်ကိုယ်စီဖြင့် အသင့်စောင့်ဆိုင်းနေကြသည်။

“အစကတော့ တံတားဖြူအတိုင်းဘဲ ထပ်ပြီးအပင်ပန်းရတော့မယ်လို့ ကျွန်ုပ်တို့ တွက်ထားကြတယ်။ ဒါပေမဲ့ တံကျောင်းရင်တော့ ကျွန်တော်တို့ရောက်နေတဲ့နေရာက မြို့နီးကျေးလက်မျိုးအနားမှာဖြစ်တယ်။ အဲဒီနေရာမှာ အိမ်ကလေးတွေနဲ့ နောက်ဖေးလမ်းကြားလေး တွေ အများကြီးရှိတယ်။ သူတို့ပြီးမပစ်ခင် ကျွန်တော်တို့ ရှေ့ဦးတည်ရာ စုံ့ပြီး တော့မှာပေါ့။ အနားမှာရှိတဲ့လူတွေကလည်း သူတို့အိမ်ထဲမှာ ကျွန်တော်တို့ကို ဝှက်ထား ပေးကြတယ်” ဟု ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သူ နိုးဝင်းက ပြောပြသည်။

စစ်သားအပြည့် တင်ဆောင်လာသည့် စစ်လော်ရီကားတစီး ထိုးဆိုက်လာသည်။ သူတို့က ပစ်ခတ်ခဲ့သော်လည်း သေနတ်ကျည်ဖြင့် ထိမှန်သူမရှိခဲ့ပေ။ သို့သော်လည်း ၁၃ နှစ်အရွယ်ရှိ အလယ်တန်းကျောင်းသားနှစ်ဦးကို စစ်လော်ရီကားက ဝင်တိုက်ခဲ့သဖြင့် တဦးမှာ နေရာတွင်ပင် သေဆုံးသွားပြီး ကျန်တဦးမှာ မသေမပျောက်သည့်ဒဏ်ရာ ရရှိခဲ့သည်။ ဤတွင် အနီးတဝိုက်ရှိအိမ်များမှ ဒေါသထွက်နေကြသော လူများထွက်လာပြီး ဓါးများ၊ အုတ်ပိုင်းကျိုးများဖြင့် စစ်သားများနှင့် ပုလိပ်များကို ပစ်ပေါက်ကြလေသည်။ မည်သည့်နေရာမှ လာမှန်းမသိသော သွယ်တန်းသည့် ဆူးချွန်မျှားသည် မလေးယံ့ ဗိုးကန်ဖြတ်သန်းလာပြီး လုံထိန်းတဦးကို ထိမှန်ရာ မြေကြီးပေါ်လဲကျသွားသည်။ သူသည် ဂျင်ကလိဖြင့် အပစ်ခံခဲ့ရခြင်းဖြစ်သည်။ ဂျင်ကလိမှာ ကော်ဘီး၊ စုတ်တိုင်ဖြင့် လုပ်ထားသော အသွားချွန်သည့် မြှားတံဖြစ်ပြီး လေးကလေးဖြင့် ပစ်ခတ်ရသည်။ ထို့နောက် ဂျင်ကလိ တရစပ်ကျလာတော့သည်။ တချို့မှာ ဆေးသွယ်လူပြီး ထိုးရိုးတိုဖြင့် ပြုလုပ်ထားသည်။ ဂျင်ကလိမှာ မြှားဦးကို နောက်ကိုးတို့ဖြင့် လှုံးထားပြီး အနေအထိုင်းတွင် လိုရာသို့ မပ်နိုင်ရန် ကြက်တောင်မွေးတပ်ထားသော သေစေနိုင်သည့် အဆိပ်ပြင်းသည့် အရာတခုဖြစ်သည်။

လှုပ်ရှားပေါ်သော ဓမ္မိကုန်းဈေးပတ်ဝန်းကျင်ရှိ ဆိုင်များ၊ လမ်းများကြားတွင် စစ်သားများ လုံထိန်းများသည် မျက်စိလည်လမ်းမှားကြတော့သည်။ ဤတွင် သူတို့သည် ဗရမ်းဗတာ ဆူတက်ဖွက်ကြကာ သေဆုံးသူရှိသောသူများနှင့် ဒဏ်ရာရရှိသူများကို ဆွဲငင်သယ်ဆောင် သွားကြသည်။

ထိုအချိန်၌ ဆန္ဒပြသူအချို့သည် အနီးရှိ ဓာတ်ပုံသံရုံးဝင်းအတွင်းသို့ ပြေးဝင်ခိုလှုံ ခဲ့ကြသည်။ ဒေါသထွက်ထားသော ဂိတ်အပြင်ဘက်မှနေ၍ လုံထိန်းများသည် သံရုံးအား ဝိုင်းပေါ်ထားကြသည်၊ သံရုံးနောက်ဖေးလမ်းကြားတွင်လည်း စောင့်ဆိုင်းသမျှ ရှုပ်နေသည်၊ ယင်းလမ်းပေါ်တိုက်ပွဲမှာ ထပ်မံသက်တိုက်ပွဲမဟုတ်ချေ၊ ကျောင်းသားသမဂ္ဂခေါင်းဆောင်ကို ကိုင်ဆောင်ထားသော ကျောင်းသူတဦးအား အနီးရှိ ရဲဌာနကားတွင်းသို့ ဆွဲသွင်း သွားကြသည်။ ဤတွင် ဓနေးကို လူအုပ်ကြီးက မှန်တိုင်းသဖွယ် ဝင်စီးကာ ထိုကောင်းသူအား လယ်ယာင်ခဲ့ကြသည်၊ ဤအခရေးအခင်းကို အစိုးရသတင်းဌာနက ရဲစခန်းအား မီးရှို့ရန် ကြံစည်ကြီးစားမှုအဖြစ် ဖော်ပြခဲ့ကြသည်။ ဒေါသထွက်နေကြသော အရေးမှာအသားများသည့် မြေ့သမူလုံထိန်းများအား စနင်ပေါက် ဂျင်ကလိနှင့်ပစ်ကြရာ လုံထိန်း ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြသည်။ လုံထိန်းနှင့် စစ်သားများက သေနတ်ဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ အရပ်သားအမြောက်အများသေဆုံးခဲ့၍ ကျော်မှာ ဖြင်းထန်စွာ ဒဏ်ရာရခဲ့ကြသည်။ သို့သော် ပွဲသည်သူများက စုစုတိုက်ခိုက်ခဲ့ခြင်းကြောင့် လုံခြုံရေး ကပ်ဖွဲ့ဝင်များ စိတ်ဓာတ်ကျဆင်းခဲ့သည်။

ဓမ္မိကုန်းဈေးမှ တိုက်ပွဲသတင်းနှင့် လုံထိန်းများသေဆုံးခြင်းသတင်းတို့သည် ရန်ကုန်တစ်ခွင် ပြန့်နှံ့ခဲ့လေသည်။ ကျောင်းသားများသည် သေဆုံးခဲ့ရသော ငယ်ရွယ်သည့် ဆန္ဒပြကျောင်းသူ လူငယ်ကလေးများ၏ အလောင်းများအား မာဘာဂါဝစ်ကန်လွှာသင်္ချိုင်းပေါ် ယင်သော ပုလိပ်တို့၏ ရုပ်အလောင်းကြမ်းကြုတ်မှုကို အလောင်းသယ်သောယာဉ်ပျောက်ပျက်သွားပြီး ကြေးစကြော်ရှတ်ချခဲ့ကြသောကြောင့် လူထုပေါ်သမ်းမှာ မြင့်သည်ထက် မြင့်တက်လာခဲ့သည်။ ကမ္ဘာ့သမိုင်းမှတ်တမ်းတွင် အသေဝင်ဖဝ်လာသော ပန်းသင်းသမား ဂျင်ကလိ လက်ချောင်းဖြင့် ခုခံတိုက်ခိုက်ကြရသော လုံထိန်းများအပေါ် သနားကရုဏာ နည်းပါးကြသည်မှာ အံ့သြစရာမဟုတ်ပေ။ မြို့လယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းလမ်းတွင် လုံထိန်းအလောင်း ၆ လောင်းကို ကားလှုလာသော သရုပ်ကလေးအား စေ့ဆုစရာရှိသော လူအုပ်ကြီးက မီးရှို့ဖျက်ဆီးကြသည်။ ယင်းအဖော်ပိုင်ကားနှင့် အလောင်းများ မီးလောင်နေသည်ကို ပွဲကြည့်ပရိသတ်ကျယ် လူအုပ်ကြီးက ဩဘာပေး လက်ခုပ်တီး ခဲ့ကြသည်။

"ဒီအဖြစ်အပျက်ကို ကျွန်မသေသည်အထိ မှတ်မိတယ်။ အဖြစ်က ထိတ်လန့်စရာ ကောင်းတယ်။ မီးလောင်နေတဲ့အလောင်းက မဲမှောင်နေတဲ့မီးခိုးလုံးကြီး တလူလူနဲ့ မိုးကိုတိုးတက်နေတာ။ မိုးပေါ်ကြည့်လိုက်တော့ ဖောင်းဘိုင်း၂၀ကောင် မျှလောက်ပျံဝဲနေပြီး ပျံနေကြတာ ကျွန်မတို့တွေ့ရတယ်။ ရန်ကုန်မှာ အကောင်ရေ အဲဒီလောက် တွေ့ဖို့အရမ်းရှားတယ်။ ပြီးတော့ ရုတ်တရက် နှစ်လ ၂၀ ရက်။ ကျွန်မတို့က အပေါ်တန်းမှတ်ဆောင်းတယ်လို့ ထင်လိုက်ပြီး အရှုံးဆက်ဆန္ဒပြဖို့ သတ္တိမရှိတော့ဘူး"ဟု ရန်ကုန်မှ ဆေးကျောင်းသူ ကောင်မလေးတစ်ယောက် စိတ်ပင်ပန်းစွာပြောသည်။

ဓမ္မိကုန်း၌ တိုက်ပွဲဖြစ်နေချိန်တွင် ဆေးကျောင်းသိုက်(၁) လူထုစည်းဝေးပွဲကြီးမှာ ကျင်းပခဲ့ပြီ ဖြစ်သည်။ မွန်းလွဲ ၃ နာရီခန့်တွင် ရန်ကုန် ဆန္ဒပြပွဲ၌ ပါဝင်ခဲ့သော

အမောဆို့နေသည့် ကျောင်းသားတဦးသည် ဆေးတက္ကသိုလ်သို့ ရောက်ရှိလာပြီး ထိုသတင်းများကို လာပြောပြလေသည်။

"လှိုင်မြို့ရေးတပ်ဖွဲ့မှာ ကျွန်တော်တို့ဆီ လာနေသလားဆိုတော့ သတင်းပေးအောင်ပို့ ကျွန်တော်တို့ ကျောင်းသား ၅ ယောက်ကို အဖွဲ့လေးဖွဲ့ပြီး အဖွဲ့ ၅ ဖွဲ့ စေလွှတ်လိုက်တယ်။ တဖွဲ့က လမ်းမှာ တန်ပြန်ထောက်လှမ်းရေးသမားတယောက်နဲ့ ရင်ဆိုင်ရတယ်။ အဲဒီသူက လမ်းမှာရပ်ပြီး မှတ်ပုံတင်တောင်းတယ်နဲ့ ဟိုဟိုဒီဒီ ဆွဲရှာကြည့်နေတော့ ကျောင်းသားတွေက သူ့ကို အစိုးရသူလျှိုမှန်း သိလိုက်တယ်" ဟု ယင်းအစည်းအဝေးဖြစ်အောင် ကမကထလုပ်ပေးသူတဦးဖြစ်သော ကိုလင်းက ပြောပြသည်။

ကျောင်းသားများသည် ထိုသူကိုဝိုင်းဖမ်းလိုက်ကြပြီး ပခုံးပေါ်မှလွယ်အိတ်ကို လုယူလိုက်ကြသည်၊ လွယ်အိတ်ထဲတွင် သေနတ်လက်နက်မှတ်ပုံတင်ကတ်ပြားနှင့်အတူ ခြေရာခံလိုက်ပြီးကောက်ကို တွေ့ရသည်။ ကျောင်းသားတယောက်က သေနတ်ကို ဆောင်ပြီး ချိန်ရွယ်ပြီး အမည်နှင့် ရာထူးကိုကို အော်ဖတ်ပြနေလေသည်။

"တပ်ကြပ်ကြီး အောင်မြင့်"

သူ့အနီးအရပ်သားများပါဝင်သော ထောင်ကြည့်ပရိသတ်မှာ ခေါင်းငုံ့သွားကြတော့သည်၊

"သူ့သေနတ်နဲ့ပဲ ပစ်သတ်လိုက်" ဟု တယောက်ကအော်လိုက်သည်။

"ဒါပေမဲ့ ကျွန်တော်တို့က ဒီမျိုးလုပ်ချင်ကြတာမဟုတ်ဘူး။ ဒီနောက်မှာ နောက်ထပ်တရားခံ ဖမ်းမိကြတယ်၊ ဒီလူက ခေါင်းဆောင်တယောက် ဖြစ်နေတယ်။ ကျွန်တော်တို့ စည်းမျဉ်းကို ကိုးကားထောက်ပြ သတင်းပေးနဲ့ ယင်းမှုပေါ်မှာ လွှတ်လိုက်ကြောင်း သူ့ကဝန်ခံတယ်။ သူ့လွယ်အိတ်ထဲမှာ ဘာမှ ထူးထူးခြားခြားမတွေ့ရဘူး။ ဒါပေမဲ့ ပြီးခဲ့တဲ့နေ့က ကျွန်တော်တို့ ကျောင်းဝင်းထဲမှာ လုပ်ခဲ့တဲ့ စည်းဝေးပွဲရဲ့ အသေးစိတ်အစီရင်ခံစာ လက်ရေးမူကို တွေ့ရတယ်၊ သူ့ကို စစ်ဆေးရင်း ဘယ်သူတွေက သူတို့လူတွေလဲ မှတ်ရဆက်သွယ်ရ လွယ်ကူအောင် ရုပ်အင်္ကျီအဖြူနဲ့ ကျွဲချည်ပြာတွေ ဝတ်ဆင်ထားကြောင်းသိရပါတယ်၊ ဒီကိစ္စနဲ့ နောက်ထပ်နှိမ်နင်းမယ်လို့ မိကြတယ်။ ဒါတင်မကဘူး၊ ကျွန်တော်တို့မှာအားလုံးလိုလို နံနဲ့ဘဲလိုတယ်။ ရေခဲသေတ္တာမှာပဲ လူငယ်တဦးက သူတို့လိုဘဲဝတ်ထားတော့ သူ့လွယ်အိတ်ကို ရှာတော့ ရုပ်ရှင်ဓာတ်ပုံနှိမ်နင်းပွဲကို ဘာမှမတွေ့ရဘူး" ဟု ကိုလင်းကပြောပြသည်၊

ဖမ်းမိသော ထောက်လှမ်းရေးများကို ဆေးတက္ကသိုလ်မှ ဆရာများလက်ထဲသို့ ပေးအပ်လိုက်ကြသည်၊ သို့သော် လူအကြီးမှာ ခေါင်းထွက်မကုန် ဖြစ်နေကြ၏။ တပ်ကြပ်ကြီး မောင်မြင့်အား ဆေးကျောင်းစာနယ်ဇင်းသို့ အသွင်းအခွင့် လူကာယောက်က ဆုတ်မိတ္တူပေးခဲ့ရ ပစ်လိုက်သဖြင့် ဒဏ်ရာအပြင်းအထန် ရရှိသွားသည်၊ ထိုနောက် ယင်းနံ့ထောက် ၄ ဦးလုံးကို ပြန်လွှတ်လိုက်သည်။ ဤသို့ ပူးပေါင်းခြင်းမှာ အမှားကြီးတရပ်ဖြစ်ကြောင်း သိလာရသည်၊ နောက်သုံးလေးရက်အကြာ၊ ကျောင်းသားခေါင်းဆောင်များရှာကို ၎င်းတို့၏ နေအိမ်များမှ ညတွင်းချင်းဖမ်းဆီးကာ အင်းစိန်ထောင်နှင့် မြို့ပြည်အိုင် အကျဉ်းစခန်းများသို့ ခေါ်ဆောင်သွားကြသည်၊ ၎င်းတို့၏ ဆိမ့်မူသို့ စုံထောက်များသည် အမည်စာရင်းအတိအကျ ပါသော ဓာတ်ပုံအလိုကတို့ဖြင့် ရောက်ရှိလာခဲ့ကြသည်၊ ယင်းလုပ်ရပ်မှာ မကြာမီမှာပင် လမ်းများပေါ်တွင် မီးကားမီးဆွဲခြင်းမျိုး ဖြစ်လာနိုင်သော ကန့်ကွက်မှုကို စည်းဝါးကိုက် စီစဉ်ထားခြင်းဖြစ်သည်၊

၂၁ ရက်နေ့အမိန့်ပေးရေးသည် သမ္မတဦးစိုးဝင်းတွင် ပီးကုန်ရောင်းဖြစ်လာခဲ့သည်၊ ဇွန်လ ၂၃ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ် (အင်္ဂလိပ်) သတင်းစာတွင် ပေါ်ပြူလာ

အစိုးရမေသအချောက်အောင်းစေရ ပြည်သူ့ရဲတပ်ဖွဲ့ဝင် ၆ ဦးနှင့် ဆေးမှူးသောင်းကျန်းသူ ၃ ဦး သေဆုံးခဲ့ကြသည်။ သံဘမန်ရပ်ကွက်မှ ခန့်မှန်းချက်မှာ ဟင်းအဓိကရအားတွင် ပုလိပ် ၂၀ နှင့် အရပ်သား အနည်းဆုံး ၈၀ သေဆုံးပြီး ၁၅၀ အထိဒဏ်ရာရနိုင်ကြောင်း သိရှိရသည်။ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များအားလုံးကို အကန့်အသတ်မရှိ ပိတ်လိုက်ပြီး မြို့တော်တွင် နေဝင်ချိန်မှ နေထွက်ချိန်အထိ အပြင်မထွက်ရအမိန့် ထုတ်လိုက်သည်။

ရန်ကုန်မြောက်ဖက် ကီလိုမီတာ ၅၀ ခန့်ကွာသော ပဲခူးမြို့တွင် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ဇွန်လ ၂၃ ရက်တွင် ပုလိပ်နှင့်စစ်သားများသည် ဆန္ဒပြလူအုပ်ကြီးတစုကို သေနတ်ဖြင့်ပစ်ခတ်ခဲ့သည်။ ပဲခူးမြစ် သံတံတားဘေးအနီးတွင် လူ ၇၀ ခန့် ပစ်သတ်ခံခဲ့ကြရသည်။ သေဆုံးသူများအနက် ကျောင်းသားငယ် တဦးမှာ အလွန်ဆင်းရဲသူဖြစ်၍ ဒေသခံ မုဒ္ဒသာသာဘုန်းတော်ကြီးကျောင်းတခုက ထောက်ပံ့ ကြည့်ရှုထားသူတဦးဖြစ်သည်။ ယင်းလုပ်ရပ်မှာ ထိုမြို့ရှိ ဒေသခံများ လေးစားအပ်ခံရသော ဂါရုဏ် ဘုန်းတော်ကြီးထံပါး၏ လက်ထဲ၌ သေနတ်ဒဏ်ရာဖြင့် အသက်ဆုံးသွားခဲ့သည်။ ဤဖြစ်ရပ်သည် ပဲခူးမြို့သူမြို့သားတို့၏ အသိနှလုံးကို အပြန့်ပြိန်းလှုပ်ခဲ့ရသော နိုင်ငံတော် မဆလအစိုးရကို ရင်ဆိုင်ဆန့်ကျင်သော မြို့တမြို့ ဖြစ်လာစေခဲ့သည်။

ရန်ကုန်မြို့တွင် စစ်သွေးဆာမာန် တက်ကြွနေသော ကျောင်းသားတချို့သည် ညမထွက်ရအမိန့်ကို ဖီဆန်ပြီး ရွှေတိဂုံဘုရားပြင်သို့ ချီတက်ခဲ့ကြသည်။ အမျိုးကိုချစ်ပြင်းမှာ ၁၉၂၀–၁၉၃၀ ခုနှစ်များက သမိုင်းဝင်ကျောင်းသားသပိတ်တို့၏ ဗဟိုဌာနဖြစ်သည်။ သပိတ်စခန်းတခုကို အပ်၍ ပေါ်ထွက်ခဲ့ကြပြန်သည်။ သို့သော် ပုလိပ်များသည် ချက်ချင်းပင် ထိုကျောင်းသားတစုကို လူစုခွဲစေခဲ့သည်။ ရန်ကုန်မြို့သည်လည်း ပြန်လည်ငြိမ်သက်သွားခဲ့သည်။ ဤတကြိမ်တွင်လည်း ဦးစိန်လွင်အား ကျော်မှားမှုကိုချေဖျက်ရန် တာဝန်ပေးခဲ့ခြင်းမှာ သူ၏ လုံခြုံရေးဦးစီးချုပ်ဖြစ်သော ရာထူးအတွက်ကြောင့်ပင် ဖြစ်ပေမည်။ ဗိုလ်အမိန့်ပေးသည်မှာ သူသည် ဦးနေဝင်း၏ ယုံကြည်စိတ်ချရသော နောက်လိုက်အနည်းငယ် အနက် တဦးဖြစ်ခြင်းကြောင့် ဖြစ်သည်။ နောင်တွင် "ရှစ်လေးလုံးအရေးအခင်းများ" ဟု အမည်တွင် လာသော ဆန္ဒပြမှုများ နှိုင်းချုပ်ခဲ့ရသော်သည်။

အစိုးရ၏ တင်းကြပ်သော အရေးပေါ်အမိန့်များကို ဇွန်လ ၂၂ ရက်နေ့တွင် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ မျက်နှာဖုံး၌ ပေါ်ထွက်ခဲ့သည်။ "လူစုလူဝေးပြုခြင်း၊ ဟောပြောခြင်း၊ စီတန်းလှည့်လည်ခြင်း၊ လှုံ့ဆော်တိုက်တွန်းခြင်း၊ ဆန္ဒပြခြင်း၊ ဆူပူမှုများဖြစ်အောင် ပြုမူခြင်း" စသည်တို့ကို လုံးဝပိတ်ပင်ပြီး ည ၆ နာရီမှ နံနက် ၆ နာရီအထိ အပြင်မထွက်ရ အမိန့်ပါရှိသည်။ ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်မှာ ဤအမိန့်သည် "ဇွန်လ ၂၁ ရက်မှ ဩဂုတ်လ ၁၉ ရက်နေ့အထိ ရက်ပေါင်း ၆၀ အာဏာတည်သည်" ဟူ၍ ဖြစ်သည်။

ဤအမိန့်သည် မငြိမ်မသက်ဖြစ်နေသော ကျောင်းသားများကို လမ်းပေါ်သို့ မရောက်အောင် တားဆီးနိုင်သော်လည်း တခြားစိုးရိမ်စရာကောင်းသော ပြဿနာကိုကို ဖြစ်ပေါ်စေခဲ့သည်။ မြန်မာပြည်ရှိဈေးများသည် နေမထွက်ခင်အစ ပြီး အာရုဏ်ဦးသည့် အချိန်တွင် လူများစွာဖြင့် စည်ကားနေမြဲဖြစ်သည်။ ထို့ကြောင့် ဈေးဆိုင်ရှင်များသည် ကုန်ပစ္စည်းကိုကို မိုးမလင်းခင်ကပင် ဈေးသို့သယ်ပို့ကာ ဈေးဝယ်သူများမလာမီ ကုန်ဈေးဆိုင်ကိုဖွင့်လှစ်၍ အသင့်ပြင်ထားကြသည်။ ယခု ထိုသို့ မဖွင့်လှစ်နိုင် ကြတော့ပေ။

နံနက် ၆ နာရီမထိုးခင် လက်တွန်းလှည်းဖြင့် စွန့်စားထွက်လာခဲ့သော ခေါက်ဆွဲသည် အဖိုးကြီးတဦးနှင့်သမီးတို့ကို အမိန့်ရှိန်အတွင်း ကင်းလှည့်နေကြသော စစ်သားများက သေနတ်ဖြင့် ပစ်သတ်ခဲ့ကြသည်။ အမိန့်ချိုးဖောက်သူ တခြားသူများကိုလည်း ပစ်သတ်ခဲ့ကြကြောင်း ကောလာဟလသတင်းစကားများ ထွက်ပေါ်လာရာ ဈေးသည်များသည် ယခင်ကကဲ့သို့ ပုံမှန်မဖွင့်လှစ်နိုင်ကြတော့ပေ။ ထို့ကြောင့် အခြေခံ စားသုံးကုန်ဈေးနှုန်းတို့မှာ အရှိန်ကြီးမြင့်သွားခဲ့သည်။ ဆန်တပြည် (နို့ဆီဘူး ၈ လုံး) ၃ ကျပ်မှ ၉ ကျပ် ဖြစ်နေချိန်တွင် အလုပ်ကြမ်းသမားတဦး၏ တနေ့လုပ်ခမှာ ၆ ကျပ် ၅၀ ပြားသာ မပြောင်းလဲဘဲ ရှိနေသည်။ ရန်ကုန်ဈေးများတွင် ငါးတပိဿာ ၅ ကျပ် ၆ ကျပ်မှ ၁၀ ကျပ် ၁၅ ကျပ်အထိ တက်လာခဲ့သည်။ ဆင်းရဲသားများအတွက် ဟင်းသီးဟင်းရွက်ပင်လျှင် အထူးတလည် ဈေးကြီးလာခဲ့သည်။ ပို၍ ဆိုးဝါးသွားခဲ့သည့်မှာ ငွေစက္ကူများကို တရားဝင်အဖြစ်မှ ရုပ်သိမ်းကြောင်း ထပ်မံကြေညာမည်ဟူသော ကောလဟာလသတင်းပင် ဖြစ်သည်။ ကြီးလေးသော ပြဿနာပေါင်းများစွာကြားမှ ရှိသမျှ ပြည်သူအားလုံးကို ထမ်းကြွနိုင်ခဲ့သော မြန်မာပြည်သည် ယခုအခါ အငတ်ဘေးနှင့် ကြုံတွေ့လာရတော့သည်။

အာဏာပိုင်များ အခက်အခဲတွေ့နေသည့်မှာ ဗဟာယော်၍ အရေးပေါ်ဥပဒေများကို အသုံးပြု ရုပ်သိမ်းလိုက်ပါက ကျောင်းသားများ ဆန္ဒပြပြီး လမ်းပေါ်သို့ ရောက်လာကြတော့မည်၊ မည်သို့မျှ မလုပ်ပါလျှင်လည်း ပြည်သူတရပ်လုံး ဒေါသကြီးစွာဖြင့် ဩဂုတ်လ ၁၂ ရက်နေ့မတိုင်မီ အုံကြွကြတော့မည်။ ပြည်သူများ စိတ်ပြေစေရန် ဇွန်လ ၂၉ ရက်နေ့တွင် ညမထွက်ရအမိန့်ကို ည ၈ နာရီမှ မနက် ၄ နာရီအထိ ပြင်ဆင်လိုက်ကြောင်း အမိန့်ထုတ် ကြေညာခဲ့သည်။

လူအများက ကြွေညိမ်မြုပ်ဆေးကြံလိုက်သော ထိုအမိန့်သည် ရက်အနည်းငယ်အတွင်းမှာပင် ပြဿနာဖြစ်လာခဲ့သည်။ အကြောင်းမှာ ရန်ကုန်တိုင်း မဆလဥက္ကဋ္ဌ ဦးရဲခင်သည် မြန်မာ့အသံမှ "ကိုယ်ကျိုးသက်သက်ကြည့်ပြီး လေလံဈေးကြီးများ ဆွဲမတင်ကြနဲ့" ဟု ကုန်သည်များအား ခက်ထန်စွာ ထုတ်ပြောလာသောကြောင့် ဖြစ်သည်။

ထို့အပြင် ယမန်နှစ် ဩဂုတ်လမှစ၍ စားသုံးကုန်အချို့ကို အစိုးရက လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပေးမှီ ဆန်ကိုနိုင်ငံပိုင်မဟုတ်သော ရောင်းဝယ်ဖြန့်ချိမှုအခြေအနေကို အမှန်တကယ် မပြခဲ့ကြောင်းခဲ့သည်။ "တကယ်ဆို စားသုံးသူများရဲ့ အကျိုးစီးပွားတို့မငဲ့ဘဲ ကုန်ဈေးနှုန်းတွေ မတန်တဆ တိုးမြှင့်ကာရောင်း ဝေတာဝန်ကြီးတဲ့ ပုန်းသူရဲကွေရဲ့ ဘဝဝန်ဘဲဖြစ်တယ်။ ဒီတော့ နိုင်ငံတော်ကဘာ ထိထိသင့်သင့်လို့ အရေးယူရတော့မယ်" ဟု ဦးရဲခင်က သတိပေး ခြိမ်းခြောက်ခဲ့သည်။

ဤကြေညာချက်မှာ လိုလားသော အကျိုးသက်ရောက်မှုကို မဖြစ်စေဘဲ ပြည်သူတို့မှာ ကြောက်ရွံ့ရမည့်အစား ဒေါသဖြစ်နေကြကြောင်း အာဏာပိုင်များ သိမြင်လာသည့်တွင် အခြေအနေ ပြေလည်စေမည့် အစီအစဉ်နည်းလမ်းများကို အစား ထိုးလုပ်ကိုင်လာသည်။ ဩဂုတ်လ ၇ ရက်နေ့ မြန်မာ့အသံ ညနေပိုင်းသတင်းတွင် မတ်လဆူပူမှုကြောင့် ထိန်းသိမ်းခြင်းခံနေခဲ့ရသော ကျောင်းသားအားလုံးကို ပြန်လွှတ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ယခင်က အစိုးရသည် အထိန်းသိမ်းခံနေခဲ့ရသော ကျောင်းသား ၁၄၁ ဦးသာရှိကြောင်း ပြောကြားခဲ့သည်။ သို့သော် ထုတ်ပြန်သည့်မှာ လူပေါင်း ၂၄၀ ကို ပြန်လွှတ်လိုက်ကြောင်း၊ ယင်း ၂၄၀ အနက် ၁၇၉ ဦးမှာ ကျောင်းသားများဖြစ်ပြီး ကျန်လူများမှာ အရပ်သား (ဝါ) ဒေသခံလူများဖြစ်ကြောင်း မဆလက ပြောဆိုခဲ့သည်။

ဤဖြစ်ရပ်တို့မှာ ရန်ကုန်မြို့တမြို့တည်းတွင်ဖြစ်သည်။ အရှေ့တောင်ပိုင်းရှိ မော်လမြိုင်မြို့တွင် ဆူပူအုံကြွမှုများဖြစ်ခဲ့ကြောင်း အစိုးရက ကြေညာခြင်းမရှိသော်လည်း အထိန်းသိမ်းခံ ပုဂ္ဂိုလ် ၇၃ ဦးကို ပြန်လွှတ်လိုက်ကြောင်း မြန်မာ့အသံမှ ကြေညာခဲ့သည်။ ဤသည်မှာ သတင်းကောင်းများ၏ အစဦးမျှသာ ရှိသေးသည်။ ပဲခူးမြို့တွင် လူ ၅၈ နှင့် ပြည်မြို့တွင် လူ ၂၇ ဦးတို့ကို ပြန်လွှတ်လိုက်ကြောင်း ကြေညာပြန်သည်။ ထိုကြေညာချက်များကြောင့် ရန်ကုန်လူထုသည် ဇွန်လ ၂၁ ရက်နေ့၌ မြေနီကုန်းတွင် လုံထိန်းအပါအဝင် စစ်သားများနှင့် ရင်ဆိုင်တိုက်ခိုက်ရာ၌ ၎င်းတို့ချည်းသာ မဟုတ်ကြောင်း သိလာခဲ့ကြသည်။

ယင်းသို့ အာဏာပိုင်တို့၏ ကြေညာချက်များကို သာမန်ထို ကျွင်းစွာဖြင့် တုန့်ပြန်နေစဉ်ကြရာမှ တိုင်းပြည်၏ တာဝန်ယူသော လက်ဝါးကြီးအုပ် အနေဖြင့် တန်ခိုးရှင် ဖြစ်သည့် မဆလပါတီသည် အုပ်ချုပ်ရေးနှင့် စီးပွားရေးပေါ်လစီများ ပြုပြင်ပြောင်းလဲရေးကို ဆွေးနွေးရန်အတွက် အထူးပါတီညီလာခံတရပ်အား အရေးတကြီး ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း လုံးဝမမျှော်လင့်ဘဲ ကြေညာခဲ့သည်။ မဆလပါတီသည် ညီလာခံများကို ပုံမှန်အားဖြင့် ၅ နှစ်တကြိမ် ကျင်းပပြီး လာမည့်ညီလာခံမှာ ၁၉၈၉ ခုနှစ်တွင်သာ ကျင်းပမည်ဖြစ်သည်။ နောက် ၂ ရက်အကြာ၌ ရန်ကုန်မြို့တွင် ညမထွက်ရအမိန့်ကိုလည်း လုံးဝမမျှော်လင့်ဘဲ ရုပ်သိမ်းလိုက်ပြန်သည်။ ဤအကြိမ်တွင် အခြေအနေများ ပုံမှန်ဖြစ်လာပြီလော။ မဆလပါတီသည် ပြည်သူတို့ ကျေနပ်စေနိုင်မည့် လုပ်ငန်း အစီအစဉ်များကို လုပ်ကိုင်နိုင်မည်လော။

အများစုသည် အစိုးရက ပေးလိုက်သော အလျှော့ပေးချက်များကို လက်ခံမည့် အလားအလာရှိခဲ့သည်။ သို့သော် ဖိုးကိုဆိုင်မှုပါဝင်ရန် ခက်ခဲလှသော လုံ့လမောက်မှုကြားမှာ ဇွန်လ အစိုးရဆန့်ကျင်ဆန္ဒပြပွဲများနှင့် တထပ်တည်းပေါ်ပေါက်လာခဲ့သည်။ ယင်းမျှော်မှာ မြန်မာ့ပြည်သူလူထုအတွက် အနည်းဆုံး ကာဂတ်အပိုင်း ဖြစ်သော မဆလစီးပွားရေးကို ဦးတည်သွားစေသည်။

* * *

၁၉၆၇ ခုနှစ်တွင် ပြည်တွင်းလူမှုရေး၊ စီးပွားရေး ပြဿနာတို့ကို အာရုံပြောင်းရန် တရုတ် - မြန်မာအဓိကရုဏ်းကို အစိုးရက ဖန်တီးခဲ့သည်။ အလားတူပင် ကုန်ဈေးနှုန်း အဆမတန်တက်ခြင်းကြောင့် ၁၉၈၈ ခုနှစ် ဇွန် - ဇူလိုင်လတွင် မုတ္တမ၊ မော်လမြိုင်နှင့် အခြား ဧရာဝတီမြစ်ဝကျွန်းပေါ်မြို့များတွင် မွတ်ဆလင်ဆန့်ကျင်ရေးအဓိကရုဏ်းများ ကျယ်ပြန့်စွာ ဖြစ်ပွားခဲ့သည်။ လူအုပ်ကြီးများသည် မွတ်ဆလင်ရပ်ကွက်များသို့ မုန်တိုင်းဆင် ဝင်ရောက်လာပြီး အိမ်များကို ဂရုဏာမဲ့ဖျက်ဆီးကာ ဗလီတချို့ကို မီးရှို့ခဲ့ကြသည်။ ကုလားများ ထပ်မံ၍ ဓါးစာခံ ဖြစ်ခဲ့ကြရသည်။

မတ်လအတွင်း အစိုးရဆန့်ကျင်ဆန္ဒပြပွဲ ပထမအသုတ်တွင် ရာပေါင်းများစွာသော မွတ်ဆလင်တို့ကို ဖမ်းဆီးပြီး အင်းစိန်ထောင်သို့ ပို့ခဲ့သည်။ အများစုမှာ သာမန်လူများသာ ဖြစ်ပြီး ၁၈ ရက်နေ့အရေးအခင်းတွင် မမျှော်လင့်ဘဲ ပါဝင်ခဲ့ရခြင်းဖြစ်သည်။ ထို့ပြင် များစွာသောလူငယ်တို့မှာ အနွယ် - မြန်မာသွေးနှောကြပြီး မှားယွင်းစွာ 'ကုလားဒိန်'ဟု ပေါ်ဆိုခံကြရသည်။

ဇူလိုင်လတွင် လူထုအစည်းအဝေးပွဲများ ရန်ကုန်ဘဏ္ဍာသိုက် (မင်မ) ၌ ထပ်မံ ပြန်လည်ပေါ်ပေါက်လာသောအခါ ထုတ်ဝေခဲ့ကြသော စာရွက်စာတမ်းများ အားလုံးမှာ လက်နက်မှုများဖြစ်ကြသည်။ သို့သော် ဖယောင်းစက္ကူဖြင့်၍ မိတ္တူကူးထားသော ဒိမိုတုပြား နေသည့်စာတမ်းမှာ မူဆလင်များကိုတိုက်ခိုက်ထားပြီး "မြန်မာမျိုးချစ် ဗုဒ္ဓဘာသာများ" အဖွဲ့မှ ထုတ်ဝေကြောင်း ဖော်ပြထားသည်။ ယင်းစာတမ်းမှာ "အန္တိမ မူဆလင်ကိုးကွယ် ဘာသည် ကျွန်တော်တို့၏ အမိမြေပေါ်တွင် ဗုဒ္ဓဘာသာအမျိုးသမီးများကို ခေါ်ဆောင် များယူကြပြီး ၎င်းတို့မူဆလင် တိုးပွားရေးအတွက် ကြံစည်နေကြကြောင်း." သတိပေး ထားသည်။ ထိုမျိုးချစ်ဗုဒ္ဓဘာသာများက ၎င်းတို့သည် "မူဆလင် အဖွဲ့ချုပ်"ဟု လက်မှတ် ရေးထိုးထားသော စာတမ်းတစ်စောင်ကို ကောက်ယူရရှိထားကြောင်း၊ ယင်းစာတမ်းတွင် ဗုဒ္ဓဘာသာမိန်းကလေးတစ်ဦးအား ကိုယ်ဝန်ရှိအောင်လုပ်နိုင်သော မူဆလင်တစ်ဦးလျှင် ကျပ်ငွေတစ်ထောင်စီ ပေးချီးမြှင့်မည်ဟု ကတိပြုကြောင်းဖြင့် ဖော်ပြထားသည်။ ထို့နောက် မူဆလင်ဆိုင်များကို သပိတ်မှောက်ကြရန် တိုက်တွန်းထားပြီး၊ နောက်ဆုံးတွင် "မူဆလင် အားလုံး ကိုယ့်တိုင်းပြည်ကို ပြန်သွားကြ"ဟု ကြွေးကြော်ထားသည်။

"ဒါဟာ အင်မတန် ရုပ်ဆိုးတာပဲ။ ဒီလို အခြေအမြစ်မရှိတဲ့ လက်ကမ်းစာစောင် တွေရဲ့ အနောက်မှာ ဘယ်သူတွေရှိတယ်ဆိုတာ ကျွန်တော်တို့ ဘယ်တော့မှ ယုံမှားသံသယ ဖြစ်စရာ အကြောင်းမရှိဘူး။ ကျွန်တော်တို့ မူဆလင်တွေဟာ ဒီပြည်သူနှာတွေကို အိမ်နီးချင်း ဗုဒ္ဓဘာသာတွေနဲ့ ခွေးနေကြတယ်။ ကျွန်တော်တို့ အချင်းချင်းကြားမှာ သံသယဆိုလို့ တစ်ခါမှ မရှိခဲ့ဘူး"ဟု ရန်ကုန်မှ မူဆလင်ခေါင်းဆောင် ဒေါ်ဒေါ်က အခိုင်အမာ ပြောပြသည်။

သို့သော် မူဆလင်များသည် အစွန်းရောက်ပုံဘော်ဖြစ်သော "ဘယ်ဂရီအစ်"ကို ကျင်းပမည့် ဇူလိုင်လအစောပိုင်းတွင် ဘာသာရေးအဓိကရုဏ်း ဖြစ်နိုင်ကြောင်း စိုးရိမ်ကြ သည်၊ ယင်းအချိန်တွင် ဗုဒ္ဓဘာသာများသည် ဝါဆိုလပြည့်နေ့အတွက် ပြင်ဆင်နေကြသည်။ ထိုနေ့တွင် သက်ရှိသတ္တဝါ ဟု သတ်ဖြတ်ခြင်းမှာ မလိုလားမကြိုက်အား ပြင်ဆင်တားမြစ်ကြ မြန်မာများစွာက လက်ခံယုံကြည်ထားကြသည်။ ရန်ကုန်မြို့ရှိ အစ္စလာမ်ဘာသာရေးမှ သတိနိုင်သောများကို ထိုနေ့တွင် အကောင်အထည်သို့ ဖော်မပွတ်ကြပ်ပါမှန် သတိပေး တစ်စောင် ထုတ်ပြန်ခဲ့သည်။

"ကျွန်တော်တို့ မူဆလင်အသိုင်းအဝိုင်းကတော့ အားလုံးပါဝင်မယ့် ဘာသာရေးပွဲတော် ဖြစ်အောင်လုပ်မှာ မဟုတ်ကြဘူး။ ဒါကြောင့် ကျွန်တော်တို့ဟာ သတ်ဖြတ်မှုတော်တဲ့ 'ကုရဗာနီ'ကို အဲဒီနေ့မှာ မလုပ်ခဲ့ကြဘူး။ ရန်ကုန်မှာ မူဆလင်နဲ့ ဗုဒ္ဓဘာသာတွေဟာ အေးအေးဆေးဆေး ရှိခဲ့ကြပါတယ်"ဟု ဒေါ်ဒေါ်က ပြောပြသည်။

x x x

မြို့တော်တွင် အခြေအနေ တည်ငြိမ်ပါသော်လည်း တိုင်းနှင့်ပြည်နယ်မြို့အချို့တွင် ဘာသာရေးပဋိပက္ခများ စတင်ဖြစ်ပေါ်လာသည်။ ပထမဆုံး မူဆလင်ဆန့်ကျင်ရေး အဓိကရုဏ်း ဖြစ်ပွားရာမြို့မှာ ရှမ်းပြည်နယ်မြို့တော်ဖြစ်သော တောင်ကြီးမြို့ဖြစ်သည်။ ဇူလိုင်လ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် ဗုဒ္ဓဘာသာရဟန်းများလာပါသည် စစ်မှုထမ်း သို့သော်၍ ထွက်လာခဲ့သည်၊ ထိုရဟန်းများသည် ပေါ် မြို့မရှေ့အနီး မူဆလင်ပိုင် ပြည်သူ့ဆောင်ရ

လက်ဘက်ရည်ဆိုင် အရောက်တွင် ဆိုင်ပိုင်ရှင်၏သားက ရဟန်းပျိုအား သရေကွင်းနှင့် ပစ်ခဲ့သည်ဟု ဆိုသည်။ တချို့ဖြေရှင်းမှုအရဆိုပါမူ ထိုရဟန်းပျိုကို ရိုက်မှုတ်ပြီး သပိတ်ကို ခွဲလိုက်ကြသည်ဟု ဆို၏။ မည်သို့ဆိုစေ ထိုရဟန်းပျိုမှာ ကျောင်းသို့ ပြန်လာခဲ့သည်။ ထို့နောက် ဆရာတော်ကြီးတချို့ လက်ဘက်ရည်ဆိုင်သို့ ရောက်လာကာ ဆိုင်ပိုင်ရှင်နှင့် စကားပြောဆိုခဲ့ကြသည်။ ယင်းနေရာမှာ လူများသော ဈေးသတ်ဝန်းကျင်ဖြစ်ပြီး မြေပြန့်မှ တိုင်းရင်းသားဗမာအလုပ်သမားအချို့လည်း ရှိနေကြသည်။ သူတို့သည် စကားအခြေအတင် ပြောရာတွင် ပါဝင်လာကြပြီး လက်ဘက်ရည်ဆိုင်ကို ခဲဖြင့် ပစ်ပေါက်ကြတော့သည်။ ပုလိပ်များ အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာကာ ဆိုင်ရှင်သားကို ဖမ်းဆီးသွားကြသည်။ ဆိုင်ရှင်မှာ ချမ်းသာကြွယ်ဝသူဖြစ်၍ ပုလိပ်များကို ငွေဖြင့်ပေါက်ပြီး သူ့သား ပြန်လွှတ်မြောက်စေခဲ့သည်။

ဤကာလ ဆိုရန်ပွဲတွင် အစိုးရလူများပါဝင်ခဲ့ကြောင်း ယူဆရန် သက်သေတစုံတရာမှ မရှိသေးချေ။ သို့သော် ယင်းအခြေအနေတွင် မုဆလင်များက ပုလိပ်အဖွဲ့ကို ကြိုးကိုင်ခြင်းကြောင့် ဤသို့ဖြစ်ရကြောင်း စသည့် ကောလာဟလသတင်းများ တောင်ကြီးမြို့အနှံ့ ပြန့်ခဲ့သည်။ ထူးဆန်းသော လှည့်ကွက်မှာ မြို့သူမြို့သားများသည် ပုလိပ်တို့အပေါ် ဒေါသမဖြစ်ခဲ့ကြခြင်းပင် ဖြစ်သည်။ လူအုပ်ကြီးသည် မြို့မဈေးရှိ လက်ဘက်ရည်ဆိုင်ကို မီးရှို့ပစ်လိုက်ကြသည်။ နောက်နေ့တွင် အခြားမုဆလင်ဆိုင်များမှာ ပျက်ဆီးခြင်းခံရသည်။ သရေကွင်းဖြင့် ပစ်ခံရသော ရဟန်းပျိုမှာလည်း ထူးထူးဆန်းဆန်း ပျောက်ကွယ်သွားကာ မုဆလင်များက ဖမ်းဆီးခေါ်ဆောင်သွား၍ သတ်ဖြတ်လိုက်ကြကြောင်း ကောလာဟလများ ပြန့်နှံ့လာသည်။ မြန်မာ့ဘာသာရေးအရ ဒေသခံအာဏာပိုင်များသည် အခြေအနေကို ထိန်းသိမ်းရန် ကြိုးစားခဲ့ကြသည်။ သို့သော် တောင်ကြီးမြို့သူမြို့သားများက ခြားနားသော ဖြစ်ရပ်ပုံကို ပြောပြကြသည်။ "အစတုန်းက ကျွန်တော်တို့အားလုံး မုဆလင်တွေကို ဒေါပွကြတယ်။ ဗုဒ္ဓဘာသာဖြစ်တော့ ဘုန်းကြီးကို ဒီလိုဆက်ဆံတာဟာ ကျွန်တော်တို့ကို စော်ကားတာပဲလို့ ခံစားရတယ်။ ဒါကြောင့် နံပါတ်ဒုတ်တွေ၊ ဓါးလှံတွေ၊ ပိုင်းရင်းသုတ်မှတွေကိုင်ပြီး မုဆလင်တွေကို သတ်ဖို့ ကျွန်တော်တို့ ထွက်လာခဲ့ကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ သတိပြုမိတာက ပုလိပ်တွေဟာ ရပ်ကြည့်နေတယ်၊ မုဆလင်တွေရဲ့ ဆိုင်ခန်းဆိုင်တွေကို သူတို့ အကာအကွယ်မပေးကြဘူး၊ လမ်းမကြီးမှာရှိတဲ့ ဘက်ကိုပဲ သူတို့စောင့်ကြပ်နေကြတယ်" ဟု တောင်ကြီးမြို့မှ ရှမ်းကျောင်းသား နိုင်းမိုးဝင်းထွန်းက ပြောပြသည်။

အဓိကရုဏ်းဖြစ်ပြီး ၂ရက်အကြာတွင် အခြေအနေမှာ ထိန်းမနိုင်အောင် ဖြစ်လာခဲ့သည်။ ၁၂ ရက်နေ့တွင် ပုလိပ်များက ဒဿမ ၃၀၃ ရိုင်ဖယ်သေနတ်များဖြင့် လူအုပ်ထဲသို့ တောင်ပစ်ပစ်ခတ်ကြရာ ၂ ဦးသေဆုံး၍ ၁၀ ဦးခန့် ဒဏ်ရာရရှိခဲ့သည်။

"အဲ့ဒီနောက် အခြေအနေ ကောင်းမလာတဲ့အပြင် ပိုပြီးဆိုးလာတယ်။ လူတွေက ပုလိပ်တွေကို ပြန်လည်တိုက်ခိုက်ကြတော့တယ်။ လူအုပ်ထဲက တယောက်က မပေးပူ့ရဲ့ ပုလိပ်တွေကို လှမ်းပစ်လိုက်တာ ရှမ်းပြည်နယ် ပြည်သူ့ရဲတပ်ဖွဲ့ ရဲချုပ် ဦးစိန်ထွန်း မျက်စိတည့်တည့်ကို ထိသွားတယ်။ နောက်တနေ့မှာဘဲ သူသေသွားခဲ့တယ်။ သူသေပြီးနောက်ပိုင်း မင်းမဲ့စိုးပြည်ကျနေတာဘဲ။ အဲဒီအချိန်မှာတော့ မုဆလင်တွေ အားလုံး မြို့ကထွက်သွားကြပြီ။ ကျန်နေခဲ့တာကတော့ ဒေသဆိုင်ရာ အာဏာပိုင်တွေနဲ့ ပုလိပ်တွေအပေါ် ထွက်နေတဲ့ ဒေါသတွေဖြစ်တယ်" ဟု နိုင်းမိုးဝင်းထွန်းက ပြောပြသည်။

ဇူလိုင်လ ၁၄ ရက်နေ့တွင် ရှမ်းပြည်နယ် ပြည်သူ့ကောင်စီသည် တောင်ကြီးမြို့တွင် လူစုဝေးခြင်း၊ စီတန်းလှည့်လည် ချီတက်ခြင်း၊ ဆန္ဒပြခြင်း၊ မိန့်ခွန်းပြောကြားခြင်း၊ ဆူပူလှုပ်ရှားမှုများပြုလုပ်ခြင်း စသည်တို့ကို ပိတ်ပင်တားမြစ်သောအမိန့် ထုတ်ပြန်ခဲ့သည်။ သို့သော် စိုင်းမျိုးဝင်းထွန်းနှင့်အချို့မှာ မြေအောက်အစိုးရဆန့်ကျင်ရေးအဖွဲ့များ ဖွဲ့စည်းပြီး မြို့ခံဘုန်းကြီးကျောင်းများနှင့် အဆက်အသွယ် ပြုလုပ်ခဲ့ကြသည်။ အကယ်၍ အာဏာပိုင်တို့က မကြေနပ်မှုများကို လမ်းကြောင်းပြောင်းသွားရန်ရည်ရွယ်ချက်ဖြင့် မူဆလင်ဆန့်ကျင်ရေး အဓိကရုဏ်းကို ဖန်တီးခဲ့ပါမူ ယင်းလုပ်ကြံမှုမှာ သူတို့ကိုပင် ပြန်လည်ထိခိုက်မည်ဖြစ်သည်။

• • •

ရက်အနည်းငယ်အကြာတွင် ပြည်မြို့၌ ဘာသာရေးအဓိကရုဏ်း ဖြစ်ပွားလာခဲ့သည်။ အစိုးရအဆိုအရ မြို့တွင်းဈေးဝန်းကျင်ရှိ လက်ဖွေးစင်လက်ဘက်ရည်ဆိုင်ရှေ့တွင် ဗုဒ္ဓဘာသာမိန်းကလေးတဦးအား အရက်မူးနေသော မူဆလင်လူရွယ်တဦးက ဇော်ကားမော်ကား ပြုလုပ်ခဲ့ရာမှစ၍ အဓိကရုဏ်းဖြစ်လာပြီး ပြင်းထန်သော လမ်းပေါ်တိုက်ပွဲများအဆင့်သို့ ရောက်ရှိသွားခဲ့သည်။ မြို့ခံလူများက မူဆလင်အိမ်များ ဆိုင်များကို တိုက်ခိုက်မီးရှို့ဖျက်ဆီးခဲ့ကြသည်။

ရန်ကုန်မြို့ရှိ နိုင်ငံခြားသံတမန်တဦးက ၎င်း၏အစိုးရထံ သတင်းပေးပို့ခဲ့ရာတွင် ခြားနားသောဖြစ်ပျက်ပုံကို ဖေါ်ပြထားသည်။ "အခြားသတင်းများ အဆိုအရ အရေးအခင်းတို့သည် အစိုးရဆန့်ကျင်ရေးအဖြစ် မသိမသာ ကျယ်ပြန့်သွားပုံရပြီး ဘာသာရေးအဓိကရုဏ်းမှာ အရေးမကြီးသော အခန်းကဏ္ဍမှသာ ပါဝင်ခဲ့သည်။ သတင်းစာများ၏ ဖေါ်ပြချက်အရ ပြည်မြို့တွင် ပုလိပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လူအုပ်ကြီးအား ထိန်းမနိုင်ခဲ့ကြောင်းမှာ သိသာထင်ရှားလှသည်"

ရန်ကုန်မြို့၌ ဖြစ်ပွားခဲ့သော မတ်လဆန္ဒပြပွဲများ ပြီးဆုံးသွားပြီးသည့်နောက်တွင် ပြည်မြို့ရှိ လူအချို့သည် အစိုးရဆန့်ကျင်ရေး လျှို့ဝှက်အဖွဲ့အစည်းများ စတင်ဖွဲ့စည်းခဲ့ကြသည်။ ဤသို့ ဖွဲ့စည်းသည်ကို စစ်ထောက်လှမ်းရေးအဖွဲ့မှ သိရှိကာ သူတို့၏မြို့တွင် စည်းဝါးကိုက် ဘာသာရေးအဓိကရုဏ်း ဖန်တီးခဲ့ပုံရသည်ဟု ပြည်မြို့လူထုက ပြောဆိုနေကြသည်။

အဓိကရုဏ်း ၆ ရက်မျှ ကြာလာသောအခါ ပြည်မြို့တွင် စစ်အုပ်ချုပ်ရေးအမိန့်ကို ဇူလိုင်လ ၂၂ ရက်နေ့တွင် ကြေညာခဲ့သည်။ အာဏာပိုင်တို့ အထူးဘဝင်မကျခဲ့သော အဓိကရုဏ်းသည် ပြည်မြို့မှ ကျော်လွန်ကာ ပြည်မြို့အရှေ့ဖက် ကီလိုမီတာ ၂၀ ခန့်အကွာရှိ ပေါင်းတည်မြို့သို့ ပြန့်သွားခဲ့သည်။ ယင်းမြို့၌ ဦးနေဝင်းကို ၁၉၁၁ ခုနှစ်တွင် မွေးဖွားခဲ့သည်။

• • •

ဇူလိုင်လအကုန်တွင် မြန်မာပြည်၌ မီးပွားတစုမှ ဟုန်းကနဲထတောက်နိုင်သော အခြေအနေတွင် ရှိသည်။ အဓိကရုဏ်းများ၏ ကောလဟာလသတင်းများ နေ့စဉ်

ဖြစ်ပေါ်လျက်ရှိသည်။ ပြည်သူအကျိုးကို လစ်လျူရှုခဲ့သော စစ်အစိုးရအား မုန်းတီးမှုသည် ၂၆ နှစ်တိုင်တိုင် မျိုသိပ်ထားခဲ့ရာမှ ပေါက်ကွဲထွက်လာရာ လူတိုင်းပင် အံ့သြခဲ့ကြရသည်။ ယင်းအခြေအနေကို ထိန်းသိမ်းနိုင်ရန် အာဏာပိုင်တို့၏ လုပ်ဆောင်ချက်ဟူသမျှသည် တန်ပြန်အပြစ်များကိုသာ ပေါ်ပေါက်စေခဲ့သည်။ ထိုကာလသည် ဗြိတိသျှခေတ် မြင်းပြိုင်ကွင်းဖြစ်သော ရန်ကုန်မြို့ ကျိုက္ကဆံကွင်းနံဘေးရှိ ဆရာစံခန်းမကြီးတွင် မဆလပါတီ အရေးပေါ်ညီလာခံကို စတင်ကျင်းပနေချိန် ဖြစ်သည်။

အရေးပေါ်ညီလာခံ မကျင်းပမီ ရက်အနည်းငယ်အလို၌ အစိုးရက တခါမှ မပေးခဲ့ဘူးသော လိုက်လျောမှုတခုကို ကြေညာခဲ့သည်။ ဇူလိုင်လ ၁၉ ရက်နေ့၌ မြန်မာ့အသံ ညနေပိုင်းသတင်းတွင် မတ်လအတွင်းက လူပြည့်သိပ်နေသော အချုပ်ကားထဲတွင် အသက်ရှူကြပ်ပြီး လူ ၄၁ ဦး သေဆုံးခဲ့ရကြောင်းကို ဝန်ခံခဲ့၏။ တစိတ်တဒေသ ပိုမို၍ မငြိမ်မသက်ဖြစ်လာသော ပြည်သူတို့ကို နှစ်သိမ့်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ပုံရသည်။ ဤသည်မှာ မတ်လအရေးအခင်းများအတွင်း လူနှစ်ဦးထက်ပို၍ သေဆုံးခဲ့ကြသည်ကို အာဏာပိုင်များအနေဖြင့် ပထမဆုံးဝန်ခံခြင်းဖြစ်သည်။ ထိုဝန်ခံချက်ကို တိုက်တိုက်ဆိုင်ဆိုင် အာဇာနည်နေ့တွင် ကြေညာခဲ့သည်။

ထိုအရေးအခင်းနှင့် ပတ်သက်၍ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဗိုလ်မှူးကြီး ဦးမင်းဂေါင်ကို ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။ နောက် ၂ ရက်အကြာတွင် ရန်ကုန်မြို့ ပြည်သူ့ရဲတပ်ဖွဲ့ ရဲချုပ်ဦးသိန်းအောင်ကိုလည်း အလားတူ နုတ်ထွက်ခွင့်ပေးခဲ့သည်။ ပြည်သူ့ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူး ဦးပေါ်ကြည်ကို တွဲဖက်ညွှန်ကြားရေးမှူးအဖြစ်သို့ ရာထူးချကာ နယ်သို့ပြောင်းလိုက်သည်။ ထို့နောက် သေဆုံးမှုများအတွက် တိုက်ရိုက်တာဝန်ရှိသူ အဓိကရုဏ်းထိန်းသိမ်းရေးတပ်ဖွဲ့၏ ခေါင်းဆောင် ဗိုလ်မှူးဆောင်းလှငြိမ်းကို ၂ နှစ်အတွင်း ရာထူးမတိုးပေးရဟု ပိတ်ပင်လိုက်သည်။

မတ်လအတွင်းက အချုပ်ကားပေါ်၌ အသက်ရှူကြပ်၍ သေဆုံးခဲ့ရသောကျောင်းသား ၄၂ ဦးရှိသည်ဟု ရန်ကုန်မြို့နေလူထုက ပြောဆိုခဲ့ကြသည်။ ရဲအဖွဲ့နှင့် နီးစပ်သူတဦးက အောက်ပါအတိုင်း ပြန်ပြောပြသည်။

"လုံထိန်းလုပ်ပုံက အချုပ်ကားထဲကို ကျပ်သိပ်ထည့်ထားတယ်၊ မျက်ရည်ယိုဗုံးဒဏ်တွေကြောင့် ဒဏ်ရာရနေတဲ့ လူ ၄၂ ယောက်ကို ကားကြမ်းပြင်ပေါ်မှာ ပစ်လှဲထည့်ခဲ့တယ်၊ ကားပြည့်မတတ် ဖြစ်နေပေမဲ့လည်း တဦးပေါ်တဦး မှောက်ပြီး ထပ်ထည့်ဖို့ အမိန့်ပေးနေတယ်၊ အဲဒီကား အင်းစိန်ထောင်ကိုရောက်လို့ တံခါးဖွင့်လိုက်တော့ ဒဏ်ရာရတဲ့လူတွေမဟုတ်ဘဲ လူအသေကောင်တွေသာ ထွက်လာခဲ့တယ်၊ ပိုပြီးဆိုးတာက လူတင်ပြီးတဲ့နောက် ထောင်ကိုသွားတာ ၄ နာရီကြာခဲ့တယ်။

ပုလိပ်အရာရှိများကို အရေးယူအပြစ်ပေးသော်လည်း ပြည်သူလူထုက အပြစ်မှာ ပေါ့လွန်းသည်ဟုယူဆကြသည်။ ယင်းအရေးအခင်းတွင် ပြည်ထဲရေးဝန်ကြီး ဦးမင်းဂေါင်၏ ကဏ္ဍမှာ အသေးအမွှားသာဖြစ်သည်။ မတ်လအရေးအခင်းတွင် သူသည် ရန်ကုန်ပင်မတက္ကသိုလ်သို့ ရောက်ရှိလာကာ လမ်းလျှောက်မဟောပြောချက်မှ အရေးအခင်းအား မည်ကဲ့သို့နှိမ်နင်းရန် ညွှန်ကြားချက်အချို့ကို ပေးခဲ့သည်။ ဦးမင်းဂေါင်နှင့်တကွ ပုလိပ်အားလုံးမှာ လုံထိန်းတို့၏ ဦးစီးချုပ်ဖြစ်သူ ဦးစိန်လွင်ချမှတ်သော အမိန့်များကို လုပ်ကိုင်ခြင်းသာဖြစ်ကြောင်း လူတိုင်းသိရှိကြသည်။ သိသာထင်ရှားသည်မှာ ခါးစားခံ အချို့ကို ရွေးချယ်အပြစ်ပေးလိုက်ပြီး တရားခံအစစ်အမှန်တို့ကို အပြစ်ပေးရာက ပယ်ကြမည်

မဟုတ်ပေ။ ဦးဝိနိုလ္ဖင်မှာ မတ်လအရေးအခင်း တွင်သာမက ဇွန်လအရေးအခင်းတွင်လည်း ဦးစီးကိုင်တွယ်ခဲ့သူဖြစ်သည်။

ဤသို့ အရေးအခင်းများဖြစ်နေချိန်တွင် ဦးနေဝင်း၏ စိတ်ဓါတ်မှာ စဉ်းစားစရာပင် ဖြစ်သည်။ မတ်လအရေးအခင်းများဖြစ်ပြီးမကြာမီ သူသည် စိတ်ဆေးလက်ဆေးဖြင့် နိုင်ငံခြားသို့ ထွက်ခွာသွားခဲ့သည်။ သို့သော် ယခုအခါ အဓိကရုဏ်းသည် သူ၏ ဇာတိမြို့အပါအဝင် နိုင်ငံအဝှမ်းသို့ ပြန့်နှံ့ခဲ့ပြီဖြစ်သည်။ အတိုက်အခံ ဆန့်ကျင်မှုသမား များသည် အရှိန်အဟုန် ကြီးမားလှသောအင်အား ပြတ်သားသော နိုင်ငံရေးတောင်းဆိုချက်များကိုပါ မှန်းတောင်လာကြတော့သည်။ ဦးနေဝင်း၏ ဥမ္မာဒနှင့် သူ့ပီသသော၏ စည်းစိမ်တို့ကိုပါ စိစစ်တွက်ချက်လာကြတော့သည်။ လူအများကသူ့ကို ဖိလစ်ပိုင်မှ ဖြုတ်ချခံရသော သမ္မတမားကို့စ်နှင့် နှိုင်းယှဉ်လာကြသည်။ သူတို့နှစ်ဦးတွင် တူညီသော စရိုက်လက္ခဏာ များစွာရှိသည်မှာ ယုံမှားသံသယဖြစ်ဖွယ် မဟုတ်သော်လည်း ရက်အနည်းငယ်အတွင်း ဖြစ်ပေါ်မှုများက ဦးနေဝင်းသည် အာဏာရူး၊ ဥစ္စာရူးဖြစ်ကာ တတိယကမ္ဘာ၏ အကျင့်ပျက်နေသည့် သာမန်အာဏာရှင်တဦးမဟုတ်ကြောင်း ထင်ရှားပြခဲ့လေပြီ။

ကိုယ်စားလှယ်တော် ၁၀၀၀ ကျော်တို့သည် ဆရာစံခန်းမသို့ နံနက် ၈ နာရီ ၃၀ မိနစ်တွင် ရောက်ရှိလာကြပြီး ထုံးစံအတိုင်း၊ အခမ်းအနားအစီအစဉ်များကို ပြုလုပ်ပြီးချိန်တွင် ခမ်းမကြီးထဲသို့ ဦးနေဝင်း ဝင်ရောက်လာခဲ့သည်။ သူ့နောက်တွင် ငယ်ရွယ်ပြီး မျက်နှာသား ကင်းမာထက်သန်လျှက် အများကရွံ့မုန်းနေကြသည့် သူ့လူယုံ စစ်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ခင်ညွန့် ပါလာသည်။ စင်မြင့်ပေါ်သို့ ဦးနေဝင်း လျှောက်လာခဲ့ချေပြီ။

"လေးစားအပ်တဲ့ ပါတီညီလာခံ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား၊ စီးပွားရေးအပေါ်ညီလာခံ ခေါ်ရတဲ့အကြောင်းနဲ့ ဒီညီလာခံမှာ တင်ပြဆွေးနွေးအတည်ပြုပြီး လုပ်ငန်းအဖြစ် အကောင်အထည်ဖော်ရမဲ့ အချက်တွေကို တင်ပြပါမယ်။ တင်ပြတဲ့အထဲမှာ အခြားဖေါ်ပြချက်ကဲ့ အချက်အလက်များလည်း ပါပါလိမ့်မယ်" ဟူသည်ဖြင့် အသက် ၇၇ နှစ် ရှိပြီဖြစ်သော ဥက္ကဋ္ဌကြီးသည် သူ၏နာရီဝက်ကြာ မိန့်ခွန်းကို အစပျိုးခဲ့သည်၊

"မတ်လနှင့်ဇွန်လများမှာ ဖြစ်ပျက်ခဲ့တဲ့ သွေးထွက်သံယိုအရေးအခင်းများဟာ အစိုးရအဖွဲ့နဲ့ ပါတီအဖွဲ့ကို ဦးဆောင်နေတဲ့ပါတီကို အယုံအကြည်ကင်းမဲ့နေတာကို ထိုရန်းရင်းဆန်ခတ်ရာတွင် ကိုယ်တိုင်ပါဝင်သူများနဲ့ နောက်ကွယ်မှအားပေးသူများက ဖေါ်ပြလိုက်ပါတယ်။ တတိုင်းပြည်လုံး လူထုအနေနဲ့ ဒီအယုံအကြည်ကင်းမဲ့သူဘက်က အများစုလား၊ အနည်းစုလားဆိုတာ ဆန်းစစ်ဖို့လိုပါလိမ့်မယ်၊ တပါတီစနစ်(သို့မဟုတ်) ပါတီစုံစနစ်ဆိုတဲ့ စနစ်နှစ်ခုမှာ ဘယ်စနစ်ကိုရွေးပါသလဲလို့ တပြည်လုံး လူထုဆန္ဒခံယူပွဲ ကျင်းပရင် ဆန်းစစ်မှုအဖြေပေါ်နိုင်မည်ဟု ယူဆတာကြောင့် တပြည်လုံး လူထုဆန္ဒခံယူပွဲ ကျင်းပပေးဖို့ ညီလာခံသို့တင်ပြပါတယ်"

ယင်းညတွင် မြန်မာ့အသံမှ ထိုမိန့်ခွန်းကို နားထောင်နေကြသော မြန်မာပြည်သူတို့မှာ လုံးဝအံ့ဩသွားကြတော့သည်။ သို့သော် ဦးနေဝင်းက ပြည်သူ့ဆန္ဒခံယူပွဲကို အကြံပြုပြီးသည့်နောက်တွင် မဆလပါတီဗဟိုကော်မတီဌာနချုပ် အတွင်းရေးမှူး ဦးဆွေဟန်သည် စကားပြောခွက်ကိုယူကာ ဦးနေဝင်း၏ မိန့်ခွန်းတပိုင်းတစကို ပထမ နာမ်စားသုံး၍ ဖတ်ကြားခဲ့သည်။

"ကျွန်တော်ဟာ မင်္ဂလာဆွန်လာမှုအတွင်းက စိတ်မချမ်းမြေ့စရာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်တွေကြောင့် သွယ်ဝိုက်သောနည်းဖြင့် တာဝန်မကင်းသူဟု ယူဆထားကြောင်း၊ အသက်အရွယ်လည်း ရောက်လာတာကတစ်ကြောင်းတို့ကြောင့် ပါတီဥက္ကဋ္ဌနှင့် ပါတီဝင် အဖြစ်မှ ထွက်ခွင့်ပေးကြပါလို့ ပါတီဝင်တွေကို မေတ္တာရပ်ခံအပ်ပါတယ်"

"အရင်က ကျွန်တော်အနားယူလို့ ဥက္ကဋ္ဌတာဝန်က ထွက်ဖို့ပြောတိုင်း တိုင်ပင်ဖော်တိုင်ပင်ဖက် လုပ်ဖော်ကိုင်ဖက်တွေက တားကြသတဲ့၊ နိုင်ငံရေးသံသရာအတွင်းမှာ စိတ်မချမ်းသာဘဲနဲ့ တစ်လည်လည် ကျင်လည်နေခဲ့ရပါတယ်။ အခုတစ်ခါတော့ တိုင်ပင်ဖော် တိုင်ပင်ဖက်တွေကပါ ထွက်ခွင့်ကို သဘောတူယုံမက သူတို့ပါကျွန်တော်နှင့်အတူ ဘယ်ကြီး ထွက်ပါရစေတော့ဆိုပြီး သူတို့ထွက်စာတွေကို ကျွန်တော့်လက်ထဲ အပ်ထားကြပါတယ်"

သူတို့ဆိုသူများမှာ မဆလပါတီ ဒုတိယဥက္ကဋ္ဌကြီးလည်းဖြစ်၊ နိုင်ငံတော် သမ္မတကြီးလည်းဖြစ်သူ ဦးစန်းယု၊ မဆလပါတီ အထွေထွေအတွင်းရေးမှူး ဦးစိန်လွင်၊ ကာကွယ်ရေးဝန်ကြီး ဦးကျော်ထင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးထွန်းတင်တို့ ဖြစ်ကြသည်။ တနည်းဆိုရသော် မြန်မာပြည်ကို နှစ်ပေါင်းများစွာ အုပ်ချုပ်လာခဲ့ကြသော ပါတီနှင့်နိုင်ငံ့ခေါင်းဆောင်များအနက် အရေးပါသော ပုဂ္ဂိုလ်အားလုံးပင်ဖြစ်သည်။

မည်သူမျှ မမျှော်လင့်ထားသော နုတ်ထွက်ခြင်းများကို ဦးခွေးဟာနိုက ဖတ်ကြားပြီးသောအခါ ဦးနေဝင်းသည် စကားပြောခွက်ကို ပြန်ယူ၍ သူ၏မိန့်ခွန်းကို ဆက်လက်ဖတ်ကြားပြန်သည်။ ၎င်းက ဆက်လက်၍ ၁၉၆၂ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့က ကျောင်းသားသမဂ္ဂအဆောက်အဦးကို ဖေါက်ခွဲဖျက်ဆီးခဲ့သူမှာ မည်သူဖြစ်ကြောင်း ယင်းသမဂ္ဂ ဖေါက်ခွဲဖျက်ဆီးမှုမှာ သူ့အားမှ မသိရကြောင်း ပြောကြားခဲ့သည်။

"ထိုပေါက်ကွဲဖျက်ဆီးရန်အတွက် ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် ကျွန်တော်နှင့် တော်လှန်ရေးကောင်စီအဖွဲ့ မပါခဲ့ပါ။ ဇူလိုင်လ ၈ ရက် နံနက်ပိုင်းမှ ဗုံးကြီးကြီးတလုံး ပေါက်ကွဲသံနှင့် အဆောက်ပြိုင်းသံသော မြည်ဟီးသံကြီးကြားရသဖြင့် စုံစမ်းတော့မှ သမဂ္ဂအဆောက်အဦးကို ဒိုင်းနမိုင်းတို့ဖြင့် ဖျက်ဆီးလိုက်ကြောင်း ကျွန်တော်သိရပါသည်"

ထို့နောက် သူကိုယ်တိုင် စုံစမ်း၍ သိလာရသော တရားခံမှာ ယခုအခါ ကွယ်လွန်နေသော အစိုးရဆန့်ကျင်ရေးသမား ဦးအောင်ကြီးပင်ဖြစ်သည်ဟု ဆိုသည်။ တိုင်းပြည်တွင် မငြိမ်မသက်မှုများနှင့် ပတ်သက်၍ နေဝင်းသည် စကားပြောသည်မှာ။

"နေဝင်းကို လူစုလူဝေးနဲ့ ဆူဆူပူပူလုပ်ပြီ ရှိရင်တော့ စစ်တပ်ဆိုတာ ပစ်ရင်မှန်အောင် ပစ်တယ်။ မိုးပေါ်ထောင်ပြီး ပေါက်ဖို့တော့မပါဘူး။ အဲဒါ နေဝင်းကို ဆူဆူပူပူလုပ်ပြီ ရှိရင်တော့ ဆူတဲ့လူတွေ မသက်သာဘူးလို့သတိပေးထားလို့——"

မိန့်ခွန်းပြောပြီးသောအခါ ဦးနေဝင်းသည် ချက်ချင်းပင် ခန်းမကြီးမှထွက်သွားကာ သူ့ကိုယ်ပိုင် မီးယက်ကားကြီးစီးပြီး အင်းလျားကန်နဘေးရှိ အေးသီလမ်းနေအိမ်တော်သို့ ပြန်သွားခဲ့သည်။ ညီလာခံကို ရပ်နားလိုက်ပြီး မွန်းလွဲပိုင်း၌ ဆက်လက်ကျင်းပပြန်သည်။ ဦးဓအာကို၏ မွန်းလွဲပိုင်းမိန့်ခွန်းတွင် ကုယ်ပြန်ခဲ့သော စီးပွားရေးပြုပြင်ပြောင်းလဲမှုများ လုပ်မည့်ဖြစ်ကြောင်း ကတိပေးထားပြန်သည်။ တိုင်းပြည်တွင် ပုဂ္ဂလိကလုပ်ငန်းများနှင့် နိုင်ငံခြားကုန်သွယ်ရေးတို့ကိုပါ အမှန်တကယ် လုပ်ကိုင်ခွင့်ပေးမည်ဟု ပြောဆိုခဲ့သည်။ နိုင်ငံပိုင်အနေနှင့် ရေနံ၊ သဘာဝဓါတ်ငွေ့၊ ပုလဲ၊ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ လုပ်ငန်းများကိုသာ ချန်ထားမည်ဖြစ်သည်။

ကတိုင်းပြည်လုံးတွင်သာမက သံတမန်အသိုင်းအဝိုင်း၌လည်း နားမလည်နိုင်အောင် ဖြစ်သွားကြသည်။ နိုင်ငံတကာ ကြေးနန်းသတင်းဌာနကြီးများတွင် ဖြည်သူတို့၏ ဘေ့ရဲ့ နစ် အားရမှုများကို ဖော်ပြလာသည်။ ပြည်သူလူထု၏ ဒေါသမှာ မြန်မာနိုင်ငံတွင် ၂၆ နှစ်ကိုင်တိုင် အုပ်ချုပ်ခဲ့သော တပါတီစနစ်နှင့် အာဏာရှင်တို့၏ အတင်းကြပ်ဆုံးသော ဆိုရှယ်လစ်စနစ်တခုကို နိုင်းချပြဆဲခဲ့သည်။

အမှန်တကယ်ပင် ဒီလိုမျိုးခဲ့သည်လား။

ဗိုလ်ချုပ်နေဝင်း၏ ဒါဏ်ခံရသော အရေးများ ဖြစ်ပေါ်လာသည်။

နောက်တနေ့ ညီလာခံဆွေးနွေးသောအခါတွင် ကိုယ်စားလှယ်တော်ကြီးများ ပဉ္စမြိုးတစ်ဦး ဇင်မြင့်မေါင်တင်ကတ ဦးနေမင်းသား တာဝန်ဆက်လက်ထမ်းဆောင်ပါရန် ကိုက်တွန်းပန်ကြားကြသည်။ ပထမဦးဆုံး စကားပြောခွင့်ကိုင်သူမှာ ကရင်ပြည်နယ်မှ ဝင်ရွယ်သော ကိုယ်စားလှယ်တဦးဖြစ်သူ လာနန်ဘောက်ဖြစ်သည်။

သူက "တိုင်းရင်းသားစည်းလုံးသိဥတ်မှုကို တည်ဆောက်တဲ့နေရာမှာ အတိတ်ကာလက တွေ့ကြုံခဲ့ရတဲ့ မါးသီးသောအတွေ့အကြုံများအရ ပါတီစုံစနစ်ကို ကျင့်သုံးဖို့ သုံးဝမဖြစ်နိုင်ဘူးလို့ ယုံကြည်ပါတယ်။ ဒါ့အပြင် ပါတီစုံစနစ်ဟာ အထိန်းအကွပ်ကင်းမဲ့တဲ့ အလွန်အကျွံ ဒီမိုကရေစီစနစ်ကို ခံယူကျင့်သုံးတဲ့အတွက် ပြိုကွဲသားတဲ့အောင်မှုဒ်၊ ထိရောက်တဲ့လုပ်ငန်းစဉ်၊ မှန်ကန်တဲ့မူဝါဒတွေကို ချမှတ်တဲ့နေရာမှာ အဖတ်အခဲနဲ့ ကြုံတွေ့နိုင်ပါတယ်။ အထူးသဖြင့် အခုလို နိုင်ငံတော်စီးပွားရေး စိုင်မာခတောင့်တင်းအောင် တည်ဆောက်နေတဲ့အခါမှာ တပါတီစနစ်သည်သာ အထိရောက်ဆုံး အသင့်တော်ဆုံး ဖြစ်ကြောင်း၊ တင်ပြအပ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆက်၍ "မြန်မာ့ဆိုရှယ်လစ်လူ့ဘောင် ရှင်သန်တိုးတက်ပြီး လုံးဝဥဿုံ အောင်မြင်လာတဲ့အထိ ဥက္ကဋ္ဌကြီးကတဲ ဦးဆောင်မှုပေးသွားပါရန် ကျွန်တော်တို့ လိုလားတောင့်တလျက် ရှိကြပါတယ်။ ဒါ့အပြင် ဥက္ကဋ္ဌကြီးနဲ့အတူ နိုင်ငံ့ခေါင်းဆောင်များက တာဝန်မှ အနားယူရန် တင်ပြတာနဲ့ပြင်းကို ကချင်ပြည်နယ်မှ ပါတီဥက္ကဋ္ဌ ကိုယ်စားလှယ်များက လုံးဝသဘောမတူကြောင်း၊ တင်ပြအပ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ကယားပြည်နယ်မှ ဦးကျော်လှိုင်က "ပါတီစုံစနစ် ကျင့်သုံးလျှင် လွတ်လပ်ရေး ဆုံးရှုံးရမည့်အန္တရာယ် ဖြစ်ပေါ်လာနိုင်သည်"ဟု ပြောကြားခဲ့သည်။ ရှမ်းပြည်နယ်မှ ကိုယ်စားလှယ်တဦးဖြစ်သူ ခန်မန်က "ပါတီစုံစနစ်ကျင့်သုံးရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲ မပြုလုပ်ရန်မလိုပါ"ဟု ကြွေးကြော်သွားခဲ့သည်။ တနင်္သာရီတိုင်းမှ ပါတီယူနစ်ကော်မတီဝင် ဦးမောင်မောင်နိုင်က "မဆလပါတီသည် မြန်မာပြည်၏ တခုတည်းသောပါတီအဖြစ် အမြဲတမ်း ရပ်တည်နေပြီး ဖြစ်ရှိ၍ တပါတီစနစ်ကိုသာလျှင် ဆက်လက်ကျင့်သုံးသွားရမည်။ ပါတီဥက္ကဋ္ဌကြီးအနေနှင့် ပါတီဝင်အဖြစ်မှ နှုတ်ထွက်ရန် မလိုအပ်ပါ"ဟုဆိုသည်။ မကွေးတိုင်းမှ ဦးစန်ရီက "ပါတီစုံစနစ်သည် မင်းပြဲဝါဒနှင့် တဝေမတ်တည်းစနစ်တို့ကို ဖြစ်ပေါ်စေပြီး တပြည်နှင့်တပြည်၊ လူတန်းစား တခုနှင့်တခု၊ မိသားစုအချင်း တဦးနှင့်တဦး၊ တရွာနှင့်တရွာ၊ တမြို့နှင့်တမြို့ အကြားတွင် စည်းလုံးညီညွတ်မှု ပျက်ပြားစေမည်ဟူ၍ပင် ပြောကြားခဲ့ကြသည်။ အဆိုပြုချက်ကို ထောက်ခံသော သူများမှာ မန္တလေးတိုင်းမှ ဦးသန်းထွန်းနှင့် ပဲခူးမြို့မှ ဦးစံတင်တို့ ဖြစ်သည်။ ဦးစံတင်က "ပါတီဥက္ကဋ္ဌကြီးသည် ပါတီအပေါ် မိဘသဖွယ်ဖြစ်၍ ဆက်လက်ခေါင်းဆောင်မှုပေးပါရန် သို့လာခံမှ ပန်ကြားသင့်ကြောင်း" ပြောခဲ့သည်။ ညီလာခံသည် တခုသော အရေးအရာတွင်

အားလုံးတညီတညွတ်ထဲရှိကြလေသည်။ လူတိုင်းက ဦးနေဝင်းအား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ကြသည်။ အကြောင်းမှာ ၁၉၆၂ ခုနှစ်တွင် ကျောင်းသားသမဂ္ဂ အဆောက်အအုံကို ဖေါက်ခွဲဖျက်ဆီးခဲ့သော ဖြစ်ရပ်မှန်ကို ပြောကြားခဲ့သောကြောင့် ဖြစ်သည်။

အစိုးပွါယ်တခုထက်ပို၍ ထူးခြားသော အရေးပေါ်ညီလာခံကြီးသည် ၂၅ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ ဦးနေဝင်းအား ပါတီဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ခွင့်ပြုခဲ့သော်လည်း ပါတီဝင်အဖြစ် ရှိနေဆဲဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရွက်ရန်မှာ ပို၍ အရေးကြီးကြောင်း၊ ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်ရန်မလိုဟု ကိုယ်စားလှယ်များက ဆုံးဖြတ်ခဲ့ကြသည်။ ဦးစန်းယုကိုလည်း နုတ်ထွက်ခွင့်ပေးခဲ့သည်၊ သို့သော် ဦးအေးကို၊ ဦးစိန်လွင်၊ ဦးကျော်ထင်၊ ဦးထွန်းတင်တို့မှာ တာဝန်ကြောင်းမထွက်ရ၍ သူတို့၏ လိုလားချက်များကို အလေးထားခြင်း မခံခဲ့ရပေ။ သူတို့ ဆက်လက်၍ တာဝန်ထမ်းဆောင်ရမည်ဟု ညီလာခံမှ ဆုံးဖြတ်ခဲ့သည်။

ပြည်တွင်းနှင့်ပြည်ပမှ မြန်မာပြည်သို့ စောင့်ကြည့်နေကြသူများသည် ဖြစ်ရပ် အစစ်အမှန်မှာ မည်သို့နည်းဟု စိတ်ရှုပ်သွားကြသည်။ ဦးနေဝင်းမှာ ညီလာခံ ပထမနေ့တွင်ပင် ပြုတ်ကျသွားပြီး နောက်ရက်နေ့များတွင် ပေါ်မလာတော့ပေ။ မှန်းဆချက်အားဖြင့် မဆလပါတီညီလာခံများကို ပြသသည်ဆိုသည်မှာ အသင့်ချမှတ်ပြီးသော ဆုံးဖြတ်ချက်များကို အတည်ပြုရန်အတွက် ရာဘာတံဆိပ်တုံးရိုက်နိုင်ခြင်း သဘောသာဖြစ်လေသည်။ ၂၆ နှစ်တိုင် သက်ဦးဆံပိုင် တပါတီစနစ်အုပ်ချုပ်ရေးအောက်တွင် နေခဲ့သည့် မြန်မာပြည်သည် ပါတီသူကြီးတင်သွင်းလာသော အဆိုကို ဆန့်ကျင်ရန် မဖြစ်နိုင်ခဲ့ချေ။ သို့သော် ဖြစ်ရပ်မှာ အသာယာနည်း။ သူ့ကိုယ်တိုင် နုတ်ထွက်သည့် ပါတီ၏ အခြေခံအားဖြစ်သည့် ပါတီဝင်များသည် အာဏာရှင်သက်ဟောင်းကြီးကို ကိုယ်ရေးသည့်အလျောက် ကိုယ့်မြင်နိုင်ခြောက် ဆိုးသကဲ့သို့ ပုန်ကန်ကြလေပြီလော။

နိုင်ငံခြားမှလေ့လာနေသူများမှာ မိုက်မောလှအား အလုပ်များသွားခဲ့ကြသည်။ ဆန်းစစ်သူများစွာမှာ မဲပေးပုံအသွင်အပြင်ကို ဆွဲလာကြသည်။ အချို့က စဉ်းစားသည်မှာ လူမျိုးစုဒေသများမှ ကိုယ်စားလှယ်တို့သည် အဆိုပြုချက်ကို ကန့်ကွက်မဲပေးခဲ့ကြသည်။ လူမျိုးစုမှ ခုခံမှုများ ရှိနေသောကြောင့် နယ်မြေတည်ငြိမ်မှုနှင့် ဆက်လက်တည်မြဲမှုတို့မှာ အဓိကအချက်ဖြစ်၍ ဤသို့ကန့်ကွက်ခြင်းဖြစ်သည်ဟု ယူဆကြသည်။ နည်းပါးသော ထောက်ခံမှုတို့မှာ အေးချမ်းသည့် အလယ်ပိုင်းမြေပြန့်ဒေသမှဖြစ်သည်။ ညီလာခံမှ ဦးနေဝင်း ရုတ်တရက်ထွက်သွားခြင်းမှာ ဦးနေဝင်းလက်မှ အာဏာလျှောကျသွားပြီဟု ညွှန်းဆိုဖွင့်ပြလေလောဟု၍ ပဟေဠိဖြစ်နေသည်။ သို့ရာတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှု ပြုလုပ်ပေးမည်ဟူသော ကတိကြောင့် စိတ်အားထက်သန်နေကြသော နိုင်ငံခြားမှ လေ့လာသူများသည် ဤသို့သော အထင်အမြင်တို့ကို ဂရုမစိုက်ကြတော့ချေ။ နှစ်ပေါင်းများစွာ စောင့်ဆိုင်းနေခဲ့ကြသည့်အချိန် ရောက်ရှိလာလေပြီ။ သံယံဇာတကြွယ်ဝသော မြန်မာပြည် တံခါးပွင့်ပေတော့မည်။

လမ်းများပေါ်မှ ပြည်သူတို့မှာ ထိုသို့သော ထင်မြင်သုံးသပ်ချက်များကြောင့် စိတ်တွေဝေ ချောင်တွေကြကုန်၏။ လေ့လာသူများသည် ညီလာခံ၏ စိန်ပြလုပ်ဆောင်ချက်များကို မယုံကြည်ကြပေ။ အာဏာရှင် ဦးနေဝင်း၏ အကျင့်စရိုက်ကို သိထားကြသောကြောင့် 'နံပါတ်တစ်' အသက်ရှင်နေသေးသ၍ ကာလပတ်လုံး အပြောင်းအလဲမဖြစ်နိုင်ဟု ယုံကြည်

နေကြသည်။ သမီးကြီးနှင့်လည်းမဆိုင်၊ ပါတီဥက္ကဋ္ဌနှင့်လည်းမဆိုင် သူသာလျှင် နိုလ်ပြင်၏။ နေဝင်းမှာ နေဝင်းပင်ဖြစ်တော့သည်၊

"သူ့ရဲ့တကယ့်ဆန္ဒကိုဖီဆန်ပြီး ညီလာခံက မဲပေးကြမယ်ဆိုကာ မပြဿနာရှိရောတဲ့၊ ပြည်သူ့ဆန္ဒမဲယူပွဲကို အဆိုတင်ပြီး ညီလာခံက ပယ်ချတော့က နေဝင်းဟာ ဇာတ်စင်ပေါ်ကနေ သိက္ခာနဲ့နဲ့ ကန့်လန့်ကာနောက်ကို ဝင်သွားပြီး ကြိုးဆွဲနိုင်အောင် အကွက်ဆင်တာဖြစ်တယ်၊ ဒါက အာဏာဆက်လက်တည်မြဲအောင် ကြံစည်ကဲ့ စဉ်းလဲမှုကြီး တခုဖြစ်ကြောင်း၊ အခု လုတ်ိုင်ဟာ ခေါင်းဆောင်ကောင်းတွေကို သဘောရနေကြတော့မယ်။ ဘာပဲပြောပြော ပြည်သူ့ဆန္ဒမဲယူပွဲကို အဆိုပြုခဲ့တာက ဦးနေဝင်း၊ ခါကို သူ့စိတ်ပါပဲ ညီလာခံက ပယ်ချခဲ့တာကလို့ သမိုင်းစာမျက်နှာမှာ သူ့အကွက်နေရာကျအောင် ကွက်ဆောင်ခဲ့တာဖြစ်မယ်၊ ဒါသူ့စိတ်ကူးဘဲ" ဟု မြန်မာမီးတင်ဆရာတဦးက ကောက်ချက်ချခဲ့သည်။

နေဝင်းစကားပေါ်လာသော ဖြစ်ရပ်များက ဤသို့သာဖြစ်ခဲ့သလောက်ဖြစ်၊ ဆက်စပ်လာကြသည်။ မြန်မာပြည်သည် ပွင့်လင်းလွတ်လပ်သော ခေတ်သစ်တခုသို့ ခြေလှမ်းလာနိုင်း မဟုတ်ပဲ ချက်ချင်းသိသာလာတော့သည်။ [illegible] ထူးခြားသော ရက်သတ္တပတ် ကုန်ဆုံးချိန်တွင် သမတကြီးနှင့် မဆလပါတီဥက္ကဋ္ဌ ရာထူးတို့ကို ဆက်ခံမည့်သူအား ရွေးချယ်၍ ကြေညာလိုက်ကြသည်၊ အရွေးချယ်ခံရသူမှာ လူသတ်ကောင်ကြီး ဦးစိန်လွင်ပင် ဖြစ်နေလေသည်။

# အခန်း (၄)

## သားသတ်သမား

မြန်မာပြည်တွင် ဝါဆိုလပြည့်နေ့အထက် မှန်မြဲသော မိုးကြီးရေကြီးမရှိရ၊ ကိုဖနေသည့် ဇွန် သို့မဟုတ် ဇူလိုင်လအတွင်း ကျရောက်ပြီး ဗုဒ္ဓဘာသာဝင်တို့ သတင်းသီလ ဆောက်တည်ရသော ဝါဆိုလ၏ အစနေ့လည်းဖြစ်သည်။ ဤအချိန်သည် နိုင်ငံရှိ တောင်သောင်းမကသော ဘုန်းတော်ကြီးများ သူတို့၏ကျောင်းများတွင် သတင်းသုံး နေထိုင်ကြသော စာပေပရိယတ်လေ့လာခြင်း၊ ကမ္မဋ္ဌာန်းကုသိုလ်ပြုခြင်း၊ ကိုယ်ပြုလုပ်သော အချိန်သာမယကာလည်း ဖြစ်သေးသည်။ ဗုဒ္ဓပရိသတ်မှ မည်သည်သောနေ့၊ ဗုဒ္ဓလောကစည်းစိမ်ကို စွန့်လွှတ်ပြီး တောထွက်သောနေ့ သမ္ဗောဓိဉာဏ်တော်ကို ရပြီးနောက် ပထမတရား တော်ဖြစ်သော ဓမ္မစကြာ ပဝတ္တနသုတ္တံ(ပါ)သစ္စာတရားများဟောတော် ဘောင်လည်းပင် ဆန်းခြင်းမေးရာကို ဖြေကြားသောနေ့ စသည်တို့သည် ယင်းနေ့တွင် ဘုရားဖြစ်ကာလ ကျရောက်၍ ဗုဒ္ဓဘာသာဝင်အားလုံး အထိမ်းအမှတ်ပြု ပျော်ရွှင်ကြသောနေ့ဖြစ်သည်။

နံနက်ပိုင်းတွင် ဘုန်းတော်ကြီးများအား ဆွမ်းကပ်ကာ ဝါဆိုသင်္ကန်းများ ကပ်လှူကြသည်။ ဘာသာရေးကိုင်းရှိုင်းသော ဗုဒ္ဓဘာသာဝင်များမှာ ဥပုသ်သီလဆောက်တည်ကြသည်။ မွန်းလွဲပိုင်းတွင် သူတိုင်းလိုလို ဆေးတိုက်ထိုးများသို့ စုဝေးရောက်ရှိလာကာ ဖယောင်းတိုင်များ ထွန်းညှိပူဇော်ခြင်း၊ ပန်းများသင်္ဘောကျွဲပါနှင့်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်ဆင်းတုအား အမွှေးနံ့သာ ပက်ဖြန်းခြင်းများ ပြုလုပ်ကြသည်။ ရန်ကုန်မြို့လယ်၏ မြောက်ဘက်အစပ် တောင်ကုန်းပေါ် တွင် တည်ရှိနေသော ရွှေတိဂုံစေတီတော်သည် ထောင်ပေါင်းများစွာသော ကိုးကွယ်သူတို့ကို ဆွဲဆောင်ရာဌာနဖြစ်ပြီး အမြဲတစေ ဘုန်းစင် တည်ငြိမ်ဖျော်ရှိသည်။

၁၉၈၈ ခုနှစ်တွင် ထိုအခြေအနေမှာ ပြောင်းလဲလာခဲ့သည်။ ဘီတံဆိတ်တော်သဒ္ဒြံမှာ ဘုရားဖူးအားရုံပြုနေသူများ အကြားတွင် အနှုန်းရသမိုး၏ ချော့ဖြူး တင်းမာမှုက ပေါ်လွင် နေသည်။ မှန်ကိုင်းမကျူး လေးဒွဲ့ပုံသိုက်နေသော ပုံစံမျိုးဖြစ်နေသည်။ ရုက်ခြည်ပင် လူငယ်အချို့သည် စေတီအနီးရှိ ဈေးတိုင်လီများပေါ်တက်ပြီး ဒီနိုဗွန်းပြောကြားခြင်း အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံများ ယမ်းအော်ခြင်းတို့ကို စတင်ပြုလုပ်ကြတော့သည်။ ယောမငြိမ်းဘူ ၄ ယောက်အနက် ၁ ဦးမှာ ငုံ့ချည်စိမ်းဝတ်ထားရုံ အသက်တန်ကျောင်းသားမှန်း သိရသည်။ "ကျောင်းသားတွေ ပြည်သူတွေဟာ အမြဲနိုင်မံနေကြရတယ်"ဟု လုံ့ဆော်သူ လူငယ်များက ပြောဆိုကြသည်။ "ဦးနေဝင်းနဲ့ မဆလအစိုးရကို ဖြုတ်ချရေးအတွက် ပြည်သူတွေရဲ့တောက်ခံမှုကို ကျွန်တော်တို့လိုနေတယ်" အားကြည့်ပရိတ်သတ်မှာ စုဝေးလာကာ သဘောတူသည့်အနေ ဖြင့် ခေါင်းညိမ့်ကြသည်။ တချို့က လက်ခုပ်တီး၍ ဩဘာပေးကြသည်။ တချို့က ဆော်ဟစ်အားပေးကြသည်။ အထက်အညာ တောင်ကြီးနှင့်

ပြည်မြို့တို့တွင်လည်း အဓိကရုဏ်းများ ဖြစ်ပေါ်ခဲ့သည်။ ယင်းအဓိကရုဏ်းများ ဖြိုခွင်းပစ်ရန်မှာ ပြည်ထဲမြို့သို့ ပြန်နေခဲ့က ဒေါ်ဗိုလ်တွင် ပုဂ္ဂိုလ်များက အနီးရှိအား ဆန့်ကျင်ဆန္ဒပြသူအချို့ကို ပစ်သတ်ခဲ့ပြီး ညမထွက်ရအမိန့်ကို ထုတ်ပြန်ခဲ့သည်၊ ထို့နောက် ၎င်းကနေ့မြို့တွင် ဖွင့်လှစ်ဆန္ဒပြပွဲများပြီးသည့်အချိန်မှစ၍ လှုပ်ရှားမှုများသည် ငုပ်လျှိုး နေကြောက်ကြွယ်နေသည်။ ယနေ့အခါ နောက်တကြိမ်အတွက် အချိန်ယူလျက်ရှိ၏။

• • •

ဓနသိုင်လတွင် မဆလပါတီအထူးညီလာခံသည် အသွင်ထူးသော အစည်းအဝေး တရပ်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ထိုညီလာခံသည် ပြည်သူများကို ကျေနပ်မှုင်းနိုင်ရန်အတွက် မှန်ဘက် တုတ်တခဏမြစ်သော ဦးနေဝင်း၏ ခေါင်းပေါ်ကို ခေါင်းချခဲ့ကြကျမ်းပြုခဲ့သည်၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ကတိပေးခဲ့သည့် တခါ နိုင်ငံရေးအာဏာ ဦးစိန်လွင်ကို သူ့အရိုက်ဆက်ခံအဖြစ် ဆက်ထားခဲ့ပြီး ပြည်သူများ ဆန္ဒပြလာလျှင် "မှန်အောင်ပစ်ကာသည်" ဟူ၍ ခြိမ်းခြောက်ခဲ့ပြန်သည်။ သို့သော် စီးပွားရေးပြောင်းလဲမှုများမှာ မည်သို့မည်ပုံရှိ အကောင်အထည်ပေါ်မလာဘဲ အပျင်းသင့် ရှိတ်ရှပ်ပဲ ဖြစ်နေပေတော့သည်။

စိန်လွင်သား နိုင်ငံတော်သမတအဖြစ် နေ့အပ်အသားကန့်ကွက် ပြုသည့် မြန်မာပြည်သူ လူမှန်းအရှင်းဆုံးပြည်ကပဲ ပုဆိုးချင်းသည်။ သူ့ထိ အာဏာလုံးသော ရှာဂျူမိုက်ပ သဘောထားကြီးပြီး မော်လမြိုင်ဘားနီး သူ၏အားကြီး မဟာအိုးဆိုင်မှ မူလထန်းကျောင်း၍ နှစ်အနည်းငယ်သာ ထားပင်ခဲ့သူသည့်မှလွဲ၍ လုံးဝပညာတတ်သူမဟုတ်ပေ ဆိုရမည်၊ သူသည် ဗိုလ်ချုပ်အောင်ဆန်းအဖြစ် အင်္ဂလိပ် ၁၉၄၁ ခုနှစ်အချိန်တွင် ဝင်ရောက်ခဲ့ပြီး ၄ ဟိုယက္ကန္တာအတိုင်း ဗိုလ်နေဝင်း၏ ဗမာ့သေနတ်ကိုင်တပ်ရင်း(၄)တွင် အရာခံဗိုလ် ဖြစ်လာခဲ့သည်၊ ဟာမရိကန်၏ ဓါးခဲဆောင် တော်သိုးကြီးအား သတ်ဖြတ်နိုင်ခဲ့သော တပ်စုတွင် ပါဝင်ခဲ့သောကြောင့် ဗိုလ်နေဝင်းကျေးဇူးဖြစ်လာခဲ့၏၊ ထို့ကြောင့် ၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ပိတ်စဉ်ပြီး ကျောင်းသားများအား ပစ်ခတ်သတ်ဖြတ်ခဲ့သော တပ်မှ ဗိုလ်နေဝင်းက သူ့အား တပ်မှူးအဖြစ် ခန့်ပေးခဲ့သည်၊

၁၉၇၄ ခုနှစ်က ရှမ်းပြည်နယ် သံတိုင်းမြို့၌ ဦးစိန်လွင် မျှော်မှန်းအဖြစ် အာဏာကို သိမ်းခဲ့သူက ထိုစဉ်ကအင်္ဂလိပ် ရှမ်းပြောက်ကျားများကို ရှင်းလင်းတိုက်ခိုက်ရေးတွင် ရက်စက်ကြမ်းကြုတ်သော ပယ်မှုအဖြစ် နာမည်ကြီးခဲ့သည်၊ ၁၉၇၀–၇၂ ခုနှစ်အတွင်း မန္တလေးတိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေချိန်တွင် သူသည် အကြွင်းအကျန်ဖြစ်သော နိုင်ငံရေးအတိုက်အခံများ အထူးသဖြင့် စစ်မှန်ထက်သည့်ပြောင်းပျံ့အဖွဲ့ကို ချေမှုန်းခဲ့သည်။ ထိုစဉ်က မြန်မာပြည်အနှံ့ကိုပိုင်းရှိ ဘုန်းကြီးကျောင်းများတွင် ရဟန်းပျိုများသည် အင်အားကြီးသောအတိုက်အခံများ ဖြစ်ကြသည်၊ ၁၉၈၁ ခုနှစ် သူ့အား ရန်ကုန်သို့ ခေါ်ယူကာ နိုင်ငံမဟာမိတ်ဝင်ဖြစ် ခန့်အပ်ခဲ့ပြီး မဆလပါတီ၏ တွဲဖက်အတွေအတွေ အတွင်းရေးမှူးရာထူးကို ၁၉၈၃ ခုနှစ်တွင် ချီးမြှင့်ခဲ့ပြန်သည်၊

ဦးနေဝင်းသည် အာဏာတည်မြဲရေးအတွက် သူ့အပေါ်တွင် အမှီးမှုထားသော အသိဉာဏ် ခေါင်းပါးသည့် ခေါင်းဆောင်လိုက် အထူးလူ့ပုံအကင်ပင်ချင်ကို တိုယ်စားပြုသူမှာ ဦးစွန်လွင်ဖြစ်ကြောင်း ပြည်သူများက သိရှိကြသည်၊ ဓနသိုင်လ အစရှေအပ်ညီလာခံ ပြီးသည့်နောက် ဦးစိန်လွင်သည် သမတရာထူးနှင့် မဆလပါတီ၏ ဥက္ကဋ္ဌရာထူးများကို

တပြိုင်တည်းရှိလာခြင်းမှာ တမျိုးတဖုံသော အသားအသိမ်းမှုကြောင့်ဖြစ်သည်ဟူသည့် အယူအဆကို အကဲပါးသော မြန်မာပြည်သူများက ချက်ချင်းပင် ပယ်ချခဲ့ကြသည်။ ဦးနေဝင်းသည် အာဏာကြီးကိုင်မှုကို လူသိရှင်ကြား စွန့်လွှတ်ခဲ့ခြင်းမှာ နောက်ကွယ်မှ ကြိုးဆွဲပြီး ရုပ်သေးဆရာဖြစ်လာရန်အတွက်သာဖြစ်သည်ဟူသော သံသယဖြစ်နေမှုကိုကို ဦးစိန်လွင်အား ရာထူးပေးအပ်လိုက်ခြင်းအားဖြင့် အတည်ပြုပေးလိုက်သည်။

ပြည်သူလူထု၏ မကျေနပ်မှုတို့သည် မုန်းတီးမှုအဖြစ်သို့ ပြောင်းလဲခဲ့သည်။ "ဒီလူဟာ မြန်မာပြည်ကို မအုပ်ချုပ်ရဘူး" ဟု ဇူလိုင်လကုန်နှင့် ဩဂုတ်လဆန်းတို့တွင် မြန်မာပြည်တခွင်လုံး၌ ကြွေးကြော်လျက်ရှိသည်။ အများပြည်သူ အသေအလဲနာ မုန်းတီးသော လုံထိန်းတို့၏ ဦးစီးချုပ်ဖြစ်ခဲ့သည့် ဦးစိန်လွင်မှာ မတ်လနှင့်ဇွန်လ ဆန္ဒပြပွဲများကို နှိမ်နင်းခဲ့သော သူ၏ကဏ္ဍကြောင့် သားသတ်သမားဘွဲ့ ကို ရရှိခဲ့သည်။ သူ့ထံမှ သနားညှာတာမှုကိုရင်း၊ သူ့အနေနှင့် ပြည်သူတို့၏ခံစားချက်ကို လိုလိုလားလား နားထောင်မှုကိုသော်၎င်း မည်သူကမျှ မျှော်လင့်မထားကြချေ။

ဇူလိုင်လ ၃၀ ရက် ဘန်ကောက်ပို့စ်စာစောင်ရှိ ၁၂၊၄ ဆောင်းပါးတွင် ဗုဒ္ဓဘာသာ ဒုနိုးအနွှကာတောင်ငါနီ ဒေသပြီးသကောင်းသွားသကဲ့သို့ မြင်းနန်းတိုက်တခု ဝင်ရောက်လာသည်။ "မေမေ့ကို ခေါ်သွားကြပြီ၊ သူကား ရှင်တို့သိရှင်တာတွေကို ပြောပြနိုင်မှာ မဟုတ်တော့ဘူး" ဟူ၏။

ရွှေတိဂုံစေတီရင်ပြင်ပေါ်တွင် ဆန္ဒပြပွဲဖြစ်ပြီး နောက်နေ့ (ဇူလိုင်လ ၂၇ ရက်နေ့) ရှင်းလင်းရေးလုပ်ငန်း၌ ပုလိပ်များက ရန်ကုန်ရှိ တခါတရံခန့်သော အတိုက်အခံခေါင်းဆောင်များကို ဖမ်းဆီးခဲ့ကြသည်။ အပြီးသတ်အနေဖြင့် ဦးစိန်ဝင်းကို ဖမ်းဆီးပြီးနောက်တနေ့တွင် သူ့သမီးက မကြာမီ နန်းပြင် အကြောင်းကြားခဲ့ခြင်းဖြစ်သည်။ ထိုသပိတ်သတင်းကို ဖမ်းဆီးခဲ့သည့်အပြင် ဦးအောင်ကြီးနှင့် တခါတရံခန့်မှုသော သူ၏ပေါင်းဖော်ကိုယ်ဖော်များကို ဖမ်းဆီးခဲ့ကြပြန်သည်။ ၎င်းတို့ထဲတွင် ဦးအောင်ကြီး၏ လူဖြစ်သူ ခင်မောင်ဦးလည်း ပါသည်။ ခင်မောင်ဦးသည် ဦးအောင်ကြီး၏စာများ ရိုက်နှိပ်ဖြန့်ချိရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့သူဖြစ်၏။ ထို့ညတွင်ပင် ဖမ်းဆီးပြီး အင်းစိန်ထောင်သို့ အပို့ခံခဲ့ရသော အခြားသူတဦးမှာ အငြိမ်းစားဗိုလ်မှူးချုပ် ဦးအောင်ရွှေဖြစ်သည်။ သူသည် ၁၉၆၀ ခုနှစ်တွင် ဩစတြေးလျနိုင်ငံသို့ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသူဖြစ်သည်။ ထိုကာလ (၁၉၆၁) မှာ နောက်နှစ်တွင် စစ်တပ်မှ အာဏာသိမ်းရေး အစီအစဉ်များကို ရှုမြင်နေသော ကာလဖြစ်သည်။ ၎င်းနှင့်အတူ အဖမ်းခံရသူသော သူများမှာ အငြိမ်းစားရောက်အရာရှိ ဦးမျိုးညွန့်ကို၊ ဗိုလ်မှူးကြီးဟောင်း ဦးထွန်းရွှေနှင့် အိန္ဒိယပြည်ဆိုင်ရာ မြန်မာသံအမတ်ဟောင်း ဦးဘာရွှေတို့ ဖြစ်ကြသည်။ အခြားအဖမ်းခံရသူ နှစ်ဦးမှာ တော်လှန်ရေးကောင်စီဟောင်း အငြိမ်းစားဗိုလ်မှူးကြီးများ ဖြစ်ကြသော ဦးကြည်ဝင်းမောင်နှင့် ဦးခင်ညိုတို့ ဖြစ်သည်။ ၎င်းတို့နှစ်ဦးမှာလည်း စစ်အရာရှိဟောင်းများ ဖြစ်ပြီး ၁၉၆၀ ခုနှစ်များတွင် ဖွဲ့စည်းသော စီးပွားရေးပေါ်လစီများကို ခုခံပြီးကာ အနားယူလိုက်ကြရသည့် အဖြူကာခံရသူများဖြစ်ကြသည်။

ယခုအခါတွင် ဦးအောင်ကြီးသည် သူရေးခဲ့သောစာများနှင့် တားအံ့မှ တပ်မ ၄၄ ကို ခေါ်ယူခံခဲ့ခြင်းအတွက် ဦးစိန်လွင်နှင့်ဗိုလ်မှူးကြီးဟောင်းတို့အား ရှုပ်ထွေးမှုကို၏ တန်ဖိုးအကဲကို သဘောပေါက်သည်။ သို့သော် ဦးစိန်ဝင်းကို ဦးအောင်ကြီးနှင့်အတူ ဖမ်းဆီးခြင်းသတင်းမှာ အံ့ဩစရာတခု ဖြစ်နေ၏။ သူ့ကို မြန်မာပြည်၏ အကောင်းဆုံး သတင်းစာဆရာကောင်းအဖြစ် လူသိများပြီး တချိန်က ဂုဏ်ထူးဆောင်ဖြစ်ခဲ့သော ဂါးဒီးယန်း

သတင်းစာ၏ အယ်ဒီတာလည်းဖြစ်သည်။ ထိုသတင်းစာကို ၁၉၆၂ ခုနှစ်တွင် စစ်တပ်မှ အာဏာသိမ်းပြီးနောက် ပြည်သူပိုင်သိမ်းခဲ့သည်။ မြန်မာပြည်တွင် လွတ်လပ်သော စာနယ်ဇင်းလောကပေါ်ပေါက်ရေး ကြိုးပမ်းမှုအတွက် အပြည်ပြည်ဆိုင်ရာ သတင်းစာဆရာများ အဖွဲ့ချုပ်မှ သူ့အား လွတ်မြောက်ရေးရွှေကလောင်ဆုကို ချီးမြှင့်ပြီးနောက် ၂ နှစ်အကြာ (၁၉၆၅ – ၆၈ ခုနှစ်)တွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ၁၉၆၈ ခုနှစ်တွင် ထောင်မှလွတ်လာပြီး ၁ နှစ်အကြာ၌ သူ့အား ရန်ကုန်မြို့ဆိုင်ရာ အေပီသတင်းထောက်လုပ်ပိုင်ခွင့် ပေးခဲ့သည်။ အံ့ဩဖွယ်ကောင်းသည်မှာ သူ၏ပျော်ပါးစွာ သတင်းရေးသားပေးပို့မှုများကို အစိုးရက အသုံးချမှုမယူခြင်းပင်ဖြစ်သည်။ တနည်းအားဖြင့် သူသည် မြန်မာပြည်၏ 'ဗိုလ်တာလှုပ်စိတ်' သဖွယ် နေရာယူထားပေးနိုင်ခဲ့သည်။ သူ့ရှိနေခြင်းနှင့် သူ၏ရေးသားမှုများကို အစိုးရက အရေးမယူခြင်းမှာ မြန်မာပြည်သည် လက်ဝဲကြီးသော် အာဏာရှင်စနစ်ကိုကျင့်သုံးသည့် နိုင်ငံမဟုတ်ဖြစ်သည်ဟူသော တွေးမြင်ချက်ကို ဖော်ပြဖြစ်စေခဲ့သည်။ ထို့ကြောင့် နိုင်ငံသားက မကြာခဏပေါ်တွင် ယင်းအစိုးရ၏ဝါဒီသဘောကို ဖြည့်ဆည်းပေးရာရောက်ခဲ့သည်။ ယခုအခါတွင် ယင်းဝါဒီသဘောသည်လည်း ချုပ်ငြိမ်းသွားခဲ့ပြီ။ ဦးစိန်ဝင်းသည် အတိုက်အခံဟူမှုကို အင်အားသုံးခြေမှုန်းရန် အစိုးရကဆုံးဖြတ်ပြီး မလိုလားအပ်သော ပုဂ္ဂိုလ်ဟူမှုကို ရင်ဆိုင်ရလေတော့သည်။

ထိုကိစ္စ ဖြစ်ပွားခဲ့ပြီးသည့်နောက် မနှစ်ကျော် ခရီးလမ်းပြန်သည်။ ဩဂုတ်လ ၂၂ ရက်နေ့တွင် တိုင်းပြည်သို့မပြန်ကြေးရှင့် မဆလပါတီ၏ ဒေသပါတီဌာနခွဲများနှင့် အစိုးရရုံးများတွင် မူဝါဒ တရားဟော သူများ ရှိနေကြောင်းဖြင့် ဦးစိန်ဝင်းက ပြစ်တင် ဆောင်ခဲ့သည်။ သူက ဆက်လက်ပြောကြားရာတွင် "အဖွဲ့အရာရှိတွေမှာ ချို့ယွင်းချက်တွေ ရှိနေရင် အဲဒီချို့ယွင်းချက်တွေကို ဖော်ထုတ်ပြီး အသေကိုက် အစီရင်ခံကြပါ။ လာဘ်ပေး လာဘ်ယူမှုတွေ၊ အလင်းကိုတမင်အကာအကွယ်ပြုကြတာတွေ၊ အလှူပယ်ခံ့ရုံးပျက်ဆီးမှုတွေ၊ အလေ့တိုင်းပါးမှုတွေဟာ တချို့ရုံးဌာနတွေမှာ ဆိုးဆိုးဝါးဝါး ဖြစ်နေကြတယ်"ဟု၍ ပြောခဲ့သည်။

ယင်းမိန့်ခွန်း၏ အချက်အလက်များကို တနှစ်နေ့စောသည့်အချိန်က လူမှန်းဖော်ပြသော ဦးစိန်လှိုင်မဟုတ်ပဲ အခြားတဦးတယောက်က ပြောခဲ့ပါမူ ယင်းပါတီဝင်များကို လူထုက ကြိုဆိုကြပြီး ပွင့်လင်းသော မြန်မာပြည်၏ ခေတ်သစ်အစကို ပေါ်ထွက်နိုင်ရန် အလားအလာ ရှိပေလိမ့်မည်။ ယခုအချိန်တွင် နောက်ကျသွားခဲ့ပြီ။ လူထုထဲတွင်မသင့်မြတ်မှုပါ အစိုးရကို ထင်ထင်ရှားရှား ဆန့်ကျင်လာခဲ့ကြသည်။ ဩဂုတ်လ ဆန်းပိုင်းတွင် "ဦးစိန်လှိုင်ကို လူကြိုက်မများခြင်းသည် မြန်မာပြည်၌ ပြဿနာများစွာ ဖြစ်ပေါ်စေလိမ့်မည်"ဟု ရန်ကုန်မှ အနောက်နိုင်ငံ သံတမန်တဦးက သူ၏အစိုးရထံ အစီရင်ခံခဲ့ပေသည်။

* * *

ရွှေနှစ်ပြည့်သဘင်တွင်းက ဆန္ဒပြသူများနှင့် ကျောင်းသားလူငယ်များ ထိပ်တိုက်ရင်ဆိုင်မှုများ နောက်တွင် ကျောင်းသားခေါင်းဆောင် တချို့သည် ရန်ကုန်မြို့နှင့် မြို့ရှိ အလုပ်သမား ရပ်ကွက်ဖြစ်သော သေသင့်ဥက္ကလာပ၌ ဟုန်းကြီးကျောင်းများ၌ ပုန်းအောင်းခဲ့ကြသည်။ ရန်ကုန်မြို့တွင် မြို့နယ်တိုင်း ရပ်ကွက်တိုင်း၌ တိုင်းပြစ်မှုမရှိပဲ ကိုယ့်အသိနှင့်ကိုယ် လူထုကော်မတီများ စတင်ဖွဲ့စည်းလာကြတော့သည်။ ဒုဗ္ဘာဗသာသနာ့နှင်းလော်ကြီးများသည့်

လမ်းများတွင် မသိမသာ ဖတ်ကြ ပျော့ကော်ကာ ဓာတ်ကားများ၊ ပုလိပ်အဖွဲ့များကို ကင်းထောက် ပေးခြင်းအားဖြင့် ရပ်ကွက်တွင်း၌ လှုပ်ရှားသော သေနင်းအဖွဲ့များကို ကူညီလာကြသည်။ စာပိုဒ် ၂၂ ၏ ပထမစာပိုဒ်အကျိုး မတ်လတွင် တပ်မတော်စစ်ကြောင်းများ ကချင်ပြည်နယ် ဖားကန့်မြို့မှ ရန်ကုန်မြို့သို့ ခေါ်ယူခဲ့သည်။ ထိုအချိန်မှစ၍ ရန်ကုန်မြို့၌ အစစ်အဆေးလာခဲ့သည်။ လက်ဘက်ရည်ဆိုင်များမှာလည်း ထုံးစံအတိုင်း စည်းဝေးတိုင်ပင်ရာဌာနနှင့် အစိုးရ ဆန့်ကျင်ရေးလှုပ်ရှားမှုများ ပြုစုပ်ရာဌာန ဖြစ်နေပေတော့သည်။

ညအမှောင်ကျအချိန်ရောက်မှ စီးပွားရေးဥက္ကဋ္ဌများနှင့် မတ်လနှင့်ဧပြီလများက ဖြစ်ပွားခဲ့သော ရက်စက်ကြမ်းကြုတ်မှုတို့ကြောင့် မကြေနပ်မှုများ နိုင်ငံနှင့်အဝှမ်း ပေါ်ပေါက်နေချိန်တွင် အသွင်မကူ စိုက်ကွင်းသော လူနှင်းဦးသည် ယင်းလှုပ်ရှားမှုများအပေါ် အရှိန်အဟုန်ကြီးစိုးခဲ့သည်။ တင်းမာ ပေမှုသန်အာဏာရှင်အစိုးရအကြီး ဦးနေဝင်းကိုယ်တိုင် ဖြစ်ပြီး အခြားတဦးမှာ ဘီဘီစီ အရှေ့ဖျားဌာနမှ အင်္ဂလိပ်လူငယ်သတင်းထောက် ခရစ်စတိုဖါ ဂါးနက် ဆိုသူ ဖြစ်လေသည်။

အစတွင် နည်းဗျူဟာရေးအရ ဖြင့် တပါတ် သို့မဟုတ် ပါတ်စုံစိစစ်အပေါ် မြည်သံသွန်းမှုမဲ့ ကြင်းပရန် အပြည့်ပြီးနောက် ထိုအဆိုကို ပါတ်သီလေးခံအား ပယ်ချစေခြင်းအားဖြင့် ဦးနေဝင်းသည် မဆလပါတီ၏ သောကွင်းကို တောင်တားခဲ့သည်။ ရန်ကုန်မြို့ရှိ အနောက်နိုင်ငံ သံတမန်တဦးက အောက်ပါအတိုင်း ထပ်ခဲ့သည်။

"ဒီအချိန်ထိ ကျောင်းသားလှုပ်ရှားမှုနဲ့လူထုရဲ့ ထောက်ခံမှုတွေကနေ ဘာမျှ ကြံရှုံးကိတ်ဖော်မှု မရှိဘူး။ အဓိကအားဖြင့် အစိုးရကို ဆန့်ကျင်ကြတာဖြစ်တယ်။ ရက်စက် ကြမ်းကြုတ်မှုကို ကန့်ကွက်ကြတာဖြစ်တယ်။ ဦးနေဝင်းရဲ့ ဝေဖန်ပိုင်ခွင့်ဖြစ်တဲ့ တရားငင်ရေးတွေ အဖြစ်မှုရက်စွဲ၊ ကျောင်းသားတွေရဲ့ ငွေ့ပိဝင့်ချက်ကင်းမဲ့မှု၊ အနာဂါတ်ကင်းမဲ့မှုတွေကြောင့် မကြေမနပ် အုံကြွကြတာဖြစ်တယ်။ အမိကပေးစ်မှုတော့မရှိဘူး။ နေဝင်းဟာ ဘာမှန်းညာမှန်း မသိဘဲနဲ့ ပါတီစုံစနစ်ကိုအဆုံးသတ်ပြီး အဓိကပေးမှုတ်ကို အာရုံမူးစိုက်လာအောင် ပေါ်ထုတ် လိုက်တယ်။ အဲဒီနောက် ကျောင်းသားတွေက ဒီမိုကရေစီဆိုပြီး အော်လာကြတော့တာဘဲ"

"ဇွန်လိုင်လ ၂၃ ရက်နေ့ ရေဒီယိုက ဦးနေဝင်းရဲ့ ပါတီစုံစနစ်ကို အဆိုပြုတဲ့မိန့်ခွန်း ကြားရတယ်။ ဒီအချိန်ထိတော့ ပါတီစုံစနစ်ဆိုတာဟာ မဖြစ်နိုင်တဲ့ အိပ်မက်တခုပဲ။ အခုတော့ လွတ်ငြိမ်းရေး၊ ဒီမိုကရေစီအရေး မေးခွန်းတွေဟာ အဓိပ်ရောင် ထင်လာတယ်။ ဒါပေမဲ့ ပြည်သူ့ဆန္ဒခံယူပွဲမလုပ်ဖို့ ဆုံးဖြတ်တာကတော့ ကျွန်တော်တို့အပေါ် လှည့်စားအနိုင်ယူလိုက်တာ ဖြစ်တယ်။ နောက်ပြီး ဦးစိန်လွင်ကို သမ္မတအဖြစ် ခန့်အပ် လိုက်တယ်၊ ကျွန်တော်ရဲ့ ၁၈ နှစ်အရွယ် ညီမလေး(မခင်းမော်ဦး)လည်း ရန်ကုန်မြို့က အခြားအထက်တန်းကျောင်းသူတွေလိုဘဲ လှုပ်ရှားမှုထဲပါလာတယ်။ လူတိုင်းက လှုပ်ရှားမှုကို ထောက်ခံကြတာဖြစ်ပေမဲ့ အငယ်ဆုံးတွေကတော့ အခဲဆုံးဘဲ"ဟု ကြည့်မြင်တိုင် အစိုးရအထက်တန်းကျောင်း၊ အမှတ် ၁ မှ အသက်နှစ်ဆယ်ရှိ ကျောင်းသား မောင်ကျော်သူက ပြောပြသည်။

မဆလပါတီ အရေးပေါ်ညီလာခံမစမီ ဇူလိုင်လ ၂၂ ရက်တွင် လည်ပတ်မြင်စီစာဖြင့် ခရစ်တိုဖါဂါးနက် ရန်ကုန်သို့ရောက်လာခဲ့သည်။ သူသည် ဘီဘီစီအရှေ့ဖျားဌာနမှ အရေးပေါ်ညီလာခံကို အာမင်ကြည့်သတင်းပို့ရန် ခရီးသွားချက်ဖြင့် ရောက်လာခဲ့သည်။ ရန်ကုန်မြစ်နဘေးရှိ ခေတ်ဟောင်းတိုင်ဒိုနီ အမဆောက်အဦးဖြစ်သော စထရင်းဟိုတယ်တွင် အခြေစိုက်ကာ ပေးအပ်သောတာဝန်ကို ပိုမိုအောင်မြင်စွာ ထမ်းဆောင်ခဲ့သည်။ မြန်မာပြည်၏

သတင်းစာများ၌ သတင်းဟူ၍ မပါမပါ ဖြစ်ရပေ။ ယုံကြည်စိတ်ချရမှုလည်း မရှိနိုင်။ ထို့အပြင် ပြည်ပစာနယ်ဇင်းများမှ ထုတ်ဝေသော ဆောင်းပါးများကိုလည်း ရရှိရန် မဖြစ်နိုင်ပေ။ မြန်မာပြည်သူလူထုအနေနှင့် နိုင်ငံခြား အသံလွှင့်ဌာနများကို အားထားကြရသည်။ အထူးသဖြင့် BBC မြန်မာပိုင်းအစီအစဉ်ကို နားထောင်ကြသည်။ VOA အမေရိကန်အသံနှင့် AIR ဩလ်အိန္ဒိယရေဒီယို တို့ကိုလည်း နားထောင်ကြသည်။

ထို့နောက် ခရစ်တိုဖါဂါးနက်ဟ် ရန်ကုန်သို့ရောက်လာသောအချိန်တွင် ဘီဘီစီ မြန်မာပိုင်း အစီအစဉ်သည် ကြိုက်နှစ်ခိုက်သောအကြောင်းနှင့် မြန်မာသတင်းတို့ကို ရေးသားအသံလွှင့်ခဲ့ပြီး ဂီတ ဖြန့်ဝေသတင်းများကို ရှောင်ရှားခဲ့သည်။ သတင်းဖတ်သူများမှာ မြန်မာနိုင်ငံသားများ ဖြစ်ကြပြီး ၎င်းတို့မိသားစုများ မြန်မာပြည်တွင် ရှိနေကြသောကြောင့်ဖြစ်သည်။ ထိုအချိန် အခါက ခရစ်တိုဖါဂါးနက်ဟ်က လေးစားဖွယ်ကောင်းသော ဘီဘီစီ မြန်မာပိုင်းအစီအစဉ်ကို လှုံ့ဆော်ချက်များပေးခဲ့သည်။ မြန်မာပြည်သူများအတွက် ထာဝရတည်သော သတင်းအမှန်ရနိုင်စရာ လမ်းဖွင့်ခဲ့သည်။

"ကျွန်တော်ရောက်တဲ့အချိန်မှာ မြန်မာပြည်အခြေအနေဟာ အင်မတန်မှ ခက်ခဲနေ တယ်။ လူတွေဟာ အလွန်ဒေါသထွက်နေကြပြီး မခံမရပ်နိုင်ဖြစ်နေကြတယ်။ ပွဲမပြီးသေးဘူး ဆိုတဲ့ ခံစားချက်အပြည့် ရှိနေပြီပဲ။ တနေ့ ပေါက်ကွဲတော့မယ်ဆိုတာ အလွယ်တကူ သိနိုင်ပါတယ်။ ဆိုးဆိုးဝါးဝါး ဖြစ်လာတော့မယ် ဆိုတာကိုလည်း ခံစားနေရတယ်။ ကျွန်တော် ကြားရတာ၊ မြင်ရတာတွေကြောင့် ကျွန်တော် အမှန်စိတ်မပါဘဲ ကျခဲ့တယ်"ဟု ခရစ်စတိုဖါဂါးနက်က ပြန်ပြောပြသည်။

ခရစ်စတိုဖါဂါးနက်သည် ဒေသခံအဆက်အသွယ်များမှတဆင့် အတိုက်အခံများနှင့် အဆက်အသွယ်ရခဲ့သည်။ တညတွင် သူ့အား ဟိုတယ်ရှေ့မှ ကားတစ်စီးဖြင့် မြို့နယ်တစ်ခုရှိ အိမ်ငယ်တစ်ခုသို့ ခေါ်သွားခဲ့သည်။ ထိုနေရာမှ နောက်ကားတစ်စီးပြောင်းကာ လျှို့ဝှက် နေရာများသို့ ခေါ်သွားခဲ့ပြန်သည်။ ထို့နောက် တားဆီးမဲ့ကြိမ် ကားပြောင်းစီးကာ မြို့ပြင် လုံခြုံစိတ်ချရသော အိမ်ပေါ်သို့ ရောက်လာခဲ့သည်။ ကိုအိမ်၌ မေးမြန်းမှုခံသော အဖမ်းအဆီးခံခဲ့သည့် နေ့တွင် မြန်မာပြည်သူလူထုအား တုန်လှုပ်ချောက်ခြားသွားစေခဲ့ပြီး အလွန်အမင်း ဒေါသထွက်စေခဲ့သည်။ ကျောင်းသားအချို့မှ ၎င်းတို့အင်းစိန်ထောင်တွင် ညှဉ်းပန်းနှိပ်စက် အစိုက်ခံခဲ့ရပုံများနှင့် မိန်းကလေးတဦးက ကြည်ငြိမ်မှုကင်းစွာ အသံဖြင့် အဖမ်းအဆီးခံရစဉ် သူမအား ရဲသိမ်းများ မုဒိမ်းကျင့်ခဲ့ကြပုံကို ရင်ဖွင့်ခဲ့သည်။

ခရစ်စတိုဖါဂါးနက်သည် အခြားအဆက်အသွယ်များအကူအညီဖြင့် စစ်အစိုးရ ပညာရှင်သည်း အမေးအမြန်ပြုလုပ်ခဲ့သည်။ ထိုစစ်ဗိုလ်မှာ ထိုင်းနယ်စပ်ရှိ ကရင်စစ်မျက်နှာမှ ပြန်လာခဲ့ခြင်းဖြစ်သည်။ မြန်မာအသံနှင့် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာများမှ ကြေညာ လေ့ရှိသော ကြီးကျယ်သည့် အောင်ပွဲသတင်းများနှင့် ယင်းစစ်ဗိုလ်၏ ပြောပြချက်တို့မှာ ဆီနှင့်ရေ ကွာခြားလှပေသည်။ ထိုစစ်ဆရာဗိုလ်၏ ပြောပြချက်အရ သူ၏စစ်သားများသည် နယ်စပ်ဒေသကြီးတွင် ငှက်ဖျားရောဂါဒဏ်နှင့် တိုက်ပွဲတွင်ကျဆုံးခြင်း အမတ်အရှုံး ပေးခံနေကြရသည်ဟုဆိုသည်။

"ကျွန်တော်တို့က စနက်ဒုံ(တိုင်းရင်းသားသူပုန်များကိုပြော)ကို မလွဲမရှောင်သာမှ ရင်ဆိုင်တိုက်ခိုက်ကြတယ်။ ဆန်၊ ဆေးဝါးဆိုလို့ လုံလုံလောက်လောက် တခါမှမရှိဘူး။



# ၈.
# ၈.
# ၈၈

© Alain Evrard





၈၈၈၈

© Alain Evrard





နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအတွက် တပ်မတော်၏ဆောင်ရွက်ချက်များ ။
ရန်ကုန်မြို့ ၊ ၁၉၈၈ ခု ဩဂုတ်လ ။ © Alain Evrard





ဩဂုတ်လသတ်ဖြတ်မှုများအပြီး ရန်ကုန်ဆေးရုံကြီးရှေ့ဆန္ဒပြပွဲ ။
© Peter Swan






၁၉၈၈ ခု စက်တင်ဘာလတွင် ရန်ကုန်မြို့၌ ပြည်သူ့ရဲ မီးရထားတပ်ဖွဲ့မှ ဆန္ဒပြစဉ်။



၁၉၈၈ ခု စက်တင်ဘာလတွင် လူဝင်မှုကြည့်ကြပ်ရေးဌာန၊ အကောက်အခွန်ဌာနတို့မှ ဝန်ထမ်းများနှင့် ပြည်သူတို့ ဒီမိုကရေစီရရှိရေးအတွက် ဆန္ဒပြချီတက်လာကြစဉ်။





ကုန်သွယ်ရေးဝန်ကြီးဌာနအပြင်ဘက်၊ ၁၉၈၈ ခု စက်တင်ဘာလ ၁၇ ရက်။



၁၉၈၈ ခု စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဒဏ်ရာရသောမဝင်းမော်ဦးအား သယ်ဆောင်လာစဉ်။ သယ်ယူလာပြီး မကြာမီ သေဆုံးသွားခဲ့သည်။

© Steve Lehman



၁၉၈၈ ခုနှစ် အာဇာနည်များ



ကျွန်တော်တို့အနေနဲ့ အသက်ရှင်ရေးအတွက် ရုန်းကန်နေကြရတာပါ။ ထပ်ထိမှာ စိတ်ဓါတ်ကျဘာလာလည်း အခက်ပါဘဲ”

မရမ်းစက်ပါဂါနေ့ကက “ပါ ကျော့ဟာ မြန်မာပြည်သူတွေအတွက် မဆန်းပါဘူး။ ယူကိုင်း၊ ဆိုးနေကြပြီလာကာ၊ ဒါပေမဲ့ ဘီဘီစီကနေ မြန်မာတွေကိုယ်တိုင်က ပြန်ပြောပြနေတော့ ကမ္ဘာ့ကို ရာဇဝတ်မှုတွေ ဖြစ်နေတာ၊ ပြည်သူတွေ တိုင်းသိပြည်သိ ဖွင့်ပြောပြလာတာ ဒါ ထူးခြားချက်ကြီးပဲ။ အဲဒါဟာ မြန်မာပြည်သူတွေရဲ့ စိတ်ဓါတ်ကို ခွင့်မြင့်မားမား မြင့်တင်ပေးလိုက်တယ်လို့ ကျွန်တော်ထင်တယ်”ဟု ပြန်ပြောပြသည်။

စစ်တပ်ကိုပါဂါနေ့က နှင့် အမေရိကန်ဖွဲ့ဖွဲ့လုပ်ခဲ့သော ကျောင်းသားတဦးမှာ ထွက်ဆိုကြမ်းကာပြီး ၎င်းတို့၏ ကျောင်းသားလှုပ်ရှားမှုကြောင့် နေ့ကြီးရက်ကြီးဖြစ်သော ဩဂုတ်လ ၈ ရက်(၈-၈-၈၈)နေ့တွင် တပြည်လုံး အထွေထွေသပိတ်ဆန္ဒပြကြရန် စီစဉ်ကြက်တွန်းသွားကြောင်းကို ပြောပြသွားခဲ့သည်။ ရွေးကြိုးပမ်းမှုသည် လဝဒ်ထုတ် ရပ်ငြိမ်ရာတွင် တသတ္တန်းဆရာကဦး၏ လေပါဘီ(လွတ်မြောက်ရေး အမျိုးသမီးတဦး)က သံကြီးကို ၈ ပေး သုံးပေါ်ကွင်ဝအသင် ဖြစ်သောကာတ်ဆေးသည့်ပြီးမား ပေါ်ခဲ့သည်။ ထိုသတင်းမှာ ဆက်လိုက်မှုတဆင့် နိုင်ငံအာဏာ ပြန်နှံ့ပြီ၊ ဖြစ်ကာ ဂမ်းပန်းလာသော ကြီးဘာသ ပြီးပြင် မြို့မြို့ရွာရွာ ဖြစ်အကြောင်းလာလေသည်။ အစိုးရကို သန့်ရှင်းမှုကန်ကြွက်။

* * *

ဩဂုတ်လ ၁ ရက်နေ့တွင် ဖမ်းဆီးခံ ကျောင်းသားအဖွဲ့အစည်းဖြစ်သော မဇော်ဖြည်သို့ သုံးဆိုင်ရာ ကျောင်းသားမကားလမင္ဂ (ဗကသ)သည် အထွေထွေသပိတ်ကြီးအတွက် လှုံ့ဆော်ရေးစာစောင်များကို စတင်ဖြန့်ဝေလေသည်။ သိသေပေါ်မှာများတွင် ‘မင်းကိုနိုင်’ဟု လက်မှတ်ထိုးထားသည်။ ယမန်နေ့ကတကများအရ တိုက်ရောက်ခဲ့သည့် ထိပ်သီးကျောင်းသား ခေါင်းဆောင် ၆ ဦးကော်မတီကို ကိုယ်စားပြုသည်ဟုဆိုသည်။ ကျောင်းသားများသည် ယခင်ကထက်ရည်ဆိုင်များ ကားနောက်တိုင်ပုလေးမှ ရန်ကုန်မြေပေါ်သားကြပြီး စာရွက်စာတမ်းများဖြန့်ဝေကာ ချက်ချင်း လှုပ်ပြေး၍ ပျောက်ကွယ်သွားကြသည်။ တချို့မြို့နယ်များမှာ အနီးရှိဈေးရှင် စက္ကူကြော်ငြာ ရိုက်နှိပ်လာပြီး ဟာရိမှာ ဝေငှရေးမှုများဖြစ်ကြသည်။ မြို့တော်က ၂ ရက်နေ့တွင် ဘုန်းတော်ကြီးများသည် ကျောင်းသားများနှင့် ရွှေတိဂုံဘုရား၌တွင် စုဝေးကြပြီး ဗမာလူမျိုးရေးကို ဆန့်ကျင်သပိတ်မှောက်ကြရန် ပြင်းထန်စွာ သပိတ်ပြုခဲ့ကြသည်။ ထိုအချိန်မှာ ဖြင်း၍ အမိန့်ပြန်ချက် ကျေးရွာမှုကို အစပျိုးခဲ့သော ၁၉၃၈ ခုနှစ် (၁၃၀၀ ပြည့်)အရေးတော်ပုံ၏ အနှစ် ၅၀ မြောက် အထိမ်းအမှတ်ဖြစ်ကြောင်း ကိုလည်း ကျော်ကြားလိုက်ကြသည်။ လူသိရှင်ကြား ဆော်ဩလှုံ့ဆော်ကြသည်။

ထင်ရှား နိုင်ငံရေးသမားများ ဖြစ်သော ဦးအောင်ကြီး၏ ဘာရာဇဝင်ဝန်ခံချက်တို့တွင် သုံးစွဲမပါဝင်း အလိမ်အညာများနှင့် မမှန်သောတင်းများပါ ရှိလေသည်။ ထင်းပါတီပါတွင် အဖြစ်အပျက်တို့ကို ဩဂုတ်လ ၃ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်(အင်္ဂလိပ်)တွင် ‘ရွှေတိဂုံပြင်ပေါ်၌ ကျောင်းသားလူငယ်များ၏ ညစ်ညမ်းသောပြုမူမှု’ဟူသည့် ခေါင်းစီးအောက်တွင် မဟော်တေကွင်းဆက်ပါဝင်သူများ အနှစ်များဖြင့် ဤသို့ ပုံမှားသော ရေးသားထားသည်။

"ထိုကျောင်းသားလုပ်ငန်းများသည် စာရွက်စာတမ်းများကို ဖေကော်ရှင်ပြင်တွင်ကပ်ခြင်း၊ ရထားနံရံ၊ ဘတ်စ်ကားများအား အစိုးရအနေနှင့် ကျပ်မဲပေးရေးပြောဆိုသောစာတန်း တိုက်တွန်းခြင်း၊ နယ်လှည့်သည့် နိုင်ငံခြားသားများကို မဖမ်းဆီးပေးခြင်း၊ ဓါတ်ပုံအမျိုးမျိုးပြခြင်း၊ ဒုံးများကြည့်သိရန် ရောက်ရှိလာကြသော လုပ်သားပြည်သူတို့အား ကိုယ်ထိလက်ရောက်စော်ကားခြင်း စသော အပြုအမူတို့ကို ဆက်လက်လုပ်ဆောင်နေကြသည်။ ထို့အပြင် ယနေ့ညနေ ၄ နာရီခန့်တွင် ရင်းကိုးသည် ရှေ့တွင်ဖော်ပြပါ ပန်းချီဆရာဒုတိယဆရာကို ရိုက်နှက်ပြီး အလှူငွေများ ကိုလည်း ယူဆောင်သွားကြသည်။ ယင်းအမှုများသည် ပုဒ်မအရ ၁၀၀၊ ၁၀ နှင့် ဖြစ်လာသောအခါ ပေါ်တိုက်ပြင်တော်တိုက်တွင် စွပ်စွဲချက်တင်ကို ကိုင်ဆောင်ပြီး စိတ်နှလုံးအေးချမ်း လူသို့လည်းကြသည်ကိုသည်၊ မြေပုံရှင်သည်၊ ယင်းကျောင်းသားလုပ်ငန်း များမှာ များလောင်းဆွဲဆောင်လှုပ်ရှားမှုများ ဖြစ်ကြပြီး အများပိုင်သမားတို့၏ ခိုင်းစေမှုကြောင့် ညွှန်ကြားမှုနောက်ကွယ်ခြင်းဖြစ်ကြောင်း၊ မငြိမ်မသက်ဖြစ်အောင် ဆောင်ရွက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် မိဘဆရာများအနေဖြင့် ၎င်းတို့၏ သား သမီး တပည့် များကို ကမ်းမှားကျူးကျော်မှုအောင် ကြပ်ကြပ်မတ်မတ် ထိန်းသိမ်းပေးရန် လိုအပ်နေကြောင်း"

"ကျွန်မတို့ ဒီလိုပေါ်ကရေးရေးသားသားတွေ့ရတော့ ဒါတွေဆက်ဖတ်ကြိုးနှီးမျိုး ပြောကြတယ်၊ အဲဒီနေ့မှာက ကျောင်းသုံးလိ အငြင်းပွားတဲ့ ကျောင်းသူကျောင်းသား ဘသတင်း ထောင်ပေါင်း ရှိ ခေါင်းမဖော်နိုင်ဘဲ စုနေရတဲ့ ဆရာလေသားများကို ဒီဘက်ကိုကြည့်ကြတယ်၊ စိတ်ကူးမြို့လယ် ကို ဆန္ဒပြပွဲတွေပြန်နှိုးများလာလာ လေးလပ်မလား ပုံမပီပေမဲ့ရုံအမှုအငြိမ်ဘဲ၊ ဆုတို့က ချွတ်ကိုက်ဆရာကို လမ်းပေါ်သို့လိုက်ပေတော့ သွားနေတော်လို့ အနာဂတ်ရာဘာ ရှိတော့မလဲ" ဟု ရန်ကုန်ဆေးတက္ကသိုလ်သူ ဦးမြင့်သူ အသက် ၂၃ နှစ်ရှိ ပယ် ပေ ပ ဆွေးဆိုခဲ့သည်။

ဩဂုတ်လ ၃ ရက်နေ့ ဆန္ဒပြပွဲတွင် ချိုကော်ဘ တေးသီကောင်းနေ့ဦးအပြီး ထိုမြို့ရှိ ရန်ကုန်မြို့တွင်ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲပုံးအနက် အကြီးမားဆုံးဖြစ်သည်။ ထောက်ခံ အားပေးမှုများ နေရာအနှံ့ပေါ်လာသည်။ ရွာများမှာ ပုဂ္ဂလိကပေါ်လွင်များ ဝရုပ်တော်ပုံများမှနေ၍ လက်ခုပ်တီးသြဘာပေးကြသည်။ ဦးတက်သူများအား ဈေးဆိုင်များက မုန့်ပဲသရေစာနှင့် ဆေးလိပ်များကို ပေးကြသည်။ တချို့ဆိုလျှင် ဆန္ဒပြပွဲထဲသို့ ပါဝင်လာကြသည်။ အချို့မှာ မွန်းလွဲပိုင်းနေ့မြင်ဆောက်လျှင် ဆန္ဒပြသူများ သင်းချင်းသက်သာဖြစ်စေရန် ဘက်ကိုင်ပုဝါများ ရေများကမ်းပေးကြသည်။ လူထုကြီးမှာ ပွဲသဘင်သို့ သွားသည့်နယ် – –၊ ပြီးတော့ခန်းမနီးတဝိုက်တွင် တာဝန်ကျနေသော ပုလိပ်များ၊ စစ်သားများမှာ လမ်းမတာလျှောက် သံချပ်ကြိုး၍ ဘာစွန်မြဲကျေနပ်ကြမသာ ဆန္ဒပြပွဲသယ်များ ကို အကာအကွယ်မပြုကြချေ။

"ဘဲ ဘာလုံ နက်ကုပ်ရှိ စိန်ရွှင်ခေါင်းတိုက်"

"ဆေးနုံကပြည် ဆယ်နဲ့ခြောက်ကျော် စိန်ရွှင်ခေါင်းကျိုပြင်"

ကာတုံးသီလာလာခုပ်ပြုစိပြီး အထိုင်အစေးပါက်သီလည်ဘာမက အခေါ်ခံထောင်ကန့်မှုများ၏ ကန်းချေးနှင့်ထိုးတက်ခဲ့မှုကိုပါ ထီထီမိမိဖေါ်ပြသော၏ ကျမှုန်းများသော သလာတ်သမား မိန်ရှင်ကိုလည်း နံမြှင့်ပေလှင်ထားကြသည်။ ဗျိုးသော်မှာ ဆော်ဟစ်ကား ပေတံမှုဟာ သြဘာပေးကြသည်။ ယခင်က ဆန်ဈေး တပြည် ၃ ကျပ်ရှိခဲ့ရာမှ ခုနက သမရာက်ရာမိန့် ထုတ်ပြီးနောက် နှစ်ပိုင်းအတွင်း ၁၂ ကျပ်ဖြစ်လာခဲ့ပြီး ၁၆ ကျပ်ထိဖြစ်လာခဲ့သည်။

"လူတွေဟာ အင်မတန်မကျေနပ်နေကြပြီ၊ ထုတ်ပြောနေကြတယ်။ ကျွန်မတို့ လူစုခွဲကြတော့ မနက်ဖြန် ဆူးလေဘုရားမှာ ထပ်ဆုံကြဖို့လို့ အချင်းချင်းပြောကြတယ်" ဟု မဝါဝါက ပြောပြသည်။

ထိုညတွင် မြန်မာအသံမှ သတင်းဖတ်သူသည် ဦးစိန်လွင်နှင့် ဗိုလ်ချုပ်ကြီး စောမောင်တို့ အသီးသီးလက်မှတ်ရေးထိုးထားကြသော ကြေညာချက်နှစ်စောင်ကို ဖတ်ကြားခဲ့သည်။ ရန်ကုန်မြို့တွင် မာရှယ်လော (စစ်ဥပဒေ) ကို ကြေညာလိုက်သည်။ ယင်းသို့ ကာတောင်ချောက်ချားလုပ်ကိုင်မှုမှာ ပြည်သူများ ကြောက်ရွံ့တုန်လှုပ်မှုမဖြစ်စေသည့်အပြင် ပို၍ ဒေါသထွက်စေခြင်းနှင့် အစိုးရအား ဆန့်ကျင်ရန် ပိုမိုခိုင်မာသော ဆုံးဖြတ်ချက်ကိုသာ ဖြစ်ပေါ်စေခဲ့သည်။

နောက်ပိုင်းရက်များတွင် ဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပွားခဲ့သော်လည်း ၃ ရက်နေ့က ကဲ့သို့ လူမများတော့ချေ။ အထွေထွေသပိတ်ကြီး ဆင်နွှဲရန် ပြင်ဆင်နေချိန် စီးဆောက်ခမြိုမ်းပဲ ဆောက်ကွမ်းနေစေရန် ဓါးထိုးထားပြီး ပြန်ဟန်ရှာသည်။ မြို့အတွင်း၊ နေရာအနှံ့တွင် အစည်းအဝေးပွဲများ ကျင်းပကြသည်။ ရန်ကင်းမြို့နယ်တွင် ကုန္ဒဒါကောလိ—ဇာဂါမှာဟာ ရှုံသီများသော အသက် ၂၃ နှစ်ရှိ သွားဆရာဝန်ကိုသူရသည့် ပေါပါတီနေ့စ်နှင့် ဆုပ်ချုပ်သူ လူတန်းစားတို့ကို သနေရိုလားသော ထိမိလှသည့်ကျက်လုံးများဖြင့် လူထုအား မျှော်ခြဖြစ်ခဲ့သည်။

အစိုးရဆန့်ကျင်လှုပ်ရှားမှုများသည် မြန်မာပြည်အထက်ပိုင်းသို့ ပြန့်နှံ့လာခဲ့သည်။ ပဲခူး၊ သာမပါဝင်နှင့် ရေနံချောင်းမြို့များတွင် ဩဂုတ်လ ၁ ရက်နေ့ လူထုဆန္ဒပြပွဲများကြောင့် ပုလိပ်တို့က ဆန္ဒပြသူများကို ပစ်ခတ်ခဲ့ပြီး ညအချက်ကျအမိန့် ထုတ်ပြန်ခဲ့သည်။ သို့သော် ထိုအမိန့်သည် ပြည်ကြွပ်နေသော ရဟန်း၊ ဘက်ကား၊ ဆယ်ကျော်၊ ဘိုယ်မိုင်ကားများဖြင့် ရန်ကုန်မြို့သို့ ထွက်လာခဲ့သော လူထုကြီးကို မဟန့်တားနိုင်ခဲ့ပေ။

ထောင်နှင့်ချီသော အုပ်စုများသည် တသုတ်ပြီးတသုတ် မြန်မာနိုင်ငံတော် အလံမောင်းနှင့် ရွှေခေါင်းအလံကို လွှင့်ထူကာ မကြွေးကြော်သံများ ဟော်ကခဲ့၍ မြို့တွင်းသို့ ဝင်ရောက်လာကြသည်။ ၎င်းတို့သည် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ဆေးရုံကြီးအပြင်ဘက်နှင့် မိုင်းချုပ်အောင်ဆန်းပန်းခြံတို့တွင် စခန်းချကြသည်။

တနိုင်ငံလုံး ၈—၈—၈၈ ကာလပြည့်အတွက် အားဖြည့်နေကြသည်။ ဇူလိုင်လ ၂၆ ရက်နေ့တွင် မစ္စတာဘီဘီစီရေဒီယိုဌာနမှာ သူ၏ ၇ ရက်ဒီဇုလာဖန်ဆီးသောကြောင့် မြန်မာပြည်မှ ထွက်ခွာခဲ့သည်။ သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒက္ကာမြို့မှနေ၍ သတင်းများ ဆက်လက် ပို့နေခဲ့သည်။ အခြား သတင်းထောက်များစွာမှာလည်း ဘန်ကောက်မြို့သို့ ရောက်ရှိလာပြီး ကမ္ဘာလုံးသို့ဖော်ပြသည်ဟန်ဆောင်ကာ မြန်မာ့သံရုံးမှ ပိဇာယူ၍ တခဏ်သမားကြီးမရှိသော ထိုင်းနိုင်ငံတကာလေကြောင်းဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာကြသည်။

မြင်ပေါပြီး ဟောင်းနွမ်းသော စထရန်းဟော်တယ်၏ အခန်းများမှာလည်း ပြည့်သွားခဲ့သည်။ ဗြိတိသျှကို ထွက်သွားခဲ့သည်မှာ နှစ်ပေါင်း ၄၀ ကျော်ခဲ့ပြီဖြစ်သော်လည်း ဟော်တယ်၌ အင်္ဂလိပ်နယ်ချဲ့အမြွှာစိုနှင့် သမ္မာသီးဗြုတ်ပေါင်မုန့်ကို နေ့လည်လက်ဖက်ရည် သောက်ချိန်တွင် ယနေ့တိုင် ကျွေးမွေးလျက်ရှိသည်။ ယခင်က အလုပ်မများသော ဟော်တယ်အမှုထမ်းများမှာ ယခုအခါ အသွင်ထူးသော ကမ္ဘာကျော်ခရီးသည်များအတွက် အမှုထမ်းရင်း အလုပ်ရှုပ်နေကြသည်။ ခရီးသည်အားလုံးမှာ မှတ်စုစာအုပ်၊ ကင်မရာ၊ အိတ်ဆောင်တိတ်ရေကော်ဒါများကို သယ်ဆောင်လာကြသည်။ ၎င်းတို့သည် ဟော်တယ်ရှိ ဘယ်လီဒ်းနှင့်ဖျော်ဖြေနန်းကို အလုံအယက်သုံးကာ ဝင်ရောက်ရန်စတင်စလုသော မြန်မာပြည်သို့

"ဦးအောင်ကြီးနဲ့ နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေး" စသည့် ကြွေးကြော်သံများကို မောင်မောင်မကြားသော ဆန္ဒပြသူများက သံပြိုင်ဟစ်အော်နေကြသည်။ သစ်သီးဆိုင်များကလည်း ဆန္ဒပြသူများအား ဆေးလိပ် သကြားလုံး၊ ပေါင်မုန့်များကို ပေးကြသည်။ လူတချို့မှာ ဓနုဗြူ့အလံတော်လိုက်ကိုင်ထားကြပြီး စည်းရုံးရေးမှူးဟု ထင်ရသူ လက်ထဲသို့ ထိုးပေးကြသည်။ နိုင်ငံခြားသတင်းထောက်များက ဓါတ်ပုံရိုက်ကူးပြင်လိုက်တိုင်း ပရိတ်သတ်၏ လက်ခုပ်သြဘာသံ ခြင်းကို ခံရသည်။

ဆန္ဒပြသူများက အင်္ဂလိပ်ပိုစတာကပ်ပြသူများကို အလိုက်သင့် ချည့်ပေးပြီး အင်္ဂလိပ်လို အော်ဟစ်ကြွေးကြော်ကြသည်။ "မြန်မာပြည်သူတွေဟာ ရက်စက်ကြမ်းကြုတ်တဲ့ အုပ်ချုပ်သူတွေကို ဆန့်ကျင်တိုက်ခိုက်နေပြီဆိုတာ ကမ္ဘာကို အသိပေးကြပါ။ ဒီမိုကရေစီဟာ ကျွန်တော်တို့ရဲ့ လိုလားချက်ဖြစ်တယ်၊ နိုင်ငံခြားသတင်းစာဆရာများကို ကြိုဆိုပါတယ်" နိုင်ငံခြားသတင်းထောက် အထောက်အထားများမှာ "မင်းဘွား ရေစက်ပေါ်ပါါးနက်လော" မှ အဖမ်းခံကြရသည်။

ကိုလင်းမှာ ထိုနေ့ကွင်း ဆန္ဒပြခဲ့သည့် သိန်းချီသော လူထုထဲမှ တဦးဖြစ်သည်။
"ဒီဆန္ဒပြသူတွေအထဲမှာ ပေါ့အချဲ့အပည်းဆိုတာ မရှိခဲ့ဘူး။ ကျွန်တော်တို့ သဘောတူညီချက် ဆိုလို့ အမြစ်ပြောင်းကြောင်းကျော်တချို့ဘဲရှိတယ်။ အစိုးရအကြောင်း ချီတက်တဲ့စစ်ကြောင်း တိုင်းဟာ မြို့တော်ခန်းမရှေ့မှာ ဆုံကြမယ်ဆိုတာပဲဖြစ်တယ်။ ၇ ရက်နေ့ညက ကျွန်တော်တို့ ရန်ကင်းလက်ဘက်ရည်ဆိုင်တခုမှာ ဆုံတွေ့ကြပြီး အစီအစဉ်တွေချခဲ့ကြတယ်။ အဲလို အစည်းအဝေးမျိုး ရန်ကုန် မြို့နယ်တိုင်းလိုလိုမှာ လုပ်ကြတယ်။

၈–၈–၈၈ ရက်နေ့ ၈ နာရီ ၈ မိနစ်တွင် ရန်ကုန်ဆိပ်ကမ်းအလုပ်သမားများ စတင် ချီတက်ခဲ့သည်။ ကျက်သရေမင်္ဂလာပေါင်းနှင့်ပြည့်စုံသော အခါသမယပင်ဖြစ်သည်။ ထိုသို့ သပိတ်စပြီဟူသောသတင်းကြားသည်နှင့် မြို့လယ်သို့ အသီးသီးစီတက်ကြလေသည်။

"အဲဒါတော့ ရန်ကင်းလက်ဘက်ရည်ဆိုင်မှာ ကျွန်တော်တို့ ၁၂ယောက်ကား၊ အရင် အာဏာသိမ်းခင်က ပြည်ထောင်စုအလံတွေ ခွပ်ဒေါင်းအောင်လံတွေ၊ ဗိုလ်ချုပ်အောင်ဆန်း ဓါတ်ပုံတွေကို ကျွန်တော်တို့ အားရှိရှိတွေ၊ အရုပ်သားဆီမီးတွေကိုင်ပြီး စုလာကြတယ်။ မနက် ၈ နာရီကျော်တော့ ကမ္ဘာအေးလမ်းအတိုင်း စထွက်ခဲ့ကြတယ်။ တခြားလူအုပ်တွေ ကျွန်တော်တို့နဲ့ ပူးပေါင်းလာကြတယ်၊ မကြာခင်မှာဘဲ လူအုပ်ကြီးက ထောင်နဲ့ချီပြီး ဖြစ်လာတယ်၊ ကျွန်တော်တို့ တိရစ္ဆာန်ရုံနဲ့ ကာကွယ်ရေးဝန်ကြီးရုံးကိုဖြတ်ပြီး ချီတက်လာကြ တယ်။ လမ်းဆုံတိုင်းမှာလိုဘဲ အခြားမြို့နယ်တွေက ချီတက်လာတဲ့ လူအုပ်ကြီးတွေနဲ့ ပေါင်းမိကြတယ်၊ မြို့တော်ခန်းမကိုဦးတည်ပြီး ဆူးလေလမ်းမကြီးအတွေ့ချက် အချင်းချင်း လက်တွဲချီတက်ကြတယ်။ ရန်ကုန်မြို့ကလူလူတိုင်းလိုလို ယမ်းမပေါ်ရောက်နေကြတာဟာ ယုံတောင်မယုံနိုင်စရာဘဲ။ အဖွဲ့တိုင်းရဲ့ထိပ်မှာ ဘယ်မြို့နယ်ကဆိုတဲ့ ဆိုင်းဘုတ်ကြီးတွေ လွှင့်လို့။ ရန်ကင်း၊ ဗဟန်း၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သာကေတ၊ သင်္ဃန်းကျွန်း အို–စုံလို့။ ဘယ်မြို့နယ်က လူအများဆုံးလဲ၊ ဘယ်သံချပ်က အရဲဆုံးလဲ ဆိုတာဟာ ပြိုင်ပွဲကြနေသလိုပဲ။ နှစ်နာရီလောက်ကြာတော့ မြို့တော်ခန်းမနဲ့ မဟာဗန္ဓုလ ပန်းခြံရှေ့ကိုရောက်တဲ့အခါ ဆန္ဒပြသူတွေ သိန်းနဲ့ချီနေပြီ" ဟု ကိုလင်းက မချင့်မရဲပြောပြသည်။

တနေ့လုံး မြူးတူးနေကြသည်။ ထိပ်တန်းမှာ လမ်းဆုံများတွင် ကျောင်းသား အကာအကွယ်နှင့် ရှိနေကြသည်။ တိုင်ပင်မှုမရှိဘဲ ဆန္ဒပြသူများသည် အမျိုးသား သီချင်းနှင့် တပ်မတော်သီချင်းတို့ကို သံပြိုင်သီဆိုကြပြီးနောက် "ပြည်သူ့တပ်မတော်

တို့တပ်မတော်"ဟု အော်ဟစ်ကြွေးကြော်ကြသည်။ စစ်သားများကို အကိုကြီးဟု ခေါ်ပြီး လောကစတ်ပြုကြသည်။ စစ်သားများ လူထုအုံကြွမှုတွင် ပူးပေါင်းပါဝင်လာပြီး အစိုးရကို ဖြုတ်ချရန် ကူညီကြလိမ့်မည်ဟု လူအများက ယုံကြည်ထားကြသည်။ အကယ်၍ လူထုနှင့် မပူးပေါင်းပါက စစ်သားများသည် မိမိတို့ပြည်သူများကို ပစ်သတ်ရလိမ့်မည်ပင်ဖြစ်ကြောင်း သိသာစေလိုသောရည်ရွယ်ချက်ဖြင့် ဆန္ဒပြလူငယ်အချို့သည် တာဝန်ကျစစ်သားများရှေ့ သွားရပ်ပြီး အင်္ကျီကြယ်သီးဖြုတ်ရင်ဖွင့်ပေးကာ"ပစ်ချင်ရင် ပစ်သတ်ပါ"ဟုပြောကြသည်။

"ဒါပေမဲ့ စစ်သားတွေဟာ စိတ်ဓါတ်ရေးရာအရ တခြားစီဖြစ်နေတယ်ဆိုတာ လွယ်လွယ်နဲ့မြင်နိုင်တယ်။ သူတို့ရဲ့ အော်တိုမစ်တစ်ရိုင်ဖယ်တွေကို တုန်တုန်ရင်ရင်နဲ့ ဆုတ်ကိုင်ထားကြပြီး သူတို့ဟာလူပင်လယ်ထဲမှာ နစ်မြုပ်နေတယ်။ ထုထည်ကြီးမားလှတဲ့ ဆန္ဒပြပွဲကြောင့်လဲ အုံသြတုန်လှုပ်နေကြတယ်"ဟု ပီတာကောနားဒ်က သူမြင်တွေ့ခဲ့သမျှကို ပြောပြသည်။

အေပီသတင်းဌာနက "ရဲသွေးရဲမာန်ဝင့်သော အောင်လံနီများအောက်တွင် ဗိုလ်ချုပ် အောင်ဆန်းဓါတ်ပုံများကို ကိုင်ဆောင်၍ ချီတက်လာကြသော ကျောင်းသားလူငယ်များ၊ အမျိုးသမီးများ၊ ဘုန်းကြီးများနှင့် ပြည်သူများသည် ဒီမိုကရေစီရရှိရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုတို့ကို တောင်းဆိုကြသည်။ "ဆန္ဒပြလူတန်းကြီး ဘယ်မှာဆုံးသလဲဆိုတာ မမြင်ရဘူး"ဟု ၂၂ နှစ်အရွယ်ရှိ ဗြိတိသျှကျောင်းသူ ဂျော်ဂျီနာအလ်လန် (Georgina Allen) က ပြောပြသည်။ "ကျစ်ကျစ်လစ်လစ် စနစ်တကျစုစည်းထားတဲ့ လက်နက်မဲ့ ဆန္ဒပြသူတွေဟာ လက်သီးလက်မောင်းတန်း ဟစ်အော်ကြွေးကြော်ပြီး ရန်ကုန်မြို့ လမ်းမကြီးတခုမှာ ချီတက်လာကြတာကို ကျမမြင်ခဲ့ရတယ်"ဟု သူမကပြောပြသည်။

လူထုဆန္ဒပြပွဲများကို ရန်ကုန်မြို့၌သာမဟုတ်ဘဲ နိုင်ငံတဝှမ်းလုံးပင် ဆန္ဒပြပွဲများ ပြုလုပ်နေကြသည်။ မြောက်ပိုင်းတွင် မန္တလေး၊ စစ်ကိုင်းနှင့် ရွှေဘို၊ ဧရာဝတီမြစ်ဝကျွန်း ပေါ်တွင် ပုသိမ်၊ အလယ်ပိုင်းမြေလတ်တွင် ပဲခူး၊ တောင်ငူ၊ ပျဉ်းမနားနှင့် မင်းဘူး၊ ဧရာဝတီမြစ်ကမ်းရှိ ရေနံမြို့များဖြစ်သော ရေနံချောင်းနှင့် ချောက်၊ အရှေ့တောင်ပိုင်းတွင် မော်လမြိုင်၊ မြိတ်၊ ထားဝယ်၊ ရှမ်းပြည်တွင် တောင်ကြီး၊ မြန်မာပြည်မြောက်ပိုင်း အစွန်အဖျားမြို့ဖြစ်သော ကချင်ပြည်မြို့တော် မြစ်ကြီးနားတို့မှ လူထုကြီးသည် ၂၆ နှစ်ကြာ ကြိတ်မှိတ်မျိုသိပ်ထားခဲ့ရသော မဆလအစိုးရအပေါ် မကျေနပ်ချက်များကို ဖွင့်အံ၍ မြို့လမ်းမများပေါ်သို့ ထွက်ခဲ့ကြသည်။ အရှေ့တောင်ပိုင်းရှိ ဆိပ်ကမ်းမြို့ဆန္ဒပြပွဲများတွင် အသက် ၂၀ ရှိ ဓါတုဗေဒကျောင်းသား မင်းဝင်းထွဋ် ပါဝင်လှုပ်ရှားခဲ့သည်။

"မနက်ပိုင်းမှာ လူတသိန်းလောက်ဟာ ကျိုက်သုတ်စေတီရှေ့မှာ စုဝေးလာကြတယ်။ ကျောင်းသားတွေ ဘုန်းကြီးတွေ အရပ်သားတွေအစုံဘဲ။ ရွာတွေက လယ်သမားတွေဟာ လော်လီကားတွေ နွားလှည်းတွေစီးပြီး ဆန္ဒပြဖို့ရောက်လာကြတယ်။ ကျွန်တော်တို့ မြို့ကိုဖြတ်ပြီး ခိုင်ဒါကစားကွင်းကို ချီတက်ကြတယ်"

"ဒီမိုကရေစီအပြည့်အဝရရှိရေး -- ဒို့အရေး၊ ဒို့အရေး" ဆိုသည့် ကြွေးကြော်သံသည် မော်လမြိုင်မြို့၏ ကိုလိုနီခေတ်အိမ်အိုများကြားတွင် ပထမဦးဆုံးအကြိမ် ပွဲတင်ထပ်လျက် ရှိနေပေတော့သည်။ ဆိုင်းဘုတ်များ အလံများလွှင့်ထူလျက် ဒေသခံမွန်လူမျိုးများနှင့်အတူ ဗမာများလည်း ပါဝင်ကာ တိုင်းရင်းသားလူမျိုးစုနှစ်ခုတို့၏ သွေးစည်းနိုင်မှုကို ဖေါ်ပြခဲ့ကြသည်။

သို့သော် ရန်ကုန်မြို့လယ်တွင် စစ်တပ်က တုံ့ပြန်လှုပ်ရှားမှုတခုကို ညနေ ၅ နာရီခွဲခန့်တွင် ပြုလုပ်လာသည်။ ရန်ကုန်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးညွန့် အခြားစစ်အရာရှိကြီးများနှင့်အတူ မြို့တော်ခန်းမပေါ်တီကိုသို့ ရောက်ရှိလာသည်။ အသံချဲ့စက်မှနေပြီး လူစုခွဲရန် မခွဲပါက စစ်သားများက ပစ်ခတ်လိမ့်မည်ဖြစ်ကြောင်း တင်းမာစွာ ပြောကြားလိုက်သည်။ လမ်းတဘက်ရှိ ဝရမ်ဒါတခုတွင် အသက် ၂၅ နှစ်အရွယ်ရှိ မမျှားမျှား ရှိနေခဲ့သည်။

"ဒါပေမဲ့ စစ်တပ်ကပြောသလို ဘယ်သူမှမလုပ်ကြဘူး။ လူအုပ်ကြီးက ကြီးသထက် ကြီးလာတယ်။ မျိုးညွန့်က နောက်နှစ်ကြိမ်ထပ်ပြီး ခြိမ်းခြောက်တယ်။ သူ့အသံက တကြိမ်ပြီးတကြိမ် ပျော့ပျော့လာတယ်။ လူထုက 'ဒါဟာ ငြိမ်းချမ်းတဲ့ ဆန္ဒပြပွဲဖြစ်တယ်။ စည်းကမ်းရှိကြ၊ ညီညွတ်ကြ၊ ရန်မစနဲ့'လို့ တုံ့ပြန်ခဲ့ကြတယ်"

တနေ့လုံး အောင်ပွဲခံနေကြသည်။ ညနေပိုင်းတွင် ထောင်ပေါင်းများစွာသော လူထုကြီးက ရွှေတိဂုံရင်ပြင်စည်းဝေးပွဲကို တက်ရောက်ခဲ့ကြသည်။ ထိုအချိန်တွင် ဘုရင့်ကယ်ရီယာများ၊ လက်နက်ကိုင်စစ်သားအပြည့်ပါသော စစ်ကားကြီးများကို မြို့တော်ခန်းမနှင့် ဘားလမ်းတွင် အသင့်ရပ်ထားကြသည်။ သို့သော် စစ်သားများကို အသုံးချလိမ့်မည်ဟု မည်သူမှမထင်ကြချေ။ "ကျွန်တော်တို့ နိုင်ပြီ၊ အစိုးရ လက်လျှော့လိုက်ပြီလို့ ထင်ခဲ့တာ"ဟု ကိုလင်းကပြောပြသည်။

ည ၁၁ နာရီအထိ ထောင်ပေါင်းများစွာသောလူများ ဆူးလေဘုရားတဝိုက်တွင် ရှိနေကြသေးသည်။ ည ၁၁ နာရီခွဲတွင်မှ စစ်ကားများ မြို့တော်ခန်းမနောက်ဝင်းမှ အရှိန်ပြင်းစွာ မောင်းထွက်လာခဲ့ကြသည်။ စစ်ကားများ ဆက်တိုက်ထွက်လာကြပြီး ဘရင်းကယ်ရီယာများမှာလည်း အသင့်ပြင်ကာ နောက်ကလိုက်လာကြသည်။ တပြိုင်တည်းပင် ဆန္ဒပြသူများသည် အမျိုးသားသီချင်းကို သံပြိုင်သီဆိုခဲ့ကြသည်။ ပစ္စတိုသံနှစ်ချက်ကြားလိုက်ရပြီး စက်သေနတ်သံတို့မှာ အမှောင်ထုအောက်ရှိ ဗန္ဓုလပန်းခြံဝန်းကျင် အဆောက်အဦးများကြားတွင် ပဲ့တင်ထပ်သွားသည်။ ကျည်ဆံထိပြီး လူများအစုလိုက် အပြုံလိုက် လဲကျသွားကြသည်။ လမ်းများလည်း သွေးများဖြင့်ချက်ချင်း နီရဲသွားတော့သည်။ "လူတွေဟာ အော်ဟစ်ပြီး အိမ်များ၊ လမ်းကြားများထဲသို့ ကစဥ့်ကလျား ပြေးဝင်ပုန်းအောင်းကြသည်။ ရေမြောင်းများထဲသို့ အပြုံလိုက်ပြစ်လဲ၍၎င်း၊ နံရံများအောက်တွင် ဝပ်တွား၍၎င်း အကာအကွယ်ယူကြသည်။ ထိုမှတဖန် ထိပ်လန့်စွာဖြင့် အစုလိုက်အပြုံလိုက် ထပြေးကြပြန်သည်"ဟု စက်မိုင်ဒန် (Seth Mydans) က သြဂုတ်လ ၁၁ ရက်နေ့ထုတ် နယူးယောက်တိုင်းစ်တွင် ရေးသားခဲ့သည်။

တပြိုင်တည်း၌ ရွှေဂုံတိုင်လမ်းတွင် စုဝေးနေသော ၂၀၀၀ ခန့်ရှိသည့် လူထုကြီး အနီးသို့ စစ်သားများအပြည့်ပါသော စစ်ကားများ ချဉ်းကပ်လာခဲ့သည်။ လူအုပ်ထဲတွင် ရှိနေသော ကိုလင်းက – – –

"စစ်ကားတွေပေါ်က စစ်သားတချို့ဆင်းလာပြီး လူထုကိုသေနတ်နဲ့ ချိန်ထားတယ်။ တချို့က ကားပေါ်ကနေ ချိန်ထားကြတယ်။ သူတို့အားလုံးက လူအများဆုံးနေရာကို အော်တိုမစ်တစ်သေနတ်တွေနဲ့ ပစ်ထည့်လိုက်တယ်။ ကျွန်တော်တို့ သေပြေးရှင်ပြေး ပြေးကြရတော့တာဘဲ။ ကျွန်တော့်ရှေ့က ကျောင်းသားနှစ်ဦးဟာ မွဲချင်းပြီး အသက်ပျောက်သွားတယ်။ ရှေ့ကပြေးနေတဲ့ ကျွန်တော့်သူငယ်ချင်း ခြေထောက်ကိုမှန်လို့ တွဲခေါ်ပြီး ပြေးခဲ့ရတယ်။ ကျည်ဆံတွေ တဝီဝီကြားမှာ လူတွေက ဟိုပြေးဒီပြေးဘဲ။ ကျွန်တော်တို့

တို့တပ်မတော်"ဟု အော်ဟစ်ကြွေးကြော်ကြသည်။ စစ်သားများကို အကိုကြီးဟု ခေါ်ပြီး လောကဝတ်ပြုကြသည်။ စစ်သားများ လူထုအုံကြွမှုတွင် ပူးပေါင်းပါဝင်လာပြီး အစိုးရကို ဖြုတ်ချရန် ကူညီကြလိမ့်မည်ဟု လူအများက ယုံကြည်ထားကြသည်။ အကယ်၍ လူထုနှင့် မပူးပေါင်းပါက စစ်သားများသည် မိမိတို့ပြည်သူများကို ပစ်သတ်ရလိမ့်မည်ပင်ဖြစ်ကြောင်း သိသာစေလိုသောရည်ရွယ်ချက်ဖြင့် ဆန္ဒပြလူငယ်အချို့သည် တာဝန်ကျစစ်သားများရှေ့ သွားရပ်ပြီး အကျီကြယ်သီးဖြုတ်ရင်ဖွင့်ပေးကာ"ပစ်ချင်ရင် ပစ်သတ်ပါ"ဟုပြောကြသည်။

"ဒါပေမဲ့ စစ်သားတွေဟာ စိတ်ခါတ်ရေးရာအရ တခြားစီဖြစ်နေတယ်ဆိုတာ လွယ်လွယ်နဲ့မြင်နိုင်တယ်။ သူတို့ရဲ့ အော်တိုမစ်တစ်ရိုင်ဖယ်တွေကို တုန်တုန်ရင်ရင်နဲ့ ဆုတ်ကိုင်ထားကြပြီး သူတို့ဟာလူပင်လယ်ထဲမှာ နစ်မြုပ်နေတယ်။ ထုထည်ကြီးမားလှတဲ့ ဆန္ဒပြပွဲကြောင့်လဲ အံ့ဩတုန်လှုပ်နေကြတယ်"ဟု ပီတာကောနားဒ်က သူမြင်တွေ့ခဲ့သမျှကို ပြောပြသည်။

အေပီသတင်းဌာနက "ရဲသွေးရဲမာန်ဝင့်သော အောင်လံနီများအောက်တွင် ဗိုလ်ချုပ်အောင်ဆန်းဓါတ်ပုံများကို ကိုင်ဆောင်၍ ချီတက်လာကြသော ကျောင်းသားလူငယ်များ၊ အမျိုးသမီးများ၊ ဘုန်းကြီးများနှင့် ပြည်သူများသည် ဒီမိုကရေစီရရှိရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုတို့ကို တောင်းဆိုကြသည်။ "ဆန္ဒပြလူတန်းကြီး ဘယ်မှာဆုံးသလဲဆိုတာ မမြင်ရဘူး"ဟု ၂၂ နှစ်အရွယ်ရှိ ဗြိတိသျှကျောင်းသူ ဂျော်ဂျီနာအလ်လန် (Georgina Allen) က ပြောပြသည်။ "ကျစ်ကျစ်လစ်လစ် စနစ်တကျစုစည်းထားတဲ့ လက်နက်မဲ့ ဆန္ဒပြသူတွေဟာ လက်သီးလက်မောင်းတန်း ဟစ်အော်ကြွေးကြော်ပြီး ရန်ကုန်မြို့လမ်းမကြီးတခုမှာ ချီတက်လာကြတာကို ကျမမြင်ခဲ့ရတယ်"ဟု သူမကပြောပြသည်။

လူထုဆန္ဒပြပွဲများကို ရန်ကုန်မြို့၌သာမဟုတ်ဘဲ နိုင်ငံတဝှမ်းလုံးပင် ဆန္ဒပြပွဲများ ပြုလုပ်နေကြသည်။ မြောက်ပိုင်းတွင် မန္တလေး၊ စစ်ကိုင်းနှင့် ရွှေဘို၊ ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် ပုသိမ်၊ အလယ်ပိုင်းမြေလတ်တွင် ပဲခူး၊ တောင်ငူ၊ ပျဉ်းမနားနှင့် မင်းဘူး၊ ဧရာဝတီမြစ်ကမ်းရှိ ရေနံမြို့များဖြစ်သော ရေနံချောင်းနှင့် ချောက်၊ အရှေ့တောင်ပိုင်းတွင် မော်လမြိုင်၊ မြိတ်၊ ထားဝယ်၊ ရှမ်းပြည်တွင် တောင်ကြီး၊ မြန်မာပြည်မြောက်ပိုင်း အစွန်အဖျားမြို့ဖြစ်သော ကချင်ပြည်မြို့တော် မြစ်ကြီးနားတို့မှ လူထုကြီးသည် ၂၆ နှစ်ကြာ ကြိတ်မှိတ်မျိုသိပ်ထားခဲ့ရသော မဆလအစိုးရအပေါ် မကျေနပ်ချက်များကို ဖွင့်အံ၍ မြို့လမ်းမများပေါ်သို့ ထွက်ခဲ့ကြသည်။ အရှေ့တောင်ပိုင်းရှိ ဆိပ်ကမ်းမြို့ဆန္ဒပြပွဲများတွင် အသက် ၂၀ ရှိ ဓါတုဗေဒကျောင်းသား မင်းဝင်းထွဋ် ပါဝင်လှုပ်ရှားခဲ့သည်။

"မနက်ပိုင်းမှာ လူတသိန်းလောက်ဟာ ကျိုက်သုတ်စေတီရှေ့မှာ စုဝေးလာကြတယ်။ ကျောင်းသားတွေ ဘုန်းကြီးတွေ အရပ်သားတွေအစုံဘဲ။ ရွာတွေက လယ်သမားတွေဟာ လော်လီကားတွေ နွားလှည်းတွေစီးပြီး ဆန္ဒပြဖို့ရောက်လာကြတယ်။ ကျွန်တော်တို့ မြို့ကိုဖြတ်ပြီး မိုင်ဒါကစားကွင်းကို ချီတက်ကြတယ်"

"ဒီမိုကရေစီအပြည့်အဝရရှိရေး--ဒို့အရေး၊ဒို့အရေး" ဆိုသည့် ကြွေးကြော်သံသည် မော်လမြိုင်မြို့၏ ကိုလိုနီခေတ်အိမ်အိုများကြားတွင် ပထမဦးဆုံးအကြိမ် ပဲ့တင်ထပ်လျက် ရှိနေပေတော့သည်။ ဆိုင်းဘုတ်များ အလံများလွှင့်ထူလျက် ဒေသခံမွန်လူမျိုးများနှင့်အတူ ဗမာများလည်း ပါဝင်ကာ တိုင်းရင်းသားလူမျိုးစုနှစ်စုတို့၏ သွေးစည်းနိုင်မှုကို ဖေါ်ပြခဲ့ကြသည်။

သို့သော် ရန်ကုန်မြို့လယ်တွင် စစ်တပ်က တုံ့ပြန်လှုပ်ရှားမှုတခုကို ညနေ ၅ နာရီခွဲခန့်တွင် ပြုလုပ်လာသည်။ ရန်ကုန်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးညွန့် အခြားစစ်အရာရှိကြီးများနှင့်အတူ မြို့တော်ခန်းမပေါ်တီကိုသို့ ရောက်ရှိလာသည်။ အသံချဲ့စက်မှနေပြီး လူစုခွဲရန်၊ မခွဲပါက စစ်သားများက ပစ်ခတ်လိမ့်မည်ဖြစ်ကြောင်း တင်းမာစွာ ပြောကြားလိုက်သည်။ လမ်းတဘက်ရှိ ဝရမ်ဒါတခုတွင် အသက် ၂၅ နှစ်အရွယ်ရှိ မမွှေးမွှေး ရှိနေခဲ့သည်။

"ဒါပေမဲ့ စစ်တပ်ကပြောသလို ဘယ်သူမှမလုပ်ကြဘူး။ လူအုပ်ကြီးက ကြီးသထက်ကြီးလာတယ်။ မျိုးညွန့်က နောက်နှစ်ကြိမ်ထပ်ပြီး ခြိမ်းခြောက်တယ်။ သူ့အသံက တကြိမ်ပြီးတကြိမ် ပျော့ပျော့လာတယ်။ လူထုက 'ဒါဟာ ငြိမ်းချမ်းတဲ့ ဆန္ဒပြပွဲဖြစ်တယ်။ စည်းကမ်းရှိကြ၊ ညီညွတ်ကြ၊ ရန်မစနဲ့'လို့ တုံ့ပြန်ခဲ့ကြတယ်"

တနေ့လုံး အောင်ပွဲခံနေကြသည်။ ညနေပိုင်းတွင် ထောင်ပေါင်းများစွာသော လူထုကြီးက ရွှေတိဂုံရင်ပြင်စည်းဝေးပွဲကို တက်ရောက်ခဲ့ကြသည်။ ထိုအချိန်တွင် ဘရင်းကယ်ရီယာများ၊ လက်နက်ကိုင်စစ်သားအပြည့်ပါသော စစ်ကားကြီးများကို မြို့တော်ခန်းမနှင့် ဘားလမ်းတွင် အသင့်ရပ်ထားကြသည်။ သို့သော် စစ်သားများကို အသုံးချလိမ့်မည်ဟု မည်သူမှမထင်ကြချေ။ "ကျွန်တော်တို့ နိုင်ပြီ၊ အစိုးရ လက်လျှော့လိုက်ပြီလို့ ထင်ခဲ့တာ"ဟု ကိုလင်းကပြောပြသည်။

ည ၁၁ နာရီအထိ ထောင်ပေါင်းများစွာသောလူများ ဆူးလေဘုရားတဝိုက်တွင် ရှိနေကြသေးသည်။ ည ၁၁ နာရီခွဲတွင်မှ စစ်ကားများ မြို့တော်ခန်းမနောက်ဝင်းမှ အရှိန်ပြင်းစွာ မောင်းထွက်လာခဲ့ကြသည်။ စစ်ကားများ ဆက်တိုက်ထွက်လာကြပြီး ဘရင်းကယ်ရီယာများမှာလည်း အသင့်ပြင်ကာ နောက်ကလိုက်လာကြသည်။ တပြိုင်တည်းပင် ဆန္ဒပြသူများသည် အမျိုးသားသီချင်းကို သံပြိုင်သီဆိုခဲ့ကြသည်။ ပစ္စတိုသံနှစ်ချက်ကြားလိုက်ရပြီး စက်သေနတ်သံတို့မှာ အမှောင်ထုအောက်ရှိ ဗဟုလပန်းခြံဝန်းကျင် အဆောက်အဦးများကြားတွင် ပဲ့တင်ထပ်သွားသည်။ ကျည်ဆံထိပြီး လူများအစုလိုက်အပြုံလိုက် လဲကျသွားကြသည်။ လမ်းများလည်း သွေးများဖြင့်ချက်ချင်း နီရဲသွားတော့သည်။ "လူတွေဟာ အော်ဟစ်ပြီး အိမ်များ၊ လမ်းကြားများထဲသို့ ကစဉ့်ကလျားပြေးဝင်ပုန်းအောင်းကြသည်။ ရေမြောင်းများထဲသို့ အပြုံလိုက်ပြစ်လဲ၍၎င်း၊ နံရံများဘေးတွင် ဝပ်တွား၍၎င်း အကာအကွယ်ယူကြသည်။ ထိုမှတဖန် ထိပ်လန့်စွာဖြင့် အစုလိုက်အပြုံလိုက် ထပြေးကြပြန်သည်"ဟု စက်မိုင်ဒန် (Seth Mydans) က ဩဂုတ်လ ၁၁ ရက်နေ့ထုတ် နယူးယောက်တိုင်းစ်တွင် ရေးသားခဲ့သည်။

တပြိုင်တည်း၌ ရွှေဂုံတိုင်လမ်းတွင် စုဝေးနေသော ၂၀၀၀ ခန့်ရှိသည့် လူထုကြီးအနီးသို့ စစ်သားများအပြည့်ပါသော စစ်ကားများ ချဉ်းကပ်လာခဲ့သည်။ လူအုပ်ထဲတွင် ရှိနေသော ကိုလင်းက – – –

"စစ်ကားတွေပေါ်က စစ်သားတချို့ဆင်းလာပြီး လူထုကိုသေနတ်နဲ့ ချိန်ထားတယ်။ တချို့က ကားပေါ်ကနေ ချိန်ထားကြတယ်။ သူတို့အားလုံးက လူအများဆုံးနေရာကို အော်တိုမစ်တစ်သေနတ်တွေနဲ့ ပစ်ထည့်လိုက်တယ်။ ကျွန်တော်တို့ သေပြေးရှင်ပြေးပြေးကြရတော့တာဘဲ၊ ကျွန်တော့်ရှေ့က ကျောင်းသားနှစ်ဦးဟာ ပွဲချင်းပြီး အသက်ပျောက်သွားတယ်။ ရှေ့ကပြေးနေတဲ့ ကျွန်တော့်သူငယ်ချင်း ခြေထောက်ကိုမှန်လို့ တွဲခေါ်ပြီးပြေးခဲ့ရတယ်။ ကျည်ဆံတွေ တဝီဝီကြားမှာ လူတွေက ဟိုပြေးဒီပြေးဘဲ။ ကျွန်တော်တို့

အထိအနိုက်မရှိပဲ အိမ်ပြန်ရောက်လာခဲ့တယ်။ ဒါပေမဲ့ ကျွန်တော့်သူငယ်ချင်းက ဆေးရုံ သွားဖို့မပြောပါနဲ့လို့ အိမ်မှာပဲကြိုက်ကြရတယ်၊ သူ့ကိုအကောင်းလို့ မနေသာဘူး"

ထိုကြမ်းရှောင်သောတနင်္လာနေ့တွင် ရန်ကုန်၌ရှိနေခဲ့သူ ရစ်ချတ်ကော်လေး (Richard Courlay)က ဗြိတိန်နယ်ရယ်တိုင်းစ်သတင်းစာ၌ ဤသို့ ရေးသားခဲ့သည်။

"မျက်မြင်သက်သေများပြောဆိုချက်အရ သံချပ်ကာကားများသည် ဆန္ဒပြသူ လူအုပ်များထဲသို့ မောင်းလာပြီး အဆီးအတားမရှိ ပစ်ခတ်ကြသည်ကို တွေ့မြင်ခဲ့ရသည်၊ ဤအချက်သည် တင်အားအနည်းငယ်ကိုသာ အသုံးပြုခဲ့သည်ဟူသော အစိုးရ၏စကားကို စိန်ခေါ်နေသည်။ လမ်းမများတွင် လူအုပ်ကြီးသည် သေဆုံးသူများအလောင်းကို ခေါင်း ပေါ်ရွက်ပြီး ချီကာလှည့်နေကြသည်ကိုလည်း တွေ့မြင်ခဲ့ရကြောင်း မျက်မြင်သက်သေများက သတင်းပို့ကြသည်"

ထိုသို့တွင် သေဆုံးသူအရေအတွက်ကို မည်သူမျှ မပြောနိုင်ကြသော်၊ နံနက် ၃ နာရီ အထိ စစ်သားပေါ်ပ ပစ်ခတ်နေခဲ့သည်။ ဒွန်ကလဆန္ဒပြပွဲများတွင်ပါဝင်ခဲ့သော ဆေးကျောင်းသား ဆော်နိုင်သည် ဆန္ဒပြသူများကိုပစ်ခတ်ခဲ့ကြောင်း၊ သိရ၍ ရန်ကုန်ဆေးရုံကြီးသို့ လာရောက် ခဲ့သည်။

"ကျွန်တော့်အထင်တော့ လုပ်အားပေးလုပ်ငန်းတွေ လိုမယ်ထင်လို့လာတာဘဲ။ ဒါပေမဲ့ ဒီသူမှာ ဒဏ်ရာရသူနှစ်ဦးတဲ့ ရန်ကုန်ဆေးရုံကြီးကိုရောက်လာတယ်၊ သူတို့ဟာ ရှေ့ဘိုင်ကလာပြီး အမျှာညီအကိုဖြစ်ကြတယ်၊ တယောက်ကတော့ ဆေးရုံရောက်ပြီးမကြာခင်မှာဘဲ သေသွားတယ်၊ ဆရာဝန်ဆရာမများ ပင်ပန်းကြောင်းကလည်း လူနာအလောင်းတွေကို စစ်ဆေးဖို့ တာဝန်ယူနေကြတယ်၊ အဲဒါကိုမှ သူ့မှန်း ကျွန်တော်မပြောတတ်ဘူး"

ဆာဝ်သ်ဒ်နီးမြို့မှ ဘြီစတိုလှည်းနယ်လှည့်ပတ်ဖူးသည့် ဂျိမ်းစ်ကိုးလ်စ် (James Coles)က အန်ရှောင်တို့ ရိုက်ကောတာကြောင်းလမ်းအား ဆန္ဒပြလူငယ်တဦးကို သယ်ဆောင်လာသော ကားနှင့်တင်၍ လှုံ့ဆော်ရသည့် မိမိမနှံ့မကြွေးမှ မပြောပါခဲ့သည်။ မျက်ရည်ဗုံးမိနေသော မျက်လုံးများဖြင့် ခေါင်းပိုင်းမှ ကျည်ဆံစွဲနေဖြင့် ထွက်ပြီကာ သူ့သူငယ်ချင်း ၄ ဦး ပစ်သတ်ခံရသောနေရာမှ ခက်ခက်ခဲခဲလွတ်မြောက်လာသည်ဟု မပြောပြသည်။ သူကိုယ်တိုင်မှာ မြို့အတွင်း မှစ်စံရသော ဆန္ဒပြအဖွဲ့ငယ်များမှ ကယ်ဆယ်ခြင်းကြသည်။

* * *

ဩဂုတ်လ ၈ ရက်နေ့တွင် စစ်ကိုင်းမြို့၌လည်း ဂန်ဒေါက်တော်ဖြတ်ခဲ့ကြသည်၊ ဆန္ဒပြသူအုပ်ကြီးကို ဒေသခံပုလိပ်များ ပစ်ခတ်ချိန်တွင် ဆရာဝန်ဖြစ်သူများထဲရှိသော လူပန်နှမ်ဦး -

"အဲဒီနေ့က ကျောင်းသားငယ်တွေဟာ ရုံစခန်းမှာဖမ်းချုပ်ထားတဲ့ သူတို့သူငယ်ချင်း တွေကို ပြန်လွှတ်ပေးဖို့ တောင်းဆိုကြပြီး ရဲစခန်းဆီရောက်ကို ချီတက်လာခဲ့ကြတယ်၊ ပတ်ဝန်းကျင်ထိုင်ကိုက်မှာရှိတဲ့ ရွာနေလူထုကလည်း ဆန္ဒပြကျောင်းသားတွေနဲ့ ပူးပေါင်းချီတက် လာခဲ့ကြတယ်၊ ရဲစခန်းကို ရောက်လာတဲ့အခါ လူထုအသင်းလောက် ဖြစ်လာတယ်"

ရဲစခန်းအမှူးကြက်တွင် လူအုပ်ကြီးအထဲမှ အစိုးရလူလျှို့ဖြစ်မည်ဟု ထင်ရသူတဦးက ရဲများကို စတင်၍ ခဲဖြင့်ပစ်ပေါက်ခဲ့သည်။ ရဲများကလည်း သေနတ်ဖြင့် စတင်၍ ပစ်ခတ်တော့သည်၊ ကျောင်းသားတဦးက မတ်တပ်ရပ်ပြီး လူထုအား အကြမ်းမဖက်ရန်

ဆောင်ဟာစ်ပန်ကြားနေစဉ်နှင့် ရဲများ၏ပစ်သတ်ခြင်းကို ခံလိုက်ရသည်။ ဘုန်းတော်ကြီး တပါးကလည်း ထပ်မံ၍ လူထုအား အကြမ်းမဖက်ရန် ပန်ကြားပြန်သည်။ ထိုဘုန်းတော်ကြီးမှာ စံနူး၏ကျည်ဆံ ၅ တောင့် ထိမှန်၍ ပျံလွန်တော်မူသွားခဲ့သည်။

"ဘုန်းတော်ကြီး ပျံလွန်တော်မူပြီး ကျောင်းသူတဦးက 'တည်တည်ငြိမ်ငြိမ်ရှိကြပါ။ ကျွန်မတော်တို့ ဘာမှမကြောက်ပါဘူး' လို့ ဆောင်ဟာစ်ပြောလိုက်တယ်။ သူမလည်း ရဲတွေပစ်သတ်တာကို ခံလိုက်ရတယ်။ ခဏကောက်ငြိမ်သွားတယ်။ ပြီးတော့ ရဲတွေက လူအုပ်ကြီးကို မောင်းပြန်သေနတ်တွေနဲ့ ရက်ရက်စက်စက်ပစ်ပေးတာတယ်။ ငါးမိနစ်လောက်မှာ စစ်ကိုင်းတိုင်း ပြည်သူ့ဆေးရုံကြီးဘက်ကို လူတွေပြေးရတယ်။ ဆေးရုံကြီးရှေ့မှာ လူတွေ အစုလိုက်ပုံလိုက် သေဆုံးခဲ့ရတယ်"

စစ်ကိုင်းတိုင်း လူသတ်ပွဲကို ကိုယ်တွေ့မျက်မြင်တွေ့သူတဦးမှာ မန္တလေးမြို့ ဆရာအတတ်သင်ကောလိပ်တွင် သင်တန်းပို့ချနေသူ ဆင်္ဂါပေနိုင်ငံ မန်ချစ်တာ်မြို့မှ အသက် ၅၃ နှစ်ရှိသူတဦးဖြစ်သည်။ ဇက်တင်ဘာလ ၂၃ ရက်နေ့တွင် တိုင်းမ်သတင်းစာနှင့် တွေ့ဆုံရာတွင် လွန်ခဲ့သည့်ကာလက ဖြစ်ပွားခဲ့သော အရေးအခင်းကို ဤသို့ပြောပြခဲ့သည်။

"မွဲချင်းပြီးသေတာ ၂၀၀ နဲ့ ၃၀၀ ကြားမှာရှိမယ်။ ကျွန်တော့်လူတွေက ဆေးရုံနဲ့ တကြားနေရာတွေမှာ သေသွားကြတာယ်။ နှစ်ပတ်အကြာမှာ အရေးအခင်းမှာပါတဲ့ ဆရာငယ်တယောက်ကို ဒဏ်ရာရထားတဲ့လူ့တွေအနိယောက် ဘယ်မှာလဲလို့ ကျွန်တော် မေးကြည့်တယ်။ သူက တရာလောက်ရှိမယ်လို့ ပြန်ပြောတယ်။ အားလုံးဘယ်ရာကြီး တွေနဲ့၊ ဒဏ်ရာတွေကလည်း သူတို့ နောက်ကျောတွေမှာပဲ၊ ပြေးနေတုန်း နောက်ကနေ အပစ်ခံကြရတယ်လို့ သူကပြောတယ်"

၇၃ ပြန်ပြည်မှ အလည်အပတ်ရောက်နေသူ နှစ်ဦး၏ ပြောပြချက်အရ ရဲများသည် လူသေအလောင်းများကို အစဖျောက်သည့် အနေဖြင့် အလောင်းများကို နေရာတခြားသို့ ပစ်ချခဲ့သည်ဟု ဆိုသည်။

"နေ့ရက်ကုန်ပြီး ပြန်လာတော့ကြတဲ့ ဒဏ်ရာရသူတချို့ဟာ သိပ်လူသတ်ပွဲအကြောင်းကို ပြန်ပြောပြတယ်။ မန္တလေးကမ်းက ပစ်ချခံရတဲ့လူတွေဟာ မြစ်ကြောင်းနဲ့ မျောပါသွားနိုင်ပေမဲ့ စစ်ကိုင်းဘက်ကမ်းက ပစ်ချခံရတဲ့လူတွေများကော မြစ်ကြောင်းက ကောက်တွေ့နေတဲ့ အတွက် မိုင်အနည်းငယ်သာဝေးတဲ့ 'နောက်ရွာ' ကျွန်းမှာ သွားတင်နေမယ်ဆိုတာ သေသေချာချာ သိထားကြတယ်။ မကြာခင်မှာပဲ လူသေအလောင်းတွေ အဲဒီကျွန်းမှာ လာတင် နေတယ်။ မကြာခင် ရဲစခန်းထဲမှာလဲ ဆိုးဝါးတဲ့ကလူသေအနံ့တွေ ရလာပါတယ်။ လိုက်ရှာကြည့်ကြတော့ စခန်းထဲကရေတွင်းထဲမှာ လူသေအလောင်း ၁၀ လောင်းကို တွေ့လိုက်ရတယ်"

ဆော့ဗ်ယက် အမည်ရှိ သူရဘွဲ့ကို စစ်တပ်တွင် 'ဗိုလ်' အဆင့်ဖြင့် အမှုထမ်းနေစဉ်က အထက်မြန်မာပြည်တွင် ကွန်မြူနစ်များနှင့် တိုက်ခိုက်ရာမှ ရရှိခဲ့ခြင်းဖြစ်သည်။ သူသည် ထိုအချိန်ကလည်း ကလေးများကိုပင်မချန် အနောက်တင်၏ ကွန်မြူနစ်ဖိုးမေ့များဟုဆိုကာ သတ်ဖြတ်ခဲ့သည်ဟု ဆိုသည်။ သူရောက်ရှိရာသည့် နယ်များတွင် မဆလအုပ်ချုပ်ရေး ရာထူးများကို ကိုင်တွယ်ထားသော ရက်စက်ကြမ်းကြုတ်ပြီး အာဏာရူးဆန်သည့် စစ်အရာရှိဟောင်းများအနက် ထာက်ထွန်းရောက်သော ပုဂ္ဂိုလ်တဦးဟု ဆိုရပေမည်။ မြန်မာအသံမှ ဩဂုတ်လ ၈ ရက်နေ့က စစ်ကိုင်းမြို့၌ ဖြစ်ပွားခဲ့သောအရေးအခင်းကို ဆန္ဒပြသူ ၅၀၀ ခန့်က မြို့ထွင်း၌ ရဲစခန်းကို တိုက်ခိုက်ကြရကြောင်းဖြင့် အသံလွှင့်ခဲ့သည်။

"ဆူပူသူများလက်ထဲသို့ ရဲစခန်းကျရောက်မသွားစေရန် ကာကွယ်သည့်အနေဖြင့် မလွဲမရှောင်သာ ပစ်ခတ်ခဲ့ရသည်။ ထိုသို့ပစ်ခတ်ရာတွင် ၃၁ ဦးသေဆုံးခဲ့ပြီး ၃၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်ဟုဆိုသည်"

• • •

ဩဂုတ်လ ၉ ရက် အင်္ဂါနေ့တွင် ရန်ကုန်မြို့၌ ဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။ သို့သော် အင်အားမကြီးမားလှပေ။ ယမန်နေ့က ပျော်ရွှင်မှုတို့သည် ခါးသီးသော ဒေါသအသွင်သို့ ပြောင်းသွားခဲ့သည်။ တနင်္လာနေ့တွင် လမ်းမကြီးတိုင်းကို ဘီလပ်မြေ အုပ်ပိုင်းများနှင့် နှစ်ပိုင်းခွဲလိုက်သည်။ တပိုင်းမှာ စစ်တပ်အတွက် သီးသန့် လုံခြုံရေး လမ်းကြောင်းဖြစ်ပြီး ကျန်တပိုင်းမှာ ပြည်သူများသွားလာရန်ဖြစ်သည်။ တမြို့လုံးလိုလို၌ ပြည်သူများက လမ်းများကို ပိတ်ဆို့ထားကြသည်။ ယင်းအုပ်ပိုင်းများကို ပြောင်းပြန်လှန်၍ သော်၎င်း၊ စစ်သားများကိုပစ်ခတ်ရန် အုပ်ပိုင်းများကို ချိုး၍သော်၎င်း ပြုလုပ်ထားကြသည်။ လမ်းမပေါ်တွင် ပစ်ခတ်ခံရသူများနေရာကို အမှတ်အသားပြု၍ အုပ်ပိုင်းများကို ပုံထားကြသည်။ မိုးကလည်း နေ့တိုင်းလိုလို သဲသဲမဲမဲ ရွာလျက်ရှိသည်။

ပီတာကောနားဒ်သည် မနက်ပိုင်း ဟော်တယ်မှ ထွက်လာခဲ့ရာ ဒေါသထွက်နေသော အဖိုးကြီးတဦးကို တွေ့လိုက်ရသည်။ "ဒီအစိုးရဟာ လူသတ်အစိုးရဘဲ၊ ဒီအစိုးရဟာ ဟစ်တလာလို လူစားမျိုးတွေဘဲ၊ ဗမာပြည်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ ကမ္ဘာကသိအောင် ပြောပြပေးစမ်းပါ"ဟု အဖိုးကြီးကဆိုသည်။ ပီတာကောနားဒ်သည် ဆူးလေဘုရား အနောက်ဘက်ရှိ အန္ဒိယလူများရှိရာ ရပ်ကွက်သို့ ဆက်၍ထွက်လာခဲ့သည်။ သူယူလာသော ကင်မရာကို သတိပြုမိသူအချို့က သူ့အား အိမ်နောက်ဖေးလမ်းကြားတခုသို့ ခေါ်သွားခဲ့သည်။

"သူတို့ အသက် ၁၅ နှစ်သာ ရှိသေးတဲ့ မူဆလင်ယောက်ျားလေးတဦးရဲ့ အလောင်းကို ဓါတ်ပုံရိုက်ဖို့ လမ်းမပေါ် ထုတ်ယူလာကြတယ်။ သူတို့ အဲဒီအလောင်းကို ဝှက်ထားကြတယ်။ စစ်သားတွေက မူဆလင်စလေ့နဲ့ ဆန့်ကျင်ပြီး မီးသင်္ဂြိုဟ် ပစ်မှာစိုးလို့ဖြစ်တယ်။ စစ်သားတွေ ခပ်လှမ်းလှမ်းက လမ်းဆုံတခုမှာ ရှိနေကြတော့ ကျွန်တော်သုတ်ခြေတင်ခဲ့ရတယ်။ အဲဒီအချိန်မှာ အသက် ၈ နှစ် ၉ နှစ်လောက်ရှိတဲ့ ကလေး တယောက်က စစ်သားတွေကို လက်ညှိုးထိုးပြီး မတတ်တတတ်နဲ့ အင်္ဂလိပ်လို အော်ဆဲလိုက်တာ 'F--k Army'တဲ့"

"စစ်ကားတွေ အပြင်းမောင်းနှင်သွားတယ်။ ကားပေါ်မှာပါသွားတဲ့ စစ်သားတွေဟာ လမ်းတစိုက်ကို သေနတ်တွေနဲ့ ချိန်ထားကြတယ်။ အရပ်သားအကျဉ်းသမားတွေ တင်ထားတဲ့ကားကို အင်းစိန်ထောင်ဘက် မောင်းသွားတာ တွေ့လိုက်ရတယ်"ဟု ပီတာကောနားဒ်ကဆိုသည်။ ထိုနေ့ ထောင်ချိဖမ်းဆီးခဲ့သူများအနက် အများစုမှာ လုံးဝ ပျောက်သွားခဲ့သည်။ အုံကြွသွယ်ကောင်းသည်မှာ ထောင်ပေါင်းများစွာသော ဆန္ဒပြသူများ ဆက်လက်ဆန္ဒပြနေကြဆဲပင်ဖြစ်သည်။ သို့သော် မနေ့ကထက် ပို၍ သတိကြီးစွာဖြင့် လှုပ်ရှားနေကြသည်။ လမ်းဒေါင့်တခု၌ အလံများလွှင့်ထူကာ အော်ဟစ်ကြွေးကြော်နေကြသော လူတစုပေါ်လာရာ ချက်ချင်းပင် အသင့်ပြင်ထားသည့် စစ်သားအပြည့်ပါသော စစ်ကားတစီး

အပြင်းမောင်းချသွားသည်။ ဆန္ဒပြသူများမှာလဲ ရုတ်ရင်းပင် ရှောင်တိမ်းပျောက်ကွယ်သွားကြသည်။

ရန်ကုန်မြို့လမ်းများပေါ်တွင် ရှိနေခဲ့သော အနောက်တိုင်းသံတမန်တဦးက ဤသို့ သတင်းပို့ခဲ့သည်။ "လူအုပ်ထဲကို မောင်းပြန်ရိုင်ဖယ်တွေနဲ့ အသေအချာချိန်ပြီး ပစ်ထည့်တာ၊ ရောက်မြော်နှင့်တတ်သားတွေဟာ အလံကိုင်လာတဲ့လူတွေ၊ ဗိုလ်ချုပ်အောင်ဆန်းဓါတ်ပုံ ကိုင်လာတဲ့လူတွေကို ချိန်ပြီး ပစ်သတ်ခဲ့တယ်။ ယုန်တွေကို ပစ်သတ်တာ ကြည့်နေရသလို၊ မွေ့ရာကောင်းလှပါတယ်။ ၃ ရက်နေ့ဆန္ဒပြပွဲမှာပါခဲ့တဲ့ ၁၅ နှစ်အရွယ်ကလေးတယောက်ကို ကျွန်တော်သိတယ်။ သူတို့ စစ်သားတွေနဲ့ ရင်ဆိုင်တိုးတော့ လမ်းမပေါ် အကုန်ပစ်ထိုင် လိုက်ကြတယ်၊ ဒီကလေး အတော်ကံကောင်းတယ်၊ ကျည်ဆံက သူ့ခြေထောက်နှစ်ဖက်ကြားက ဖြတ်သွားတယ်၊ ပြီးတော့ စစ်သားတွေဟာ ကလေးတွေကို လှံစွပ်နဲ့ထိုးသတ်ကြတယ်။ သူ့ကိုစစ်သားတယောက်က လှံစွပ်နဲ့ ထိုးမယ်အလုပ် နောက်စစ်သားတယောက်က 'မလုပ်နဲ့ ဒီကလေး ငယ်လွန်းသေးတယ်' ဆိုလို့ သူလွတ်သွားခဲ့တယ်၊ ဒါပေမဲ့ သူ့သူငယ်ချင်းတွေ သူ့မျက်စိရှေ့မှာ လှံစွပ်နဲ့ ထိုးသတ်ခံကြရတယ်"

ရန်ကုန်တက္ကသိုလ်(ပဉ္စမ) နိုင်ငံခြားဆက်ဆံရေး ကျောင်းသားတဦးဖြစ်ပြီး ဇွန်လ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သော ဝင်းမြင့်မှာ ဩဂုတ်နေ့တွင် သင်္ကန်းကျွန်းမှ ချီတက်လာသော လူနှစ်သောင်းခန့်ရှိ ဆန္ဒပြပွဲတွင်လည်း ပါဝင်ခဲ့သည်။ ယင်းချီတက်ပွဲကို ဦးဆောင်သူမှာ အသက် ၂၀ ပတ်ဝန်းကျင်ရှိသောကျောင်းသား မိုးသီးဇွန် ပင်ဖြစ်သည်။

"ကမ္ဘာအေးဘုရားလမ်းနဲ့ ကျွန်းသစ်ရုံးကို သွားတဲ့လမ်းဆုံမှာ ကျွန်တော်တို့ပဲ အလံတွေ၊ ဗိုလ်ချုပ်အောင်ဆန်းဓါတ်ပုံတွေကို ကိုင်လာကြတဲ့ တခြားအုပ်စုနဲ့ ပေါင်းမိကြတယ်" ဟု ဝင်းမြင့်က ပြောပြသည်။ "တန်းကြီးတွေက ဆူးလေဘက်မှ ရှိပတ်ကြတယ်၊ စစ်သားတွေဟာ သူတို့ကြိုးစားနေကြတာ ပစ်မှာမဟုတ်ဘူးလို့ ကျွန်တော်တို့ ယူဆကြလို့ပဲ။ အဲဒီအချိန်မှာပဲ တပ်မ ၂၂ က စစ်သားတွေဟာ ကျွန်တော်တို့ကို ရှေ့ကရော နောက်ကရော ပိတ်ဆို့လာတာကို တွေ့ရတယ်။ သူတို့ ထွန်ပေါက်ကြိုးကြိုး ပစ်ပြီး ဝင်တိုက်တော့တာပဲ။ လဲကျသူတွေ၊ မပြေးနိုင်တဲ့သူတွေကော လှံစွပ်နဲ့ ထိုးသတ်ခံကြရတယ်။ အနည်းဆုံး သုံး၊ လေးဆယ်လောက်တော့ ပွဲချင်းပြီးသေသွားခဲ့တယ်၊ ရာနဲ့ချီပြီး အဖမ်းခံခဲ့ကြရတယ်။ မသေဘဲကျန်တဲ့လူတွေက အနီးအနားမှာရှိတဲ့ အိမ်တွေထဲဝင်ပုန်းကြတယ်၊ အိမ်တွေကလည်း ကျွန်တော်တို့ကို ဝှက်ထားပေးပါတယ်"

တနင်္လာနေ့ည ပစ်ခတ်မှုကြောင့် မြို့လယ်တပိုင်းမှာ ရှင်းသွားခဲ့သည်။ သို့သော် အင်္ဂါနေ့၌ရှင်း၊ အများသဘောဖြင့် စုရုံးနေသော ဆန္ဒပြပွဲများမှာ ပုန်းရှောင်ရန်ခက်ခဲသော မြို့ပြင်ရပ်ကွက်များတွင်သာ ဆက်လက်ဖြစ်ပွားခဲ့သည်။ အခြေခံလူတန်းစားရပ်ကွက် ဖြစ်သော တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနှင့် သာကေတတို့မှာ အကြမ်းဆုံး ဖြစ်သည်။ ဤမြို့သစ်များတွင် ယင်းကိုတည်ဆောက်ခဲ့သော ၁၉၅၈-၆၀ ခုနှစ် အိမ်စောင့် အစိုးရလက်ထက်မှစပြီး စစ်ယန္တရားပေါ်မကျေနပ်မှုများမှာ ပွဲ့ပေါ်ခဲ့သည်။ စစ်အုပ်ချုပ် ရေးနှင့် ညမထွက်ရအမိန့်များ ထုတ်ပြန်ထားသည့် ကာလများအတွင်း ထိုးထွက်လာခဲ့သော ကုန်ဈေးနှုန်းများကြောင့် ရန်ကုန်မြို့၏ ဆင်းရဲသားရပ်ကွက်များတွင် မကျေနပ်မှုများ ပို၍ ကြီးထွားလာခဲ့သည်။

မြို့နှင့်မလာများအတွင်း စာနီကာပြည်ထောင်ဖြိုသည့်နောက် လက်ထဲတွင် တကျပ်၊ နှစ်ကျပ်ခန့် ကျန်ခဲ့သည့်အခြေအနေမှ ကင်းကွာကာ တနေ့ ၆ ကျပ် ပြား ၅၀ ရသော နေ့စား

အလုပ်သမားတဦးသည် ၃ ရက်အလုပ်လုပ်မှ ဆန်တပြည်ဝယ်နိုင်သည့်ဒုက္ခနှင့် ကြုံခဲ့ရသည်။

“၈ ရက်နေ့က ကျွန်တော်အပါအဝင် လူတချို့ မြို့တော်ခန်းမကိုချီတက်ခဲ့ကြတယ်။ ဒါပေမဲ့ ည ၈ နာရီမှာတော့ မြောက်ဥက္ကလာပရပ်ကွက်တိုင်းက လူတွေဟာ လမ်းတွေပေါ်မှာ စုရုံးပြီး ရပ်ကွက်ထဲမှာဘဲ ဆန္ဒပြကြတယ်၊ လူတန်းရှည်ကြီးတွေဟာ လမ်းမကြီးတွေမှာ အရှေ့အနောက်ချီတက်ပြီး တသုတ်လုံး အဆိုးနေသနဲ့ကျင်မျှားကြွေးကြော်သံတွေ ဟစ်အော်ကြတယ်၊ အလုပ်သမားတွေ၊ ကျောင်းသားတွေ၊ အိမ်ရှင်မတွေ၊ ဘုန်းကြီးတွေ ပြောရရင် လူတိုင်းလိုလိုပါဘဲ၊ စစ်သားတွေက ကျွန်တော်တို့မြို့ကို ဝိုင်းပြီးပိတ်ဆို့ထားတယ်၊ ဒါပေမဲ့ တချို့ ဆန္ဒပြလူကြီးတွေက ဖောက်ထွက်ပြီး ရန်ကုန်မြို့ထဲကိုတက်လျှောက်ကြတယ်”ဟု မြောက်ဥက္ကလာပမြို့သားတဦးက ပြန်ပြောပြသည်။

အင်္ဂါနေ့ နံနက်ပိုင်းတွင် ဟာဟားလေးအနီး မြောက်ဥက္ကလာပ သခင်ရုပ်ရှင်ရုံရှေ့တွင် ထောင်ပေါင်းများစွာသော လူထုကြီး စုဝေးရောက်ရှိသောသည်။ စစ်သားများက လမ်းကို ပိတ်ဆို့ထား နံနက် ၇ နာရီတွင် ပစ်ခတ်၍ ဆန္ဒပြသူ ၄ ဦးသေဆုံးခဲ့သည်၊ လူအုပ်ကြီးသည် တပ်ဆုတ်လာခဲ့သော် ပြီးစလွယ်အောက်လုပ်ထိုက်ကြသော စင်မြင့်များမှ မိန့်ခွန်းများ ပြောကြားကြသည်။

မြောက်ဥက္ကလာပသားတဦးက “နံနက် ၁၁ နာရီခွဲမှာ ဗိုလ်မှူးတဦးက စစ်သားတွေ ယောက်ကို လူအုပ်ထဲပစ်ခိုင်းတယ်၊ စစ်သားတပ်စိတ် ငြင်းဆန်နေသော သူကိုတနေရာကို ခေါ်သွားကြတယ်၊ ဟဲဒီအရာရှိက အစိုးရမှာရှိတဲ့ အိမ်တအိမ်ကနေပြီး ကောယ်ပေါ်ပို့ဆက်တယ်၊ အိမ်ရှင်က ကြားနေရတာပေါ့၊ ဆန္ဒပြသူတွေကို မပစ်ဖို့ အမိန့်ပေးနေကာသော”ဟု ပြောပြသည်။

လူထုတက်ပွဲကြီးမှာ ချက်ဖိုင်း စတင်လေတော့သည်။ ပဲသမနရုံးထိသူများမှာ ပြုပြင်ခံခဲ့သူနှင့် ၁၈ နှစ်အရွယ် ဆိန်ကလေးတဦးဟု ဖြစ်ကြသည်။ သူမှာ ပေမီးပေါ်ထဲကျ သေဆုံးသည်ကိုင်း ဗိုလ်မှူးပျောက်သဆန်းဝါတ်ပုံကို နိုင်နိုင်မြဲမြဲ ဆုတ်ကိုင်ထားဟုန်းပင် ဖြစ်သည်၊ စစ်သားများနှင့် အရင်းကယ်ရှိယာများသည် မြောက်ဥက္ကလာပ၏ ဓဗ္ဘကိမ်အမှုတော်ကိ မှောက်ပေးသော်ကြားများကို ဝင်ရောက်တော လူအုပ်ကူသေနေ့များ လက်ဆောက်ရည်ဆိုင်များ၊ အိမ်အိုအိမ်ပျက်များမှရောင် အတားအဆီးမရှိ ပစ်ခတ်တော့သည်။

လူထုမှာလည်း ကျင်ဂလိမ်များ၊ ဓားရှည်များ၊ ဝါးရင်းတုတ်များ၊ မါဝ်ဆိပ်လူးများ စသည်ဖြင့် ရှာဆွဲပြီး ခုခံကိုက်ခိုက်ကြသည်။ မြောက်ဥက္ကလာပ သူထသည် ကာရင်းကသယ်ရှိယာတစ်းကို လူအုပ်ဖြင့် ဝင်ဖီးပြီး မောင်းသူကို ရှစ်ဂလိမ်ဖြင့် ပစ်သတ်လိုက်ကြသည်၊ ညကြက်တွင် တောက်မသေနတ်ဖောက်ထတ်တဲ့ ဖြစ်ဖနေရာ ယင်းသည်ရပ်ကွက်ကို မီးရှို့ဖျက်လိုက်ကြသည်။ ဘုန်းကြီးများလည်း ခုခံကိုက်ခိုက်ရာတွင် ပါဝင်လာခဲ့ကြရာ Yellow Army ဟု အမည်ရဖြစ်ပေါ်လာတော့သည်။ စစ်သားများက လူအုပ်ကြီးထဲသို့ ဝင်း၊ အစိုးရတော်လှန်ရေးသို့ ဖြစ်ခဲ့စဉ်က ဘုန်းတော်ကြီးများလည်း ပျံလွန်တော်မူခဲ့ကြသည်။

“ကျွန်တော်ဟာ လမ်းထောင်မှာရပ်ပြီး ဗီယသနာသွားများနေတဲ့ ဘုန်းကြီးတပါးကို မြင်မိတယ်၊ သူ့ခေါင်းကို ပေါက်ဖြစ်စာ တပ်သားတဦးက ပစ်သည့်ထိုက်ရာ ပွဲချင်းပြီး ပျံလွန်တယ်၊ အဲဒီအချိန်က ဘုန်းကြီး ၄ ပါးနဲ့ လူ ၅ ယောက်သေဆုံးကြတယ်၊ လူတွေက ကျည်ဆံမထိအောင် ရှောင်ပြေး၊ ပြောက်ပြေးခဲ့”ဟု မြောက်ဥက္ကလာပမှ အောင်ကျော်းက ပြောပြသည်။

စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် မြင်မကောင်းသောစိတ်ဓါတ်ကို အိုးကုန်ခဲ့လေပြီ။ မြို့တစ်ခွင်တွင် အာဏာပိုင်များအပေါ် မုန်းတီးမှုနှင့် အမျက်ဒေါသတို့ ပေါက်ကွဲခဲ့တော့သည်။ ၉ ရက်နေ့ ညနေပိုင်းတွင် အသေခံဆန္ဒပြသူတစုသည် မီးသတ်ကားတစီးကို မြောက်ဥက္ကလာပ လုံထိန်းဌာနချုပ်သို့ မောင်းယူသွားကြသည်။ ထိုလုံထိန်းစခန်းမှာ ဖြိုချပြီး မီးရှို့ခံလိုက်ရသည်။ ဗုဒ္ဓဟူးနေ့နံနက်တွင် မော်တော်ဆိုင်ကယ်စီးလာသော စစ်ထောက်လှမ်းရေးတဦးကို မြို့ဆေးရုံအနီး၌ တွေ့မြင်ကြရသည်။ တင်းမာသောမျက်နှာထားနှင့် နေကာမျက်မှန်တပ်ထားရာ အမ်အိုင်မှန်း သိသာလှသည်။ "အမ်အိုင်-အမ်အိုင်"ဟု အော်ဟစ်လာ ပစ်ပေါက်လိုက်သော ခဲလုံးကြီးတခုက သူ့အားမော်တော်ဆိုင်ကယ်ပေါ်မှ လွင့်ကျသွားစေခဲ့သည်။ ဒေါသကြီးစွာထွက်နေသော လူထုက ရိုက်သတ်ပြီး အလောင်းနှင့် ဆိုင်ကယ်ကို မီးရှို့ပစ်လိုက်ကြသည်။

ပစ်ခတ်မှုများမှာ ဗုဒ္ဓဟူးနေ့တွင်လည်း ဆက်လက်ဖြစ်ပွားနေခဲ့သည်။ ပျူပုပ်ကြီးသည် ဖျက်ကန်းဒေါသဖြင့် ထိန်းမရသောဆင်ရိုင်းအုပ်သဖွယ် ဖြစ်လာသည်။ မြောက်ဥက္ကလာပတွင် ဓါးသမားလောင်ကျွမ်းနေကြသော ရာနှင့်ချီသည့် လူအုပ်ကြီးသည် ရပ်ကွက်ရဲစခန်းတခုကို ဝင်စီးပြီး မီးရှို့လိုက်ကြသည်။ ပုလိပ် ၄ ဦးကို လမ်းမပေါ်သို့ ဒရွတ်တိုက်ဆွဲထုတ်လာကြသည်။ လူငယ်တဦးသည် သံဆူးတက်ခါးတလက် ယူလာပြီး ပုလိပ်များကို တယောက်တလှည့် လည်ပင်းဖြတ်ကြရာ လူထုကြီးက ဩဘာသံပေးခဲ့ကြသည်။ စခန်းမှူးလက်နက်များကို သိမ်းယူပြီး ဖွက်ထားကြသည်။ မြောက်ဥက္ကလာပတွင် သစ်ပင်များခုတ်ပြီး မြို့အဝင်လမ်းများကို ပိတ်ဆို့ကာ လူအစုလိုက်ကပ်သော မြို့တွင်းသို့ စစ်ကားများနှင့် အရင်းကာလရှိမှုအ ဝင်မလာနိုင်အောင် တားဆီးထားကြသည်။

"ကျွန်တော်တို့မြို့ရဲ့ ပါဒီယုနစ်ရုံးထဲက စစ်သားတွေကို လူအုပ်ကြီးကတော်လည်ဝိုင်းပြီး ပိတ်ဆို့ထားလိုက်ကြတယ်။ စစ်သားတွေဟာ သူတို့ရဲ့ဌာနချုပ်ကို ရေဒီယိုနဲ့ ဆက်သွယ်စကားပြောပြီး အကူအညီတောင်းကြတယ်။ ညနေ ၅ နာရီမှာ စစ်ပေယာဉ် ၃ စီး နိမ့်နိမ့်ပျံကာလေးပျံနေတာ ၁ နာရီလောက်ကြာတယ်။ လူတွေက အော်ဆဲ၊ ခဲတွေကို မိုးပေါ်ထောင်ပြီးနဲ့ မကြောက်ဘူး၊ ရဲမယ်ဆိုပြီး ဒူးထိုးပြကြတာ"ဟု ဆေးဝင်ရောက်က ပြောပြသည်။ "လေယာဉ်ပုံတွေက စာရွက်ချပေးလိုက်တယ်၊ ပိတ်ဆို့မှုတွေရှင်းလင်းပြီး လူစုခွဲကြဖို့ အမိန့်ပေးတာဖြစ်တယ်။ အမိန့်ကိုမနာခံရင် မြောက်ဥက္ကလာပကို ဗုံးကြဲခံရမယ်လို့လဲ ဆိုတယ်။ ကျွန်တော်တို့ ရိုက်ပြီး အော်ဆဲကြတာ နောက်ဆုံးတော့ လေယာဉ်ပျံတွေ ပျောက်သွားတယ်။ ဒီညမှာဘဲ စစ်သားတွေ ထွက်ပြေးသွားကြတယ်။ ကျွန်တော်တို့က အဓိကမြို့အဝင်လမ်းတွေ အားလုံးမှာ ကင်းချထားကြတယ်။ တညလုံး သတိနဲ့နေနေကြတယ်။ ရဲတွေလည်း ကြောက်လန့်တကြားပြေးတို ပျောက်သွားကြတယ်၊ သူတို့ဝမ်းပျော်ကြ ရှိပ်ဖယ်ဘွဲ့ကာကြီးအဲ ကျွန်တော်တို့ သိမ်းယူလိုက်ကြတယ်၊ စစ်တပ်က မြောက်ဥက္ကလာပကို ဝင်လာရင် ကျွန်တော်တို့ ခုခံတိုက်ခိုက်ဖို့ အသင့်ပြင်ထားကြတယ်"ဟု ဆေးဝင်ရောက်က ဆိုသည်။

အသက် ၂၈ နှစ်အရွယ်ရှိ ကချင်အမျိုးသား အဆိုတော်မွန်းဒေါင် သင်းစိန်မြို့ ဆန္ဒပြပွဲများ၌ ပါဝင်ခဲ့သည်။

"စစ်တပ်က လမ်းပိတ်လိုက်လို့ ရန်ကုန်မြို့လယ်ကို ရောက်လာတာ၊ ကျွန်တော်တို့ လူအုပ်နည်းနည်းလေးရှိယ်။ ဒါပေမဲ့ အင်းစိန်ကားဂိတ်မှာ ဆန္ဒပြပွဲနေ့တိုင်းရှိနေတာတဲ့၊ ကောင်လေးတွေလွှင့်၊ ဆိုင်းဘုတ်တွေကိုင်၊ ကြွေးကြော်သံတွေဟစ်နဲ့ ချီတက်ဆန္ဒပြကြတယ်။

လှသောင်နှင့်ရှိပြီး ဆန္ဒပြပွဲများကျင်းပနေကြတယ်။ ဒါပေမဲ့ ၁၀ ရက်(ဗုဒ္ဓဟူး)နေ့ မွန်းလွဲ ၃ နာရီမှာ စစ်တပ်က ပစ်တော့တာပဲ။ ဆန္ဒပြသူတွေရော ဘေးပယ်သူတွေပါ သေဆုံးကြရတယ်။ စစ်သားတွေဟာ အဆက်မပြတ်ပစ်ကြတယ်။ အရပ်သားတွေကိုလည်း ရန်သူလို သဘောထားပုံ ရတယ်။ လူစုမြင်ရင် ပန်းမလေးဘဲ ပစ်သတ်ကြတယ်။ ဒဏ်ရာရသူတွေ သေဆုံးသူတွေ အားလုံးကို စစ်ကားကြီးတွေနဲ့ သယ်ယူသွားကြတယ်"

ယင်းတပတ်လုံးပင် မစ်နိုင်မှာ ရန်ကုန်ဆေးရုံကြီး၌ လုပ်အားပေးနေခဲ့သည်။ စစ်တပ်မှ ဆေးရုံဝင်းတွင်း ပစ်ချထားခဲ့ကြသော ဒဏ်ရာရသူများကို ခွဲစိတ်ကုသရာ၌ ကူသည့် ဆရာဝန်များ၊ သူနာပြုဆရာမများကို ကူညီနေခဲ့သည်။

"ဆေးရုံအမှုထမ်းတွေက ဒဏ်ရာရလာတဲ့ ကျောင်းသားတွေ၊ ကလေးတွေကို မြင်တော့ ငိုကြတယ်။ ဒါပေမဲ့ သူတို့ရဲ့ တာဝန်ကို ကျေပြွန်စွာထမ်းဆောင်ကြတယ်။ သူတို့ဟာ စစ်တပ်ကို ဒေါသထွက်လွန်းလို့ ဒဏ်ရာရလာတဲ့ စစ်သားတွေကို ကုပေးဖို့ ငြင်းဆိုကြတယ်။ ဆေးရုံအခန်းတိုင်းဟာ ငိုယိုညည်းညူနေကြတဲ့ လူငယ်တွေနဲ့ ပြည့်ကြပ်နေတာပဲ"

၁၁ ရက်နေ့တွင် ဒဏ်ရာရခဲ့သော ဆန္ဒပြသူတရာကျော်ကို ရန်ကုန်ဆေးရုံကြီးသို့ သယ်ဆောင်ခဲ့ကြသည်ဟု စစ်နိုင်ကပြောသည်။ အများစုမှာ အလုပ်သမားရပ်ကွက်များဖြစ်သော မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ သာကေတတို့မှ ဖြစ်ကြသည်။ သာကေတတံတားကို ဖြတ်ကူးရန် ကြိုးစားကြသော ဆန္ဒပြသူများကို ရှေ့တပ်မှ စစ်သားများက ပစ်ခတ်ခဲ့သည်။ သေဆုံးကြသူအများစုမှာ အသက် ၁၆ နှစ်နှင့် ၂၂ နှစ်ကြား လူငယ်များ ဖြစ်ကြသည်။ စစ်နိုင်မြင်ခဲ့ရသည့် အငယ်ဆုံးမှာ ကာကွယ်ရေးဝန်ကြီးဌာနရှေ့ တနေကုန် ပြင်းထားခြင်းခံခဲ့ရသော ၁၅ နှစ်အရွယ် ကလေးငယ်တဦးဖြစ်သည်။ ထိုကလေးအား စစ်ကားတစီးဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ရောက်ရှိလာချိန်တွင် အလွန်နောက်ကျခဲ့ပေပြီ။ တနာရီအကြာတွင် သွေးလွန်၍ သေဆုံးသွားခဲ့သည်။

၉ ရက်နေ့တွင် သင်္ဃန်းကျွန်းမြို့မှ အထက်တန်း ကျောင်းသူကျောင်းသားတစု ရောက်လာကြလေသည်။ ဗိုလ်မတထိမ်ဦး ဆရာဆရာမများက စစ်သားများနှင့်တွေ့လျှင် မိမိတို့နှင့် ပူးပေါင်းရန် စည်းရုံးကြပါဟု မှာကြားလိုက်သည်။ ကျောင်းသားကျောင်းသူ ငယ်လေးများသည် လမ်းပိတ်ထားသော စစ်သားများနှင့် ရင်ဆိုင်တိုးသောအခါ မှာကြားလိုက်သည့်အတိုင်းပင် ဟန်ဆောင်မပါဘဲ ပြုလုပ်ကြလေသည်။ ယင်းဆယ်ကျော်သက် အရွယ်များကို စစ်သားများက လမ်းမပေါ်တွင် ဒူးထောက်၍ ခေါင်းပေါ်သို့ လက်တင်ခိုင်းကြသည်။ ထို့နောက်မှ ရိုင်ဖယ်အသံများ ဆူညံသွားတော့သည်။ လူငယ်များမှာ သေဆုံးခဲ့၍ ကျန်သူများ ထွက်ပြေးသွားကြသည်။ ရန်ကုန်ဆေးရုံကြီးသို့ ထွက်ပြေးရောက်ရှိလာသူ ဒဏ်ရာရငုံကလေးတဦးက ဒေါသဖြစ်နေကြသော ဆရာဝန်များ၊ သူနာပြုများအား ယင်းဖြစ်ရပ်ကို အောက်ပါအတိုင်း ပြောပြခဲ့သည်။

"အဆိုးဆုံးနေ့ကတော့ ၁၀ ရက်(ဗုဒ္ဓဟူး)နေ့ပါ။ စစ်ကားတွေဟာ ရန်ကုန်တိုက်က လူသေတွေရော ဒဏ်ရာရသူတွေကိုပါ သယ်ယူလာပြီး ဆေးရုံကြီးမှာ ပြစ်ရလိုက်တယ်။ တချို့ကလေးတွေဆိုရင် ခြေတွေ၊ လက်တွေမှာ သေနတ်ဒဏ်ရာ၊ ရင်ဘတ်နဲ့ လည်ပင်းအစွမ်းမှာ လှံစွပ်ဒဏ်ရာတွေနဲ့ မွှန်ထူကျနေကြတယ်။ တချို့ဆို မုံမျက်မှန်ပုက်ပဲ၊ အလောင်းအများအပြားကတော့ ကိုယ်တုံးလုံးနဲ့ ပေါ်ကျွံတွေ ပြီးတော့ ဘာမှမကြီးအလောင်းတွေ ဖြစ်တယ်။ စစ်သားတွေက ဒီအလောင်းတွေကို ဆေးရုံကြီးမှာပြစ်မချင် သက်နင်းတွေကို

ရှုတ်ပြစ်ခဲ့ကြတယ်။ ကျွန်တော်ရောကြည့်တော့ အလောင်း ၁၆၀ လောက်ရှိတယ်၊ ခင်္ကြာဝေရ သူတွေက ရာနဲ့ချီနေတာဘဲ၊ ဒါက ဆေးရုံကြီးမှာဘဲ ရှိသေးတယ်၊ ရန်ကုန် အခြားဆေးရုံ တွေမှာလည်း အများကြီးရှိသေးတယ်။ ဩဂုတ်လ ၁၀ ရက်နဲ့ ၁၂ ရက်ကြားမှာ စစ်တပ်က ပစ်လို့ သေတဲ့လူ ၁၀၀၀ ထက်မနဲဘူး"

အဆိုးဆုံးသော ပြစ်ရပ်တခုမှာ ၁၀ ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီးရှေ့၌ ဖြစ်ပွားခဲ့သည်။ မွန်းလွဲတနာရီခန့်တွင် အသက် ၂၂ နှစ်ရှိ သူနာပြုကျောင်းသားတဦးကို ဆေးရုံ ကြီးသို့ ရောက်လာရာ အရေးပေါ်ဌာနရှေ့တွင် လူအုပ်ကြီးကို တွေ့ရှိခဲ့သည်။

"လူတချို့က 'ဒဏ်ရာရသူများကို ကုသနေကြသော ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံအလုပ်သမားများက အပစ်အခတ်ရပ်စဲရန် တိုက်တွန်းပါ၏'ဆိုတဲ့ စိုင်းဘုတ်ကြီး တခုကို သွေးနဲ့ရေးနေကြတယ်၊ ဒဏ်ရာရသူလူတွေကို ကြည့်ဖို့လူမလောက်ဘူး၊ ဆေးရုံမှာ သွေး၊ ဆေး၊ ပတ်တီးတွေ ကုန်ခနပြီ၊ ဒါကြောင့် ဆေးရုံထဲက သူနာပြုဆရာမ တစုထွက်လာကြတယ်။ အမျိုးသားဆောင်ထဲကို ကိုင်ဆောင်လာပြီး ခုနကဆိုင်းဘုတ် ကိုလည်း ယူလာကြတယ်၊ သူနာပြုဆရာ၊ ဆရာမတွေနဲ့ ရောပြီး ချီတက်ရဟာ လုံခြုံလိမ့်မယ်ထင်ပြီး ကျွန်တော်လည်း သူတို့နဲ့ အတူလိုက်သွားခဲ့တယ်၊ ကျွန်တော်ကို သူနာပြုဆရာမအဆောင်သက် အတွေ့မှာ စင်္ကာပူတစီးလာနေတာမြင်ရတယ်။ ပစ်လိမ့်မယ်လို့ မထင်ခဲ့မိဘူး။ ဒေါသထွက်နေကြတဲ့ လူတချို့က ဆေးရုံဝင်းတံခါး ကိုကျော်ပြီး စစ်သားတွေကို ဆဲကြတယ်၊ ပြီးတော့ သေနတ်သံတချက် ကြားလိုက်ရတယ်၊ နောက်တချက် ဒီနောက် ဆက်တိုက်ပစ်တော့ဆဲတွေ ဆူညံသွားကာဘဲ၊ ဆေးရုံအမှုထမ်း လူတန်းကြီးထဲကို ပစ်တာနဲ့လို ဆေးရုံကြီးရှေ့ ဈေးဆိုင်မြေပွဲမှာ သေတဲ့သူတွေ လူးလိမ့် နေကြတဲ့သူတွေကို ကိုယ်တိုင်တွေ့ခဲ့ရတယ်။ ဆေးရုံထဲ ကူးသယ်ခဲ့တယ်၊ သူတို့ရဲ့ ဆေးရုံဝတ်စုံအဖြူမှာ သွေးတွေရဲနေတာ မြင်ရတော့ ငွေမယုံနိုင်ကြတယ်"

သူနာပြုဆရာမနှစ်ဦးနှင့် ဆရာတဦး ပြင်းထန်စွာဒဏ်ရာရပြီး ကျန်နှစ်ဦး၏ ဒဏ်ရာတို့မှာ မကြီးလှချေ။ ဆေးရုံကြီးကွင်း ဈေးလှူနေကြသူများ၊ ခွေမိုးသားချင်းများကို ရှာနေကြသူများ အများအပြားသေဆုံးခဲ့ကြသည်။ ပစ်ခတ်သည့်အချိန်မှာ မွန်းလွဲ ၁ နာရီခွဲခန့်ဖြစ်သည်။ နာရီဝက်အကြာတွင် စစ်သားများပြန်လှည့်လာပြီး ဆေးရုံကို ပစ်ခတ်ကြပြန်သည်။ ဤတကြိမ်တွင် အထိအခိုက်မရှိချေ။ ထိုနေ့တွင်ပင် ဆေးရုံဝန်ထမ်း များနှင့် လူအချို့သည် ဆေးရုံကြီးရှေ့၌ ပန်းများ၊ ပန်းခွေများ ဘုန်းကြီးဝတ်များဖြင့် ဖြစ်သလို လွမ်းသူ့ပန်းများ ဆောက်လုပ်လိုက်ကြသည်။ ဆေးရုံကြီးပစ်ခတ်မှုမှာ ရန်ကုန်၌သာမျှင် ဖြစ်ပွားခဲ့သည်။ လူတိုင်း၏ အသက်ကိုကယ်ဆယ်ရန် တာဝန်ထမ်းဆောင် နေကြသည့် ဆေးရုံဝန်ထမ်းများကို ပစ်ခတ်သည်ဟူသော သတင်းဖြင့် စစ်တပ်ကို စက်ဆုပ် ရွံရှာပြီး လူထု၏ဒေါသမီးအရှိန်မှာ ပိုပြင်းလာခဲ့သည်။

"ဆေးရုံကြီး ပစ်ခတ်မှုဟာ လူထုနဲ့ စစ်တပ်ကြား လမ်းခွဲတဲ့ အဓိကတခုဖြစ်တယ်၊ စစ်တပ်မှာ အမှုထမ်းတာဟာ ဂုဏ်ယူစရာဖြစ်တယ်ဆိုတဲ့ နေ့ရက်တွေကို ပြန်ရဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့ဘူး။ ကျွန်တော်တို့ နေ့ရောညပါ အလုပ်လုပ်ကြတယ်၊ နေရာမရွေး အချိန်မရွေး ကြိုးသလိုပဲ အိပ်ကြတယ်၊ လူတိုင်းက စိတ်မမနှင့်ကြဘူး။ တချို့ဆို အလုပ် သိပ်များလို့ငိုကြတယ်၊ စစ်သားတွေ ကျွန်တော်တို့ဘက် ပါလာလိမ့်မယ်လို့ ထင်ခဲ့ကြတာ၊ ကိုယ့်ပြည်သူတွေကို ဘာကြောင့် ဒီလိုပစ်သတ်ရက်တယ်ဆိုတာ နားမလည်နိုင်ဘူး"ဟု စစ်နိုင်ကပြောပြသည်။

၁၁ ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီးသို့ သွားရောက်ခဲ့သည့် ဂါဒီယံသတင်းထောက်က "လူနာတိုင်းဒဏ်ရာ ရထားကြတယ်၊ ဆေးရုံနံရံပေါ်က ကျည်ဆံရာတွေကို အမှတ်တမ်းတွေက သေသေချာချာ မြင်ဖူးနဲ့ ဝိုင်းပြောကြတယ်။ ကပ်ထားတဲ့ ပိုစတာတွေလည်း အများကြီးပဲ၊ အစိုးရက ပစ်သတ်တာတွေကို ရှုတ်ချကြတယ်။ ဆေးရုံအခန်းတွေမှာတော့ ဒဏ်ရာရသူတွေနဲ့ ပြည့်ကြပ်နေတာပဲ၊ သူတို့ကို မနိုင်ဝန်ထမ်းက ရသမျှဆေးဝါးတွေနဲ့ ကုသကြပေးတယ်၊ ဒီအပြင် ဒဏ်ရာရတဲ့လူတွေကို ဆေးရုံခေါ်မလာကြဘူးဆိုပဲ၊ စစ်တပ်က မှတ်တမ်းယူမှာနဲ့ ဖမ်းသွားမှာကြောက်တယ်လို့ မိဘဆွေမျိုးတွေက ပြောကြတယ်။ ဆေးဝါးကုသမှုမရှိဘဲ အိမ်မှာသေတဲ့ လူတွေလည်း အများကြီးပဲ" ဟုဆိုသည်။

ထိုကြောက်ရွံ့မှုများမှာ အကြောင်းမဲ့မဟုတ်ချေ။ ပစ်သတ်မှုများသည့် ညများတွင် အာဏာပိုင်စစ်ရဲများက ဒဏ်ရာရသူများကို ကောက်ယူကာ ဆေးရုံသို့ပို့ပေးနေသည် ဟူသော ကောလဟာလသတင်းများ ထွက်ခဲ့သည်။ တခါတလေ မှန်သော်လည်း စစ်မှန်သည့် ထူးဆန်းသောကြုံကြိုက်မှုတခုကို ရန်ကုန်ဆေးရုံကြီးတွင် လုပ်အားပေးနေခဲ့သော ညတညတွင် ကြုံတွေ့ခဲ့ရသည်။

"ဗင်န်အဖြူ ၄ စီးဟာ ဆေးရုံကိုရောက်လာပြီး လူသေအလောင်းတွေ ဒဏ်ရာရသူတွေကို လာယူကြတယ်၊ ဒရိုင်ဘာတွေက လူတို့ အမေရိကန်သံရုံးက လာတာ၊ အမေရိကန်တွေက ဒဏ်ရာရသူတွေကို သူတို့သံရုံးမှာ ဆေးကုပေးမယ်လို့ပြောတယ်။ ဒါတွေအားလုံးဟာ ထူးဆန်းနေလို့ ကားနံပတ်စိမ်းရဲ့ နံပါတ်တွေကို မှတ်ထားလိုက်တယ်"

ကားနံပါတ်များမှာ ၈/၁၄၄၈ နှင့် ၈/၄၂၂၇ တို့ဖြစ်ကြသည်။ နောက်တွင် အမေရိကန် သံရုံးကို မေးကြည့်သောအခါ သံရုံး၌ ဤကားနံပါတ်များရှိကြောင်း အတည်အကျပြန်ဖြေကြသည်။ မည်သို့ပင်ဆိုစေ ရန်ကုန်မြို့လူထု မှတ်မိသည်မှာ သူတို့ကြုံခဲ့ကြသော ရက်သတ္တပတ်၏ ညတိုင်းတွင် ကြိုးကောက်ထားသောစစ်ကားကြီးမှ ညလုံးပေါက်မီးခိုးများ အူထွက်နေပြီး နေ့လာတခုလုံးကို စစ်သားများက ပိတ်ဆို့ထားခြင်းပင်ဖြစ်သည်။

* * *

မြန်မာ့အသံမှ ထောက်ခြင်းနေ့ညတွင် လူသတ်ပွဲများ လမ်းပေါ်တိုက်ပွဲများ ပြီးဆုံးခဲ့ပြီ ဖြစ်ကြောင်း ကြေညာသည်။ သတင်းကြေညာသူသည် နိုင်ငံတော်ကောင်စီအတွင်းရေးမှူး ဦးကျော်ထင် လက်မှတ်ထိုးထားသော ကြေညာချက်တခုကို ဖတ်ကြားလိုက်သည်။

"ဦးစိန်လွင်သည် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ရာထူးမှလည်းကောင်း၊ နိုင်ငံတော်သမ္မတ ရာထူးမှလည်းကောင်း၊ မွန်ပြည်နယ် ပဲခူးနယ်အမှတ်(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှလည်းကောင်း နုတ်ထွက်ခွင့်ပြုပါရန် တင်သွင်းခဲ့သည်။ ရာထူးမှနုတ်ထွက်ခြင်း၊ အစားထိုးခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ အခန်း ၄ ၏ စည်းမျဉ်းများအရ ဦးစိန်လွင်အား နိုင်ငံတော်ကောင်စီဥက္ကဋ္ဌရာထူးမှလည်းကောင်း၊ နိုင်ငံတော်သမ္မတရာထူးမှလည်းကောင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း ယနေ့ ၁၉၈၈ ခု ဩဂုတ်လ ၁၂ ရက်နေ့ မှစ၍ နုတ်ထွက်ခွင့် ပြုလိုက်သည်"

မိနစ်ပိုင်းအတွင်းမှာပင် အိမ်တိုင်းမှလူများ တဦးပြီးတဦး ထွက်လာကြပြီး အချင်းချင်း ဖက်လှဲတကင်းပြုကာ မျက်ရည်ရွှဲစိုသော မျက်လုံးများဖြင့် ရယ်မောပျော်ရွှင်လျက် လမ်းတလျှောက် အော်ဟစ်ကခုန်ကြသည်။ အိမ်ရှင်မများသည် မီးဖိုချောင်တွင်

အိုးခွက်ပုဂံများကိုတီးကာ ဆောင်ပွဲခံကြသည်။ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသော သွေးပင်လယ်ထွန်းသည့် ရန်ကုန်မြို့၏ ၅ ရက်တာကာလပေါ်ပေါက်ခဲ့သည် ဆောင်ရွက်မှုကျွမ်းသော ညတညဖြစ်ခဲ့သည်။

# အခန်း (၅)

## ရုပ်သေး

ဦးစိန်လှိုင်နှုတ်ထွက်ပြီး ရက်အနည်းငယ်ကြာသည့်အခါ ရန်ကုန်မြို့တွင် တုန်လှုပ် ခြောက်ခြားနေကြဆဲဖြစ်သည်။ လမ်းများပေါ်တွင် ၈ ရက်နေ့ညကဘည်းက သွေးညှီနံ့နှင့် ယမ်းနံ့များ မပြယ်သေးဘဲ ရှိနေသည်။ အိမ်များတွင် သေဆုံးသူတို့၏ မိသားစုများမှာလည်း ငမ်းနဲ့ပူဆွေးနေကြဆဲပင်။ အစိုးရအဖွဲ့၌ ရာထူးကြီးကြီး ရထားသူတို့မှာမူ နေအိမ်ကို ပစ်ခွာပြီး နေ့ကုန်တိုင်း စစ်ဌာနချုပ်အတွင်း၌ မိုလုံလှုပ်ရှိကြသည်။ အေးအေးဆေးဆေး လုံခြုံစိတ်ချရသော နေရာအနည်းငယ် သစ်ပင်များစိမ်းလန်းနေသည့် အင်းလျားကန်နံဘေးမှ အိမ်ကြီးတစ်အိမ်ပင်ဖြစ်သည်။ ထိုအိမ်ကြီးတွင် စစ်အင်အား ၇၀၀ ဖြင့် ဦးနေဝင်းသည် အသက် ၂၅ နှစ်အရွယ် ရှိုင်းဂိုမြေဟာဦးနှင့် မင်္ဂလာပွဲ နှံ့ချင်လှုပ်ရှိသည်။ ဦးနေဝင်းနှင့် ရှိုင်းဇလေးတို့မှာ တရားဝင်လက်ထပ်ခြင်းတော့မဟုတ်။ ဘိုင်းပြုသိမြိုကွဲခြင်းမှ ကာကွယ်ရန် ပေါင်းနေသည့် သဘောသမျှပင်ဖြစ်သည်။

ရန်ကုန်မြို့ရှိ လမ်းများပေါ်၌ အလှန်ကြမ်းကြုတ်သော ပူဆွေးမှုများ ဖြစ်ပွားနေချိန် ၁၀ ရက်နေ့ညတွင် ဦးနေဝင်းမှာ သူ၏ခန်းနားလှသော အေဒီလမ်းနေအိမ်ကြီးတွင် အနီးကပ်ဆုံး လုပ်ဖော်ကိုင်ဖက်များကိုခေါ်ယူပြီး အမျိုးမြေ 'စကားရယ်ဘယ်သိ' ကစားလှုပ်ရှိသည်။ ဦးနေဝင်းနှင့် အတွင်းလူများဖြစ်သော ဦးစိန်လှိုင်၊ ဦးအေးကို ဒေါက်တာမောင်မောင်နှင့် အခြားသူများသည် လုံးဝဘဝင်း ရယ်မောနေကြလေပြောင် လျက်ရှိသည်။ လတ်တလောအခွေးထွက်သံပေါ်ဖြစ်မှုများမှာ သူတို့နှင့် မည်သို့မှ မဆက်သက် သလိုပင်။ ဘနည်းဆိုရသော် သူတို့၏ ဖိနှိပ်အုပ်ချုပ်မှုကြောင့် ပေါက်ကွဲထွက်လာသော လူ့ ပြည်သူတရပ်လုံး၏ အမျက်ဒေါသများက သူတို့၏ စည်းစိမ်ဥစ္စာများကို ခြိမ်းခြောက်နေမှု ရှိသည်ကိုလည်း တွေးပင်တွေးမိကြပုံမရချေ။

အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံနေရသည့်ကြားမှာပင် ပြည်သူတို့၏ စိတ်ဓါတ်များမှာ ပြိုကွဲမသွားပေ။ ဧနအိမ်များရှိ သာမန်လူအားလုံးလိုလိုမှာ ကာကွယ်ရေး၏ ခေါင်းဆောင်မှု အောက်တွင် ကန့်ကွက်ဆန္ဒပြမှု အသစ်တဖန်လုပ်ဆောင်ရန် စောင့်မျှော်နေကြ၏။ ပုဂ္ဂလိက ဥပဒေလုပ်ငန်းများတည်ရှိရာ ရန်ကုန်မြို့အားလမ်းတွင် ရှေ့နေတစ်စုနှင့် ဥပဒေအကျိုးဆောင် များက ဖြစ်ပွားလျက်ရှိသည့် အခြေအနေအပေါ် ဆွေးနွေးတိုင်ပင်လှုပ်ရှိသည်။ ၁၅ ရက်နေ့ တွင် သူတို့က သရေးပင်ကြေညာချက်တစောင် ထုတ်ပြန်လိုက်သည်။ ထိုကြေညာချက်တွင် ဥပဒေအသုံးအနှုန်းများ ပါဝင်သော်လည်း ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။

၈-၈-၈၈ နေ့တွင် စတင်ခဲ့သော ပြည်သူများ၏ အထွေထွေသပိတ်ကြီးနှင့် ယင်းနေ့ရက်မတိုင်မီ အာဏာပိုင်အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများအပေါ် သေချာစွာ ဆန်းစစ်လေ့လာပြီးနောက် ဗဟိုရှေ့နေများကောင်စီ၊ ရှေ့နေများနှင့် ဥပဒေဝန်ထမ်းများသည် သူတို့၏ တွေ့ရှိချက်များကို အောက်ပါအတိုင်းတင်ပြခဲ့သည်။

"၈-၈-၈၈ နေ့မှစခဲ့သည့် ပြည်သူတို့၏ ဆန္ဒပြပွဲများမှာ အကြမ်းဖက်မှု တစုံတရာမျှမရှိဘဲ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်အညီ အဆိုပါ ဆန္ဒပြပွဲများကို ငြိမ်းချမ်းစွာပြုလုပ်ခဲ့ကြပြီး သူတို့၏ အခွင့်အရေးများကို တောင်းဆိုခြင်းဖြစ်သည်။ အာဏာပိုင်များသည် ငြိမ်းချမ်းစွာ ဆန္ဒပြနေကြသူများကို အကြမ်းဖက်နှိမ်နင်းသည့်အခါ မလိုလားအပ်သော ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့သည်။ ၁၉-၈-၈၈ နေ့တွင် ရန်ကုန်၊ စစ်ကိုင်းမြို့ကြီးများနှင့် အခြားသော မြို့ကြီးများ၌ လုံခြုံရေးတပ်သားများက ကလေးသူငယ်၊ ကျောင်းသားနှင့် ပြည်သူတို့ကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်း၊ လှံစွပ်ဖြင့် ထိုးသတ်ခြင်းတို့မှာ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်ရော၊ နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေနှင့်ရော၊ လုံးလုံးလျားလျား ဆန့်ကျင်လျက်ရှိသည်၊ ရန်ကုန်ဆေးရုံကြီးမှ အမှုထမ်းများ၊ နေအိမ်များတွင် အေးချမ်းစွာ နေထိုင်ကြသူများနှင့် လက်ဘက်ရည်ဆိုင်များ၌ ထိုင်နေကြသူများကို ပစ်ခတ်ခြင်းတို့မှာ လုံး၀ ဥပဒေမဲ့လုပ်ရပ်ပင်ဖြစ်ကြောင်းဖြင့် ကြေညာချက်တွင် ပါရှိသည်။

ယင်းပြန်ကြေညာချက်ကို ရှေ့နေများကောင်စီအတွင်းရေးမှူး ဒေါ်မြင့်မြင့်ခင်က လက်မှတ်ရေးထိုးခဲ့သည်၊ မတရားမှုကို ပထမဦးဆုံးပြန်မေးရှေ့နေများက ဆန့်ကျင်ပြောဆို လိုက်သည်မှာ အံ့သြစရာတော့မဟုတ်ပေ။ အိန္ဒိယနိုင်ငံနှင့် အိမ်နီးချင်းဖြစ်၍ မြန်မာ ထုံးတမ်းစဉ်လာအရ နိုင်ငံခြားသောလူမှုဘ၀ဥပဒေများ ရှိခဲ့ပြီး ကိုလိုနီခေတ်တွင် ဗြိတိသျှဥပဒေ ကျင့်သုံးမှုတို့က ဥပဒေအမြင်ကို ပိုမိုအားဖြည့်ပေးခဲ့သည်။ ထို့အပြင် ရှေ့နေများမှာ ၂၆ နှစ် စစ်အုပ်ချုပ်ရေး၏ မတရားမှု အခြေအနေကြာကိုအမှုကို ဦးစွာခံစားလာခဲ့ကြသည်။

ထိုနေ့၌ ဦးကျော်ထင်ဆီသို့ ရှေ့နေတင်လင်တာတာဆောင် မေးမြန်းခဲ့သည်။ ဦးကျော်ထင်မှာ စိန်လွင်နုတ်ထွက်သွားပြီး နိုင်ငံ့အကြီးအကဲအဖြစ် ခန့်အပ်ခံရသူဖြစ်သည်၊ ထိုကြေငြာ လက်မှတ်ရေးထိုးခဲ့သူမှာ မြန်မာလွတ်လပ်ရေး သူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည်ဖြစ်သည်။ သူမအား ဝန်ကြီးချုပ်ဟောင်းဦးနုနှင့် သမ္မတဟောင်း မန်းဝင်းမောင် အပါအဝင် နိုင်ငံ့ခေါင်းဆောင်ဟောင်း အတော်များများက ထောက်ခံ ခဲ့ကြသည်။ အဆိုပါစာ၌ "ဗမာပြည်လွတ်လပ်ရေး ရပြီးနောက် အရေးကြီးဆုံးကာလ ဖြစ်သော အခြေအနေတရပ်မှာ တိုင်းပြည်အပြည့်လုံးတွင် ပေါ်ပေါက်ခဲ့သည်" ဟု ရေးသားထားသည်။ ယင်းအရေးအခင်းကို ဖြေရှင်းနိုင်ရန်အတွက် ပြည်သူ့ကိုယ်စားပြုအကြံပေး ကော်မတီတရပ် ဖွဲ့စည်းပေးရန် အကြံပြုခဲ့သည်။

ထိုအချိန်၌ အုံကြွမှုကြီးမှာ အလိုအလျောက် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး သင့်မြတ် မှန်ကန်သော ခေါင်းဆောင်မှု မရှိဘဲဖြစ်နေသည်။ အမေရိကန်တွင် နေထိုင်လျက်ရှိသော ဗိုလ်ချုပ်အောင်ဆန်း၏ သားဖြစ်သူ ဦးအောင်ဆန်းဦး မြန်မာပြည်သို့ ပြန်လာပြီး အုံကြွမှုကို ခေါင်းဆောင်လိမ့်မည်ဟု ပြည်သူများက မျှော်လင့်တောင့်တလျက်ရှိသည်။ မိသားစုနောက်ခံကို ပြန်ကြည့်လျှင် နိုင်ငံရေးနှင့် မကင်းခဲ့သော်လည်း အောင်ဆန်းဦးမှာ နိုင်ငံရေး၌ စိတ်ပါဝင်စားမှုနည်းခဲ့သည်။ သူသည် အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားကာ ကယ်လီဖိုးနီးယားရှိ ဆန်ဒီယေးဂိုမြို့တွင် အေးအေးဆေးဆေး အခြေချနေထိုင်လျက်ရှိသည်၊ ဒုတိယသား အောင်ဆန်းလင်းမှာ ငယ်စဉ်က တာဝါလိမ်းလမ်းအိမ်ဝင်းအတွင်းမှ ရေကန်ထဲတွင် ရေနစ်သေဆုံးခဲ့သည်။

၁၉၆၀ ခုနှစ်၌ မိခင်ဖြစ်သူ ဒေါ်ခင်ကြည် အိန္ဒိယနိုင်ငံသံအမတ် ခန့်အပ်ခံရစဉ် ကတည်းက ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့သည်၊ ဒေါ်ခင်ကြည်သည်

မြန်မာပြည်၏ အထင်ကရပုဂ္ဂိုလ်များထဲ၌ ပါဝင်သူတစ်ယောက်ဖြစ်သည်။ သူမသည် ပါလီမန်အမတ်အဖြစ် လုပ်ကြံခံရသူ ခင်ပွန်းနေရာကို ရရှိခဲ့သော်လည်း မိခင်နှင့်ကလေး ဖွံ့ဖြိုးရေးအဖွဲ့၏ ညွှန်ကြားရေးမှူး ရာထူးခံယူရန် ၁၉၄၈ ခုနှစ်တွင် ပါလီမန်အမတ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။ နောက်ပိုင်း၌ လူမှုဝန်ထမ်းကော်မရှင်နှင့် လူမှုလုပ်ငန်းကောင်စီ၏ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ သူမသည် ဥရောပ၊ အမေရိကန်၊ တရုတ်နှင့် အရှေ့တောင်အာရှ နိုင်ငံများသို့ ကိုယ်စားပြု ခရီးထွက်ခဲ့သည်။ ဒေါ်ခင်ကြည်သည် မြန်မာပြည်၏ ပထမဦးဆုံးသော အမျိုးသမီး အမတ်လည်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် သူမမိခင်နှင့်အတူ အိန္ဒိယသို့ ရောက်ရှိလာခဲ့စဉ်က အသက် ၁၅ နှစ် အရွယ်သာရှိသေးသည်။ အထက်တန်းကျောင်းသို့ တက်ရောက်ခဲ့ပြီးနောက်ပိုင်း နယူးဒေလီရှိ လေဒီရှရီရမ်ကောလိပ် (Lady Shri Ram College)တွင် ဆက်လက်ပညာသင်ကြားခဲ့ရာ အတန်းထဲ၌ အမြဲ ပထမရရှိသူ တစ်ဦးဖြစ်ခဲ့သည်။ ဉာဏ်ထက်မြက်သော ဒေါ်အောင်ဆန်းစုကြည်သည် အောက်စဖို့ဒ်ရှိ စိန့်ဟယူးကောလိပ် (St Hugh's College)တွင် အထက်တန်းပညာရပ်များကို ဆက်လက်ဆည်းပူးခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် သူမသည် ဒဿနိကဗေဒ၊ နိုင်ငံရေးနှင့် စီးပွားရေးဘာသာရပ်တို့တွင် ဘွဲ့ရခဲ့သည်။ ငါးနှစ်အကြာတွင် တိဗက်ဆိုင်ရာပညာရှင် ဒေါက်တာမိုက်ကယ်အဲရစ်(Dr Michael Aris)နှင့် အိမ်ထောင်ကျခဲ့သည်။ ၁၉၆၇ ခုနှစ်ကတည်းက ဟိမဝန္တာဒေသတွင် ဘူတန်တော်ဝင် မိသားစုကိုပညာသင်ပေးနေသူ၊ ဘူတန်နိုင်ငံ ဘာသာပြန်ဌာနအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နေသူ ခင်ပွန်းနှင့်အတူ နေထိုင်ခဲ့သည်။ သူမအနေနှင့်မှ ဘူတန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ သုတေသနအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ကုလသမဂ္ဂရေးရာ ဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်အဖြစ် အထူးတာဝန်ယူရသည်။ သူတို့ဇနီးမောင်နှံသည် ၁၉၇၅ ခုနှစ်တွင် အောက်စဖို့ဒ်သို့ ပြန်လာခဲ့ကြသည်။

ဆောင်းပါးရှင် ရော်ဂျာမက်သယူး (Roger Matthews) က ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ထုတ် ဖိုင်နန်ရှယ်တိုင်းမ်(Financial Times)သတင်းစာ၌ ဒေါ်အောင်ဆန်းစုကြည်အကြောင်းကို ဖြန့်ချေရေးသားခဲ့ရာတွင် "သူမသည် ဘူတန်၊ နီပေါနှင့် အောက်စဖို့ဒ်တို့တွင် နေထိုင်ခဲ့ပြီး သားနှစ်ယောက်မွေးဖွားခဲ့သည်။ သူမသည် တိဗက်စကားကို ဆက်လက်သင်ကြားခဲ့ပြီး ဘာသာစကားကိုလည်း ကျိုတိုမြို့တွင် နေထိုင်၍ သားအမိနှစ်ယောက်စလုံး ဂျပန်ဘာသာစကားကို သင်ကြားခဲ့သည်။ အိန္ဒိယနိုင်ငံ ဆင်မလားမြို့တွင် ခင်ပွန်းနှင့် ပြန်လည်စုံဆုံကြပြီး ၁၉၈၈ ခုနှစ် ဧပြီလတွင် သူမ၏မိခင် မကျန်းမမာဖြစ်နေစဉ်အချိန်၌ လန်ဒန်မြို့ အရှေ့တိုင်းနှင့် အာဖရိကန်ဘာသာ လေ့လာရေးကျောင်း(School of Oriental and African Studies)တွင် ဘွဲ့လွန် 'ကျမ်း'စာ ရေးသားခြင်းကို စတင်ပြုစုလျက်ရှိသည်။

ဧပြီလတွင်း၌ ဒေါ်ခင်ကြည်၏ ကျန်းမာရေးအခြေအနေ ပို၍ဆိုးလာသောအခါ မိခင်ကို ပြုစုစောင့်ရှောက်ရန် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်သို့ ပြန်ရောက်လာခဲ့သည်။ မိခင်တက်ရောက်လျက်ရှိသော ဆေးရုံ၌ပင် နေထိုင်ကာ ၄ လနီးပါး အနီးကပ် ပြုစုခဲ့သည်။ ဇူလိုင်လနှောင်းပိုင်း၌ ခင်ပွန်းမိုက်ကယ်အဲရစ်နှင့် သားနှစ်ယောက်ဖြစ်သော မြင့်ဆန်းအောင် (Alexander)နှင့် ထိန်လင်း (Kim) တို့ ရန်ကုန်သို့ ရောက်လာသည့်အခါ ဒေါ်အောင်ဆန်းစုကြည်သည် မိခင်အား တက္ကသိုလ်ရိပ်သာလမ်းရှိ မိသားစုနေအိမ်သို့ ရွှေ့ပြောင်း၍ နေထိုင်ခဲ့သည်။ ထိုစဉ်ကာလတွင် ဗမာပြည်တစ်ခွင်၏ အခြေအနေမှာ ပေါက်ကွဲထွက်လာခဲ့ပြီး

ဦးနေဝင်းမှာလည်း ရာထူးမှနုတ်ထွက်ပြီးနောက် နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်လာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် သူမဖခင်ကဲ့သို့ နိုင်ငံရေးလောကကြီးမှ မရှိခဲ့သော်လည်း မြန်မာနိုင်ငံသားအဖြစ် စိတ်ပူလာခဲ့ပြီးကာ မြန်မာပြည်သို့ အချိန်မှန် လာရောက်လည်ပတ်တတ်သည်။ သူမ၏ သားနှစ်ယောက်ကို မြန်မာနိုင်ငံ ဘုန်းကြီးကျောင်းတစ်ကျောင်း၌ ရှင်ပြုပေးခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်သည် ကလေးများအတွက် စာအုပ်တအုပ် ရေးသားပြုစုခဲ့သည်။ ဗမာပြည်ကိုသွားလည်ကြစို့ (Let's Visit Burma) ဟု အမည်ပေးထားသော စာအုပ်မှာ ရိုးစင်းသော အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသည်။ သူမ ဆယ်ကျော်သက်အရွယ်က စွဲမြဲလာခဲ့ရသည့် အမိနိုင်ငံအပေါ် သစ္စာခိုင်မြဲစွာဖြင့် ရေးသားထားသည်ကတော့ ပေါ်လွင်လျက်ရှိသည်။ စာအုပ်ပါအခန်းတခန်းတွင် အောက်ပါ အတိုင်း ဖော်ပြအဆုံးသတ်ထားသည်။

"စီးပွားရေးကို ကောင်းမွန်စွာ မစီမံ မလုပ်ကိုင်တတ်သဖြင့် မြန်မာပြည်သည် ကြီးပွားသောနိုင်ငံ ဖြစ်မလာခဲ့၊ သို့သော် မြန်မာပြည်၏ သဘာဝ သယံဇာတ ကြွယ်ဝချမ်းသာမှုက အနာဂတ်အတွက် မျှော်လင့်ချက် ထားစရာ ရှိနေသည်။ ယင်းအနာဂတ် မှာလည်း ပြည်သူတို့လက်ထဲတွင်ရှိသည်"

မရည်ရွယ်ဘဲ သူမကိုယ်တိုင်မှာ အထက်ပါဆိုခဲ့သည့် အနာဂတ်ကာလတွင် အရေးပါသူ တဦးဖြစ်လာခဲ့သည်။ အံ့ဩဖွယ်ကြီးအားဖြင့်စဉ်ကာလ၌ သူမသည် ကြားနေသူ တယောက်သာ ဖြစ်ခဲ့သည်။ သို့သော် ဩဂုတ်လ သတ်ဖြတ်ပွဲအပြီးတွင် သူမအနေနှင့် အရေးအခင်းကို ရှောင်ရှားနိုင်ရန် တက်ကြွသောအစွမ်းမှ ပါဝင်သင့်သည်ဟူသောဖိအားက သူမကို အရေးအခင်းဆီသို့ တွန်းပို့ခဲ့သည်။ တနိုင်ငံလုံးမှ ဆန္ဒပြပွဲများတွင် ထောင်ပေါင်း များစွာသော ဆန္ဒပြသူများက သူမ၏ဓာတ်ပုံများကို ကိုင်ဆောင်ခဲ့ကြသည်။ ဗိုလ်ချုပ် အောင်ဆန်းနာမည်မှာ ဒဏ္ဍာရီဆန်သော်လည်း မြန်မာနိုင်ငံအတွက် လွတ်လပ်ခြင်း၊ ဒီမိုကရေစီရှိခြင်း၊ အောင်မြင်ကြီးပွားခြင်း စသည့် လက္ခဏာဆောင်သည်။ ဒေါ်အောင်ဆန်း စုကြည်သည် သူမဖခင်၏ အမွေအနှစ်ကို ဆက်ခံလိုက်လေပြီ။ ဩဂုတ်လတွင် သူမ နိုင်ငံရေးစင်မြင့်ပေါ်သို့ ထွက်လာသည့်အခါ ပြည်သူတို့၏ စိတ်ကိုလှုပ်ရှားစေခဲ့ပြီး မြင့်မားသော မျှော်လင့်ချက်ကို ဖြစ်ပေါ်စေခဲ့သည်။

ပထမလှုပ်ရှားမှုများအပြီးတွင် ထပ်မံရင်ဖွင့် ပြောကြားလာသည့် ပြည်သူများမှာ များသည်ထက်များလာခဲ့သည်။ ၁၁ ရက်နေ့တွင် မြန်မာ့ဆေးရာဝန်အသင်းက ကြေညာချက် တစောင် ထုတ်ပြန်ခဲ့သည်။ အဆိုပါ ကြေညာချက်တွင် ၁၉၈၈ ခု ဩဂုတ်လ ၁၀ ရက်နေ့က ရန်ကုန်ဆေးရုံကြီးအတွင်း၌ ဖြစ်ပွားခဲ့သော ပစ်ခတ်မှုများကြောင့် သူနာပြုဆရာမများ ဖြစ်ကြသော မစိန်စိန်ရီ၊ မသောင်းဝင်းနှင့် အထွေထွေသူနာပြုဆရာမ မစန်းစန်းဝေး၊ အမျိုးသား သူနာပြုသင်တန်းသား မောင်မျိုးသန့်တို့မှာ ထိမိဒဏ်ရာရရှိကြပြီး လူနာဆောင်ထဲမှ နမ်ဦးမှာ သေဆုံးခဲ့ကြသည်။ သို့ဖြစ်၍ ပြည်သူများကို ကုသစောင့်ရှောက်နေကြသော ကျန်းမာရေး ဝန်ထမ်းများရှိရာ ဆေးရုံများတွင် အသားတဆူပစ်ခတ်မှုများ မပြုလုပ်ရန် မြန်မာနိုင်ငံ ဆရာဝန်အသင်းက အလေးအနက်ထား၍ မေတ္တာရပ်ခံလိုက်ကြောင်း ဖော်ပြထားသည်။

ရန်ကုန်ဆေးရုံကြီးမှ ဝန်ထမ်းများ၏ ပြောဆိုချက်ကို ငြင်းဆိုလိုက်သည့် စိုးနံ့သော ကြိုးစားမှုမှာ မြန်မာ့အသံမှ ကြေညာချက်ပင်ဖြစ်သည်။ မြန်မာ့အသံမှ ဆရာဝန်အသင်းမှ မည်သည့် ထုတ်ပြန်ချက်မျိုးမှမရှိကြောင်း၊ ထွက်ပေါ်လာသည့် ထုတ်ပြန်ချက်မှာ အမည်မသိလူတစုမှ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုအခါ ရန်ကုန်

ဆေးရုံကြီးမှ ဝန်ထမ်းများက ချက်ချင်းပင် နိုင်မာသော ကြေညာချက်အသစ်တစောင်ကို ထပ်မံထုတ်ပြန်လိုက်သည်။ ထိုကြေညာချက်တွင် ဆေးရုံဝင်းအတွင်း ပစ်ခတ်မှုကို ရှုတ်ချလိုက်ပြီး လက်နက်မဲ့ ရဟန်းသံဃာ၊ ကလေးသူငယ်၊ ကျောင်းသားများနှင့် လမ်းသွားလာပံသားပြည်သူများ သေဆုံးရခြင်းနှင့် ဒဏ်ရာရခြင်းတို့အတွက် နက်နက်နဲနဲ ကြေကွဲရပါကြောင်းဖြင့် ဖော်ပြပါရှိခဲ့သည်။

ထိုနေ့ မွန်းလွဲပိုင်း၌ ရန်ကုန်ဆေးရုံကြီးအပြင်ဖက်တွင် ပြည်သူ ၅၀၀၀ ကျော် စုဝေးခဲ့ကြသည်၊ ရဟန်းသံဃာတို့က ဆန္ဒပြပွဲများအတွင်း ကျဆုံးသူတို့အား ဂုဏ်ပြုပွဲ အခမ်းအနားတွင် သရဏဂုံတင်ပေးခဲ့ကြသည်။ အနီးအနားရှိ တပ်ဖွဲ့များက လူအုပ်ကြီးကို ထိတ်လန့်စွာဖြင့် ကြည့်ရုံသာကြည့်နေကြပြီး ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ခဲ့ပေ။ တချိန်တည်း၌ မဟာဗန္ဓုလပန်းခြံနှင့် မျက်နှာချင်းဆိုင်ရှိ ကုန်သည်လမ်းပေါ်မှ အမေရိကန်သံရုံး၏ အပြင်ဖက်တွင်လည်း လူများစုဝေးလျက်ရှိကြသည်။ ဩဂုတ်လ ၁၀ ရက်နေ့၌ အရေးကြီးသော အမေရိကန်လွှတ်တော်အမတ် ဒင်နီယယ်မိုင်နီဟန် (Daniel P Moynihan) က ရန်ကုန်မြို့တွင် ဖြစ်ပွားခဲ့သော သတ်ဖြတ်မှုများအပေါ် ရှုတ်ချသည့် အဆိုတရပ်ကို အမေရိကန်လွှတ်တော်သို့ တင်သွင်းခဲ့ပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် အခွင့်အရေးရရန် တောင်းဆိုခဲ့သည်။ ထိုအဆိုကို အက်ဒဝပ်ကနေဒီ (Edward Kennedy) အပါအဝင် အခြားလွှတ်တော်အမတ် ၅ ဦးက ထောက်ခံခဲ့ကြသည်။ နောက်တနေ့တွင် ထိုထောက်ခံမှုကို လွှတ်တော်က ကန့်ကွက်သူတဦးမျှ မရှိဘဲ သဘောတူ အတည်ပြုခဲ့သည်၊ အမေရိကန် ဆီးနိတ်လွှတ်တော်၏ ထုတ်ပြန်ကြေညာချက်ကို မြန်မာပြည်သူများက ဗွီအိုအေ အမေရိကန်အသံ မြန်မာပိုင်းအစီအစဉ်မှ ကြားသိခဲ့ရသည်၊ မိမိတို့ နေအိမ်အပြင်ဘက်၌ စစ်တပ်က ပစ်ခတ်မှုများ ဆက်ကာဆက်ကာပြုလုပ်နေစဉ်တွင် ပြည်သူများက သူတို့နားသောတ ဆင်လျက်ရှိသော ဗွီအိုအေသတင်းအပေါ် နှစ်သိမ့်အားရ ဖြစ်ကြရသည်။ ယင်းမှာ မြန်မာနိုင်ငံမှ သတ်ဖြတ်မှုများအပေါ် နိုင်ငံတကာ၏ ပထမဦးဆုံး ရှုတ်ချချက်ပင်ဖြစ်သည်။

မြန်မာပြည်ဒီမိုကရေစီလှုပ်ရှားမှုနှင့် အမေရိကန်လိုလားသည့် ခံစားချက်များ ပြည်သူများအကြား၌ ပြန့်နှံ့ခဲ့သည်။ ဩဂုတ်လ ၁၇ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် အာနိုလ်ရေဖယ် (Arnold Raphel) သည် ပါကစ္စတန်သမ္မတ ဇီယားအူလ်ဟတ်နှင့်အတူ လေယာဉ်ပျက်ကျ သေဆုံးသည့်အခါ လှုပ်ရှားမှုများက ပို၍ပင် ပြင်းထန်လာတော့သည်။ လေယာဉ်ပျက်ကျသည့် သတင်းများရရှိခဲ့သည်နှင့် ပြည်တလွှားရှိ အမေရိကန်သံရုံးများ (ရန်ကုန်ရှိသံရုံးအပါအဝင်) က သူတို့၏ အလံများကို တိုင်တဝက် လွှင့်ထူခဲ့ကြသည်၊ ကုန်သည်လမ်းပေါ်ရှိ အမေရိကန်သံရုံးအပြင်ဘက်မှ လူထုကြီးက အလံတဝက်လွှင့်ထူထားခြင်းမှာ မကြာသေးမီက ဖြစ်ပွားခဲ့သည့် ဆန္ဒပြပွဲများတွင် သေဆုံးသွားကြသော မြန်မာပြည်သူပြည်သားတို့အား စာနာသည့်အထိမ်းအမှတ် ဖြစ်သည်ဟု ချက်ချင်းပင် ယူဆခဲ့ကြသည်၊ အစိုးရတပ်ဖွဲ့များက အနီးရှိ လမ်းဆုံတခုတွင် နေရာယူကာ သေနတ်ဖြင့်ပစ်ခတ်ရန် အသင့်ဖြစ်နေစဉ် သံရုံးအပြင်ဘက်ရှိ လူအုပ်ကြီး ရပ်စောင့်နေကြသည်။ သူတို့အချင်းချင်း နားလည်မှုဖြင့် တယောက်မျက်နှာတယောက် ကြည့်နေကြသည်၊ ထိုစဉ် အသက် ၁၄ နှစ်အရွယ် ယောက်ျားလေး တဦးက လူအုပ်ကြီးထဲမှ ခွဲထွက်လိုက်ကာ ရှေ့သို့ အလှမ်းကျဲကျဲ လျှောက်လာခဲ့သည်။ သူ့လက်ထဲ၌ ကြီးမားသော ခြင်္သေ့ ချပ်ဒေါင်းအလံတခုကို ကိုင်ထားသည်။ စစ်သားများရှေ့တွင် သူကလေးက ချပ်ဒေါင်းအလံကို လမ်းပေါ်စိုက်ထူလိုက်ပြီး သူ့အင်္ကျီကြယ်သီးများကို

တလုံးခြင်း မြတ်လျက်ရှိသည်။ စစ်သားတဦးက သူ့သေနတ်ကို ခ်မြှောက်လိုက်သည်။ ကောင်းလေးက ဆုံးဖြတ်ချက်ချပြီးလေပြီ။ သူက စစ်သားများရှေ့တွင် အင်္ကျီကိုဖွင့်လိုက်ပြီး ရင်ကိုကော့ပေးထားသည်။ ထိုစစ်သားက ကောင်းလေးကို သေနတ်ဖြင့် အသေအချာ ချိန်ရွယ်ထားသော်လည်း ကျောက်ရုပ်အနည်းငယ်မျှ တုံ့ဆိုင်းနေသည်။ ပြီးမှ သေနတ်ကို အောက်သို့ပြန်ချလိုက်သည်။ ကောင်လေးက နောက်ထပ်တမိနစ်မျှ မလှုပ်မရှား ရပ်နေပြီး စစ်သားများ၏အပေါ်ကို ဆောင့်နေ၏။ မည်သို့မှ ဖြစ်မလာသည့်အခါတွင် လူအုပ်ကြီးက ရှေ့သို့ချီတက်လာပြီး အလံများ၊ စာတမ်းများကို ဝေ့ယမ်း၍ ထက်ကြွစွာ အော်ဟစ်လာကြသည်။ ဆန္ဒပြပွဲများ ထပ်မံဖြစ်ပွားပြန်လေပြီ။

* * *

မမျှော်လင့်ဘဲ ဦးစိန်လွင်နုတ်ထွက်ခဲ့ပြီး နောက်ပိုင်းရက်များ၌ အစိုးရသည် မြန်မာပြည်သို့၏ အခြေအနေ ပုံမှန်ပြန်ရောက်လာပြီဟူသော အမြင်မျိုးပေါ်လွင်လာစေရန် အထောက်နိုင်ဆုံး လုံ့လပမ်းခဲ့သည်။ ၁၄ ရက်နေ့တွင် မြန်မာ့အသံမှ ထုတ်ပြန်ကြေညာချက်၌ မြောက်ဥက္ကလာပ မြို့သူမြို့သားများက အခြေအနေဆိုးဝါးနေသော သူတို့မြို့နယ်တွင် ငြိမ်းချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ပြန်လည်ရရှိလာစေရန်အတွက် တပ်မတော်၏ အကူအညီတောင်းခံခဲ့ကြောင်း ကြေညာခဲ့သည်။ နောက် ၂ ရက်အကြာ၌ မြန်မာ့အသံက လျှော့ကင်းသားဟောင်းခေါင်းဆောင်တဦးဆိုသော အမျိုးသားတဦးကို တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့သည်၊ ထိုကျောင်းသားခေါင်းဆောင်ဆိုသူက ၈ ရက်နေ့တွင် အစိုးရအား ဆန့်ကျင်ဆန္ဒပြရာ၌ ရာပေါင်းထောင်ပေါင်းများစွာသော ပြည်သူလူထုကို အတင်းအဓမ္မ စည်းရုံးခဲ့သည်ဟု ပြောဆိုခဲ့သည်။ နောက်ဆုံး၌ သူ၏မှားယွင်းသော လုပ်ရပ်များကို ခွင့်လွှတ်ရန် တောင်းပန်ခဲ့သည်။

နေ့လယ်ပိုင်း ၆ ကျပ် ပြား ၅၀ မှ ၈ ကျပ် ပြား ၅၀ သို့ တိုးမြှင့်ပေးပြီး နိုင်ငံကူး လက်မှတ် ထုတ်ပေးခြင်းကိုလည်း ယခင်ကဲ့သို့ တင်းကြပ်မှုများမထားရှိတော့ဘဲ လျော့ပေါ့ပေးခဲ့သည်။ မြန်မာသတင်းစာများအား မြန်မာပြည်၌ နိုင်ငံခြားသတင်းစာရင်းမှင့်နှင့်ကိုလည်း ပေးခဲ့သည်။ အံ့ဩစရာအကောင်းဆုံးမှာ ဩဂုတ်လ ၁၇ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ဂျပန်၊ သြစတြေးလျ၊ ဟောင်ကောင်တို့မှ သက်ဆိုင်ရာ ပုဂ္ဂိုလ်များအနေနှင့် ရန်ကုန်၊ မန္တလေးနှင့်ပုဂံတို့တွင် ကမ္ဘာလှည့်ခရီးသည်တို့အတွက် ဟိုတယ်အဆောက်အအုံး ဆောက်လုပ်ပေးမည်ဟူသော သတင်းပင်ဖြစ်သည်။ ယနေ့အခါ မြန်မာပြည်တွင် ဆူပူမှုများ ပြီးဆုံးသွားပြီဖြစ်၍ ကမ္ဘာလှည့်ခရီးသည်များ မြန်မာပြည်သို့ အစုလိုက်အပြုံလိုက် လာလည်ကြအုံးမည်ဟု ဆက်လက်ဖော်ပြထားသည်။

သို့သော် အစိုးရ၏ အရေးကြီးဆုံးလုပ်ငန်းမှာ ဦးစိန်လွင်နေရာကို အမြန်ဆုံး ရွေးချယ်ရန်ဖြစ်သည်။ မဆလပါတီ ဗဟိုကော်မတီနှင့် ပြည်သူ့လွှတ်တော် အရေးပေါ် အစည်းအဝေးများကို ရန်ကုန်၌ ပြုလုပ်နေချိန်တွင် ပြည်သူများလမ်းပေါ်သို့ ထွက်၍ ဆန္ဒပြခြင်းများကို တားဆီးနိုင်ရန် တပ်ဖွဲ့များ ဘရင်းကယ်ရီယာ အငှားအသီးဖြင့် ရန်ကုန် အလယ်ပိုင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ လွှတ်တော် အစည်းအဝေးကို တနေ့တည်းနှင့် ပြီးဆောင် မပ်မြန်မြန် ပြုလုပ်ခဲ့ကြပြီးနောက် ၁၉ ရက်နေ့တွင် ပါတီဥက္ကဋ္ဌသစ်နှင့် နိုင်ငံတော်သမ္မတသစ်ကို ရွေးချယ်ခဲ့သည်။ ရက်စက်ကြမ်းကြုတ်သည့် ဦးစိန်လွင်ကို

ရွေးချယ်ခံရာ မအောင်မြင်ခဲ့သဖြင့် ယခုတကြိမ်၌ ရွေးချယ်ရမည့်သူမှာ ပျော့ပြောင်းသူ ဖြစ်ရမည်။ ထို့ကြောင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ နှင့် ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌဖြစ်သူ အသက် ၆၃ နှစ်ရှိ ဒေါက်တာမောင်မောင်အား ရွေးချယ်ခဲ့ကြသည်။

သူသည် အနောက်နိုင်ငံတွင် ဥပဒေပညာများသင်ယူခဲ့သူဖြစ်ပြီး စာရေးဆရာနှင့် သတင်းစာဆရာလည်းဖြစ်သည်။ ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်းက နိုင်ငံတော် ကောင်စီနှင့်ပါတီတွင် ထိပ်တန်းနေရာအတော်များများကို ရယူခဲ့သူဖြစ်သည်။ သူ့အား ခက်ထန်သော စစ်ဘက် အာဏာသိမ်းသူများအကြားမှ အရပ်သား ပညာတတ်တဦးအဖြစ် သိထားကြပြီး တခါတရံ သူ့ကို တမူထူးသည့် စာရေးတွင်းပါဝင်သော လူတဦးအဖြစ် မြင်ကြသည်။ သို့သော် နိုင်ငံခြားမှ လေ့လာသူများကမူ ဒေါက်တာမောင်မောင်သည် အနှစ်တကယ် စစ်မှုထမ်းတဦးဖြစ်ခဲ့ပြီး စစ်သားကိုနှင့် နီးနီးကပ်ကပ် အဆက်အဆံရှိသူ ပုဂ္ဂိုလ်အဖြစ် ယူဆကြသည်။ သူသည် ၁၉၄၂ ခုနှစ်တွင် BIA ထဲသို့ ဝင်ရောက်ခဲ့ကာ ဂျပန်ခေတ်တွင် ဗိုလ်သင်တန်းတက်ခဲ့သည်။ စစ်ပြီးဆုံးသွားသည့်အခါ တပ်မတော်မှ အနားယူခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းခဲ့သည့် စစ်ဘက်အရာရှိများနှင့် အတွင်းကျကျ နီးကပ်မှုရှိခဲ့သည်။

ဒေါက်တာမောင်မောင်သည် ၁၉၅၁ ခုနှစ်တွင် သူ၏သား ဆေးတက္ကသိုလ်မှ ဆင်းလာသည့်အခါ 'စစ်သည့်သားသို့' အမည်ရှိ စာအုပ်တအုပ် ရေးသားထုတ်ဝေခဲ့သည်။ ယင်းစာအုပ်ထဲတွင် စစ်တပ်ကို ဂုဏ်ပြုထားပြီး ကာကွယ်ကြောင်းကိုလည်း သူ၏ဒုတိယအိမ်အဖြစ် ရည်ညွှန်းထားသည်။ မြန်မာနိုင်ငံသမိုင်းကိုလေ့လာသူ ရပ်အမျိုးသား မိုင်းဆန်ဒေး ဒေါက်တာ မောင်မောင်သည် ဦးနေဝင်းကိုလေးစားသူ ပညာတတ်မှုနည်းရာတွင် တယောက်အပါအဝင် ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ ထိုလေးစားမှုကို ဒေါက်တာမောင်မောင်သည် ၁၉၆၉ ခုနှစ်တွင် ရေးသားခဲ့သော 'မြန်မာပြည်နှင့် ဗိုလ်ချုပ်နေဝင်း' ဟူသော ဦးနေဝင်းကို ချီးမွမ်းခန်း ဖွင့်ထားသည့် ကိုယ်ရေးအကျဉ်းတွင် ရှင်းလင်းစွာ ဖော်ပြထားသည်။ ၁၉၇၄ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြုစုရေးသားခဲ့ရာ၌ အဓိက ပါဝင်ရေးသားခဲ့သူတဦးအဖြစ် လူသိများထားကြသည်။ ထို့ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပေးရန် ယခုတိုင်းသ တောင်းဆိုချက်ရှိသည်။ လူတော့ ဒေါက်တာမောင်မောင်သည် မဆလသူကာမျှ လက်မခံသော အတွင်းကြိုပ်သမားသူတဦးဖြစ်လေသည်။ သူ့အား ဦးနေဝင်း၏ ရုပ်သေးသူ နောက်ထပ် အာဏာမဲ့တဦးအဖြစ် ခွင့်ကြသည်။ ဦးစိန်လွင်ကို သားသေကောင်သမားအဖြစ် ကပြည်သူက သိထားကြပြီး သူ့ကို 'ရုပ်သေး' ဟူ၍ ရိုးရိုးလေးပင် နာမည်ပေးထားကြသည်။

သူ့အား ခန့်အပ်ကြောင်း အများသိအောင် မြန်မာ့အသံမှ ကြေညာခဲ့ပြီးနောက် မကြာမီကြား ရန်ကုန်မြို့ရှိလမ်းများပေါ်၌ နောက်တကြိမ် ကန့်ကွက်ဆန္ဒပြသူများနှင့် ပြည့်ကြပ်သွားသည်။ အသွားအလာသည်းမှ ထောင်နှင့်ပါင်းများစွာသော မုဖြိုလ်များနှင့် ရဟန်းသံဃာများက ဒေါက်တာမောင်မောင်အား ခန့်အပ်မှုကို ရှုတ်ချကြပြီး တပါတီစနစ် အဆုံးသတ်ရန် တောင်းဆိုကြသည်။ တနေ့ထက်တနေ့ ဆန္ဒပြပွဲများ အင်အားကိုင်မာ တိုးပွားလာခဲ့သည်။ အုပ်ချုပ်သူများက သူတို့နောက်ကိုလိုက်မည့်သူ့ကိုရှာ၍ သူတို့ကိုယ်တိုင် ခန့်အပ်ထားခြင်းမှာ ပြည်သူတို့အတွက် အရေးမကြီးပေ။ ကိုကျပြင်ဘိုသွားသော ကြွေးကြော်တောင်းဆိုချက်များ ရှိနေသော အစိုးရဖြစ်သည်။ ဒီမိုကရေစီနှင့် မဆလအစိုးရ ဆင်းပေးရေးကိုကိုသာလိုလားကြကြောင်း ဆိုသံထင်ရှားနေပေသည်။ ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးရေး တောင်းဆိုမှုကို မီအားပေးရန်အတွက် ၂၂ ရက်နေ့တွင် ပြည်လုံးကျွတ်

အထွေထွေသပိတ်ဖော်ဆောင်ရန် ကြေညာလိုက်သည်။ ထို့နှင့် နိုင်ငံနှင့်အဝှမ်း အစိုးရယန္တရားများ အားလုံးရပ်ဆိုင်းသွားတော့သည်။

* * *

မကြာမီ တနိုင်ငံလုံးရှိ မြို့များနှင့် မြို့ကြီးများရှိ လမ်းများတွင် ပြည်သူများ ပြန်လည်ထွက်ပေါ်လာခဲ့ကြသည်။ တနင်္သာရီတိုင်း၏ တောင်ဘက်အစွန်းရှိ မကာ့သောင်(သို့) ဗိတိုရိယအငူမှ မြောက်ဘက်များရှိ ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနား ထိတိုင်အောင် ဆန္ဒပြတိုက်ပွဲများ ဖွင့်လှစ်ခဲ့ကြသည်။ မန္တလေး၌ ပြည်သူ တသိန်းမိုတက်ဆန္ဒပြကာ မဆလအစိုးရ ထွက်ပေးရန် တောင်းဆိုမှုတွင် လက်တွဲပါဝင်ခဲ့ကြသည်။ စစ်ကိုင်းမြို့ ရဲစခန်းအပြင်ဘက်တွင် လူအုပ်ထဲသို့ သေနတ်ပြင်း ပစ်ခတ်ခဲ့သော မဆလ အရာရှိ ဒုရဲအုပ်ကျော်မြင့် မန္တလေးရှိ ရဟန်းပျိုများက သတ်ပစ်လိုက်သည်။ ပြီးနောက် တောင်တိုင်းနေ ဒေသ သူရဲကောင်းမှူးတော်ဦးခေါင်းကို ဖြတ်ပေးနိုင်းသူအား ဆုငွေ ၃ သိန်း ပေးမည်ဟု ကြေညာခဲ့သည်။

ဆန္ဒပြပွဲသတင်းများကို နေရာအနှံ့အပြား၌ ဒိုင်းစွန်းများ ပြုလုပ်ခဲ့ကြသည်။ မော်လမြိုင်မြို့တော်သား ရှင်းလျက်ဖြစ်၏။ ဩဂုတ်လ ၂၂ ရက်နေ့တွင် မော်လမြိုင်မြို့ မှန်တကြည့်တိုက်ဆေး၌ လူအုပ်ကြီးစုရုံးလျက်ရှိစဉ် ပြည်သူ့ကောင်စီဝင် ဦးစိုးလှိုင်နှင့် ပါတီယူနစ်ခေါင်းဆောင် ဦးဟန်ရင်တို့က ကပ်ဖွဲ့ဘမ္မဖွဲ့အား ဦးဆောင်ဟောနေသည်ကို တွေ့မြင်လိုက်ရသည်။

"ဦးစိုးလှိုင်နဲ့ ဦးဟန်ရင်က လူအုပ်ထဲသေနတ်နဲ့ပစ်ဖို့ စစ်သားတွေကို အမိန့်ပေးခဲ့ကြပြီ၊ ထိမိုက်သေဆုံးတဲ့ လူဦးရေကို တွက်ကြည့်တော့ ရဟန်း ၄ ပါးအပါအဝင် စုစုပေါင်း ၁၇ ဦးသေဆုံးပြီး အယောက် ၂၀ ဒဏ်ရာရခဲ့တယ်။ အဲဒီအချိန်မှာ ဒေါသချောင်းတဲ့ ပြည်သူတွေက ဒေါသထွက်ပြီး ကျွန်ုပ်တော်တို့နဲ့အတူ အရေးကြီးနှစ်ဦးအိမ်တွေဝိုင်းစီးကြတယ်၊ အဲဒီအရေးကြီးနှစ်ဦးဟာ အနီးအနားမှာရှိတဲ့ စစ်တပ်ထဲ ထွက်ပြေးသွားကြတယ်။ ကျွန်ုပ်တော်ကို သူတို့အိမ်က ကျပ် ၉ သိန်းဖိုးလောက်ရှိတဲ့ ပစ္စည်းတွေကို သိမ်းယူခဲ့ကြပါတယ်။ ကိုဗီဒီတွေ ဗွီဒီယိုပြစက်တွေနဲ့ မော်တော်စိုးပစ္စည်းမျိုးစုံပါတယ်၊ အဲဒီပစ္စည်းတွေကို ကျွန်တော်တို့ သပိတ်ကော်မတီရုံးခန်းအတွက် မော်လမြိုင်မှာရှိတဲ့ လမ်းလယ်ဈေးမှာ ဈေးချိုချိုနဲ့ ရောင်းပစ်ခဲ့တယ်" ဟု အသက် ၂၀ ရှိ ဓါတုဗေဒကျောင်းသား မင်းဝင်းထွန်းက ပြန်ပြောပြသည်။

အိမ်နေလူများက သိမ်းပိုက်ခဲ့သည့် မြို့များတွင် မော်လမြိုင်မြို့သည် ပထမဦးဆုံး ဖြစ်သည်။ မြို့ရှိ ရပ်ကွက်ရုံကြီးတခု၏ အပြင်ဘက်တွင် အိမ်နေလူများက တောက်ပစွာ ရေးဆွဲထားသော ရုပ်ပုံပိုစတာနှင့်တူသည့် ပိုစတာတစောင် ကပ်ထားကြသည်။ ပိုစတာပေါ်မှာ မျက်နှာကျွ ထိတ်လန့်နေသော လူနှစ်ဦးနောက်သို့ ဒေါသထွက်နေသော လူတစုလူအုပ်ကြီးက ပြေးလိုက်နေသည့်ပုံ ဖြစ်သည်။ ပိုစတာ၏ အမည်မှာ 'ပြေး' ဟုရှိသည်။ ထွက်ပြေးနေသူနှစ်ယောက်၏ပုံမှာ ဦးစိုးလှိုင်၊ ဦးဟန်ရင်တို့နှင့် တထေရာတည်း တူနေသည်ကို အံ့သြစွာတွေ့ရသည်။

ရန်ကုန်တွင် အာဏာပိုင်များ ချဉ်းကပ်ပုံနည်းအသစ်မှာ အစမှဆန့်ကျင်နေလှသည် မဟုတ်ပေ။ ဥက္ကဋ္ဌ ဦးတင်အောင်ဟိန်း အပါအဝင် အဖွဲ့ဝင် ၁၁ ဦးပါရှိသည့် ပြည်သူ့ဆန္ဒ

လေ့လာစုစမ်းရေးကော်မရှင်ကို ဖွဲ့စည်းလိုက်သည်။ ထို့နောက် မေးမြန်းလွှာများကို ရိုက်နှိပ်ကာ မြို့ထဲတွင် ဖြန့်ဝေခဲ့သည်။ ဤသည်မှာ ဒေါ်အောင်ဆန်းစုကြည်၏ စိတ်ကူးကို အတုယူခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်က ပြည်သူ့အတိုင်ပင်ခံ ကော်မတီတစ်ရပ် ဖွဲ့စည်းရန် အဆိုပြုလွှာကို ၁၅ ရက်နေ့က အထက်သို့ တင်ပြခဲ့ပြီးဖြစ်သည်။ သို့သော် ၁၅ ရက်သာ ကြာသွားလိုက်ပြီး ဦးတင်အောင်ဟိန်း၏ ကော်မရှင်မှာ ရပ်ဆိုင်းသွားတော့သည်။ ကော်မရှင်ကို ဒေသခံနှင့်အမျှ ထောင်ပေါင်းများစွာသော ပြည်သူများက လာရောက်ဝိုင်းကြပြီး မဆလ အစိုးရအပေါ် မကျေနပ်ချက်များကို ဖော်ပြခဲ့ကြသည်။

◆ ◆ ◆

၂၄ ရက်နေ့တွင် မမျှော်လင့်ဘဲ ရန်ကုန်နှင့် မြို့နယ်ကြီးတို့၌ မားရှယ်လောစစ်ဥပဒေကို ရုပ်သိမ်းခဲ့သည်။ ရန်ကုန်မြို့လမ်းများပေါ်တွင် စောင့်ကြပ်လှည့်ကင်းနေသည့် စစ်သားများကို ပြန်လည်ရုပ်သိမ်းသွားသည့်အခါ ဆန္ဒပြသူ ထောင်ပေါင်းများစွာတို့၏ ဝမ်းသာအားရ အော်ဟစ်သံများက ဆူညံသွားတော့သည်။ မျှော်မှန်းနေသော ပြည်သူများက အောင်ပွဲခံကာ ကြွေးကြော်သံများ ဟစ်ကြွေးသူက ဟစ်ကြွေး၊ အလံများ ဝေ့ယမ်းသူက ဝေ့ယမ်းကြပြီး စစ်ကားများ မြို့ထဲမှ မောင်းနှင်ထွက်ခွာသွားကြသည့်အခါ ပြည်သူတရပ်လုံးက အူယားစွာ ပြုံးပေးခဲ့ကြသည်။

နောက်တစ်နေ့တွင် ဇူလိုင် ၂၃ ရက်နေ့က ဖမ်းဆီးချုပ်နှောင်ခံခဲ့ကြရသော အစိုးရ ဆန့်ကျင်ရေးသမား ဦးအောင်ကြီးနှင့်အတူ အေပီသတင်းထောက် ဦးစိန်ဝင်းနှင့် အခြားပုဂ္ဂိုလ်များ ပြန်လည်လွတ်မြောက်လာကြသည်။ ဦးအောင်ကြီးက သူ့နေအိမ်အနီးရှိ စမ်းချောင်း ပဒုမ္မာကွင်းတွင် ပရိသတ် ၃၀၀၀၀ ခန့်ကို မိန့်ခွန်းပြောကြားခဲ့သည်။ စင်မြင့်ပေါ်တွင် သူ့အနီး၌ ရဲဘော်သုံးကျိပ်ဝင် တစ်ဦးဖြစ်သော ဗိုလ်ကျော်ဇောင်း ရှိနေခဲ့သည်။ ဦးအောင်ကြီးမိန့်ခွန်းကို ပထမတွင် ပြည်သူများက ဩဘာပေးကြသော်လည်း "တပ်မတော်သားတိုင်းဟာ အလံကိုကိုင်ပြီး သစ္စာပြုရောပေါ့။ တပ်မတော်သည် တိုင်းပြည်အတွက်ဖြစ်ရမည်တဲ့။ အဲဒီတော့ ကျွန်တော်ကို ပြည်သူလူထုဟာ တပ်မတော်ကို အလေးထားရမယ်။ တပ်မတော်မရှိရင် တိုင်းပြည်ဆိုတာ ပျောက်မှာမလွဲဘူး။ ဗမာပြည်မှာရှိတဲ့ တပ်မတော်ဟာ အင်မတန်အစွမ်းထက်တဲ့ကြီးတယ်။ ကျွန်တော်တို့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးတဲ့လူတွေ၊ ပြည်သူလူထုအတွက် မြှုပ်နှံထားတဲ့တပ်မတော်ဖြစ်တယ်။ ဒါကြောင့် တပ်မတော်ကို စိတ်နဲ့အကောင်း မဖြစ်မှားနဲ့" ဟူ၍ ပြောလိုက်သည့်အခါ ပရိသတ်ကြီးမှာ ဆွံ့အသွားကြသည်။ လူအုပ်ကြီး ငြိမ်ကျသွားသည့်အခါ ဦးအောင်ကြီးသည် ပရိသတ်များ စိတ်ပျက်အံ့ဩကုန်ကြ ဖြစ်သွားသည်ကို သတိပြုမိလိုက်သည်။ ပါးနပ်သော ဦးအောင်ကြီးက ထိုအချိန်တွင် သူ့မိန့်ခွန်းကို ရပ်လိုက်ပြီး ပရိသတ်ကို ဒီမိုကရေစီ ကြွေးကြော်သံများ တိုင်ပေးလိုက်ရာ ပရိသတ်ကြီး၏ ဩဘာပေးဟစ်ကြော်သံများ ပြန်လည်ညံသွားပြန်သည်။

ရန်ကုန်မြို့ပေါ်တွင် ဆန္ဒပြသူများ ပို၍အားကောင်းလာကြသည်။ မျက်နှာတွင် စည်းထားသည့် လက်ကိုင်ပုဝါများကို ဖြုတ်ပစ်လိုက်ကြပြီး လမ်းပေါ်တိုင်းတွင်လည်း အစိုးရဆန့်ကျင်ရေးသမားများ ဗဟာမသို့လူများအတွက် စာရေးဟောင်းမြင့်များ ဘည့်သောက်ကြသည်။ များမကြာမီ အဖွဲ့အစည်းအသီးသီးက ကိုယ့်အဖွဲ့နှင့်ကိုယ် ဆိုင်းဘုတ်ဆန္ဒပြ

ကြသည်။ ရဲရဲ့နေရာက ရဲ့နေ့ဝတ်စုံများကို ဝတ်ဆင်ထားကြပြီး ဆရာဝန်နှင့် သူနာပြု ဆရာမများကလည်း အဖြူရောင် ဝတ်စုံများကို ဝတ်ဆင်ထားကြသည်။ သတင်းစာထောင်း၊ ကုန်သည်များ၊ အလုပ်သမားများ၊ စာရေးဆရာများ၊ ပန်းချီ အနုပညာရှင်များ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ ဝန်ကြီးဌာနအသီးသီးမှ အစိုးရဝန်ထမ်းများအပြင် အိမ်ရှင်မ အဖွဲ့ကလည်း ဆိုင်းဘုတ်များကို စည်းရုံးကျကျ ရေးထားကာ ဒီမိုကရေစီ အောင်းဆိုကြပါလေ တော့သည်။ ရှည်လျားသော ဆိုက်ကားတန်းကြီးမှာ အနေးယာဉ်ဝန်ထမ်းတို့ ရှိတက်လာကြ ခြင်းဖြစ်ပြီး ဘာသာရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကလည်း ပါဝင်ဆင်နွှဲကြသည်။ ရေစီးယာဉ်တန်းကြီးများက "မယားရှာဘုရားသခင် ဒီမိုကရေစီကို ချစ်မြတ်နိုးပါသည်" ဟု ကြွေးကြော်ချီတက်ခဲ့ကြသည်။ ဒီမိုကရေစီချစ်မြတ်နိုးသည့် မျက်မမြင်များအဖွဲ့ကလည်း မညီမညာ ချီတက်လာကြသည်။ ထို့အပြင် အလှပနတ်ဖျော်များမေဖွဲ့ကလည်း တညီတညာ အဖွင့်အရေးကိုတောင်းဆိုရင်း ချီတက်လာကြသည်။ ညီညွတ်မှုကိုပြသရန် ဆန္ဒပြသူအများ စုမှာ အနီစိမ်း အဖြူရောင် ချိုးငှက်ပါရှိသော ခေါင်းစီးများကို ပတ်ထားကြသည်။ ဤသည်တို့မှာ ဖိလစ်ပိုင်နိုင်ငံမှ ကာဒီနယ်ဆင် (Cardinal Sin.) ၏ မှတ်သားဖွယ် စကားအရ စင်မှန်သော 'လမ်းများပေါ်မှလွှတ်တော်' (Parliament of the streets) ပင်ဖြစ်တော့သည်။

ရှမ်းပြည်နယ်တောင်ကြီးမြို့၌ ရဟန်းသံဃာများ၊ ဆရာဝန်များ၊ ကျောင်းသားသူငယ်များ၊ အစိုးရဝန်ထမ်းများအပြင် လယ်သမားများကလည်း နွားလှည်းများမောင်းနှင်ကာ ဆန္ဒပြပွဲ များတွင် ပါဝင်ခဲ့ကြ၏။ စုစုပေါင်း ပြည်သူတသိန်းနီးပါးမှာ မြို့၏ဗျော်ဗွိုလ်ရှင်းပွဲ ကွင်းပသည့်သနှယ် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ရေနံချေးနှင့် ပုသိမ် ရေနံမြေမှ ချောက်နှင့်ရေနံချောင်း၊ မြန်မာပြည် အလယ်ပိုင်းမှ ပြည်၊ မကွေး၊ တောင်ငူ၊ မျဉ်းမနားနှင့် မိတ္ထီလာမြို့များတွင် ပြည်သူ သန်းပေါင်းများစွာတို့မှာ မဆလအစိုးရကို ချီတက်ဆန္ဒပြခဲ့ကြသည်။ မြန်မာပြည်၏ မြို့နယ်ပေါင်း ၃၁၄ ခုတွင် သပိတ်စခန်းပေါင်း ၂၀၀ ကျော် ဖွင့်လှစ်ခဲ့ကြသည်။ ကျေးလက်မှ လယ်သမားကြီးများ ဆန္ဒပြပွဲများတွင် ပါဝင်ရန် နီးရာမြို့များသို့ ဆိုက်ကားများ၊ နွားလှည်းများဖြင့် ဘဲသုတ်ပြေးသုတ် ရောက်လာကြသည်။ အချို့မှာ ခြေလျင်ခရီးနှင်ခဲ့ကြသည်။ မြို့နှင့်ကျေးလက်တောရွာများမှ ပြည်သူအားလုံးလိုလိုဝင် တိုင်းပြည်ကို နှစ်ပေါင်း ၂၀ ကျော် အသက်ရှုကြပ်စေခဲ့သည့် စစ်တပ်ကြီးစိုးဖိနှိပ်သောတပါတီစနစ် အဆုံးသတ်ရန် တညီတညွတ်တည်း တောင်းဆိုခဲ့ကြ သည်။

လူမျိုးရေး ပဋိပက္ခစိတ်များမေ့ပျောက်ကန့်ပြီး တနေတည်းသော အရေးအတွက် တနိုင်ငံလုံးရှိ တိုင်းရင်းသားများနှင့် နိုင်ငံရေးအဖွဲ့အစည်းများအားလုံး လက်တွဲညီညီ ချီတက်ခဲ့ကြသည်မှာ မကြာခဏကြုံရသည့် ပထမဦးဆုံးအကြိမ်ဖြစ်ပေလိမ့်မည်။ ဗုဒ္ဓဘာသာနှင့် မူဆလင်ဘာသာရေးတင်းမာမှုများ အချိန်ကြာရှည်ဖြစ်ပွားလျက်ရှိသည့် ရခိုင်ပြည်နယ်၌ မတူညီသောဘာသာရေးအဖွဲ့အစည်းနှစ်ခုမှာ ယခုအခါ လက်ချင်းတွဲ၍ အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်အော်လျက် ချီတက်ဆန္ဒပြခဲ့ကြသည်။ အပေါ်မှောင်ဗုဒ္ဓသာသနာ အလံက လခြမ်းအမှတ်အသားပါရှိသည့် အစ်မ်းရောင်အစ္စလာမ်ဘာသာအလံနှင့် ယှဉ်တွဲကာ လေထဲ၌ တလူလူလွှင့်လျက်ရှိနေခဲ့သည်။

ဩဂုတ်လ ၂၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၏မြို့တော်၌ လူထုစည်းဝေးပွဲကြီး ပြုလုပ်ခဲ့သည်။ လှေယာဉ်မြောက်မြားစွာနှင့် အသက်ကြီးပုဂ္ဂိုလ်များစွာတို့အပြင် မဇ္ဈလမ္မာနေ

ကြပ်ပြင်းဖြစ်သော နိုင်ငံရေးသမားဟောင်းကြီးများပင် ယော်ထွက်လာကြပြီး အရေးတော်ပုံ အောင်မြင်ရန် ဟင်းချွေးနေကြသည်။ ယင်းနိုင်ငံရေးသမားဟောင်းများထဲတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ က ရန်ကုန်မြို့မ၌ သပိတ်ကြီးစတင်ဆင်နွှဲခဲ့သူ 'ဘိုပေါ်ထိ သာသကုဂီ' ၁၉၈၂ ခုနှစ် လွတ်ငြိမ်းချမ်းသာခွင့် ကြေညာခဲ့စဉ်က အလင်းဝင်ခဲ့သော ရဲဘော်ကွန်မြူနစ်ပါတီခေါင်းဆောင် 'ကျော်စံမြိုင်' အပြင် ဂျူနီယာက ဓနသဘိုင်ရာ ဘီဘိုင်ဆေးပေးတွင် တပ်မှူးဖြစ်ခဲ့ဖူးသော 'ဘိုဂရိ၊ ကရာလုအောင်' တို့ပါဝင်သည်။ မှန်မှန်၊ ကျောင်းဆရာဆရာမများနှင့် ကျောင်းအုပ်ဆရာကြီးများပင်ပါဝင်ခဲ့သည်။ ရန်ကုန်ပြည်နယ် မန်အောင်လွှမ်းတွင် အသေခံလာယာဉ်သမား များနှင့် ရေလှေ့သားများက တက်ကြွစွာပါဝင်ခဲ့သည်။ ၇၅ ကျပ်တန်ငွေစက္ကူများနှင့် ပတ်သက်သော အရေးအခင်းနှင့်ပတ်သက်၍ အမည်ထပ်သားသော အလောင်းနှစ်ယောင်း ထမ်းကာ မြစ်တမ်းပေးရန် သင်္ဂြိုဟ်ရန် သဘောတူကြသည်။

* * *

ရန်ကုန်အေးရုံကြီးနှင့် အမေရိကန်သံရုံးတို့မှာ နေ့စဉ်လူထုဆန္ဒပြပွဲများအတွက် စုဝေးရာနေရာများဖြစ်သည်။ ထို့နောက် ၂၅ ရက်နေ့ နေ့လည်တွင် ထောင်ပေါင်းများစွာသော ပြည်သူတို့သည် ရွှေတိဂုံဘုရားအနောက်ဘက်မုခ်ရှေ့ မြင်ကွင်းသို့ စတင်ရောက်ရှိလာကြသည်။ တချို့မှာ ဆိုင်းဘုတ်များယူလာကြပြီး တချို့မှာ မိသားစုများနှင့်အတူ ညနေစာထမင်းစားသုံးလုပ်ကိုင်ကြသည်။ ပြည်သူတို့အား ပထမဦးဆုံးအကြိမ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားမည်ဟူ၍ ကြေညာထားသဖြင့် စောစီးစွာရောက်ရှိလာသူ ဒေါ်အောင်ဆန်း စုကြည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။ ၂၆ ရက်နေ့ နံနက် ၁၁ နာရီတွင် ပြည်သူလူထုများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ရောက်ရှိကြပြီး အနည်းဆုံး လူပေါင်း သိန်းချီ၍ ကာ အသက်အရွယ်ပေါင်းစုံ၊ လူမျိုးပေါင်းစုံပါဝင်သည်။ အသက် ၂၃ နှစ်အရွယ်ရှိ ကောလိပ်ကျောင်းသား ဂေါ်ဝင်ကသည်။

"လူတွေ အားလုံးချစ်နေကြတယ်။ ဒါပေမဲ့ ယောအမြဲပြုကြီး မစောတင်မီ ဝိုင်းဝန်းဆိုကဲ့ ပြိမ်းချမ်းမှုတွေကြောင့် ပရိသတ် အထိတ်တလန့်ဖြစ်ခဲ့ကြရပါတယ်၊ ကျွန်တော်တို့ မနက် ၇ နာရီမှာ ရောက်လာပြီး စင်မြင့်အနီးတိုက် အနေအထား ရှာဖွေခဲ့ကြတယ်၊ ၃ နာရီကျော်ကြာခဲ့တယ်။ မသားတွေကဲ့ မူမှောင့်ကိုလည်း စမ်းသပ်ခဲ့တယ်။ ရွှေတိဂုံ အပြင်ဘက် ကွင်းပြင်တစ်ခုလုံးမှာတော့ လူတွေပြည့်ကြပ်နေကြတာပဲ။ ဦးဘီးမှာရုပ်မိ တိုက်မှာလည်း လူတွေပြည့်နေတာပဲ။ ကျောင်းသားသွေ့နဲ့ ရဟန်းတော်က လုံခြုံရေးအတွက် တာဝန်ယူကြရတယ်၊ ပြီးတော့ ဒေါ်အောင်ဆန်းစုကြည် ရောက်လာမှ စင်မြင့်ကြီးကို ကျွန်တော်တို့အားလုံး လက်ချင်းချိတ်ဆက်ပြီး စောင့်ကြပ်ခဲ့ပါတယ်" ဟု အောင်ဝင်းက ပြောပြသည်။

ဟောပြောမည့် စင်မြင့်အထက် နောက်ခံနံရံပေါ်၌ ဒေါ်အောင်ဆန်းစုကြည်၏ ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံကြီးကို ဒုတိယကမ္ဘာစစ်အတွင်း တော်လှန်ရေးအဝတ်နှင့် ယှဉ်ကွဲ ချိတ်ဆွဲထားသည်။ အသံချဲ့စက်များကို လူအုပ်ကြီးတစ်လျှောက်ထားသည်။ ဒေါ်အောင်ဆန်း စုကြည် ရောက်လာသောအခါ ပရိသတ်မှာ အလွန်များပြားသောကြောင့် သူမ လားကို ဟောပြောပွဲနေရာအပြင်ဘက်တွင် ရပ်ထားခဲ့ရသည်။ သူမ စင်မြင့်ရှိရာသို့ ဦးတည်လျှောက် လာသောအခါ လက်ခုပ်သံများ ကြွေးကြော်သံများ နားကွဲမတတ် ပေါ်ထွက်လာသည်။ နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင် မင်းသားကြီး ဦးထွန်းဝေက ဒေါ်အောင်ဆန်းစုကြည်ကို

ပြည်သူများနှင့် မိတ်ဆက်ပေးလိုက်ပြီး မငြိမ်မသက်ဖြစ်နေသော ပရိတ်သတ်များကို ထိန်းကြရန်နှင့် မိန့်ခွန်းနားထောင်ကြပါရန် ပန်ကြားလိုက်သည်။ ဒေါ်အောင်ဆန်းစုကြည်က စကားပြောခွက်ကို ယူလိုက်ပြီး ပထမမိန့်ခွန်းဖြစ်သော ညီညွတ်မှုနှင့်စည်းကမ်းရှိမှုဖြင့် ဒီမိုကရေစီရရှိရေး မိန့်ခွန်းပြောကြားပြီး သူမကိုယ်ရေးရာဇဝင်နှင့် ပတ်သက်သည့် အကြောင်းများ ဆက်လက်ပြောကြားခဲ့သည်။

"ကျွန်မ ဒီကနေစပြီးတော့ ပြည်သူလူထုနဲ့ ပွင့်ပွင့်လင်းလင်း ဆက်ဆံပါရစေ။ ကျွန်မ နိုင်ငံခြားမှာနေခဲ့တယ်ဆိုတာလည်း မှန်ပါတယ်။ နိုင်ငံခြားသားနဲ့ အိမ်ထောင်ကျတယ်ဆိုတာလည်း မှန်ပါတယ်၊ ဒါပေမဲ့ ဒါလေးအတွက်ကြောင့် ကျွန်မတိုင်းပြည်အပေါ်မှာ ထားတဲ့ မေတ္တာဟာ ဘယ်လိုနည်းနဲ့မှ လျော့ဆင်းမသွားနိုင်ပါဘူး"

"နောက်တခု ကျွန်မဟာ ဗမာပြည်နိုင်ငံရေးအကြောင်း ဘာမှနားမလည်ဘူးတဲ့။ တကယ်တော့ နားလည်လွန်းလို့ ခေါင်းရှုပ်နေတာပါ"

"ဗမာပြည်နိုင်ငံရေးဟာ ဘယ်လောက်ရှုပ်ထွေးတယ်၊ ဒီရှုပ်ထွေးမှုအကြောင်းကို ဖေဖေ ဘယ်လောက် ခံစားရတယ်ဆိုတာ ကျွန်မတို့ မိသားစုက အသိဆုံးပါပဲ"

"ဒါကြောင့်မို့လို့လည်း လွတ်လပ်ရေးပြီးတဲ့ အခါကျလို့ရှိရင် ထပ်ပြီးတော့ ရှုပ်ထွေးလာမယ့် နိုင်ငံရေးမျိုးကို ဆက်မလုပ်ချင်ဘူးဆိုတာ ဖေဖေ အပြီးအပိုင် ပြောသွားပါတယ်"

"ဒီလိုပြောသွားတာမျိုးပြောခဲ့လို့ ကျွန်မလည်း နိုင်ငံရေးလောကနဲ့ ဝေးဝေးကင်းကင်း နေခဲ့ချင်ပါတယ်၊ အခုဒီလို ဝေးဝေးကင်းကင်းနေခဲ့ချင်သားနဲ့ အခုမှ ဘာဖြစ်လို့ ဒီအရေးအခင်းထဲမှာ ဝင်ပါနေသလဲဆို့ အကြောင်းလည်းရှိပါတယ်"

"အခုဒီဟာကတော့ ဒီအရေးအခင်းဟာ တတိုင်းပြည်လုံးနဲ့ဆိုင်တဲ့ အရေးအခင်း ဖြစ်နေပါတယ်။ ကျွန်မမှာလည်း ဖေဖေ့ရဲ့ သမီးတယောက်ဖြစ်ပြီး ဘေးရပ်ကြည့်နေလို့မဖြစ်တော့ဘူး။ ဒီအရေးအခင်းဟာ တကယ်တော့ ဒုတိယလွတ်လပ်ရေးတိုက်ပွဲကြီးလို့ ခေါ်ရင်လည်း ဖြစ်ပါတယ်"

ရာပေါင်းထောင်ပေါင်းများစွာသော လူထု ပရိတ်သတ်ကြီးက လက်ခုပ်တီး သြဘာ ပေးကြသည်။ သူမမိန့်ခွန်းအဆုံးသတ်သည့်အခါ၌ ပြည်သူများက အုံးအုံးကြွက်ကြွက် ဆူညံသွားတော့သည်။

သူမမိန့်ခွန်းလာရောက်နားထောင်ကြသည့် ပြည်သူအများစုမှာ သူမအားကြည့်လို သိလိုကြသူများသာဖြစ်သည်။ ဗမာပြည် ထိပ်တန်းခေါင်းဆောင်၏သမီး၊ အသက် ၄၃ နှစ်ရှိ ဒေါ်အောင်ဆန်းစုကြည်မှာ မိန့်ခွန်းပြောကြားနေစဉ်တွင်ပင် ပြည်သူများ၏ ချစ်ခင်မှုကို ရရှိခဲ့သည်။ သူမသည် နိုင်ငံတွင်း ဒီမိုကရေစီပြန်လည်ထူထောင်ရေး တောင်းဆိုမှုပြုလုပ်ခဲ့သော အတိုက်အခံ ခေါင်းဆောင်တဦးအဖြစ် ပေါ်ထွက်လာခဲ့လေသည်။

"ကျွန်တော်တို့အားလုံး အံ့အားသင့်သွားကြတယ်။ သူမဟာ သူမအဖေနဲ့ ရုပ်ချင်း တူရုံသာမကဘူး။ ပြောတာလဲ သူ့အဖေနဲ့ တပုံစံထဲပဲ။ တိုတိုနဲ့ လိုရင်းကို ပြောတယ်" ဟု ကျော်ဝင်းကပြောပြသည်။

နောက်တနေ့ (၂၇ ရက်)တွင် ထင်ရှားသော ပုဂ္ဂိုလ်တဦးဖြစ်သူ ကာကွယ်ရေး ဝန်ကြီးဟောင်း ဦးတင်ဦး မိန့်ခွန်းပြောကြားခဲ့ပြန်သည်။ သူသည် စစ်ဘက်မှ ထုတ်ပယ်ခြင်း ခံခဲ့ရကာ ၁၉၇၆ ခုနှစ်တွင် အကျဉ်းချခံခဲ့ရသည်။ ရန်ကုန်ဆေးရုံကြီး အပြင်ဘက်၌ သူမိန့်ခွန်းပြောကြားနေစဉ် ပရိတ်သတ် ၄၀၀၀၀ ကျော်ခန့် တက်ရောက်နားထောင်ခဲ့သည်။

သူက ဒေါက်တာမောင်မောင်၏ ၁၉၅၀ ခုနှစ်များက အကြွေးအခေါ်အဝေါ်ကြောင်းကို ကိုးကား၍ ပြောကြားခဲ့သည်။

"၁၁၈ သမတဘက်လုပ်နေတဲ့ အာဏာရှင်စနစ်၊ ဒေါက်တာ၊ သူ့စာတမ်းပြုပြီး ဒေါက်တာကြွပြောသွားတဲ့အယူအဆ ကျွန်တော်အများကြီး မှတ်မိပါတယ်၊ အဲဒီတုန်းက သူရေးခဲ့တဲ့စာတမ်းမှာ ၁၉၄၇ ခု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ ပါတီစနစ်ဟာ ပြည်သူ့ဘက်ကို အရပ်ဘက်က ပိုခိုင်းတဲ့ စနစ်ဆိုးဘဲတဲ့။ ဒီတော့ ကျွန်တော်တို့ရဲ့ဖွဲ့စည်းပုံဟာ ပါတီစုံဒီမိုကရေစီကို အားကောင်းအောင်လုပ် လွတ်လပ်ခွင့်၊ ညီမျှရေး၊ တရားမျှတရေး Liberty Equality Justice ရှိတဲ့ အင်မတန်ကိုခေါ်သတရားကောင်းတဲ့ ဒီမိုကရေစီဆိုတာ ဖြစ်ပါလိမ့်မယ်။ အခုတော့ သူက ဘယ်ကိုဖြစ်တယ် ကျွန်တော်မသိဘူး။ တခါတလေ တကယ့်ကြီးကို ဖြစ်နေတာတဲ့ဗျာ"

ပရိတ်သတ်များ၏ ရီသံများထွက်ပေါ်လာပြီး ငြိမ်သက်သွားကြသည်။

၁၉၈၈ ခုနှစ် လွှတ်ငြိမ်းချမ်းသာခွင့်ဖြင့် ထောင်အပြင်ရောက်ခဲ့ပြီး ဦးဟောင်းသည် ဥပဒေအာဏာအထိန်းသိမ်းဖွဲ့ တာဝန်ယူခဲ့သည်။ မဆလအစိုးရကို ဆန့်ကျင်ရန် စတင်ဖွဲ့စည်းခဲ့သော မြန်မာများထဲက ကင်းအားလုံးများအား သူ၏ ပဲနယ်ဆောင်ရွက်မှုကို လျှို့ဝှက်စွာ ပြောကြားခဲ့သည်။ ပြည်သူများအကြား၌ သူ့နာမည် ပြန်ကြည့်ပေါ်လာခဲ့သည်။ အမြဲ ပြည်သူများစွာက သူ့ကို မျှော်လင့်ချက်ထားကြသည်။ ဩဂုတ်လ ၈ ရက်နေ့တွင် ဆန္ဒပြသူများက စစ်သားများကို သူတို့ဘက်ပါအောင် ဆွဲဆောင်ကြပြီး အောင်မြင်ခဲ့ပေ၊ ဒီတော့ ယခုမှုခင်းမှ လာပြန်ဖြစ်လာခဲ့၍ စစ်ဦးစီးချုပ် ဟောင်းက ဒီမိုကရေစီအရေးအခင်းကဲ့ ပူးပေါင်း ဝင်ရောက်လာခဲ့ပြီး၊ သူ့ပုံ စစ်ဘဝထဲမှ သူ့တပည့်နောက်လိုက်များ ရှိနေသေးသည့်ဟု၍ အများက ယုံကြည်လျက်ရှိကြသည်၊ ယင်းယုံကြည်မှုနှင့်ချင် ဖြစ်ရပ်များအပေါ် အရေးပါသော လွှမ်းမိုးမှု သက်ရောက်နိုင်မည် ဖြစ်လေသည်။

နိုင်ငံရေးသမားများစွာတို့သည် ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံသည့် ကြေညာချက်များ တစ်ပြိုင်တည်း ထုတ်ပြန်ကြလေတော့သည်၊ အသက် ၈၀ အရွယ် ဦးနုမှာ သူ့အသက်ကြီးပေမဲ့ ဖယ်ရှားခံရသော နိုင်ငံရေးနယ်ထဲ ပြန်လည်ဝင်ရောက်လာခဲ့သည်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် သူသည် ပါလီမန်ဒီမိုကရေစီ ဆန့်ကျင်ခံဘ ၂၆ နှစ်အတွင်း မြန်မာပြည်၏ ပထမဆုံးလွတ်လပ်သည့် နိုင်ငံရေးအဖွဲ့အစည်းကာကို တည်ထောင် လိုက်ပေသည်၊ ပါတီ၏အမည်ကို ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေး(ယာယီ)ပါတီဟု အမည်ပေး ခဲ့သည်။ ၁၉၅၀ ခုနှစ်များ၏ ပါလီမန်ဒီမိုကရေစီခေတ်က သူ့လုပ်ဖော်ကိုင်ဘက်ဟောင်း နိုင်ငံရေးသမားကြီးများက ပန်းကြီးရှုပ်သဘောင်းနီးနားမှာ ထောက်ခံကြောင်း ကြေညာခဲ့သည်၊ ဦးထင်များ မေမေရွှေလျောက်ပျောက်ဖြစ်နေသော ဘာခင်ဆုတ်မောင်၊ သခင်လှမှိုင်၊ သခင်တင်မြ၊ ဦးရဲထွဋ်နှင့် အခြားသောက်ကဲ့ ခေါင်းဆောင်များလည်း ထွက်ပေါ်လာကြသည်။ ထိုချိန်မှ ရဲရင့်သောဘက်ဖြစ်ခဲ့သော သခင်စိုးသည်လည်း ပြန်လည်ထွက်သန်လှုပ်ရှား လာခဲ့သည်၊ အသက် ၈၃ နှစ်ရှိ ကျန်းမာဖြစ်နေသော ကမ်းဒိုကွန်မြူနစ်ပါတီခေါင်းဆောင်၊ အထုံမှ စနစ်၍ အုံကြွမှုကြီးကို ထောက်ခံသည့် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်၊

ဤနိုင်ငံလုံးရှိ ဗိုလ်ကလေး တော်တော်များများက ပါတီမှ အတူလိုက်ကြွင်ဖိုလိုင်းနှုတ်ထွက်ကြသည်။ ဒေသဆိုင်ရာ ပါတီရုံးများသို့ သွားကြပြီး အဖွဲ့ဝင်ကတ်ပြားများကို ပြန်လည်အပ်နှံကြသည်မှာ မနေ့ညဉ့်နေ့တိုင်းဖြစ်သည်၊ ရက်သတ္တပတ်အတွင်း၌ ဗိုလ်ကလေး တို့ကြီး ပြိုကွဲပျက်စီးသွား

တော့သည်။ ယင်းကဲ့သို့ အရည်အချင်းပြည့်ဝသော အချို့ကျောင်းသား စည်းရုံးရေးသမားများမှာ ယခင်က လမ်းစဉ်လူငယ် ခေါင်းဆောင်ဟောင်းများ ဖြစ်ကြသည်။

နှစ်အတော်ကြာသည့်နောက် လမ်းစဉ်လူငယ် စည်းရုံးရေးမှူးတစ်ဦးဖြစ်ခဲ့သူ ကိုလင်းက "ကျွန်တော်တို့ထဲက မှန်းထားတဲ့ အစည်းအဝေးတွေကတော့ ဘယ်အချက်တွေကိုမဆို မထောက်ခံပါဘူး အမှတ်အသားကို ပေးမပေးနေတဲ့ ခံယူချက်ကြတာပါ။ လမ်းစဉ်လူငယ်အဖွဲ့ဟာ ကောင်းဆောင်အဖွဲ့အစည်းနဲ့ ပြိုင်ခဲ့ပါတယ်။ ကျွန်တော်တို့အတွက် ပေါင်းစုံနေများမှာ ရှိတဲ့ နေရာသစ်ခန်းများကို သွားရောက်ဖို့၊ တခြားလူငယ်တွေနဲ့ ရင်းနှီးဖို့ အခွင့်အလမ်း ဖြစ်ခဲ့ပါတယ်။

၂၆ နှစ်မျှ ငြိမ်သက်နေပြီးနောက် မြန်မာ့ကျောင်းသားလှုပ်ရှားမှုအစဉ်အလာ စိတ်ဓာတ်များ ပြန်လည်ရှင်သန်လာခဲ့သည်။

ဩဂုတ်လ ကုန်ပိုင်းလောက်တွင် ရန်ကုန်မြို့တစ်ခုတည်း၌ပင် သတင်းစာနှင့်ဂျာနယ်ပေါင်း ၄၀ မျှ ထွက်ပေါ်လာပြီး နိုင်ငံရေးပြဿနာများကို ပြတ်ပြတ်သားသား၊ ပညာသားပါပါ သုံးသပ်ထားချက်များ၊ ထိမိသော ကာတွန်းများနှင့် ကဗျာများက မဆလပါတီနှင့် စစ်တပ်ခေါင်းဆောင်တို့၏ အုပ်ချုပ်မှုများကို အပြစ်တင်ခဲ့ကြသည်။ အစိုးရသတင်းစာများ ဖြစ်ကြသည့် လုပ်သားပြည်သူ့နေ့စဉ်နှင့် ဂါးဒီးယန်းသတင်းစာတို့တွင် လှုပ်ရှားမှုသည့် နိုင်ငံရေးဆောင်းပါးများ ပါရှိလာပြီး တစ်နှစ်ပြည့် ဆောင်းပါးများ စာမျက်နှာ ပြည့်လုနီးပါး ပါရှိလာခဲ့သည်။ အခရာတီဦး၊ ကွက်ကွက်ပြူးသတင်းစာ၊ သတင်းလှုပ်ရှား အောင်ပွဲသတင်း၊ သပိတ်တိုက်ပွဲ စသည့် အသက်ဝင်သော သတင်းစာစောင်များလည်း ပေါ်ထွက်လာကြသည်။ အချို့မှာ နေ့စဉ်ထုတ်ဝေနိုင်ခဲ့၊ အချို့မှာ ရက်ခြားထုတ်ဝေခဲ့ကြသည်။ အယ်ဒီတာများက ထိုသတင်းစာများ ထုတ်ဝေသည်ကို တားဆီးနိုင်ခြင်းမရှိခဲ့ပေ။ နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနများမှာ ပြောင်းလဲမှုမရှိခဲ့ပေ။ သို့သော် ဘာတာ်သား သတင်းများကို သိရှိလိုသော ပြည်သူအများသည် အမေရိကန်အသံ၊ ဘီဘီစီ ရေဒီယိုမှ အစီအစဉ်များကို နားထောင်ကြပြီး ... တတ်လာကြသည်။

ညဘက်တွင် ပြည်သူများက ဘီဘီစီသတင်းကို ဖမ်းယူနားထောင်ကြသည်။ ဗွီအိုအေ အမေရိကန်အသံထက် ဘီဘီစီ အင်္ဂလိပ်ဘာသာကို ပိုမိုနားထောင်ကြသည်။ ဘီဘီစီသည် မြန်မာပြည်သူများအတွက် ယုံကြည်စိတ်ချရသော ပြည်တွင်းသတင်းဌာနတစ်ခုဖြစ်ပြီး လူကြိုက်များသည်မှာ အငြင်းပွားဖွယ်မရှိပေ။ သို့သော် စစ်တပ်များကြောင့် ဘီဘီစီ ရှက်ရယူထား သည့် တခုပေါ်လာမှာ ပေါက်ကြားမှုကို ထောက်လှမ်းရေးဌာနက မြန်မာဇွဲခဲ့သည်။ စစ်သားများအနေနှင့် လက်ကိုင်ရေဒီယိုများကို မကိုင်ကြည့်ရန် တိုက်တွန်းထားသည်။ အုပ်ချုပ်သူနေရာတွင်ရှိသူများက မြန်မာခုခံမှုပြင်းပြင်းထန်ထန်ကြားရသည့်သတင်းမှာ ဦးနုဝင်းတိုင်းမှုပိုမို ထွက်ခွာသွားသည်၊ သတင်းပေါက်ကြားသည်။ တခြားအသံတစ်ခုက စနစ်ပြောင်းလဲမှု၏ ဆောင်ရွက်ထားခဲ့သည်လည်း မဟုတ်ကြောင်းနှင့် တကယ်ပင်တရားဝင်ကိုးကားခြင်း ဦးကျော်ဇော်၏ သားထံမှ ထွက်ပေါ်လာခဲ့သည်ဟု သိရပြန်သည်။ အာဏာပိုင်များသော အဆိုပါသတင်းများက ဦးနေဝင်းသည် ကိုယ်ပိုင်ဂျက်လေယာဉ်ဖြင့် ပြင်ပမှနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်ဟုဆို၏။

ပြည်သူများက ခေါင်းဆောင်ကြီးများ တိုင်းပြည်မှ ထွက်ခွာသွားကြပြီဟု အခိုင်အမာ စောင့်မျှော်နေကြစဉ် လူရှုပ်ဆော် မဟုတ်သော ရန်ကုန်ဆေးရုံကြီးအကြောင်းတွင် ထိမိသော

မြို့တော်လုံးရော၊ သစ်ရော်ချက်များဖြင့် ဝရိုက်သတ်ကို ဖော်ပြချက်ရှိသည်။ ရန်ကုန်မြို့ပေါ်လမ်းမကြီးများတွင် နာမည်ကြီးတေးပေါ် တေးကြီးဂီတအဖွဲ့နှင့် အဆိုတော်များက တေးသွားတေးသံများဖြင့် ဆန္ဒပြနိုင်စက်လောလော ပြည်သူများကို သီချင်းများဖြင့် ကြိုဆိုကြသည်။ လူတိုင်းကာနိုက်ဂျက်ဆန္ဒပြကြပြီး ဗဟိုဖုံ၊ ဆေးလုပ်ပုံနှင့် ရုံးများရှိ ဝန်ထမ်းများက ကျောက်ကပ်သော သစ္စာမျှများ နှုတ်ထွက်ကြသည်။ ထမင်းလုပ်ရုပ်မှာ ၂၆ နှစ်အတွင်း မသိသူမှ ဓာတ်ပွဲ၊ မစားမဲ့ပြောကြသည့် ကုဝ်ရုပ်ပင်ဖြစ်သည်။ မောင်းပြည် မီးရထားအလုပ်သမား သမဂ္ဂ၊ ဆရာဝန်နှင့် တပ်ပေါင်းစုစ်အသုက် အလှူရှင်ထားရော၊ ဝဲဝေးနည်းပေးအောင် ချက်ကြသည်လိုက်သည်။ မီးတေဂသ ဝန်ထမ်းများလည်း မိုးကောသ ခန့်မှန်းရုံများကို တပ်ပေါင်းသားရောင်က် စနစ်အတွက်မပေးတော့ဘဲ၊ အများပြည်သူအတွက်သာ ပေတင်မြန်ဆောင်းပေးကြ ကြောင်းခဲ့သည်။ ဒီမိုကရေစီလှုပ်ရှားမှုကို တည်တည်သည်မပြဲဘဲမဲ့ခဲ့သည် သားရေလတ်ခရော ကြိုတင်သတင်းပို့တွင် ဖြန့်ဝေခဲ့သည့် မှန်ပြင်ကြားရာတွင်ပါလာသော သတင်းလေ့ပင် ဖြစ်သည်။ ထိုသတင်းမှာ အမေရိကန် ဆင်ခြေမှန်အမည်ဖြစ်သော ပြည်သူ့သံချိုင်းမှ ထုတ်ဝေစာအုပ်ဖြစ်သည်။ ဒီဇိုင်းအား ကြာသပတေး ၉ ရက်မှ ၁၂ ရက်နေ့ သတင်းပြတ်မှုများ ပြီးသည့်နောက် အာဏာရှင်ချုပ်၌ စီးပွားအပြင်း ခံမူးအဖြ သတင်းဝိုင်းတွင်ပင်မှုပုလပ်တော လူဆောင်အမေးအဖြေများကို ဆမ်လိုက်သပြီးနောက် ကြေငြာမှုပိုက်ခဲ့ကြသည်။ ယခင်ကလိုပြုလုပ်ခဲ့ပြီးသည့်နောက်ပိုင်းတွင် သန့်ပေါင်သာ အရှိန်နှင့် သဘိတ်ဆင်များက ဒီမိုကရေစီ တေးသွားတေးသံများ ပေါင်းစပ်၍ ညတိုင်းပင် ပြမဲမြောက်ကြား ဗုန်းမောင်ရုပ်ရှင် ပြသခဲ့သည်၊ သပိတ်များ၏ တေးသွားတေးသံအသစ်ကိုလည်း ပေါ်ပေါက်မိသည်။ ထိုတေးသွားတေးသံမှာ “မဆောင်ပါက ဂိုင်းဝိုင်ပါ၏ အလေးထားအိုခိုင် – – – ဒီမိုကရေစီအတွက်” ဟူ၍ ဖြစ်သည်။ ဗုန်းမောင်ရုပ်ရှင်မှာ ပေါ်ပေါက်လာပြီး လမ်းဦးဆုံး အသံတိတ်ခံရသော မက်ခွေးကွာကျပ်ပြောင်းသော ဗောင်မှန်းမောင်ကို ရုက်ပြလာပေးခဲ့သည့် ကျော်ကြားဖြစ်သည်။

လူအင်ကြီးကလာကြသော ပေါ်သားဝင်စရာသည့် မြောက်ပိုင်းဥက္ကာကာဒုံ စေ့စပ်ပေးမှုများ ကခွဲဆိုသွားသော သူတို့မိဘဆောက်နှင့် ဆရာများကို ဂုဏ်ပြုသည့်အပေါ်စေးမောက်အဖြစ် ကွန်းဖက်ရာဇဝင်တိုက်ပွဲကို ဆိုက်တုရိုက်ကြသည်။ သမိုင်းဝင် ၈–၈–၈၈ နှစ်များ နာရီတိုက်ကို ၈ နာရီ ၈ မိနစ် ၈ စက္ကန့်မှာ တည်းဆောက်စီပြသည်။ ကျောက်တိုင်ထိပ်တွင် မဆလခေတ်ပြောင်းမိမှု ပြည်ထောင်စုသတ်မြောင်းကြာ ရှင်းမျှလုပ်ရှိသည်။ ဆာဗဂ်ဘိုင်ခြေရင်းတွင် လတ်လတ်ဆတ်ဆတ် ပန်းများဖြင့် စီချယ်ထားသည့် ကွမ်းတောင်းများ ဖွဲ့များ လာရောက်ပူဇော်ကြသည့်မှာ ဆေးဒဏ်နှင့်အမျှဖြစ်သည်။

မနေ့ပေါက်ကို ကြိုးနီးဖွဲ့သည့် နေ့ရာကာကာ၌ ဒိုက်ဗွဲ့ပြီဖြစ်သည်။ ရန်ကုန်မြို့ဆင်မှ ဖမ်းဆီးရာနှင့်ရွာ၊ တပ်ပျင်းသွားကြသည်။ ဖြေတွဲတံမောက်ဘူးက် လုံထိမ်းရှားပင် မြင်းမှုံးမှ ဆက်ကွယ်တုန်ကြသည်။ အမှန်ပေါပေါ်မှာ လုံခြုံမှုများကို ယုန်ကောင်းသာ လှတ်ပေးကော ဖင်းခပ်ထင်သို့ သွယ်မျှင်းလိုက်ခြင်းသာဖြစ်သည်။

ဩဂုတ်လ သတင်းပြီးများပြီးဆုံးပြီးနောက် မှားယွင်းပင် ‘ပြည်သူ့ဆုပ်ချုပ်ရေး’ မြောင်းလဲဖွဲ့စည်းရန် ပထမဦးဆွာ လုပ်ဆောင်မှုသည်။ ရန်ကုန်အလယ်ပိုင်းရှိ ရုပ်ကွက်များတွင် ပြည်သူများက ဘတ်စ်ပျော် ဆေးခြံကုလုံးနှင့် ဆောင်ပေးသည် ရန်ကုန်ဆေးရုံကြီးသို့ လူနာနှိုးရန် ဆုံးဖြတ်ခဲ့ကြသည်၊ ထိုအချိန် ရန်ကုန်ဆေးရုံကြီး၌ လူနာများအတွက် အဆောက်အအုံများမျိုးစုံ ဖြတ်လေ့ကျက်ရှိသည်။ မှောင်ခိုဈေးသည်များပင် ဈေးထား ဆည်ရေးဂျင်းများကို အခမဲ့ ဝေးရှုံးသို့ ပွဲဆိုင်းထားခဲ့ကြသည်။

ဤသို့ မိမိတို့ စာနာအလေ့လာကျင့်ကြံမှုများမှတဆင့် ဒေသခံ ပြည်သူ့ကော်မတီများ ထွက်ပေါ်လာသည်။ အဆိုပါ ကော်မတီများတွင် ရဟန်း၊ အဖိုးကြီးနှင့် ကျောင်းသားများ ပါဝင်ကြသည်။ အုပ်ချုပ်ရေးကို တာဝန်ယူပြီးနောက် ကြုံတွေ့ရသည့် အခက်အခဲတရပ်မှာ ဥပဒေငြိမ်းချမ်းရေး ကိစ္စဖြစ်သည်။ အထူးသဖြင့် ညဘက်တွင် တခြားနယ်မြေများအဖြင့် ရပ်ကွက်တွင်းမှ လူဆိုးများကို စောင့်ကြပ်ကြည့်ရှုနိုင်ရန် ဝါးနှင့် ပြုလုပ်ထားသော အကာအရံများ၊ အဝင်အထွက် တံခါးမကြီးနှင့် စောင့်ကင်းများကို ဆောက်လုပ်ခဲ့ကြသည်။ ဒုစရိုက်မှုများက ပိုမိုတိုးပွားလာသည်။ တရားခံတယောက်ကိုမိတိုင်း ရဟန်းများက တရားသူကြီးအဖြစ်ရင်း၊ စစ်ဆေးသူအဖြစ်ရင်း တာဝန်ယူဆောင်ရွက်ကြရ၏။ ပြည်သူများထံမှ ကောက်ခံရရှိသောငွေများမှာ ဤအုပ်ချုပ်ရေးအဖွဲ့သစ်များအတွက် ရံပုံငွေ ဖြစ်လာခဲ့သည်။ သို့သော် ဦးစိန်လွင် ရာထူးမှ နုတ်ထွက်ပြီး အမှတ်မထင်များဖြစ်ပေါ်ခဲ့ရာ ဒေါသထွက်နေသော လူအုပ်ကြီးက မင်္ဂလာတောင်ညွန့်မှ အထွေထွေပစ္စည်းသိုလှောင်ရုံကို ဝင်စီးခဲ့ကြသည်။ အထွေထွေပစ္စည်းသိုလှောင်ရုံမှာ စစ်တပ်အရာရှိများနှင့် မဆလပါတီ အရာရှိကြီးများကို ဖြန့်ဝေပေးရန် နိုင်ငံခြားမှ မှာယူတင်သွင်းခဲ့သည့် အိမ်ခံပစ္စည်းများ သိုလှောင်ရာဌာနဖြစ်သည်။

ထို့နောက် ရန်ကုန်မြို့တွင် လမ်းဘေးများမှ တီဗီများ၊ ဗွီဒီယိုပြစက်များ၊ နိုင်ငံခြား အရက်များနှင့် အခြားဇိမ်ခံပစ္စည်းများကို ရောင်းချသည့်ဈေး ပေါ်ထွက်လာတော့သည်။ ထိုဈေးကို ဦးစိန်လွင်ဈေးဟု ခေါ်ကြသည်။ ဈေးချိုချိုဖြင့် ရောင်းချလိုက်သည့် ပစ္စည်းများမှ ရရှိသည့် ငွေတို့သည်လည်း သပိတ်ကော်မတီများသို့ ရောက်လာကြသည်။

* * *

ထင်ပေါ်ကျော်ကြားသော မြန်မာများက အစိုးရကို ဖွင့်ဖွင့်လင်းလင်း ဆန့်ကျင် ပြောဆိုလာကြပြီး ဦးနေဝင်းနိုင်ငံမှ အမှန်တကယ် ထွက်ပြေးတော့မည်ဟု ထွေးထင် လာကြသည့်အခါတွင် ပြည်သူတို့၏ ယုံကြည်စိတ်ချမှုများက တဖတဖ တိုးပွားလာခဲ့သည်။

ဩဂုတ်လ ၂၈ ရက်နေ့တွင် 'ဗကသ' ခေါ် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂကို ရန်ကုန်မြို့တွင် တရားဝင်ဖွဲ့စည်းခဲ့၏။ ဗကသ ဥက္ကဋ္ဌအဖြစ် ထူးခြားသော အရည်အချင်းရှိသူ အသက် ၂၆ နှစ်ရှိ သတ္တဗေဒ တတိယနှစ်ကျောင်းသား ပေါ်ဦးထွန်းကို ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ ပထမပိုင်းမှ ကျောင်းသားများနှင့်တို့၏ ချမြဲအောက် ကြေညာချက်များ၌ နာမည်ဝှက်များ အသုံးပြုကာ လက်မှတ်ရေးထိုးသကဲ့သို့ သူ့ကိုယ်တိုင်သည် နာမည်ဝှက်မှာ မင်းများကိုအနိုင်ယူမည့်သူ "မင်းကိုနိုင်" ဟူ၍ဖြစ်သည်။ နာမည်ကြီးသည့် နောက်ထပ်ကျောင်းသားခေါင်းဆောင်တယောက်မှာ အသက် ၂၅ နှစ် အရွယ်ရှိသည့် မိုးသီးဇွန်ဖြစ်သည်။ သူသည်လည်း ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ရန်ကုန်မြို့ပြုလုပ်ခဲ့သော လူထုစည်းဝေးပွဲများ၊ ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သူဖြစ်သည်။

ဗကသနှင့်အပြိုင် ထွက်ပေါ်လာသော ကျောင်းသားအဖွဲ့မှာ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဖြစ်သည်။ ဗမာအစား မြန်မာဟူ၍ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အတိုကောက်မှာ 'မကသ' ဖြစ်သည်။ ယင်းအဖွဲ့ကို ပဉ္စမနှစ် ဥပဒေကျောင်းသား အသက် ၃၀ ကျော်ရှိ မင်းဇေယျာ ဦးဆောင်သည်။ သူသည် အရေးအခင်း စတင်ကတည်းက ပါဝင်လှုပ်ရှားခဲ့သူဖြစ်ပြီး ဇာတိ မွန်ပြည်နယ် ကမာကောက်မြို့တွင် မတ်လ ၂၇ ရက်နေ့က

အပမ်းခံခဲ့ရသည်။ ထို့နောက် ရန်ကုန်အင်းစိန်ထောင်သို့ ခေါ်ယူသွားခြင်း မခံခဲ့ရသည့်၊ သူ့ကို ဇူလိုင် ၇ ရက်နေ့တွင် ပြန်လွှတ်လိုက်ပြီး ဩဂုတ်လ ၆ ရက်နေ့တွင် ထပ်မံဖမ်းဆီး ခြင်းခံခဲ့ရရာက ၂၅ ရက်နေ့တွင် ဦးအောင်ကြီး၊ ဦးစိန်ဝင်း၊ အမြားနိုင်ငံရေး အကျဉ်းသားများနှင့်အတူ လွှတ်ပေးခဲ့သည်။ အရေးအခင်း၌ နိုင်ငံရေးသမားဟောင်းများ ပြန်လည်လှုပ်ရှားရုံသာမက မျိုးဆက်သစ် လူငယ်ခေါင်းဆောင်များလည်း ပေါ်ထွက်လာကာ အသက်ကြီးနေပြီဖြစ်သော နိုင်ငံရေးခေါင်းဆောင်များနည်းတူ ဩဇာလွှမ်းမိုးနိုင်ခဲ့သည်။

သို့သော် လူကြီးနှင့်လူငယ်တို့မှာ မကြာစဏ အတူတကွ လက်တွဲလုပ်ဆောင်ခဲ့ကြပြီး မျိုးဆက်ကွာဟမှု မညီသည့်အခါမှ မရှိခဲ့ပေ။ အမျိုးသမီးငယ်ကလေးပြုံးသူ မစန္ဒာမေမှာ မြို့တော်ခမ်းမအပြင်ဘက်တွင် ဩဂုတ်လ ၈ ရက်နေ့က ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲများကို သူမနေအိမ် ဝါရံတာမှ ကြည့်ရှုခဲ့ရသည်။ မကြာမီ သူမ လှုပ်ရှားမှုထဲတွင် ပါဝင်ခဲ့သည်။ သူမသည် စက်တင်ဘာလဆန်းပိုင်း၌ ဆထက်မြန်မာပြည်လှုပ်ရှားမှုများနှင့် ရန်ကုန်မြို့ လှုပ်ရှားမှုများကို ညှိနှိုင်းရန် မြန်မာပြည်အထက်ပိုင်းသို့ တပတ်ကြာ သွားရောက်ခဲ့သည်။ သူမအဖွဲ့တွင် ကျောင်းသား ၁၅ ဦးပါရှိပြီး ခေါင်းဆောင်မှာ အလယ်ပိုင်းမဲ့ဆန်ကျောင်ဆောင်သန်ဒေါ်တွင် ပါဝင်ခဲ့သူ ဝါရင့်နိုင်ငံရေးသမား သာစင်ကြည်ရှိန် ဖြစ်သည်။ သူတို့အားလုံး ကားဖြင့် ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ မိတ္ထီလာနှင့် မန္တလေးသို့ သွားရောက်ခဲ့ကြသည်။

"အားလုံး သပိတ်တိုက်ပွဲတွေ ဆင်နွှဲနေကြတာ ရလာလည်း မပြေးတော့ဘူး။ ဘာကြောင့်မှန် ပိုင်ဆောင်မှုလည်း မရှိတော့ဘူး။ ပြီးတော့ မြင်တဲ့ပါတယ်လို့ဆိုတာ အမှောင်ကျခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ စိတ်ဓါတ်တွေက ပြင်းပြနေပြီး ကျွန်မတို့ ရောက်ခဲ့တဲ့ နေရာတိုင်းမှာ စည်းဝေးပွဲတွေကို ထက်ရောက်နိုင်ခဲ့တယ်။ ကျွန်မတို့ သပိတ်စခန်းတွေမှာ အိပ်ကြရတယ်။ ဖြတ်ကျော်လာခဲ့တဲ့ မြို့ကြီးတိုင်းလိုလို သပိတ်စခန်း တမုဘဲလော့ ရှိတယ်၊ ပြည်သူတွေဟာ မဆလပါတီရုံးတွေ၊ အစိုးရအဆောက်အဦးတွေကို သိမ်းပိုက်ပြီး ရုံးအဖြစ်ပြောင်းလဲလိုက်ကြတယ်၊ နေရာတိုင်းမှာ ကောက်ကြွနေကြပြီး လက်ကမ်းစာစောင်တွေ ရိုက်နိုင်ကြတယ်။ ဗီဒီယိုတွေ ရေးသူတွေ၊ ကိုယ်ပိုင်သတင်းစာ ထုတ်ဝေတဲ့သူတွေ၊ စည်းဝေးပွဲ၊ ဆန္ဒပြပွဲတွေ ပြင်ဆင်ကြပါတယ်"ဟု မစန္ဒာမေက ပြောပြသည်။

မန္တလေးမြို့တွင် ဗုဒ္ဓဘာသာ ဘုန်းကြီးများက တရားမဝင်အသင်းဟု ဝိန်လွှင်မကြည်ခဲ့သော ရဟန်းပျိုအဖွဲ့မှာ ပြန်လည်ပေါ်ထွက်လာခဲ့သည်။ ရဟန်းများက နေ့စဉ်ကိစ္စများကို စည်းရုံး ဆောင်ရွက်ပေးသည်။ အချို့ကိစ္စများသိမ်းမြင်း၊ စာရေးဖြစ်ဖြစ်မှုပိမှန်ရှိမရှိ စစ်ဆေးခြင်းနှင့် အချို့သတင်းများအရ မော်တော်ယာဉ်လမ်းပြမှုသိပ်မှုအဖြစ်ပင် ပင်ဆောက်ဆောင်ရွက် ပေးခဲ့ရသည်ဟု သိရသည်။ တရားဥပဒေ ထိန်းသိမ်းရေး ကိစ္စများကိုလည်း ရဟန်းများကပင် ကြီးကြပ်ခဲ့ကြသည်။ ဥပဒေချိုးဖောက်သူများကို အပြစ်ပေးရာ၌ သမရိုးကျ အပြစ်ပေးခြင်း တော့မဟုတ်ပေ။ ဩဂုတ်လတွင် မန္တလေးသို့ ရောက်ခဲ့သည့် ခရီးသည်တဦးက ဘုတ်တာရုံအပြင်ဘက် ဓါတ်မီးတိုင်တွင် သံကြိုးဖြင့် ချည်ထားခံရသော လူတဦးက "ကျွန်တော်သူခိုးပါ၊ ကျွန်တော်သူခိုးပါ"ဟု အော်နေသည်ကို မြင်တွေ့ခဲ့ရသည်ဟု ဆိုသည်။

◆ ◆ ■

အမှန်တကယ် ဘာဖြစ်ခဲ့လဲ။ အစိုးရက တကယ်ဘဲ လက်လျှော့လိုက်ပြီလား။ ထင်မြင်တွေးတောချက်များ တကွဲတပြားစီဖြစ်နေသည်။ နေရာတိုင်း၌ မဆလပါတီ အုပ်ချုပ်ရေး ပြိုကွဲသွားပြီးကတည်းက စစ်တပ်ကိုမမြင်ရ။ အစိုးရအရာရှိ မြောက်မြားစွာ တို့မှာလည်း သူတို့နေအိမ်ကို စွန့်ခွာခဲ့ကာ တပ်စခန်းများတွင် ဝင်ရောက်ခိုလှုံခဲ့ကြသည်။ ဤအချက်ကို ပြည်သူများက လက်ခံထားကြသည်။ တချို့က မည်ကဲ့သို့ပင် ပြောင်းလဲသွား စေကာမူ ဝို၍ သတိထားကြသည်။ မမျှော်လင့်ဘဲ ဩဂုတ်လ ၂၄ ရက်နေ့ စစ်ဥပဒေ ရုပ်သိမ်းခဲ့ခြင်းမှစ၍ တနိုင်ငံလုံးတွင် ပြည်သူ့အုပ်ချုပ်ရေး ပေါ်ထွက်လာပြီး ထူးခြားသည့် ဖြစ်ရပ်များ ဆက်တိုက်ဖြစ်ပွားလာသည်။ နောက်တနေ့တွင် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးလိုက်သည်။

၂၅ ရက်နေ့ည၌ လက်နက်ကိုင် စစ်သားအပြည့်တင်ဆောင်လာသည့် စစ်ကား ကြီးများက ရန်ကုန်မြို့လယ်သို့ ဝင်ရောက်လာပြီး မြန်မာနိုင်ငံခြားကုန်သွယ်ရေးဘဏ်မှ ကျပ်ငွေ သန်း ၆၀၀ ကို သေနတ်ပြကာ သယ်ထုတ်သွားကြသည်။ ဘဏ်သမဂ္ဂက ထိုကိစ္စကို ကန့်ကွက်ခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ ရန်ကုန်မြို့ရှိ စစ်သားအားလုံးအတွက် လခ ၆ လစာကို ကြိုတင်ထုတ်ပေးလိုက်ပြီဖြစ်သည်။ ထိုနောက် ၂၆ ရက်နေ့တွင် အင်းစိန် ထောင်မှအကျဉ်းသားများ အစိုးရဆန့်ကျင်ရေး အနှောင့်အယှက်များပြုလုပ်ခဲ့ကြသည်။ ထောင်ထဲ၌ မီးစလောင်ကာ အထိတ်တလန့် ဖြစ်သွားသည်။ မီးလွတ်ရာ ပြေးထွက်လာကြသည့် အကျဉ်းသားများကို ထောင်စောင့်များက သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။

အကျဉ်းသား ၁၀၀၀ ခန့် အစုလိုက်အပြုံလိုက် ပစ်သတ်ခံခဲ့ရပြီး ဒဏ်ရာရသွားသည့် အခြား ၅၀၀ မှာ အနီးရှိ အင်းစိန်ဆေးရုံသို့ ဆေးဝါးကုသရန် ရောက်ရှိလာရာ ဆေးရုံ တရုံလုံး လူနာများဖြင့် ပြည့်ကြပ်သွားလေသည်။ ကျန်အကျဉ်းသားများကို ထောင်မှ လွှတ်ပေးလိုက်သည်။ မြန်မာ့အသံမှကြေညာချက်အရ ထိုအကျဉ်းသားများကို ခဝန်ကတိဖြင့် ထောင်မှလွှတ်ပေးခဲ့ခြင်းဖြစ်သည်ဟု ဆို၏။ ထောင်ထဲရှိ တိုက်များတွင် နိုင်ငံရေး အကျဉ်းသားများနှင့် ရာဇဝတ်အကျဉ်းသားများ ရောနှောထားရှိလေရာ ထိုထောင်တွင်း သတ်ဖြတ်မှု၌ အစိုးရဆန့်ကျင်ရေးသမား မည်မျှသေဆုံးခဲ့သည်ကို မကြေညာခဲ့ချေ။ မြန်မာ့အသံမှ သေဆုံးသူ စုစုပေါင်း ၃၆ ဦးသာရှိပြီး ဒဏ်ရာရသူ ၁၀၀ ရှိသည်ဟု ကြေညာခဲ့သည်။

ထိုထောင်တွင်းအဓိကရုန်းများ တနိုင်ငံလုံးရှိ မြို့ ၉ မြို့မှထောင်များတွင် တိုက်ဆိုင်စွာ တပြိုင်တည်း ဖြစ်ပေါ်လာခဲ့သည်။ အကျဉ်းသား ၉၀၀၀ နီးပါးမှာ လွတ်မြောက်သွား သည်လော၊ လွှတ်ပေးလိုက်သည်လောဆိုသည်မှာ မသဲကွဲလှ။ ထောင်သားအားလုံးမှာ ပိုက်ဆံလုံးဝမရှိကြ၊ အစာလည်းမစားကြရချေ။ ရန်ကုန်မြို့တွင် အထိတ်တလန့် ဖြစ်နေကြသည်။ ဆိုင်ရာ ဒေသပြည်သူ့ကော်မတီများက ရန်ကုန်ဘူတာကြီး၌ အကျဉ်းသား များအတွက် ယာယီစခန်း ဖွင့်လှစ်ပေးကာ လွတ်မြောက်လာသော အကျဉ်းသားများ နောက်ထပ်ဖြစ်မှု ထပ်မံကျူးလွန်ကြမည့်ဘေးမှ တားဆီးကာကွယ်နိုင်ရန် အစားအသောက် များဝေငှကာ နေရပ်သို့ ပို့ဆောင်ပေးခဲ့သည်။

အကျဉ်းသားအားလုံး လွတ်မြောက်လာခြင်းမှာ အာဏာပိုင်များ၏ အကြံအစည် ဖြစ်သည်ဟူ၍ အနည်းငယ်သံသယ ဖြစ်စရာရှိသည်။ ထောင်တွင်း အုံကြွပုန်ကန်မှုမဖြစ်မီ ရက်အနည်းငယ်က အကျဉ်းသား ၃ ဦးကို အင်းစိန်မှ ရေကြည်အိုင်စခန်းသို့ တိတ်တဆိတ် ရွှေ့ပြောင်းခဲ့သောကြောင့်ဖြစ်သည်။ သူတို့ ၃ ဦးမှာ စစ်ထောက်လှမ်းရေးမှ မျက်မှန် ဦးတင်ဦး

နှင့် သူ၏တွဲဘက် ဦးသိန်း၊ ကျန်တဦးမှာ ၁၉၈၃ ခုနှစ်၌ ရန်ကုန်တွင်ဖြစ်ပွားခဲ့သော အာဇာနည်ဗိမာန် ဗုံးပေါက်ကွဲမှုတွင် ပါဝင်ပတ်သက်ခဲ့သူ မြောက်ကိုရီးယား ဗုံးခွဲဖျက်ဆီးရေးအဖွဲ့မှ တဦးတည်း အသက်ရှင် ကျန်နေခဲ့သူ ကင်မင်ချူး တို့ ဖြစ်လေသည်။

ရန်ကုန်မှ စစ်ထင်ရိပ်သွားသည့်တိုင်အောင် စစ်ထောက်လှမ်းရေးအဖွဲ့၏ ဆက်လက်လှုပ်ရှားမှုများမှာ ထင်ရှားလှသည်၊ ရွှေတိဂုံအပြင်ဘက်တွင် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းမပြောကြားမီ နံနက် ၄ နာရီအချိန်၌ ထင်ရှားသော ဖြစ်ရပ်တခုဖြစ်ပေါ်ခဲ့သည်။ ၂၆ လမ်းတွင် လူ ၆ ဦးပါလာသည့် တိုယိုတာ ပစ်ကပ်ကား ၂ စီးကို ရပ်ကွက်ကင်းများက စစ်ဆေးခဲ့ရာ ကားပေါ်တွင် လက်ကမ်းစာရွက်အထုပ်ကို တွေ့ရှိသဖြင့် အံ့အားသင့်သွားကြသည်။ အဆိုပါစာရွက်များမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် သူ့အမျိုးသား အင်္ဂလိပ်လူမျိုး မိုက်ကယ်အဲရစ်ကို သိက္ခာချရေးသားထားသော လက်ရေးမူစာတန်းများနှင့် ဇနီးမောင်နှံပုံကိုလည်း ရေးဆွဲထားသည်၊ စာတမ်းမှာ 'နင့်လင်ကုလားစုတ်ကို ခေါ်ပြီး အခုထွက်သွား' ဟူ၍၎င်း၊ 'မျိုးဖျက်မ ပါသဟ်မ'ဟူ၍၎င်း ရေးသားထားပြီး တချို့စာရွက် ရုပ်ပုံများမှာ ကြမ်းတမ်းညစ်ညမ်းလွန်းလှသည်။

ရပ်ကွက်ကင်းစောင့်ကျနေသူများက ကားပေါ်တွင်ပါလာသော လူ ၆ ယောက်ကို ဖမ်းဆီး၍ လက်ပြန်ကြိုးတုတ်ထားလိုက်သည်၊ ကားပေါ်မှ ပစ္စတိုသေနတ်တလက်နှင့် ၂ ဦး၏ သက်သေခံကပ်ပြားကိုလည်း ရှာဖွေတွေ့ရှိခဲ့သည်၊ သက်သေခံကပ်ပြား အထောက်အထားအရ တပ်ကြပ်စန်းလွင်နှင့် တပ်သားစိုးနိုင်တို့ဖြစ်ကြပြီး နှစ်ဦးစလုံးမှာ ထောက်လှမ်းရေးတပ်မှဖြစ်ကြောင်း သိရသည်။ ၆ ယောက်စလုံးကို ရဟန်းများ ဖွင့်လှစ်ထားသည့် သရက်တောကျောင်းတိုက်ရှိ တရားရုံးနှင့် ယာယီထောင်သို့ ပို့ဆောင်လိုက်ကြသည်။ စစ်ဆေးမေးမြန်းချက်များကို ဗွီဒီယိုကင်မရာဖြင့် မှတ်တမ်းတင်ရိုက်ကူးထားပြီး ဖမ်းမိထားသော ထောက်လှမ်းရေးဌာနမှ အခြားအဖွဲ့ဝင်တို့ကိုလည်း စစ်ဆေးမှတ်တမ်းတင်ခဲ့သည်၊ ထိုအဖွဲ့ကို ဦးဆောင်သူမှာ ဦးအေးဝင်း နိုင်ငံခြားသို့သွားတိုင်း လိုက်ပါခဲ့ရသည့် လူယုံတော်ကြီးတဦး ဖြစ်သည်၊ သူတို့အား လွှတ်မပေးမီ ၎င်းတို့၏ ရုပ်ပုံများကို ရန်ကုန်မြို့နေရာအနှံ့တွင် နံရံကပ်၍ ပြည်သူတို့အား ပြသခဲ့သည်၊ ၎င်းတို့ကို စစ်ဆေးမေးမြန်းခဲ့ရာ၌ သူတို့ကို ဩဇာအာဏာကြီးမားသော စန္ဒာဝင်း(ဗိုလ်နေဝင်း၏သမီး)က စေလွှတ်ခဲ့ကြောင်း ထွက်ဆိုခဲ့ကြသည်။ ဩဂုတ်လ ၂၄ ရက်နေ့ကတည်းက ရှိခဲ့သည့် လှုပ်ရှားမှုအသစ်ကို မျှော်မှန်းနေကြသည့် ရန်ကုန်မြို့နေလူထုသည် မကြာမီ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာများနှင့် ကြုံရတော့သည်။ လူထုဆန္ဒပြပွဲများ နေ့စဉ်ပြုလုပ်နေသည့် ကာလ၌ လမ်းများပေါ်တွင် မြေရေအိုးများထားရှိခဲ့သည်။ နေ့ခင်းများမှာ ကြွေးကြော်သံများပေါ်ထွက်ကြ၍ အာခြောက်လာသော ဆန္ဒပြသူများအတွက် ရေသုံးဆောင်နိုင်ရန် လမ်းဘေး၌ ရေအိုးများထားရှိသည်။ ထောက်လှမ်းရေးသမားများက ထိုရေအိုးများကို အဆိပ်ခတ်နေကြောင်း ကောလာဟလများ ပြန့်နှံ့လာခဲ့သည်။ စက်တင်ဘာလ ၃ ရက်နေ့ထုတ် လွတ်လပ်သောပြည်သူ့နေ့စဉ်တွင် သတင်းထောက်က အောက်ပါအတိုင်း ရေးသားခဲ့သည်၊

"ယမန်နေ့က သံဃာအချို့သည် အင်းစိန်မြို့နယ်ရှိ မင်းကွန်းကျောင်းတိုက်အနီးတွင် မသင်္ကာစရာ လူနှစ်ဦးကို တွေ့ရှိခဲ့သဖြင့် လိုက်လံဖမ်းဆီးရာ တဦးကို ဖမ်းမိပြီး ကျန်တဦးမှာ ထွက်ပြေးလွတ်မြောက်သွားသည်ဟု ဆို၏၊ ဖမ်းဆီးရမိသူ၏လက်ထဲမှ အဆိပ်ပါသည်ဟု ထင်ရသော ပုလင်းတလုံးကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ပုလင်းထဲတွင်

သော်သူ့ရယ်ရည်မရှိသောဓါတ်စေဆေးရည်ဟု ဝန်ခံခဲ့သဖြင့် ၎င်းအား သောက်စေခဲ့ရာ စကောအကြာတွင် ထိုလူသေဆုံးသွားခဲ့ကြောင်း။"

စက်တင်ဘာလ ၅ ရက်နေ့တွင် ပယ်သ်ပင်လမ်းရှိ ကလေးဆေးရုံအပြင်ဘက်၌ အမျိုးသား ၄ ဦးနှင့် အမျိုးသမီးတဦးကို ဖမ်းမိကြသည်။ စစ်ဆေးမေးမြန်းသောအခါ နှစ်ဦးက ၎င်းတို့သည် ဆေးရုံအပြင်ဘက်ရှိ ရေတိုင်ကီထဲသို့ အဆိပ်ခပ်ရန်ကြိုးစားခဲ့ကြောင်း ဝန်ခံခဲ့သဖြင့် ထိုနှစ်ဦးကို လွှတ်ပေးလိုက်သည်။ ကျန် ၃ ယောက်မှာ မေးမပြော ငြင်းဆန်နေသဖြင့် ဒေါသထွက်နေသော လူအုပ်ကြီးက ဝင်၍ရိုက်နှက်ကြသည်။ လူအုပ်ထဲမှ တဦးက ဓါးရှည်ကိုဆွဲကိုင်၍ ထွက်လာပြီး ထိုလူ ၃ ယောက်၏ ဦးခေါင်းများကို နုတ်ပိုင်းပစ်ကား ကြည့်ရှုနေသော လူအုပ်ကြီးအား သွေးများယိုစီးနေသည့် ခေါင်းပြတ်များကိုကိုင်၍ ချီမြှောက်ပြခဲ့သည်။

ယောက်ျားမိန်းမများ၏ ရွံရှာဖွယ်ကောင်းသော ခေါင်းပြတ်မှုများ ပြုလုပ်ခဲ့ခြင်းမှာ ရန်ကုန်မြို့တွင် နေ့စဉ်လိုလိုဖြစ်ပွားခဲ့သည်။ ရှေ့ပိုင်းသတင်းကဲ့သို့ ဗိုလ်စစ်ဝိုင်းပုံစံမျိုးဖြင့် ပြည်သူ့အင်အားအကြွေးကို စတင်ခဲ့သော်လည်း နောက်ပိုင်းတွင် မနက်ဖြန်လုပ်ကိုင်မည့် ပြင်ဆင်ထားသည့် ၁၉၈၈ ခုနှစ်တွင် ဆောင်ခေါက်၊ ချယ်းငါးပေး များပြီးခဲ့ပြီးနောက် ဆက်စိုင်းတွင် ဆန္ဒကျင်ဘက်အင်အားစုများကို အမဲလိုက်မှုစ၍ သတ်ဖြတ်ပုံချိုးနှင့် တူသည့်လက်ဟူ၍လာခဲ့သည်။ ထိုခေါင်းဖြတ်မှုပြည်မှ ဟူ့သူ့မှ ရှိသည့်ဆန္ဒပြသူများ အဘိဓမ္မာပြုပါ ဖမ်းဆီးသမျှလုပ်ရပ်များ (အထူးသဖြင့် လူငယ်ကျောင်းသား များ)အား ခေါင်းဖြတ်ခြင်းများပြုလုပ်မှုကို ဗီဒီယိုဓာတ်ပုံရိုက်ခဲ့သည်။ အချို့နေရာ၌ သံသယကောင်းဖြစ်သွားသူများကို ကယ်တင်နိုင်ခဲ့သော်လည်း အချို့နေရာတွင် စစ်သောက် လူမိုက်အစုပေါ် အမျက်ဒေါသထွက်နေကြသည့် လူထု၏ဆန္ဒက ပြင်းပြလွန်းလှရာ ဝင်ရောက်တားဆီးသော်လည်း အရှုံးပေးဖြစ်ခဲ့ရသည်။ အစိုးရ ကုန်ရုံများ စက်ရုံများကို လုယက်ဖျက်ဆီးခြင်းများ ပို၍ဖြစ်လာသည်။ အဆိုးဆုံးဖြစ်ရပ်မှာ ပေါ်တင်ဟာလာ ပသမပင်အတွင်း တောင်ဥက္ကလာပမြို့ ဖြစ်ပွားခဲ့သည်။ ၄ ရက်နေ့ ည ၃ နာရီခွဲတွင် တောင်ဥက္ကလာပ ပြည်သူ့ဆောင်စီအားသို့ လူတဦးက "တောင်ဥက္ကလာပ ၄ ရပ်ကွက်ရှိ ကြည်ကြည်ဘီစက္ကူစက်ရုံကို လူတစုက လုယက်နေကြောင်း" ဖုန်းဆက်ခဲ့ သည်။ ယင်းတို့ကို စုဝေးရန် သံသယ ၉ ပါးနှင့် အကျင်းသား ၁၂ ဦးကို ခေါ်လွှတ်ခဲ့ သော်လည်း ဖြန့်ခရောက်လာသဖြင့် ရပ်ကွက်သစ်းသီးမှ ပြည်သူ့နည်းမှတ်ပြေးရှာတို့မှာ ထိုစက်ရုံသို့ သွားရောက်ခဲ့ကြ၏။ ၎င်း စက်ရုံသို့ ရောက်ရှိခဲ့ရာ၌ သံဘောများနှင့် ကျောင်းသားများကို စက်ရုံလုယက်သူများက ရိုက်နှက်ကာ တောင်ဥက္ကလာပ စစ်မှုသမီး ကောင်းရိပ်သာသို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

စစ်မှုထမ်းဟောင်းရိပ်သာသို့ ရောက်ရှိလာသော လူအုပ်ကြီးမှာ တဖြေးဖြေး များပြားလာပြီး လူဦးရေ ၁၀၀၀ နီးပါးဖြစ်လာသည်။ ထူထဲ့ရဲဘော်များကို ပြန်လွှတ်ရန် တောင်းဆိုကြသည်။ လူအုပ်ကြီးကို ဂျင်ဂလိဖြင့်ထမ်းထက်ကာ ပစ်ခတ်တိုက်ခိုက်လာသည့်အခါ ငါးမြှားငင်းလေးစွတ်ကို ကိုင်ဆောင်ထားသော လူအုပ်ကြီးက လုယက်သူများ နေထိုင် သမှုယ်ဆောက်လုပ်ထားသော ဂိုဒေါင်ထဲသို့ အတင်းဝင်ရောက် စီးနင်းခဲ့ကြသည်။ တဖက်နှင့်တဖက် တိုက်ခိုက်မှုများမှာ တညလုံးလိုလို ဖြစ်ပွားခဲ့ပြီး နောက်ဆုံးတွင် နှစ်ဘက်စလုံး ထိခိုက်ဒဏ်ရာရကြသည့် လူဦးရေမှာ ဟာပေါ့နီးပါ ရှိခဲ့သည်။ လုယက်သူများ အနက် ၆၇ ယောက်ကို ဖမ်းဆီးရမိခဲ့သည်။ ဓါးစာခံအဖြစ် ဖမ်းဆီးခြင်းခံရသူ ၁၂ ဦးအနက်

၃ ဦး သတ်ဖြတ်ခံရသော်လည်း ကျန်လူများမှာ ပျောက်ဆုံးနေပြီး အသတ်ခံလိုက်ရပြီ ဟုဗျာ ယူဆရဖွယ်ရာဖြစ်သည်။

ထိုဖြစ်ရပ် ဖြစ်ပေါ်ခဲ့ပြီးနောက် ရက်အနည်းငယ်ကြာသည်အထိ ထောင်ဥက္ကလာပတွင် ငြိမ်သက်သဲသဲဖြစ်သွားခဲ့သည်။ ဒီ ရက်များ၌ အဖမ်းခံရသည့် သူများမှာ ဆန္ဒပြသည့်လှုပ်ရှားမှုများတွင်မှ ပါဝင်မှုမရှိကြောင်း၊ ထို့နောက် သူတို့အား ဘုန်းကြီးနှင့်ကျောင်းသားများကို ပင်လယ်ယံနှင့်မြို့အပြင် သတ်ဖြတ်ရန် ထောက်လှမ်းရေးဌာနမှ တပ်ကြပ်ကြီးထွန်းသိန်းက စေခိုင်းခဲ့ကြောင်း ဖော်ထုတ်ခဲ့သည်။ တပ်ကြပ်ကြီးထွန်းသိန်းက ဒေသခံပြည်သူ့စကားပြန်မှ ဘုန်းကြီးတပါး (သို့မဟုတ်) ကျောင်းသား တဦးဦး၏ခေါင်းကို ခုတ်ယူ၍ ဖြတ်နိုင်ခဲ့သည်ဟု တရားခံများက ထွက်ဆိုခဲ့သည်။

တရားခံများကို သုတ်သင်မှုများပြုလုပ်ခဲ့စဉ်က အချင်းဖြစ်ပွားရာနေရာ၌ ရှိနေခဲ့သူ အသက် ၂၂ နှစ် ထောင်ဥက္ကလာပမှ ဗင်းဖင်းက အောက်ပါအတိုင်းပြန်ပြောပြသည်။

"ဖင်းဆီးရှိတဲ့ အလောင်း ၂၁ ခုကို ခေါင်းဖြတ်ခံရတာ တွေ့ရပါတယ်။ သူတို့ကို သတ်တဲ့အခါမှာ နာကျင်တဲ့ပုံမပြဘဲ မေးထိုးခံထားရဲ့ သေနေပါတယ်။ ဘုန်းကြီးနဲ့ ကျောင်းသားတွေက သတ်ဖြတ်မှုများလုပ်ကြဖို့ တားမြစ်ကြတယ်။ အရှိုအဖမ်းခံနေရသူတွေကိုတော့ သယ်နှင်းပေးပြီး အသက်အားကလျော့အောင် ကယ်တင်ပေးလိုက်နိုင်ခဲ့တယ်။ ပြည်သူတွေကတော့ ဒေါသထွက်လို့ မဆုံးဘူး"

စက်တင်ဘာလ ၆ ရက်နေ့ နံနက်စောစောတွင် အင်းစိန်ကြို့ကုန်း ကြက်နှီမ်ဟုင်းရေး စစ်တပ်နှင့်အတွင်းမှ ပရိုဆောဖ ထောက်လှမ်းရေးပစ္စည်းများ၊ စာရွက်စာတမ်းများအား လူသက်သေများက သယ်ဆောင်သွားကြသည်ကို တွေ့ရသည်။ တချိန်တည်းမှာပင် ပြည်သူ့ ရေမြို့သားတစ်ဦးအား စက်လေ့ဆီကားနှစ်စီးကို တွေ့ရသည်။ စစ်ကားများက လုယက်သူများကို တားဆီးရန် ကြိုးစားမှုတစ်ခုရာ ပြုလုပ်မည့်အစား ပစ္စည်းသိုလှောင်ရုံမှ ကုန်ပစ္စည်းများကို သူတို့ကားပေါ်သို့ တင်ဆောင်ပြီး ထွက်ခွာသွားကြသည်။ နာရီ အကြာတွင် လူပေါင်း ၂၀၀ ခန့်မှာ ရုံးနှင့်ဂိုဒေါင်သို့ ဝင်ရောက်ပြီး စစ်သားများမယူဘဲ ချန်ထားသည့် ပစ္စည်းများကို သယ်ဆောင်သွားကြသည်။

စက်တင်ဘာလ ၇ ရက်နေ့တွင် ဦးနု၏ ဒီမိုအဖွဲ့သစ်က ကြေညာချက်ထုတ်ဝေ ယူပြန်ရာ စစ်ကားသည် ပြည်သူတို့အား လှုံ့ဆော်ပြောင်းလဲခြင်းနှင့် အခြားရာဇဝတ်မှု ကျူးလွန်မှုများ ဖြစ်ပွားအောင် လှုံ့ဆော်ပေးခဲ့ကြောင်း ပါရှိသည်။ ဩဂုတ်လ ၂၆ ရက်နေ့တွင် ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးဝင်းသူအား လက်ပူးလက်ကြပ်ဖမ်းဆီး၍ ပြည်သူတို့အား အသိပေးကြေညာပြီးမှ စစ်ကောင်စီ၏ သဘောထားများ ပြောင်းလဲခဲ့ပုံရသည်။

စက်တင်ဘာလ ၉ ရက်နေ့တွင် အသက် ၃၀ အရွယ်ရှိ မစန်းဆိုသူကို ရန်ကုန်မြို့ ဒေါပုံမြို့နယ်၌ မီးကွင်းပစ်ရန်ကြိုးစားနေစဉ် ဖမ်းဆီးရမိခဲ့သည်။ သူမမှာ အင်းစိန်ထောင်ထွက် ပြည့်တန်ဆာတဦး ဖြစ်သည်။ ဩဂုတ်လ ၂၇ ရက်နေ့တွင် ထောင်မှလွှတ်မြောက်ခဲ့ပြီး ထောက်လှမ်းရေးအရာရှိတဦးက သူမအား ငွေအမြောက်အမြား ပေး၍ မီးရှို့ခိုင်းခဲ့ကြောင်း သိရသည်။ သူမပြောပြချက်အရ သူမကို မမေ့ပျောက်မီ ဆေးပြားအချို့ကို ယင်းအရာရှိက ကျွေးခဲ့ကြောင်း၊ မည်သို့သော ဆေးဖြစ်သည်ကို မိမိမသိခဲ့ကြောင်း၊ သို့သော် ထိုဆေးမှာ စိတ်ကြွစေခဲ့ပြီး မည်သို့သော နာကျင်မှုမျိုးမှ မခံစားရကြောင်း စစ်ဆေးမေးသူတို့အား

ပြောပြခဲ့သည်။ ကံမကောင်းရှာသော မစန်းမှာ ဆေးသောက်နေသော လူအုပ်ကြီး၏ ခေါင်းဖြတ်ခြင်းကို ခံလိုက်ရလေသည်။

ထူးဆန်းသောဖြစ်ရပ်တခု စက်တင်ဘာလ ၁၀ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည်။ ဆန္ဒပြသူအချို့ကို ဂုဏ်ကလိဖြင့်ပစ်ခတ်ခဲ့သော အသက် ၁၁ နှစ်ရှိ စိန့်ဟန်ဆိုသူအား ဆောင်ဥက္ကဋ္ဌပေါ်ပေါ်တွင် ဖမ်းဆီးမိသည်။ သူ့လက်မောင်းတွင် ဆေးထိုးအပ်ရာ အစော်များ များကိုတွေ့ရသဖြင့် ဆေးထိုးခြင်းခံထားရကြောင်း သိရသည်။ သူ့အား စစ်ဆေးစမ်းမြန်း ခဲ့ရာ သူနှင့်တကွ အခြားငယ်ရွယ်သူ အများအပြားကို စင်ထပ်မှ အမည်မသိ ပေါ်ကြောပ်လောဘီကာ တည်းခိုဆောင်သို့ခေါ်သွားပြီး ဂျင်ဂလိနှင့်လေးခွပစ်နည်းများ သင်ကြားပြသ ပေးခဲ့ကြောင်း ထုတ်ဖေါ်ပြောဆိုခဲ့သည်။ ကောင်လေးများ၏ မျက်ခွံအတွင်းကို ရိုက်ထား သည်။ စိန့်ဟန်၏ မြဲမြံမျက်လုံး ပေါ်မှတ်တီး မှိတ်မိလျှင်အောင် ယင်းသို့ ရိုက်ထားခြင်းဖြစ်ကြောင်းသိရ၏။ စိန့်ဟန်မှာ ဂျူလိုအမှန်အတိုင်းဖြေခဲ့သဖြင့် အသက် ချမ်းသာခွင့် ရခဲ့လေသည်။ ၎င်း၏ထွက်ဆိုချက် ပန်ခံချက်များကို ဗွီဒီယိုကင်မရာဖြင့် မှတ်တမ်းတင် ရိုက်ကူးခဲ့ပြီး ထွက်လပ်သော သတင်းစာတစောင်ဖြစ်သည့် ဝရမ်းပြေး စက်တင်ဘာလ ၁၁ ရက်နေ့က ဖေါ်ပြခဲ့သည်။ အခြေအနေမငြိမ်မသက်ဖြစ်အောင်နှင့် ခင်းမဲ့ စရိုက်ဖြစ်ပေါ်လာစေအောင် ကြံစည်ထားသော လုပ်ဆောင်မှုများထဲမှတခုမှာ ထိုစဉ်က ထိပ်တန်းလျှို့ဝှက် ချက်ဟူ၍ တံဆိပ်ရိုက်ထားသော ကျောက်စာတမ်းတွင် ပေါ်ပေါက်ခဲ့ပြီး ယင်းကို ရန်ကုန်မြို့ဈေးအနီးတွင် ဖြန့်ဝေခဲ့လေသည်။ ယင်းကျောက်စာတမ်းအရ သီချင်းသည်မှာ ပြည်သူအများက လူထုအကြောင်းမောင်ကိုလည်း ငြင်းပယ်ခဲ့သဖြင့် ဩဂုတ်လ ၂၃ ရက်နေ့တွင် အဒေါ်ဒီနာမ်း၌ ဦးနေဝင်းအိမ်၌ အရေးပေါ်အစည်းအဝေး ပြုလုပ်ခဲ့ကြောင်းနှင့် ထိုအစည်းအဝေးတွင် အာဏာဆက်ကာကွယ်ထိန်းထားနိုင်အောင် အမျိုးမျိုး နည်းလမ်းများကို အသုံးပြုရန် ဆွေးနွေးခဲ့ကြသည်။ ထိုအစည်းအဝေးသို့ ဦးနေဝင်း၊ ဦးစိန်လွင်၊ ဒေါက်တာမောင်မောင်၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်စောမောင်၊ အခြားစစ်ဗိုလ်နှင့် ပါတီ၏ ထိပ်တန်းခေါင်းဆောင်များအပြင် ဒေါ်သန္တာဝင်းလည်း တက်ရောက်ခဲ့သည်။

ထိုအစည်းအဝေးမှ ပေါက်ကြားခဲ့သော လျှို့ဝှက်မှတ်တမ်းမှာ အမှန်ဟုပြောနေ အဓိပ္ပါယ်ခဲ့နေပြီး နိုင်ငံခြားရောက်လာသူများအတွက်ပင် သံသယကင်းခဲ့သည်။ အစည်းအဝေး၌ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များ၏ ပထမဆုံးအပိုဒ်မှာ ဦးနေဝင်း မြန်မာပြည်မှ ထွက်ခွာသွားခဲ့သည် (သို့မဟုတ်) ထွက်ခွာသွားသည့်ပုံပေါ်အောင် ဆောင်ရွက်ရန် ဖြစ်သည်။ ကျောင်းသားနှင့်ရဟန်းအကြား၊ ကျောင်းသားနှင့်ပြည်သူအကြား အကွဲကွဲရန် ကြိုးစားမည်။ ထိုအတောအတွင်း သူတို့ ထောက်လှမ်းရေးသမားများက မင်းမဲ့စရိုက်ကို ဖန်တီးကြမည်ဖြစ်ပြီး ကြီးကျယ်သည်ထက် ကြီးကျယ်အောင် လျှို့ဝှက်နည်းများဖြင့် လုပ်ဆောင်ကြမည်ဖြစ်သည်။ ဤနည်းများတွင် ရေပေးဝေသည့်စနစ်အား အဆိပ်ခတ်ရန်၊ အစိုးရပိုင်သိုလှောင်ရုံများကို လုယက်အောင်လှုံ့ဆော်ပေး၍ ပြီးလျှင် လုလုအာပေါ် အပြစ်ပုံချရန်၊ မီးလောင်းပစ်ခြင်းနှင့် အတိုက်အခံခေါင်းဆောင်များ၏ နည်းတူ လုပ်ငန်းများကို သိက္ခာကျအောင်လုပ်ဆောင်ရန်တို့ ပါဝင်သည်။ တချိန်တည်းမှာပင် အပေါ်ယံအခွင့်အရေးအချို့ (ပါတီစုံစနစ်နှင့် ဒီမိုကရေစီပေးရန်) ကို လိုက်လျောသည့် ကတိ ပေးခြင်းများ ပြုလုပ်ပေးရန်၊ ထင်ရှားသော ကျောင်းသားခေါင်းဆောင်များကို မှတ်သားချို

လုပ်ကြံရန်၊ နောက်ဆုံး၌ စစ်တပ်က နိုင်ငံအတွင်း အရေးအခင်းပေါ်ပေါက်လာမှုကို အကြောင်းပြကာ အာဏာသိမ်းမည်။ ထို့နောက် သွေးချောက်ဖွယ် နှိပ်ကွပ်မှုများပြုလုပ်မည်။

အဆိုပါ စာရွက်စာတမ်းအရ အထက်ပါ အစီအစဉ်များကို အကောင်အထည်ဖော်ရန် ဟန်ပြပြန်သပိတ်နှိမ်နင်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်သည်ဟူ၍ သိရှိရသည်။ မင်းတေး အမှန်ပင်ဖြစ်လေ၏။ ဩဂုတ်လနှင့်စက်တင်ဘာလ ပထမပတ်အတွင်း ရန်ကုန်မြို့၌ လောကပါလ အစည်းအဝေးများပေါ်ပေါက်ခဲ့သဖြင့် သတင်းများမှန်မမှန် စစ်ဆေးရန်မဖြစ်နိုင်တော့ပေ။ ထို့အပြင် တရုတ်အကြောင်းတရားမှာ အဓိပ္ပါယ်ရှိပုံရသည်။ ၎င်းမှာ စစ်တပ်က (အများသဘောတူ စစ်အသေသတ်မှုများ) ပေါ်ပေါက်ပုံမည်မပျက်ဘဲ ဖြစ်ပွားနေသည့် ကိစ္စများကို သေချာစွာ စောင့်ကြည့်လေ့လာရှိပြီး အာဏာသိမ်းရန် ကြံစည်နေသည့် အကြောင်းပင်ဖြစ်သည်။

ဆန္ဒပြပွဲများ အရှိန်မြင့်လာသည့်အခါ ကြားနေခဲ့သော မြန်မာပြည်က လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကာလအတွင်း မတွေ့ကြုံခဲ့ဘူးသော နိုင်ငံခြားတိုင်းပြည်များ ပါဝင်ပတ်သက်လာမှုကို ကြုံလာရသည်။ အမေရိကန် လွှတ်တော်အမတ် စတီဖင်ဆိုလာဇ် (Stephen J Solarz) သည် စက်တင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ၂ ရက်ကြာ နေထိုင်ခဲ့ကာ အတိုက်အခံခေါင်းဆောင်များ ဖြစ်ကြသော ဦးနု၊ ဦးတင်ဦး၊ ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံခဲ့သည်။ အမေရိကန်လိုလားသော အားဖြင့် ကိုးကွယ်လာသည့် မြန်မာပြည်သူများအတွက် များစွာစိတ်ကြိုက်ခဲ့ရသော ဆိုလာဇ်သည် ဗမာပြည်မှ ပြန်လာခဲ့ပြီးနောက် ဘန်ကောက်မြို့တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ မြန်မာပြည်သူကို ဒီမိုကရေစီအကောင်းဆုံးမှုအပေါ် မိမိအနေနှင့် စိတ်ချဘိအရှုံး၊ နိုင်ငံရေးအရပါ ထောက်ခံကြောင်း၊ စစ်သားများမှာသည် အစိုးရဆန့်ကျင်ဆန္ဒပြမှုကို စာနာထောက်ထားလျက်ရှိရာ ပြည်သူတို့ အောင်းဆိုမှုမခံရလျှင် မြန်မာပြည်အနေနှင့် ပြည်တွင်းစစ်ဖြစ်နိုင်ကြောင်း ဆိုလာဇ်က ပြောကြားသွားခဲ့သည်။

အရှေ့ဥရောပနိုင်ငံများ၏ ကျော်ကြားမှုများမှာ မကြာမီ ပြင်းထန်သော ထိုးနက်မှုဖြင့် ရင်ဆိုင်ခဲ့ရသည်။ စက်တင်ဘာလ ၁ ရက်နှင့် ၇ ရက်နေ့တို့တွင် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ ရှေ့မျက်နှာဖုံးတွင် ချက်ကိုစလိုဗက်ကီးယား ဘူလ်ဂေးရီးယားနှင့် ယူဂိုဆလားဗီးယားနိုင်ငံများက ဒေါက်တာမောင်မောင်ထံ ပေးပို့သော သဝဏ်လွှာများကို ဖော်ပြခဲ့သည်။ ထိုအခါ ဒေါသထွက်သော ကျောင်းသားများက ချက်ဒူးပင် ပြည်လမ်းပေါ်ရှိ ချက်ကိုစလိုဗက်ကီးယားသံရုံးအပြင်ဘက်တွင် ဆန္ဒပြခဲ့ကြသည်။ လူစုမခွဲမီ ကျောင်းသားများက ပေါင်းမြှင့်ထားခဲ့သော Czechs get out "ချက်များထွက်သွား" Mind your own business "ကိုယ့်ကိစ္စကို လုပ်ဆောင်ပါ" Make your own people happy "ကိုယ့်လူမျိုးအတွက် ပျော်အောင်သာလုပ်ပါ" ဟူသော ပိုစတာများ ကပ်ခဲ့သည်။

သံတမန်ဆက်ဆံရေးသမိုင်းတွင် ပထမဦး ဆုံးသော ကိစ္စအဖြစ် သက်ဆိုင်ရာသံရုံးများက ကြေညာချက်များ ထုတ်ပြန်ခဲ့ရာ သတင်းစာများတွင် ဖော်ပြခဲ့သော သဝဏ်လွှာများအပေါ် အနည်းနှင့်အများဆိုသလို တောင်းပန်ခဲ့ရလေသည်။ စက်တင်ဘာလ ၁၀ ရက်နေ့ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၌ ပေးစာတစ်စောင်တွင် မြန်မာနိုင်ငံဆိုင်ရာ ယူဂိုဆလပ် သံအမတ် ဘရန်ကိုဗူလက်တစ် (Branko Vuletic) က "ကျွန်ုပ်တို့အနေနှင့် ထိုသဝဏ်လွှာများကို ပေးပို့ခြင်းမှာ နိုင်ငံနှင့် ပြည်သူတို့အပေါ် ယဉ်ကျေးမှုသဘောအရသာ ပေးခြင်း

ဖြစ်ပြီး မည်သူ့ကိုထောက်ခံခြင်း၊ မကြိုက်နှစ်သက်ခြင်းမျိုး ရည်ရွယ်ချက်များမပါ"ဟု ရေးသားခဲ့သည်။

* * *

ထိုအတောအတွင်း မုံကုန်းရှိ အထွေထွေသပိတ်ကော်မတီက အစိုးရအား ရာဇသံပေးခဲ့သည်။ ကြားဖြတ်အစိုးရ ဖွဲ့ပေးသွင်းနှင့်ပေး ဤသို့မဟုတ်ပါက သပိတ်ကို ရင်ဆိုင်ရန် ကြေညာချက်ပေးဆောင် ထုတ်ပြန်ခဲ့သည်။ စက်တင်ဘာလ ၂ ရက်နေ့တွင် ရှေ့နေများကောင်စီက ၁၉၆၂ ခု အာဏာသိမ်းမှုသည် ၁၉၄၇ ခု ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ချိုးဖောက်ခဲ့ခြင်းဖြစ်သဖြင့် သက်ရှိအစိုးရသည် တရားမဝင်ကြောင်း ကြေညာခဲ့သည်။ ၆ ရက်နေ့တွင် ရဲဘော်သုံးကျိပ်ထဲမှ သက်ရှိထင်ရှားရှိနေသေး ၁၁ ဦးအနက် ၅ ဦးက ဦးနေဝင်းအား လူသိရှင်ကြား ရှုတ်ချခဲ့သည်။ ထို့နောက် စစ်တပ်ထဲမှ တပ်သားများအနေနှင့် အစိုးရကို ထောက်ခံကြရန် တိုက်တွန်းခဲ့သည်။ ဒုတိယကမ္ဘာစစ် သူရဲကောင်းများထဲမှ နှစ်ဦးသာလျှင် အစိုးရကို မထောက်ခံဘဲ နေခဲ့ကြသည်။ ၎င်းတို့မှာ ဦးနေဝင်းနှင့် ဗိုလ်မှူးချုပ်ကျော်ဇောတို့ ဖြစ်ကြသည်။ ဦးကျော်ဇောမှာ တရုတ်နယ်စပ်အနီးမှ CPB ဌာနချုပ်တွင် ရှိနေခဲ့သည်။ သို့သော် ယခုအခါ မောင်မောင်အစိုးရသည် ကြားဖြတ်အစိုးရ တောင်းဆိုမှုများကို အမှုမထားဘဲ နေသည်။ တောင်းဆိုမှုများကို လိုက်လျောပေးရမည့်အစား မဆလပါတီ ဒုတိယအကြိမ်အရေးပေါ်ညီလာခံကို စက်တင်ဘာလ ၁၂ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ယင်းအရေးပေါ်ညီလာခံအပြီး၌ တပါတီစနစ် (သို့မဟုတ်) ပါတီစုံစနစ် ကျင့်သုံးရေးအတွက်မူကိုဆွေးနွေးရန် ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးကို ဆက်လက်ပြုလုပ်မည်ဖြစ်သည်။

စစ်သားအပြည့် တင်ဆောင်လာသော ထရပ်ကားများက ရန်ကုန်မြို့တွင်း ဝင်ရောက်လာပြီး အချက်အချာကျသော နေရာဌာနအချို့များနှင့် အစည်းအဝေးပြုလုပ်မည့် ပါလီမန်တို့တွင် ထူထပ်စွာချထား၍ စောင့်ကြပ်ခဲ့သည်။ မြန်မာနိုင်ငံအထက်ပိုင်းမှ ပြည်သူ့လွှတ်တော်နှင့် မဆလပါတီ ကိုယ်စားလှယ်များကို အစောင့်အကြပ်များဖြင့် လေကြောင်းဖြင့် ရန်ကုန်သို့ ပို့ဆောင်ပေးခဲ့သည်။ နိုင်ငံတော်ခေါင်းဆောင်များအိပ်ရန် ဆောင်းထိုးနေသည့် စထရင်းဟိုတယ်မှ ဖျော်ယာများကို စစ်သားများက လွှတ်တော်သို့ သယ်ယူလာခဲ့သည်။ စိတ်ထိခိုက်မှုများက ရန်ကုန်တမြို့လုံးကို လွှမ်းခြုံထားသည်။

"ကျွန်တော်တို့ ဒီညီလာခံကို ရပ်စေချင်တယ်။ မဆလပါတီဝင်အနေနဲ့ ရပ်ဆိုင်းဖို့ကြောင်း ပြောဖို့ အင်အားတောင်းဘဲ ဆန္ဒပြပွဲတွေ ပြုလုပ်ကြပါလိမ့်မယ်"ဟု ရိုက်တာသတင်းဌာနမှ တယ်လီဖုန်းနှင့်မေးမြန်းစဉ်တွင် ဦးတင်ဦးက ပြောကြားခဲ့သည်။

အသစ်ဖွဲ့စည်းလိုက်သော တာဝန်ဆိုင်ရာနှင့် အမျိုးသားမကာ ကုန်သွယ်ရေး ကော်ပရေးရှင်းအလုပ်သမားသမဂ္ဂက ကျင်းပမည့်အစည်းအဝေးတွင် ကိုယ်စားလှယ်များကို စည်ခံမည်မဟုတ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ညီလာခံမှ ဆုံးဖြတ်ချက်များ မချနိုင်မီ စက်တင်ဘာလ ၉ ရက်နေ့တွင် ဦးနုက ကြားဖြတ်အစိုးရ ဖွဲ့စည်းလိုက်ပြီး အထွေထွေရွေးကောက်ပွဲများ ပြုလုပ်ပေးရန် တောင်းဆိုလိုက်သည်။

"၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ ကျွန်တော် တရားဝင် ဝန်ကြီးချုပ်အဖြစ် ဆက်လက်တည်ရှိနေပါသေးတယ်"ဟူ၍ အသက် ၈၂ နှစ်ရှိ ဦးနုက ရန်ကုန်တွင်

ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတခုၡ် ပြောကြားခဲ့သည်။ ဦးနုကြေညာလိုက်သည့် အစိုးရအဖွဲ့တွင် ၁၉၅၀ ခုနှစ်များက သူ၏ပါတီဖြစ်သော သန့်ရှင်းအဖွဲ့သား နိုင်ငံရေးသမားဟောင်း အတော်များများ ပါဝင်ကြပြီး၊ ဦးတင်ဦးအား ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်လိုက်သည်။

သို့သော် ဦးနု၏ခေါင်းဆောင်မှုကို အခြားအတိုက်အခံ ခေါင်းဆောင်များက လက်ခံခြင်းမပြုကြသည်။ ဦးအောင်ကြီးက ဦးနု၏လုပ်ရပ်ကို ရေ့နောက်မညီသောလုပ်ရပ်ဟု ရှုတ်ချကြေညာသည်။ ဒေါ်အောင်ဆန်းစုကြည်က သူမနေအိမ်တွင် ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲတရပ်၌ "ဗိုလ်ချုပ်ဟောင်း ဦးနုခေါင်းဆောင်ပြီး စင်ပြိုင်အစိုးရ ဖွဲ့စည်းလိုက်တာ ကြားသိရတော့ ကျွန်မ အတော်အံ့သြသွားပါတယ်။ ပြည်သူတွေရဲ့ အနာဂတ်ကို ပြည်သူလူထုကပဲ ဆုံးဖြတ်ကြရမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ကြားဖြတ်အစိုးရ ဖွဲ့စည်းလိုက်ပြီး နောက်တနေ့တွင် ဦးတင်ဦးနှင့် တပ်မှူးဟောင်းများက ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဃာဃငီ) မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ မဆလအစိုးရအားပေါ်ကြသည့်မှုကို ဖြိုဖျက်နိုင်ရန် ပြုလုပ်ခဲ့သည့် လုပ်ရပ်မှာ ဦးနုအား ကျွန်ုပ်တို့အတိုက်အခံများနှင့် တသီးတခြားဖြစ်သွားစေခဲ့သည်။ ကြံရည်ရွယ်ချက်မှာ ရှေ့သို့မသွားဘဲ နောက်ပြန်လှည့်လိုက်သည်မှာ ရှင်းနေသည်။

သေနတ်လုံးကျွမ်းများနှင့် ဆံဆိုးကြီး အကြားမှာ အမေ့ပေါ်သူသောက်ကို ၂ ရက်ကြာ၍ ၁၀ ရက်နေ့တွင် တွေ့ရင်းခဲ့သည်။ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ ပြည်လုံးကျွတ်ဖြစ်အောင် ဆန္ဒပြကြသော အဖွဲ့အစည်းတခုမှ ဝန်ထမ်းများက ရေ့တပါတ်ရှိ ကာတေးလေးကြသည်။ သံဃာနှင့် ကျောင်းသားများက လူစုကြီးဖွဲ့သို့လျှောက်လာ၍ အပြည့်ရှိ ရင်အောင်ပြီး စစ်သားများကို ပစ်ပယ်၍ မပစ်ရန် သတိပေးကြသည်။ စစ်သားများက နောက်ဆုတ်လိုက်ကြသည့်အခါ လူထုမှာပိုကြီးမား ရှေ့သို့ချီတက်လာကြသည်။ ထို့နောက် စစ်သားများကို သူတို့နှင့်လက်တွဲပြီး အစိုးရကို ဆန့်ကျင်ဆန္ဒပြကြရန် မေတ္တာရပ်ခံခဲ့ကြသည်။ ပြည်သူတို့၏ ကြိုးပမ်းမှုက အကောင်အထည် မပေါ်ခဲ့သော်လည်း ညီလာခံနှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးမှ လွှတ်ပေးပြီး တရားမျှတသော ပါတီစုံအထွေထွေရွေးကောက်ပွဲကို ပြုလုပ်ပေးရန် သဘောတူညီမှုရခဲ့သည်မှာ အံ့သြဖွယ်ရာပင်ဖြစ်သည်။ ဤသို့ဖြင့် မဆလပါတီအစုနှင့် နိုင်ငံရေးလက်ဝါးကြီးအုပ်မှုကို ဖျက်သိမ်းလိုက်ရသည့်အပြင် ဗိုလ်ကြီး ရည်ရွယ်ခဲ့သည့် ပြည်သူ့ဆန္ဒခံယူပွဲကိုလည်း ဖျက်သိမ်းပစ်လိုက်ရတော့သည်။ လွှတ်တော်ဆုံးဖြတ်ချက်ကို ကြေညာလိုက်သည့်အခါ လွှတ်တော်အပြင်ဘက်ရှိ လူအုပ်ကြီးက ဝမ်းသာအားရ အော်ဟစ်ကြသည်။ သို့သော် အစိုးရဆင်းပေးပြီး အာဏာကို ကြားဖြတ်အစိုးရလက်သို့ လွှဲပြောင်းပေးသည်အထိ သူတို့၏ တောင်းဆိုမှုများကို ဆက်လက်၍ ပြုလုပ်သွားကြရန် အဓိဋ္ဌာန်ပြုခဲ့ကြလေသည်။

ဘက်လိုက်မှုကင်းသော အစိုးရ၏ ကြီးကြပ်မှုနှင့် ရွေးကောက်ပွဲပြုလုပ်ပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ပြည်သူ့လွှတ်တော်သည် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ရွေးကောက်ပွဲအတွက် ပြင်ဆင်ရန် ကော်မရှင်တရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ် ရှေ့နေချုပ်ဟောင်း ဦးဘထွေးကို ခန့်အပ်လေ တနေ့အားဆိုင်ရာ မြန်မာသံအမတ်ဟောင်း ဦးကျော်ညွှန့်ကို အတွင်းရေးမှူးအဖြစ်လည်း၊ အဖွဲ့ဝင်များအဖြစ် ၁၉၄၇ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခဲ့ရာ၌ ပါဝင်ခဲ့ဖူးသော ပုဂ္ဂိုလ်များကို

ကာရင်လူမျိုး ဦးစောကြာဒီး၊ ပါလီမန်အမတ်ဟောင်း ဆရာချယ်နှင့် ဒွေစုနှင့်အဆက်အဆံရှိ ဦးစန်းမောင်တို့ကို ရွေးချယ်ခဲ့သည်၊ နောက်တနေ့တွင် အစိုးရအတိုက်အခံခေါင်းဆောင် ၃ ဦးဖြစ်သော ဦးအောင်ကြီး၊ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့က ပူးတွဲ ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။ ဒေါက်တာမောင်မောင်ထံ ပေးပို့ခဲ့သည့် အိတ်ဖွင့်ပေးစာတွင် အတိုက်အခံခေါင်းဆောင် ၃ ဦးက ပြဿနာကိုဖြေရှင်းနိုင်ရန်အတွက် ပြည်သူတရပ်လုံးလက်ခံသည့် ကြားဖြတ်အစိုးရကို အမြန်ဖွဲ့စည်းရန် အကြံပြုခဲ့သည်။ ရန်ကုန်မြို့လမ်းများပေါ်တွင်မူ၊ နိုင်ငံတဝှမ်းလုံးတွင် ဆန္ဒပြမှုများမှာ ဒီရေ ကြမ်းတမ်း လာခဲ့သည်။

ရိုတက်ဆန္ဒပြသူတို့၏ ဆန္ဒဖော်ထုတ်မှုများမှာ ယခင်ကထက်ပို၍ အရှိန်အဟုန် မြင့်မားလာသည်။ တချို့က ဓါးရှည်များ၊ ဓါးမြှောင်များ၊ သစ်သားလှံချွန်များကို ကိုင်ဆောင်လာကြသည်၊ အစိုးရက မိမိနှင့်တွက်သေးရန် ဖြိုခွဲအနံ့မှုမှာ မကောင်းသော လေထွေးအလေသစ်ဖြစ်ပြီး စစ်တပ်ကလည်း အာဏာသိမ်းဆဲအခြေအနေ၌ ရှိသည်ပုံပေါ်သော ကောလဟာလများမှာ ရန်ကုန်တွင် နေ့တိုင်းသိလို ပေါ်ထွက်လျက်ရှိသည်။ ရိုတက်ဆန္ဒပြသူများ၏ စိတ်ဓါတ်တက်ကြွရေးအစည်းအဝေးမှ တခုမှာ စစ်သားနှင့် ရဲများ ဆန္ဒပြပွဲတွင် ပါဝင်လာကြောင်းပင်ဖြစ်သည်။ ကော်ကရိတ်ကနေ ၇ ရက်နေ့တွင် အမှတ် ၁၆ ခြေလျင်တပ်ရင်းမှ တပ်သား ၁၆ ယောက်မှာ ပြည်သူနှင့် ပေါင်းဆုံ၊ သတ်တွဲခဲ့ကြသည်၊ ဒုတပ်ကြပ် မောင်ဘင်းဆိန်ဦးဆောင်၍ လေတပ်သားမကိုင်ဆောင်ဘဲ စစ်ယူနီ ဖောင်းများဝတ်ဆင်ကာ ရန်ကုန်မြို့တွင်း လှည့်သည်၍ "ငါတို့တတ်ကဲ စစ်သား ပြည်သူတွေကို သတ်ဖို့မဟုတ်ဘူး" ဟုဆိုသေး မကြေမကြော်သံများ ဟစ်အော်ခဲ့ကြသည်၊ ၂ ရက်ကြာသောအခါ မင်္ဂလာဒုံ မြင်ထိမ်းသိမ်းရေး အလတ်တပ်ခန်းမှ လေတပ်သား ၁၅၀ ကို ပါဝင်ဆန္ဒပြခဲ့ကြပြန်သည်။ တပ်ကြပ်တင်ကြိုင် ခေါင်းဆောင်၍ နံနက် ၅ နာရီတွင် ရန်ကုန်မြို့လယ်သို့ ချီတက်ကြကာ ပြည်သူများနှင့် ပူးပေါင်းခဲ့ကြသည်။ ၎င်းတို့နောက်က ချီတက်လာကြသည့် တပ်သားများမှာ ၅၀၀ ဆော်ထိမ်ပေတာ်နှင့် ၅၁၂ မင်္ဂလာဒုံလေတပ်အမှ ဖြစ်သည်။ ပြည်သူ့ရဲတပ်ဖွဲ့မှ ပုလိပ်ကောင်းကော် အမျိုးသမီးနှင့် အမျိုးသားတို့မှာလည်း စည်းကမ်းတကျ ညီညီညာညာ စီတန်းလှည့်လည်ပြီး ဆန္ဒပြခဲ့ကြသည်။ ၎င်းတို့ စစ်ကြောင်းရှေ့တွင် ဘင်ခရာအဖွဲ့လည်း ပါဝင်သည်။

လေတပ်သားပြည်သူ့ဖက်သို့ကူးပြောင်းသည့် နောက်နေ့များတွင် ရဲ၊ ကြည်း၊ ရေ၊ လေ မှ တပ်မတော်သားများမှာ ဒီမိုကရေစီရရှိရေးအတွက် ပြည်သူ့ရင်ခွင်သို့ ခိုဝင်လာကြသည်ဟု ရေးသားခဲ့သည်။ အရေးအခင်းများပေါ်တွင် အစိုးရ၏ ဖြန့်ချိရေးအတွက် တာဝန်ယူသော ထုတ်ပြန်ဖြစ်သည့် မြန်မာ့အသံက ပြည်သူများနှင့်ပူးပေါင်းသွားသော ကြည်း၊ ရေ၊ လေ မှ တပ်မတော်သားများမှာ စိတ်ဝေဒနာရှင်များဖြစ်သည်ဟု ကြေညာခဲ့သည်။ ဤသို့ဖြင့် စစ်တပ်မှ တပ်မတော်သားများ ပြည်သူ့ဘက်သို့ ကူးပြောင်းလာမှုများမှာ အမှန်တကယ်ပင် ထိပ်တန်းခေါင်းဆောင်များအတွက် စိုးရိမ်မှုများ ဖြစ်သွားခဲ့သော်လည်း ၎င်းသြဇာလိုက် ကောင်းသည်မှာ အဓိကဖြစ်သော စစ်တပ်က ပြည်သူများနှင့် မပူးပေါင်းခဲ့ခြင်းပင်ဖြစ်သည်။

မှာသူးကြီးမားသည့် စစ်တပ်မှ မည်သည့်အရာရှိမဆို လက်နက်ကိုင်ဆောင်ထားသော သူ့တပ်သားများ ရန်ကုန်မြို့သို့ခေါ်ဆောင်လာ၍ အကြွမ်းကိုထောက်ခံကြောင်း ကြေညာမည်ဆိုပါက ထိုသူသည် ချက်ချင်းပင် အမျိုးသားသူရဲကောင်းတဦး ဖြစ်လာမည်ဖြစ်ပြီး အခြေအနေ မှာလည်း တမျိုးတဖုံပြောင်းလဲသွားနိုင်သည်။ သို့သော် ဤကဲ့သို့ ဖြစ်မလာခဲ့ပေ၊

ကျော်နက်ကိုင်စစ်တပ်မှ မစ်သားအချို့သာ ပြည်သို့သွားကာ ဗိုလ်ချုပ်ကြင်ငြိမ်ဖြစ်ပြီး ပြည်သူများ ကမှ မည်သည့်အကူအညီ မပြောင်းလဲမည်မဟုတ်ဟု သဘောပေါက်လာသည့်အခါ ရန်ကုန်မြို့ အနေခဲ့အထဲမှာ ဗိုလ်ရှုတင်းမာလာခဲ့သည်။ ကောလာဟလများသာ ဗိုလ်များပြောလာခဲ့သည်။

သတင်းပေးမှုအရ ဘိုင်းမှူးစိန်ဦး ဖြစ်ကြသော မော်လမြိုင်မှ ဗိုလ်မှူးချုပ် ဦးဘိုလင်းနှင့် မန္တလေးမှ ဗိုလ်မှူးချုပ် ယုန်းကြည်တို့မှာ ဆန္ဒပြသူများအပေါ် အကြမ်းဖက်ထားမှုကြောင့် အဖမ်းခံရသည်ဟု ဆိုသည်။ သို့သော် ဤသတင်းမှာ မည်သည့်အခါမျှ အတည်ပြုနိုင်ခဲ့ခြင်းမရှိဘဲ ဖြစ်လိုသောဆန္ဒသာလျှင် ဖြစ်ပေမည်။ အမေရိကန် နိုင်ငံခြားသတင်းများ၏ စိတ်အားဖြင့်အကောက်ခံမှုအပေါ် ဝါတ်ဆိုးသောင်းကျန်းသည့် ကောလာဟလတစ်ခုမှာ ရန်ကုန်လွတ်မြောက်ရေးမှူးအမေရိကန် ဆောင်ဦးတင်းသင်္ဘောကာဆီး မြန်မာရေပြင်ပသို့ ဝင်ရောက်လာသည်းကူသော သတင်းဖြစ်သည်။ ထိုသတင်းမှားမှန်ကြောင်း မြန်မာ စစ်အာဏာပိုင်များနှင့် ရန်ကုန်ရှိ အမေရိကန်သံရုံးတို့က ငြင်းပယ်ခဲ့ကြသည်။

မတ်ကောင်ကာလ ၁၁ ရက်နေ့တွင် ရန်ကုန်တမြို့လုံး၌ ပိုးသားနှင့် လက်ကမ်းစာရွက် များ ထွက်ပေါ်လာခဲ့သည်။ ရေတပ်အကြီးအကဲ ဗိုလ်ချုပ်မောင်မောင်ခင်နှင့် လေတပ် အကြီးအကဲ ဗိုလ်ချုပ်တင်ထွန်းတို့ ထုတ်ဝေခဲ့သည်ဆိုသော ကြေညာချက်များတွင် "ယနေ့ နေ့လည် ၁ နာရီ နောက်ဆုံးထား၍ ကြေငြာချက်အစိုးရဖွဲ့ပေးရန်။ သို့မဟုတ်ပါက အစိုးရ အဖွဲ့ဝင်အကြီးများကို ဒုံးကြိုးပိုင်းဖမ်းမိမည်"ဟု ခြိမ်းခြောက်ထားသည်။ မြန်မာ့အသံက ရုတ်ချင်းပင် ဦးမောင်မောင်ခင်နှင့် ဦးတင်ထွန်းတို့က ထိုသတင်းကို ငြင်းပယ်ခဲ့ကြောင်းနှင့် ထိုကောလာဟလများကို မြန်မာ့မြေနေသူများအား ပစ်သင်မည်းဟု ကြေညာခဲ့သည်။ နေ့တစ်ပိုင်းတွင် ရန်ကုန်မှ မကြာခင်သေးသေးချို့က အာဏာပိုင်များကို ခြေဖျက်ရာ၌ရန် နောက်ခံပြောင်း၍ အဆိုပါ စာရွက်စာတမ်းများကို ဖြန့်ဝေခဲ့ခြင်းဖြစ်ကြောင်း စွပ်စွဲခဲ့သည်။ ထိုသို့ရပ်သည့် ထိုစဉ်အခါက စိတ်ဖျက်မှုများကို ဆေါ်လျှင်ခဲ့ခဲ့သည်။ အသေးရုံကြီး အပြင်ဘက်၊ ဗို့ထောက်ခံမှုအပြင်ဘက်နှင့် ရန်ကုန်အခြားနေရာများမှလည်း ကြားဖြတ်အစိုးရ ထောင်းဆိုမှုအပေါ် စိအားပေးသည့်အနေဖြင့် ရာပေါင်းများစွာသောလူငယ်များ အစာငတ်ခံ၍ သပိတ်ကိုင်ကြ၍ ထိုင်နှိမ့်ကြသည်။

၁၁ ရက်နေ့တွင် ရန်ကုန် ပင်မြို့များနှံ့ရာနိုး၍ ကုလားရုံးများ၊ ဂုဏ်သွေးဦးသိန်းနိုင် တရားမဟုတ်ကြောင်းရ ချက်နှာချင်းဆိုင်ရှိ ကာလသယ်ရေးဝန်ကြီးဌာနက အသီးစု ပုက်ဖြင့် ရှင်းအား တရားမဝင်ခွင်းမှ ရပ်တန့်ရန်၊ မရပ်တန့်ပါက သေနတ်နှင့်ပစ်ခတ်မည်ဟု ခြိမ်းခြောက်သည်။ ထိုအခါ ဆောင်းပေါင်းများစွာသော လူများပြီးသက်မှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ထို့နောက် ထိုနေ့ကာသို့ စစ်တပ် ၁၁ စီး ရောက်လာသည်။ ဒုတ်များ၊ လေးခွများနှင့် ဓါးမြှောင်များကိုင်ဆောင်ထားသော ဆန္ဒပြလူငယ်များမှာ ပစ်သားများကို ကျော်တစ်ဆိတ်ဆုံခြင်းကြသည်။ စစ်သားများမှာ ပစ်ခတ်မှုမပြုဘဲ ပြန်လည်ထွက်ခွာသွားခဲ့သည်။ အရှင်းပြဖြစ်မှုများရာ ဝန်ကြီးသို့ ဦးအောင်ကြီးနှင့် ဗိုလ်သ ဥက္ကဋ္ဌ မင်းကိုနိုင်တို့ ရောက်ရှိလာကြပြီး သူတို့၏ ဖြေရှင်းပြမှုကြောင့် လူအုပ်ကြီးမှာ လူစုခွဲခဲ့ကြသည်။

နောက်တစ်နေ့တွင် ကာမိန့်အလမ်းရှိ ကာကွယ်ရေးဝန်ကြီးရုံးအပြင်ဘက်၌ တင်းမာသော ထိပ်တိုက်ရင်ဆိုင်မှုတခု ထပ်မံဖြစ်ပွားခဲ့သည်။ ဘုန်းကြီးဝတ်သေးငယ်လေးများပါ ပါဝင်သည့် ကြီးမားသော ဆန္ဒပြသူအုပ်ကြီးက ဝန်ကြီးရုံးအနားမှ ချီတက်လာခဲ့ရာ ကာကွယ်ရေးဝန်ကြီးရုံး၏ ခေါင်းမိုးပေါ်တွင် ထပ်စီထားသော သံဆူးကြိုး၊ ဘမ်ပါ၊ နမြို့မှ အရက်ဖျားနေကြသော စစ်သားတချို့က ဆန္ဒပြသူများကို မကြားမနာသော ဆဲရေးတိုင်းထွာခဲ့ကြသည်။

ရင်းကိုကြားလိုက်ရသော ဆန္ဒပြလူအုပ်ကြီးမှာ ရုတ်တရက် ရပ်တန့်သွားပြီး ပေါ်သပေါက်ကွဲ ကုန်ကြတော့သည်။ ၁၇ ရက်နေ့က ပြုလုပ်ခဲ့သော ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည့် အသက် ၂၄ နှစ်အရွယ် ကျောင်းဆိုသူက ဤသို့ ပြောပြသည်။

"စစ်သားတွေက ဆောင်းဘော်ကြယ်သီးဖြုတ်ပြီး ဆန္ဒပြနေကြတဲ့ ကျောင်းသူတွေကို မရှုယ်မရာလုပ်ပြခဲ့ပါတယ်။ ကျွန်တော်တို့ အဲဒီအမေသာ ဆိုးသည်းနှား တပ်သွားတော့ စစ်သားတွေက လူအုပ်ကြီးကို ကြည့်ပြီးကြောက်သွားကြတယ်။ ခေါင်းမိုးပေါ်ကနေပြီး လူအုပ်ထဲသေနတ်နဲ့ပစ်ခတော့ ဆန္ဒပြသူတစ်ယောက် ထိမှန်သေဆုံးရ သွားပါတယ်။ ကျွန်တော်တို့ အလောင်းအဦးကို ဖင်စီးလိုက်ပြီး ခေါင်းမိုးတက်ဆီ ပြေးတက်သွားကြတယ်"

နောက်ဆုံးတွင် စစ်သား ၂၄ ယောက်လုံး သတ်နက်မှုနှင့်အတူ အညှိမ်ခံခဲ့ကြသည်။ ဆန္ဒပြသူတဦးက ထိမ်းသိမ်းရမိလိုက်သော သေနတ်ကာလက်ကိုးဖြင့် စအောင်မြင်သည့် အထိမ်းအမှတ်အနေဖြင့် လေထဲသို့ ဖေ့ရမ်းဖြောက်ပြခဲ့ရာ လမ်းပေါ်မှလူများက ကြိုဆိုကာပေးကြသည်။ ဆန္ဒပြသူများမှာ စစ်သားခေါင်းများကို ဖြတ်တောက်ခဲ့ကြောင်းဆိုကြသည်။ ဦးအောင်ကြီးနှင့် ဦးတင်ဦးရောက်လာပြီး လူစုခွဲရန် မေတ္တာရပ်ခံခဲ့သော်လည်း တင်းမာနေလိုသောလူထုကြီးကို ထိန်းမနိုင်အောင်ဖြစ်သွားခဲ့သည်။ စစ်သားများကို ခေါင်းဖြတ်ခွင့် မရကြသောအခါ ဒေါသထွက်နေသော ဆန္ဒပြသူများသည် ကုန်သွယ်ရေးဝန်ကြီးရုံးမှ ရှိ အစ်တော်သည် ၃ စီးကို ဖျက်ဆီးလိုက်ကြသည်။ ညနေပိုင်းရောက်မှသာ ရက်ရက်သဲသဲဖြစ်မှု ငြိမ်းသွားတော့သည်။

တခြားဖြစ်ရပ်များ တဖြိုင်တည်းဆိုသလို ပေါ်ထွက်ခဲ့သည်။ မဲတင်သည့် မဆလပါတီအရေးပေါ်ညီလာခံ စချိန်မှ ရန်ကုန်မြို့ရှိ အရက်အချက်ကျသော နေရာများဆီသို့ ရိက္ခာ၊ လောင်စာဆီနှင့် အခြားလိုအပ်သော ပစ္စည်းများကို ပြောင်းရွှေ့သယ်ဆောင် လာခဲ့ကြပြီဖြစ်သည်။ တနိုင်ငံလုံးရှိ မြို့များတွင်လည်း တပ်ဖွဲ့လှုပ်ရှားမှုများမှာ ယခင်ကနှင့်မတူ ထူးခြားလှကြောင်း သတင်းများထွက်ပေါ်နေသည်။ ဇူလိုင်လ ၁၁ ရက်နေ့တွင် ဗေါက်တာမောင်မောင်က "တောင်သူများ၊ စက်ရုံ၊ အလုပ်သမားများကလည်း သိုလှောင်လျက်ရှိနေတဲ့ ပြည်သူ့အပိုင်ချေးစပါးများ ပြန်လည်ပေးလာအောင် ပြုလုပ်ဖို့ လုပ်ဆောင်ပါတယ်။ အနီးကပ်ဆုံးဖြစ်တဲ့ ကုန်ကွယ်ရေး အင်အားစုများကလည်း အကူအညီများပေးဆပ်ဖို့ သက်ဆိုင်ရာအာဏာပိုင်တို့အနေနဲ့ ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ အင်အားသုံးပြီး ပြဿနာတရပ်ကို ဖြေရှင်းချင်ကြတဲ့သူတွေ အချိန်ရှိတုန်းပြေးထားကြပါ"ဟူ၍ မိန့်ခွန်းပြောကြားခဲ့သည်။

၁၆ ရက်နေ့တွင် မဆလပါတီက ပယောဂဆန်သော ကြေညာချက်တရပ် ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်တွင် လက်နက်ကိုင် စစ်တပ်၊ ပြည်သူ့ရဲနှင့် ဝန်ထမ်းများအား ပါတီမှ နုတ်ထွက်ခွင့်ပြုကြောင်း ကြေညာခဲ့သည်။ နောက်တနေ့တွင် ကာကွယ်ရေးဝန်ကြီးဌာနက လက်နက်ကိုင်စစ်တပ်များကို အမိန့်တရပ်ဖြင့် မှတ်ခဲ့ရာတွင် စစ်တပ်အနေနှင့် မူလတာဝန်ကြီး ၃ ရပ်ကို အပြည့်အဝ ထမ်းဆောင်ကြရမည်ဟု ဆိုခဲ့၏။ ထိုတာဝန်ကြီး ၃ ရပ်မှာ ပြည်ထောင်စုကြည်တန့်ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ် ရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေးတို့ ဖြစ်ကြသည်။ အရေးပါသော အပြောင်းအလဲကြီး ဖြစ်ပေါ်လာမည်မှာ ထင်ရှားသည်။

# အခန်း (၆)

# နိုင်ငံတော် ငြိမ်/ဝ

စက်တင်ဘာလ ၁၈ ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ရှိ ယခင်နေ့ရက်များကဲ့သို့ ဆန္ဒပြပွဲများ ရှိနေလေသည်။ လူဦးရေ ၃ သိန်းခန့်မှာ လမ်းများပေါ်၌ ချီတက်ကြ၍ အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံများ အော်ဟစ်နေကြသည်။ မြို့တော်ခန်းမအပြင်ဘက်၊ ရန်ကုန်ဆေးရုံကြီးနှင့် အခြားနေရာများတွင် အဓိကထိပ်ဆုံး ဆန္ဒပြသူများက သပိတ်တိုက်ပွဲ ဆက်လက်ဆင်နွှဲလျက်ရှိသည်။ ခေါင်းဆောင်မရှိသော အစိုးရအား ကြားဖြတ်အစိုးရဖွဲ့ပေးရန် တောင်းဆိုမှုကို ခေါင်းမာစွာဖြင့် ငြင်းဆန်လျက်ရှိရာ ဆန္ဒပြသူအများအပြားမှာ စိတ်မရှည်နိုင်ဘဲဖြစ်လာကြပြီး တချို့နေရာများတွင် ငြိမ်းချမ်းစွာဆန္ဒပြနေရာမှ တိုက်ခိုက်လိုသည့် အသွင်မျိုးအထိ ကူးပြောင်းလာခဲ့သည်။

မွန်းလွဲပိုင်းအချိန် ညနေ ၄ နာရီတွင် မြန်မာ့အသံမှ အသံလွှင့်ခန့်ကျ သီချင်းလေးသော အသံအစား ရုတ်တရက်ရပ်သွားပြီး အမျိုးသားတဦး၏ လေးနက်စွာကြေညာသံ ထွက်ပေါ်လာခဲ့သည်။

"နိုင်ငံ၏ အဘက်ဘက်မှ ယိုယွင်းနေသော အခြေအနေများကို အချိန်မီ ဟန့်တားနိုင်ရန် အများပြည်သူ့အကျိုးအတွက် တပ်မတော်က နိုင်ငံတော်အာဏာအရပ်ရပ်ကို ယနေ့မှစ၍ လွှဲပြောင်း ယူလိုက်ပါသည်"

ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်သည့်အနေဖြင့် ငြိမ်ဝပ်ပိပြားမှုရှိစေရန် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင် ခေါင်းဆောင်သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ငြိမ်/ဝ) ကို ဖွဲ့စည်းလိုက်သည်။ အတိုချုံး ကြေညာချက် အပြီးတွင် တတ်ကြွသော စစ်ချီတေးသံများ ထွက်ပေါ်လာခဲ့သည်။

နှစ်နာရီအကြာ၌ ငြိမ်/ဝအဖွဲ့ဝင် ၁၉ ဦး၏ အမည်များကို ကြေငြာသည်။ ထိုအထဲတွင် စစ်တိုင်းကြီး ၉ တိုင်းမှ တိုင်းမှူးများအားလုံးအပြင် ကြည်း၊ ရေ၊ လေ အချို့ဝန်ကြီးဌာန အရာရှိကြီးများ ပါဝင်ကြသည်။ လူထုမှ ယုံကြည်မှုမရှိခြင်း ခံလိုက်ရသည်ဟု ကောလဟာလ ဖြစ်ပေါ်နေသည့် ဝန်ကြီးများပင် ပါရှိသည်။ ငြိမ်/ဝ ဒုဥက္ကဋ္ဌမှာ ဒုတိယ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်သန်းရွှေဖြစ်ပြီး အတွင်းရေးမှူးမှာ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် ခင်ညွန့် ဖြစ်သည်။ သူသည် မကြာသေးမီကမှ ဗိုလ်မှူးချုပ် ဖြစ်လာခဲ့သူတဦးဖြစ်သည်။

နိုင်ငံတော် ငြိမ်/ဝ အဖွဲ့က ည ၈ နာရီမှ နံနက် ၄ နာရီအတွင်း အပြင်မထွက်ရ အမိန့်ကို ရန်ကုန်မြို့တွင် ထုတ်ပြန်လိုက်ပြီး လမ်းများပေါ်၌ စုရုံးခြင်း၊ လမ်းလျှောက်ခြင်း၊ စီတန်းလှည့်လည်ကြွေးကြော်ခြင်း၊ တရားဟောခြင်း၊ လှုံ့ဆော်ခြင်း၊ ဆူပူအောင် ဖန်တီးခြင်းတို့ကို မပြုလုပ်ရဟု ချက်ချင်း ပိတ်ပင်လိုက်သည်။ ပြည်သူတို့အနေနှင့် ဆူပူမှုမဖန်တီးရန် သို့မဟုတ် ငြိမ်ဝပ်ပိပြားမှုကျိုးပေါက်ရန် စည်းရုံးချက်ဖြင့်ဖြစ်စေ၊ ယင်းသို့ ပြုလုပ်ရန်

ရည်ရွယ်ချက်မရှိသည့်ဖြစ်စေ၊ လမ်းများပေါ်တွင် ငွေ ၅ ဦးထက်ပို၍ မစုရုံးရန် ထပ်မံ ကြေညာလိုက်ပြန်သည်။ ထို့နောက် စစ်သီချင်းများ ရေဒီယိုမှ နားစွင့်ပါလေ၊ ထွက်မပေါ် လာတော့သည်။

"အာဏာလေဓိမှာနေကဲ့ ကျွန်တော်ဆိုသူတေင်ချင်းတွေဆီ သွားလည်နေတဲ့မှာဘဲ ရေဒီယိုကကြေညာချက်ကို ကျွန်တော်ကြားရတာ"ဟု ကြည့်မြင်တိုင်မှ အကောက်တန်းကျောင်း သား ကျော်သူက ပြောပြသည်။ ကျော်သူနှင့် သူ့သူငယ်တို့မှာ ပြည်လုံးကျွတ်အစောပိုင်း ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့ကြသည်။ သူက ဆက်ပြီး "အာဏာသိမ်းမှုအပေါ် ကျွန်တော်တို့ ပထမဆုံးတုံ့ပြန်ချက်က စိတ်ဆိုးခြင်းနဲ့ စိတ်ပျက်ခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရသစ်ကို ဘိုက်ချင်တာနဲ့ ချက်ချင်းဘဲ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပနဲ့ သင်္ဃန်းကျွန်းက ဆန္ဒပြသူတွေကို သွားဆက်သွယ်ခဲ့တယ်။ ကျွန်တော်တို့ထဲက အချို့ဆိုရင် ဓားတံ၊ ဓါးမြှောင်၊ ဓါးရှည်၊ ဒုးလေး စတဲ့လက်နက်တွေကို ကိုင်ဆောင် ထားခဲ့ကြတယ်"

ရေဒီယိုမှ အာဏာသိမ်းကြောင်းကြေညာပြီး စားသောက်ပြီးခဲ့သည်။ မိုးချုပ်ပွဲများလာသည်။ ကောင်းကင်ပေါ်၌ မှောင်မည်းနေသောမိုးတိမ်များ လွှလွင့်နေသည်။ မြို့တော်၏ နေရာအနှံ့အပြားတွင် ပြည်သူတို့သည် ပြီးခဲ့သည့် သြဂုတ်လမှာကဲ့သို့ပင် သစ်ပင်များကို ခုတ်လှဲကာ လမ်းများပေါ်၌ ကန့်လန့်ဖြတ်၍ ပိတ်ဆို့ကြသည်။ လမ်းဘေးအချိုးအကွေ့များကို လမ်းပေါ်တွင်မှောက်၍လည်း ကာဆီးထားကြသည်၊ သူတို့၏မျက်နှာထားမှာ ညှိုးနွမ်းလျက် ရှိကြပြီး သူတို့၏ပတ်ဝန်းကျင်အခြေအနေမှာ တင်းမာလျက်ရှိသည်။

လူအများနေထိုင်ရာ လမ်းငယ်၊ လမ်းသွယ်များတွင်သာမက လမ်းကျယ်ကြီးများ တွင်လည်း အတားအဆီးများကို တိုး၍ပိတ်ဆို့လာကြသည်။ ပိတ်ဆို့မှုများမှာ မြို့တော် မြောက်ဘက်ရှိ ထပ်မတော် စခန်းများသို့သွားသော ပြည်လမ်းမအထိ ပျံ့နှံ့လာခဲ့သည်။ မျှော်စစ်မါကော်ကြီးများကို ဖြတ်တောက်ပစ်ကြပြီး လမ်းမီးတိုင်များကိုလည်း ဖျက်ဆီး ပစ်ကြသည်။ အချို့နေရာများ ဝင်ရောက်လာနိုင်သည့် စစ်သားများကို ဟန့်တားနိုင်ရန် ထိုသို့ ပြုလုပ်ကြခြင်းပင်ဖြစ်သည်။ တချို့က စိတ်ပျက်အားငယ် နေကြသော်လည်း ဆန့်ကျင်သည့် သဘောဖြင့် မိမိတို့နေအိမ်အတွင်းမှနေ၍ ဆိုးမွှကျများကို တီးခတ်ကြပြတော့သည်။ တချို့က ဒူးလေး၊ ဓါးရှည်နှင့် ဂျင်ကလီများကို ကိုင်ဆောင်ကာ လမ်းများပေါ်သို့ ထွက်လာကြသည်။ သူတို့သည် စစ်သားများနှင့် ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ဖြစ်နေပုံရ၏။

ယခုအာဏာသိမ်းမှုမှာ အခြားစစ်ဟယ်မှ အာဏာသိမ်းမှုများကဲ့သို့ တင့်ကားနှင့် တပ်ဖွဲ့များက မြို့တော်၏ အချက်အချာနေရာများကို သိမ်းယူခြင်း၊ နိုင်ငံ့ခေါင်းဆောင်များ ကိုဖမ်းဆီးခြင်း၊ ခေါင်းဆောင်သစ်တက်ခြင်း စသည့်ပုံကို မတွေ့ရချေ။ ရေဒီယိုမှ ကြေညာပြီး နာရီအနည်းငယ်အတွင်း ရန်ကုန်မြို့ရှိ လမ်းများပေါ်တွင် ထွက်နေကြသည့် သောင်းပေါင်းများစွာသော ဆန္ဒပြသူများနှင့် ပြည်သူလူထုသည် ကိုသာ နေ့စဉ်အသုံးအဆောင်ရွေးချယ်ခြင်းအဖြစ် တွေ့ခဲ့ရသည်။ ဂုဏ်ပုဆိုးများ၊ အလံများ၊ အိမ်တွင်းလုပ် လက်နက်များကို ကိုင်ဆောင်ကာ ခံမြင်းစွာဖြင့် အသံကုန်အော်ဟစ် လျက်ရှိကြသည်။

"ဒေါ်ခင်ညွန့်ရေ---ကျဆုံးပါစေ"

"ဒေါ်ခင်ညွန့်ရေ---ကျဆုံးပါစေ"

ဟူ၍တိုင်အောင် ကိုယ်တိုင်ကိုယ်ကျ ခေါင်းဆောင်တင်ထားကြသော နိုင်ငံ့ခေါင်းဆောင် ကြီးများမှာလည်း မည်သို့မျှ တုံ့ပြန်မှုမပြုသေးချေ။ စစ်တပ်သည်ပင် ထိုနေ့ညအချိန်လင့်မှ

ထွက်ပေါ်လာခဲ့သည်။ စစ်သားများနှင့် အရင်းကပ်ပီတယ်များ ဖြို့ထဲသို့လိမ့်ဝင်လာသည်။ မြင်းတွင်းမှာ ကြာကူကလာခဲ့သော မြင်ကွင်းမျိုး မပေါ်ခဲ့တော့ပေ။ စစ်သားများ၏ပေါ်၌ တပ်ဆင်ထားသော အသံချဲ့စက်များမှတဆင့် ပြည်သူတို့အား တားဆီးပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် အချိန်ပေးလာသည်။ အချိန်ကိုမနှောင်းပါစေ အခန်းရှိနေအိမ်များကို ပြန်သွားနေကြဖို့ ပြောဆိုသည်။ ထိုသို့ ပထမဦးဆုံး မစ်ဆက်ပြီးသည့်တိုင် အချိန်မစောပါ သေးပါက ကရိန်းကားများရောက်လာပြီး လမ်းပေါ်မှ တားဆီးပိတ်ဆို့မှုများကို အလွယ်တကူ ဖျက်ဆီးခဲ့ကြသည်။

စစ်သားများနှင့် အင်္ဂလိပ်ကပ်ပီတယ်များ လမ်းပေါ်တွင် စစ်စစ်တကျ လှောင်းနှင်လာကာ မြင်မြင်သမျှလူများကို ပစ်ချင်တိုင်းပစ်ခတ်တော့သည်။ ဒဏ်ရာရသူများကို ပြည်သူများက ရန်ကုန်ဆေးရုံကြီးနှင့် ရန်ကုန်အဖွဲ့လိုက်ရှိ ယာယီဆေးခန်းများသို့ ဒိုင်းဝန်းကူညီ ပို့ဆောင်ပေးခဲ့ကြသည်၊ ပစ်ခတ်မှု ရပ်စဲသွားသည့်နောက် စစ်တပ်က လမ်းမပေါ်မှ လူသေအလောင်းများကို အမြန်ကောက်ခဲ့ကာ ကားပေါ်သို့ပစ်တင်၍ မောင်းထွက်သွားကြ တော့သည်၊ ထိုနေ့ညတွင် ရန်ကုန်မြို့တွင် ပါ့မှုသည် ထွက်ပေါ်လာသော သေနတ်သံများကို ကြားလိုက်ကြရသည်။

အဆိုးဆုံးဖြစ်ရပ်မှာ ရန်ကုန်ဆေးရုံကြီး ဘွဲ့နှင်းသဘင်ခန်းမအတွင်း ဖြစ်သည်၊ ထိုခန်းမထဲ၌ ကျောင်းသားများစွာသော ကျောင်းသားများက အစည်းအဝေးထိုင်လုပ် နေကြသည်။ ညနေ ၆ နာရီတွင် စစ်သားများ ကားပေါ်လိုက်ပါလာပြီး ခန်းမသို့ရောက်လာကြပြီး ဘွဲ့နှင်းသဘင်အဆောက်အဦးကို ဝိုင်းကာ ကျောင်းသားများအား အပြင်သို့ ထွက်လာကြရန် အချိန်ပေးခဲ့သည်။ သို့သော် မည်သူမျှ ထွက်မလာခဲ့ကြပေ။ ခန်းမအတွင်းရှိ ကျောင်းသားသူများမှာ အသေခံကြရန် ပြင်ဆင်ထားကြပြီးဖြစ်၍ အရေးတော်ပုံ၌ ရိုးရိုးကျကျ ရှိသည်၊ နေ့ရက်သီချင်းဆိုရင်း နောက်ဆုံးတရက်၌ အဖွဲ့အလိုက် အတန်းအလိုက် အမှတ်တရဓါတ်ပုံများရိုက်ခဲ့ကြသည်၊ သူတို့၏ နောက်ဆုံးဓါတ်ပုံများကို ရိုက်ပေးနေကြသည်မှာလည်း သူတို့၏ စည်းလုံးညီညွတ်မှုကိုဖော်ပြနေသည့် လက္ခဏာသင်္ကေတဖြစ်ပေတော့သည်၊

နံနက်မိုးလင်းကာနီး ရိုက်နှက်သံများကို နာရီပေါင်းများစွာ ကြားနေရသည်၊ ညဉ့် ၁၀ နာရီ ၄၅ မိနစ်တွင် ကားကြီးတစ်စီး ဘွဲ့နှင်းသဘင်ခန်းမထဲသို့ ဝင်ရောက်လာကြပြီး ကျောင်းသားများကို အဆောက်အဦး၏ နောက်ပေါက်ပေါက်မှ ခေါ်ထုတ်သွားကြသည်၊ ထွက်ခွာသည့်ပုံမှာ အပြင်ဘက်မှ စောင့်သူများက ပစ်ခတ်ခြင်းမပြုသဖြင့် မည်သူမျှ ထို့နောက်မှ ထိခိုက်ခြင်းမရှိခဲ့ပေ။

■ ✕ ■

နောက်တနေ့ နံနက်တွင် ဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်၊ ဆိုကြက်ဆန္ဒပြနေသော လူအုပ်ကြီးသည် မြို့တော်ခန်းမနှင့် မဟာဗန္ဓုလပန်းခြံကို ဖြတ်ကျော်ချီတက်သွားကြသည်၊ သို့သော် သူတို့အား ပတ်ပတ်လည် အဆောက်အအုံ ခေါင်မိုးများပေါ်မှ စက်သေနတ်များဖြင့် ချိန်ရွယ်ထားသည်ကို မည်သူမျှ ခေတ္တလိုက်ကြပေ၊ ကုန်သည်လမ်းရှိ အမေရိကန်သံရုံးနှင့် ကပ်လျက်ရှိသော ပြည်ထောင်စုဘဏ်၊ မြို့တော်ခန်းမနှင့် ကျောက်တိုင်ကို အပေါ်တွင် စစ်သားများ နေရာယူထားကြသည်၊ ဆန္ဒပြသူများက ဆူးလေဘုရား၏ မျက်နှာချင်းဆိုင်ရှိ ဟိုတယ်နင်ဂရီးသွားသောရေ

လုပ်ငန်းကော်မီရှေ့နေချုပ်အဖက်သို့ ရှိုးတော့လိုက်သောအခါ သုံးဘက်သုံးတန် ပက်ကွင်းထဲသို့ ရောင်ပီတံမီလျက်သား ဖြစ်သွားလေသည်။ ခေါင်းမိုးပေါ်မှ စစ်သားများက လှေအုပ်ကြီးထဲသို့ သေနတ်များဖြင့် ဗြိုင်းဗြိုင်းပစ်လိုက်ကြသည်။ ကြိုတင်၍ သတိပေးခြင်းမရှိသောကြောင့် ဆန္ဒပြသူအမြောက်အမြား သွေးမြေကျခဲ့ရသည်။

လမ်းများပေါ်သို့ စစ်သားများ အပြောက်အကျား လှုပ်လှုပ်ရှားရှား ဝင်ရောက်လာကြသည်။ သူတို့၏နောက်တွင် ဘုရင်ကာယ်ရံတော်များက ထက်ချပ်မကွာ လိုက်ပါလာခဲ့သည်။ ကျယ်လောင်သည့် အမိန့်ပေးသံတချက် ထွက်ပေါ်လာပြီးနောက် စစ်သားများက ဒူးထောက်ကာ အသင့်အနေအထားဖြင့် သေနတ်ပြောင်းများကို ဆန္ဒပြသူများဘက်သို့ ချိန်ရွယ်ထားလိုက်ကြသည်။ သူတို့ပုံစံမှာ လက်နက်မဲ့ အိုင်ရောင်တားသော ရန်သူများနှင့် ရင်ဆိုင်နေရသည့်နှယ်ပင်။ သူတို့အမှန်ကာကာယ် ရင်ဆိုင်နေကြရသူများမှာ လက်နက်မဲ့ ဆန္ဒပြသူများသာဖြစ်သည်။

အဖမရိုက်နိုင်ရဲ့ အပြင်ဘက်ရှိ လူအုပ်ကြီးကို စစ်သားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ စစ်သားများ၏ ပစ်ခတ်သတ်ဖြတ်မှုကို မြို့ပြင်ရောက်မှရာဖြင့် ရိုက်ကူးလုပ်ကိုင်ရသော မြန်မာကင်မရာမင်း နှစ်ယောက်ဘက်သို့ စစ်သားများ လှမ်းကြည့်လိုက်သောအခါ တဦးကိုအခြားတဦးက သူ့ကိုယ်ထိုးဖြင့် ကွယ်ထားလိုက်သည်။

နောက်ပိုင်းတွင် မြည်ပြည်သို့ ခိုးယူဖော်နိုင်ခဲ့သည့် ထိုတိတ်ခွေထဲ၌ ဗမာလိုပြောနေသော အသံကို ပီပြင်စွာ ကြားရသည်။

"နို့ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရင် ကောင်းမလဲ"

တခြားအသံတသံက ကျော်ငြိမ်စွာဖြေပေးလိုက်သည်။

"ဒီဘက်ကို မပစ်မချင်း ဆက်ရိုက်နေပ"

ထိုနေ့က အစိုးရ၏အမိန့်ဖွားမှာ ထင်မရှားနိုင်အဘူတွေ့သမျှလူများကို ပစ်ဘက်ရန် အမိန့်ပေးထားသည်။ မြန်မာပြည်မှ အာဏာသိမ်းမှုနှင့်ပတ်သက်သော သတင်းများ၊ ဓါတ်ပုံများကို နိုင်ငံတကာသို့ မပေါ်ပြူနိုင်ရန် ရည်ရွယ်ပြီးပေးခဲ့သည့် အမိန့်ပင်ဖြစ်သည်။ ဂျပန်ရုပ်မြင်သံကြား ကုမ္ပဏီတခုအတွက် သတင်းရယူလုပ်ကိုင်ရသော မြန်မာဓါတ်ပုံဆရာ တဦးမှာ သေနတ်ဖြင့် ချောင်းမြောင်းပစ်ခတ်ခြင်းခံရပြီး သေဆုံးသွားသည်။ သူ၏ပဲ့ဟက် မျက်လုံးကို ကျည်ဆံဖောက်ဝင်သွားခြင်းဖြစ်သည်။ သို့သော်သူသက်မထွက်မီ ကင်မရာကို သူ့ရဲဘော်တယောက်လက်သို့ လွှဲပြောင်းပေးနိုင်ခဲ့သည်။

အနော်ရထာလမ်း နှင့် မဟာဗန္ဓုလလမ်း အကြားတွင်ရှိနေသော ကန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး) ဆီသို့ ချီတက်သွားကြသည့် တန့်ကွက်ဆန္ဒပြသူများနှင့်အတူ မောင်ကျော်သူ လည်း လိုက်ပါသွားခဲ့သည်။

သူသည် အထက်တန်းကျောင်းသားတစုက ဖွဲ့စည်းထားသည့် အဖွဲ့မှဖြစ်ပြီး ထိုအဖွဲ့တွင် ဩဂုတ်လ နှင့် စက်တင်ဘာလ အရေးအခင်းကိုအခြေခံ၍ ပေါက်ဖွားလာသော အတွေးအခေါ်များ ထင်ဟပ်ပေါ်လွင်နေသည်။ သူတို့အဖွဲ့ကို ယောနက်အမည်ရှိ ဖင်မယ်တက္ကသိုလ်တကောင်၏အကြောင်းကို ရေးသားထားသော ပုံပြင်ကိုယူ၍ ယောနသ လှုပ်ရှားမှု ရေးအဖွဲ့ဟု အမည်ပေးထားသည်။

"စစ်တပ်က လူအုပ်ထဲကို ပစ်လိုက်တဲ့ သေနတ်သံတွေ ကြားတော့ ကျွန်တော်တို့ နောက်ကြောင်းပြန်လှည့်ခဲ့ရတယ်။ စစ်သားတွေက ရှုပ်ခေါင်းအလဲနဲ့ ဗိုလ်ချုပ်အောင်ဆန်း

ဓါတ်ပုံကိုင်ထား သူတွေ၊ ခေါင်းစီးအနီပတ်ထားသူတွေကို အစိုးရက ပြေးဖမ်းကြတယ်။ ဆန္ဒပြသူတွေက ထွက်ပြေးဖို့ ကြိုးစားကြတယ်။ ထွက်ပြေးကြတဲ့သူတွေနောက်က စစ်သားမှာ ထပ်ချပ်မကွာပြေးလိုက်ပြီး နောက်ကျောကို လှံစွပ်နဲ့ထိုးသတ်ပစ်တယ်။ စစ်သားတွေဟာ ကော်ဆော်ပေးယ်တဲ့။ ကျွန်တော့်အထင် ဆယ်ကျော်သက်ရွယ်လေးတွေ ဖြစ်လိမ့်မယ်၊ ဒါပေမဲ့ သူတို့အသွင်သဏ္ဌာန်ဟာ ကြမ်းတမ်းကော်ထန်နေတယ်"

ကြုံမှာဆိုးယင်သော တနင်္လာနေ့တွင် ရန်ကုန်ရှိ ဝါရင့်သတင်းစာဆရာ ဦးစိန်ဝင်းက ဘန်ကောက်မြို့ရှိ အာ့ရှ်အေဗီသတင်းဌာနသို့ အောက်ပါအတိုင်း သတင်းပို့ခဲ့သည်။

"စစ်သားများက လူထုနယ်းမှုကို တားဆီးရန်အမိန့်ပေးထားသည့်အတိုင်း ရန်ကုန်မြို့ လယ်ဓါင်နှ ကျောင်းသားများ၊ ဗုဒ္ဓဘာသာဝင်ဘုန်းကြီးများနှင့် လက်နက်မဲ့ဆန္ဒပြသူ များစွာပါဝင်သော လူ့အုပ်ကြီးထဲသို့ သေနတ်ဖြင့်ပစ်ခတ်ခဲ့သည်၊ ထိခိုက်ဒဏ်ရာရသူ အတော်များများကြောင်း မျက်မြင်သက်သေများက ပြောဆိုကြသည်၊ သတင်းထောက် တစ်ယောက်က ကျောင်းသားတွေ ပစ်သတ်ခံနေရပြီ၊ ဘာမှမလုပ် နိုင်ကြတော့ဘူးလားဟု အငင်းဖြစ်ပွားရာနေရာမှ အေပီသတင်းထောက်ထံ တယ်လီဖုန်းနှင့်သတင်းပို့ရင်း ငိုကြွေး နေသံကိုကြားရသည်"

တက္ကသိုလ်ကျောင်းသားတဦးဖြစ်သော အောင်ကျော်က ကျောင်းသားကြီးများမှာ အန္တရာယ်ကို သသောသဝါက်သဖြင့် အိမ်ထဲမှအိမ်ပုန်းသို့ မထွက်ကြောင်းပြောပြသည်၊

"အထက်တန်းကျောင်းသားလေးတွေကို ထိန်းလို့မရဘူး။ သူတို့အနေနဲ့ ဓါသထွက်နေကြပြီး တိုက်ခိုက်လိုစိတ်တွေ ပြင်းထန်နေတယ်။ ပြီးတော့ စစ်တပ်နဲ့လည်း ရင်ဆိုင်ချင်ကြတယ်။ ကျွန်တော်တို့ သူတို့ကို တားလို့မရဘူး၊ ကျောင်းသားအတော်များများ အောင်းပြင်နှိုသေနတ်ဒါဏ်ရာ၊ လှံစွပ်ဒါဏ်ရာတွေနဲ့ သေဆုံးခဲ့ကြရတယ်"

ကျော်လှသည် နံနက် ၁၀ နာရီအချိန်၌ အသက် ၁၈ နှစ်အရွယ်ရှိ ညီမဖြစ်သူ ပင်းမော်ဦး သေနတ်ဒဏ်ကာ အပြင်းအထန်ရသွားကြောင်း ကြားသိလိုက်ရသည်။ သူမ၏ သူငယ်ချင်းများဖြစ်သော အထက်တန်းကျောင်းသား နှစ်ဦးမှာလည်း ပစ်ခတ်ခံရပြီး ထိုနေရာ၌ပင် ပွဲချင်းပြီးသေဆုံးခဲ့ရသည်၊ ဝင်းမော်ဦးကို ဆေးရုံသို့ပို့ရန် ကားစီသို့ ချီသွားစဉ် နိုင်ငံခြားသားတဦးက ဓါတ်ပုံရိုက်ခဲ့သည်။ ထိုပုံသည် အောက်တိုဘာလ ၃ ရက်နေ့ထုတ် နယူးစ်ဝစ် (Newsweek) မဂ္ဂဇင်း၌ ပါရှိခဲ့သည်၊ သို့သော် ဓါတ်ပုံမှာ မောင်နှမနှစ်ဦးအနက်ဝေယ်တွင် ဘာတော်ကျွဲဖြစ်သည်ကို မဖော်ပြနိုင်ခဲ့ချေ။

"ကျွန်တော့်ရဲ့ ကျွန်တော့်အမေ ရန်ကုန်ဆေးရုံကြီးကို မနက် ၁၁ နာရီမှာ ရောက်လာခဲ့တယ်။ ကျွန်တော့်ညီမဟာ သွေးအတော်ထွက်နေဘာတွေ့ရတယ်၊ သူ့ကို ဒိုယိချုပ်အောင်ဆန်းပုံကို တောင်းနေလို့ ကျွန်တော်တို့ သူ့အိပ်ယာဘေးတင်ပေးခဲ့တယ်။ နေ့လယ် ၁ နာရီလောက်မှာ ဓါတ်ပုံကို သူ့လက်နဲ့ဆုပ်ကိုင်ရင်း အသက်ထွက်သွားခဲ့တယ်"

နောက်တနေ့တွင် ဝင်းမော်ဦးအား မီးသင်္ဂြိုဟ်ရန် မိသားစုနှင့်ဆွေမျိုးများ ကြံတောသုသာန်သို့ သွားခဲ့ကြသည်၊ မီးသင်္ဂြိုဟ်စက်၏ အပြင်ဘက်တွင် အလောင်းများ စုပုံထားသည်ကိုတွေ့ရသည်၊ ကျွန်ရစ်သူများက သူတို့နှစ်ပတ်ဆက်သည့် အလောင်းများကို ရှာဖွေနေကြသည်၊ အလောင်းများစွာ၏ မျက်နှာများအား မည်သူမည်ဝါဖြစ်မှန်း ခွဲခြား၍ မရနိုင်အောင် ထုနက်ဖျက်ဆီးထားသည်ကို တွေ့မြင်ခဲ့ရကြောင်း ကျော်လှက ပြန်ပြောပြသည်၊ သေဆုံးသွားခဲ့သူအချို့၌ ကျောင်းစိမ်းပုဆိုးများ ဝတ်ဆင်ထားသည်ကို တွေ့ရသည်၊ ကျော်လှနှင့်သူ့မိသားစု ဝင်းမော်ဦးကို သင်္ဂြိုဟ်ပြီးနှစ်ရက်အကြာတွင် ကြံတောသုသာန်

လည်း၌ စစ်သားများစောင့်ကြပ်နေကြပြီး အရှင်းကာယိရိယာတစ်းလည်း သချိုင်းအဖြစ် အသက်တွင် အသင့်အနေအထားဖြင့် နေရာယူထားသည်။ မည်သူမျှ ကြိုတောသူသာန်ထဲသို့ ဝင်ခွင့်မပြုတော့ပေ။

အောက်တိုဘာလ ၃ ရက်နေ့ထုတ် နယူးစ်ဝိခ်မဂ္ဂဇင်း၌ မီလင်ဒါလီယူ (Melinda Liu) က သူမ၏ မျက်မြင်သက်သေတင်ပြချက်တွင် အောက်ပါအတိုင်း ရေးသားခဲ့သည်၊

"ဤတောသို့ရောက်လာသည့် အလောင်းများတွင် မသေသေးသူများလည်းပါသည်၊ ထိုသူများကို စစ်သားများက ပစ်သတ်ကာ အခြားအလောင်းများဖြင့် ရောနှောသင်္ဂြိုဟ်ခဲ့ကြသည်၊ ပစ်သတ်ခံရသူများ၏ နောက်ဆုံးငြီးငြူသံများကို အတိုင်းသားကြားနေရကြောင်း ကြံတောသချိုင်းမှ သက်သေတချို့က ပြောပြသည်"

ရန်ကုန်ဆေးရုံကြီးတွင် သေနတ်ဒဏ်ရာကြောင့် ခွဲစိတ်ကုသမှုခံယူနေကြသူများ၊ ရင်ဘတ်တွင် ကျည်ဆံထိမှန်ထားသူများကို သူမကိုယ်တိုင် တွေ့မြင်ခဲ့ရသည်ဟု ဆိုသည်၊ အရေးပေါ်ဌာနတွင် သေနတ်ဒဏ်ရာရှိထားသော လူနာများမှာ ကုတင်ပေါ်၌ လှဲလျက်နေကြပြီး သွေးများကြမ်းပြင်ပေါ်သို့ အဆက်မပြတ် ယိုစီးကျလျက်ရှိသည်။ လွန်ခဲ့သည့်အချိန်က ဆေးရုံရှင်များ၊ ကျွဲဒါန်းမှုကြောင့် သွေးများအလှူပေးသူရှိခဲ့သော်လည်း ယခုအချိန်တွင် သွေးများပြတ်လပ်နေပါ၊ ဖြစ်နေသည်။ ရင်ခွဲရုံတွင်လည်း နေရာမဆန့်တော့ပေ၊ "ရေခဲတိုက်ထဲမှာ ထိုးယဲ့စုပုံထားတဲ့ အလောင်းသုံးဆယ်ကို ကျွန်မကိုယ်တိုင်တွေ့ခဲ့ရတယ်၊ အလောင်းတွေထားစရာ နေရာမရှိတော့ဘူး၊ ၁၀ နှစ်အရွယ်ကလေးငယ်တစ်ယောက်ရဲ့ နှာခေါင်း အလယ်တည့်တည့်မှာ ကျည်ဆံပေါက်တပေါက်ကိုလည်း တွေ့ရတယ်" ဟု မီလင်ဒါလင်ယူက ပြန်ပြောပြသည်။

တနင်္လာနေ့တွင် ကြည့်မြင်တိုင်၌ အသက် ၁၇ နှစ်၊ ၁၄ နှစ် ဝန်းကျင်ရှိ ဆန္ဒပြ ကျောင်းသူတစုကို စစ်သားများက ပစ်ခတ်ခဲ့ကြကြောင်း အရှေ့တိုင်းသံတမန်တဦး ပြောကြားခဲ့သည်၊

"ဖြစ်ပျက်နေတဲ့ကိစ္စတွေဟာ အတော်ကိုရက်စက်ရာကျပါတယ်။ ဒီအတွက် ဘယ်လိုမှ ခွင့်လွှတ်နိုင်စရာမရှိပါဘူး။ လူထုဟာ သူတို့အနာဂတ်ပြည်မြို့ရေးအတွက် ကျောင်းသားလေးတွေနဲ့ လက်နက်မဲ့ဆန္ဒပြသူတွေကို သတ်ပြတ်ဖို့ ခန့်မရှေး မဲ့ကြဘူး။ ဒါဟာ အာဏာသိမ်းတာ မဟုတ်ဘူး။ သူတို့ထဲမှာတော့ ဆုပ်ကိုင်ထားပြီး ဘိုင်းပြည်ကို အုပ်ချုပ်နေမှုတော့ အာဏာသိမ်းတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား" ဟူ၍ ထိုသံတမန်က ဆက်၍ ပြောပြသည်၊

ဗိုနီပ်မူမှာ တပြည်လုံး၌ တပုံစံထဲဖြစ်သည်။ အာဏာမသိမ်းမီ ရက်သတ္တပတ်က တစ်လှန်ထားပြီး ဖြစ်သည့်တပ်များမှာ ၂၇ ရက်နေ့ စောစောပိုင်းတွင် တနိုင်ငံလုံးရှိ သပိတ် စခန်းများကို တပြိုင်နက်ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်၊

မန္တလေး၌ ဆန္ဒပြသူများက စစ်တပ်နှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ကြရာ တွဲမှုလားကို ဓါးမှအသင်းသွင်းပြီး အကာအကွယ်ယူခဲ့ကြသည်။ သို့သော် စစ်သေနတ်နှင့် မောင်းပြန် သေနတ်အရှေ့ရာပိမှ မကာကွယ်နိုင်ခဲ့ကြပေ။ စက်တင်ဘာလ ၂၂ ရက်နေ့တွင် မြန်မာ့အသံမှ "မသမာသူတစုက ဘီရှော့အုန်များကို အကာအကွယ်ယူကာ လုံခြုံရေးတပ်များကို လေးခွ ဂျင်ငပ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ထို့ကြောင့် လုံခြုံရေးတပ်သားများက ပြန်လည် ပစ်ခတ်ခဲ့သဖြင့် ကိုး ၅ ယောက် ထိမှန်သေဆုံးခဲ့ရကြောင်း" ကြေညာခဲ့သည်။

မန္တလေးမြို့ခံများ ပေးပို့သည့်သတင်းအရ မန္တလေးမှ သပိတ်စခန်းတခုကို စစ်တပ်က ဖြိုခွင်းပစ်ခတ်ခဲ့ရာ လူဦးရေ ၁၅၀ ခန့်သေဆုံးခဲ့ရကြောင်း သိရှိရသည်။ ထိုစခန်းမှာ တနိုင်ငံလုံးတွင် အရေးပါဆုံး သပိတ်စခန်းတခုဖြစ်သည်။ ဧရာဝတီမြစ်ကမ်းပေါ်မှ ရေနံမြို့တမြို့ဖြစ်သော ချောက်မြို့တွင် အာဏာသိမ်းမှုကို ကန့်ကွက်ဆန္ဒပြခဲ့ကြသော ပြည်သူများအား ဒေသခံစစ်တပ်က ပစ်ခတ်ခဲ့သဖြင့် လူနှစ်ဆယ်သေဆုံးခဲ့သည်။ ရှမ်းပြည်နယ်တောင်ကြီးမြို့တွင် ၁၈ ရက်နေ့က ဖြစ်ပွားခဲ့သော ပစ်ခတ်မှု၌ အမျိုးသမီးငယ် တဦး သေဆုံးခဲ့သည်။ နောက်တနေ့တွင် သူမဈာပနကို ပြင်ဆင်ရန် မြို့လယ်ခေါင် လမ်းပေါ်ရှိ ခရစ်ယာန်ဘုရားကျောင်းအပြင်ဘက်တွင် လူများစုဝေးခဲ့ကြသည်။ ထိုအခိုက် စစ်ကားတစီးရောက်လာပြီး လူအုပ်ထဲသို့ မောင်းပြန်သေနတ်များဖြင့် ပစ်ခတ်လေတော့သည်။ ဒေသခံလူများ၏ ခန့်မှန်းချက်အရ စုစုပေါင်းလူ ၄၀ ခန့် သေဆုံးခဲ့ရသည်ဟု ဆိုသည်။

အစိုးရသတင်းကမူ အဓိကရုဏ်းသမား ၁၀၀ ခန့်သည် ဂျင်ကင်၊ လေးခွတို့ဖြင့် ကင်းမြဲရဲတပ်သားများကို တိုက်ခိုက်သဖြင့် စစ်တပ်က ပြန်လည်ပစ်ခတ်ရာ တဦးသေဆုံးပြီး တဦးဒဏ်ရာရရှိခဲ့သည်ဟု ကြေညာခဲ့သည်။

၁၉ ရက်နေ့ နံနက်ခင်း၌ သားယက်မြို့ရှိ သပိတ်စခန်းအပြင်ဘက်တွင် ပြည်သူများ စုဝေးခဲ့ကြသည်။ တံခွန်နှင့် ခေါင်းအလံများ အလယ်တွင် တလူလူလွင့်နေသည်။ ဒေသခံ သပိတ်ခေါင်းဆောင်များဖြစ်ကြသည့် အသက် ၅၁ နှစ်အရွယ်ရှိ အထက်တန်းကျောင်းဆရာ ဦးချမ်းလှနှင့် ကျောင်းအုပ်ဆရာကြီး ဦးပန်ချော်တို့ တရားဟောနေရာသို့ စစ်တပ် ရောက်လာပြီး လူစုခွဲရန် ပြောသည်။ လူအုပ်ကြီးက အမိန့်မနာခံသဖြင့် အမှုခေါင်းဆောင် ဒုဗိုလ်မှူးကြီး မြင့်သိန်းဆိုသူက ပစ္စတိုဖြင့် ကျောင်းအုပ်ဆရာကြီးအား ပစ်သတ်လိုက်သည်။ ထို့နောက် ဦးချမ်းလှနှင့် တခြားဆန္ဒပြသူများကိုလည်း စစ်သားများက နှက်ချင်း သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။

ထိုင်းနိုင်ငံ မဲဆိုင်နှင့် မျက်နှာချင်းဆိုင်ရှိ မြန်မာနယ်စပ်ဘက်ရှိ မြို့လေးတမြို့ဖြစ်သည့် တာချီလိတ်တွင် ၁၉ ရက်နေ့အာရုဏ်ဦး၌ ကျောင်းသား ၁၂ ဦး ဖမ်းဆီးခံရသည်။ ၄ ရက်အကြာ၌ စစ်သားနှင့် အရပ်သားများ တင်ဆောင်လာသည့် စစ်ကားများ အစဉ်လိုက် မြို့၏တောင်ကုန်းပေါ်မှ စစ်တပ်ရှိရာသို့ ဦးတည်မောင်းနှင်သွားကြောင်း မျက်မြင်သက်သေ တဦးက ပြောဆိုခဲ့သည်။ မှောင်မကြာမီ စခန်းမှ စက်သေနတ်သံများကို ကြားခဲ့ရသည်။ စစ်ကားများ စခန်းမှပြန်ထွက်လာသည့်အခါ ကားပေါ်၌ အရပ်သားများ မပါလာတော့ချေ။

ဩဂုတ်/ ဒီအာဏာသိမ်းပြီးနောက် ရန်ကုန်မြို့ရှိ မြို့နယ်အသီးသီးတွင် အလားတူ ရက်စက်မှုသတင်းများ ထွက်ပေါ်လာခဲ့သည်။ တောင်ဥက္ကလာပမြို့နယ်တွင် မိဘများ၏ ရှေ့မှောက်၌ လူငယ်နှစ်ဦး ပစ်သတ်ခံခဲ့ရသည်ဟု ဒေသခံသူများက ပြောကြသည်။ ဆေးရုံများသို့ စစ်သားများ ဝင်ရောက်ပြီး ဆန္ဒပြပွဲ၌ တက်ကြွစွာပါဝင်ခဲ့သော ဆေးကျောင်းသားများ၊ ဒီမိုကရေစီနှင့်ပတ်သက်သည့် ကာတွန်းကဗျာ၊ တေးသီချင်းများကို ရှာဖွေခဲ့ကြ သည်။ ရန်ကုန်မြို့ခံတဦး၏ ပြောပြချက်အရ ယူဂိုနိုင်ငံသံအမတ်ကြီးက စက်တင်ဘာလ ၂၄ ရက်နေ့ သင်္ချိုင်းပေါ်ပြုရက်တွင် စစ်သားများက တအိမ်တက်တအိမ်ဆင်း လက်နက်များကို ဝင်ရောက်ရှာဖွေပြီးနောက် အဖိုးတန်ပစ္စည်းများကိုလည်း ယူဆောင်သွား ခဲ့ကြသည်။ ပြည်သူများမှာ မည်သို့မျှ ပြန်မခုခံနိုင်ခဲ့ဟု ပါရှိသည်။

စက်တင်ဘာလ ၂၀ ရက်နေ့ ထုတ်ပြန်ကြေညာချက်၌ တိမ်းရှောင်နေသော မင်းကိုနိုင်က နောက်ဆုံးအနေနှင့် တနိုင်ငံလုံးက အစိုးရကို နှုတ်ပါးသွားရန်

ပြင်ဆင်လျက်ရှိကြောင်း၊ အဓိနိုင်ငံ လွတ်လပ်ရေးအတွက် စတေးလိုသည့် ဆန္ဒသက် ဂုဏ်ယူစရာ မည်သည့်အရာမှမရှိကြောင်း၊ သူတို့အနေနှင့် ပါးစပ်ပြောကို ရပ်ဆိုင်းတော့မည်ဖြစ်ပြီး အနီးရှုအား နောက်ဆုံးလေဖမ်းစားသောအရန် သတိပေးလိုက်သည်ဟု ပါရှိလေသည်။

အမေရိကန်အဖွဲ့ဝင်များက စစ်ဟာပ်းကိုတိုက်ခိုက်ရန် ကြိုးစားခဲ့သော်လည်း အချည်းနှီးဖြစ်သွားရသည်၊ ထွန်းထွန်းဦး၊ ခေါင်းဆောင်သော အမျိုးသားလွတ်မြောက်ရေး ဒီမိုကရက်တစ်တပ်ဦးက မှောင်နှိုးချူမှ ပယ်ယူခဲ့သော ခုံးကျည်များဖြင့် ကော်တင်ဘာလ ၁၉ ရက်နေ့က မြို့ပေါင်းခန်းကို ပစ်ခတ်ခဲ့သော်လည်း အနည်းငယ်သာ ပျက်ဆီးခဲ့သည်။ များမကြာမီ ထွန်းထွန်းဦးမှာ ထိုင်းနယ်စပ်သို့ ထွက်သွားခဲ့သည်။ ပြည်ပအောက် လှုပ်ရှားမှုအတွက် သူ့နေရာကွင်း ကျော်သန်းက ဝင်ရောက်နေရာယူခဲ့သည်။ စင်စစ် ထိုအစီအစဉ်မှာ ထောက်လှမ်းရေး၏ ဖြေလှမ်း ဖြစ်ခဲ့လေသည်။ နောက်ပိုင်း၌ ကျော်သန်း ဦးဆောင်နေသောက်ရှိ အဖွဲ့ဝင်အတော်များများမှာ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့၏ ဖမ်းဆီးခြင်းကို ခံရလေတော့သည်။ ထားဝယ်နေ့နှင့်အခါ နေ့တွင် ရဲစခန်းအမြောက်အမြား မီးရှို့ပျက်စီး ခြင်းခံရလေသည်။ မီးရှို့သူများက ရဲစခန်းမှ သေနတ်များကို သိမ်းယူသွားခဲ့သည်။ ဟမ့်ပေဦးက ရန်ကုန်ရှိ မိုက်ကရိုဝေ့ (Microwave Antenna) မျှော်စင်ကို ဒိုးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နိုင်ငံ၏ ကြေးနန်းဆက်သွယ်မှုများ အတွက်ရပ်ဆိုင်းသွားခဲ့သည်။

တိုက်ခိုက်မှုများ၏ ရှမ်းအားမှာ သေးငယ်လှသည်။ စစ်တပ်ကိုသဘောကျခဲ့သည့် လင်ရှင်တစ်ရာမှာ မည်သူမှန်းမသိသော မြန်မာလူငယ်ဦးက မြန်မာ့အသံမှ သတင်းထုတ်လွှင့်မှု တခုကို နှောက်ယှက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်ကြီးစောမောင်၏ ဖမ်းယူထားသော မိန့်ခွန်းများကို မြန်မာ့အသံမှ ထုတ်လွှင့်ပြီး အဆိုပါ မှတ်တမ်း၏ အသံကလည်း ပေါ်ထွက်နေသည်။ ဗိုလ်ချုပ်စောမောင်က မိန့်ခွန်းပြောရင်း "မသမာသောအဖွဲ့အစည်းများ" ဟူသော နေရာရောက်သည့်အခါ အသံတစ်ခုက "ခင်ဗျားတို့သာ မသမာသူတွေ" ဟုရှင်း၊ "ကျွန်တော်တို့ ရဲ့နည်းနဲ့ အစိုးရဖွဲ့လိုက်ရတဲ့အကြောင်းပေး ကျွန်တော်တို့ဟာ မိုးပြည်အာဏာကို အကြောက်ကြီးဆုပ်ကိုင်ထားလိုတဲ့ ဆန္ဒမရှိဘူးဆိုတာ သေချာလှစ်နေပါတယ်" ဟု ဆိုသောအခါ တဖက်မှ တကိုယ်တော်ဆန့်ကျင်ရေးသမားက "ဆန္ဒမရှိရင် ဘာလို့မကောသိမ်းလဲ" ဟုရှင်း၊ ဗိုလ်ချုပ်စောမောင်က ဆွေးနွေးမှုရပ်အနှံ့ကာ "ကွန်တော် စကားအနည်းငယ် ပြောချင်ပါသေးတယ်" ဟူသော အသံနောက်မှ "ဘာမှမပြောပါနဲ့" ဟုရှင်း ထွက်ပေါ်လာခဲ့သည်။ ဗိုလ်ချုပ်စောမောင်မိန့်ခွန်းကို အနှောက်အယှက်ပေးနေသည့် ထိုအသံမှာ တိုးလွန်းလှသည်းကို မကောက်မြှင့်အားဖြင့် သူ့ကိုယ်ပိုင် ရေဒီယို အသံလွှင့်စက်ကို အသုံးပြုခဲ့ကြောင်း ညွှန်ပြလုပ်ရှိသည်။ ဘီဘီအက်စ်အသံလွှင့်ခန်းမမှ လာသလို့အသံတော့ မဖြစ်နိုင်ပေ၊ လျှို့ဝှက်ဆန်းကျယ်သည့်ထိုအသံရှင် မည်သူဖြစ်သည်ကို မည်သူမျှမသိနိုင်ခဲ့ပေ။ ရက်အနည်းငယ်ကြာသည့်အခါ ထိုအသံသည်လည်း ငြိမ်သက် ပျောက်ကွယ်သွားခဲ့တော့သည်။

* * *

ဗုဒ္ဓဟူးနေ့ရောက်သည့်အခါ ရန်ကုန်မြို့သည် ငြိမ်သက်လျက်ရှိသည်။ လူသတ်ပွဲများ ပြီးဆုံးသွားပြီဖြစ်ပြီး ရန်ကုန်မြို့မှာ ပုံမှန်အခြေအနေသို့ ထူးထူးဆန်းဆန်း ပြန်ရောက် လာခဲ့သည်။ ဆရာဝန်များနှင့် သတင်းထောက်များက သေဆုံးသူဦးရေမှာ ၅၀၀ နှင့် ၁၀၀၀ အကြားရှိမည်ဟု ခန့်မှန်းကြသည်။ ၎င်းတို့ထဲတွင် အများစုမှာ ကျောင်းသားလေး များနှင့် အခြားလက်နက်မဲ့ ဆန္ဒပြသူများဖြစ်ကြသည်။ ထိုစဉ်က သံတမန်တစ်ဦးက ရန်ကုန်မြို့သည် နိုင်ငံရပ်ခြားတိုင်းတပါးက သိမ်းယူ၍ အစုရှယ်ပြုထားကာမည့်ပုံစံနှင့် တူနေသည်ဟု ဆိုသည်။ အရောက်ဆုံး၌ လမ်းနောက်ကျင်းထဲသားများ ပြည့်နှက်လျှက်ရှိပြီး ဆင်ခြေဖုံးမြို့လယ်ထိ အဓိကကျသော လမ်းတိုင်း၌ အလားအလားများစွာ ရှိနေသည်။ သို့သော် စစ်တပ်နှင့်ပြည်သူတို့၏ ဆက်ဆံရေးကိုမူ မမြင်တွေ့ရပေ။ စစ်သားတို့အပေါ် အသွင်းထားသည့် အကြည့်မျိုးသာ ပြည်သူတို့ မျက်နှာတွင် ပေါ်လွင်နေသည်။

စက်တင်ဘာလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးချုပ်ခင်ညွန့်နှင့် နိုင်ငံခြားစစ်သံမှူးများနှင့်တွေ့ဆုံရာတွင် အာဏာသိမ်းစဉ်ကာလ၌ လူပေါင်း ၂၆၇ ဦးသာသေဆုံးခဲ့ပြီး ယင်းတို့အနက် ၂၃၈ ဦးမှာ အဓိကသားများဖြစ်ကြ၍ ကျန်ပုဂ္ဂိုလ်များမှာ စစ်တပ်နှင့် ရဲအင်အားဖြစ်ကြောင်း၊ သေဆုံးခဲ့သူ အများအပြားမှာ လုယက်သူနှင့် ဓားမြသူများသာဖြစ်ကြောင်း ပြောကြားခဲ့သည်။ သူက ဆက်လက်၍ တပ်မတော်အနေနှင့် တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးအတွက် ဝင်ရောက်လာခဲ့ရခြင်းသာဖြစ်ပြီး ဆူပူသူများမှာ တပ်မတော်၏စေတနာကို အလွဲသုံးစားလုပ်ပြီး မင်းမဲ့စရိုက်ဆန်ဆန်ဖြင့်အမှု ရှောက်အောင် ဖန်တီးခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည်။

စစ်တပ်မှ အာဏာသိမ်းယူမှုဖြစ်စဉ်အကြောင်းကို ဗိုလ်မှူးချုပ်ခင်ညွန့်က ရှင်းလင်း ပြောကြားရာတွင် ၁၇ ရက်နေ့ကဖြစ်ပွားခဲ့သည့် ကုန်သွယ်ရေးဝန်ကြီးဌာနအဆောက်အအုံမှ ရုတ်ရုတ်သဲသဲဖြစ်ပွားခဲ့မှုကို လက်ညှိုးထိုးပြခဲ့သည်။

မြန်မာပြည်မှ ခိုးထုတ်ကာ ကမ္ဘာ့အရပ်ရပ်ပြသခဲ့သည့် အရေးအခင်း ဗွီဒီယို တိတ်ခွေများကို ရည်ညွှန်း၍ ဗိုလ်မှူးချုပ်ခင်ညွန့်က "တပ်မတော်ရဲ့ အရက်တက်ဖြစ်မှုကို တကမ္ဘာလုံးက မြင်တွေ့ခဲ့ကြရတယ်"ဟူ၍ ပြောကြားခဲ့သည်။ သို့သော် လက်နက်မဲ့ ကလေးသူငယ်များအား အရက်မူးပြီး သတ်ဖြတ်ခဲ့ခြင်းဖြင့် ကမ္ဘာ့အလယ်တွင် တပ်မတော်၏ ထိခိုက်သွားသည့် ဂုဏ်သိက္ခာကို ပြန်လည်အမွမ်းတင်နိုင်ပြီဟု မည်သည့် အတွက်ကြောင့် တွေးထင်ခဲ့သည်ကို ရှင်းပြမသွားခဲ့ပေ။

ဗိုလ်မှူးချုပ်ခင်ညွန့်၏ ရှင်းလင်းချက်များ၌ အဓိက အချက်အလက်များ မပါရှိခဲ့ပေ။ ကုန်သွယ်ရေးဝန်ကြီးဌာန အရေးအခင်းသည် ချက်ခြင်း အာဏာသိမ်းရန်အကြောင်း အမှန်တကယ်ပင်ဖြစ်ပါက စစ်တပ်မှ မြို့တော်အတွင်းသို့ လေးကိုးနယ်မြေမှ အလျင်ပြေးများကို အာဏာသိမ်းရန် ရက်သတ္တပတ်အလိုက်၌ ကြိုတင်ခေါ်ယူခဲ့ပြီး အဓိကမြို့ကြီးများသို့လည်း စစ်သားများစေလွှတ်ခဲ့သည်မှာ အဘယ်ကြောင့်ပါနည်း။

စစ်တပ်မှ နောက်လိုက်အချို့က မည်သည့်အတွက် စက်တင်ဘာလ ၁၆ ရက်နေ့၌ (ကုန်သွယ်ရေးဝန်ကြီးဌာနအရေးအခင်းမဖြစ်မီပေါ်မီ) တပ်မတော်သားများအနေနှင့် မဆလ ပါတီမှ နုတ်ထွက်ကြရမည်ဟု ကြေညာခဲ့သည်ကို ယခုအချိန်၌ ရန်ကုန်မြို့နေလူထုများက သဘောပေါက်လာကြပြီဖြစ်သည်။

ခွဲခြားမရနိုင်သည့် တပ်မတော်နှင့်ပါတီကို တသီးတခြားခွဲထုတ်ပစ်လိုက်ခြင်းအားဖြင့် စစ်တပ်အနေနှင့် ပါတီအကျိုးထက် အမျိုးသားအကျိုးကို ကာကွယ်ရန် ဝင်ရောက်ရခြင်း ဖြစ်သည်ဟု လွတ်လပ်စွာပြောဆိုနိုင်မည်ဖြစ်သည်။

ထိုအဆိုကိုအားဖြည့်ရန် ငြိမ်/ဝသည် ၁၉ ရက်နေ့၌ ၁၉၆၄ ခုနှစ် အမျိုးသား ညီညွတ်ရေးအားကာကွယ်သည့် ဥပဒေကို ရုပ်သိမ်းခဲ့သည်။ ထိုဥပဒေမှာ မဆလပါတီမှလွဲ၍ တခြားပါတီအားလုံးကို ပိတ်ပင်တားမြစ်သည့် ဥပဒေဖြစ်သည်။ အာဏာရပါတီနှင့် အဖွဲ့အစည်းများကို အကာအကွယ်ပေးသည့် ၁၉၇၄ ခုနှစ်ဥပဒေကိုလည်း ရုပ်သိမ်းခဲ့သည်။

ငြိမ်/ဝ ဖွဲ့စည်းပြီး နောက်ပိုင်းဖြစ်ရပ်များမှာ ကုန်သွယ်ရေး အရေးအခင်းက လက်တလော ဆုံးဖြတ်ချက်ချရန် ဆွပေးလိုက်ခြင်း မဟုတ်ကြောင်းကို ယုံကြည်စေခဲ့သည်။

ငြိမ်/ဝတို့၏ လက်တလောဆုံးဖြတ်ချက်မဟုတ်။ စနစ်တကျပြင်ဆင်၍ ကျွမ်းကျင်စွာ ညွှန်ကြားခဲ့သည့် အစီအစဉ်တခုသာဖြစ်သည်။ ထိုအစီအစဉ်ကို ရက်ချင်း အကောင်အထည် ဖေါ် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်သည်။

• • •

၁၈ ရက်နေ့ နံနက်စောစော၌ ဦးနေဝင်းသည် သူ၏ အေဒီလမ်းရှိနေအိမ်သို့ ဗိုလ်ချုပ်ကြီးစောမောင်အား ခေါ်ယူတွေ့ဆုံခဲ့သည်။ ပိုမိုဆိုးဝါးလာသော တရားဥပဒေ အခြေအနေက အာဏာသိမ်းရန် ခိုင်လုံသောအကြောင်းပြချက်တခု ဖြစ်ကြောင်းကို တွေ့ရှိနိုင်သည်။ အေဒီလမ်းသို့ ရောက်လာသော နောက်ညသည်တရောက်မှာ ဒေါက်တာ မောင်မောင်ဖြစ်သည်။ ညနေ ၃ နာရီတွင် ဒေါက်တာမောင်မောင်အား ရာထူးမှနုတ်ပယ် မည်ဟု ဦးနေဝင်းက ပြောကြားခဲ့သည်။ ထိုနေ့ မွန်းလွဲပိုင်း၌ နိုင်ငံတော် ငြိမ်/ဝအဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ နောက်တနေ့ သတ်ဖြတ်မှုများ ဆက်လက် ဖြစ်ပွားနေချိန်၌ ငြိမ်/ဝအစိုးရသည် ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးများအဖွဲ့နှင့် အခြားအာဏာပိုင်အဖွဲ့အစည်းများအားလုံးကို ဖျက်သိမ်းပစ်လိုက်သည်။ မဖျက်သိမ်းဘဲထားသည့် တခုတည်းသော အဖွဲ့အစည်းမှာ ရွေးကောက်ပွဲကော်မရှင်ပင် ဖြစ်သည်။

၂၀ ရက်နေ့တွင် ငြိမ်/ဝသည် ဝန်ကြီး ၉ ဦးပါသောအစိုးရကို သူတို့ဘာသာ ဖွဲ့စည်း လိုက်သည်။ တဦးလျှင် ဝန်ကြီးဌာန နှစ်ခုမှသုံးခုအထိ ကိုင်ထားကြသည်။ ကျန်းမာရေးနှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်ထားသော ဒေါက်တာပေသိန်းတဦးမှလွဲ၍ ကျန် အားလုံးမှာ စစ်ဘက်မှ အရာရှိများသာဖြစ်ကြသည်။ အထွေထွေသပိတ်တိုက်ပွဲတွင် ပါဝင် ခဲ့ကြသည့် ဝန်ထမ်းများ(တနိုင်ငံလုံးနီးပါး)အား စက်တင်ဘာလ ၂၆ ရက်နေ့ နောက်ဆုံး ထားပြီး အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ထိုရက်မှကျော်လျှင် အလုပ်မှထုတ်ပစ်မည်ဟု ကြေညာခဲ့သည်။

အေးချမ်းတည်ငြိမ်မှု ပြန်လည်ရှိလာစေရန်အတွက် နိုင်ငံအနှံ့ရှိ သပိတ်စခန်းများကို ဖြိုခွဲခဲ့ကြောင်းနှင့် ဖြိုခွဲခဲ့သောသပိတ်စခန်းစရင်းရှည်ကြီးတွင် နေရာအတိအကျကို ထည့်သွင်း၍ အစိုးရအသံလွှင့်ဌာနမှ ကြေညာခဲ့သည်။ ပြည်သူနှင့်နိုင်ငံတကာ အဖွဲ့အစည်းများ၏ အထင်အမြင်တမျိုးပြောင်းလာစေရန် အများသိအောင် ကြေညာခဲ့ဟန် တူသည်။ သို့သော် တချိန်တည်း၌ပင် ငြိမ်/ဝ အစိုးရက တော်လှန်မှုအတိုင်းအတာ

မသိမှုကိုယ်ပြန်ခဲ့သည်ကို မရည်ရွယ်ဘဲ ဖန်တီးမိလျက်သား ဖြစ်နေတော့သည်။ နိုင်ငံခြားမှ ရေးလာသူများမှာ မြို့ကလေးများနှင့် မြို့ကြီးများ၌သာ အရေးအခင်း အခိုကဖြစ်ပွားခဲ့ သည်ဟု ယူဆခဲ့ကြသည်။ သို့သော် ယခု မြန်မာ့အသံမှ မြို့ငယ်နှင့် ရွာကြီးများရှိ သပိတ်စခန်းများကိုလည်း ဖြိုခွင်းခဲ့ကြောင်း ဖင့်ကြားရှာ ကြေညာခဲ့လေပြီ။ ၎င်းတို့မှာ ကလေးပြည်နယ်တွင် မောချီး၊ ဘော်လခဲ နှင့် ဖါးဆောင်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ငပုတော၊ သာပေါင်း၊ ရခိုင်ပြည်နယ်တွင် ကျောက်ဖြူ၊ သံတွဲ၊ ရှမ်းပြည်နယ်တွင် မိုင်းယောင်း၊ မိုင်းဖြတ်၊ မန္တလေးတိုင်းတွင် ကျောက်ပန်းတောင်း၊ ယမည်းသင်း နှင့် တံတားဦးကျွန်း သည့် မြို့ရွာတို့မှ သပိတ်စခန်းများဖြစ်သည်။ အံ့ဩဖွယ်ကောင်းသည်မှာ ယခင် ကတည်းက နိုင်ငံပေါ်ပေါ်ပေါ် သာဓကအရှိဆုံးပြည်နယ်အဖြစ် သတ်မှတ်ခြင်းခံရပြီး ကာလ ရှည်ကြာစွာ အေးအေးငြိမ်သက်နေခဲ့သော ရှင်းပြည်နယ်တွင် ဘီးတိန်၊ ဗယေမ်းနှင့် ဟားခါးမြို့များရှိ သပိတ်စခန်းတို့မှ အဖျက်သမားများကိုလည်း အစိုးရက လိုက်လံဖမ်းဆီး နေသည်ဟု ကြေညာခဲ့ခြင်းပင်ဖြစ်သည်။

ထိုသို့လိုက်လံဖမ်းဆီးမှုများကို စနစ်တကျ လုပ်ဆောင်မှုခြင်းသည် "ဆန့်ကျင်မှု အားလုံးပျောက်ရန် လုံးဝအကြံအစည်မရှိ" ဟူသော ယူဆချက်ကို ဝိုင်ပိုင်မဖော်ခဲ့သည်။ ဆုံးဆက်ထွယ်နေရ၍ အဖြေမရ ရှုပ်ထွေးသော မင်းပွဲမရှိကိုဆန့်လာသောက် တွေ့ဆုံခြင်းမှာ သုတ်သယ္မားကို အာဏာသိမ်း၍ အကောင်းဆုံးအနာကြောင်းပြချက်ကို ရရှိခဲ့သည်။ ဆီမှမကသေးဘဲ အရေးကြီးသည့်အကြောင်းတရပ်မှာ စစ်တပ်ပေ ဖောလေ လျှိုနေခဲ့ပြီး ပြည်သူများအား အကြောင်းအလိုဖြစ်စေမသိလို အားကိုးစွက်ခဲ့ခြင်းဖြစ်သည်။ သို့နှင့် ချိမ့်အဖက်းကျိုက်အစီများကို ပေါ်ပေါ်သို့ ထွက်ပေါ်လာသည်။

ရန်ကုန်မြို့နှင့် နေရာအနှံ့အပြား၌ စစ်တပ်ကဖမ်းဆီးမှုများ ပြုလုပ်ကြသည့်အခါ စစ်ဆရာရှိများလက်ထဲ၌ သပိတ်ခေါင်းဆောင်များ၏ အမည်စာရင်းနှင့် ဓါတ်ပုံများကိုပင် ကိုင်ဆောင်ထားကြောင်း သိရသည်။ ထိုအခါ ဩဂုတ်လလယ်တွင် ထင်ရှားပေါ်ပေါ် ဆန္ဒပြခဲ့ကြသူများက သူတို့၏ အမှားများအပေါ် နောင်တရကြသည်။

အာဏာသိမ်းပြီးနောက် မကြာခင်မှာပင် တောင်ကြီးမြို့လေးရုံမှ ဆရာဝန် ၃ ဦး ဖြစ်ကြသော ဒေါက်တာမောရန်နိုင်၊ ဒေါက်တာတင်ဝင်းနှင့် ဒေါက်တာစနီလင်းတို့မှာ သပိတ်ခေါင်းဆောင်များအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရသည်။ မြစ်ကြီးနားပေါ်ရှိ ပုသိမ်မြို့မှ သပိတ်ခေါင်းဆောင် ကျောင်းသားရွှေအညွန့်ကြီးရေး ဒေါက်တာမောင်ဆောင်ရှိန် သည်လည်း အဖမ်းခံခဲ့ရသည်။

အောက်တိုဘာလ ၂ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့များက ရန်ကုန်မြို့ဘာလမ်းရှိ ဓပယ်ဦးတာ်ဆေးတိုက်သို့ ဝင်ရောက်ကာ ပြဿနာလေးနှင့် စက်တင်ဘာလ ဆန္ဒပြပွဲများ၌ ပါဝင်ကြွတ်သွားခဲ့၍ ဆီးရှားသောလူပြက်လုံးများဖြင့် ဆင်ရှားသူ ရုပ်ရှင်သရုပ် ဆောင် ဇာဂနာကို ဖမ်းဆီးခဲ့သည်။ သူနှင့်အတူ ဓပယ်ဦးဆေးဆိုင်မှ ထုတ်ဝေသူ ဦးတင်စိုး၊ ရုပ်ရှင်သရုပ်ဆောင် မင်းသားများဖြစ်ကြသည့် ဇင်ဒိုင်း၊ မိုးဝင်းနှင့် ညီကင်းစိန်တို့လည်း ဖမ်းဆီးခြင်းခံခဲ့ရသည်။ ၎င်းအပြင် သာမန်ဆန္ဒပြသူ အမြောက်အမြား အဖမ်းခံခဲ့ကြရပြီး သူတို့၏ သတင်းအစအနများလည်း ပျောက်ကွယ်သွားခဲ့လေသည်။ တကယ်တမ်း၌ စစ်တပ်အနေနှင့် သပိတ်ထိပ်ပိုင်းခေါင်းဆောင်များကို ရှာဖွေလုပ်ကာ အသေစိတ်စည်းရုံးရေးမှူးများ၊ ရန်ကုန်မှအရှေ့ခေါင်းဆောင်များနှင့် အခြေခံအဖွဲ့အစည်းများ၏ ကျောရိုးတို့ကို ပစ်မှတ်ထားရှာဖွေခဲ့ကြသည်။

အထူးသဖြင့် ရဲ၊ ကြည်းတပ်နှင့်လေတပ်တို့မှ ပြည်သူ့ဘက်သို့ ပူးပေါင်းလာသူများသည် အကြပ်အတည်းမှုနှင့် ရင်ဆိုင်ကြရတော့သည်။ သူတို့ ပုန်းအောင်းနေကြရာ ဘုန်းကြီးကျောင်းများကို စစ်တပ်က ဝင်ရောက်ရှာဖွေသောအခါ အများအပြား အဖမ်းခံရပြီး အချို့မှာ လွတ်မြောက်သွားခဲ့သည်။ တနင်္ဂနွေနေ့ ညနေပိုင်းတွင် သေဆုံးခဲ့ကြသူ အလောင်းများလေသည်။ ထို့နှင့် ရန်ကုန်မြို့ရှိ ဒုက္ခသည်ဦးရေမှာ နေ့ခြင်းညခြင်းပင် ရာချီ၍ တိုးလာခဲ့သည်။

ဆေးရုံအစင်းနှံ့ စစ်သားများသည် လက်နက်မဲ့ဆန္ဒပြသူများကို ပစ်ခတ်ရန် လက်မနှေးသည့်ပုံ သတင်းများ မကြားခဲ့ရပေ၊ ထို့ကြောင့် နိုင်ငံခြားမှ လေ့လာသူများအတွက် အံ့အားသင့်စရာဖြစ်ခဲ့ရသည်။ ထိုသတင်းများအစား စက်တင်ဘာလ၏ အစပိုင်းက အကဲခတ်လွှတ်ရေးသော မစ်တင်အတွင်းတွင် သူတို့အရပ်ရှင်း စနစ်တကျပြန်လည်ဖွဲ့စည်း နိုင်ခဲ့သည့် သတင်းသာကြားသိရသည်။ စစ်အစိုးရ ပြုတ်ကျခဲ့လျှင် သူတို့၏ အကျိုးစီးပွားများ ထိခိုက်နစ်နာသွားမည်ဟူ၍ ပစ်သင်းအရာရှိ အတော်များများက နားလည်သဘောပေါက်လာကြသည်။ ထို့အပြင် မြန်မာလူ့အဖွဲ့အစည်း၌ သူတို့၏ အခွင့်ထူးခံဘဝကို ခိုင်မြဲအောင် လုပ်နိုင်သောကြောင့် အရေးကြီးမှုတွင် သူတို့အားလုံး အမိန့်ကို နာခံကြလေတော့သည်။

ငယ်စဉ်အစဉ်အလာဖြစ်သော တပ်သားများ ပညာနည်းပါးခြင်း၊ စည်းကမ်း ထိန်းကျဉ်းခြင်း၊ မျက်နှာသာရှိခြင်း၊ မိမိအထက်အရာရှိကို စကြာကန်းချစ်ခြင်းတို့၏ အကျိုးသက်ရောက်မှုအဖြစ် သာမန်စစ်သားများမှာ ကလေးသူငယ်များနှင့် လူအုပ်များသို့ အသေပစ်ခတ်ရန် စိုးရိမ်ကြောင့်ကြခြင်း မရှိခဲ့ကြပေ။ နယ်မှ ရန်ကုန်သို့ အားဖြည့်ခဲ့သည့် စစ်သားများအား အထက်အရာရှိများက ရန်ကုန်မြို့ကို ကွန်မြူနစ်သူပုန်များက သိမ်းယူထားကြောင်း၊ ရန်ကုန်မြို့ လွတ်မြောက်ရန်အတွက် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်းနှင့် ကွန်မြူနစ်များသည် ဆေးခြောက်စီးပွားလုပ်ငန်းကြီးသူများဖြစ်ကြောင်း စသည်ဖြင့် လှုံ့ဆော်ပေးခဲ့သည်ဟု အများက ပြောဆိုလျက်ရှိသည်။ စစ်သားများက လူကို ရင်ဆိုင်ခဲ့ကြရသည့် ကွန်မြူနစ်သူပုန်များသည် မည်သည့်အတွက်ကြောင့် ငယ်ရွယ်လွန်းလှပြီး လက်နက်မဲ့များဖြစ်ကြကာ မြို့ပေါ်အဝတ်အစားများ ဝတ်ဆင်ထားကြသနည်းဟု မေးမြန်းခဲ့ကြလျှင် ထိုအမေးခွန်းကို ထိုစစ်သားများကသာ ဖြေဆိုနိုင်ပေလိမ့်မည်။

ငြိမ်ဝပ်ပိပြားရေးကို ထိမ်းသိမ်းထားနိုင်ရန် လက်နက်ခဲယမ်းမီးကျောက်များမှာ အရေးပါလှသည်။ အထူးသဖြင့် နိုင်ငံတော်ဘဏ္ဍာမှ နိုင်ငံခြားငွေများ ကုန်ဆုံးသင်းပေါ်း ဖြစ်လာသည့်တွင် သင်္ကေရှိ လက်နက်ခဲယမ်းမီးကျောက်များ မည်သို့ရကြောင်းကို နိုင်ငံခြားသံတမန်တို့ သုံးသပ်စပြုလာသည်။ အောက်တိုဘာလ ၆ ရက်နေ့ညတွင် ရန်ကုန်မြို့ ပြည်လမ်းတလျှောက်၌ ထူးခြားစွာ အမှောင်ချထားသည်ကို တွေ့ရသည်။ ထိုအချိန်တွင် ကုန်ပစ္စည်းများ ခြားနားလှစွာ တင်ဆောင်ထားသည့် စစ်ကားကြီးများ ဖြတ်မောင်းသွားကြသည်။ ထိုကားများမှာ မြို့တော်၏ ဆိပ်ကမ်းမှ လေဆိပ်မြောက်ဘက်ရှိ မင်္ဂလာဒုံ စစ်ဂိုဏ်ယင်မြေသို့ ဦးတည်လျက်ရှိသည်။ ပြည်လမ်းပေါ် နေထိုင်သူများ၏ ပြောပြချက်အရ စစ်ကား ၇၅ စီးသည် နာရီပေါင်း ၃ ခေါက်ဖြတ်သန်းသွားသည်ဟု သိရသည်။ ဆိပ်ကမ်းအလုပ်သမားများက "မဟာမိတ်စစ်ပစ္စည်းများ စက်တင်" ဟု ရေးမှတ်ထားသော သေတ္တာများအား သင်္ဘောစင်ပေါ်မှ ချနေသည်ကို တွေ့မြင်ခဲ့ကြရသည်။

သင်္ဘောဖြင့် တင်ပို့ပိုက်သော ပစ္စည်းများတွင် ယမ်းတောင့်များ၊ လက်နက်ခဲယမ်းများ၊ ရိုင်ဖယ်ကျည်ဆံပြွန်လုပ်ရန် ကုန်ကြမ်းအပြင် ၈၄ မမ Carl Gustaf ဒုံးကျည်များပါဝင်သည်။

ထိုဒုံးကျည်များကို ဆွီဒင်နိုင်ငံ FFV ကုမ္ပဏီ၏ ခွင့်ပြုချက်အရ စင်ကာပူနိုင်ငံမှ Chartered Industries ကုမ္ပဏီက ထုတ်လုပ်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံသို့ တင်ပို့မှုမှာ FFV နှင့် စင်ကာပူကုမ္ပဏီတို့ ချုပ်ဆိုထားသည့်စာချုပ်ကို ချိုးဖောက်ရာရောက်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် စာချုပ်အရ ဆွီဒင်အစိုးရ၏ သဘောတူညီမှု မပါရှိဘဲ စင်ကာပူကုမ္ပဏီ အနေနှင့် တတိယနိုင်ငံသို့ တင်ပို့ခွင့်မရှိသောကြောင့်ဖြစ်သည်။ စင်ကာပူရှိ ဒုံးကျည်ထုတ်စက်ရုံမှာလည်း တခြားနိုင်ငံသို့တင်ပို့ရန် ဆွီဒင်အစိုးရ၏ခွင့်ပြုချက်ကို မည်သည့်အခါမှ လျှောက်ယူခြင်း မရှိခဲ့ပေ။

စင်ကာပူနှင့် ရန်ကုန်အစိုးရတို့၏ အကျိုးဆက်ဆံရေးမှာ ၁၉၈၈ ခုနှစ် ဇန်နဝါရီလ၌ စင်ကာပူဝန်ကြီးချုပ် လီကွမ်ယူ မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့စဉ်မှ စခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီလ ၁၆ ရက်နေ့၌ ဝန်ကြီးချုပ်ဟောင်းမောင်မောင်ခ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် လီကွမ်ယူက မိမိအနေနှင့် ရန်ကုန်သို့ ပထမဦးဆုံးလာရောက်ခဲ့သည့် ခရီးမှာ ၁၉၆၂ ခုနှစ် ဧပြီလတွင်ဖြစ်ပြီး ဗိုလ်ချုပ်နေဝင်းနှင့် သိကျွမ်းရခဲ့ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးမှာလည်း ၂၅ နှစ်အတွင်း တိုးပွားလာခဲ့ကြောင်း၊ မြန်မာ–စင်ကာပူ ဆက်ဆံရေးမှာ ချစ်ကြည်ရင်းနှီးမှု ရှိခဲ့ကြောင်း၊ ထိုကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေး ပျက်ပြားမှုများမရှိသည့် ပြဿနာမရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

နောက်ပိုင်းကာလ ၁၈ လအကြာ ပေါ်ပေါက်ခဲ့သည့် စစ်ဖြစ်ပွားမှုများအတွက် နိုင်ငံခြားမှ ရှုတ်ချခံနေရသော မြန်မာနိုင်ငံနှင့် စင်ကာပူတို့ ဆက်ဆံရေးပြောင်းလဲမှု ဖြစ်စေခဲ့ခြင်းဖြစ်မည်။ သို့သော် စင်ကာပူက မြန်မာနိုင်ငံမှ မည်သည့်ပစ္စည်းများ ရရှိခဲ့သည်ကို မသေချာသေးပေ။ မည်သို့ပင်ဖြစ်စေ ရန်ကုန်မြို့နှင့် အထူးသဖြင့် နယ်ခြားဒေသများရှိ ခရုကာနံ့မှ စစ်တပ်၏ လက်နက်ချွမ်းအားပြိုလဲသွားလုနီးခဲ့သည့် သူတို့၏အားအင်ကို ပြန်လည်ဆုတ်ကိုင်နိုင်ရေး အတွက် အထောက်အပံ့ ဖြစ်စေခဲ့လေသည်။

• • •

စက်တင်ဘာလ နှင့် အောက်တိုဘာလအတွင်း စစ်တပ်က ရန်ကုန်မြို့ရှိ အစိုးရဌာနများသို့ ဝင်ရောက်ဖမ်းဆီးမှုများကို ပြုလုပ်ခဲ့သည်။ ဆန္ဒပြပွဲများတွင်ပါဝင်ခဲ့သည့် ရာပေါင်းများစွာသော အစိုးရဝန်ထမ်းများမှာ အလုပ်မှထုတ်ပယ်ခြင်းခံရသည်။ အချို့မှာ ဖမ်းဆီးခြင်းခံရပြီး အချို့မှာ အလုပ်လည်းပြုတ် အဖမ်းလည်းခံကြရသည်။ ထိုအထဲတွင် မြန်မာ့လေကြောင်း၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေးဌာနမှ ကာယကံရှင်အားလုံးနှင့် ဦးဆောင်သူများပါဝင်ကာ ဆန္ဒပြသူများမှာ မြန်မာ့အသံမှ အမှုထမ်း ၁၈ ဦးဖြစ်သည်။ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခဲ့ကြသော ဝန်ထမ်းများမှာလည်း စစ်ဆေးမေးမြန်းချက်ပုံစံကို ဖြည့်စွက်ကြရသည်။ မေးခွန်းများမှာ စီတန်းလှည့်လည်ဆန္ဒပြရာတွင် ပါဝင်ခဲ့ခြင်းရှိမရှိ၊ တရားဟောခဲ့ခြင်းရှိမရှိ၊ ပိုစတာရေးသားဖြန့်ဝေခြင်း၊ ကပ်ခဲ့ခြင်းရှိမရှိ စသည်တို့ဖြစ်သည်။

စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဘီဘီစီ/ဝီအို တရားမဝင်လက်နက်များဖြစ်သည့် ဂုဏ်ဝင်း မေးမြန်းချက် ... ကြားခဲ့ရသည့် အချိန်တွင် ထုတ်ပြန်ခဲ့သည်။ ဘီဘီစီက အိမ်နှင့် ဘုန်းကြီးကျောင်းများသို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ ဝိဟာရမှ အသိမ်းခံခဲ့ရသော သေနတ်အများအပြားကို ပြန်လည်ရရှိသွားသည်။ မြန်မာ့အသံက စက်တင်ဘာလ ၂၂ ရက်နေ့တွင် ဖမ်းဆီးရမိသည့် စကားပြောဆက်သွယ်ရေး စက်ပစ္စည်း သိမ်းဆည်း

ရေမြေကြောင်း ရောက်ရှိလာခဲ့သည်။ ဆက်လက်၍မှာ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့လယ်ရှိ သရက်တောကုန်းကြီးကျောင်းမှ လက်နက်ခဲယမ်းမီးကျောက် အမြောက်အမြားကို သိမ်းဆည်းရမိသည်ဟု အစိုးရသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။ မသမာသူအချို့က စက်တင်ဘာလ ၇ ရက်နေ့၌ ကုန်သွယ်ရေးဝန်ကြီးဌာန အဆောက်အဦး ထပ်တွင် တပ်စွဲထားသော လုံခြုံရေးတပ်ဖွဲ့များထံမှ လက်နက် ၂၃ လက်ကို လုယူသွားကြောင်း၊ မသမာသူတို့ လုယူသွားသည့် လက်နက် ၁၂ လက်ကို ပြန်လည်ရရှိခဲ့ပြီး ၁၁ လက်မှာ ပျောက်ဆုံးနေကြောင်းကိုလည်း ပြောကြားခဲ့သည်။ သရက်တောကျောင်းတိုက် ရှေ့တိုင်ကိုသိမ်း၌ ရှာတွေ့သည့် ၇ ဒသမ ၆၂ ကျည်ဆံအတောင့် ၁၄၀၀ အပြင် ၂ လက်မ ခဲယမ်းတောင့် စုစုပေါင်း ၃၅ တောင့်နှင့် အခြားဖောက်ခွဲပစ္စည်းများကို ပြန်လည်ရရှိခဲ့သည်။

အဲ့ဒီစစ်ကြောမှုမှာ ငြိမ်/ဝပ်အစိုးရက လူ့သတ်မှုနှင့်စပ်လျဉ်း၍ သူတို့ မသင်္ကာသူများကို ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ ယင်းသူတို့မှာ ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ဆန္ဒပြမှုနှင့် ဆက်စပ်နေသော လှုပ်ရှားသူများအား သတင်းပို့ရာတွင် ပါဝင်ခဲ့သူများပင် ဖြစ်သည်။ ဆက်စပ်မှုရှိသူ ၃၈ ဦးကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း အောက်တိုဘာလ ၂၅ ရက်နေ့တွင် အစိုးရသတင်းဌာနမှ ကြေညာခဲ့သည်။ နောက်ပိုင်း၌ လူများစွာတို့ကို ထပ်မံဖမ်းဆီးခဲ့ကာ သူတို့၏ ဓါတ်ပုံများကိုလည်း သတင်းစာထဲ၌ ထည့်သွင်းဖော်ပြခဲ့သည်။

ဖမ်းဆီးမှုများသည် လဆန်းအစောပိုင်းကာလအထိ ဖြစ်ပွားခဲ့သည်။ ဩဂုတ်နှင့် စက်တင်ဘာ ဆန္ဒပြပွဲကာလအတွင်း DDNSI သည် ပြောင်းလဲမှုအရေးလှုပ်ရှားမှု ပျက်စီးယိုယွင်း ခေါင်း၍ သူပုန်အမျိုးမျိုးနှင့် ဆက်နွယ်နေသူများအား မဖမ်းဆီးဘဲ အမေးမြန်းကာပြီး မှတ်တမ်းပြုခဲ့သည်မှာ ထင်ရှားလှသည်။ ဖမ်းဆီးရန်မဆိုထားနှင့် သူတို့၏ လက်ပါးစေ သူလျှိုများကိုပင် ဖယ်ရှားရန် မကြိုးစားခဲ့ပေ။

သို့သော် ဖမ်းဆီးသုတ်သင်မှုများအားလုံးမှာ နိုင်ငံရေးနှင့် သက်ဆိုင်သည်မဟုတ်။ အောက်တိုဘာလ ၁၄ ရက်နေ့ အာရုဏ်မတက်မီအချိန်၌ စစ်ကော်မရှင်ထံသို့ သူနာပြုလမ်းမှ ပြည်သူတို့သည် သေနတ်သံနှစ်ချက်ကြောင့် လန့်နိုးလာခဲ့ရသည်။ ထိုနောက် နားယဉ်နေပြီဖြစ်သော စစ်ကားဟစ်မောင်းသွားသံကို ကြားလိုက်ရသည်။ ဝဲလျှော်မိုးလူများ အရဲစွန့်ပြီး အပြင်ထွက်ကြည့်ကြသည့်အခါ လမ်းထောင့်၌ လူငယ်နှစ်ဦး မြေပေါ်ကျလဲနေသည်။ သေနတ်ဖြင့် သဘောတော် အနီးကပ်ပစ်သတ်သွားသည်ကို တွေ့ရှိကြရသည်။ ထိုအသတ်ခံလိုက်ရသည့် လူငယ်နှစ်ဦးမှာ ရက်အနည်းငယ်က စစ်ဆေးမှု တပ်ကြပ်ကြီးတဦးနှင့် စကားများကြပြီး စစ်ဆေးမှု လိုက်လံဖမ်းဆီးမှု ပြုလုပ်နိုင်ကြောင်း လူငယ်နှစ်ဦးမှာ ပုန်းအောင်းနေခဲ့ကြသည်။ သို့သော် မကြာခင် စစ်သားများက သူတို့ကို တွေ့ရှိသွားပြီး အဆုံးစီရင်ခံခဲ့ခြင်း ဖြစ်သည်။ အစိုးရသတင်းဌာနများက အသတ်ခံခဲ့ရသော လူငယ်များ စာရင်းတွင် နောက်ထပ်နှစ်ဦး ထည့်သွင်းလိုက်တော့သည်။

အလားတူပင် ကိုမြင့်ဟန်နှင့် မဆိုးကြည်တို့ ဇနီးမောင်နှံမှာလည်း ဆင်မလိုက် သိပ်ပါဂမ်း၌ ပစ်သတ်ခြင်းခံလိုက်ရသည်။ ပစ်သတ်သူမှာ စစ်ဗိုလ်မှ ဗိုလ်မှူးအောင်မောင်ဆောင် ဖြစ်သည်။ ထိုဗိုလ်မှူးမှာ ကိုမြင့်ဟန်တို့ဇနီးမောင်နှံ၏ အိမ်တွင် ငှားရမ်းနေထိုင်သူဖြစ်ပြီး အိမ်ငှားခဆင်းပေးရန် ပြောသဖြင့် အငြင်းအခုံဖြစ်ခဲ့ဘူးသည်။ တစ်ထပ်ကြီးတိုးချိန်တွင် ဆင်မလိုက်သဆော်ကျင်းအလုပ်သမားများ ရှေ့၌ ပူလာဘ်ပိုင်း ဇနီးမောင်နှံနှစ်ဦးစလုံးကို ပစ်သတ်ကာ မြစ်ထဲသို့ပစ်ချလိုက်သည်။

ထီးသီးတည်းခြားရပ်တည်နေရသည့် နယ်စွန်နယ်ဖျားဒေသတောင်များကြားမှ စောင့်ကြည့်ပုံ သက်သက်သာလျှင်ဖြစ်ပြီး လှုပ်ရှားမှုများကို မဆက်စပ်နိုင်ခဲ့ပေ။ မတ်လ ၃၀ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုက လူထုအုံကြွမှုကို ထောက်ခံကြောင်း ပထမဦးဆုံး ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး မေလ ၁၃ ရက်နှင့် ၂၁ ရက်နေ့တွင် CPB တို့ကလည်း တရုတ်ပြည်နယ်စပ်အနီးရှိ ၎င်းတို့၏ လျှို့ဝှက်အသံလွှင့်ဌာနမှ မတ်လက ဖြစ်ပွားခဲ့ပုံများကို အံ့ဖွယ်ကောင်းလောက်အောင် တိကျသေချာစွာ အသံလွှင့် ထုတ်ပြန်ခဲ့သည်။

ရန်ကုန်တွင်ဖြစ်ပွားခဲ့သော ဩဂုတ်လနှင့် စက်တင်ဘာလ ဆန္ဒပြမှုများ၌ CPB တို့၏ ပါဝင်ပတ်သက်သည်ဟု ငြိမ်/ဝ အစိုးရက ပြောဆိုကြေညာခဲ့သော်လည်း အထောက်အထားမပြနိုင်ခဲ့ပေ။ CPB နယ်မြေသို့ ကျောင်းသားတော်တော်များများ သွားရောက်ခြင်းမရှိသည့်အတွက် CPB တို့ ကျောင်းသားထောက်ခံမှုမရရှိခဲ့သည်မှာ သိသာလှသည်။ ၁၉၆၂ ခုနှစ်အတွင်း စစ်အစိုးရ ပထမအကြိမ် အာဏာသိမ်းယူပြီး တောခိုခဲ့သော ကျောင်းသားအမြောက်အမြား CPB တို့၏ ဝါဒရေးရာ ဖြတ်ထုတ်သတ်ဖြတ်မှု သုတ်သင်မှု ခံခဲ့ရသည်ကို လူငယ်များက သိထားကြပြီးဖြစ်သည်။

မတ်လအစတိုက်ရုဏ်းဖြစ်ပွားခဲ့ပြီး မကြာမီ KNU တပ်ဖွဲ့တစ်ဖွဲ့က ကျိုက်ထိုမြို့ရှိ ကျိုက်ထီးရိုးဘုရားအနီးမှ စစ်စခန်းများကို တိုက်ခိုက်ခဲ့ကြသည်။ ညှိနှိုင်းတိုက်ခိုက်ခြင်းမှာ ယခင်ကလိုနေရာတွင် တပ်စွဲထားသော တပ်မ ၄၄ ပြန်လည်ရုပ်သိမ်းသွားသည်ကို အခွင့်ကောင်းယူ၍ စစ်ဆင်မှုတစ်ရပ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အစိုးရက ထိုဖြစ်ရပ်ကို ချက်ချင်း ဝါဒဖြန့်စွာအသုံးချခဲ့သည်။ KNU ပြောက်ကျားတပ်သားများက ဘုရားဖူးလာသူ ၅ ဦးကို သတ်ဖြတ်ပြီး ဘုရားအလှူခံပုံးထဲမှ ငွေများကို ခိုးယူသွားကာ ဘုရားအဝန်းအဝိုင်းရှိ ဆိုင်ခန်းများကိုလည်း မီးရှို့ဖျက်ဆီးသွားသည်ဟု မြန်မာ့အသံမှ ကြေညာသည်။

ယင်းဖြစ်ရပ်များကို မျက်မြင်ကိုယ်တွေ့သိရှိသူတို့က ကရင်ပြောက်ကျားများသည် ဘုရားအနီး တပ်ဝန်းကျင်မှ စစ်စခန်းများကိုသာ လက်နက်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ဘုရားပရဝုဏ်ပေါ်သို့ လုံးဝ ဝင်ရောက်ခဲ့ခြင်းမရှိဟု ပြောကြားကြသည်။

KNU တို့က တိုက်ခိုက်မှုမြှင့်ရည်ရွယ်ချက်ကို ပြည်သူများသိရှိအောင် မလုပ်နိုင်ခဲ့သောကြောင့် အစိုးရ၏ သတင်းထုတ်ပြန်ချက်အပေါ် ရန်ကုန်နှင့် အခြားမြို့များမှ ပြည်သူများက ယုံကြည်ခဲ့ကြဟန်တူသည်။ မြန်မာပြည်မှ လူမျိုးစုသူပုန်တို့၏ အားနည်းချက်များမှာ ဧပြီလအစောပိုင်းတွင် ထင်ရှားစွာပေါ်လာခဲ့သည်။ ၎င်းမှာ KNU တို့က ဘုရားသုံးဆူအနီးရှိ မွန်ပြည်သစ်ပါတီစခန်းများကို တိုက်ခိုက်ခြင်းပင်ဖြစ်သည်။ ကရင်နှင့် မွန်တို့ပဋိပက္ခမှာ ထောင်နီးသစ်တောများဆီမှ အခွန်ငွေများရရှိနိုင်သော ကုန်သွယ်ရေးစခန်းများကို ထိန်းချုပ်ရေး၊ ငွေကြေး၊ အာဏာပိုင်မှုကြောင့် ပေါ်ပေါက်လာသည်။ ထိုဖြစ်ရပ်များမှာ မြန်မာပြည်သူများအမြင်တွင် သူပုန်များအတွက် သိက္ခာကျစရာဖြစ်နေသည်။ ပိုဆိုးသည်မှာ ဦးနုပင်က ပါတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာလိုက်သည့် ဧပြီလ ၂၈ ရက်နေ့တွင် ကရင်နှင့် မွန်သူပုန်တို့သည် တစ်ဖက်နှင့်တစ်ဖက် ပြင်းထန်စွာ တိုက်ခိုက်ကြသည့်အဆင့်သို့ ရောက်ရှိလာခြင်းပင်ဖြစ်သည်။ ထိုတိုက်ပွဲမှာ ရက်သတ္တပတ်များစွာ ကြာမြင့်ခဲ့ပြီး အသေအပျောက်အကျအဆုံးများ နှစ်ဖက်စလုံး၌ ရှိခဲ့သည်။ နောက်ဆုံး NDF က ငြိမ်းချမ်းရေးအဖွဲ့တစ်ဖွဲ့က ကြားဝင်ဖျန်ဖြေသည့်အခါမှ နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲလိုက်ကြသည်။ ဩဂုတ်လနှင့် စက်တင်ဘာလ မြို့တွင်းအုံကြွမှုထိပ်ဆုံးရောက် အချိန်ကာလနှင့် သူပုန်တပ်များ တိုက်ခိုက်မှုလုံးဝမရှိခဲ့ပေ။ ထို့ကြောင့် နယ်စပ်ဒေသများမှ

အစိုးရတပ်ဖွဲ့များကို ရုပ်သိမ်းခဲ့ပြီး ရန်ကုန်နှင့် တခြားနေရာများတွင် ချထားနိုင်ခဲ့ခြင်း ဖြစ်သည်။ သို့သော် သူပုန်များအတွက်လည်း အေးကြုပ်နံကြုပ်ဖြစ်စေခဲ့သည်။ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဥက္ကဋ္ဌ ဘရန်ဆိုင်း က နယူးစ်ဝိခ်မဂ္ဂဇင်းနှင့် တွေ့ဆုံမေးမြန်းခန်းတခု၌ အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"လောလောဆယ်ဖြစ်ပျက်နေတဲ့ အရေးအခင်းမတိုင်မီ တပြည်လုံးအနှံ့ မှုးတွဲတိုက်ခိုက်ဆင်ဖို့ ပြင်ဆင်မှုတွေရှိခဲ့ကြပါ၊ ဒါပေမဲ့ ကြိုးစားခဲ့ကြပါ၊ ဘာဖြစ်လို့သိဆိုတော့ အခုလိုအချိန်အခါမျိုးမှာ ကျွန်တော်တို့အနေနဲ့ အခွင့်အရေးယူပြီး မလုပ်ချင်လို့ပါဘဲ"

(သူနှင့်တွေ့ဆုံမေးမြန်းခန်းမှာ အာဏာသိမ်းပြီးကာ ပြုလုပ်ခဲ့ပြီး စက်တင်ဘာလ ၂၆ ရက်နေ့ထုတ် နယူးစ်ဝိခ်မဂ္ဂဇင်းတွင်ပါရှိခဲ့သည်)

* * *

မည်သို့ပင်ဖြစ်စေ စစ်တပ်မှအာဏာသိမ်းမှုသည် သူပုန်များ၏လုပ်ရပ်ကို ပြောင်းလဲခဲ့သည်။ ဘာဘက်နှင့်ဘာဘက်တိုက်ခိုက်ဆင်မှုများ ဆက်လက်ဖြစ်ပွားကြသည်။ အစိုးရစစ်စခန်းများကို ပထမဦးဆုံး တိုက်ခိုက်ဆင်တိုက်ခိုက်လာသည့်အဖွဲ့မှာ သူပုန်ကာဖွဲ့များအနက် အင်အားအတောင့်တင်းဆုံးဖြစ်သော CPB ပင်ဖြစ်သည်။ သူတို့၏ပစ်မှတ်မှာ ဘရပ်နယ်စပ်နှင့် ၂၅ ကီလိုမီတာခန့်ကွာဝေးသော ရှမ်းပြည်အရှေ့တိုင်းမှ မိုင်းယောင်းမြို့လေးပင်ဖြစ်သည်။ သို့မြို့နယ်ရှိ CPB အဖွဲ့မှာ ရှမ်းတိုင်းရင်းသားများမှများပြီး ဒေသခံပြည်သူများ၏ ထောက်ခံအားပေးမှုကို ရရှိသည်။ ဒေသခံတိုင်းရင်းသားတို့မှာ ပါးရေးမှာမှာ လူမျိုးရေးစိတ်ဓါတ်ကို ပို၍တန်ဖိုးထားကြသည်။ ထိုနယ်မြေမှ တပ်မဟာ ၇၆၈ ကို ဦးဝင်းမှိမ်သန်းနှင့် မိုက်ကယ်ဒေးဗစ်စ် (Michael Davies) ဟုလည်း ခေါ်ကြသည်။ မိုင်းမှိ ပန်း၏ဖခင်မှာ မိုင်းယောင်းမြို့မှ ရွာလူကြီးတဦးဖြစ်သည်။ မိုက်ကယ်ဒေးဗီးစ်မှာမူ ရှမ်းနှင့်ဗလလူမျိုး ကပြားတဦးဖြစ်ပြီး ကျိုင်းတုံမြို့မြောက်ဘက်တောင်တန်းများတွင် နာမည်ကြီးသည့် သူပုန်ခေါင်းဆောင်တဦးဖြစ်သည်။

စက်တင်ဘာလ ၂၃ ရက်နေ့တွင် လက်နက်ကြီးတပ်ဆင်ထားသော တပ်မဟာ ၇၆၈ မှ တပ်ဖွဲ့များသည် မိုင်းယောင်းရှိ အစိုးရမြို့စောင့်တပ်ကို အလုံးအရင်းဖြင့် အရှိန်ပြင်းပြင်း တိုက်ခိုက်ဆင်ခဲ့ရာ နောက်ဆုံးတွင် မိုင်းယောင်းမြို့တမြို့လုံး CPB လက်အောက်သို့ ကျရောက်သွားခဲ့သည်။ မြန်မာ့တပ်မတော် ခြေလျင်တပ်ရင်း ၁၁ မှ တပ်ရင်းမှူး ဗိုလ်မှူး ဝင်းလွင်နှင့်အတူ တပ်မတော်သား ၁၃၀ ခန့် ကျဆုံးခဲ့သည်။ ၁၁၀ ကော်ဘီကို ရရှိခဲ့ပြီး ၉ ယောက်ကို အရှင်ဖမ်းမိခဲ့သည်။ မောင်းပြန်သေနတ် အလက် ၃၁ လက်နှင့် ကျည်ဆံ ၁၅၀၀၀ ခန့်ကို ပြောက်ကျားများက သိမ်းဆည်းရမိခဲ့သည်။

အစိုးရတပ်ဖွဲ့များက ချက်ချင်း တန်ပြန်တိုက်စစ်ကို ဆင်နွှဲခဲ့ကြပြီး ရက်မြောက်နေ့တွင် မိုင်းယောင်းကို လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အဆောက်အဦးများစွာ ပျက်စီးခဲ့ပြီး မြို့တွင်းရှိ ဘုန်းကြီးကျောင်းမှာလည်း အကြီးအကျယ်ပျက်စီးသွားခဲ့သည်။ တခြားမြေပြင်တပ်ဖွဲ့များက မိုင်းယောင်းမြို့ကို အမြောက်များ၊ မော်တာများဖြင့် ပစ်ခတ်ကြသည်။ စစ်တပ်၏ အထက်မှအမိန့်မှာ ကျဆုံးသွားသော စခန်းများကို မဖြစ်မနေ ပြန်လည်ရယူရန်ဖြစ်သည်။ ထိုအချိန်၌ ရန်ကုန်မြို့တွင်ရှိသော လေ့လာသူ သံတမန်

အသိုင်းအဝိုင်းက အစိုးရဘက်မှ အသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရမှုမှာ တပ်ရင်းတရင်းနီးပါးဖြစ်သည်ဟု ခန့်မှန်းခဲ့ကြသည်။

ရက်အနည်းငယ်အကြာ တဘက်နှင့်တဘက် အပြင်းအထန်တိုက်ခိုက်ကြပြီးနောက် စိုင်းနွမ်ပန်းတို့အဖွဲ့ မိုင်းယောင်းမှ ဆုတ်ခွာသွားခဲ့သည်။ ထိုအခါ မြို့ခံလူများကို အစိုးရစစ်တပ်က ကလဲ့စားချေလေတော့သည်။ မိုင်းယောင်းမှ ရရှိသောသတင်းများအရ ရွာသားအမြောက်အမြား ပစ်သတ်ခံရပြီး နေအိမ်များမှ ပစ္စည်းများလည်း လုယူခြင်းခံရကာ အမျိုးသမီးအတော်များများ စစ်သားများ၏ ဝိုင်းဝန်းစလက္ကာရပြုကျင့်မှုကို ခံခဲ့ကြရသည်။ ပါလှုန်ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်ကို ဖမ်းဆီးသွားပြီး ပြင်းထန်စွာရိုက်နှက်ကြသည်။ စစ်တပ်အရာရှိများက အသက် ၇၂ နှစ်အရွယ်ရှိ စိုင်းနွမ်ပန်း၏ဖခင် မြို့လူကြီး ရှန်လန်ပန်းကို သူတို့ရှေ့တွင် ဒူးထောက်နိုင်းပြီး သူ့ခန္ဓာကိုယ်ထဲသို့ ကျည်ဆံကိုးတောင့်ပစ်သွင်းကာ အဆုံးစီရင်ခဲ့သည်။

ရန်ကုန်မှ အစိုးရသတင်းစာနှင့် ရေဒီယိုတို့က မိုင်းယောင်းတိုက်ပွဲနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာရာ၌ မိုင်းယောင်းမြို့ကျဆုံးပြီး အစိုးရဘက်မှ အထိအခိုက်များခဲ့သည်ဟုဆိုသည်။ ပြည်သူများက အစိုးရဘက်မှ ဤသို့ကြေညာလိမ့်မည်ဟု မမျှော်လင့်ထားသဖြင့် အံ့အားသင့်ခဲ့ကြသည်။ စက်တင်ဘာလ ၃၀ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်တွင် အစိုးရဘက်က မိုင်းယောင်းမြို့ကို လက်လွှတ်လိုက်ရကြောင်း ရေးသားခဲ့ပြီးနောက် နှစ်ရက်အကြာမှ မြန်မာ့အသံက ထိုသတင်းကို ထုတ်လွှင့်ကာ ထပ်မံ၍ အစိုးရဘက်မှ ၄၇ ယောက်ကျဆုံးခဲ့သည်ဟု ဆိုသည်။ မည်သို့ဆိုစေ အောက်တိုဘာလ ၃ ရက်နေ့ထုတ် အစိုးရသတင်းစာတွင် တပ်မတော်၊ ပြည်သူ့စစ်၊ ပြည်သူ့ရဲတို့၏ ရဲစွမ်းသတ္တိနှင့် ထိရောက်သော တန်ပြန်ထိုးစစ်ကြောင့်၎င်း၊ တပ်မတော်လေမှ ကူညီပေးမှုကြောင့်၎င်း၊ သူပုန်များမှာ တရုတ်နယ်စပ်ရှိ တောင်တန်းများဆီသို့ ထွက်ပြေးသွားပြီဖြစ်ကြောင်း ပါရှိခဲ့သည်။

များမကြာမီ အစိုးရသတင်းစာနှင့် ရေဒီယိုက နောက်ထပ်စစ်ပွဲတပွဲ အရေးနိမ့်ခဲ့ကြောင်းဝန်ခံခဲ့သည်။ ဤတကြိမ်မှာ ထိုင်းနယ်စပ်အနီးမှ ကရင်စစ်မျက်နှာတွင်ဖြစ်သည်။ ကြမ်းတမ်းစောက်ထန်လှသည့် ဒေါနတောင်တန်း အရှေ့ဘက်တောင်ခြေတွင် ကရင်နှင့် အစိုးရတပ်တို့ အပြင်းအထန် တိုက်ခိုက်ကြသည်။ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကရင်ပြောက်ကျားများက သောင်ရင်းမြစ် အနောက်ဘက်ကမ်းရှိ မယ်သဝေါမှ သူတို့၏ စစ်စခန်းဟောင်းကို ပြန်လည်သိမ်းယူနိုင်ခဲ့သည်။ မယ်သဝေါတိုက်ပွဲတွင် မြန်မာ့တပ်မတော်မှ ထိခိုက်ကျဆုံးမှုမှာ ရာပေါင်းများစွာရှိခဲ့သည်ဟုဆိုသည်။ သို့သော် စစ်အစိုးရက ရသည့်နည်းဖြင့် မယ်သဝေါကို ပြန်လည်သိမ်းယူရန် အမိန့်ပေးခဲ့သည်။ မယ်သဝေါတိုက်ပွဲ၌ အစိုးရတပ်ဖွဲ့၏ လက်နက်အင်အားမှာ သာလွန်နေသည်။ ရာပေါင်းများစွာသော ဗုံးကျည်များ (၈၄ မမ Carl Gustafs ဗုံးကျည်များစွာ) ဖြင့် မယ်သဝေါစခန်းကို နေ့စဉ် ပစ်ခတ်ခဲ့ခြင်းသည် အောက်တိုဘာလ ၆ ရက်နေ့၌ စင်ကာပူနိုင်ငံမှလက်နက်များ စစ်အစိုးရက ဝယ်ယူခဲ့သည်ဆိုသည့်သတင်းကို အတည်ပြုနိုင်ပြီဖြစ်သည်။ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကရင်ပြောက်ကျားများက မယ်သဝေါစခန်းကို လက်လွှတ်လိုက်ရတော့သည်။

ကချင်တိုင်းရင်းသားများနေထိုင်ရာ မြောက်ပိုင်းဒေသတွင် တိုက်ခိုက်ရေးလုပ်ငန်းများကို CPB နှင့် အခြားသူပုန်တပ်ဖွဲ့များဖြင့် အမြဲပူးပေါင်းလုပ်ဆောင်လျက်ရှိသော KIAတပ်ဖွဲ့ကလည်း အစိုးရတပ်ကို အကြိမ်များစွာ ထိုးစစ်ဆင်ခဲ့သည်။ အစိုးရသတင်းစာ

နှင့် ဓာတ်ရေဒီယိုတို့မှ မြို့သစ်ငုံစခန်းကို အောက်တိုဘာလ ၁၈ ရက်နေ့တွင် KIA တို့က တိုက်ခိုက်ခဲ့ကြောင်းဖော်ပြခဲ့သည်။ ထိုတိုက်ပွဲ၌ ရဲဘော်သားတော်ဒါခင်စန်းနှင့် စစ်သားများ သေဆုံးခဲ့ရသည်။ သို့သော် အပြင်းထန်ဆုံး တိုက်ပွဲတပွဲကိုမူ လုပ်သားပြည်သူ့နေ့စဉ်နှင့် မြန်မာ့အသံတို့မှ အုတ်လျှင်မပါပြဲခြင်း မပြုခဲ့ပေ။ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် KIA နှင့် CPB တပ်သားများ ပူးပေါင်းထားသော ကော်တွဲတဖွဲ့က စစ်သည်ပေါင်းအား ၁၃၄ ပါသည့် အစိုးရစစ်တပ်ကို 'ကောင်းဆာ'တွင် ချောင်းမြောင်းပစ်ခတ်ရာ အစိုးရစစ်သား ၁၀၆ ယောက်သေဆုံးပြီး ၁၇ ယောက်ဒဏ်ရာရကာ ၁၅ ယောက်ကို အရှင်ဖမ်းမိခဲ့သည်။ အရှင်ဖမ်းမိသူများတွင် ဗိုလ်မှူးလှမြင့်ဆိုသူ ပါဝင်ခဲ့သည်။ 'ကောင်းဆာ'သည် ရှမ်းပြည် မြောက်ပိုင်း ကွတ်ခိုင်အရှေ့ဘက်ရှိ 'တာမိုးနဲ'အနီးတွင် တည်ရှိသည်။ လက်နက်ဘာရာစနစ် (၂ လက်မ နှင့် ၈၁ မီလီမီတာမော်တာများ အပါအဝင်) သိမ်းဆည်းရမိခဲ့သည့်အပြင် ကျည်ဆံ မျိုးစုံအတောင့်ပေါင်း တသိန်းကျော်သောင်း၊ လက်ပစ်ဗုံးနှင့် အခြောက်ဆံများရရှိခဲ့သည်။ မကြာမီ ရန်ကုန်မြို့နှင့် အခြားမြို့များရှိ စစ်ဆေးရုံများသို့ စစ်မျက်နှာအသီးသီးမှ ဒဏ်ရာရလာသောစစ်သားများဖြင့် ပြည့်နှက်သွားလေသည်။

အဓိကပြင့်လာသည့် ပြည်တွင်းစစ်သည် စစ်အစိုးရကို အားလျော့သွားစေခဲ့မပေ။ ယင်းသို့ ပြည်တွင်းစစ်ဖြစ်နေခြင်းအားဖြင့် စစ်အစိုးရအနေနှင့် လက်နက်မဲ့ပြည်သူများကို ရန်ကုန်နှင့်အခြားမြို့များတွင် သတ်ဖြတ်နေခြင်းသာမဟုတ်၊ သူပုန်များကိုလည်း နှိမ်နင်း နေသည်ကို ပြသရန် အခွင့်အရေးတခု ရနေသကဲ့သို့ဖြစ်နေသည်။ ဆန္ဒပြသူများကမူ အစိုးရ၏ သတင်းထုတ်ပြန်မှုနှင့် ၎င်းတို့၏ ထိခိုက်ဆုံးရှုံးမှုအပေါ် ဂရုစိုက်ခြင်းတို့မှာ အထောက်တွင်ချော်ပြမှုသကဲ့သို့ အရှင်းအရေးတာရင် ဖြစ်နေသည်ဟုဆိုကြသည်။ ကချင် စစ်မျက်နှာများတွင် ဗမာ့တပ်မတော်၏ အရေးနိမ့်မှုအကြောင်း ပြည်သူများသာကြောင်း နားစွင့်ထား ကြရမည်ဖြစ်သည်။ စစ်အစိုးရ ပြည်သူများကိုသိစေချင်သည့် အကြောင်းအရာမှာ သူပုန်များ သူတို့လုပ်ရပ်ကို တိုးမြင့်လာလျှင် တကယ်တမ်း၌ ပြည်သူများကိုသာ ထိခိုက်လိမ့်မည်ဟူ၍ ဖြစ်သည်။

မကြာမီ ရန်ကုန်မြို့လမ်းများပေါ်တွင် စက်သေနတ်နှင့်စစ်သားများသည် စစ်ကားများ ကိုမောင်းနှင်လျက် တွေ့သမျှလူငယ်များကိုလည်းကောင်း၊ အခြား အလုပ်အကိုင်မရှိသူများကိုလည်း ဖမ်းဆီးတင်ဆောင်သွားကြသည်။ မူလတန်းမှ တက္ကသိုလ်အဆင့်အထိ ကျောင်းများအားလုံး ပိတ်ထားသဖြင့် လူငယ်များသည် လဘက်ရည်ဆိုင်တွင် စကားပြောနေကြပြီး ဘာဖြစ်လာမည်ကို စောင့်မျှော်နေရင်းဖြင့် သူတို့၏အချိန်များကို ကုန်လွန်စေခဲ့သည်။ ရာပေါင်းများစွာသောပြည်သူများ ဖမ်းဆီးခံရပြီးနောက် နယ်စပ်ရှိ စစ်မျက်နှာများဆီသို့ ပေါ်တာအဖြစ် ပို့လွှတ်ခြင်းခံရလေသည်။ အစိုးရက ပေါ်တာအဖြစ် အသုံးပြုခြင်း ခံရသူတို့မှာ ဥပဒေချိုးဖောက်သူများ၊ လုယက်သူများ၊ ရာဇဝတ်သားများနှင့် လူမပေ့လူလွင့် များသာဖြစ်ပြီး ၎င်းတို့အနေနှင့်လည်း နေ့တွက်လုပ်ခများ ရရှိကြသည်ဟုဆိုသည်။

သို့သော် ထိုင်းနယ်စပ်တလျှောက်ရှိ ကရင်သူပုန်စခန်းများသို့ လွတ်မြောက်တိမ်းရှောင် လာခဲ့ကြသည့် ပေါ်တာများ၏ ပြောပြချက်မှာ အစိုးရ၏ပြောဆိုချက်နှင့် လုံးဝကွာခြားနေသည်။ အသက် ၂၃ နှစ်ရှိ ကိုကိုနှင့် သူ့အကိုအပြင် အခြားလူငယ်များမှာ ရန်ကုန်မြို့ရှိ လက်ဘက်ရည်ဆိုင်တွင် ထိုင်နေကြရာမှ ပေါ်တာအဆွဲခံခဲ့ကြရသည်။

"ကျွန်တော်တို့ကို ထရပ်ကားနဲ့ ထိုင်းနယ်စပ်အနီးမှာရှိတဲ့ စစ်စခန်းတခုကို ခေါ်ဆောင်လာခဲ့တယ်။ အဲဒီနောက်မှာ ကျွန်တော်တို့ကို လေးလံတဲ့ ဝန်စည်စလွယ်တွေကို

စစ်သားတွေအတွက် အစာင်းအမှေ ထမ်းခိုင်းတော့တာဘဲ။ ကျွန်တော်တို့ရှိနေတဲ့အရပ်မှာ ရှေ့ပေါင်း ပေါင်း ၁၅၀ လောက်ရှိတယ်။ တောထဲရောက်လာပြီ၊ ပထမ ၄ ရက်အထိဘဲ အစာကျွေးတယ်။ ပြီးတော့ လုပ်စရာလည်းမပေးဘူး။ နေ့ကိုတော့ မိုးရွာတဲ့အခါမှာဘဲရှိတယ်။ တရှိုးဆိုရင် အမောဆိုပြီး သေဆုံးသွားခဲ့တယ်၊ သေဆုံးသွားတဲ့ အလောင်းတွေကို မြစ်ထဲနဲ့ ချောက်ကမ်းပါးအောက်တွေထဲ ပြစ်ချခဲ့ကြတယ်။ အဲဒီအထဲမှာ ကျွန်တော်အကိုလည်း ပါသွားတယ်။ စစ်သားတွေ ကျွန်တော်နဲ့ ဝေးသွားတဲ့အချိန်မှာ ကျွန်တော်လည်း တောကြီးထဲကို ပြေးခဲ့တယ်။ အဲဒီမှာ ကရင်ပျောက်ကြားတွေနဲ့တွေ့ပြီး သူတို့က ကျွန်တော့်ကို ဘောင်းရင်းမြင်ကမ်းဘေးက 'ကလေး' စခန်းကို ခေါ်ဆောင်ခဲ့ပါတယ်"

နိုဝင်ဘာလ ၂၈ ရက်နေ့ထုတ် ဘန်ကောက်မြို့ 'သတင်းရှင်း' ဂနေ့စဉ်သတင်းစာက "နိုဝင်ဘာလ ၁၅ ရက်နေ့တွင် အသက် ၁၈ နှစ်မှ ၄၀ အရွယ်ရှိ ကျောင်းသား၊ ဆရာ၊ ဆရာမနှင့် အခြားလူများ စုစုပေါင်းလူဦးရေ ၅၀၀ ကို အစိုးရကဖမ်းဆီးခဲ့ပြီး အင်းစိန်ထောင်သို့ပို့ခဲ့သည်ဟု ရေးသားခဲ့သည်၊ နောက်တနေ့တွင် သူတို့ကို ကရင်ပြည်နယ်ရှိ မိုင်းဘွဲ့မြို့သို့ လေယာဉ်ကားများဖြင့် တင်ဆောင်လာခဲ့သည်၊ စစ်ထရပ်ကားတစီးလျှင် လူအယောက် ၄၀ စနှံ့ပါရှိပြီး သူတို့အားလုံးကို အမှတ် ၂၈ ခြေလျင်တပ်ရင်းသို့ ခေါ်ဆောင်သွားခဲ့သည်"ဟု ရေးသားဖော်ပြခဲ့သည်။

နောက်တနေ့တွင် သူတို့သည် ပေါ်တာတဖြင့် စစ်သားများအတွက် လေးလံသော ကျည်ဆန်ပုံးများကို ထမ်းပိုးခဲ့ကြရပြီး မစားရမှုသော အဆင့်ရသည်၊ ပေါ်တာအချို့သည် တရော်နှင့်အစိုးရတိုက်ပွဲကြားတွင် သေဆုံးခဲ့ရပြီး အချို့မှာ လွတ်မြောက်ရန်ကြိုးစားခဲ့သဖြင့် ပစ်ခတ်ခံခဲ့ရသည်၊

"တောထဲရောက်ပြီး ၆ ရက်မြောက်တဲ့နေ့မှာ ကျွန်တော်တို့ထဲက ပေါ်တာတဦးဖြစ်တဲ့ မောင်တင်ထွေးဟာ ထိုင်းနယ်စပ်အနီးမှာရှိတဲ့ KNU စခန်းကို လွတ်မြောက်ပြေးဝင်မြောက် သွားခဲ့ပါတယ်"

နေရှင်းသတင်းစာ၏ ရေးသားချက်အရ ကျောင်းသားအချို့ ကရင်စခန်းသို့အသွား လမ်းခုလတ်နှစ်နေ့ရာတွင် မုပ်သိုးစုနေသော လူ့အလောင်းများကို တွေ့ခဲ့ကြရသည်ဟု သိရသည်။ တနေရာတွင် အလောင်း ၂၅ လောင်းမှာ ပေါက်များပေါ်ထွက်နေပြီး ယင်ကောင်များအုံနေသည်ကို တွေ့ခဲ့ကြရသည်၊ မုပ်သိုးနေသော လူသေအနံ့ကို မခံနိုင်သဖြင့် ကျောင်းသားများက ထိုနေရာမှ ရှောင်ကွင်းခဲ့ရသည်ဟု ရေးသားခဲ့သည်။ နောက်တနေရာ ပွင့်မှ လူသေအလောင်း ၃၀ ကျော်မျှတွေ့ခဲ့ပြီး မျက်နှာများမှာ လူ့ရုပ်မပေါ်လောက်အောင် ပုပ်စီးနေသည်ဟုဆိုသည်။

စစ်အစိုးရက ပြည်သူတို့အပေါ် ဒယ်ပေးရန်နှင့် အရက်ရက် ပြုလုပ်သည့် နောက်တနည်းမှာ ထမ်းနိုင်ငံများက ဘာဂ်မှတ်ယောင်ကြီးသော အဓမ္မရသူခြင်းနည်းလမ်း ပင်ဖြစ်သည်၊ ဘာဂ်များတွင်အဝိနှဲ့ဘားဘောအရေများ ထုတ်ယူရာတွင် ငွေကျပ် ၃၀၀ မှ ၄၀၀ အထိ ပြတ်သောက်ခြင်းကို ခံခဲ့ရသည်။ နောက်တနေ့ ကျပ်သားသတင်းစာထဲ၌ တပ်မတော်သို့အရွေးစာရင်းတွင် ဖြတ်သောက်ခြင်းခံရသော ငွေကြေးပမာဏ၊ ထိုသူတို့၏ နာမည်နှင့် လိပ်စာ ပါလာသည်ကိုတွေ့ရသည်၊

နိုင်ငံတိုင် ကြေးမုံဒါးပွင့်သည်ဘောလိုင်းမှ သတင်းသားများမှာလည်း သူတို့လက်ထဲမှ ဆယ်ရာနိုင်နှုန်း ဖြတ်တောက်ခြင်းကို ခံခဲ့ရပြန်သည်၊ အရှုရှင်များတွင် ဆန္ဒအလျှောက်

လှူခဲ့သော အမေရိကန်နိုင်ငံသား ဂျိမ်းစ်ရော့စ် ( James Ross ) တယောက်သာ ထူးထူးဆန်းဆန်း ပါဝင်နေသည်ကို တွေ့ရသည်။

ဒီဇင်ဘာလ ၂၄ ရက်နေ့ထုတ် ရာပ်သားပြည်သူ့နေ့စဉ်သတင်းစာ၌ ရင်းက အမေရိကန်ဒေါ်လာ ၁၀၈ တန် ဓရီးသွားချက်လက်မှတ်တစောင်၊ ဆေးဝါးများ၊ ဘောပင်အချောင်း ၅၀ နှင့် ကာဠုန်စက္ကူ အရွက် ၁၀၀ တို့ကို မြန်မာစစ်ဘက်အရာရှိတဦးထံသို့ ပေးအပ်သောသတင်းနှင့်ဓါတ်ပုံ ပါလာခဲ့သည်။ ထိုသို့ပေးလှူရခြင်း အကြောင်းရင်းကိုမူ ဖေါ်ပြထားခြင်းမရှိချေ။

◆ ◆ ◆

နယ်စပ်တခြမ်းရှိ ကျောင်းသားများအကြား စိတ်ပေါင်းကျဆင်းမှုနှင့် စိတ်ဓါတ်ပျက်ပြားမှုတို့မှာ မကြာမီ၌ပင် သိသာထင်ရှားလာသည်။ နယ်စပ်တလျှောက်တွင် သူတို့အား အထောက်အပံ့ပေးမည့်နိုင်ငံများ ပေါ်ထွက်မလာပေ။ ထို့အပြင် ကျောင်းသားများ၏ အများစုမှာ သူပုန်များကို နိုင်ငံခြားက အားကူအညီအားပေးနေသည်ဟူသော စစ်အစိုးရ ဝါဒဖြန့်မှုကို ယခင်က ယုံကြည်ခဲ့ခြင်းပင်ဖြစ်သည်။ အနည်းဆုံး ယိုးဒယားမှ သူတို့လည်း ဝေစုရမည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့သော် သူတို့ ရောက်လာသည် ရှိနေသည့်မှာ များနားခြင်းနှင့် အသဘောရှုပ်ထွေးခြင်းကိုဖြစ်သည်။ တချို့ ကျောင်းသားများမှာ နယ်စပ်ဒေသသို့ ရောက်လာပြီး များမကြာမီ ငှက်ဖျားကြောင့် သေဆုံးကြရသည်။ ကျန်သူများမှာ ဖျားခြင်းနှင့် ဝမ်းပေါက်ခြင်းဝေဒနာများကို ခံစားကြရသည်။ မြို့ပေါ်မှ သူတို့ထွက်လာခဲ့သည့် အချိန်မှစ၍ အစားအသောက် ပြဿနာ ပေါ်ပေါက်လာသည်။ ထိုင်း၊ မြန်မာနယ်စပ်ရှိ ဒေသလုံခြုံပါးသော စခန်းများ၌ အစားအသောက် ကောင်းကောင်းစားနိုင်ရန်မှာ လွယ်ကူသည့်ကိစ္စတခု မဟုတ်ပေ။ သူပုန်အုပ်စုများက ကျောင်းသားများကို ဆန်များပေးနိုင်ခဲ့သော်လည်း အသားနှင့် ဟင်းသီးဟင်းရွက်များပါးမှုတို့ကြောင့် မြို့ပေါ်ကလူငယ်များ အနေနှင့် သူတို့နေထိုင်ကြသည့် ပတ်ဝန်းကျင်သစ်တွင် ငံပြာ၊ ကင်းနှင့် ငှက်ပျောအူများကို ရှာဖွေစားသောက် ကြရသည့်အဝေသို့ ရောက်ခဲ့ရသည်။

ထွက်ပြေးလာသောကျောင်းသားများအဖေါ် ထိုင်းနိုင်ငံမှထားရှိသည့် သဘောထားမှာ အစကတည်းက ဝိရောဓိမဖြစ်သည့်တိုင်အောင် မသဲမကွဲနိုင်လှသည်။ ထိုင်းအာဏာပိုင်တို့သည် မူလက ကယ်ဆယ်ရေးအဖွဲ့ကြီးအား ဆန်၊ ဆေးဝါး၊ စောင်များနှင့် အခြားအကူအညီများကို ပေးပို့ခွင့်ပြုခဲ့သော်လည်း ထိုင်းနိုင်ငံတွင် ကျောင်းသားများအား အမြဲတမ်း နေထိုင်ခွင့်ပေးရန် ဆန္ဒမရှိခဲ့။ ထို့အပြင် ထိုင်းနိုင်ငံကို ဖြတ်ကျော်ဖို့ ရန်ကုန်အစိုးရသစ်အား လက်နက်ကိုင်တော်လှန်မည့်ကိုလည်း မကြိုက်ကြပေ။ စခန်းများ၌ ပင်ပန်းမှုဒဏ်မခံနိုင်ကြသည့် လူငယ်များသည် နိုင်ငံ့ခွင့်ရရှိရေးအတွက် ထိုင်းနိုင်ငံထဲသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ကြသော်လည်း ဆိုင်ရာမှလက်မခံဘဲ သူတို့အား ပြန်လည် မောင်းထုတ်ခဲ့သည်။ တခါတရံ သေနတ်နှင့်ပင် ချိန်ရွယ်၍ စခန်းများသို့ပြန်ပို့ခဲ့ကြသည်။ ထိုင်းနိုင်ငံ၌ခိုလှုံရန် ကြိုးစားကြသူများထဲမှ ကံမကောင်းရှာသော ကျောင်းသားအချို့မှာ ဒေသဆိုင်ရာရဲများ၏ ဖမ်းဆီးခြင်းကိုခံရပြီး ဒဏ်ငွေ ဘတ် တထောင်၊ နှစ်ထောင် ကျခံပြီးမှ လွှတ်ပေးခဲ့သည်။ ယင်းသို့ လွှတ်ပေးလိုက်ပြီးသော်လည်း နောက်မကြာမီ ပြန်လည် အဖမ်းခံရချင် ခံရလိမ့်ဦးမည်ဖြစ်သည်။

စောစောကာလအတွင်း ကျောင်းသားများသည် ထိုင်း-မြန်မာနယ်စပ်တလျှောက်ရှိ လူမျိုးစုသူပုန်များအနေနှင့် မည်သည့်နိုင်ငံခြားအကူမှ မရဘဲ နယ်စပ်စီးပွားရေးဖြစ်သော မှောင်ခိုကုန်ကူးသန်းရောင်းဝယ်မှုအပေါ် အခွန်ငွေကောက်ခံခြင်းဖြင့်သာ ရပ်တည်နေကြရသည်ကို သိရှိလာရသည်။ သူတို့ (သူပုန်များ) တွင်ရှိသော ခေတ်နောက်ကျ လက်နက်ခဲယမ်းမီးအများစုမှာ ထိုင်းနိုင်ငံဘက်မှ လက်နက်ကုန်သည်များ၏ ပွဲစားတို့မှတစ်ဆင့် ဈေးနှုန်းဆစ်ဆွေး၍ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ သို့သော် KNU နှင့် မွန်ပြည်သစ်ပါတီတို့တွင် သူတို့တပ်ဖွဲ့များအတွက် တပ်ဆင်ရန် လက်နက်အလုံအလောက် မရှိကြပေ။

ဖက်မင်းဘားလ ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သော အမှတ် ၃၀၂ လေတပ်စခန်း၊ ကွင်းမြင်ထိန်းသိမ်းရေးလေတပ်စခန်း၊ မှ တပ်သားအချို့သည် နယ်စပ်သို့ ထွက်ပြေးလာနိုင် ခဲ့သည်။ သူတို့၏နယ်ခံစခန်းများမှာ အခြားစခန်းများအတိုင်း မိုးခံနိုင်ရုံဖျဖျ ဆောက်ထား ပုံရသည်။ သို့သော် လေတပ်မှ ရဲဘော်အားလုံး ထွက်ပြေးလွတ်မြောက်နိုင်ခဲ့ပေ။ ဗိုလ်ကြပ်ကြီးလှစိုးနှင့် သူ့ရဲဘော်သုံးဦးမှာ နယ်စပ်သို့ထွက်အလာ အောက်တိုဘာလ ၁ ရက်နေ့တွင် တောင်ငူ၌ အဖမ်းခံခဲ့ကြရသည်။ သူတို့အားလုံးကို ရေကြည်သို့ပို့ ခေါ်ဆောင်သွားခဲ့ရာ နှစ်ဦးမှာ ကြံဖန်လွတ်မြောက်သွားကြသည်။ ဗိုလ်ကြပ်ကြီးလှစိုးမှာ နှစ်ပတ်ကြာ ရိုက်နှက်ညှဉ်းပန်းခံရပြီးနောက် ၂၂ ရက်နေ့တွင် မင်္ဂလာဒုံ စစ်ဆေးရုံသို့ ပြောင်းရွှေ့ခဲ့သည်၊ သူ့အား မိတ်ဆွေရဲဘော်များက သေရွာကြွသွားသည်ဟု မှတ်မိကြတော့သည်၊

“သူ့မှာအားမရှိတော့ဘူးနဲ့ မလှုပ်နေတယ်။ တကိုယ်လုံးလည်း ဒဏ်ရာတွေနဲ့ သိုမှဲ့နေတယ်” ဟု သူ့ထောင်းရင်း ရဲဘော်များက ပြန်ပြောပြသည်၊ လှစိုး၏ဇာတ်မှုက လှစိုးကိုကြည့်ရှုလိုကြောင်း မေတ္တာရပ်ခံသောအခါ အထက်ကတစ်ခုမျှ မပြုခဲ့ပေ။ ၄ ရက်အကြာတွင် လှစိုးတယောက် ဒဏ်ရာများကြောင့် သေဆုံးသွားသည်၊

လူမျိုးစုသူပုန်များဒေသနိုင်ငံသည် ကာခုကာည်းသောအရာဖြစ်သည် အခြေခံစစ်ပညာ လေ့ကျင့်မှုတချို့ကို ရရှိထားသောကျောင်းသားများမှာ အနည်းငယ်မျှသာဖြစ်သည်၊ သို့တိုင် အောင် ကျောင်းသားများအကြားတွင် လူမျိုးစုသူပုန်များနှင့် ခည်လိုမဟာမိတ်ပြုရေးအပေါ် မူတည်၍ စိတ်ဝမ်းကွဲပြားကာ ပြဿနာများ ပေါ်လာပေသည်။

အသက် ၂၅ နှစ်အရွယ်ရှိ စိုးမိုးက “ကျွန်တော်ကိုယ်တိုင် မြင်တွေ့ရတာကတော့ လူမျိုးစုသူပုန်တွေဟာ သူ့ရဲ့သူ့ဘက်တော့ ကြော်ကြာစရာကောင်းထဲ့ သတ္တုဝါတွေ မဟုတ်ကြ ပါဘူး။ ဒါပေမဲ့ မြို့မှာရှိနေတဲ့ လူမမှုရေးသူတော့ အစိုးရရဲ့ နှစ်ပေါင်းများစွာ ဖိနှိပ်မှုကို သုံးကြည့်နေကြတုံးဘဲ၊ ခလာဝလာဆယ် ကျွန်တော်တို့ သံဒီအဖွဲ့အစည်းတွေနဲ့ ပူးပေါင်း လိုက်မယ်ဆိုရင် ကျွန်တော်တို့အများဘဲ၊ ပြည်သူတွေ ကျွန်တော်တို့ကို အယုံကြည်မှာ သေချာတယ်၊ ကျွန်တော်တို့ အခုရထားတဲ့ ကြီးမားတဲ့ပြည်သူ့ထောက်ခံမှု ဆုံးရှုံးသွား နိုင်တယ်” ဟု ပြောပြသည်။

လူမျိုးစု တိုင်းရင်းသားများမှ ဆင်းသက်လာကြသော ကျောင်းသားများအတွက်မူ အဖက်အစဲသိပ်မရှိဟု ဆိုနိုင်သည်။ ဘုရားသုံးဆူတောင်ကြားဒေသတွင် နိုင်ငံချစ်ပါတီနှင့် မွန်ကျောင်းသား ၄၀၀ ခန့်အပြင်၊ အခြား ပညာတတ်များလည်း မွန်ပြည်သစ်ပါတီနှင့် ပူးပေါင်းခဲ့ကြသည်၊ သို့သော် မွန်ပြည်သစ်ပါတီမှာ အသစ်ရောက်လာသော ကျောင်းသား များအတွက် လက်နက်များမရှိသော၍ စစ်သင်တန်း၌ တကယ့်လက်နက်အစား ဝါးလုံးများ ကိုသာ အသုံးပြုခဲ့ကြရသည်၊

ကျောင်းသားအချို့ KNU နှင့်ပူးပေါင်း၍ တိုက်ပွဲများတွင် ပါဝင်ခဲ့သည်။ သူတို့အထဲမှတဦးမှာ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်မှ အသက် ၂၄ နှစ်အရွယ်ရှိ ကျောင်းသားဟောင်း မိုးကျော်စိုး ဖြစ်သည်။ သူသည် တိုက်ပွဲတွင်ကျဆုံးခဲ့သည့် ပထမဆုံး ကျောင်းသား ဖြစ်သည်။ နိုဝင်ဘာလလယ်တွင် မိုးကျော်စိုးတို့တပ်ဖွဲ့မှာ ထိုင်းနယ်စပ်နှင့်ကပ်လျက်ရှိသော 'ဝမ်ခ' စခန်းအနီး၌ အစိုးရစစ်သားများ၏ ခြုံခိုတိုက်ခြင်းကို ခံခဲ့ရသည်။ နောက်ပိုင်း၌ သူ့အလောင်းကို သွားကောက်ရာ အစိုးရစစ်သားများက သူ့ဦးခေါင်းကိုဖြတ်၍ ပစ်ထားသည်ကို တွေ့ခဲ့ကြရသည်။ ယင်းမှာ အခြားကျောင်းသားများကို တရားဝင်များနှင့် နောက်ထပ်မပူးပေါင်းရဲအောင် ပြုလုပ်သည့် အတားအဆီးတခုပင်ဖြစ်သည်။ မှာအနည်းငယ်ကြာသောအခါ ခေါင်းမပါသောရုပ်အလောင်းကို KNU ဌာနချုပ်ဖြစ်သော မာနယ်ပလော တွင် မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြသည်။

မကြာမီ မြန်မာကျောင်းသားအသင်းအဖွဲ့အစည်းတမှုပေါင်းစည်းရေးအောက်တွင် စည်းလုံး ညီညွတ်ကြရန် ဖိအားပေးမှုပေါ်ပေါက်လာခဲ့သည်။ သို့မှသာ လူငယ်ရေးဘုံမှန်များ၊ ကယ်ဆယ်ရေး အဖွဲ့များနှင့် အခြားသူများက သူတို့နှင့်ဆက်ဆံနေသော ကျောင်းသားအဖွဲ့သည် မည်သည့်အဖွဲ့အစည်းဖြစ်သည်ကို သိရှိနိုင်ကြမည်။ ထို့နောက် အခြားအကြောင်းတခု ပေါ်လာခဲ့သည်။ ဇန်နဝါရီ တကွဲတပြား နယ်စပ်သို့ ထွက်ပြေးလာကြသော လူငယ်များမှာ များသောအားဖြင့် သက်ကြီးရွယ်ကြီးများဖြစ်ကြပြီး ရန်ကုန်၊ မန္တလေး၊ တောင်ငူ၊ ပျဉ်းမနား၊ ကော့ကရိတ် စသည့်မြို့များမှ သပိတ်ခေါင်းဆောင်များဖြစ်ကြသည်။ သူတို့သည် နယ်စပ်တွင်လည်း ခေါင်းဆောင်များဖြစ်လာလိမ့်မည်ဟု သဘာဝကျကျ မျှော်လင့်ထားခဲ့ကြသည်။ ရန်ကုန်မှ အဓိက ကျောင်းသားခေါင်းဆောင် အတော်များများ နယ်စပ်သို့ ထွက်မပြေးနိုင်ခဲ့ကြချေ။ မင်းဇေယျာ ကြိုးစားခဲ့သော်လည်း နိုဝင်ဘာလ ၂၂ ရက်နေ့တွင် မြိတ်မြို့၌ အဖမ်းခံခဲ့ရပြီး ရန်ကုန်ထောင်သို့ပြန်ပို့ခဲ့သည်။

နယ်စပ်တွင် ၁၉၄၀ ပြည့်နှစ်များအတွင်း ဂျပန်တော်လှန်ရေး၏ အမှတ်သညာများက ထွက်ပေါ်ခဲ့လာသည်။ မိမိတို့ကိုယ်ကိုယ် ဗမာ့လွတ်လပ်ရေး တပ်မတော်များ (BIA)၊ ဗမာ့ကာကွယ်ရေး တပ်မတော်များ (BDA) နှင့် ဗမာ့အမျိုးသား တပ်မတော်များ (BNA) ကို တုပထောင်ရန် စိတ်ကူးယဉ်နေကြသော ခေါင်းဆောင်လောင်းများလည်းရှိသည်။ ထိုသော် ယခု ဒုတိယအကြိမ် လွတ်လပ်ရေးကြိုးပမ်းမှုသည် စည်းလုံးညီညွတ်ခြင်းမရှိဘဲ ရဲဘော်သုံးကျိပ်နှင့်လည်း ကွဲပြားခြားနားသည်။ မြန်မာပြည်မြောက်ပိုင်းတွင် လက်နက်ကိုင် လှုပ်ရှားနေသော ရွှေမင်းသားဦးဆောင်သည့်အဖွဲ့အကြောင်း ပြန့်နှံ့နေသကဲ့သို့ ဂျူနီနီအဖွဲ့၏ စာရွက်စာတမ်း များသည်လည်း မြေအောက်အုပ်စုများ အကြားတွင် ပြန့်နှံ့နေလေသည်။ အတယ်ကိုက် ထိုအုပ်စုများ ရှိနေလျှင်လည်း နိုင်ငံတော်ငြိမ်/ပိအစိုးရကို မည်သို့မျှ ခြိမ်းခြောက်နိုင်မည် မဟုတ်ပေ။

မကြာမီ နယ်စပ်စခန်းများ၌ ကျောင်းသားခေါင်းဆောင်များ အကြားတွေ့ဆုံရင်း၊ အဖွဲ့အစည်းမျိုးစုံအကြားတွင်ရင်း၊ ပြိုင်ဆိုင်မှုများ ကြီးထွားလာခဲ့သည်။ နယ်စပ်မှ ကျောင်းသားများ၏ စည်းရုံးရေးကြိုးပမ်းသည့် အကြောင်းတရပ်မှာ မူဝါဒရေးရာကွဲပြားမှုထက် ပုဂ္ဂိုလ်ရေးပဋိပက္ခအပေါ်အခြေခံပြီး ညီညွတ်မှုနည်းပါးလာခြင်းနှင့် အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစုကို မည်သို့သောအသွင်သဏ္ဌာန်မျိုးဖြင့် မဟာမိတ်ဖွဲ့ရန်ဆိုသည့် ပြဿနာများ ကြောင့် ဖြစ်လေသည်။

ထို့အပြင် ကျောင်းသားများ တဖြေးဖြေး သတိပြုမိလာသော ပြဿနာတရပ်မှာ နယ်စပ်သို့ လာကြသူများတွင် အချို့မှာ ကျောင်းသားမဟုတ်ကြပေ။ အစိုးရလူများ သူတို့ထဲတွင် စိမ့်ဝင်နေကြသည်ကို သိရှိလာကြသည်။

နယ်စပ်တလျှောက်ရှိ ကျောင်းသားများကိုစည်းရုံးရန် ပြည်ပနိုင်ငံများမှ မြန်မာများ ထိုင်းနိုင်ငံသို့ ရောက်ရှိလာသည့်အခါ အခြေအနေက ပို၍ပင် ရှုပ်ထွေးလာခဲ့သည်။ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ဟောင်း ဦးဝင်း၏သား ဦးတင်မောင်ဝင်းသည် နိုင်ငံရေးတက်ကြွသော ပြည်ပရောက်မြန်မာတဦးဖြစ်သူ ဦးရဲကျော်သူနှင့်အတူ ဩဂုတ်လ ကုန်ပိုင်းတွင် ဘန်ကောက်သို့ရောက်ရှိလာခဲ့သည်။ သူတို့နှစ်ဦးသည် ဩစတြေးလျ၊ ဗြိတိန်၊ အနောက်ဂျာမဏီ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများမှ မြန်မာတို့နှင့် အဆက်အသွယ် ရှိသော အမေရိကန်နိုင်ငံတွင် အခြေပြုသည့် CRDB အဖွဲ့ကို ဦးဆောင်ကြသူများဖြစ်သည်။ သူတို့သည် အခြား ပြည်ပရောက်မြန်မာများနှင့်အတူ ဘန်ကောက်မြို့၊ ဆာထွန်းလမ်းရှိ မြန်မာသံရုံးအပြင်ဘက်တွင် ဆန္ဒပြခဲ့ကြသည်။

သူတို့ရောက်ရှိလာမှုနှင့်ပတ်သက်၍ နယ်စပ်သို့ရှောင်တိမ်းလာကြသည့် ကျောင်းသား များမှာ ဝမ်းနဲ့ဝမ်းသာဖြစ်ကြသည်၊ အများစုက သူတို့ကို ပံ့ပိုးကူညီမည့် မည်သူ့ကိုမဆို ကြိုဆိုခဲ့ကြပြီး တချို့က CRDB သည် နိုင်ငံရေးအမြတ်ထုတ်ရန်အတွက် ဒီမိုကရေစီ လှုပ်ရှားမှုတွင် ပါဝင်ပူးပေါင်းလာခြင်းဖြစ်သည်ဟု တွေးနေကြသည်။ မြန်မာပြည်ဒီမိုကရေစီ လှုပ်ရှားမှုတွင် အစပိုင်းမှ စက်တင်ဘာလ ၁၈ ရက်နေ့အထိ မည်သည့်နိုင်ငံခြားအဖွဲ့အစည်းမှ ပါဝင်ခြင်းမရှိခဲ့ပေ။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပြည်ပရောက်မြန်မာအဖွဲ့အစည်း များသည် နယ်စပ်ဒေသလှုပ်ရှားမှုများ၌ ပါဝင်လာကြသော်လည်း ကျောင်းသားများ ညီညွတ်ရေးကို မဆောင်ရွက်ပေးနိုင်ခဲ့ချေ။


CRDB အပြင် ဦးနု၏ နယ်စပ်တွင်အခြေပြုခဲ့သော တော်လှန်ရေးအဖွဲ့ အကြွင်း အကျန်များကလည်း စက်တင်ဘာလနှင့် အောက်တိုဘာလတွင် ပြန်လည်ပေါ်ပေါက် လာခဲ့သည်။ ၁၉၈၀ ခုနှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သော်လည်း ရန်ကုန်သို့မပြန်သည့် ၁၉၇၀ ခုနှစ်လှုပ်ရှားမှုများ၏ တဦးတည်းသောခေါင်းဆောင် ဦးသွင်မှာ ပြည်ချစ်ပါတီကို ပြန်လည်အသက်သွင်းပြီး သူအခြေပြုရာ ဘန်ကောက်မှ နယ်စပ်ဒေသသို့ ထွက်လာခဲ့သည်။ USB ( the United States Of Burma ), NUPD ( the National Unity Party For Democracy ) နှင့် ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (PLF; People's Liberation Front) တို့မှာ ကျောင်းသားစခန်းများသို့ လာရောက်ကြသည့် ပြည်ပရောက် မြန်မာအဖွဲ့အစည်း တချို့ဖြစ်သည်။ သို့သော် လူဦးရေ အနည်းငယ်စီသာရှိသော ထိုအဖွဲ့အစည်းများသည် ကျောင်းသားများအတွက် လက်နက်ပေးနိုင်ခြင်း မရှိပေ။


မည်သို့ပင်ဖြစ်စေ ဆွေးနွေးပွဲများ၊ ကေားစစ်ထိုးပွဲများနှင့် ထိုးကြိတ်ကြလုနီးနီး ဖြစ်ခဲ့ရသော အငြင်းအခုံများပြီးဆုံးသွားသည့်အခါတွင် နယ်စပ်တလျှောက်ရှိ တခါစင်မျှသော ကျောင်းသားစခန်းများ၏ ကိုယ်စားလှယ်များမှာ မဲဆောက်မြို့မြောက်ဘက် KNU နယ်မြေ တွင်းရှိ သောင်းရင်းမြစ်ကမ်းဘေးမှ ဝမ်ခါစခန်းတွင် နိုဝင်ဘာလအစပိုင်း၌ တွေ့ဆုံခဲ့ကြ သည်။ ဆွေးနွေးပွဲမှာ ၅ ရက်မျှကြာမြင့်ခဲ့ပြီး မြန်မာတနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF; the All-Burma Students' Democratic Front)ကို တရားဝင်ဖွဲ့စည်းလိုက်ကြသည်။ ထိုအဖွဲ့အစည်းမှာ စက်တင်ဘာလကတည်းက အခြား စခန်းများတွင် ရှိနေခဲ့ပြီးဖြစ်သည်။ ၁၉၇၄ ခုနှစ် ဆန္ဒပြပွဲ၌ အတွေ့အကြုံရခဲ့ပြီးဖြစ်သော-

ကိုထွန်းအောင်ကျော်ကို နိုဝင်ဘာလ ၅ ရက်နေ့တွင် အဖွဲ့၏ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့သည်။ ABSDF အဖွဲ့၏ ထုတ်ပြန်ကြေညာချက်ကိုလည်း ယိုးဒယားနယ်စပ် ထုတ်ပြန်ခဲ့ပြီး မြန်မာပြည်အတွက် စစ်မှန်သောဒီမိုကရေစီရရှိရေး၊ ပြည်တွင်းစစ်အဆုံးသတ်ရေး၊ ငြိမ်းချမ်းသာယာရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံမှ တိုင်းရင်းသားများအားလုံးအတွက် တန်းတူရေး၊ တရားမျှတရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး အစီအစဉ်ချမှတ်ခဲ့ကြသည်။

ယခင်ကတည်းက ABSDF အတွင်း ပဋိပက္ခရှိနေခဲ့သည်။ ကိုထွန်းအောင်ကျော်က NDF နှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လိုသော်လည်း အခြားကျောင်းသားများက လွတ်လွတ်လပ်လပ် သီးသန့်ရပ်တည်၍ ဆောင်ရွက်လိုကြသည်။ လူမျိုးစုသူပုန်များနှင့် ပေါင်းသင်းနေကာ တစ်စတစ်စ အတွေးအခေါ်အရ ထိန်းသိမ်းထားလိုကြသည်။ သို့သော် အဖွဲ့ထူထောင်ခဲ့ပြီး နှစ်ပတ်အကြာတွင် ABSDF သည် ပိုမိုကျယ်ပြန့်သော တပ်ဦးအဖွဲ့ဝင်အဖြစ် သဘောတူလက်မှတ် ရေးထိုးခဲ့ကြသည်။ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ယိုးဒယားနယ်စပ်အနီးရှိ အခြား KNU စခန်းဖြစ်သော ကလယ်ဒေး၌ ပြုလုပ်ခဲ့သည့်အစည်းအဝေးပွဲတွင် မြန်မာပြည်ဒီမိုကရေစီ မဟာမိတ်အဖွဲ့ချုပ် (DAB; the Democratic Alliance of Burma) ကို ဖွဲ့စည်းခဲ့သည်။ DAB အဖွဲ့တွင် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) မှ လူမျိုးစုသူပုန်တပ်ဖွဲ့ ၁၀ ဖွဲ့၊ CRDB အဖွဲ့၊ ပြည်ပရောက်မြန်မာများဖွဲ့စည်းထားသော အဖွဲ့ဝင်များနှင့် မူဆလင်အဖွဲ့အစည်း ၂ ခု ပါဝင်ကြသည်။ တို့ပြင် အိန္ဒိယနယ်စပ်မှ ချင်းအမျိုးသားအဖွဲ့တဖွဲ့ ပါဝင်လာသည်ကို ... အံ့သြဖွယ်တွေ့ရှိရသည်။ ဩဂုတ်လအရေးအခင်း ဖြစ်ပွားခဲ့သည့်အချိန်အထိ ချင်းအမျိုးသားများတွင် အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများ မရှိခဲ့ပေ။ ချင်းလူမျိုးစုမှာ လက်နက်ကိုင် ဆောင်လှုပ်ရှားခြင်း တပ်ဖွဲ့မရှိသည့် တစ်ခုတည်းသောလူမျိုးစုဖြစ်သည်။

အစိုးရကိုဆန့်ကျင်သည့် အုပ်စုပေါင်း ၂၃ စုမှာ DAB နှင့် လက်တွဲခဲ့ကြသည်။ KNU ခေါင်းဆောင်ဗိုလ်မြကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့ကြပြီး KIO မှဘရန်ဆိုင်း၊ မွန်ပြည်သစ်ပါတီမှ နိုင်ရွှေကျင်နှင့် ဦးသွင်တို့မှာ ဒုဥက္ကဋ္ဌများအဖြစ် ရွေးချယ်ခံရသည်။ CRDB ၏ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် အထွေထွေအတွင်းရေးမှူး ဖြစ်လာသည်။ မြန်မာပြည်ရှိ သူပုန်တပ်များတွင် တပ်ဖွဲ့နှစ်ဖွဲ့သာ DAB တွင်မဝင်ဘဲ သီးခြားနေခဲ့သည်။ တဖွဲ့မှာ CPB ဖြစ်ပြီး ထိုအဖွဲ့အား ကွန်မြူနစ်မဟုတ်သော အဖွဲ့ဝင်များက သက်မဲ့သည့်အတွက် ချန်ခဲ့ခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု၏ မြောက်ပိုင်းသူပုန်တပ်ဖွဲ့သုံးဖွဲ့ဖြစ်သော ကချင်၊ ရှမ်းနှင့် ပလောင်တို့ကမူ ကွန်မြူနစ်များနှင့် စစ်ရေးအရပူးပေါင်း၍ စစ်ဆင်မှုများ ပြုလုပ်ခဲ့ကြပြီးဖြစ်သည်။ နိုဝင်ဘာလ ၁၄ ရက်နေ့က ရေဒီယိုသတင်းတွင် CPB က တပ်ဦးအပေါ် မူအရထောက်ခံကြောင်း ကြေညာခဲ့သည်။ DAB တွင်မပါဝင်သည့် အခြားအဖွဲ့မှာ အိန်းဘုရင်ချုပ်ဆားအဖွဲ့ဖြစ်သည်။ ဤသည်မှာ အံ့သြစရာမဟုတ်။ ဒီဇင်ဘာလ ၁၈ ရက်နေ့၌ ဘန်ကောက်ပို့စ်သတင်းစာက ပြုလုပ်ခဲ့သည့် အင်တာဗျူးတွင် ခွန်ဆာက ဗမာစစ်ဗိုလ်ခွင့်ရှိသူတဦးက "ကျောင်းသားတွေအနေနဲ့ နယ်စပ်ကပြန်လာဖို့ ဗောဓိမောင်အစိုးရရဲ့ ကမ်းလှမ်းချက်ကို လက်ခံပြန်သင့်တယ်" ဟူ၍ ပြောကြားခဲ့သည်။ ၎င်းကဆက်၍ အဓိပ္ပါယ်ဆောက်မရသော စကားတရပ်တွင် "နိုင်ငံခြားသားတွေ မြန်မာပြည်ကိုအုပ်ချုပ်မှာထက် နေဝင်း သို့မဟုတ် စောမောင်အုပ်ချုပ်တာ ခွန်ဆာအနေနဲ့ ပိုပြီးနှစ်သက်တယ်" ဟု ဆိုခဲ့ပြန်သည်။ ခွန်ဆာသည် ရန်ကုန်အစိုးရနှင့်


ဒေါသမီးလျှံ
ဗမာပြည်ဒီမိုကရေစီတိုက်ပွဲ
Bertil Lintner
စံဝင်းမောင် နှင့် မင်းမျိုးနိုင် မြန်မာပြန်သည်


ဗမာပြည်ဒီမိုကရေစီတိုက်ပွဲ
Bertil Lintner
စံဝင်းမောင် နှင့် မင်းမျိုးနိုင် မြန်မာပြန်သည်